https://dhammadownload.com

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၃၃)

ဗာဝရီပုဏ္ဏားဆရာကြီး နှင့်
တပည့်(၁၆)ဦးတို့၏အမေးကို ဖြေဆိုထားသည့်

# ပါရာယနဒေသနာ

( နိဗ္ဗာန်လမ်းပြတရား )

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ပါရာယနဒေသနာ


https://dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာခုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၈၉၄၇၂၊ ၀၉-၇၉၁ ၂၅၂ ၆၈၂

https://dhammadownload.com



## အတ္ထုပ္ပတ္တိအကျဉ်း

**၁၃၀၁-ခုနှစ်**

တပေါင်းလပြည့်နေ့ စဉ့်ကူးမြို့နယ်၊
ညောင်ပင်ရွာ၌ မွေးဖွားသည်။
အဘ ဦးစံလု၊ အမိ ဒေါ်ခင်၊ မွေးချင်း
၁၂-ယောက်တွင် ၁၁-ဦးမြောက်ဖြစ်၏။

**၁၃၀၅-ခုနှစ်**

ဘုန်းကြီးကျောင်း၌စာသင်သည်။

**၁၃၁၀-ခုနှစ်**

စစ်ကိုင်းတောင်၊ ဝိပဿနာဂန္ဓာရုံချောင်၌
စံကင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်ဖြစ်။
ဘွဲ့အမည် ရှင်နန္ဒမာလာ။

**၁၃၁၄-ခုနှစ်**

အဘိဓမ္မာစာမေးပွဲ သုံးဆင့်အောင်။

**၁၃၁၇-ခုနှစ်**

ဂုဏ်ထူး ၂-ကျမ်းနှင့်အတူ ဓမ္မာစရိယအောင်၊
သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ရ။

**၁၃၁၉-ခုနှစ်**

သာသနာလင်္ကာရသာမဏေကျော်ဘွဲ့ရ။

**၁၃၂၁-ခုနှစ်**

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံတိုက်၌
စံကင်းဆရာတော် ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်။

**၁၃၂၄-ခုနှစ်**

စေတိယင်္ဂဏ အဘိဝံသ ဓမ္မာစရိယဘွဲ့ရ။

**၁၃၂၅-ခုနှစ်**

သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူဘွဲ့ရ။

၁၃၂၆-ခုနှစ်
https://dhammadownload.com
မန္တလေး သင်္ကျသီဟ အဘိဝံသ မှော်စရိယ

ဘွဲ့ရ။

၁၃၂၆-ခုနှစ်

တိပိဋကပါဠိမြန်မာအဘိဓာန်

စာပြုတာဝန်ထမ်းဆောင်။

၁၃၃၉-ခုနှစ်

စစ်ကိုင်းမြို့နယ်

သံဃနာယကအဖွဲ့ (ရွှေကျင်) အဖွဲ့ဝင်။

၁၃၄၈-ခုနှစ်

အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများသို့

သွားရောက်ပညာသင်။

၁၃၅၀-ခုနှစ်

သီရိလင်္ကာနိုင်ငံ ကေလဏီယတက္ကသိုလ်မှ

**M.A** ဘွဲ့ရ။

၁၃၅၅-ခုနှစ်

အမေရိကန်နိုင်ငံမှာနေ။

၁၃၅၇-ခုနှစ်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ရ။

၁၃၆၀-ခုနှစ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒ

ဗုဒ္ဓသာသနာပြုတက္ကသိုလ် ည္ဈေပါမောက္ခ။

၁၃၆၁-ခုနှစ်

အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ။

၁၃၆၄-ခုနှစ်

အိန္ဒိယနိုင်ငံ မဂဓတက္ကသိုလ်မှ

**Ph.D** ဒေါက်တာဘွဲ့ရ။

၁၃၆၇-ခုနှစ် မှစ၍

ယနေ့အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ

ဗုဒ္ဓသာသနာပြုတက္ကသိုလ်

ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာဘာသာဖြင့် အဋ္ဌုပ္ပတ္တိသုံးကျမ်း၊

အင်္ဂလိပ်ဘာသာဖြင့်

အဘိဓမ္မာဆိုင်ရာ နှစ်ကျမ်း၊

ပါဠိဘာသာဖြင့် တစ်ကျမ်း

ပြုစုထုတ်ဝေခဲ့သည်။

https://dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

ဟာဝရီပုဏ္ဏားဆရာကြီးနှင့်
တပည့်(၁၆)ဦးတို့၏အမေးကို ဖြေဆိုထားသည့်

# ပါရာယနဒေသနာ

( နိဗ္ဗာန်လမ်းပြတရား )

https://dhammadownload.com

တရားစာအုပ်များကို

ဓမ္မဒါန အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

https://dhammadownload.com

# မာတိကာ


၁။ ပါရာယနဒေသနာ အပိုင်း (၁) ၁

၂။ ပါရာယနဒေသနာ အပိုင်း (၂) ၅၄
(အဇိတ၏အမေးကို ဖြေဆိုခြင်း)

၃။ ပါရာယနဒေသနာ အပိုင်း (၃) ၉၆
(တိဿမေတ္တေယျ နှင့် ပုဏ္ဏက ၏အမေးကို ဖြေဆိုခြင်း)

၄။ ပါရာယနဒေသနာ အပိုင်း (၄) ၁၃၆
(မေတ္တဂူ ၏အမေးကို ဖြေဆိုခြင်း)

၅။ ပါရာယနဒေသနာ အပိုင်း (၅) ၁၇၈
(ဓောတက ၏အမေးကို ဖြေဆိုခြင်း)

၆။ ပါရာယနဒေသနာ အပိုင်း (၆) ၂၁၈
(ဥပသီဝ ၏အမေးကို ဖြေဆိုခြင်း)

၇။ ပါရာယနဒေသနာ အပိုင်း (၇) ၂၅၅
(နန္ဒရသေ့ ၏အမေးကို ဖြေဆိုခြင်း)

၈။ ပါရာယနဒေသနာ အပိုင်း (၈) ၂၉၃
(ဟေမက၊ တောဒေယျ၊ ကပ္ပ၊ ဇတုကဏ္ဏိ
တို့၏အမေးကို ဖြေဆိုခြင်း)

၉။ ပါရာယနဒေသနာ အပိုင်း (၉) ၃၃၉
(ဘဒြာဝုဓ၊ ဥဒယ၊ ပေါသာလ၊ မောဃရာဇ၊
ပိင်္ဂိယ တို့၏အမေးကို ဖြေဆိုခြင်း)

https://dhammadownload.com

https://dhammadownload.com



# ပါရာယနဒေသနာ
## အပိုင်း (၁)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၂-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၈-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

စာပေကျမ်းဂန်မှာ **သုတ္တနိပါတ်** ပါဠိတော်ဆိုတာရှိတယ်၊ အဲဒီ သုတ္တနိပါတ်ပါဠိတော်မှာ ပုဂ္ဂိုလ် ၁၆-ဦးရဲ့ မေးခွန်းပုစ္ဆာတွေ, ဗုဒ္ဓမြတ်စွာရဲ့ ဖြေကြားချက်တွေကို စုပြီးဖော်ပြထားတဲ့ **ပါရာယနဝဂ္ဂ** လို့ခေါ်တဲ့ အခန်းတစ်ခန်းပါရှိတယ်၊ သုတ္တနိပါတ်ပါဠိတော်ရဲ့ နောက်ဆုံး Chapter တစ်ခုပေါ့။

https://dhammadownload.com



## ပါရာယန အဓိပ္ပာယ်

**ပါရာယန- (ပါရ + အယန**၊) **ပါရ**ဆိုတာ တစ်ဖက်ကမ်း၊ မြစ်တွေမှာ **အပါရ-** လို့ဆိုရင် ဒီဘက်ကမ်း၊ **ပါရ**-လို့ဆိုရင် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းက အန္တရာယ်တွေများတယ်၊ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်ဆိုတဲ့အတိုင်း သံသရာကြီးကို ဒီဘက်ကမ်းလို့ တင်စားပြီး နိဗ္ဗာန်ကို ဟိုဘက်ကမ်းလို့ တင်စားတယ်၊ **အယန**ဆိုတာ လမ်းကြောင်းပဲ၊ ဟိုဘက်ကမ်း ရောက်စေနိုင်တဲ့လမ်းလို့ အဓိပ္ပါယ်ရတယ်၊ 'ဟိုဘက်ကမ်း' ဆိုတာ နိဗ္ဗာန်ကိုပဲပြောတာ၊ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းကို တက်လှမ်းရောက်ရှိစေနိုင်တဲ့ တရားဓမ္မကို **ပါရာယန**လို့ ခေါ်တာ၊ **ပါရာယန(ပါရ + အယန)**၊ "နိဗ္ဗာန်လမ်းပြတရား"လို့ ဒီလိုလည်း ပြောလို့ရတယ်၊ ဟိုဘက်ကမ်းကို ရောက်စေနိုင်တဲ့ ကျင့်စဉ်တစ်ရပ်ကို ဖော်ပြတဲ့ ဒေသနာတော်ဟာ **ပါရာယန**။

သံသရာဒီဘက်ကမ်းမှာ အိုခြင်း နာခြင်း သေခြင်း ဆိုတဲ့ ဘေးရန်တွေ ရှိတယ်၊ ဟိုဘက်ကမ်း ရောက်တဲ့အခါ အိုခြင်း နာခြင်း သေခြင်းဆိုတာ မရှိတော့ဘူး၊ အို နာ သေ မရှိတော့တဲ့ ဟိုဘက်ကမ်း၊ တစ်နည်းအားဖြင့် ဒီဘက်ကမ်းရဲ့အဆုံးဟာ ဟိုဘက်ကမ်း၊ အိုခြင်း နာခြင်း သေခြင်းတွေ လမ်းဆုံးသွားတဲ့ နေရာကို **"ပါရ"** လို့လည်း အဓိပ္ပါယ်ယူလို့ ရတယ်။

**ပါရ**ဆိုတာ **နိဗ္ဗာန်**ပဲ၊ နိဗ္ဗာန်ရောက်စေတတ်တဲ့ ကျင့်စဉ်ကို **ပါရာယန**၊ **ပါရာယန** လို့ အမည်ပေးပြီး သုတ္တန်တစ်ခုကို မြတ်စွာဘုရားက ဟောထားတယ်၊ အလွန်ထင်ရှားပြီး အလွန်

https://dhammadownload.com



ရှေးကျတဲ့သုတ္တန်လို့ ပြောရမယ်၊ ဗုဒ္ဓတရား (Buddhism) ကို လေ့လာကြတဲ့ အနောက်တိုင်းပညာရှင်တွေက ဒီ သုတ္တနိပါတ် ပါဠိတော်လာ တရားတွေကို Early Buddhism လို့ နာမည်ပေးကြတယ်၊ ရှေးဦးဗုဒ္ဓတရားတွေလို့ ဆိုလိုတယ်၊ အင်မတန် ရှေးကျတယ်၊ ဒါ သူတို့အယူအဆပေါ့။ အဲဒီလို Early Buddhism လို့ ပြောပေမယ့်လို့ သုတ္တနိပါတ်ထဲမှာ မြတ်စွာဘုရားရဲ့ တရားဦး ဖြစ်တဲ့ **ဓမ္မစကြာ**၊ နောက်ဆက်ဟောတဲ့ **အနတ္တလက္ခဏာသုတ်** တို့ဆိုတာ မပါဘူး၊ ဒါကြောင့်မို့ Early Buddhism လို့လည်း ပြောလို့မရဘူးပေါ့၊ ကျမ်းဂန်တစ်ခုအနေနဲ့ စုဆောင်းထားတာ တော့ မှန်တယ်၊ တကယ့်အနှစ်သာရတွေကို ဂါထာ (ကဗျာ လင်္ကာ)နဲ့ စုဆောင်းထားတဲ့ကျမ်းက **သုတ္တနိပါတ**။

**သုတ္တ** ဆိုတာ မြတ်စွာဘုရားဟောကြားထားတဲ့ စည်းမျဉ်း တွေ ဖြစ်တယ်၊ အဲဒီ စည်းမျဉ်းတွေကို စုပေါင်းထားလို့ **နိပါတ** လို့ ခေါ်တယ်၊ Collection of Discourse ပေါ့။ အဲဒီလို စုပေါင်း ထားတဲ့ သုတ္တန်တွေကို **သုတ္တနိပါတ** လို့ဆိုတယ်။

## ပါရာယနဝဂ် နှုတ်တက်ဆောင်သူ

**ပါရာယနသုတ္တန်**၊ ပါရာယနဝဂ္ဂလာ ဒီ တရားဒေသနာ တော်ကို ဗုဒ္ဓမြတ်စွာလက်ထက်တော် အခါကာလတုန်းပင် စီစဉ် ထားပုံရတယ်၊ နှုတ်တက်ဆောင်ထားကြတဲ့ပုဂ္ဂိုလ်တွေရှိကြောင်း အထောက်အထားတွေရှိတယ်၊ အင်္ဂုတ္တရနိကာယ် သတ္တက နိပါတ်မှာ **နန္ဒမာတာ** ဆိုတဲ့ ဥပါသိကာမဟာ ဒီပါရာယနဝဂ်ကို

https://dhammadownload.com



နှုတ်တက်ဆောင်တဲ့အကြောင်း ဖော်ပြထားတယ်၊ နန္ဒမာတာ ဥပါသိကာမကြီးဟာ နံနက်တိုင်း စောစောထပြီး လသာဆောင်မှာ သာယာတဲ့အသံနဲ့ ဒီသုတ်ကို ရွတ်လေ့ရှိတယ်တဲ့။

ဒီသုတ်က မနည်းဘူး၊ ဝတ္ထုဂါထာက ၅၆-ဂါထာ ရှိတယ်၊ အမေးအဖြေ ဂါထာတွေက ၉၀-ကျော် ရှိတယ်၊ အားလုံး ၁၇၄-ဂါထာ ရှိတယ်၊ ပါရာယနဝဂ်တစ်ခုလုံး အစအဆုံး ရွတ်ဖတ်မယ်ဆိုရင် ၁၇၄-ဂါထာ၊ စကားလုံးအားဖြင့် ပြောမယ်ဆိုရင် တစ်ဂါထာ တစ်ဂါထာမှာ ပုံမှန်အားဖြင့် ၃၂-လုံးရှိတယ်ပေါ့။ ဒီထက်ပိုတာလည်း ရှိတယ်။

**အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊**
**ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ –**

ဆိုတဲ့ မင်္ဂလသုတ်မှာပါတဲ့ ဂါထာတွေက တစ်ပါဒကို ရှစ်လုံးစီနဲ့ ဖွဲ့ဆိုထားတယ်၊ ၄-ပါဒ ဆိုတော့ ၃၂-လုံးပေါ့၊ အဲဒီလို လုံးရေကိုက် သံစဉ်တွေညှိပြီး ရေးသားထားတာကို ပါဠိစာပေမှာ "ဂါထာ" လို့ ခေါ်တယ်၊ မြန်မာမှာတော့ ကဗျာလို့ သုံးတယ်၊ ဂါထာကို အင်္ဂလိပ်လို ပြန်တဲ့အခါ Stanza လို့လည်း ပြန်တယ်၊ Verse လို့လည်း ပြန်တယ်၊ စည်းကမ်းစနစ်တကျ Rythum နဲ့၊ အသံ အတို အရှည် အလေး အပေါ့၊ စာလုံးရေကိုက်ပြီး ရေးထားတဲ့ ဂါထာ(ကဗျာ)ပေါင်း ၁၇၄-ဂါထာ ရှိတယ်၊ အဲဒါကို နန္ဒမာတာ ဆိုတဲ့ ဥပါသိကာမက အလွတ်ရတယ်၊ နံနက် စောစောထပြီး လသာဆောင်မှာ အမြဲတမ်းရွတ်ဆိုတယ်။

https://dhammadownload.com



အခု မြန်မာလူမျိုးတွေ ပရိတ်ကိုရွတ်ကြသလို ပဋ္ဌာန်းပါဠိတော်ကို ရွတ်ကြသလိုပေါ့၊ သံနေသံထားနဲ့ ရွတ်ဖတ်သရဇ္ဈာယ်တယ်၊ တစ်နေ့တော့ အဲဒီလို ရွတ်နေတဲ့အချိန်မှာ သုတ္တန်လည်း ပြီးဆုံးရော ကောင်းကင်ယံက သာဓုခေါ်သံကြားရတယ်၊ မော့ကြည့်ပြီး “အခု သာဓုခေါ်တာ ဘယ်သူလဲ”လို့ မေးလိုက်တယ်၊ သာမန်လူဆိုရင်တော့ ကြောက်သွားမှာပေါ့၊ သို့သော် နန္ဒမာတာ ဥပါသိကာမကြီးက အနာဂါမ်ဆိုတော့ ကြောက်စိတ်ကုန်နေပြီ၊ သာဓုခေါ်တာ ဘယ်သူလဲဆိုတော့ “အမကြီး- သာဓုခေါ်တာ ကျွန်ုပ် မောင်တော် ဝေဿဝဏ် နတ်မင်းကြီး ဖြစ်ပါတယ်” လို့ ပြောတယ်။

အဲဒီမှာ “မောင်တော် ဝေဿဝဏ်နတ်မင်းကြီး ဖြစ်ပါတယ်” လို့ ဘာဖြစ်လို့ ဒီလိုပြောတာလဲဆိုတော့ ဗုဒ္ဓရဲ့ တပည့်သားသမီးတွေဟာ ညီအစ်ကိုမောင်နှမတွေပဲပေါ့၊ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြတယ်၊ ဝေဿဝဏ် နတ်မင်းကြီးကလည်း ကိုးကွယ်ဆည်းကပ်တယ်၊ နန္ဒမာတာ ဥပါသိကာမကြီးကလည်း ဘုရားကို ကိုးကွယ်ဆည်းကပ်တယ်၊ ဘာသာတရားအဆင့်အတန်းမှာ နန္ဒမာတာ ဥပါသိကာမက အနာဂါမ်၊ ဝေဿဝဏ် နတ်မင်းကြီးက သောတာပန်ဆိုတော့ “အစ်မကြီး” လို့ ခေါ်လိုက်တယ်၊ သူက အသက်ကြီးပေမယ်လို့ ဝေဿဝဏ်နတ်မင်းက သက်တမ်းနဲ့ပြောမယ်ဆိုရင် သူက နတ်လည်းနတ်၊ အသက်လည်း ကြီးမှာပေါ့၊ သို့သော် သူက သူ့ကိုယ်သူ “မောင်” လို့ပဲ ပြောတယ်၊ မောင်ငယ်ပေါ့၊ ဟိုက အစ်မကြီးပေါ့၊ ဘာဖြစ်လို့

https://dhammadownload.com



အစ်မကြီး ခေါ်တုန်းဆိုရင် **ပဋိဝေဓမြေ** အဆင့်အတန်းက သူ့ထက်မြင့်လို့ဖြစ်တယ်၊ အရိယာပုဂ္ဂိုလ်တွေက ဒီလိုသုံးစွဲလေ့ ရှိတယ်။

ကြားဖူးကြလိမ့်မယ်၊ အနာထပိဏ်သူဌေးရဲ့သမီး **သုမန ဒေဝီ** ဟာ ရောဂါအသည်းအသန် ဖြစ်လာတယ်၊ အနာထပိဏ် သူဌေးကြီးကလည်း လူမှုရေးတွေ အင်မတန်များတယ်၊ ကျောင်း ဒကာကြီးဆိုတော့ ဟိုလူကဖိတ် ဒီလူကဖိတ်နဲ့ ဘာသာရေးကိစ္စ တွေမှာ သူမပါရင်မပြီးဘူး၊ သွားရတယ်၊ အိမ်မှာ သမီးလုပ်တဲ့သူ အသည်းအသန်ဖြစ်နေတော့ သူ့ကိုခေါ်ခိုင်းတယ်၊ ရောက်လည်း လာရော "သမီး ဘယ့်နှယ်နေသေးတုန်း" မေးလိုက်တဲ့အခါ ဘာပြန်ပြောတုန်းဆိုရင် "နေသာပါတယ် မောင်လေး" လို့ပြောပြီး ဆုံးသွားတယ်၊ အဲဒီတော့ အနာထပိဏ် သူဌေးကြီးက စိတ် မကောင်းဖြစ်တယ်၊ "ငါ့သမီးလေးကြည့်စမ်း၊ ကိုယ့်အဖေတောင်မှ ဒီလိုပြောသွားတယ်၊ ယောင်ယောင်မှားမှားတွေ ပြောသွားတယ်"၊ စိတ်မကောင်းဖြစ်တာကို မြတ်စွာဘုရားလျှောက်တော့ မြတ်စွာ ဘုရားက "မဟုတ်ဘူး၊ တမင်ပြောတာ" တဲ့၊ အနာထပိဏ်သူဌေး က သောတာပန်အဆင့်ပဲ ရှိသေးတယ်၊ သူက သောတာပန် အဆင့်ထက် သာသွားပြီ၊ ဒါကြောင့်မို့ ပဋိဝေဓမြေ အဆင့် အားဖြင့် သူကမြင့်နေတယ်၊ ဒါကြောင့်မို့ "မောင်လေး" လို့ ခေါ်တာတဲ့၊ အရိယာပုဂ္ဂိုလ်တွေမှာ သူတို့ရတဲ့တရားအဆင့်ကို ကြည့်ပြီး အသက်အကြီးအငယ် ရွေးချယ်လေ့ရှိတတ်တယ်။

https://dhammadownload.com



နန္ဒမာတာဥပါသိကာမကြီး ပါရာယနသုတ်ကို နှုတ်တက်ရွတ်ဆိုခဲ့တယ်ဆိုတာမှတ်တမ်းရှိလို့ ဘုန်းကြီးတို့တတွေသိရတယ်၊ အဲဒီတော့ နန္ဒမာတာဥပါသိကာမကြီး ပါရာယနသုတ်ကို ရွတ်နေတဲ့အချိန်ဟာ ဘယ်အချိန်လဲဆိုလို့ရှိရင် ရှင်သာရိပုတ္တရာလည်း သက်တော်ထင်ရှားရှိတယ်၊ ရှင်မောဂ္ဂလာန်လည်း သက်တော်ထင်ရှားရှိတယ်၊ မြတ်စွာဘုရားလည်း ရှိနေသေးတယ်၊ ဘုရားလက်ထက်က ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ သုတ္တန်တစ်ခု၊ ဒီလိုပြောလို့ ရတယ်ပေါ့။

သုတ္တန်တွေထဲမှာ တချို့သုတ္တန်တွေက ဘုရားပရိနိဗ္ဗာန်စံပြီးမှ ပေါ်လာတာ၊ ဒီသုတ္တန်က တော်တော်ရှေးကျတယ်၊ ဘယ်လောက်ထိ ရှေးကျတုန်းလို့မေးမယ်ဆိုရင် ဒီပါရာယနသုတ်ဟာ ဓမ္မစကြာနဲ့ သိပ်ပြီးတော့မကွာဘူး၊ ဓမ္မစကြာတရားတော်ထက် ၂-နှစ် ၃-နှစ်ပဲ နောက်ကျမယ်၊ အဲဒီလောက်ကတည်းကစပြီး ပေါ်ထွန်းလာတဲ့ သုတ္တန်တစ်ခုပဲ၊ ဒါကြောင့်မို့ Early Buddhism လို့ အနောက်တိုင်းကလူတွေက ယူဆကြတယ်ပေါ့။

သို့သော် ဓမ္မစကြာကိုသာ "တရားဦး" လို့ အသိများကြတယ်၊ ဂါထာတွေနဲ့ရေးထားပြီး တရားကလည်း အင်မတန်လေးနက်တဲ့ ဒီပါရာယနသုတ္တန်ဆိုတာ အသိနည်းနေကြတယ်၊ ရှေးဟောင်း မြန်မာစာပေကို လေ့လာကြတဲ့ပုဂ္ဂိုလ်တွေက သတိထားမိကြပါလိမ့်မယ်၊ အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာသီလဝံသက **ပါရာယနဝတ္ထု** ဆိုပြီး ရေးခဲ့ဖူးတယ်၊ စာအုပ်ရှာပြီး ဖတ်ကြည့်လို့ရနိုင်တယ်၊ သို့သော် အရေးအသားက

https://dhammadownload.com



ဒီကနေ့ခေတ်နဲ့ ကွဲလွဲကောင်းကွဲလွဲလိမ့်မယ်၊ ရှင်မဟာသီလဝံသ ရဲ့ စကားပြေ အရေးအသား ပါရာယနဝတ္ထုဆိုတာ ဒီပါရာယန ဒေသနာတော်ကို ဘာသာပြန်ပြီး ရေးထားတာဖြစ်တယ်။

## ပါရာယနဒေသနာနိဒါန်း

ဒီပါရာယနဒေသနာဟာ အင်မတန်မှလည်း စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒီကနေ့ ဘုန်းကြီးတို့ ပါရာယနသုတ်ရဲ့ Background လို့ ပြောရမယ့် ဝတ္ထုကြောင်းလောက်ပဲ ဟောနိုင်မှာပါ။ နောက်ရက်တွေကျမှ မေးခွန်းပုစ္ဆာတွေနဲ့ မြတ်စွာဘုရားရဲ့ ဖြေဆိုချက်တွေ ဟောသွားမယ်၊ အဲဒီတော့ ပါရာယနဒေသနာ ဖြစ်ပေါ်လာပုံ (Historical Background) သမိုင်းနောက်ခံကို ပြန်ပြီးကြည့်ရအောင်။

ကောသလတိုင်း သာဝတ္ထိပြည်ကို အုပ်စိုးတဲ့မင်းကို မဟာကောသလမင်းလို့ခေါ်တယ်၊ အဲဒီ မဟာကောသလမင်းရဲ့ သားကိုတော့ ပသေနဒိကောသလမင်းလို့ ခေါ်တယ်၊ မြတ်စွာဘုရားနဲ့ တရင်းတနှီးတွေ့ဆုံပြီး ထိုထိုသုတ္တန်တွေမှာ မှတ်တမ်းတင်ထားတာက ပသေနဒိကောသလမင်း၊ တောင်တောင်အီအီ အိပ်မက်တွေမက်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့၊ ကောသလအိပ်မက် ၁၆-ချက်ဆိုတာ ဒီပသေနဒိကောသလမင်း မက်တာပေါ့၊ သူ့ရဲ့ဖခမည်းတော်ကို မဟာကောသလလို့ ခေါ်တယ်၊ ဒါကတော့ တိုင်းအမည်ကိုစွဲပြီး ခေါ်တာပေါ့။

https://dhammadownload.com



ကောသလဆိုတဲ့ အဓိပ္ပါယ်က ကောသလတိုင်းကို အစိုးရတဲ့ ဘုရင်တဲ့၊ နာမည်မပါဘူး၊ ဒါကြောင့်မို့ သူ့ရဲ့ဖခမည်းတော်ကို မဟာကောသလမင်းလို့ပဲ ဒီလို မှတ်တမ်းတင်ထားတယ်။

မြန်မာရာဇဝင်တွေမှာလည်းပဲ တစ်ခါတလေ ဘုရင်တွေရဲ့ နာမည် ပျောက်နေတယ်၊ မှတ်တမ်းတင်တာ အင်မတန်မှ နည်းတယ်၊ အနော်ရထာဆိုတာကတော့ နာမည်နဲ့ မှတ်တမ်းတင်ထားတာ၊ အနိရုဒ္ဓ၊ အနောရထလို့ ဆိုလိုတာ၊ **ဘုရင့်နောင်ကျော်ထင်နော်ရထာ** ကို အတိုခေါ်တော့ **ဘုရင့်နောင်** လို့ခေါ်တာ၊ ဦးအောင်ဇေယျကို အလောင်းဘုရားလို့ ခေါ်တာ၊ ကုန်းဘောင်ရာဇဝင်နောက်ပိုင်းမှာ မူလနာမည်နဲ့မဟုတ်ဘူး၊ မင်းတုန်းမင်းတို့ သီပေါမင်းတို့ကနေပြီးတော့ ထောက်ပြီးခေါ်တဲ့ အခေါ်အဝေါ်တွေက များလာတယ်၊ ဥပမာ - ဘိုးတော်မင်းတရား (ဘယ်သူ့ဘိုးတော်မှန်းလည်း မသိဘူး၊ တကယ်ကတော့ ဘိုးတော်ဆိုတာ မင်းတုန်းမင်းကြီးရဲ့ ဘိုးတော်မို့ ဘိုးတော်လို့ ခေါ်တာပဲ၊) ဘကြီးတော်မင်းတရားဆိုတာလည်း မင်းတုန်းမင်းကြီးရဲ့ ဘကြီးမို့လို့ ဘကြီးတော်ခေါ်တာ၊ အဲဒီတော့ မင်းတုန်းမင်းကြီးလက်ထက် ရေးတဲ့စာတွေမှာ "ဘိုးတော်မင်းတရားကြီး" "ဘကြီးတော်မင်းတရား"လို့ ဒီလိုသုံးတယ်။

မင်းတုန်းမင်းရဲ့ ခမည်းတော်ကိုတော့ ရွှေဘိုမင်းလို့လည်း ခေါ်တယ်၊ သာယာဝတီမင်းလို့လည်း ခေါ်တယ်၊ သူငယ်စဉ်က အပိုင်စားခဲ့တဲ့ မြို့ရဲ့နာမည်နဲ့ ခေါ်တာ။ မင်းတုန်းမင်းကို သူငယ်စဉ်က အပိုင်စားရခဲ့တဲ့မြို့ကို အစွဲပြုပြီးတော့ မင်းတုန်းလို့

https://dhammadownload.com



ခေါ်တာ၊ သူ့ရဲ့ငယ်နာမည်က မောင်လွင်တဲ့၊ ဘုရင်ဖြစ်တဲ့အခါ မှာ ဘွဲ့နာမည်တွေလည်းရှိတယ်၊ သုဓမ္မရာဇာတဲ့၊ ဘွဲ့တွေက လည်းပဲ တူနေတော့ မှတ်မိဖို့ တော်တော်ခက်တယ်။ မြန်မာ ရာဇဝင်ဖတ်ကြည့်ရင် ဒီဘွဲ့မျိုးတွေပေးတာဆိုတော့ တူနေတယ်၊ အခုခေတ်လည်း တူတာပါပဲ၊ ဝဏ္ဏကျော်ထင်တို့ အလင်္ကာ ကျော်စွာတို့၊ အဲဒီလို တူညီတဲ့ ဘွဲ့အမည်တွေနဲ့ ရာဇဝင်ရေးတဲ့ ပုဂ္ဂိုလ်တွေက လွယ်အောင်ရေးတာ။

## ပသေနဒီဆိုတာ

အေး- အဲဒီလိုပဲ ကောသလမင်းလို့ တိုင်းပြည်နာမည်နဲ့ တွဲဖက်ပြီးခေါ်လိုက်တာ၊ သို့သော် သားတော်ကိုတော့ 'ပသေနဒိ' လို့ခေါ်တယ်၊ ပသေနဒိလို့ ဂုဏ်ယူစရာနာမည်ကလေး မှည့်ထား တယ်၊ **"ပရသေနံ ဇိနာတီတိ ပသေနဇိ"** ဆိုရာကနေပြီး **'ဇိ'** ကို **'ဒိ'** အဖြစ် အသံပြောင်းပြီးတော့ **ပသေနဒိ**လို့ ခေါ်တာ၊ **'ပသေန'** ဆိုတာ ရန်သူစစ်တပ်ကို၊ **'ဒိ'** ဆိုတာ (**'ဇိ'**က လာတယ်) အောင်မြင်တယ်တဲ့၊ ရန်သူကို အနိုင်တိုက်နိုင်သူဆိုတဲ့ အဓိပ္ပါယ်နဲ့ "ပသေနဒိ" လို့ ခေါ်တာ ဖြစ်တယ်။

နောက်ပိုင်းကျတော့ အဲဒီအဓိပ္ပါယ်မဟုတ်ဘဲ ပြောင်းသွား ပြန်တယ်၊ (ပြောင်ပြီးခေါ်တာလည်း ဖြစ်နိုင်တယ်၊ နာမည်ပြောင် တွေကလည်း ပေါတယ်လေ၊) **ပသေနဒိ**လို့ ရန်သူကို အနိုင်ယူ လိုက်နိုင်သူဆိုတဲ့ မင်္ဂလာရှိတဲ့နာမည်နဲ့ပေးတာ၊ နောက်ပိုင်း

https://dhammadownload.com



ကျတော့ ဒီမင်းက အစားအင်မတန် ကြီးလာတယ်၊ ပွဲတော်အုပ် တင်တဲ့အခါ ရှေ့တည့်တည့်မှာထားရုံနဲ့မလုံလောက်ဘူး၊ ဘေးမှာ အိုးတွေ ခွက်တွေနဲ့ ရံပြီးထားရတယ်၊ အဲဒီအခိုပ္ပါယ်နဲ့ လိုက်လျော အောင် ဖွင့်ဆိုလိုက်တော့ **"ပသေနဒိ ဒိယျတိတိ ပသေနဒိ"** ဟိုဘက်ဘေး ဒီဘက်ဘေးကလည်းပဲ အရံထားပြီး ထမင်းကျွေးရ တယ်တဲ့၊ အစားကြီးလွန်းလို့တဲ့၊ ဟိုဘက် ဒီဘက် အရံထားပြီး ကုန်သွားရင် ထည့်ပေးရတယ်၊ တကယ်စားနိုင်တဲ့ပုဂ္ဂိုလ်။

အစားကြီးလွန်းအားကြီးလို့ ထမင်းစားပြီးချိန် မြတ်စွာ ဘုရားဆီ ရောက်လာရင် ဖြောင့်ဖြောင့်မထိုင်နိုင်ဘူး၊ ဘုရားရှေ့မှာ နေရထိုင်ရ အလွန်ခက်တယ်၊ အဲဒီအခါ ဘုရားက နည်းပေး တယ်၊ သူ့ရဲ့တူတော် ဥတ္တရလုလင် (သုဒဿနလုလင်လို့လည်း ရေးတယ်) ကို ဂါထာလေးတစ်ပုဒ် သင်ပေးလိုက်တယ်၊ အစား မကြီးဖို့ မြတ်စွာဘုရားရဲ့ နည်းစနစ်ကို လိုက်နာချင်ရင် မှတ်ထား ပေါ့၊ အဲဒါ ဝိတ်ချတဲ့နည်းပဲ၊ အခုခေတ် ဝိတ်ချတဲ့နည်းတွေနဲ့ မတူဘူး။

မြတ်စွာဘုရားပေးတဲ့နည်းက အစားကြီးတဲ့လူကို ချက်ချင်း လျော့ပြီးမစားခိုင်းဘူး၊ ပသေနဒိမင်းက ဆန်တစ်စိတ် ချက်စား တယ်ဆိုပဲ၊ သူ့ရဲ့တူတော်မောင်ကို မြတ်စွာဘုရားက ဂါထာ တစ်ပုဒ် သင်ပေးလိုက်တယ်၊ ထမင်းစားတဲ့အချိန် နောက်ဆုံး တစ်လုတ်မစားမီ သတိပေးတဲ့အနေနဲ့ remind လုပ်ဖို့ အဲဒီဂါထာ ရွတ်ရမယ်။

https://dhammadownload.com



**မနုဇဿ သဒါ သတီမတော၊**
**မတ္တံ ဇာနတော လဒ္ဓဘောဇနေ။**
**တနုကဿ ဘဝန္တိ ဝေဒနာ၊**
**သဏိကံ ဇီရတိ အာယု ပါလယံ။**

အဓိပ္ပာယ်ကတော့ "သတိရှိပြီး အစာစားတဲ့အခါ လိုအပ်ချက် သိရှိစားသူမှာ ရောဂါဝေဒနာ နည်းပါးရုံမျှမက အသက်ရှည်ကြာပြီး ဖြည်းဖြည်းမှသာ အိုရ၏" ဆိုတဲ့အဓိပ္ပါယ်နဲ့ ဆုံးမဩဝါဒပေးတဲ့ စာပိုဒ်ကလေးပေါ့။

အဲဒီလိုရွတ်တဲ့အခါမှာ စ,စားတဲ့အချိန်မှာ မရွတ်နဲ့တဲ့၊ စားလို့ အလယ်လောက် ရောက်တဲ့အခါမှာလည်း မရွတ်နဲ့တဲ့၊ နောက်ဆုံး ထမင်းလုတ်စားတော့မယ်ဆိုတဲ့အချိန်မှာမှ ရွတ်တဲ့၊ အဲဒီဂါထာ ရွတ်လိုက်တဲ့အခါ သတိရသွားပြီး နောက်ဆုံး တစ်လုတ် လျှော့လိုက်တယ်၊ လျှော့လိုက်တဲ့အခါက အဲဒီ နောက်ဆုံး တစ်လုတ်ရဲ့ ထမင်းလုံးတွေကို ရေတွက်ပြီး နောက် ရက်မှာ လျှော့ချက်လိုက်တယ်၊ မသိမသာလေးနဲ့ လျှော့ပစ်လိုက် တာ၊ တစ်နေ့တစ်နေ့ တစ်လုတ်စာ တစ်လုတ်စာ လျှော့သွားတာ၊ နောက်ဆုံးကျတော့ သာမန်ယောကျ်ားတစ်ယောက် စားနိုင်တဲ့ အနေအထားလောက်ထိအောင် ရောက်သွားတယ်၊ ဘုရင်ကြီး ဟာ ကျန်းမာလို့ နေသာထိုင်သာရှိတဲ့အခါ ဘုရားကို သိပ်ကျေးဇူး တင်တယ်။ အလွန်အစားကြီးတဲ့လူတွေ အဲဒါ တကယ်လက်တွေ့ ကျင့်သုံးပြီး လုပ်ကြည့်ဖို့ ကောင်းတယ်နော်၊ နည်းနည်းချင်း

https://dhammadownload.com



လျှော့တာ၊ အများကြီး မလျှော့ရဘူး၊ အများကြီးလျှော့ရင် ဒုက္ခရောက်မှာပေါ့။

တစ်နေ့ နည်းနည်း နည်းနည်းနဲ့ လျှော့သွားလိုက်တာ နောက်ဆုံးကျတော့ ဘုရားက "ဟေ့ ဘယ်လောက်ထိအောင် လျှော့သွားပြီတုန်း" ဆိုတော့ "သာမန်ယောကျ်ားတစ်ယောက်စားနိုင်တဲ့အထိပါ"တဲ့၊ "အေး အဲဒီဂါထာကို နောက်မရွတ်နဲ့တော့၊ စားပါစေတော့" ဆိုပြီး လွှတ်ထားလိုက်တယ်၊ အဲဒါနဲ့ သူ မြတ်စွာဘုရားကို ကျေးဇူးတင်တယ်၊ နေလို့ထိုင်လို့ အင်မတန် ကောင်းသွားတယ်၊ ဒီလို စာပေကျမ်းဂန်မှာ မှတ်တမ်းတွေရှိတယ်၊ ဒါက ပါဠိတော်မှတ်တမ်းပဲ၊ အဋ္ဌကထာမှတ်တမ်း မဟုတ်ဘူး။

အဲဒီတော့ မြတ်စွာဘုရားရဲ့ ဆုံးမ သွန်သင်ချက်တွေဟာ နိဗ္ဗာန်ရောက်ကြောင်းတရားချည်း မဟုတ်ဘူး၊ လူ့လောကမှာ နေတဲ့ထိုင်တဲ့အခါ ကျန်းမာရေး လူမှုရေး ပညာရေး စီးပွားရေး အထောက်အကူပြုလို့ လိုက်နာကျင့်သုံးစရာကောင်းတဲ့ အချက်အလက်တွေ များစွာပါရှိတယ်၊ ပိဋကတ်တော်ထဲမှာ အလွန်စုံတယ်။

မြန်မာနိုင်ငံကို ပိဋကတ်တော်ရောက်တာ နှစ်ပေါင်း ၂၀၀၀ ကျော်နေပြီဖြစ်သော်လည်း မြန်မာလူထုအများစုထဲ ပိဋကတ်ပညာ အရောက်နည်းနေသေးတယ်၊ ဘာဖြစ်လို့ အရောက်နည်းနေသလဲဆိုရင် Language ကြောင့်ပဲ။ ပါဠိဘာသာဆိုတဲ့ ကိုယ်လက်လှမ်းမမှီတဲ့, ကိုယ် မသင်ထားတဲ့ ဘာသာစကားတစ်ခုက အဟန့်အတားဖြစ်နေလို့ပဲ။ ဘာသာစကားတံတိုင်းကြီးကို

https://dhammadownload.com



ကျော်ဖြတ်ဖို့ရန် ခက်ခဲနေကြတယ်၊ မြန်မာဘာသာပြန်ဆိုထားတဲ့ ပါဠိတော် မြန်မာပြန်တွေရှိတယ်၊ သို့သော် ပါဠိကို မြန်မာစတိုင် ကျကျနန မပြန်ဘဲနဲ့ ပါဠိစတိုင်နောက်လိုက်ပြန်ထားတာဆိုတော့ ဖတ်ရှုဖို့အတွက် လေးလံနေတယ်ပေါ့။ အဓိပ္ပါယ် ရှင်းကနဲ ဖြစ်မသွားဘူး၊ စိတ်ဝင်စားမှု အားနည်းစေတယ်၊ တကယ်တော့ ပိဋကတ် မြန်မာပြန်တွေဟာ အလွန်ဖတ်သင့်တယ်ပေါ့။

ပိဋကတ်တွေ စုဆောင်းတဲ့နည်းစနစ်က တစ်ခါတစ်ရံတော့ အကြောင်းအရာအလိုက် စုဆောင်းတယ်၊ တစ်ခါတစ်ရံ အကြောင်းအရာအလိုက် မဟုတ်ဘူး၊ အလျဉ်းသင့်သလို စုဆောင်းထားတာမျိုးတွေလည်းရှိတယ်၊ အဲဒီတော့ ရွေးချယ်ပြီး ဖတ်ဖို့တော့ လိုတာပေါ့။ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေဟာ နည်းအမျိုးမျိုး ဟောနေပေမယ့်လို့ တကယ့်အနှစ်ချုပ် ထုတ်လိုက်မယ်ဆိုရင် သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးပဲ၊ ဒါတွေက ဘယ်တော့မှ မပြောင်းလဲတဲ့ အနှစ်သာရတွေ ဖြစ်တယ်။

## ဗြာဟ္မဏ ထုံးတမ်းစဉ်လာ

အေး- ကောင်းပြီ၊ အခု ပါရာယနဒေသနာ ဘယ်ကစဖြစ်ပေါ်လာတာတုန်းဆိုတော့ သာဝတ္ထိမြို့ ကောသလဘုရင်ကြီးရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးမှာ သားတစ်ယောက်ရှိတယ်၊ ထိုခေတ်က ဗြာဟ္မဏတွေဟာ ဝေဒကျမ်းတွေကို ကျကျနန သင်ယူလေ့ရှိကြတယ်၊ စာသင်ရတဲ့ ကျောင်းသားဘဝဟာ ၄၈-နှစ်ကြာတယ်၊ ကျောင်းသားဘဝနဲ့ ၄၈-နှစ်၊ အိမ်ထောင်မပြုရဘူး၊

https://dhammadownload.com



အသက် ၄၈-ကျော်မှ အိမ်ထောင်ပြုရတာ၊ (အခုခေတ်ဆိုရင် လူပျိုကြီး အခေါ်ခံရတာနော်၊) အသက် ၄၈-နှစ်ကျော်တော့မှ သူတို့ အိမ်ထောင်ပြုချင်ပြု၊ မပြုချင်ရင် တောထွက် တရားကျင့်၊ ဒါက ဗြာဟ္မဏတွေ လိုက်နာရမယ့် ထုံးတမ်းစဉ်လာတစ်ခုပေါ့။ **"ဗြဟ္မစာရီ ဂဟဋ္ဌော စ၊ ဝနပတ္ထော စ ဘိက္ခုတိ"** ဆိုတဲ့ အဿမ ၄-ပါးထဲမှာ ပါတယ်၊ **ဗြဟ္မစာရီ** တဲ့၊ ၄၈-နှစ်ထိ အိမ်ထောင်မပြုရဘူး၊ ပညာသင်ရမယ်၊ ဝေဒကျမ်းတွေကို သင်ရမယ်။

ဝေဒကျမ်းဆိုတာ ဒီကနေ့ ဗေဒင်တွက်တဲ့ ကျမ်းတွေကို ပြောတာ မဟုတ်ဘူး၊ သူတို့ဆီမှာ ဝေဒကျမ်းတွေဟာ အတော်ပြည့်ပြည့်စုံစုံ ရေးထားတာရှိတယ်၊ ကဗျာဖွဲ့နည်းတွေလည်း ပါတယ်၊ ဆေးအကြောင်း သစ်ပင်အကြောင်း၊ တော်တော် စုံစုံစေ့စေ့ အခုခေတ်ပညာရပ်တွေ အမျိုးစုံခွဲထားသလိုပေါ့နော်၊ ရုက္ခဗေဒတို့ ဘူမိဗေဒတို့ အာယုဗ္ဗေဒတို့ ဒီဗေဒကျမ်းတွေက သူတို့ဆီမှာ စုံလင်စွာရှိတယ်။

အဲဒီပညာရပ်တွေထဲမယ် ဘာ ထူးထူးခြားခြားပါသလဲလို့ ဆိုရင် လူတွေအကြောင်းကို လေ့လာထားတဲ့ ကျမ်းတွေပါတယ်၊ **မဟာပုရိသလက္ခဏာကျမ်း** လို့ ခေါ်တယ်၊ လူတစ်ယောက်ရဲ့ အင်္ဂါရုပ်ကို ဆုံးဖြတ်ပေးနိုင်တဲ့ကျမ်းကို သူတို့သင်ကြတယ်၊ လူတစ်ယောက်ဟာ ပြီးပြည့်စုံတဲ့ အမှတ်အသား ၃၂-မျိုး ရှိတယ်၊ မဟာပုရိသလက္ခဏာ ၃၂-မျိုး၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ပါရမီပုံရိပ် အမှတ်တံဆိပ်တွေ သူတို့ဝေဒကျမ်းတွေမှာ

https://dhammadownload.com



သင်ရတယ်၊ လောကကြီးမှာ ဘုရားပွင့်တယ်ဆိုတဲ့ အကြောင်းလည်း သူတို့သင်ရတယ်၊ ဒါတွေသင်ရလို့ ဘုရားဆိုရင် သူတို့က ဒါတွေနဲ့ တိုက်ကြည့်တာ၊ ဘုရား ဟုတ်,မဟုတ် သူတို့စာတွေနဲ့ တိုက်ကြည့်တာချည့်ပဲ။

မဟာပုရိသလက္ခဏာ ၃၂-မျိုးရှိတဲ့ပုဂ္ဂိုလ်ဟာ သူတို့ရဲ့ ဘဝမှာ လမ်း၂-သွယ်ပဲရှိတယ်၊ ဘာလဲဆိုရင် အိမ်ထောင်ပြုမယ် လူ့ဘဝမှာနေမယ်ဆိုရင် စကြဝတေးမင်း ဖြစ်မယ်၊ လူ့ဘဝကနေ တောထွက်ပြီးတော့ တရားကျင့်မယ်ဆိုရင် ဘုရားဖြစ်မယ်၊ ဒီလမ်း ၂-သွယ်ပဲ ရှိတယ်၊ တခြားလမ်းရွေးစရာ မရှိဘူး၊ စကြာမင်း ဖြစ်ရင်လည်း ဖြစ်မယ်၊ သို့မဟုတ် ဘုရားဖြစ်ရင်လည်း ဖြစ်မယ်။ ဘုရားအလောင်း မွေးလာတဲ့အခါ ဝေဒကျမ်းတွေမှာလာတဲ့ အချက်အလက်တွေနဲ့ အသေးစိတ် လေ့လာကြည့်ကြတယ်၊ ဒီအချက် ၃၂-မျိုးကို ရှာတွေ့တဲ့အခါမှာ ဗြာဟ္မဏတွေက သူတို့ ဝေဒကျမ်းတွေမှာ လာတဲ့အတိုင်း ဒီကလေးမှာ ထူးခြားတဲ့ အမှတ်အသားတွေပါတယ်၊ ဒါကြောင့် စကြာမင်း ဖြစ်ရင်လည်း ဖြစ်မယ်၊ ဘုရားဖြစ်ရင်လည်း ဖြစ်မယ်လို့ ဟောကြတယ်။

အဲဒီထဲမှာ ပါရမီထူးချွန်တဲ့ ကောဏ္ဍည ပုဏ္ဏားကတော့ သေသေချာချာ လေ့လာတယ်၊ ကွဲပြားခြားနားမှုကို သာမန်ပုဂ္ဂိုလ် တွေက သတိမထားမိဘူး၊ သူက သတိထားမိတယ်၊ မဟာပုရိသ လက္ခဏာ ၃၂-မျိုးရှိတာချင်းတူပေမယ့်လို့ ပီပြင်တာနဲ့မပီပြင်တာ ရှိသေးတယ်၊ ပီပြင်ထင်ရှားတာဆိုရင် လမ်း၂-သွယ် ပြောစရာ မလိုဘူး၊ တစ်လမ်းတည်းပဲရှိတယ်၊ ဘုရားပဲဖြစ်မယ်၊ စကြဝတေး

https://dhammadownload.com



မင်း မဖြစ်နိုင်ဘူးတဲ့၊ ဗုဒ္ဓဝင်ဖတ်တဲ့သူတွေ တွေ့ဖူးပါလိမ့်မယ်၊ ကောဏ္ဍညပုဏ္ဏားက လက်တစ်ချောင်းတည်းထောင်ပြီး ပြောတယ်။

အေး- အဲဒီလို မဟာပုရိသလက္ခဏာကျမ်းတွေကို သူတို့က လေ့လာကြရတယ်၊ ဒီဗြာဟ္မဏတွေကို အဲဒီခေတ်မှာ ပညာတတ်တွေလို့ခေါ်တယ်၊ ဘုရင့်ရဲ့အကြံပေးဆရာတွေပေါ့၊ အဲဒီတော့ မဟာကောသလမင်းကြီးမှာ ပုရောဟိတ်(ပုရောဟိတ၊ တိုင်းတော်ပြည်တော်အတွက် အကြံပေးအရာရှိ) ဆရာလုပ်ပြီး သူ့သားမွေးလာတဲ့အခါမှာလည်းပဲ ဒီပညာရပ်တွေ သင်ပေးတယ်၊ သူ့အဖေရဲ့ရာထူးကို ဆက်ခံကြရတယ်။

မဟာကောသလမင်းကြီးရဲ့ သားကလည်းပဲ တက္ကသိုလ်ပြည်ကို ပညာတော်သင်သွားတယ်၊ ပြန်လာတဲ့အခါ သူ့ရာထူးဆက်ခံခိုင်းတယ်၊ ပသေနဒီကောသလမင်းလက်ထက် ရောက်လာတယ်၊ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့သားကို ဗာဝရီလို့ ခေါ်တယ်၊ ဗာဝရီက ကောသလထက် အသက်ကြီးတယ်၊ အဖေ့လက်ထက်က ပုရောဟိတ်ဆိုတော့ အသက်ကြီးလာတဲ့အခါ အေးအေးချမ်းချမ်း နေချင်တဲ့စိတ် ပေါ်လာတယ်။

ပသေနဒီကောသလမင်းကြီးဆီ ပန်ကြားပြီး သူ့ထံမှာ ဝေဒကျမ်းတွေကို သင်နေတဲ့ကျောင်းသားတွေရှိတယ်၊ လက်ထောက်ဆရာဖြစ်နေတဲ့ ကျောင်းသား ၁၆-ယောက်ရှိတယ်၊ **အဇိတ၊ တိဿမေတ္တေယျ၊ ပုဏ္ဏက** သူ့နာမည်တွေနဲ့သူ အသီးသီးရှိတယ်၊ တစ်ယောက် တစ်ယောက်မှာလည်း ကျောင်းသားပေါင်း

https://dhammadownload.com



တစ်ထောင်စီ တစ်ထောင်စီ ရှိတယ်၊ ဒီတော့ ကျောင်းသား ဦးရေ တစ်သောင်းခြောက်ထောင် ပညာသင်ယူနေကြတယ်၊ ခေါင်းဆောင်လုပ်တဲ့ ဆရာကြီးက ပုရောဟိတ်ရာထူးကိုစွန့်ပြီး တောထဲသွားနေတယ်၊ ဒါ အဲဒီခေတ်က လုပ်ရိုးလုပ်စဉ်ကြီးပဲ။

ရသေ့ဝတ်နဲ့ တောထဲမှာသွားနေကြတယ်၊ ဘုရင်ကြီးက တော့ ခွင့်မပြုချင်ဘူးပေါ့လေ၊ ပထမ သူ့ဥယျာဉ်ထဲမှာပဲ နေပါလို့ ပြောတယ်၊ နောက် သူတို့က လက်မခံဘူး၊ ဝေးတဲ့နေရာကို သွားတယ်၊ တကယ့်တောထဲမှာ သွားနေတယ်ပေါ့၊ ဗာဝရီပုဏ္ဏား ကြီးနဲ့ သူ့ရဲ့တပည့်ကြီး ၁၆-ယောက် ခရီးထွက်သွားကြတယ်။

ဘယ်ကို သွားတုန်းလို့ဆိုတော့ အိန္ဒိယနိုင်ငံ မြောက်ပိုင်း ကနေ ဒက္ခိဏာပထလို့ဆိုတဲ့ တောင်ပိုင်းကို ခရီးထွက်သွားကြ တယ်၊ အဿကမင်းနဲ့ အဠကမင်းတို့ရဲ့ Kingdom ပေါ့၊ အဲဒီ ခေတ်ကတော့ Kingdom တွေလို့ပဲပြောရမယ်၊ မြန်မာပြည်မှာ လည်း အရင်တုန်းက Kingdom တွေရှိတာပဲ၊ အင်းဝကတစ်မင်း, ပဲခူးဟံသာဝတီက တစ်မင်း၊ ဒီလို အုပ်စိုးခဲ့တာ။ စစ်ကိုင်းမှာ ဆိုလို့ရှိရင် ဧရာဝတီမြစ်ရဲ့ အရှေ့ဘက် ပင်းယက တစ်မင်း၊ စစ်ကိုင်းဘက်က တစ်မင်း၊ အဲဒီလို မြစ်ရဲ့ဟိုဘက်ဒီဘက်တင်ပဲ သူ့နယ်နဲ့သူ အုပ်ချုပ်နေကြတာ၊ အိန္ဒိယမှာလည်းပဲ အဲဒီအတိုင်း ပဲပေါ့၊ ဒီကနေ့ခေတ်မှာသာ အိန္ဒိယတိုင်းကြီး နိုင်ငံကြီး တစ်နိုင်ငံ တည်းဆိုပြီးတော့ ဗဟိုအစိုးရကနေပြီး အုပ်ချုပ်တာ၊ ဟိုတုန်းက တော့ မဟာရာဇာလို့ခေါ်တဲ့ ဘုရင်တွေက အသီးသီး ကိုယ့်နယ် ကိုယ် အုပ်ချုပ်ကြတာပဲ။

https://dhammadownload.com



အဲဒီတုန်းက အဿကမင်းနဲ့ အဠကမင်းတို့ ၂-နိုင်ငံရဲ့ကြားမှာ ဂေါဓာဝရီဆိုတဲ့ မြစ်ကြီးရှိတယ်၊ အဲဒီမြစ်ကြီးမှာ အလယ်ကျွန်းကြီးတစ်ကျွန်းရှိတယ်၊ အေးအေးချမ်းချမ်း အဲဒီကျွန်းပေါ်ကို သူတို့သွားနေကြတယ်၊ အဲဒီကျွန်းကြီးက တစ်ခြမ်းက အဿကမင်းက ပိုင်တယ်၊ တစ်ခြမ်းက အဠကမင်းက ပိုင်တယ်။ ဟိုဘက်မင်းအတွက် ငွေတစ်သိန်း၊ ဒီဘက်မင်းအတွက် ငွေတစ်သိန်း ပေးပြီး သူတို့ အဲဒီကျွန်းကြီးပေါ်မှာ နေရာတွေယူကြတယ်၊ နေရာယူပြီး နေစရာ အဆောက်အဦးတွေ ဆောက်တယ်၊ တဲတွေထိုးတယ်ပေ့ါ၊ ပြီးတဲ့အခါ ပသေနဒီကောသလမင်းကြီးရဲ့ အစီအစဉ်နဲ့ သူ့ဆရာကြီး တောထဲမှာ ဆင်းဆင်းရဲရဲ ဖြစ်မှာစိုးလို့ အဲဒီကျွန်းပေါ်မှာ ရွာပါတည်ပေးထားတယ်၊ အဲဒီရွာတွေက ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ တစ်နေ့တစ်နေ့ကို အခွန်တစ်သိန်းရတယ်၊ အဲဒီရတဲ့အခွန်ကို အဿကမင်းကို သွားဆက်တဲ့အခါ အဿကမင်းက မယူဘူး၊ ဆရာကြီးကိုပဲပေးပါလို့ဆိုတယ်၊ ရသေ့သူတော်စင်ဘဝပြောင်းပြီးတော့ ဗာဝရီပုဏ္ဏားနဲ့ ရသေ့ကြီး၁၆-ယောက် နောက်ပါလူတွေနဲ့ အဲဒီမှာနေကြတယ်၊ တရားကျင့်ကြတယ်၊ ထိုခေတ်က ခေတ်စားခဲ့တဲ့ သမထကျင့်စဉ်ကို ကျင့်ကြတယ်၊ ဈာန်တွေရတယ်၊ ကောင်းကင်ပျံနိုင်တယ်။ အဘိညာဉ်ရတယ်။

သမထကျင့်စဉ်ကို ကျင့်နေကြတယ်၊ အေးအေးချမ်းချမ်း အဲဒီမှာနေကြတယ်၊ ဗာဝရီပုဏ္ဏားကြီးက ဘာလုပ်လေ့ရှိတုန်းလို့ဆိုရင် အဲဒီရွာက ရလာတဲ့အခွန်တွေ အလှူကြီးပေးတယ်၊ သူကရတာလေးနဲ့မျှတပြီး ကျန်တာအားလုံးကို လှူပစ်တယ်၊

https://dhammadownload.com



ယဇ်ပူဇော်တယ်လို့လည်း ခေါ်တယ်ပေါ့၊ ယဇ်ပူဇော်တာ ၂-မျိုး ရှိတယ်၊ အလှူလှူခြင်းနဲ့ သားကောင်တွေကို သတ်ပြီးပူဇော်ခြင်း ကို 'ယဇ်'လို့ ခေါ်တယ်၊ သူက သားကောင်တွေ မသတ်ဘဲနဲ့ လက်နဲ့ အလှူဒါနပြုတာ။ ဒါကိုလည်း ယဇ်လို့ပဲ ခေါ်တာပဲ။

ဗာဝရီပုဏ္ဏားကြီးနဲ့ သူ့ရဲ့တပည့်တွေ ဂေါဓာဝရီ မြစ်လယ် ခေါင်ကကျွန်းကို သွားပြီးတော့ နေထိုင်ကြတာဟာ ဘယ်အချိန် တုန်းဆိုရင် မြတ်စွာဘုရားမပွင့်ခင် ရှစ်နှစ်စောတဲ့ အချိန်ကပေါ့။ ဘုရားအလောင်းတောမထွက်ခင်သူတို့သွားနှင့်တယ်လို့ အဓိပ္ပါယ် ရတယ်ပေါ့၊ သူတို့ အဲဒီရောက်လို့ ၈-နှစ်ကြာမှ လောကမှာ မြတ်စွာဘုရား ပွင့်လာတယ်လို့ ဒီလိုပြောတာ။

အဲဒီလိုနေရင်း တစ်နေ့ကျဘာဖြစ်လာတုန်းဆိုတော့ ဗာဝရီ ပုဏ္ဏားကြီးက ရှိသမျှတွေအကုန် အလှူဒါနပြုတယ်၊ အလှူဒါန ပြုပြီး အလှူပွဲတွေသိမ်းလိုက်ပြီ၊ သူ့ဆီမှာ ဘာမှမရှိတော့ဘူး၊ လက်ကျန်မရှိ၊ အကုန်လှူပြီးတဲ့ အချိန်ကျမှ အရုပ်ခပ်ဆိုးဆိုး သွားချေးထူထူ လမ်းလျှောက်တာလည်း ထော့ကျိုးထော့ကျိုးနဲ့ အလှူခံပုဏ္ဏားတစ်ယောက် သူ့ဆီရောက်လာတယ်၊ အဲဒါနဲ့ သူကလည်း ယဉ်ယဉ်ကျေးကျေးပါပဲ၊ ပြောဆို နှုတ်ခွန်းဆက်၊ နေရာတွေဘာတွေ ပေးပြီးတဲ့အခါမှာ အဲဒီပုဏ္ဏားက သူ့ကို အလှူခံတယ်ပေါ့၊ သူ ငွေ-၅၀၀ လိုချင်တယ်၊ သူ့ကို လှူပါတဲ့၊ ဗာဝရီပုဏ္ဏားကြီးကလည်း အားလုံးလှူလိုက်တာ ကုန်သွားပြီ၊ သူ့ဆီမှာ ဘာမှမရှိတော့ဘူး၊ တစ်သိန်းရတာ လှူလိုက်တာ၊ ဘာမှ လည်း သူ့ဆီမှာ သိမ်းထားတာ မရှိဘူး၊ လေးလေးစားစားပဲ

https://dhammadownload.com



ပြန်ပြောတယ်၊ အဲဒီအခါကျတော့ ခုနက လမ်းလျှောက်တဲ့အခါ ထော့ကျိုးထော့ကျိုးနဲ့ လူကလည်း ညစ်ပတ်လို့, သွားချေးထူတဲ့ အရုပ်ဆိုးဆိုးပုဏ္ဏားက ဘာလုပ်လဲလို့ဆိုရင် "ခင်ဗျား ကျုပ်ကို လှူရင်လှူ"တဲ့၊ "မလှူလို့ရှိရင် ခင်ဗျား ၇-ရက်ပြည့်လို့ရှိရင် ခေါင်း ၇-စိတ် ကွဲစေရမယ်" ကျိန်တာနော်၊ အဲဒီလို ခြိမ်းခြောက်ပြီး အလှူခံတယ်။

ဗာဝရီပုဏ္ဏားကြီးနေတဲ့ အဿမ လို့ခေါ်တဲ့ တဲလေးရှေ့မှာ သူက ဟန်ဆောင်ပန်ဆောင် သမန်းမြက်တွေခင်း၊ ခြေထောက်ဆေး၊ မန္တရားရွတ်သလိုလုပ်နေပြီး ကျိန်ဆဲတယ်၊ "ခင်ဗျားကြီး ကျွန်ုပ်တောင်းတာ မပေးဘူးဆိုရင် ၇-ရက်ကြာရင် ခင်ဗျားခေါင်း ၇-စိတ်ကွဲစေရမယ်" အိန္ဒိယမှာ စာပေမှတ်တမ်း တင်ထားတာ တွေထဲမှာ အဲဒီလို ကျိန်ပြီးတော့ တောင်းတာတွေရှိတယ်၊ လူတွေ ကလည်းကြောက်တော့ ပေးကြတယ်။

မြတ်စွာဘုရား လက်ထက်တုန်းက လူလိမ်တစ်ယောက်က ဘာလုပ်တုန်းဆိုရင် သစ်ပင်ပေါ်တက်၊ ခြေထောက်နဲ့ သစ်ကိုင်းကိုချိတ်၊ လင်းနို့လို ဇောက်ထိုးဆွဲပြီး ဘာပြောလဲဆိုရင် "ငါ တောင်းတာ ပေးရင်ပေးကြ၊ မဟုတ်ရင် ငါ ဒီပေါ်ကကျသေလို့ ရှိရင် မင်းတို့ရွာ ပျက်စေမယ်၊ ဘာဖြစ်မယ်၊ ညာဖြစ်မယ်" ခြိမ်းခြောက်တာပေါ့။ တော်တော် လေ့ကျင့်ထားပုံရတယ်၊ သူ့ကို ဝိုင်းအုံကြည့်ပြီး သူခြိမ်းခြောက်တာကိုကြောက်လို့ စုပြီး ပိုက်ဆံ ပေးကြတယ်၊ ပိုက်ဆံလေးရတော့ ဆင်းသွားသတဲ့၊ ခေတ်

https://dhammadownload.com



အဆက်ဆက် အဲဒီလို လိမ်ပြီးတော့စားတဲ့ ပုဂ္ဂိုလ်တွေကလည်း ရှိတာပဲ။

ကျိန်ဆဲတယ်ဆိုတာနဲ့ ပတ်သက်လို့ တစ်ခါတုန်းက မြန်မာပြည်မှာ ကျိန်စာတွေ ရှိခဲ့ဖူးတယ်၊ **အဘိသပ**လို့ ခေါ်တယ်၊ **အဘိသပ** ဆိုတာ ကျိန်စာ၊ ကျိန်စာဆိုတဲ့နေရာမှာ ၂-မျိုး ရှိတယ်၊ ယုံအောင် ကျိန်ပြောတာကတစ်မျိုး၊ "ဘာဖြစ်ပါစေ ညာဖြစ်ပါစေ" ကျိန်ဆဲတာက တစ်မျိုး၊ ဒီ ၂-မျိုး တွေ့ရတယ်။

ဝိနည်းကျမ်းမှာ ဘိက္ခုနီမတွေ အဲဒီလိုကျိန်တာမျိုး မလုပ်ရဘူးလို့ မြတ်စွာဘုရားက ပညတ်တယ်၊ လူတွေက ကျိန်တတ်ကြတယ်လေ၊ မဟုတ်ရင် "ဘာဖြစ်ရပါစေ ညာဖြစ်ရပါစေ" ပေါ့၊ အဲဒီကျိန်တာတွေကလည်းပဲ တကယ်ဖြစ်သွားတတ်ကြတယ်၊ ပေတဝတ္ထုမှာ "မဟုတ်တာပြောရင် ကိုယ့်ရဲ့သားသမီးအသားကို စားရပါလို၏" ကျိန်တယ်၊ နောက်ဘဝမှာ ကျိန်ခဲ့တဲ့အတိုင်း ခံရတယ်။

ပုဂံခေတ် ဘုရားတွေမှာ **ကျိန်စာ** တွေ ရေးထားတာ ရှိတယ်၊ သမိုင်းကြောင်း လေ့လာတဲ့ပုဂ္ဂိုလ်တွေ သိလိမ့်မယ်၊ အဲဒီ ကျိန်စာတွေ ငယ်ငယ်ကဖတ်ဖူးတာ၊ "ငါ လှူဒါန်းထားတဲ့ ကုသိုလ်ကောင်းမှုကို ဖျက်လိုဖျက်ဆီး လုပ်တဲ့ပုဂ္ဂိုလ်သည် နောင် မဟာအဝီစိငရဲ၌ ခံရစေသတည်း၊ အရိမေတ္တယျဘုရားကို မဖူးရစေသတည်း၊" အဲဒီလို ကျိန်စာမျိုးတွေရှိတယ်၊ "ငါ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကို စောင့်ရှောက်ပြုပြင်တဲ့ ပုဂ္ဂိုလ်သည် ငါနဲ့အတူ ဘုရားကိုဖူး၍ ကျွတ်တမ်းဝင်စေသတည်း"တဲ့၊ ကောင်းတဲ့

https://dhammadownload.com



ဘက်ကလည်း ပြောတယ်၊ ဖျက်ဆီးတဲ့လူကျတော့ "မဟာအဝီစိငရဲ၌" ဆိုတော့ တော်တော်လေး ရက်စက်တာပေါ့နော်၊ အဲဒါဆိုရင် ရှေးဟောင်းဘုရားတွေ ဖောက်တဲ့လူတွေဆို တော်တော်ဒုက္ခရောက်မယ် ထင်တယ်။

အခုလောလောဆယ် စစ်ကိုင်းမြို့မှာ စည်းခုံကြီးဘုရားဆိုတာ ရှိတယ်၊ စည်းခုံကြီး တည်ထားသူက သီဟပတေ့မင်း၊ စစ်ကိုင်းမင်းဆက်ရဲ့ နောက်ဆုံးမင်း၊ အဲဒီ နောက်ဆုံးမင်းတည်သွားတဲ့ စည်းခုံကြီးဘုရား၊ အခုပြန်ပြီးတော့ ပြင်နေတယ်၊ တပေါင်းလဆိုရင် ထီးတင်နိုင်တဲ့ အနေအထားမျိုး ရောက်ပြီ၊ မက္ခရာမှာ စည်းခုံကြီးရှိတယ်၊ စစ်ကိုင်းမှာ စည်းခုံကြီးရှိတယ်၊ ပင်းယမှာ စည်းခုံကြီးရှိတယ်၊ သီတဂူ ဆရာတော်ဘုရားကြီးဦးဆောင်ပြီး စစ်ကိုင်းတိုင်းက တိုင်းမှူးတို့နဲ့ ကုသိုလ်ရှင်တွေဝိုင်းဝန်းပြီးလုပ်တယ်၊ စစ်ကိုင်းရောက်လို့ရှိရင်တော့ အဲဒီဘုရားဖူးတွေ့ကြရမှာပေါ့၊ သီဟပတေ့ဘုရင် တည်သွားတဲ့ စည်းခုံကြီးဘုရား။

အဲဒီစည်းခုံကြီးမှာ ဌာပနာ ဖောက်ထားတယ်၊ ဘာတွေဖောက်သွားတုန်းဆိုတာ စာရင်းဇယား ကြည့်မယ်ဆိုရင် ရွှေဆင်းတုတွေ ငွေဆင်းတုတွေ တန်ဖိုးရှိတာတွေကို ဖောက်ပြီးယူသွားတယ်၊ မြန်မာနိုင်ငံမှာ ဒုတိယကမ္ဘာစစ်အတွင်းကကာကွယ်စောင့်ရှောက်မှု အားနည်းတဲ့နေရာတွေမှာ ဒီလိုပဲဘုရားတွေ ဖောက်ထွင်းမှုခံရတာတွေ အများကြီးပဲ။

https://dhammadownload.com



## ဥာပနာထည့်သွင်းခြင်း ရည်ရွယ်ချက်

ဘုရားထဲမှာ ဒီလိုတန်ဖိုးရှိတာတွေ ဘာလို့ထားတာတုန်း၊ တချို့လည်းပဲ စဉ်းစားချင်မှစဉ်းစားမှာ၊ ဘုရားထဲမှာ ဌာပနာတယ်၊ **ဌာပနာ** ဆိုတာထည့်သွင်းတာ၊ ထည့်သွင်းခြင်း တည်ထားခြင်းလို့ အဓိပ္ပါယ်ရတယ်၊ အဲဒီတော့ ရတနာတွေ ဘာကိစ္စ ဘုရားထဲမှာ ထည့်ကြတာတုန်း။ နိုင်ငံခြားသားတွေအမြင်နဲ့ ကြည့်ရင်တော့ ဒါဟာ အကျိုးမရှိဘူး ပြောမှာပေါ့နော်၊ ဒါတွေ ထည့်လိုက်လို့ ဘာအကျိုးရှိမှာတုန်း၊ ဘုရားရုပ်ပွားဆင်းတုတော် ထည့်တာတော့ ထားပါတော့၊ ရတနာတွေ ထည့်တယ်၊ အခုခေတ်လည်း ထည့်တာပဲ၊ ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်သဒ္ဓါတရားနဲ့ကိုယ် ထည့်ကြတယ်၊ ဘာအတွက် ထည့်တာလဲဆိုတော့ ကြည်ညိုလို့ လှူတာပဲသိတယ်။

သို့သော် တကယ့်အစစ်အမှန်က ရည်ရွယ်ချက်ရှိတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါ ဘုရားရဲ့ ဓာတ်တော်တွေကို ရှစ်ပြည်ထောင်မင်းတွေကို ခွဲဝေပြီးပေးလိုက်တယ်။ ဓာတ်တော်တွေက ရှစ်ပြည်တောင် ရောက်သွားတယ်၊ ဒီဓာတ်တော်တွေအတွက် အန္တရာယ်ဖြစ်မှာစိုးလို့ ရှင်မဟာကဿပတို့က အဇာတသတ်မင်းနဲ့ တိုင်ပင်ပြီးတော့ ဓာတ်တော်တိုက်ကြီး တစ်ခုလုပ်ပြီး ဓာတ်တော်တွေ စုထည့်ထားတယ်၊ အဲဒီလို စုထည့်ထားပြီး အင်မတန်တန်ဖိုးရှိတဲ့ ပတ္တမြားတစ်လုံးကို အဲဒီထဲမှာ ထည့်ထားပြီး စာရေးထားတယ်၊ "နောင်တစ်ချိန်ကျရင် ဒီဓာတ်တော်တိုက်ကြီး ပျက်စီးလို့ ပြင်ဆင်ဖို့အတွက် ငွေကြေး

https://dhammadownload.com



မတတ်နိုင်ဘူး ဆိုလို့ရှိရင် ဒီပတ္တမြားတုံးကြီး ရောင်းချပြီး ပြင်ပါ" တဲ့။

အဲဒီတော့ ရတနာတွေ ထည့်သွင်းထားခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ သင်္ချိုင်ရသဘောတရားအရ တစ်နေ့ကျ ပျက်မှာပဲ၊ maintenance လိုတယ်လေ၊ maintenance အတွက် ထည့်ခဲ့တာ။ ဒီလိုဆိုလို့ရှိရင်တော့ ရည်ရွယ်ချက် ကောင်းတယ်ပေါ့၊ maintenance အတွက် deposit လုပ်ထားခဲ့တာ၊ ဒါတွေကိုယူပြီး ဘုရားပြင်ရမယ်ပေါ့၊ အဲဒီ ရည်ရွယ်ချက်ပဲ၊ နောက်ကျတော့ ဒီရည်ရွယ်ချက်က တဖြည်းဖြည်း ပျောက်လာတဲ့သဘောပဲ။

မြန်မာပြည်မှာ ကုသိုလ်ရှင်တွေ ဆိုင်းဘုတ်ထိုးလေ့ ရှိကြတယ်လေ၊ ဘုရားတံတိုင်းတို့ ဘာတို့ ညာတို့ အကုန်လုံးပေါ့၊ ကုသိုလ်ရှင်တွေ ဘာလို့ထိုးတာတုန်း၊ နာမည်ကြေညာတာလား၊ ရည်ရွယ်ချက်က ဘာလဲ၊ ကိုယ့်ကို လူသိစေချင်လို့ ထိုးတာလား၊ မသိလည်း ဘာဖြစ်လဲ၊ လှူတာက လှူတာပဲပေါ့။

အဲဒီတော့ ဆိုင်းဘုတ်ထိုးခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုရင် အမျှဝေတဲ့သဘော၊ မြင်တဲ့ပုဂ္ဂိုလ်က သာဓုခေါ်ရအောင်လို့၊ ဒါကြောင့်မို့ ရှေးတုန်းက မိသားစုကောင်းမှုတို့ ဆိုတာရဲ့ နောက်မှာ "နတ်လူ သာဓုခေါ်စေသောဝ်" ဆိုတာလေးပါတယ်၊ အခုခေတ်တော့ အဲဒီ "နတ်လူသာဓု ခေါ်စေသောဝ်" ဆိုတာလေး ပျောက်သွားပြီး နာမည်ကြေညာတာ ဖြစ်သွားတယ်၊ ဒါက ပြောင်းလဲလာတဲ့ သဘောပေါ့နော်၊ မူရင်းအဓိပ္ပါယ် ပျောက်သွားပြီးတော့ ပြောင်းလဲလာတဲ့သဘောဟာ ဒီလိုပဲရှိတတ်တယ်ပေါ့၊

https://dhammadownload.com



စပြီးလုပ်တဲ့အချိန်ကတော့ အဓိပ္ပါယ်ရှိတယ်၊ အဲဒီ အဓိပ္ပါယ် ရှိတာတွေဟာ နောက်ပိုင်း အဓိပ္ပါယ် မသိတော့ဘူး။ တစ်မျိုး တစ်မည် ပြောင်းလဲသွားတတ်တယ်။

## ဗာဝရီအာတ်လမ်း(အဆက်)

ကဲ-ဗာဝရီအကြောင်း ဆက်ကြရအောင်။ အဲဒီမှာလည်း ဗာဝရီပုဏ္ဏားကြီးဆီမှာလာပြီးတော့ ခုနက မနငွေကြေးအလိုရှိတဲ့ ပုဏ္ဏားက လိမ်ညာပြီးတော့ "ခင်ဗျား ကျုပ်ကို မပေးဘူးဆိုရင် ၇-ရက်အတွင်း ခေါင်းပြတ်ကျစေမယ်" အဲဒီတော့ ဗာဝရီ ပုဏ္ဏားကြီးက အသက်-၁၂၀ ရှိနေပြီ၊ စိတ်ညစ်တာပေ့ါ၊ သူ့လာ ကျိန်ဆဲသွားတာကိုး၊ ၇-ရက်အတွင်း ခေါင်း ၇-စိတ်ကွဲရမယ်လို့ လာကျိန်ဆဲသွားတဲ့အခါ စိတ်ညစ်တယ်၊ မစားနိုင် မသောက်နိုင် ဖြစ်တယ်၊ အိပ်မပျော်ဘူး၊ သူ့မှာလည်း ပေးစရာမရှိဘူး၊ အဲဒီလို ဖြစ်တာကိုး။

အဲဒီလို စိတ်ဆင်းရဲပြီးနေတဲ့အခါမှာ ညကျတော့ သူ့သင်္ခမ်း ကျောင်းကို စောင့်တဲ့နတ်က လာပြောတယ်တဲ့၊ "ဒီလူဟာ ဘာ ပညာမှ မတတ်ဘူး၊ အလကားလိမ်တာ၊ မယုံနဲ့" ပေ့ါ၊ "သူဟာ ခေါင်းဆိုတာလည်း မသိဘူး၊ **မုဒ္ဓ** ဆိုတဲ့ စကားလုံး သုံးတယ်၊ ခေါင်းဆိုတာလည်း မသိဘူး၊ ခေါင်းပြုတ်ကျတယ် ဆိုတာလည်း မသိဘူး" လို့ပြောတယ်။

အဲဒီ ကျိန်တဲ့အထဲမယ် ခေါင်း ၇-စိတ်ကွဲဆိုတာ ဘာဖြစ်လို့ ၂-စိတ်တို့ ၃-စိတ်တို့ ၄-စိတ်တို့ ဘာတို့ မကွဲတာလဲ၊ ကွဲရင်

https://dhammadownload.com



အညီအမျှပဲကွဲသင့်တာပေါ့။ ဘယ်နေရာပဲကြည့်ကြည့် **"သတ္တဓာ မုဒ္ဓါ ဖလတု"**၊ ခေါင်းက ၇-စိတ်ပဲ ကွဲရမယ်၊ ဓားနဲ့ခုတ်ကြည့် ၇-စိတ်တော့ မကဘူး၊ လေးခြမ်းခြမ်းတယ် လေးစိတ်တော့ ကွဲမှာပဲ၊ ၂-နေရာခြမ်းရင် ဘာဖြစ်လို့ ၇-စိတ် ဖြစ်ရလဲ၊ စာပေကျမ်းဂန်တွေမှာ ၇-စိတ် ဖြစ်ရခြင်းအကြောင်းကို ရှင်းထားတာ မတွေ့ရဘူး၊ ၈-စိတ် ကွဲပါလားနော်၊ ၄-စိတ်ကွဲလည်း ရတာပဲ၊ ၈-စိတ်ကွဲလည်းရတာပဲ၊ ၆-စိတ်ကွဲလည်းရတာပဲ။ ဘာဖြစ်လို့ ၇-စိတ် ကွဲရတာတုန်း။

စာအုပ်တစ်အုပ်ထဲမှာတော့ ထူးထူးဆန်းဆန်း ရေးထားတယ်၊ ဟုတ်မဟုတ်တော့ မသိဘူး၊ အဖြေလေးတော့ ရတယ်ပေါ့၊ ခေါင်း ၇-စိတ်ဆိုတာတဲ့, ခေါင်းပိုင်းကို ကြည့်ကြည့်လိုက်၊ မျက်စိက ၂-လုံး ရှိတယ်၊ မျက်စိ ၂-လုံး အတွက် ၂-ခြမ်း သချ်ာတယ်၊ နားက ၂-ဘက် ရှိတယ်၊ ၂-ခြမ်းပဲ၊ နှာခေါင်းက ၂-ပေါက် ရှိတယ်၊ ၂-ခြမ်းပဲ၊ ပါးစပ်ကတော့ တစ်ပေါက်တည်းပဲ၊ အဲဒီတော့ ၆-ခုရယ်, ပါးစပ်တစ်ခုရယ်ဆိုတော့ ၇-စိတ်ပေါ့၊ ဒီလိုဆိုလိုတာပေါ့ တစ်ခုစီ ဖြစ်သွားတယ်၊ မျက်စိ ၂-လုံးလည်း တစ်ခုစီ ဖြစ်သွားမယ်၊ နား၂-ဘက်ကလည်း တစ်ခုစီ ဖြစ်သွားမယ်၊ နှာခေါင်း ၂-ပေါက်ကလည်း တစ်ခြမ်းစီ ဖြစ်သွားမယ်၊ ပါးစပ်ကလည်း တစ်နေရာ ဖြစ်သွားမယ်ပေါ့၊ အဲဒီလို ကြံကြံဖန်ဖန် ရေးထားတဲ့ စာအုပ်တစ်အုပ်ကို ငယ်ငယ်တုန်းက တွေ့ဖူးတယ်၊ **"သတ္တဓာ မုဒ္ဓါ ဖလတု"**၊ **သတ္တဓာ** - ၇-စိတ်၊ **မုဒ္ဓါ** - ဦးခေါင်းသည်၊ **ဖလတု** - ကွဲစေသတည်း" ဆိုတဲ့ ကျိန်စာတွေက အဲဒီအတိုင်းပဲ ကျိန်တာ။

https://dhammadownload.com



မြတ်စွာဘုရားကိုယ်တိုင်ကလည်း အဲဒီလိုပြောတာ၊ အမ္ဗဋ္ဌလုလင်ဟာ မြတ်စွာဘုရားမေးတာကို မဖြေဘဲနဲ့ ငုတ်တုတ်ထိုင်နေလို့ ဘုရားက "မင်းဖြေရင်ဖြေ၊ မဖြေရင် မင်းခေါင်း ၇-စိတ် ကွဲလိမ့်မယ်" လို့ ပြောတာ၊ အဲဒီထဲမှာလည်း ၇-စိတ်ပဲနော်၊ ၃-စိတ် ကွဲလိမ့်မယ်လို့ ပြောတာ, ၄-စိတ် ကွဲလိမ့်မယ်လို့ ပြောတာ မတွေ့ဘူး၊ ၇-စိတ်ချည်းပဲ အကုန်လုံး၊ အဲဒီတော့ အဲဒီဟာက ဖြစ်နိုင်ချေရှိတယ်၊ ၇-စိတ်ကွဲတာနော်၊ အဲဒီလို **မုဒ္ဓ** နဲ့ **မုဒ္ဓါဓိပါတ** ဆိုတဲ့ စကားလုံးကို သုံးထားတာ၊ **မုဒ္ဓ**ဆိုတာ ဦးထိပ်၊ **မုဒ္ဓါဓိပါတ** ဆိုတာ ခေါင်းပြုတ်ကျတာ။ ခေါင်း ၇-စိတ် ကွဲလိမ့်မယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ခေါင်းနဲ့ ခေါင်းပြုတ်ကျခြင်းဆိုတဲ့ ဒီအချက်ကို ဒီလူလိမ်ပုဏ္ဏားက ဘာမှမသိပါဘူးလို့ အဲဒီနတ်ကပြောတာ။

ဒီတော့ ဗာဝရီပုဏ္ဏားကြီးက "ဒီလိုဆိုရင် အရှင်နတ်ရော သိပါသလား၊ သိရင်သူ့ကိုပြောပြစမ်းပါ" တဲ့၊ "**မုဒ္ဓ** - ဦးထိပ်ဆိုတာ ဘယ်ဟာပြောတာလဲ"တဲ့၊ "ဦးထိပ်ပြုတ်ကျခြင်းဆိုတာ ဘာကိုပြောတာလဲ"တဲ့ ဆိုတော့ "ကျွန်ုပ်လည်း မသိဘူး" တဲ့၊ "ဒါက ဘုရားမှ ရှင်းပြောနိုင်တာ" တဲ့၊ **မုဒ္ဓ** နဲ့ **မုဒ္ဓါဓိပါတ** ကို ဘုရားမှသိမယ်ဆိုတော့ "ဒါဖြင့် ဘုရားဆိုတာ ရှိပြီလား" လို့ဆိုတော့ "ဟာ ဘုရားရှိပြီ" တဲ့၊ "သာဝတ္ထိပြည်မှာ မြတ်စွာဘုရား ပွင့်နေပြီ"၊ အဲဒီနေရာမှာ နတ်က ဘုရားအကြောင်း ပြောပြထားတယ်။

https://dhammadownload.com



## နတ်ပြောတဲ့ ဗုဒ္ဓ

မြတ်စွာဘုရားပွင့်နေပြီတဲ့၊ မြတ်စွာဘုရားဆိုတာ **သမ္ဗုဒ္ဓ**-တရားဓမ္မတွေကို သူကိုယ်တိုင်သိတယ်၊ **သဗ္ဗဓမ္မာန ပါရဂူ** -တရားဓမ္မ အားလုံးကို တစ်ဘက်ကမ်းခတ်တတ်သူ, တရားအားလုံးကို ပိုင်ပိုင်နိုင်နိုင် သိထားသူဖြစ်တယ်၊ မသိတာ ဘာမှ မရှိဘူးတဲ့၊ နောက်တစ်ခုက **သဗ္ဗာဘိညာ ဗလပတ္တော**၊ အဘိညာဉ်စွမ်းအားတွေကိုလည်း အကုန်လုံးရထားတယ်၊ အစွမ်းတန်ခိုးတွေ အကုန်လုံး ပြည့်ပြည့်စုံစုံရထားတယ်၊ ဒါတင်မကဘူးတဲ့၊ **သဗ္ဗကမ္မက္ခယံ ပတ္တော** -ကံတွေအားလုံးဟာ (ကုသိုလ်ကံရော အကုသိုလ်ကံပါ) ဘဝတစ်ခုကို ဖန်တီးနိုင်လောက်အောင် အစွမ်းသတ္တိ မရှိတော့ဘူး၊ **ကမ္မက္ခယ** လို့ဆိုတဲ့ ကံအားလုံးကို ကုန်စေတတ်တဲ့ဉာဏ်ကိုလည်း သူမျက်မှောက်ပြုပြီးသား ဖြစ်တယ်၊ **ဝိမုတ္တော ဥပဓိက္ခယေ**၊ **ဥပဓိက္ခယ** ဆိုတာ ခန္ဓာငါးပါးကုန်ဆုံးတဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး ဘဝမှ လွတ်မြောက်ပြီးသား ဖြစ်နေပြီတဲ့၊ အဲဒီဘုရားဟာ လောကမှာ ပွင့်နေပြီ။

ဗာဝရီပုဏ္ဏားကြီးဟာ ဘုရားပွင့်ပြီဆိုတာသိရလို့ စိတ်သက်သာမှု ရသွားတယ်၊ ဗာဝရီပုဏ္ဏားကြီးဟာ သူသင်ထားတဲ့ လက္ခဏာ မန္တာန်ကျမ်းတွေမှာ ဘုရားအကြောင်း သင်ရတယ်၊ ဗုဒ္ဓဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုး, လောကမှာ ဗုဒ္ဓဆိုတာ ပွင့်ပေါ်တတ်တယ်, အဲဒီ ဗုဒ္ဓဆိုတဲ့ပုဂ္ဂိုလ်မှာ ဘယ်လို အရည်အချင်းတွေ ရှိတယ်, ဘယ်လို အမှတ်အသား လက္ခဏာတွေ ရှိတယ်ဆိုတာ

https://dhammadownload.com



သူတို့ရဲ့စာပေထဲမှာရှိတယ်၊ "ဗုဒ္ဓပွင့်နေပြီ၊ လောကမှာ ပေါ်လာပြီ" လို့ သိပ်ဝမ်းသာသွားတယ်။

တစ်ခါတည်း တပည့်တွေကို ခေါ်တယ်၊ "ကဲ-တပည့်တို့ လာကြ၊ ငါပြောမယ်၊ လောကမှာ ဘုရားပွင့်နေပြီ၊ ဟိုးမြောက်ပိုင်းဒေသက တို့အရင်နေခဲ့တဲ့ သာဝတ္ထိဘက်မှာ ဘုရားရှိတယ်လို့ ပြောတယ်၊ မင်းတို့သွားကြရမယ်၊ အဲဒီဘုရားနဲ့ တွေ့ကြရမယ်၊ ဘုရားဟုတ်မဟုတ် မင်းတို့စစ်ဆေးကြည့်ရမယ်" လို့ပြောတယ်။

သူ့တပည့်တွေက ဘာပြောတုန်းဆိုတော့ "ဆရာကြီး ဘုရားဟုတ်မဟုတ် ကျွန်တော်တို့ ဘယ်လိုလုပ်သိမလဲ"၊ "မင်းတို့ကို ငါသင်ထားတဲ့ ဝေဒကျမ်းထဲမှာပါတဲ့ ၃၂-ပါးသော မဟာပုရိသ လက္ခဏာတွေဆိုတာ ရှိနေတာပဲ၊ အဲဒီ မဟာပုရိသ လက္ခဏာတွေနဲ့ တိုက်ကြည့်ပေါ့တဲ့၊ တိုက်ကြည့်လို့ ၃၂-မျိုးသော မဟာပုရိသလက္ခဏာတွေ ရှိပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ စကြဝတေး မင်းနဲ့ ဘုရားကလွဲရင် ဘာမှမဖြစ်နိုင်ဘူးတဲ့၊ ဒီ ၂-လမ်းပဲ ရှိတယ်၊ အဲဒါတွေနဲ့ သွားစုံစမ်းကြ" ဆိုပြီး တပည့်တွေကို လွှတ်လိုက်တယ်။

အဲဒီခေတ်က ဗြာဟ္မဏတွေအကုန်လုံး အဲဒီအတိုင်းချည်းပဲ နော်၊ **အမ္ဗဋ္ဌသုတ်**မှာ ပေါက္ခရသာတိပုဏ္ဏားကြီးက သူကိုယ်တိုင် မလာဘူး၊ **အမ္ဗဋ္ဌ**ဆိုတဲ့ တပည့်ခေါင်းဆောင်ကို တပည့်တွေနဲ့ ခြံရံလွှတ်လိုက်တာ၊ ဘုရား ဟုတ်မဟုတ် စုံစမ်းခိုင်းတာပဲ၊ ဘာနဲ့ စုံစမ်းရမလဲဆိုရင် သူတို့ ဝေဒကျမ်းထဲမှာပါတဲ့ မဟာပုရိသ လက္ခဏာတွေနဲ့ သွားတိုက်ဆိုင်ကြည့်ခိုင်းတာပဲ။

https://dhammadownload.com



နောက် **ဗြဟ္မာယု**ဆိုတဲ့ အသက်-၁၂၀ ရှိတဲ့ ပုဏ္ဏားကြီး လည်းပဲ သူ့တပည့် **ဥတ္တရ**လုလင်ကို ဘုရားဆီလွှတ်ပြီး စုံစမ်း ခိုင်းတယ်၊ ဥတ္တရဟာ ဘုရားအနီး အကြာကြီးနေတယ်၊ မြတ်စွာ ဘုရား မြို့ထဲရွာထဲကြွရင်လည်း လိုက်တယ်၊ အကုန်လုံး လေ့လာ တယ်၊ စားတာက ဘယ်လိုစားတယ်၊ စကားပြောရင် ဘယ်လို ပြောတယ်၊ တရားဟောရင် ဘယ်လိုဟောတယ်၊ လမ်းလျှောက် ရင် ဘယ်လို၊ နေ့စဉ်အလုပ်တွေ ဘာတွေလုပ်တယ်ဆိုတာကို အသေးစိတ် မှတ်တမ်းရေးတယ်၊ **ဗြဟ္မာယုသုတ္တံ** ဆိုတာကို ရှိတယ်၊ မြတ်စွာဘုရားအကြောင်း အသေးစိတ်လေ့လာ တင်ပြ ထားတာ။

သူတို့ရဲ့ အဓိကသက်သေပြတဲ့ အချက်ကတော့ မဟာ ပုရိသ လက္ခဏာတွေနဲ့ ညီမညီ တိုက်ဆိုင်တာပါပဲ၊ အခုလည်းပဲ အဲဒီလိုနည်းပေးပြီးတော့ တပည့်တွေကို လွှတ်လိုက်တာ၊ **အဇိတ** ဆိုတဲ့ တပည့်ကြီးက ခေါင်းဆောင်ပြီးသွားတယ်၊ အားလုံး တပည့်ကြီးတွေ ၁၆-ယောက် သာဝတ္ထိပြည်ဘက်ကို ခရီးထွက်ကြ တယ်၊ သူတို့ ခရီးထွက်တာကိုလည်းပဲ **ပါရာယနဝတ္ထု** ဂါထာမှာ မြေပုံသဖွယ် ဖော်ပြထားတယ်။

## ဘုရားဖူးခရီးစဉ်

ပထမ သူတို့ အဋ္ဌကမြို့တော် မာဟိဿတိဆိုတဲ့မြို့ကို ရောက်တယ်တဲ့၊ အဲဒီကနေ ဘယ်သွားတုန်းဆို ဥဇ္ဇေနီကို သွား တယ်၊ သူတို့ခရီးစဉ်ကို ပြထားတာ၊ အခုခေတ်မြေပုံနဲ့ တိုက်

https://dhammadownload.com



ကြည့်ရင်တော့ ပိုသေချာမှာပေ့ါ၊ အိန္ဒိယမြေပုံကို ကြည့်လိုက်မယ်ဆိုရင် ဥဇ္ဇေနီဆိုတာရှိလားဆိုတော့ရှိတယ်၊ ဘုန်းကြီးတို့လည်း ရောက်ဖူးတယ်၊ ဘုံဘေနားမှာ၊ ဆံချီစေတီရှိတဲ့ဘက်ဆီမှာ "အုတ်ဂျေး"ဆိုတဲ့ မြို့ရှိတယ်၊ အဲဒါ ဥဇ္ဇေနီပဲ၊ အဲဒီ ဥဇ္ဇေနီကနေ ဘယ်သွားတုန်းဆို ဂေါနဒ္ဓမြို့၊ ဂေါနဒ္ဓမြို့ကနေ ဝေဒိသ၊ ဝေဒိသဆိုတာလည်း ဒီကနေ့ခေတ်လည်း "ဝေဒိသျှ" ဆိုတဲ့နာမည်နဲ့ အိန္ဒိယမှာ ရှိတယ်၊ အသောကမင်းကြီးရဲ့ မိဖုရားတစ်ပါးက **ဝေဒိသကဒေဝီ**လို့ခေါ်တယ်။ ရှင်မဟိန္ဒရဲ့ မယ်တော်ပဲ၊ ရှင်မဟိန္ဒကို သာသနာပြု လွှတ်လိုက်တဲ့အခါကျတော့ သီဟိုဠ်ကို တိုက်ရိုက်မသွားသေးဘဲနဲ့ သူ့မယ်တော်ရဲ့မြို့ကို သွားနေတာ၊ ဒါကြောင့်မို့ သူနောက်ကျတာ၊ သီဟိုဠ်ကိုရောက်တော့ နယုန်လမှရောက်တာ၊ လွှတ်လိုက်တာက သီတင်းကျွတ်ပြီးကတည်းက လွှတ်လိုက်တာ။

အရှင်သောဏ အရှင်ဥတ္တရတို့ မြန်မာ သုဝဏ္ဏဘူမိ ရောက်တာက တန်ဆောင်မုန်းလလောက် ရောက်လာတာ၊ ရှင်မဟိန္ဒက အတော်လေးနောက်ကျပြီး နယုန်လလောက်ကျမှ သီဟိုဠ်ကျွန်းကို ရောက်တာ၊ ဘာဖြစ်လို့ သီဟိုဠ်ကျွန်းကို အရောက်နောက်ကျသလဲဆိုရင် ခုနက မယ်တော်ရဲ့မြို့ ဝိဒိသျှကို သွားနေလို့တဲ့။

အဲဒီနောက်မှာ ဝနမြို့ကြွတယ်၊ ဝနဝါသီတိဿ နေတာ ဒီမြို့ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ အိန္ဒိယမြေပုံနဲ့ သမိုင်းကြောင်းကို လေ့လာစရာတော့ကောင်းတယ်၊ သို့သော် တရားဓမ္မ မဟုတ်သည့် အတွက်ကြောင့် ထားလိုက်တော့၊ ဒါ Historical Site

https://dhammadownload.com



အနေနဲ့ကတော့ လေ့လာသင့်တာပေါ့လေ၊ သို့သော် အဲဒီသုတ္တန်မှာ ဒါတွေကို ဖော်ပြထားတာ စိတ်ဝင်စားစရာကောင်းတယ်။

ဆက်သွားလိုက်တာ ဝေဒိသကနေ ဝန၊ ဝန ကနေပြီးတော့ ဘယ်ရောက်တုန်းဆို ကောသမ္ဗီပြည်၊ ကောသမ္ဗီပြည်ဆိုတာ ယနေ့ အာလ္လဟာဘတ်မြို့နားမှာ ရှိတယ်၊ အဲဒီနားမှာ ဃောသိတာရုံကျောင်းရှိတယ်၊ ဃောသိတာရာမ်လို့ ရေးထားတယ်၊ သူတို့ အဲဒီကောသမ္ဗီပြည်သွားတယ်၊ ကောသမ္ဗီပြည်ကနေ ရှေ့ဆက်လိုက်တဲ့အခါ သာကေတ၊ သာကေတကနေပြီး သာဝတ္ထိရောက်သွားတယ်။

သာဝတ္ထိရောက်သွားတော့ မြတ်စွာဘုရားက သာဝတ္ထိမှာ မရှိဘူး၊ သတင်းကြားတုန်းကတော့ သာဝတ္ထိမှာရှိတယ်လို့ ပြောတယ်၊ ခြေလျင်ခရီးထွက်ကြရတာဆိုတော့ ခရီးကရှည်တယ်၊ သာဝတ္ထိမှာ ဘုရားကမရှိဘူး၊ မရှိတော့ ဆက်ပြီးလိုက်ကြတယ်၊ သာဝတ္ထိကနေ သေတဗျဆိုတဲ့မြို့ကိုသွားတယ်၊ သေတဗျမြို့ကနေ ကပ္ပိလဝတ်ကို သွားတယ်၊ ကပ္ပိလဝတ်ကနေ ဘယ်ကိုသွားတုန်းဆိုတော့ ကုသိနာရုံ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့ ကုသိနာရုမြို့ကို သွားတယ်၊ အဲဒီ ကုသိနာရမြို့ကနေပြီးတော့ ရှေ့ကိုဆက်ပြီး ပါဝါမြို့ကို သွားတယ်၊ ပါဝါမြို့ဆိုတာ ဂျိမ်းဘုရားပရိနိဗ္ဗာန်စံတဲ့မြို့ပဲ။

ဂေါတမဘုရားနဲ့ ဂျိန်းဘုရားရုပ်တု မကွဲလို့ သတိထားဖို့လိုတယ်၊ ရင်ဘတ်မှာ 'swasika' ဆိုတဲ့ စကြာတံဆိပ်ပါရင် ဂေါတမဘုရား မဟုတ်ဘူး, ဂျိန်းဘုရားရုပ်တု၊ ထိုင်နေတဲ့ ပုံစံက

https://dhammadownload.com



အင်မတန်တူတယ်၊ ဂျိန်းဘုရားကအဝတ်မပါဘူး၊ မြန်မာဘုရားဖူးတွေ မှားမှားဝယ်တတ်တယ်၊ ကုလားကလည်း ဗုဒ္ဓဘာသာဘုရားနဲ့ ရောရောင်းလိုက်တာ၊ ဒီတော့ 'ဆွာစတိကာ' ဆိုတာလေးရင်ဘတ်မှာပါရင် ဗုဒ္ဓရုပ်တု မဟုတ်ဘူးလို့ မှတ်ထား။

အဲဒီတော့ပါဝါမြို့ကနေပြီးဘယ်သွားလဲဆိုရင် ဘောဂနဂရ၊ ဘောဂနဂရကနေ ဝေသာလီ၊ ဝေသာလီကနေ မဂဓ၊ ရာဇဂြိုဟ်ထိအောင် လှည့်ပတ်ပြီးလိုက်ရတာ၊ မြတ်စွာဘုရားက သူတို့ရောက်လာတဲ့အချိန်မှာ ရာဇဂြိုဟ်ရောက်ပြီး ဘယ်မှာ သီတင်းသုံးတုန်းဆိုရင် ပါသာဏကနတ်ကွန်းမှာ သီတင်းသုံးတယ်။

ကျောက်တုံးကြီးတစ်တုံးပေါ်မှာ တင်ထားတဲ့ နတ်ကွန်းကြီးမှာ မြတ်စွာဘုရား သီတင်းသုံးဖို့ ကျောင်းဆောင်အဖြစ်ဆောက်လုပ်ကြတယ်၊ ရှေးတုန်းက နတ်ကွန်းကို စေတီယလို့ခေါ်တာပဲ။

## စေတီယမှ ဆင်းသက်ပုံ

စေတီယဆိုတဲ့ စကားလုံးကို သီဟိုဠ် အိန္ဒိယတို့မှာ အသံထွက်တော့ **'ကျိုက်တိယ'** လို့ထွက်တယ်၊ မြန်မာပြည်ရောက်တဲ့အခါ **တိယ** ပြုတ်သွားပြီးတော့ **'ကျိုက်'** ဆိုတဲ့ မွန်ဝေါဟာရဖြစ်လာတယ်၊ ကျိုက်ထီးရိုးတို့ ဘာတို့ ဖြစ်သွားတယ်ပေါ့၊ ဒါကြောင့်မို့ **'ကျိုက်'** ဆိုတာ မွန်က ဘုရားလို့ပြောတယ်၊ **'ကျိုက်'** ဆိုတာ စေတီယကလာတဲ့ စကားတစ်ခုပဲ၊ စေတီယကို အသံ

https://dhammadownload.com



ဖလှယ်ထားတာ၊ စေတိယ ကျိုက်တိယ၊ **တိယ** ဖြုတ်လိုက်တဲ့အခါ **ကျိုက်** ပဲပေါ့၊ အဲဒီလိုခေါ်တာ။

ကောင်းပြီ၊ အဲဒီလို အဆင့်ဆင့်လိုက်သွားတော့ ဘုရားကို ဘယ်မှာသွားတွေ့တုန်းဆိုရင် ပါသာဏကစေတီ လို့ခေါ်တဲ့ နတ်ကွန်းမှာ သွားတွေ့တယ်၊ မြတ်စွာဘုရားကို တွေ့တဲ့အခါ ဆရာကြီးက ဘုရား ဟုတ်မဟုတ် စုံစမ်းရန် နည်းပေးလိုက်တဲ့ ထဲမယ် ဘာပါသေးတုန်းဆိုရင် "ဘုရားဆိုလို့ရှိရင် မင်းတို့ပါးစပ် ကနေ ထုတ်မေးစရာ မလိုဘူးကွ၊ မင်းတို့စိတ်ထဲကနေမေးလိုက်၊ မနောပဉှာ စိတ်မေးခွန်းကို သူက နှုတ်နဲ့ဖြေလိမ့်မယ်" ဘုရား အစစ်ဆိုရင် ဖြေလိမ့်မယ်ပေါ့။

## စိတ်မေးခွန်း ၇-ပုဒ်

ဆရာကြီးက မေးခွန်း ၇-ပုဒ် သူတို့ကို ပေးလိုက်တယ်၊ "ဘုရားနဲ့ တွေ့လို့ရှိရင် မင်းတို့က စိတ်ထဲကမေး" လို့၊ အဲဒီ မေးရမယ့်အချက်က

(၁) "ငါ့အသက် ဘယ်လောက်ရှိပြီလဲ မေးကွာ၊ ငါ့အသက် ဘယ်လောက်ရှိပြီလဲဆိုတာ စိတ်နဲ့ မေးရမယ်"။

(၂) နောက်တစ်ခုက "သူဟာ ဘာအနွယ်လဲ" descend ပေါ့၊ "ဘာဇာတ်လဲ ဘာအနွယ်လဲ၊" ကိုးရီးယားတို့ တရုတ်တို့ အိန္ဒိယတို့မှာ မျိုးရိုးနာမည်ရှိတယ်၊ မြန်မာမှာတော့ မျိုးရိုး နာမည် မရှိဘူး၊ နိုင်ငံခြားသွားပြီဆိုရင် တော်တော်ဒုက္ခ ရောက်တယ်၊ surname က ဘာလဲပေါ့၊ မြန်မာတွေ

https://dhammadownload.com



ကျတော့ surname မရှိဘူး၊ အကုန်လုံး ရေးထည့်လိုက်တာပဲ၊ သူတို့က ခွဲမှတ်တယ်၊ surname ရယ် Middle Name ရယ် ခွဲထားတယ်၊ လေယာဉ်ပေါ်ရောက်တဲ့အခါ ကျတော့ဖြည့်ရတယ်လေ၊ Immigration form မှာ၊ အဲဒီလို ဖြည့်တဲ့အခါ မြန်မာကျတော့ ဖြည့်စရာ မရှိတော့ဘူး၊ ဒီအတိုင်း အပြည့်ရေးချလိုက်တာပဲ၊ ယနေ့မှာ 'ဦး'တွေ 'ကို'တွေတောင် ဖြုတ်ထားရတယ်၊ မဖြုတ်ရင်လည်း ရှုပ်ကုန်ရော၊ မြန်မာတွေက လာသမျှ 'ဦး' တွေချည်းပဲ ဖြစ်နေတယ်၊ အမျိုးသမီးတွေကျတော့ 'ဒေါ်' တွေချည်းပဲ ဖြစ်နေတယ်၊ အဲဒီတော့ လူမျိုးက တစ်မျိုးတည်းပဲ ဖြစ်နေတယ်၊ အခြားနိုင်ငံက လူတွေက နားမလည်ဘူး ဖြစ်ကုန်တာပေါ့။

ပြီးတော့ -

(၃) "သူ့မှာ ယောက်ျားမြတ်တွေရဲ့ အမှတ်အသား ဘာတွေ ပါရှိသလဲ"၊ အဲဒီ ပုဏ္ဏားကြီးကလည်း ထူးခြားတယ်၊ ယောက်ျားမြတ်ရဲ့အမှတ်အသား ၃-မျိုးပါတယ်တဲ့၊ "အဲဒါ ဘာလဲဆိုတာ မေးရမယ်၊ စိတ်ထဲကနေမေး"တဲ့။

နောက်တစ်ခု -

(၄) "သူ့ရဲ့ပညာ ဘယ်လောက်ရှိလဲဆိုတာ မေးရမယ်"။

နောက်ပြီးတော့ -

(၅) "တပည့်ပေါင်း ဘယ်လောက်ကို သူစာသင်ပေးနေတယ် ဆိုတာကို မေးရမယ်"။

https://dhammadownload.com



အဲဒီဟာတွေ မေးပြီးတော့မှ ခုနက အရေးကြီးတဲ့ မေးခွန်း ၂-ခုက -

(၆) "ဦးထိပ်ဆိုတာ ဘာလဲ၊

(၇) အဲဒီဦးထိပ်ဦးခေါင်းရဲ့ ပြုတ်ကျခြင်းဆိုတာ ဘာလဲ" ဆိုတာ မေးပါတဲ့။

အားလုံးပေါင်းလိုက်တဲ့အခါကျတော့ မေးခွန်း ၇-ခု၊ သူ့ အသက်အရွယ် မေးရမယ်၊ သူ့ရဲ့အနွယ်ကို မေးရမယ်၊ သူ့ရဲ့ ပုရိသလက္ခဏာကို မေးရမယ်၊ သူတတ်တဲ့ပညာကို မေးရမယ်၊ သူသင်ကြားတဲ့ တပည့်ပရိသတ် အရေအတွက်ကို မေးရမယ်၊ ပြီးတဲ့အခါကျတော့မှ **မုဒ္ဓ**လို့ ဆိုတဲ့ ဦးခေါင်းဆိုတာ ဘာလဲ၊ **မုဒ္ဓါဓိပါတ** ဦးခေါင်းကိုပြုတ်ချခြင်းဆိုတာ ဘာလဲ၊ အဲဒီမေးခွန်း ၇- ခု ကို စိတ်နဲ့ပဲမေးပါတဲ့၊ ဘုရားဆိုရင် ဖြေလိမ့်မယ်တဲ့၊ နှုတ်နဲ့ ဖြေလိမ့်မယ်၊ မင်းတို့ စိတ်နဲ့မေးတာကို သူက နှုတ်နဲ့ဖြေလိမ့်မယ်၊ တော်တော်ထူးဆန်းတယ်နော်။

မြန်မာပြည်မှာလည်းပဲ အဲဒီလို ထူးခြားတာတစ်ခု တွေ့ဖူးတယ်၊ စစ်ကိုင်းမှာ ဘိုးတော်တစ်ယောက်က သူ့ဆီ လူလာပြီ ဆိုရင် သူက အဲဒီလူရဲ့ မွေးနေ့သက္ကရာဇ်ကို ပြောနိုင်တယ်၊ ဘယ်နေ့ ဘယ်ရက် ဘယ်လမှာ မွေးတယ်ဆိုတာကို ပြောနိုင်တယ်တဲ့၊ အဲဒီတော့ ဘာကြောင့် ပြောနိုင်တာလဲဆိုတော့ အကြောင်းတော့ ရှိကောင်းရှိလိမ့်မယ်၊ ဘုန်းကြီးတို့ ယူဆတာတော့ သူ ပူဇော်ထားတဲ့နတ်, မွေးထားတဲ့အကောင် အကူအညီနဲ့ ပြောတာလို့ထင်တယ်၊ Agent နဲ့ ပြောတယ်ခေါ်တယ်၊ ဒါမျိုး

https://dhammadownload.com



တွေကရှိတယ်၊ ကျွေးမွေးထားတဲ့ အကောင်တွေရှိတယ်၊ ကျွေးမွေးထားတဲ့ အကောင်ကနေပြီး ဘယ်သူတော့လာပြီ၊ အဲဒီသူက ဘယ်နေ့ ဘယ်ရက်မွေးတယ်ဆိုတာကို သူက သိနိုင်စွမ်းရှိတယ်လေ၊ အဲဒီလို Agent နဲ့ ပြောတာတွေရှိတယ်။

## ကိုယ်တွေ့ဖြစ်ရပ်

ဘုန်းကြီးကိုယ်တိုင် ဇက်ရောဂါစဖြစ်ခါစတုန်းက (ဘုန်းကြီးကတော့ အယုံအကြည်မရှိဘူး) ဆရာတစ်ယောက်ကိုပင့်တယ်၊ ဘုန်းကြီးတို့ရဲ့ ရဟန်းအမကြီးတစ်ဦးက စီစဉ်တယ်၊ ငွေ ၁-သိန်းခွဲ အလှူငွေ ထည့်ဝင်ရတာပေါ့လေ၊ သူက စကားမပြောတတ်ဘူး၊ စကားအသံမပီဘူး၊ ဒါပေမယ့် သူ့ရဲ့ "အီး အဲ့" ဆိုတဲ့ အသံကို ဘာသာပြန်တတ်တဲ့သူ ရှိတယ်၊ အဲဒီလို လာတယ်၊ လာတော့ ဘုန်းကြီးကို ဆေးကုမယ်ပေါ့လေ။

ရောက်တော့ သူက ဘာပြောတုန်းဆိုတော့ လည်ချောင်းထဲမှာတဲ့ အစာထည့်ထားတယ်တဲ့၊ ပယောဂ လုပ်ထားတယ်ပေါ့၊ အဲဒါကို ထုတ်ပစ်ရမယ်ပေါ့၊ ဘာလုပ်တုန်းဆိုရင် တူအသစ်ကလေး ၂-ချောင်းကိုင်ပြီး ပါးစပ်ဟခိုင်းတယ်၊ အာခေါင်ကို ကလိတာပေါ့၊ အာခေါင်ကိုကလိတော့ ယားတာပေါ့၊ ယားတော့ အံချင်တယ်၊ အနီးနားမှာလည်း ထွေးခံထားတယ်၊ အန်ချလိုက် အန်ချလိုက်ဆိုတော့ အန်ချတာပေါ့၊ ဘုန်းကြီးကတော့ သတိထားနေတယ်, အန်တော့ အန်လိုက်တယ်၊ ဒါပေမယ့် ပါးစပ်ထဲက

https://dhammadownload.com



ထွက်သွားတယ်လို့ မထင်ဘူး၊ ထွေးခံထဲမှာ ဝါးအမျှင်ဖတ်တွေ ကျလာတယ်၊ အားလုံး ဝိုင်းကြည့်နေကြတာ။

သူ့ရဲ့ အတတ်ပညာကတော့ ဆန်းတော့ ဆန်းတယ်၊ ဘုန်းကြီးပါးစပ်ထဲက ထွက်တာတော့ မဟုတ်ဘူး၊ ထွေးခံထဲ ရောက်တာတော့ အားလုံးပဲ ရှင်းရှင်းကြီးပဲ၊ ဝိုင်းကြည့်နေကြတဲ့ လူတွေလည်း မြင်တယ်၊ အဲဒီအခါ သူက အဲဒီဝါးမျှင်လေးကို တူလေးနဲ့ယူပြီး စက္ကူပေါ်မှာ ဖြန့်တယ်၊ အဲဒီမှာ အချောင်း မျှင်မျှင်လေး တစ်ခု ပါတယ်၊ အဲဒါ တံစူးဝါးပါတဲ့၊ တံစူးဝါးဆိုတာ အားလုံး သိကြလိမ့်မယ်၊ ခုခေတ်တော့ ရှားလိမ့်မယ်ပေါ့လေ၊ တောတွေမှာတော့ ရှိကောင်း ရှိမယ်၊ “လူသေမီးသဂြိုဟ်တဲ့အခါ ထိုးတဲ့ဝါးကို တံစူးဝါး” ခေါ်တာပေါ့နော်၊ အဲဒီဝါးနဲ့ လုပ်တာပေါ့၊ ဒီဝါးကနေပြီးတော့ နှလုံးကိုစူးရင် ကုလို့မရတော့ဘူး၊ အခု ကံကောင်းလို့ မစူးသေးဘူးပေါ့၊ ဒီလိုပြောတာ၊ ရောဂါက ဒီအတိုင်းပဲ, မပျောက်ပါဘူး။

အဲဒီနောက်မှာ ဘာလုပ်သေးတုန်းဆို သေတ္တာထဲမှာ ပိုးချည်ထွေးလေးတစ်ခု ပါတယ်၊ အဲဒီ ချည်ထွေးလေးကို တစ်ပတ်ရစ် ထုံးလိုက်ပြီး ခါလိုက်တဲ့အခါ လက်ဖွဲ့ကြိုးကလေး တွေ ဖြစ်သွားတယ်၊ အဲဒါလည်း ရှင်းရှင်းလေးပဲ၊ အတော် ကောင်းတဲ့ မျက်လှည့်ပဲနော်၊ အဲဒီ ချည်ထွေးလေးတွေဟာ လက်ဖွဲ့ကလေးတွေ ဖြစ်သွားတယ်၊ တကယ့် သပ်သပ်ရပ်ရပ် ထိုးထားတဲ့ လက်ဖွဲ့ကလေးတွေဖြစ်သွားတယ်၊ ချည်ကို ကျစ်ထား တဲ့ လက်ဖွဲ့ကလေးတွေပေါ့၊ လက်ကိုချည်ဖို့ လည်ပင်းကို

https://dhammadownload.com



စွပ်ဖို့ရာအတွက် ဖြစ်တယ်၊ အဲဒါကို နောက်တစ်ခါ ခါလိုက်တဲ့ အခါကျတော့ အဲဒီလက်ဖွဲ့မှာချည်ထားတဲ့ အလယ်ရိုးလေးတွေက အဝါရောင် ဖြစ်သွားတယ်၊ နဂိုက အကုန်လုံး အဖြူရောင်၊ နောက်တစ်ကြိမ် ခါလိုက်တဲ့အခါ အဝါရောင်၊ အဲဒီ အဝါရောင်နဲ့က အစိတ်လောက်ရှိတယ်၊ အဲဒါကိုတော့ ဘုန်းကြီးကိုပေးတယ်၊ အဖြူရောင်ကိုတော့ တစ်ခုကို ၂၅-ကျပ်နဲ့ ရောင်းတယ်၊ အဲဒီနားကလူတွေ ဝယ်လိုက်ကြတာ မပြောနဲ့တော့၊ ဘုန်းကြီးကတော့ ကနေ့အထိ အဲဒါတွေကို ဒီအတိုင်း ထားလိုက်တာ၊ တစ်ခါမှလည်း မကြည့်မိပါဘူး၊ အဲဒါ ဘာဖြစ်လို့ ဒီလိုလုပ်နိုင်တာတုန်းဆိုတော့ Agent ရှိတယ်လို့ ဘုန်းကြီးတို့က ယူဆတယ်။

ဒီ Agent ဆိုတာ အခုခေတ်မှ မဟုတ်ဘူး၊ ဗိမ္ဗိသာရမင်းကြီးငယ်ရွယ်စဉ်အခါတုန်းက ဒီလိုပဲ Agent နဲ့ လျှောက်သွားတာရှိခဲ့ဖူးတယ်၊ Agent ဆိုတာ သရဲမွေးထားတယ်ပေါ့၊ ပြောရမယ်ဆိုရင် အစာကျွေးမွေးထားတာ၊ အဲဒီအကောင်ကို ခိုင်းပြီးတော့ လျှောက်လုပ်တာတွေပေါ့၊ ဒါမျိုးတွေပေါ့၊ အဲဒီလို ကြားဖူးတယ်၊ ဟုတ်မဟုတ်တော့ မသိဘူး၊ ကိုယ်လည်း ဝါသနာမပါတော့ မသိဘူး၊ အဲဒါတွေ လေ့လာဖူးတဲ့သူတွေတော့ သိလိမ့်မယ်၊ လက်ထဲကနေပြီးတော့ ဘာယူပေးမယ် ညာယူပေးမယ်ဆိုတာတွေလည်း ဒီ Agent ကနေ ယူပေးတာလို့ ပြောတယ်၊ အစွမ်းတန်ခိုးတော့ ရှိတာပေါ့၊ သို့သော် အဲဒီအစွမ်းတန်ခိုးက ကိုယ့်ဘဝကို ဘာမှပြောင်းလဲပေးနိုင်တာ မဟုတ်ဘူး၊ မရှိတာတော့ မဟုတ်ဘူး၊

https://dhammadownload.com



ရှိတယ်၊ အစွမ်းသတ္တိလေးတွေ သူ့ဟာနဲ့သူရှိတယ်၊ ဘုန်းကြီးတို့ မရှိဘူးလို့တော့ ပြောတာမဟုတ်ဘူးနော်၊ ရှိတယ်၊ ပျောက်ချင်လည်း ပျောက်သွားမယ်၊ ယုံတဲ့လူကျတော့လည်း ယုံတဲ့စိတ်နဲ့ ကိုက တစ်ဝက်လောက် ပျောက်သွားပြီ၊ မယုံတဲ့လူကျတော့ မပျောက်ဘူး။

အခုခေတ်ကတော့ ယုံတဲ့သူအများကြီး ရှိတာပဲ၊ အဲဒါ ခုနက ပညာတတ်ပုဏ္ဏားကြီးတောင်မှပဲ ခင်ဗျား ၇-ရက်အတွင်း ခေါင်း ၇-စိတ်ကွဲမယ်ဆို သူယုံသေးတာပဲလေ၊ အဲဒီလိုဟာတွေ မဖြစ်ဘူးလားဆိုတော့ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးတော့ မဟုတ်ဘူး၊ ဖြစ်နိုင်တယ်၊ လောကီပညာတွေက သူ့နည်းသူ့ဟန်တွေ အများကြီးရှိတယ်။

တစ်ခါတုန်းက ဘုန်းကြီးတို့နဲ့ အင်မတန်ရင်းနှီးပါတယ်၊ ကလေးဝဆရာတော်ကြီး ဆိုတာရှိတယ်၊ အဲဒီ ဆရာတော်ကြီး လည်း အင်မတန်မှစွမ်းတယ်၊ ဓာတ်လုံးတွေပေးတယ်၊ မမြင်ရတဲ့ နေရာက ဓာတ်လုံးတွေ ရောက်လာတယ်၊ မမြင်ရတဲ့နေရာက လက်ဖွဲ့တွေ ရောက်လာတယ်၊ ဘုန်းကြီးရဲ့နောင်တော်နဲ့ ပိုပြီး ရင်းနှီးတယ်၊ အဲဒီ ဆရာတော်ကြီးက သူတပါးစိတ်တောင် သိတယ်၊ ဘုန်းကြီး နောင်တော်က ပြန်ပြောပြတာ၊ "ဆရာတော်ကြီးက မျက်လှည့်တွေထင်ပါရဲ့၊ ဘာတွေလုပ်လဲမသိဘူး" နဲ့ သူက နောက်ကနေ တွေးလိုက်တော့ ဆရာတော်ကြီးက နောက် လှည့်ပြီးပြောတာ "ဘုန်းကြီးလေး ဘုန်းကြီးလေး မယုံမရှိနဲ့ဗျာ၊ လောကီက အကုန်လုပ်လို့ရတယ်" လို့ပြောတယ်။

https://dhammadownload.com



သူတို့လောကီပညာရပ်တွေဆိုတာ သူ့အစွမ်းသတ္တိနဲ့သူ ရှိမှာပေါ့၊ မမြင်အပ်တဲ့သတ္တဝါကိုမွေးထားရင် ရတယ်တဲ့၊ အဲဒီလို ကြားဖူးတယ်၊ ဒါပေမယ့် ကျွေးနိုင်ရင်ကျွေး၊ မကျွေးနိုင်ရင် ကိုယ့်ပါပြန်စားတတ်တယ်၊ အဲဒီသရဲက ပြန်စားသွားတတ်တယ် တဲ့နော်၊ အမျိုးစုံပါပဲ၊ လောကီဆိုတာ အင်မတန်ရှုပ်တယ်ပေါ့။ အဲဒါကြောင့်မို့လို့ **လောကီအရှုပ်တွေ မလိုက်တော့ဘဲနဲ့ လောကီအရှုပ်တွေရဲ့ရှင်းရာ တရားမှာဟာ အကောင်းဆုံးပဲ ပေါ့။**

## စိတ်မေးခွန်းကို နှုတ်နဲ့ဖြေ

အေး- မြတ်စွာဘုရားကို အခုလိုမေးခိုင်းတာ၊ မြတ်စွာ ဘုရားက သူတို့စိတ်ကိုဘယ်လိုလုပ်သိတာတုန်း၊ စိတ်ကို ဘယ်လို လုပ်ပြီးတော့ သိနိုင်တုန်း၊ စိတ်ဆိုတာ မြင်ရတာ မဟုတ်ဘူး၊ အကောင်အထည်လည်း မရှိဘူး၊ ဘယ်လိုလုပ်သိလဲ။

စိတ်ကို သိတယ်ဆိုတဲ့နေရာမှာ ရုပ်နဲ့ဆက်သွယ်ပြီးတော့ သိတယ်လို့ဆိုတယ်၊ လူတွေရဲ့နှလုံးသားမှာ ထင်ဟပ်ပြောင်းလဲ လာတာလေးတွေကို သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူးပေါ့၊ အစွမ်း သတ္တိရှိတဲ့ပုဂ္ဂိုလ်တွေ စူးစူးရှရှ မြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ စိတ်ကူးတဲ့အသံကိုလည်း ကြားနိုင်တယ်၊ **ဝိတက္ကဝိပ္ဖါရသဒ္ဒ -** စိတ်ကူးပြီးပြောတဲ့ စကားသံမျိုးကိုလည်းကြားနိုင်တယ်၊ ပြီးတော့ စိတ်ရဲ့လှုပ်ရှားမှုကို ကြည့်ပြီး ဖတ်နိုင်တယ်ပေါ့၊ ဒါကို အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ to read others' mind လို့ ပြန်တယ်၊ read

https://dhammadownload.com



others' mind သူ့စိတ်ကိုဖတ်တာ၊ ဖတ်တယ်ဆိုတာ ရုပ်ကို ကြည့်ပြီးတော့ စိတ်ကိုဖတ်လို့ရတယ်ပေါ့။

ဘုန်းကြီးတို့လည်း ဖတ်လို့ရသားပဲ၊ လူတစ်ယောက်ကို ကြည့်လိုက်ရင် ဟော နှုတ်ခမ်းကြီးစူနေရင် ဒီကောင် စိတ်ဆိုးနေ တာပဲ၊ ဖတ်လို့ရတာပဲပေါ့၊ အဲဒီလောက်တော့နော်၊ အသေးစိတ် ဖတ်လို့တော့မရဘူးပေါ့၊ မျက်နှာကြီးနီနေပြီ မျက်နှာကြီးပုပ်နေပြီ ဆိုရင် ဒီကောင်စိတ်ဆိုးနေတာပဲ (သို့မဟုတ်) စိတ်ညစ်နေတာပဲ လို့ ဖတ်လို့ရတာပေါ့၊ မြတ်စွာဘုရားကျတော့ အဲဒီထက် သိမ်မွေ့ တဲ့ဟာတွေကို ဖတ်လို့ရတယ်၊ အဲဒီနည်းနဲ့ သိတာတဲ့။

ခေါင်းဆောင်လုပ်တဲ့ **အဇိတ**က စိတ်ကူးတယ်၊ ကဲ ဘုရား ဆိုလို့ရှိရင် ကျွန်ုပ်မေးခွန်းတွေမေးမယ်၊ (၁) "ကျုပ်ဆရာကြီးက အသက်ဘယ်လောက်ရှိပြီလဲ"၊ စိတ်ထဲက မေးတာနော်၊ ပါးစပ်က မေးတာ မဟုတ်ဘူး၊ ဘုရားနဲ့တွေ့ပြီးတဲ့နောက် သူစိတ်ကူးတော့ တာ၊ မြတ်စွာဘုရားကနေ တန်းပြောလိုက်တယ်၊ ပါးစပ်ကနေ "ဗာဝရီ ပုဏ္ဏားကြီးက အသက်-၁၂၀ ရှိပြီ" တဲ့၊ စိတ်နဲ့မေးတဲ့ မေးခွန်းကို နှုတ်ကနေထုတ်ပြီးဖြေလိုက်တော့ သူတို့အံ့ဩသွား တယ်၊ (၂) သူ့ရဲ့အနွယ်က ဗာဝရီပဲ၊ (၃) မဟာပုရိသ လက္ခဏာ ၃-မျိုး သူ့ခန္ဓာကိုယ်မှာပါတယ်၊ (၄) ဝေဒကျမ်းတွေနဲ့ ပတ်သက် ပြီး အလွန်ကျွမ်းကျင်တယ်၊ (၅) တပည့်-၅၀၀ ကို သူ ပညာ သင်ပေးနေတယ်၊ ဟော-မြတ်စွာဘုရားက တန်းပြီးတော့ အကုန် ဖြေလိုက်တာ၊ သူတို့ သိပ်အံ့ဩသွားတယ်၊ ဟာ- တို့က စိတ်ထဲမှာ

https://dhammadownload.com



မေးခါရှိသေးတယ်၊ ဟိုက အကုန်ဖြေကုန်ပြီ၊ ဖြေတာတွေလည်း အကုန်မှန်တယ်။

အဲဒီတော့ ဆက်ပြီးကူးတယ်၊ မဟာပုရိသလက္ခဏာ ၃၂-မျိုး ဆိုတာကတော့ ဟုတ်ပါပြီတဲ့၊ "ဘာတွေတုန်း" လို့ဆိုတော့ မြတ်စွာဘုရားက ဖြေလိုက်တယ်၊ မဟာပုရိသလက္ခဏာဆိုတာတဲ့ **သူ့လျှာက အင်မတန်မှ ရှည်လျားပြီးတော့ နူးညံ့တယ်၊ ကြီးမားတယ်** တဲ့၊ ဒါကြောင့်မို့လို့ လျှာထုတ်ပြီးတော့ မျက်နှာကို အုပ်လို့ရတယ်တဲ့၊ **ပဟူတဇိဝှလက္ခဏာ** လို့ခေါ်တယ်၊ ဘုန်းကြီးတို့လျှာက ပေါက်စလေးနော်၊ မြတ်စွာဘုရားက လျှာထုတ်လိုက်မယ်ဆိုရင် ပြားချပ်ပြီး မျက်နှာကိုအုပ်လို့ရတယ်၊ အဲဒီလောက်ထိအောင် လျှာက ပါးလွှာတယ်၊ ဗာဝရီပုဏ္ဏားကြီးကလည်း အဲဒီလို လျှာကပါးပြီးတော့ ကြီးမားတယ်၊ အပြင်ထုတ်လိုက်ရင် မျက်နှာကိုအုပ်လို့ရတယ်၊ အဲဒါ မဟာပုရိသ လက္ခဏာတစ်ခုတဲ့ နော်။

နောက်တစ်ခုကဘာလဲဆိုရင် **သူ့ရဲ့နဖူး မျက်လုံး ၂-ခု ရဲ့အလယ်မှာ ဖြူဖွေးတဲ့အမွေးတစ်ပင် ပေါက်နေတယ်**၊ ဒါ ထူးခြားတယ်၊ မြတ်စွာဘုရားမှာဆိုရင် **ဥဏ္ဏာလုံမွေးရှင်** လို့ ခေါ်တယ်၊ ဒါကြောင့်မို့ ရုပ်တုတော်တွေမှာ နဖူးကြားထဲမှာ အတုကလေးလုပ် ထည့်ထားတယ်၊ အမွေးပုံစံ မဟုတ်တော့ဘူး၊ တချို့ကျ စိန်ပွင့်လေး တပ်ထားတာပေါ့။

https://dhammadownload.com



အိန္ဒိယအမျိုးသမီးတွေကျ ဘာလုပ်တုန်းဆိုရင် အနီလေးတွေ ကပ်ထားတယ်၊ အရင်က ဆေးဆိုးထားတာ၊ အခုဆေးမဆိုးတော့ဘူး၊ အနီရောင် sticker နဖူးကပ်တယ်။

မြတ်စွာဘုရားကျတော့ နဖူးအလယ်မှာ အလွန်ဖွေးဖြူတဲ့ အမွေးပင် ပေါက်နေတယ်၊ ဥဏ္ဏာလုံမွေးလို့ ခေါ်တယ်၊ အဲဒီ အမွေးပင်လေးကို အဖျားကနေဆွဲပြီး ဆန့်လိုက်လို့ရှိရင် ၂-တောင်လောက် ရှည်တယ်၊ အဲဒီလိုပြောတယ်၊ လွှတ်လိုက်လို့ရှိရင် စပရိန်လေးလို လက်ယာရစ် ခွေနေတယ်ပေါ့၊ ဒီလိုထူးခြားတဲ့ အမွေးလေးတစ်ခုပါတယ်၊ အဲဒီပုဏ္ဏားကြီးမှာလည်း ဒါပါတယ်၊ ဒါ မဟာပုရိသလက္ခဏာတစ်ခုပဲ။

နောက်တစ်ခုကျတော့ ယောကျ်ားကိုယ်အင်္ဂါနဲ့ ပတ်သက်ပြီးတော့ သူက ဖုံးအုပ်ထားတဲ့ ပုရိသလိင်အင်္ဂါရှိတယ်၊ ဒီလို ၃-မျိုးပေါ့။

မဟာပုရိသလက္ခဏာ ၃၂-မျိုးကို သေချာသိချင်တယ်ဆိုရင် ဒီဃနိကာယ် လက္ခဏသုတ္တန် ပါထိကဝဂ်ဘာသာပြန်ကို ဖတ်ရမယ်၊ အဲဒီထဲမှာ ပြည့်ပြည့်စုံစုံပါတယ်၊ ဗြဟ္မာယုသုတ္တန်မှာလည်းပါတယ်၊ မဟာပုရိသ လက္ခဏာတွေနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းရေးသားထားတာရှိတယ်၊ ထိုထိုစာအုပ်တွေလည်း ရေးထားတာ ရှိကောင်းရှိပါလိမ့်မယ်။

အဲဒီလို သူဟာ အင်္ဂါလက္ခဏာ ၃-မျိုးရှိတယ် ဆိုတာကို ဘုရားက နှုတ်ကနေထုတ်ပြီးတော့ ဖြေလိုက်တယ်၊ ဖြေလိုက်တဲ့ အခါကျတော့ သူတို့တအံ့တသြဖြစ်ပြီး နောက်ထပ် မေးခွန်း ၂-

https://dhammadownload.com



ခုကို ဆက်မေးတာပေါ့၊ စိတ်နဲ့မေးတာ၊ (၆) **မုဒ္ဒ**နဲ့ (၇) **မုဒ္ဒါဓိပါတ** ဆိုတာဘာလဲ၊ ခေါင်းနဲ့ ခေါင်းပြုတ်ကျခြင်းဆိုတာ ဘာလဲဆိုတော့ မြတ်စွာဘုရားကဖြေတယ်၊ ခေါင်းဆိုတာဘာလဲ၊ ခေါင်းပြုတ်ကျခြင်းဆိုတာ ဘာလဲဆိုတာ တင်စားပြီးပြောတာ၊ "အဝိဇ္ဇာဟာ ခေါင်းပဲ"။

ဘာဖြစ်လို့ အဝိဇ္ဇာကို ခေါင်းလို့ ဆိုရသလဲဆိုလို့ရှိရင် သံသရာလည်ခြင်းမှာ သူက ခေါင်းဆောင်နေလို့ အဝိဇ္ဇာကြောင့် သံသရာလည်တာ၊ ပဋိစ္စသမုပ္ပါဒ်ကို ကြည့် - **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** ဆိုတာ သူက ဦးတည်ပြီးတော့လာတော့၊ အဝိဇ္ဇာဟာ ဦးတည်တယ်၊ ခေါင်းဆောင်တယ်၊ အဝိဇ္ဇာဟာခေါင်းပဲ၊ သုတ္တန်တစ်ခုမှာလည်းကြည့် - မြတ်စွာဘုရားက **"အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ"** အကုသိုလ်တရားတွေ ဖြစ်ဖို့အတွက် အဝိဇ္ဇာဟာ ခေါင်းဆောင်ပဲ၊ အဝိဇ္ဇာဟာ ရှေ့ပြေးပဲ၊ အဝိဇ္ဇာက ဦးဆောင်သွားတယ်၊ သစ္စာလေးပါးကို မသိခြင်းဆိုတဲ့ အဝိဇ္ဇာသည် သံသရာမှာ သူက ဦးဆောင်နေတာ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာကို ခေါင်းလို့ပြောတာ။

ဒါဖြင့် အဲဒီခေါင်းကို ဘာနဲ့ဖြုတ်ရမတုန်းဆိုတော့ ခေါင်းဖြုတ်တာကျတော့ ဝိဇ္ဇာနဲ့ ဖြုတ်ရမယ်၊ အရဟတ္တမဂ်ဉာဏ် ဝိဇ္ဇာ မိမိတို့သန္တာန်မှာ ထူထောင်လိုက်လို့ရှိရင် ခုနက သစ္စာလေးပါးကို မသိခြင်းဆိုတဲ့ အဝိဇ္ဇာဆိုတဲ့ခေါင်းကို ဖြုတ်ချနိုင်မယ်၊ ခေါင်းထိပ်ကို ဖယ်ရှားပစ်နိုင်မယ်ပေါ့၊ အဲဒီတော့ **မုဒ္ဒါဓိပါတ** ခေါင်းထိပ်ကို ဖယ်ရှားခြင်း, ခေါင်းထိပ်ရဲ့ ပြုတ်ကျခြင်းဆိုတာ **ဝိဇ္ဇာ**ကို ပြောတာ

https://dhammadownload.com



ပါလို့ **မုဒ္ဓ** ဆိုတဲ့ စကားလုံးနဲ့ **မုဒ္ဓါဓိပါတ**ဆိုတဲ့ တကယ့်အစစ်အမှန် စကားလုံးရဲ့ အဖြေမှန်ကို မြတ်စွာဘုရားက ဒီလိုထောက်ပြထားတယ်။

တရားဘက်ကနေ ဦးခေါင်းဆိုတာ ဦးဆောင်တဲ့တရားကို ပြောတာပါ။ ခေါင်းဆောင်ကိုပြောတာ၊ အဲဒီ ဦးဆောင်နေတဲ့ အရာတစ်ခုကို ဖယ်ရှားပစ်နိုင်တယ်၊ အဝိဇ္ဇာကို ဖယ်ရှားပစ်နိုင်တာ ဝိဇ္ဇာပဲဖြစ်တယ်။

**ဝိဇ္ဇာ**ရဲ့စွမ်းဆောင်မှုမှာ ဘယ်တရားတွေ အထောက်အကူရှိတုန်းဆိုရင် သဒ္ဓါ အထောက်အကူရှိတယ်၊ သတိ အထောက်အကူရှိတယ်၊ သမာဓိ အထောက်အကူရှိတယ်၊ ဆန္ဒ အထောက်အကူရှိတယ်၊ ဝီရိယ အထောက်အကူရှိတယ်၊ အဲဒါကို ဆိုလိုတယ်၊ အဲဒီတော့ သဒ္ဓါ သတိ သမာဓိ ဆန္ဒ ဝီရိယတို့နဲ့ ယှဉ်တွဲပြီးလာတဲ့ **ဝိဇ္ဇာ** ဆိုတဲ့ အသိဉာဏ်ဟာ **အဝိဇ္ဇာ** ဆိုတဲ့ခေါင်းကို ဖယ်ရှားပစ်နိုင်တယ်တဲ့၊ ဒီလိုပြောတာ။

မြွေတစ်ကောင်ဟာ အမြီးကဘယ်လောက်ပဲလူကိုရစ်ပတ်ရစ်ပတ် အသက်အန္တရာယ် မပေးနိုင်ဘူး၊ မြွေမှာ ကြောက်စရာကောင်းတာ ခေါင်းပဲ၊ ဘာဖြစ်လို့ ကြောက်စရာကောင်းတုန်းဆိုခေါင်းကအစွယ်မှာ အဆိပ်ရှိတာကိုး၊ ဒါကြောင့်မို့ မြွေမှာ ခေါင်းမရှိတော့ဘူးဆိုရင် ဘာမှ အန္တရာယ်မပြုတော့ဘူး။

သံသရာမှာလည်းပဲ ကြောက်စရာကောင်းတဲ့ အကုသိုလ်က ဘာတုန်းဆိုရင် **အဝိဇ္ဇာ**၊ မသိဘူးဆိုရင် မှားမှားယွင်းယွင်းတွေလုပ်တော့မှာကိုး၊ ကျန်တဲ့ အကုသိုလ်တွေကို ဖိတ်ခေါ်ထားသလို

https://dhammadownload.com



ဖြစ်တယ်၊ မြွေခေါင်းရှိနေသေးသမျှ အန္တရာယ်ရှိတယ်၊ သေသွားတဲ့ မြွေကောင်မှာပဲ မတော်တဆ အဲဒီအစွယ်နဲ့ ထိုးမိလို့ရှိရင် အဆိပ်တက်တတ်သေးတာကိုး၊ ဒါကြောင့်မို့လို့ ခေါင်းဟာ အန္တရာယ်ရှိတဲ့အရာတစ်ခုဖြစ်တယ်ပေ့ါ၊ တရားတွေထဲမှာ အဝိဇ္ဇာဆိုတဲ့ ခေါင်းဟာလည်းပဲ အန္တရာယ်ရှိတယ်၊ သူရှိရင် ကျန်တဲ့ ဒုက္ခတွေ အကုန်ဆက်တိုက်လိုက်လာမှာပဲ၊ မြွေရဲ့ခေါင်းလိုပဲတဲ့၊ မြွေမှာ ခေါင်းဖြတ်လိုက်ပြီ ဆိုလို့ရှိရင် မြွေရဲ့ခန္ဓာကိုယ်ဟာ အန္တရာယ်ကင်းသွားပြီ၊ ဘာမှမဖြစ်နိုင်တော့ဘူး၊ အဲဒါလိုပဲ အဝိဇ္ဇာဆိုတဲ့ခေါင်းကို ဖယ်ရှားလိုက်နိုင်တယ်, ဝိဇ္ဇာဆိုတဲ့အသိဉာဏ်ကို ရရှိလိုက်တာနဲ့ တစ်ပြိုင်နက် အန္တရာယ်တွေ ကင်းသွားမှာပဲ၊ ဒီအဓိပ္ပါယ်နဲ့ မြတ်စွာဘုရားက ဖြေလိုက်တာပေ့ါ။ အဲဒီတော့ စိတ်နဲ့မေးလိုက်တာ ၇-ပုဒ်၊ မေးခွန်း ၇-မျိုးကို မြတ်စွာဘုရားက တစ်ခါတည်း နှုတ်နဲ့တန်းပြီး ဖြေလိုက်တယ်။

အဇိတအမျိုးရှိတဲ့ ပညာတတ်ပုဏ္ဏားတွေဟာ တအံ့တသြ ဖြစ်ပြီး "ဟုတ်ပြီ ဒါ တကယ့်ဘုရားအစစ်ပဲ" လက်ခံကြတယ်၊ သူတို့က သာမန်နဲ့ လက်မခံဘူးနော်၊ သေသေချာချာ စစ်ဆေးလေ့လာပြီးတော့မှ လက်ခံကြတာ၊ အဲဒီလိုလက်ခံလို့ ကျေနပ်တဲ့ အခါကျတော့မှ ဘာပြောတုန်းဆိုတော့"အရှင်ဘုရား"တဲ့ "တပည့် ပရိသတ်နှင့်တကွ ဗာဝရီပုဏ္ဏားကြီးဟာ တက်ကြွသောစိတ်နှင့် ဝမ်းမြောက်ဝမ်းသာ အရှင်ဘုရားရဲ့ခြေတော်အစုံကို ရှိခိုးဦးတိုက်ပါတယ်ဘုရား" လို့ မြတ်စွာဘုရားကို လျှောက်ကြတယ်။

https://dhammadownload.com



ရှိခိုးတဲ့အကြောင်း အဲဒီကျတော့မှလျှောက်တယ်၊ နဂိုတုန်းက သူတို့ရှိခိုးကြောင်း မလျှောက်ဘူး၊ သူတို့စိတ်ထဲမှာ ကျေနပ်သွားတဲ့အခါ "တပည့်ပရိသတ်အပေါင်းနှင့်တကွ ဗာဝရီပုဏ္ဏားကြီးဟာ စိတ်အားတွေတက်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ အရှင်ဘုရားရဲ့ ခြေတော်အစုံကို ရှိခိုးဦးချပါတယ်ဘုရား" လို့ လျှောက်ကြတယ်၊ ဒီလိုလျှောက်လိုက်တဲ့အခါ မြတ်စွာဘုရားက ဆုပေးတယ်။

## ဆုပေး ဆုယူ

အခု ဒကာ ဒကာမတွေက ဩကာသနဲ့ ကန်တော့တယ်ဆိုရင် ဘုန်းကြီးက ငုတ်တုတ်ထိုင်နေရတာမဟုတ်ဘူး၊ ဆုပေးရတယ်၊ ဆုပေးဆုယူ ဆိုတာကို တချို့ကလည်း အပြစ်ဆိုကြတယ်၊ ဆုပေးလို့ရောရလား၊ ဆုတောင်းလို့ရောရလားနဲ့ ပြောတတ်ကြတယ်ပေါ့၊ ဒါ တုံ့ပြန်ချက်ကလေးတွေကို ပြောတာ၊ တုံ့ပြန်ခြင်းမပြုဘဲနဲ့ ငူငူကြီးထိုင်နေလို့ သင့်တော်ပါ့မလား၊ မသင့်တော်ဘူး။

အဲဒီတော့ မြတ်စွာဘုရား ဆုပေးတာ ကြည့်- ဘုရားကလည်း ဆုပေးတယ်၊ တချို့နေရာမှာ **"အတိက္ကန္တဝရာ တထာဂတာ"** "တို့ဟာ ဆုပေးတာ မလုပ်တော့ဘူး" ဆိုတဲ့စကားရှိတယ်၊ အဲဒါက ဘာပြောတာလဲလို့ဆိုရင် ဆုတော်လာဘ်တော်ချတဲ့အလုပ်ကိုပြောတာ၊ အခုလို မေတ္တာတုံ့ပြန်တာကို ပြောတာမဟုတ်ဘူး၊ အဲဒါတွေကိုရောထွေးပြီး တချို့က ဘုရားက ဆုမပေး

https://dhammadownload.com



ဘူးတို့ ဘာတို့ လျှောက်ပြောတာမျိုးရှိတယ်၊ ရေးတဲ့စာအုပ်တွေလည်း ရှိတယ်ပေါ့။

ကြည့်- မြတ်စွာဘုရားက အဇိတ ခေါင်းဆောင်လာတဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်တွေက အရှင်ဘုရားကို ကန်တော့ပါတယ်တဲ့၊ အဲဒီတော့ မြတ်စွာဘုရားက ဘယ်လို ဆုပေးသလဲဆို **"သုခိတော ဗာဝရီ ဟောတု"** "ဗာဝရီပုဏ္ဏားကြီး ချမ်းသာပါစေ"၊ ဒါ မြတ်စွာဘုရားရဲ့တုံ့ပြန်မှုပဲ၊ **"သုခိတော ဗာဝရီ ဟောတု သဟ သိဿေဟိ ဗြာဟ္မဏော"** "တပည့်တွေနှင့်အတူတကွ ဗာဝရီပုဏ္ဏားကြီး ချမ်းသာသုခ ရပါစေ" တဲ့၊ ခေါင်းဆောင်လာတဲ့အဇိတကို ဆက်ပြီး ဆုပေးတယ်၊ **"တွဉ္စာပိ သုခိတော ဟောဟိ၊ စိရံ ဇီဝါဟိ မာဏဝ"** တဲ့ "မင်းလည်းပဲ ချမ်းသာသုခရပါစေ၊ အသက်ရှည်ပါစေ" တဲ့၊ ဒါ ဆန္ဒပြုတာပဲလေ၊ မြတ်စွာဘုရားက ဆုပေးလိုက်တာ။

ဆုပေးတယ်ဆိုတဲ့နေရာတွေ အများကြီးရှိတယ်၊ ရှင်သီဝလိ မယ်တော် ကြည့်လေ၊ ရှင်သီဝလိ မယ်တော်မှာ ၇-နှစ် ၇-လ ကိုယ်ဝန်လွယ်ရတယ်၊ ၇-ရက် ဗိုက်နာတယ်၊ မီးမဖွားနိုင်ဘူး၊ ဆင်းရဲဒုက္ခတွေ ရောက်နေတဲ့အတွက် ရှင်သီဝလိရဲ့ခမည်းတော်ကို လွှတ်လိုက်ပြီး မြတ်စွာဘုရား သွားလျှောက်တယ်၊ အဲဒီမှာ ရှင်သီဝလိရဲ့ခမည်းတော်က လျှောက်တယ်၊ "အရှင်ဘုရား"တဲ့ "သုပ္ပဝါသာဟာ ဒုက္ခတွေ ရောက်နေပါတယ်၊ အရှင်ဘုရားကို ကန်တော့လိုက်ပါတယ်" တဲ့၊ အဲဒီမှာ မြတ်စွာဘုရားက ဆုပေးလိုက်တာ၊ "အေး- ကျန်းကျန်းမာမာနဲ့ ကျန်းမာတဲ့သားကို မွေးဖွား

https://dhammadownload.com



ပါစေ”၊ မြတ်စွာဘုရားက အဲဒီလို မိန့်ကြားလိုက်တဲ့စကားအဆုံး မှာပဲ ဟိုမှာ မွေးဖွားပြီးသားဖြစ်သွားတယ်၊ **သုပ္ပဝါသာ** သူ့တွန်မှာ အဲဒီအတိုင်းပဲရှိတယ်၊ မြတ်စွာဘုရားရဲ့မေတ္တာစေတနာ အစွမ်း တန်ခိုးပေါ့။

ရှိခိုးတယ်ဆိုတဲ့ ပါဠိစကားလုံးတွေထဲမှာ **နမော** ဆိုတာ ကိုယ်ကိုကိုင်းညွတ်ပြီးတော့ ရှိခိုးတာမျိုးကိုခေါ်တာ၊ **အဘိဝါဒန** ဆိုတာကျတော့ “ရှိခိုးတယ်” လို့ ဘာသာပြန်ပေမယ့်လို့ သူ့ စကားလုံးအတိုင်း ပြောမယ်ဆိုရင် “မင်္ဂလာစကားကို ဆိုစေ တယ်” လို့ ဘာသာပြန်ကြတယ်၊ “ချမ်းသာပါစေ” ဆိုတာ ဒါ မင်္ဂလာရှိတဲ့ စကားကို ပြောခိုင်းလိုက်တဲ့အဓိပ္ပါယ် ရောက်တယ် ပေါ့၊ ရှိခိုးတာဟာ မင်္ဂလာစကားကို ဆိုစေတာပဲ၊ “အသက် ရှည်ပါစေ ကျန်းမာပါစေ” ဆိုတာ ဒါ မင်္ဂလာစကားပဲ၊ အဲဒီ မင်္ဂလာစကားကို ရှိခိုးခံရတဲ့ပုဂ္ဂိုလ်ကို ရှိခိုးတဲ့ပုဂ္ဂိုလ်က ပြောခိုင်း တာနဲ့ အတူတူပဲတဲ့နော်။

ကြည့် မြတ်စွာဘုရားက အမိန့်ရှိပြီ- **“သုခိတော ဗာဝရီ ဟောတု သဟ သိဿေဟိ ဗြာဟ္မဏော”** တပည့်တွေနှင့်အတူ တကွ ဗာဝရီပုဏ္ဏားကြီး ချမ်းသာပါစေ၊ **“တွဉ္စာပိ သုခိတော ဟောဟိ၊ စိရံ ဇီဝါဟိ မာဏဝ”**၊ စာပေသင်ယူနေတဲ့ တပည့် တွေအားလုံးကို မာဏဝလို့ ခေါ်တယ်၊ မြတ်စွာဘုရားက လူငယ် လူရွယ်တွေ အခုခေတ်လိုဆိုရင် boy လို့ ခေါ်တဲ့ သဘောပေါ့ နော်၊ မင်းလည်း ချမ်းသာပါစေလို့ ဒီလို ဆုပေးလိုက်တယ်။

https://dhammadownload.com



ဆုပေးပြီးတော့ သူတို့ကို မေးခွန်းတွေ မေးဖို့ရာအတွက် မြတ်စွာဘုရားက ခွင့်ပေးလိုက်တယ်၊

**"ဗာဝရိဿ စ တုယှံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ"** ဗာဝရီ ပုဏ္ဏားကြီး သိချင်တဲ့အချက် မင်းတို့သိချင်တဲ့အချက် အဲဒါတွေ အားလုံးကို မေးနိုင်တယ်၊ **"ကတာဝကာသာ ပုစ္ဆဝ္ဟော၊ ယံ ကိဉ္စိ မနသိစ္ဆထ"**၊ စိတ်ထဲမှာ မေးချင်တာရှိလို့ရှိရင် ငါခွင့်ပြုတယ်၊ မေးပါ။

အဲဒီလို မေးချင်တာ မေးလို့ပြောတာဟာ မြတ်စွာဘုရားပဲ ပြောနိုင်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ မပြောရဲဘူး၊ ရှင်သာရိပုတ္တရာ လည်း မပြောရဲဘူး၊ ဒါ ခြွင်းချက်မရှိ challenge လုပ်တာ၊ မင်းတို့ သိချင်တာရှိရင်မေး၊ ခုခေတ်ဆိုရင်တော့ ပြောချင်ပြောကြမှာ ပေါ့လေ၊ အဲဒီပါဠိစာပေမှာ စကားအသုံး ၂-မျိုး ရှိတယ်၊ မြတ်စွာ ဘုရားက **"ပုစ္ဆ ယဒါ ကင်္ခသိ"** ကြိုက်တာမေး၊ ဒီလို ဖိတ်ခေါ် နိုင်တာဟာ ဘုရားပဲ ဖိတ်ခေါ်နိုင်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ မဖိတ်ခေါ်နိုင်ဘူးတဲ့၊ ဒါ သဗ္ဗညုဘုရားတွေမှသာ ခြွင်းချက်မရှိ မင်းတို့ ကြိုက်တာမေးလို့ ပြောနိုင်တာတဲ့။

ရှင်သာရိပုတ္တရာတောင် အဲဒီလို မပြောဘူး၊ ရှင်သာရိ- ပုတ္တရာက ဘယ်လိုပြောတုန်း **"ပုစ္ဆ"** မေးပါ၊ **"သုတွာ"** မေးတာ ကြားရပြီးတဲ့အခါမှာ **"ဇာနိဿာမိ"** ဖြေနိုင် မဖြေနိုင် စဉ်းစား ပါ့မယ်ပေါ့၊ ဒီလိုဆိုလိုတယ်၊ မေးချင်တာမေးလို့ မပြောရဲဘူး၊ စာပေကျမ်းဂန်တွေမှာ အဲဒီလို ရှင်းလင်းဖော်ပြထားတယ်၊ မတူ ဘူးပေါ့၊ မြတ်စွာဘုရားရဲ့ဖိတ်ခေါ်ချက်ဟာ ဒီအတိုင်းပဲ။

https://dhammadownload.com



အခုလည်းပဲ ဗာဝရီပုဏ္ဏားကြီးနဲ့ သူ့ရဲ့တပည့်တွေကို မြတ်စွာဘုရားက ဖိတ်ခေါ်လိုက်တယ်၊ "ဗာဝရီပုဏ္ဏားကြီးရဲ့ သံသယတွေ မင်းတို့တတွေရဲ့သံသယတွေ ကင်းရှင်းဖို့ရာအတွက် မင်းတို့စိတ်ထဲက မေးချင်တဲ့မေးခွန်းတွေရှိရင် ငါ ခွင့်ပြုတယ်၊ မေးကြပါ။" အဲဒီလို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ခွင့်ပေးလိုက်တယ်၊ အဇိတဆိုတဲ့ ခေါင်းဆောင် တပည့်ကြီးက စပြီး မေးခွန်းတွေ မေးကြတယ်၊ မေးခွန်းနဲ့အဖြေ ဂါထာပေါင်း ၉၀-ကျော် ရှိတယ်၊ အဲဒါတွေကို နောက်ရက်တွေကျတော့ ဆက်ပြီး ရှင်းလင်းဟောကြားပေးမယ်။

တရားချစ်ခင် သူတော်စင် ပရိသတ်တို့၊ ပါရာယနသုတ် အခြေခံ Background ဖြစ်ပေါ်လာပုံ အကြောင်းခြင်းရာများ၊ စိတ်နဲ့မေးတဲ့ မေးခွန်း ၇-မျိုးကို မြတ်စွာဘုရားက နှုတ်မြွက် ဖြေဆိုတယ်ဆိုတဲ့ အကြောင်းမျှကိုသာ နာယူမှတ်သားပြီး ဗုဒ္ဓ မြတ်စွာရဲ့ ကြီးမားတဲ့ပညာကို ရည်မျှော်ကာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ တရားဓမ္မများကို လေးစားလိုက်နာနိုင်ကြ ပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၂)

### (အဇိတ၏အမေးကို ဖြေဆိုခြင်း)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၃-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၉-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသိရိဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

**“ပါရာယန”** နိဗ္ဗာန်လမ်းပြ ဒေသနာတော်ထဲမှာ ဗာဝရီပုဏ္ဏားကြီးက ဂေါတမရဟန်း ဘုရား ဟုတ်မဟုတ် မေးမြန်းစုံစမ်းဖို့ တပည့်ကြီး ၁၆-ယောက်ကို ခေါင်းဆောင်စေပြီး အိန္ဒိယတောင်ပိုင်းကနေပြီးတော့ မြောက်ပိုင်းမှာ သီတင်းသုံးနေတဲ့

https://dhammadownload.com



မြတ်စွာဘုရားရှိရာကို စေလွှတ်ခဲ့တယ်၊ မဂဓတိုင်း ရာဇဂြိုဟ်မြို့ အနီးမှာရှိတဲ့ ပါသာဏက စေတိယ လို့ခေါ်တဲ့ ပါသာဏက နတ်ကွန်းကျောင်းမှာ မြတ်စွာဘုရားကို သွားရောက်ဆုံတွေ့ကြ တယ်၊ နတ်ကွန်းကျောင်းလို့ဆိုတဲ့ နေရာမှာ ကျောက်တုံးကြီးမှာ နတ်ကွန်းလုပ်ထားပြီး ပတ်ဝန်းကျင်က ကျယ်ကျယ်ပြန့်ပြန့် ရှိပုံရ တယ်၊ ရောက်လာတဲ့ တရားနာပရိသတ်ဟာ အလွယ်တကူ အဲဒီ နေရာမှာ စုဝေးထိုင်နိုင်တဲ့ open place ၊ ကွင်းပြင်ကြီးတစ်ခုပဲ။

အဲဒီကွင်းပြင်ကြီးမှာ ဗာဝရီပုဏ္ဏားကြီးက လွှတ်လိုက်တဲ့ တပည့်တွေ ခေါင်းဆောင်က ၁၆-ဦး၊ တစ်ဦးတစ်ဦးမှာ တစ်ထောင်စီ တစ်ထောင်စီ နောက်လိုက်အခြံအရံတွေပါတယ် ဆိုတော့ သူတို့ပရိသတ်တင်ပဲ တစ်သောင်းခြောက်ထောင် လောက်ရှိတယ်ပေါ့၊ အဇိတဦးဆောင်တဲ့ ဗြာဟ္မဏတွေ မြတ်စွာ ဘုရားဆီ လာကြတယ်ဆိုတဲ့ သတင်းကြောင့် စိတ်ပါဝင်စားတဲ့ ပုဂ္ဂိုလ်တွေကလည်း သူတို့နဲ့အတူတကွ လိုက်ပါလာကြတယ်၊ ပရိသတ်ဟာ သိန်းချီရှိနိုင်တယ်လို့ ခန့်မှန်းကြည့်ရပါတယ်။

အဲဒီမှာ ဆရာကြီးက အကြံပြုလိုက်တဲ့အတိုင်း မြတ်စွာ ဘုရားရဲ့ ခန္ဓာကိုယ်မှာ ပုရိသလက္ခဏာတွေကို သူတို့ကျမ်းဂန်နဲ့ တိုက်ဆိုင်ပြီး စစ်ဆေးကြည့်ကြတယ်၊ မဟာပုရိသလက္ခဏာတွေ အားလုံး တွေ့မြင်ကြတယ်၊ တွေ့မြင်ရုံတင် မကဘူး၊ မေးခွန်း ၇-ပုဒ်ကို စိတ်နဲ့မေးတယ်၊ စိတ်နဲ့မေးတာကို မြတ်စွာဘုရားက သူတို့စိတ်ထဲက ကြံစည်လိုက်တာနဲ့ နှုတ်ကနေ အဖြေထုတ်ပေး

https://dhammadownload.com



တယ်၊ မေးခွန်းမရှိဘဲနဲ့ အဖြေကိုပြောတယ်၊ မေးသူက စိတ်ထဲက မေးတာ၊ မြတ်စွာဘုရားက နှုတ်ကနေဖြေတာ၊ အဲဒါကြောင့် မေးသူမထင်ရှားဘဲနဲ့ ဖြေကြားတဲ့ မေးခွန်း ၇-ပုဒ်ကို မနေ့က ရှင်းလင်းဖြေဆိုပြီးခဲ့ပြီ။

မြတ်စွာဘုရားက ခွင့်ပြုတယ်၊ ဗာဝရီပုဏ္ဏားကြီးရဲ့သံသယ မင်းတို့ရဲ့ရင်တွင်းမှာ မရှင်းတဲ့သံသယ၊ အဲဒါနဲ့ ပတ်သက်ပြီး မေးချင်တာမှန်သမျှမေးပါ။ မြတ်စွာဘုရားရဲ့ ဖိတ်ခေါ် ချက်အရ ခေါင်းဆောင်ပြီးတော့လာတဲ့ အဇိတဆိုတဲ့ပုဂ္ဂိုလ်က စပြီးမေး တယ်။

သူတို့ရဲ့အသွင်သဏ္ဌာန်တွေက လူ့ဘောင် လူ့လောကကို ခွာရှောင်ပြီးတော့ ရသေ့သူတော်စင်ဘဝမှာ နေကြတာဖြစ်လို့ ရသေ့လို့ ပြောလို့ရတယ်ပေါ့၊ အဲဒီခေတ်ကတော့ **“ဏှသိ”** ဆိုတဲ့ နာမည်ကိုယူပြီး အိမ်ထောင်မပြုဘူး၊ အိမ်ထောင်မပြုဘဲနဲ့ တရား ဓမ္မကို တောထဲမှာနေရင်းရှာဖွေကြတယ်။

**ဇဋိလ** ဆိုတဲ့ စကားလုံးကို ကြည့်မယ်ဆိုလို့ရှိရင် သူတို့ ခေါင်းဟာ ဆံပင်က ဖီးခြင်းပြုခြင်းမရှိတော့ ဆံပင်တွေဟာ ရှုပ်ထွေးပြီး ဆံကျစ်ဖြစ်နေတယ်၊ ဖီးခြင်း ဆီလိမ်းခြင်းမရှိလို့ ရှုပ်ထွေးပြီး ဖြေရှင်းလို့မရတဲ့ ဆံပင်ဘုတ်သိုက်နဲ့၊ အဲဒါတင်မက ဘူး၊ မုတ်ဆိတ်မွေးကလည်းထူလပျစ်။

အိန္ဒိယနိုင်ငံ ရောက်ဖူးတဲ့ပုဂ္ဂိုလ်တွေ တွေ့ဖူးပါတယ်၊ မုတ်ဆိတ်မွေးနဲ့ ဆံကျစ်ထုံးထားတာ။ အဲဒါကိုက သူတို့ခေတ်မှာ

https://dhammadownload.com



ဂုဏ်တစ်ခုလို့ခေါ်တယ်၊ သူတို့က သွားမတိုက်ဘဲနဲ့နေလို့ သွားချေးထူနေတာကိုက သူတို့ခေတ်မှာ ဂုဏ်တစ်ခုပဲ၊ **"ပင်္ကဒန္တ"** လို့ ခေါ်တယ်။

ရသေ့တွေရဲ့ အကျင့်တွေက အမျိုးစုံရှိတယ်၊ အင်မတန်မှ ပင်ပင်ပန်းပန်းကျင့်တဲ့ရသေ့တွေရှိသေးတယ်၊ သူတို့မှာ လက်နက်တွေ ဘာတွေကိုမဆောင်ဘူး၊ သစ်ခေါက်ကို သွားနဲ့ခွာပြီးစားတဲ့ ရသေ့မျိုးက ရှိသေးတယ်။

**ဣသိ** ဆိုတာ 'တရားမွေကို ရှာဖွေသူ'လို့ အဓိပ္ပါယ်ရတယ်၊ တစ်ခါတစ်ရံ မြတ်စွာဘုရားကိုလည်းပဲ **ဣသိ** လို့ ခေါ်တယ်၊ ဒီ **ဣသိ** ဆိုတဲ့ စကားလုံးက တရားမွေကို ရှာဖွေလိုက်စားတဲ့ ပုဂ္ဂိုလ်တွေကို ရည်ညွှန်းတာ၊ မြန်မာလိုကျတော့ ရသေ့လို့ဆိုလို့ ရှိရင်တော့ အဲဒါ ဘုရားကို ရသေ့လို့ ခေါ်လို့မရပြန်ဘူး၊ (မြန်မာစကားက) ပါဠိစကား **ဣသိ** ဆိုတာကျတော့ မြတ်စွာဘုရားလည်း အပါအဝင်ပဲ။

အနာထပိဏ်သူဌေးကြီးက ရောဂါဝေဒနာနဲ့ နောက်ဆုံးဘဝအဆုံးသတ်သွားပြီး တုသိတာနတ်ပြည် သွားဖြစ်တဲ့အခါမှာ သူပြောတဲ့စကားလေးရှိတယ်၊ **"ဣဒံ ဟိ တံ ဇေတဝနံ ဣသိသံဃနိသေဝိတံ"** ရဟန်း သံဃာတွေကို **ဣသိသံဃ** လို့ ခေါ်တယ်၊ တရားမွေကို ရှာဖွေလို့ **ဣသိ** ဆိုတဲ့ စကားလုံးကို သုံးတယ်၊ ဒီတော့ **ဣသိ** ဆိုတဲ့စကားလုံးတို့ **မုနိ** ဆိုတဲ့ စကားလုံးတို့ ဒါတွေက သူတော်စင်တွေကို ရည်ညွှန်းပြီးခေါ်တဲ့ အခေါ် အဝေါ်တွေလို့ပဲ မှတ်ရမှာပေါ့။

https://dhammadownload.com



အခုလည်းပဲ အဇိတတို့အုပ်စုက လူ့လောကက ခွာရှောင်ပြီးတော့ တရားဓမ္မရှာဖွေ သမထကျင့်စဉ်ကို ကျင့်ကြတယ်။ သူတို့ရဲ့ပန်းတိုင်ကတော့ ဗြဟ္မာဖြစ်ဖို့ပဲ၊ ဗြဟ္မာတွေရဲ့သက်တမ်းက ရှည်တော့ အဲဒီဗြဟ္မာဘဝဟာ နိစ္စ ထာဝရ မအို မနာ မသေရတဲ့နေရာလို့ ဒီလိုယူဆပြီး ဗြဟ္မာဘုံကို ပန်းတိုင်ထားပြီးတော့ ကျင့်တယ်၊ ဟုတ်တော့ ဟုတ်တယ်၊ လူ့အသက်နဲ့ စာလိုက်မယ်ဆိုရင် ဗြဟ္မာတွေက အင်မတန်မှ အသက်ရှည်တာကိုး၊ ဗြဟ္မာတွေက ကမ္ဘာနဲ့ချီပြီးတော့ အသက်ရှည်တယ်၊ ကမ္ဘာချီပြီးရှည်တယ်ဆိုတော့ သေတယ်လို့တောင် မထင်ရတဲ့ဘုံဘဝမျိုး၊ အဲဒီဘဝမျိုးကို သူတို့ကျမ်းဂန် အဆက်ဆက်မှာ ရေးသားထားတာဆိုတော့ အဲဒီဘဝမျိုးကို သူတို့က ဦးတည်ပြီး ကျင့်ကြတယ်။

အဿမလို့ခေါ်တဲ့ သင်္ခမ်းကျောင်းမှာ ရသမျှ သစ်သီးသစ်ဖု ရှာကြံစားသုံးပြီးနေထိုင်ကြတဲ့ ဒီရသေ့သူတော်စင်တွေဟာ အင်မတန်မှ ခြိုးခြိုးခြံခြံ ကျင့်ကြံကြိုးကုတ် အားထုတ်ကြတယ်၊ တကယ့် သူတော်ကောင်းရသေ့တွေရှိတယ်၊ သူတော်မကောင်းတဲ့ ရသေ့တွေလည်း ရှိတယ်၊ ဘုရားအလောင်း ရသေ့တွေဟာ တကယ့်ကို လူ့ဘောင် လူ့လောကက ခွာရှောင်ပြီးတော့ ကျင့်ဆောင်လာခဲ့ကြတာဖြစ်တယ်။

အဲဒီလို ခေါင်းဆောင်ရသေ့ ၁၆ ဦးနဲ့ နောက်လိုက်နောက်ပါ တစ်သောင်းခြောက်ထောင်၊ အားလုံး (၁၆၀၁၆)ဦး၊ သူတို့နဲ့လိုက်ပါလာကြတဲ့ လူထုပရိသတ်ကြီး မြတ်စွာဘုရားထံမှာ အားလုံးရောက်ရှိစုဝေးနေတဲ့အချိန် မြတ်စွာဘုရားက ခွင့်ပြု

https://dhammadownload.com



လိုက်တယ်။ ဗာဝရီပုဏ္ဏားကြီး သံသယရှိတာ၊ မင်းတို့တတွေ သံသယရှိတာအားလုံး သံသယကိုကင်းပျောက်ဖို့ မေးချင်တာတွေမေးကြ၊ ငါ ခွင့်ပြုတယ်လို့ဆိုတော့ ပထမဆုံး မြတ်စွာဘုရားကို သူ့ရင်ထဲက သံသယတွေမရှင်းလို့ မေးတဲ့ပုဂ္ဂိုလ်ကတော့ အဇိတပဲ ဖြစ်တယ်ပေါ့။

အဇိတဆိုတဲ့အဓိပ္ပါယ်က ဘယ်သူကမှ သူ့အနိုင်မရဘူးလို့ ဒါ သူတို့ဆီမှာ မှည့်လေ့မှည့်ထရှိတဲ့ နာမည်တစ်မျိုးလို့ပဲ၊ ဒီလိုမှတ်ရမယ်၊ အဇိတ ဘယ်သူကမှ အနိုင်မယူနိုင်သူ၊ ဒါတော့ နာမည်ပဲပေါ့လေ၊ သူက မြတ်စွာဘုရားကို မေးခွန်းပေါင်း ရှစ်ခု မေးတယ်၊ တကယ့်ကို သူတို့လည်း တရားကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ အဆင့်အတန်းမြင့်တဲ့ မေးခွန်းတွေမေးတာ၊ သာမန်မေးခွန်းတွေ မဟုတ်ဘူး၊ အဆင့်အတန်းမြင့်တယ်၊ လောကကြီးတစ်ခုလုံးကို ခြုံငုံပြီးကြည့်တဲ့ မေးခွန်းတွေ။

သံသရာဝဋ်က လွတ်မြောက်ဖို့ ဘယ်လိုလုပ်မလဲ၊ သူတို့တတွေဟာ သံသရာဝဋ်က လွတ်ချင်ကြတယ်၊ ဆင်းရဲဒုက္ခအကြောင်းကို သိသင့်သလောက်သိကြတယ်၊ လူ့လောကကြီးကခွာရှောင်ပြီးတော့ ရသေ့ဘောင်ကို ရောက်နေတဲ့အချိန် တရားဓမ္မတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြတာ။ သတ္တဝါတွေသံသရာဆင်းရဲကနေပြီး ဘယ်နည်းနဲ့ လုံးဝလွတ်မြောက်နိုင်တဲ့အနေအထား ရှိသလဲ၊ ဒါကို ရှာတာပေါ့။

မြတ်စွာဘုရား လက်ထက်တုန်းက စဉ်းစားကြည့်ပေါ့ - ဘာသာရေးနဲ့ပတ်သက်ပြီး တိုးတက်လာတဲ့ခေတ်မှာ ဘာတွေကို

https://dhammadownload.com



ရှာတာတုန်းဆိုတာ "အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒီအဖြစ်ဆိုးတွေက လွတ်မြောက်တဲ့တရား" ကို ရှာကြတာ၊ သူတို့ခေတ်မှာ အဓိကရှာတာ အဲဒါပဲ။

ဒီကနေ့ခေတ်မှာရှာတာ ဘာတွေ ရှာတာတုန်းဆိုရင် ရုပ်ဝတ္ထုတွေပဲ ရှာနေတာလေ၊ ဒီကနေ့ခေတ်မှာနော်၊ ကားမရှိတဲ့သူက ကားရှာတယ်၊ ကားတောင်မှ ရှိပြီးရင်လည်း modern မြင့်မြင့် ကားရှာ၊ ကားကလည်း မပြီးနိုင်ဘူးလေ၊ နောက်ကားတစ်စီး အသစ်ဝင်လာရင် အဟောင်းထုတ်ပစ်၊ အသစ်ဝယ်ဦးမှာပဲ၊ ဘာတွေရှာတုန်းဆိုတော့ ဒီကနေ့ခေတ်က ရုပ်ဝတ္ထုတွေပဲ ရှာနေကြတာ၊ ရုပ်ဝတ္ထုတွေကိုပဲ အပြိုင်အဆိုင် ရှာဖွေနေကြတာ၊ အဝတ်အစားဆိုလည်းပဲ အမျိုးစုံ၊ ဒီ design ဟောင်းသွားရင် နောက် design နဲ့နော်၊ Design အမျိုးမျိုးထွင် Fashion အမျိုးမျိုးနဲ့ ရှာတာတွေက ဘာတွေရှာနေကြတုန်းလို့ မေးလို့ရှိရင် ရုပ်ဝတ္ထုတွေချည်းပဲ ရှာနေကြတယ်။

အဲဒီရုပ်ဝတ္ထုတွေရှာနေတာဟာ စိတ်ဓာတ်ရေးရာဘက်မှာ အကျိုးဖြစ်သလားဆိုရင် အကျိုးမဖြစ်တဲ့အပြင် ဘာတွေဖြစ်တုန်းဆို လောဘတွေက ကြီးသည်ထက်ကြီးလာတယ်၊ ဒီကနေ့ အနေအထား လောဘကြီးလာတဲ့နောက်မှာ ဘာလိုက်လာလဲဆိုရင် ဒေါသဆိုတာ လိုက်လာတယ်၊ လောဘတွေ ဒေါသတွေဟာ ကြီးထွားလာတဲ့အခါ လူတွေရဲ့သန္တာန်မှာ ဘာဖြစ်လာတုန်းဆိုရင် stress တွေမြင့်လာတယ်ပေါ့၊ စိတ်ဖိစီးမှုတွေပေါ့၊ ဘာဖြစ်လို့တုန်းဆိုတော့ လူဆိုတာ အမြဲတမ်း ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်တတ်

https://dhammadownload.com



တယ်၊ ကြည့်လေ့ရှိတယ်ပေါ့၊ အိမ်နီးနားချင်းက ကားရှိတယ်၊ ကိုယ်က ကားမရှိဘူးဆိုလို့ရှိရင် အဲဒီလူက ရှိချင်တယ်၊ အိမ်နားနီးချင်းနဲ့ တူအောင် လုပ်ချင်လာတယ်၊ သူ့အဆင့်ကိုမှီအောင် လုပ်တယ်။

လူတွေမှာ တစ်ဦးနဲ့တစ်ဦး အဆင့်အတန်းချင်း မတူတဲ့ လူတွေ အတူတူ နီးနီးကပ်ကပ်နေလာပြီ ဆိုလို့ရှိရင် သူ့ရှိရင် ငါလည်းရှိရမယ်ဆိုတဲ့ အတွေးမျိုးက ရှိတယ်ပေါ့၊ သူ ဘယ်လို နည်းနဲ့ စီးပွားဖြစ်ပြီး ဒီကားစီးနိုင်သလဲ၊ ဒီအိမ်နဲ့နေနိုင်သလဲ၊ ငါရော ဘယ်လိုလုပ်ရမလဲ၊ တစ်ဖက်ကကြည့်မယ်ဆိုရင် ဒါ ကြီးပွားလိုတဲ့စိတ်လို့ ပြောလို့တော့ရတာပေါ့၊ သို့သော် ဒါတွေဟာ emotion တွေ ဖြစ်လာတယ်ပေါ့၊ စိတ်ဓာတ်ရေးရာကျတော့ သူက တကယ့်ကို လေလှိုင်းတွေထန်လာသလို ရင်ထဲမှာ မုန်တိုင်း လိုဟာမျိုးတွေ ဖြစ်လာတာပေါ့၊ ဒါက လူ့စိတ်ကို လှုပ်ရှားစေ တယ်၊ လှုပ်ရှားတဲ့အတွက်ကြောင့် လောဘတွေက ကြီးသည် ထက် ကြီးလာတယ်၊ လောဘကြီးလာတော့ လိုဘမပြည့်ဘူး၊ မှီအောင် မလိုက်နိုင်ဘူး၊ ရတဲ့နည်းနဲ့လုပ်မယ်ဆိုတဲ့ စိတ်တွေ, ကောင်းတာ မကောင်းတာ မစဉ်းစားတော့ဘူး, မကောင်းတဲ့ နည်းနဲ့လည်း စီးပွားရှာမယ်ဆိုတဲ့စိတ်တွေ ဖြစ်လာတဲ့အခါ ရှာတိုင်းလည်း မရဘူးဆိုတဲ့အခါ ဘာလာတုန်းဆိုရင် ဒေါသ တွေ နောက်ကလိုက်လာတယ်၊ stress ဆိုတာ အဲဒါ။

ဒီကနေ့ခေတ် မြန်မာပြည်မှာ ဗုဒ္ဓတရားတော်ကို နာယူ မှတ်သားပြီး ပွားများအားထုတ်ခွင့်ရနေတဲ့ ပုဂ္ဂိုလ်တွေဟာ stress

https://dhammadownload.com



ကို reduce လုပ်နိုင်ကြတယ်၊ မြန်မာပြည်ကလူတွေက သင်္ခါရ သဘောတရားတွေ ဆင်ခြင်စဉ်းစားတတ်တယ်၊ တစ်နေ့ကျတော့ ဒါတွေက ထားခဲ့ရမှာ၊ တကယ်ကတော့ အကျိုးမရှိဘူး ဆိုတာတွေကို မြန်မာလူမျိုးတွေက ကြားဖူးနားဝနဲ့ တော်တော်လေး နှလုံးသွင်းတတ်တယ်ပေါ့။ အဲဒီလို နှလုံးသွင်းတတ်သည့် အတွက်ကြောင့် နိုင်ငံခြားတိုင်းပြည်တွေက လူတွေလို stress အလွန်ကြီး မများဘူးလို့ ယူဆလို့ရပါတယ်၊ မြတ်စွာဘုရားရဲ့ အဆုံးအမကြောင့် stress ဟာ ဒီလောက်မများဘူး၊ အပြုံးမပျက် နေနိုင်ကြတယ်၊ တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်မှုတွေက ဒီလောက်ကြီး ဆိုးဆိုးရွားရွား မရှိဘူး၊ နေနိုင်ကြတယ်၊ အဲဒီလို နေနိုင်တာဟာ ဗုဒ္ဓတရားတော်တွေရဲ့အကျိုးကျေးဇူးတွေပဲ၊ စိတ်ရဲ့ထွက်ပေါက်တွေ မြန်မာလူမျိုးတွေမှာ ရှိနေကြတယ်ပေါ့။

အဲဒီစိတ်ထွက်ပေါက်က ဘာလဲလို့ဆိုရင် "အို- တစ်နေ့ကျတော့ ဒါတွေက အကုန်ထားခဲ့ရမှာဆိုတဲ့အတွေး" ဟာလည်း စိတ်ရဲ့ထွက်ပေါက်ပဲ၊ သာမန်ကြည့်ရင် ဒီအတွေးလေးဟာ အသုံးမကျဘူးလို့ ထင်ကောင်းထင်လိမ့်မယ်၊ မဟုတ်ဘူး stress ကို ထွက်ပေါက်ပေးနိုင်တဲ့အနေအထား၊ တခြားနိုင်ငံကလူတွေ ဗုဒ္ဓရဲ့တရားတော်ကို မကြားဖူးတဲ့လူတွေက ဒီလိုအတွေးမျိုး လုံးဝမရှိဘူး၊ သူတို့မှာ ရကို ရရမယ်, ဖြစ်ကို ဖြစ်ရမယ် ဆိုတဲ့ အတွေးမျိုးပဲ ရှိတယ်၊ သူဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမှာဆိုတော့ ဒီ stress က ကြီးထွားလာတယ်။

https://dhammadownload.com



မြတ်စွာဘုရားက ဟောတယ်။ အကြောင်းတရားက ထုတ်လုပ်လိုက်တဲ့ အကျိုးတရားတွေက ဘယ်တော့မှမမြဲဘူးတဲ့၊ အကြောင်းတရားက ဖန်တီးပြီးတော့ လုပ်ထားတာ၊ ဖန်တီးပြီးတော့ လုပ်ထားတဲ့ သင်္ခတတရားတွေဟာ ဘယ်တော့မှ မြဲတာ မရှိဘူး၊ မမြဲတာတွေကို မြဲအောင်လုပ်ဖို့ဆို ဘယ်သူက တတ်နိုင်မှာတုန်း၊ **"တံ ကုတေတ္ထ လဗ္ဘာ"** ဘယ်တတ်နိုင်မှာတုန်း ဆိုတဲ့ အတွေးဟာ stress ကို လျှော့ချတဲ့ နည်းစနစ်တစ်ခုပဲပေါ့၊ အဲဒီထက် အဆင့်မြင့်အောင် ဝိပဿနာကျင့်စဉ်ကိုကျင့်ပြီး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တဲ့ အနေအထားမျိုးကို ရတယ်တဲ့။

ဟိုခေတ်က ဘာသာတရား လိုက်စားကြတဲ့ပုဂ္ဂိုလ်တွေက လောဘကိုဖယ်ရှားဖို့ လောဘကိုချိုးနှိမ်ဖို့ ဒေါသကိုချိုးနှိမ်ဖို့ ဒါတွေကို စဉ်းစားလာကြတယ်၊ စဉ်းစားလာပြီးတော့ အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲတွေ ခဏခဏ မကြုံမတွေ့ရဘဲနဲ့ ထာဝရမြဲတဲ့ မအိုရာ မနာရာ မသေရာဆိုတာ ဘယ်မှာရှိသလဲလို့ စဉ်းစားတော့ သူတို့အစဉ်အလာအရ ဗြဟ္မာကြီးတွေဆိုတာ အလွန်သက်တမ်းရှည်တယ်၊ ဗြဟ္မာ့ဘုံဆိုတာ မအိုရဘူး မနာရဘူး မသေရဘူးဆိုတဲ့ အစဉ်အလာ ယုံကြည်ချက်နဲ့ ဗြဟ္မာ့ဘုံရောက်ဖို့ သူတို့ကြိုးစားကြတာပဲ။

ဗုဒ္ဓခေတ်က ဘာသာတရားတွေ အားလုံးဟာ ဗြဟ္မာ့ပြည်ကို ဦးတည်ထားတာ များပါတယ်၊ ဘာဖြစ်လို့ များတုန်းဆိုတော့ စဉ်းစားတာကိုက တို့တတွေ ဘာကြောင့်ဖြစ်လာသလဲ ဆိုတဲ့

https://dhammadownload.com



နေရာမှာ သူတို့စဉ်းစားတာက **ဣဿရ** ဆိုတဲ့ ကမ္ဘာကြီးကို အုပ်စိုးတဲ့ အရှင်သခင်က တို့ကိုဖန်ဆင်းပေးလိုက်တာ၊ သူ ဖန်ဆင်းပေးလိုက်တဲ့အခါမှာ တို့တတွေဟာ ကောင်းတာလည်း လုပ်တယ်၊ မကောင်းတာလည်းလုပ်တယ်၊ သူက ဖန်ဆင်းပြီး ပေးလိုက်တဲ့ **"အတ္တ"** ဆိုတာရှိတယ်ပေါ့၊ ဒါလေးက ဘယ်တော့မှ မသေဘူး၊ သို့သော် သူက ကံတရားတွေကို ပြုလုပ်သည့်အတွက် ကြောင့် အနှောင်အဖွဲ့ခံရပြီး ဒီဘဝကနေ ဟိုဘဝသွား, ဟိုဘဝ ကနေ ဟိုဘဝလာ၊ သံသရာလည်နေရတယ်ပေါ့၊ နောက်ဆုံးမှာ ဖန်ဆင်းရှင်ကြီးနဲ့ ပြန်လည်ပေါင်းဆုံလိုက်ရင် ဒါ မောက်ခ်ရှ= လွတ်မြောက်ခြင်းပဲလို့ သူတို့က ဒီလိုယုံကြည်ယူဆကြတယ်။

ဗြဟ္မာ့ပြည်က ဗြဟ္မာကြီးတွေကလည်း ဒီလိုပဲ ယူဆတာပဲ၊ တစ်ခါတုန်းက မြတ်စွာဘုရားက ဗြဟ္မာ့ပြည်ကို ကြွသွားတယ်၊ ဗကဆိုတဲ့ဗြဟ္မာကြီးက မြတ်စွာဘုရားကို ကြိုဆိုတယ်၊ **သွာဂတ** ဆိုတဲ့ စကားလုံးက **သု+အာဂတ** ကောင်းသောလာခြင်းပါလို့ ဆိုတာဟာ အင်္ဂလိပ်စကားလုံး welcome နဲ့ တူတူပဲနော်၊ ကြိုဆို ပါတယ်ပေါ့၊ ရောက်လာတာ အင်မတန်ကောင်းတယ်၊ ကြိုဆို တယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ဟောဒီ ဗြဟ္မာ့ဘုံဟာ မအိုရာ မနာရာ မသေရာ ထာဝရဘုံကြီးပါလို့ မြတ်စွာဘုရားကို ဆီးပြီး ပြောတယ်။

မြတ်စွာဘုရားက ဒီဗြဟ္မာကြီးဟာ အသိဉာဏ်တုံးလိုက် တာ၊ သူမသိဘူး၊ အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲ လွတ်တယ်လို့ထင်နေတာ၊ "ငါ မင်းရဲ့သက်တမ်းသိတယ်၊ မင်း

https://dhammadownload.com



ဘယ်လောက်ကြာရင် သေရမယ်ဆိုတာကို ငါပြောနိုင်တယ်၊ ဒီမတိုင်ခင်က မင်း ဘယ်ဘဝကလာတာဆိုတာလည်း ငါပြောနိုင်တယ်ပေါ့၊ ဘာတွေလုပ်ခဲ့လို့ မင်း ဒီဘုံရောက်လာတယ်ဆိုတာလည်း ငါပြောနိုင်တယ်" တဲ့၊ အဲဒီလိုပြောပြီး နောက်ဆုံး ဗက ဖြဟ္မာကြီးကို အမြင်မှန်ရစေတယ်။ ဗကဗြဟ္မာ ချွတ်တယ်ဆိုတာ အောင်ခြင်းရှစ်ပါးထဲမှာလည်း ပါတယ်လေ။

အဲဒီတော့ ဗြဟ္မာကြီးကလည်းဒီလိုယုံတာ၊ ဗြဟ္မာ ကိုးကွယ်တဲ့ လူသားတွေကလည်း ယုံကြတယ်ပေါ့၊ တချို့က ရမ်းယုံတာ မဟုတ်ဘူး၊ သမထကျင့်စဉ်ကို ကျင့်တဲ့အခါ စိတ်ချင်း ဆက်သွယ်လို့ ရတာမျိုးရှိတယ်၊ သမထကျင့်စဉ်ကျင့်ပြီး ဗြဟ္မာတွေနဲ့ ဆက်သွယ်လို့ရလာတယ်။ ဗြဟ္မာ့ဘုံရဲ့သက်တမ်းက အင်မတန်မှ ရှည်လျားတဲ့အတွက် သူတို့စိတ်ထဲမှာ မသေတဲ့ဘုံဘဝလို့ ဒီလို ယူဆလာကြတယ်၊ သက်တမ်းက သိပ်ရှည်တာကိုး။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားလက်ထက်က ဘာသာတရားတွေ အားလုံးလိုလိုဟာ ဗြဟ္မာ့ဘုံကိုဦးတည်ပြီး ထာဝရတည်မြဲတဲ့နေရာတစ်ခုကို ရွေးချယ်ကြတယ်။ အိုခြင်း နာခြင်း သေခြင်း ဆင်းရဲကလွတ်ဖို့ ကြိုးစားကြတာ၊ ဒီကနေ့ခေတ်လို ရုပ်ဝတ္ထုနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းဖို့ကြိုးစားတာမဟုတ်ဘူး၊ စိတ်ခေတ် ရေးရာ ပတ်သက်ပြီးတော့ ဖြေရှင်းဖို့ ကြိုးစားကြတာပေါ့။

အဲဒါကြောင့်မို့လို့ အဇိတတို့ဆိုတာ အဲဒီခေတ်က ခေတ်ပညာပေါ့၊ သူတို့ဝေဒကျမ်းထဲမှာ ဆိုထားတဲ့ အဆိုအမိန့်တွေနဲ့ လောကကြီးထဲမှာ ဗြဟ္မာဆိုတာ သူတို့သိတယ်၊ ဗြဟ္မာနဲ့ ဘယ်လို

https://dhammadownload.com



ဆက်သွယ်ရမယ်၊ ဘယ်လိုကျင့်ရမယ် ဆိုတာတွေ သိတယ်၊ အဲဒီအတိုင်း သူတို့တောထွက်ပြီး လိုက်နာပြီး ကျင့်ကြတယ်ပေါ့၊ ကျင့်လို့အောင်မြင်ကြတယ်၊ သို့သော် ရှေ့လမ်းဆုံးကို ရောက်ပြီလားဆိုတော့ မရောက်သေးဘူးပေါ့။

မြတ်စွာဘုရားမပွင့်ခင်က ကြည့်လေ၊ တော်တော်လေး ပေါက်ပေါက်ရောက်ရောက် ရောက်ရှိလာတဲ့ပုဂ္ဂိုလ်တွေ ရှိတာပဲ၊ အာဠာရကာလာမတို့ ဥဒကရာမပုတ္တတို့ဆိုတာ ရှိတယ်။ ဒါ ခေါင်းဆောင်တွေရဲ့ နာမည်ပဲ၊ သူတို့နောက်လိုက်တွေလည်း အများကြီးရှိတာပေါ့၊ အဲဒီလို ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲရှိတယ်။

ဂျိန်းဘာသာဆိုရင် သူတို့ရဲ့လမ်းဆုံးက ဘာလဲဆိုရင် သညာ အသိစိတ် လုံးဝချုပ်ငြိမ်းတဲ့ဘဝကို "မောက်ခ်ရှ" လို့ ခေါ်တာ၊ အဲဒါ အသညသတ်ဘုံပဲ၊ သူတို့က အသညသတ်ဘုံကို ဦးတည်ပြီး အားထုတ်ကြတာ၊ အဲဒီလို ကိုယ့်ပန်းတိုင်နဲ့ကိုယ် ကြိုးစားကြတာ။ ဗုဒ္ဓဘာသာတွေက နိဗ္ဗာန်ကိုပန်းတိုင်ထားသလို သူတို့လည်းပဲ သူတို့ပန်းတိုင်နဲ့သူတို့ ချီတက်နေကြတာပဲ၊ အဲဒီတော့ တရားအဆင့်တွေက သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ အင်မတန်မှမြင့်တယ်ပေါ့၊ သို့သော် သင်္ခါရတရားတွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကို ဆိုက်ထိနိုင်လောက်အောင် သူတို့အကျင့်တရားတွေက မပြည့်စုံကြဘူး။

https://dhammadownload.com



## အဇိတရဲ့ မေးခွန်း

မြတ်စွာဘုရားက မေးခွင့်ပြုလိုက်တာနဲ့ တစ်ပြိုင်နက် အဇိတ ရသော့က စတင်မေးတယ်။ သူက တပည့်ကြီးလည်း ဖြစ်တယ်, ခေါင်းဆောင်လာတဲ့ပုဂ္ဂိုလ်လည်းဖြစ်တယ်။ သူကစပြီး မေးခွန်းတွေမေးတယ်၊ သူမေးတဲ့မေးခွန်းတွေက ၈-ချက်ရှိတယ်။ အဆင့်မြင့်တယ်။

### နံပါတ် ၁-အမေး

**"ကေနဿု နိဝုတော လောကော"** "လောကကြီးကို ဘာက ပိတ်ဆို့ထားတာလဲ?၊ လူတွေ အသိဉာဏ်မရအောင် ဘာတွေက ပိတ်ဆို့ထားတာလဲ"၊

လောကမှာ လူတွေဟာ ထွက်ပေါက်မရှိဘူး၊ ပိတ်ဆို့ထားတာ၊ ကိုယ့်ဟာကိုယ်ပဲ စဉ်းစားကြည့်၊ ငါ ဘယ်လိုထွက်လို့ရသလဲ၊ နောက်ဘဝ လူပြန်မဖြစ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဒီဆင်းရဲကနေ ဘယ်လိုလုပ်ထွက်မလဲ၊ ကိုယ့်ဟာကိုယ် ထွက်ပေါက်ရှာကြည့်စမ်းပါ၊ ပိတ်ပိတ်ပိန်းနေမှာ ဘာမှသိမှာ မဟုတ်ဘူးနော်။

အဲဒီတော့ သူကမေးလိုက်တာ **"ကေနဿု နိဝုတော လောကော"** "လောကကြီးကို ဘာက ပိတ်ဆို့ထားတာတုန်း"၊ ဒီတော့အမျိုးမျိုး ပိတ်ဆို့ထားတာတွေရှိကောင်းရှိမယ်၊ အဖြေတွေ အမျိုးမျိုး ထွက်ကောင်းထွက်လိမ့်မယ်၊ သို့သော် မြတ်စွာဘုရားက

https://dhammadownload.com



ဘယ်လိုဖြေလဲ၊ **"အဝိဇ္ဇာယ နိဝုတော လောကော"** "ဉာဏ်ရဲ့ ဆန့်ကျင်ဘက် အမှန်မသိခြင်းဆိုတဲ့ အဝိဇ္ဇာတရားက လောကကြီးကို ဆို့ပိတ်ထားတယ်"၊ မောဟက ဆို့ပိတ်ထားတယ်။

ဒါ ဟုတ်တာပေ့ါ၊ သိတာနဲ့ မသိတာ အလွန်ကွာခြားတာ၊ မသိဘူးဆိုလို့ရှိရင် ဘာမှကိုမမြင်ရတာ၊ ပြဿနာတစ်ခု ဆင်ခြင်စဉ်းစားကြည့်၊ ဘာမှကို ရှေ့တိုးလို့မရဘူး၊ သူများသိထားတဲ့ လမ်းကြောင်းလေးကို အဟုတ်မှတ်ပြီး လုပ်နေကြတာ၊ တကယ်သိတာမှ ဟုတ်မှမဟုတ်တာ၊ ဉပမာမယ် ဆေးပညာရပ်တွေ လောကီပညာရပ်တွေ ရှေးကလူတွေက ဖွင့်ပေးသွားတာကို ကိုယ်က နောက်ကလိုက်သင်လို့သိတာပဲရှိတယ်၊ ကိုယ့်ဟာကိုယ်သိတာ မဟုတ်ဘူး၊ လမ်းလည်းဆုံးသွားရော ဆို့ပိတ်ခံထားရတာပဲလေ။

ကြည့်လေ- တစ်ခါတစ်ခါကျတော့ ရောဂါတစ်ခု ဘာကြောင့်ဖြစ်တယ်ဆိုတာ ဆေးကျမ်းတွေမှာပါတယ်၊ ခေတ်ဆေးကျမ်းတွေမှာရော ရှေးဟောင်း ဆေးကျမ်းတွေမှာရော ရောဂါဖြစ်ကြောင်းကို ဖေါ်ပြလေ့ရှိတယ်။ သို့သော် အကြောင်းရှာမတွေ့ဘူးဆိုရင် unknown cause လို့ ပြောကြတယ်။ ဘာကြောင့်ဖြစ်မှန်းမသိဘူး၊ ဒီမသိခြင်းဆိုတဲ့ မောဟက ဆို့ပိတ်ထားတာပဲ၊ အဖြေထုတ်လို့မရဘူး။

လောကမှာ တချို့ပြဿနာတွေဟာ ဘာကြောင့်ဖြစ်တယ်ဆိုတာ ကနေ့အထိ ဖြေရှင်းလို့ မရတာတွေရှိတယ်။ အကုန်ဖြေရှင်းနိုင်တာ မဟုတ်ဘူး၊ ရာခိုင်နှုန်း အနည်းငယ်လောက်သာ

https://dhammadownload.com



ဖြေရှင်းနိုင်တာ၊ မဖြေရှင်းနိုင်တာကျတော့ ဘာပြောတုန်းဆိုရင် miracle လို့ ပြောတာ၊ အင်္ဂလိပ်စကားလုံး miracle လို့ ပြောတဲ့ အဓိပ္ပါယ်က ဘာကြောင့်မှန်း မသိတဲ့ဟာ။

ဘုန်းကြီးတို့ အမေရိက ရောက်တုန်းက ဆန်ဖရန်စစ္စကို နားက ဆန်ဟိုဆေးဆိုတာ ရှိတယ်။ အဲဒီကနေသွားတဲ့အခါ Mystery spot ဆိုတာရှိတယ်၊ အဲဒီမှာ ရေချိန်ကိုက်ပြီးတော့ ချထားတဲ့ သစ်သားတုံး ကြီးရှိတယ်၊ အဲဒီသစ်သားတုံးကြီးဟာ ရေချိန်ကိုက်လို့ရှိရင် ဟိုဘက်ဒီဘက်ညီတယ်၊ သို့သော် ဟိုဘက် တစ်ဖက်က တစ်ဦးရပ်, ဒီဘက်တစ်ဖက်က တစ်ဦးရပ်၊ မတ်တပ် ရပ်ပြီး ဓာတ်ပုံရိုက်လိုက်တဲ့အခါ တစ်ဖက်လူက အထွားကြီး၊ ကျန်တစ်ဖက် လူပုပုလေး ဖြစ်တယ်၊ ဘာကြောင့် ဖြစ်တာတုန်း ဆိုရင် Mystery အဖြေမသိဘူး၊ မဖြေရှင်းနိုင်တဲ့ အချက်တစ်ခုပဲ၊ အဲဒါ ဘာလို့ ဘယ်အရာက ပိတ်ဆို့ထားတာတုန်းဆိုရင် မသိခြင်း နဲ့ မောဟက ပိတ်ဆို့ထားတာ။

ဘုန်းကြီးနဲ့ သူငယ်ချင်းဘုန်းကြီးတစ်ပါး အဲဒီလိုပဲ ဟိုဘက် ဒီဘက်လှည့်ပြီး ဓာတ်ပုံရိုက်ကြတယ်၊ ထွားတဲ့ဘက်ရပ်တဲ့ ပုဂ္ဂိုလ် က ထွားတာပဲ၊ ပုတဲ့ဘက်ရပ်တဲ့ပုဂ္ဂိုလ်က ပုတယ်၊ တူတူပဲ ရိုက်ထားတာတော့ လူ လဲရိုက်လိုက်လို့ရှိရင် ဟိုဘက်က အထွားကြီးဖြစ်ပြီး ဒီဘက်ကအပုဖြစ်တယ်၊ ဒါကတစ်ခု။

နောက် အဆောက်အဦတစ်ခုက ခပ်စောင်းစောင်း ဆောက်ထားတယ်၊ အဲဒီစောင်းထားတဲ့ အဆောက်အဦးမှာ ပျဉ်ပြားလေးတစ်ချပ်ကို စောင်းစောင်းလေး လုပ်ထားတယ်၊

https://dhammadownload.com



အဲဒီစောင်းစောင်းလေး လုပ်ထားတဲ့ပျဉ်ပြားမှာ ကိုကာကိုလာသံဗူးလေးကို အဲဒီပျဉ်ပြားပေါ် တင်လိုက်ရင် နိမ့်တဲ့နေရာမဆင်းဘဲ မြင့်တဲ့ဘက် တက်သွားတာ၊ အဲဒါဘာကြောင့်မှန်းမသိဘူး၊ အဲဒီ Mystery Spot ကို ၆-ခေါ် လာပေးပြီးတော့ ကြည့်ရတာ၊ စိတ်ဝင်စားလို့ရှိရင် အမေရိကန်သွားကြည့်ကြပေါ့။

**"ကေနသု နိဝုတော လောကော"** (လောကဆိုတာဒီနေရာမှာ အဓိက လူသားတွေပေါ့) လူသားတွေ သတ္တဝါတွေမဖြေရှင်းနိုင်တဲ့အချက်တွေ အများကြီးရှိတယ်တဲ့။ ဒီလိုလမ်းစရှာမတွေ့အောင်, ဖြေရှင်းလို့မရလောက်အောင် ဘယ်သူကနေပြီးဆို့ပိတ်ထားတာတုန်းလို့ မေးလို့ရှိရင် မသိခြင်းဆိုတဲ့ မောဟတရားက ဆို့ပိတ်တယ်တဲ့။

ဗြဟ္မာ့ဘုံကို မြဲတယ်လို့ထင်နေတာလည်း ဆို့ပိတ်ခံရတာပဲလေ၊ ကိုယ်ကျင့်တဲ့အကျင့်ကို မှန်တယ်လို့ ထင်တာလည်းပဲအဆို့ပိတ် ခံထားရတာပဲလေ၊ လောကမှာ ပစ္စည်းဥစ္စာတွေပေါများလာလို့ရှိရင် ချမ်းသာလိမ့်မယ်လို့ ထင်တာလည်း ဆို့ပိတ်ခံထားရတာပဲ၊ တကယ်တော့ မချမ်းသာဘူးလေ၊ ကိုယ်ထင်တာနဲ့တလွဲချည့်ပဲ ဖြစ်နေတာကိုး၊ ပိုက်ဆံချမ်းသာလို့ စိတ်ချမ်းသာလိမ့်မယ်လို့ မအောက်မေ့နဲ့၊ ပိုက်ဆံချမ်းသာပြီး စိတ်မချမ်းသာတဲ့သူတွေ အများကြီးပဲရှိတယ်၊ ချမ်းသာမယ်လို့ ထင်တာကိုကဘာဖြစ်လို့လဲ၊ ဆို့ပိတ်ခံထားရလို့ပဲ။ ဘယ်သူက ဆို့ပိတ်လဲ၊အဝိဇ္ဇာက ဆို့ပိတ်ထားတယ်။

https://dhammadownload.com



ဝိဇ္ဇာဆိုတာ သိခြင်း၊ အ,ဝိဇ္ဇာဆိုတာ မသိခြင်း၊ သိခြင်းရဲ့ ဆန့်ကျင်ဘက် မောဟ၊ လောကကြီးတစ်ခုလုံးကို ဆို့ပိတ်နေတာ အဝိဇ္ဇာပဲ၊ လူတွေက တိုးတက်တဲ့ခေတ်ကြီးလို့ ထင်တာ၊ အဲဒီလို ထင်နေတာကလည်း ဆို့ပိတ်ခံရလို့ပဲ။

ကြည့်လေ - ဘာသာရေးနဲ့ ပတ်သက်လာလို့ရှိရင်လည်း ယုံကြည်မှုတွေက အမျိုးမျိုးဖြစ်လာတယ်၊ ဒါ သိလို့လား မသိလို့လား၊ တကယ့်အစစ်အမှန်ကိုရော ဘယ်သူသိလဲ၊ မသိလို့ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်နေကြတာပေါ့၊ အဲဒီလိုဖြစ်နေကြတာ ကိုက အဆို့ပိတ်ခံထားရလို့ပဲ။

တကယ်က အမှန်တရားဆိုတာ တစ်ခုပဲရှိရမယ်၊ သူက လည်း အမှန်တရား, ဟိုတစ်ယောက်ကလည်း အမှန်တရား၊ **“ဣဒ မေဝ သစ္စံ မောဃမညံ”** ဒါသာအမှန် ကျန်တာတွေ အလကားလို့ပြောကြတယ်၊ အဲဒီတော့ ဟိုဟာလည်းအမှန် ဒီဟာ လည်း အမှန်၊ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆန့်ကျင်နေတယ် ဆိုလို့ရှိရင် တစ်ခုမှန်ရင် ကျန်တစ်ခုဟာ အမှားဖြစ်ရမှာပေါ့၊ အဲဒီတော့ တစ်ခုမှ မမှန်လို့ပေါ့၊ အမှန်တရားဆိုတာ တစ်ခုပဲ ရှိရမယ်ပေါ့၊ အေး- အဲဒီလိုအမှန်တရားကို ရှာမတွေ့နိုင်တာ လည်းပဲ အဝိဇ္ဇာရဲ့ ဆို့ပိတ်ခြင်းကို ခံထားရတာပဲ။

ကိုယ့်ကိုယ်ကိုပဲ ပြန်ကြည့်လိုက်ပေါ့၊ ကိုယ်ဘာကြောင့် ဖြစ်တာတုန်း။ ကိုယ့်ဟာကိုယ် သိလား၊ မသိဘူး၊ Where did you come from? မင်း ဘယ်က လာတာတုန်းဆိုလို့ရှိရင် အိမ်က လာတာလို့တော့ မဖြေနဲ့ပေါ့၊ ဘယ်ဘဝက လာတာတုန်းဆိုရင်

https://dhammadownload.com



ပြောနိုင်ပါ့မလား၊ မပြောနိုင်ဘူး။ ဒါလည်း ဘယ်သူက ဆို့ပိတ်ထားတာတုန်းဆိုရင် အဝိဇ္ဇာက ဆို့ပိတ်ထားတာပဲ၊ ဆို့ပိတ်ထားတယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။

Where will you go? မင်းဘယ်သွားမလဲလို့ မေးရင်ရော မသိဘူး၊ ဘယ်သွားရမှန်း မသိဘူး၊ မြတ်စွာဘုရားကမေးတဲ့ မေးခွန်းလေးတွေပေါ့၊ "မသိဘူးလား"ဆိုတာ သေရမှာ မသိဘူးလားလို့ မေးတာကျတော့ "သိပါတယ်"ပေါ့၊ ဘယ်နေ့သေမှာတုန်းလို့ကျတော့ မသိပြန်ဘူးပေါ့၊ ဟုတ်လား၊ အဲဒီတော့ မသိတာတွေက အများကြီးပဲ၊ ဆို့ပိတ်ထားတာတွေပေါ့၊ အဲဒီလို မသိအောင် ဆို့ပိတ်ထားတာဟာ ဘယ်အရာလဲဆိုတော့ အဝိဇ္ဇာက ဆို့ပိတ်ထားတာလို့ ဒီလိုရှင်းလိုက်တယ်။

အဲဒီတော့ အဝိဇ္ဇာက ဆို့ပိတ်တာ အရေးကြီးတဲ့အချက် ၈-ချက် ရှိတယ်ပေါ့၊ ဘာလဲဆိုရင် **ဒုက္ခ**ကို မသိအောင် ဆို့ပိတ်တယ်၊ ဆို့ပိတ်လို့ ဒုက္ခဟာ ဒုက္ခအသွင်မရှိတော့ဘဲနဲ့ သုခအသွင်ဖြစ်လာတယ်၊ သုခအသွင်ဖြစ်လို့ လိုချင်တဲ့တဏှာပေါ်လာတယ်၊ ဒုက္ခကို သုခလို့ ထင်လာတာဟာ ဆို့ပိတ်ခံရခြင်းပဲ။

အဲဒီဒုက္ခဟာ ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ အကြောင်းတရားကို အမှန်မသိဘူး၊ မသိသည့်အတွက်ကြောင့် သုခဖြစ်လာလိမ့်မယ်လို့အထင်နဲ့ ကုသိုလ် အကုသိုလ်တွေလုပ်မိတယ်၊ လုပ်မိလို့ ဒုက္ခတွေဟာ ပိုပြီးတော့ များပြားလာတယ်၊ အဲဒီလို အကြောင်းတရားတွေကို မသိတာဟာလည်းဘဲ အဝိဇ္ဇာက ဆို့ပိတ်တာပဲ။

https://dhammadownload.com



**ဒုက္ခနိရောဓ**၊ ဒီဒုက္ခတွေဟာ ဘယ်နေရာမှာ ချုပ်ငြိမ်းသွားတာလဲဆိုတာမသိတော့ ဖြဟ္မာ့ဘုံကြီးကိုပဲ တကယ့်ဒုက္ခတွေ ချုပ်ငြိမ်းတယ်လို့ထင်တာ၊ တကယ်တော့မဟုတ်ဘူး၊ ဟိုကျတော့လည်း အိုခြင်း နာခြင်း သေခြင်းနဲ့ သွားတိုးပြန်တာပဲ၊ အဲဒီတော့ အမှန်မသိအောင် အဝိဇ္ဇာကပဲ ဆို့ပိတ်တာပဲ။

အဲဒီလို လုံးဝဒုက္ခတွေငြိမ်းတဲ့နေရာကိုရောက်အောင် ဘာလုပ်ရမလဲဆိုတာ အမှန်မသိဘူး၊ မြတ်စွာဘုရား လက်ထက်က အစာဖြတ်ရေငတ်ခံပြီး ကျင့်ရမယ်တို့, ဆူးပေါ်အိပ်ရမယ်တို့၊ အခုကြည့်လေ ကနေ့ခေတ်အထိတောင်မှပဲ အိန္ဒိယနိုင်ငံမှာ ရှိနေသေးတယ်၊ ဒီမှာလည်းရှိမှာပေါ့၊ အိန္ဒိယနိုင်ငံမှာ ရှေးတုန်းကတည်းက အကျင့်တွေ ဘာတွေရှိတုန်းဆိုတော့ ဆောင်းရာသီအေးပြီဆိုတဲ့အခါ ဂင်္ဂါမြစ်ထဲသွားပြီး ရေချိုးတယ်၊ ဘာဖြစ်လို့ ရေချိုးတာတုန်းဆိုတော့ အလကားရေချိုးတာ မဟုတ်ဘူးနော်၊ ဒါလောက်အေးရဲ့သားနဲ့ ဘာဖြစ်လို့ချိုးတာလဲ၊ အေးပြီ ဆိုတဲ့အချိန်မှာ ဂင်္ဂါမြစ်မှာ မနက်ဆိုရင် ရေလာချိုးတဲ့လူတွေ နည်းတာ မဟုတ်ဘူး၊ ဘာရည်ရွယ်ချက်နဲ့ ချိုးတာတုန်းဆိုရင် တစ်နှစ်တာ မဟုတ်တာ လုပ်ထားတာတွေကို ရေနဲ့ ဆေးလျှော်ကြတာတဲ့။

မဟုတ်တာ လုပ်ထားတာတွေက ကိုယ့်ပေါ်မှာ ချေးလိုတင်နေတာမှ မဟုတ်တာကိုး၊ စိတ်ထဲမှာ ဖြစ်တာတွေလေ။ လောဘတွေ ဒေါသတွေ မောဟတွေ စိတ်ထဲမှာဖြစ်တဲ့ အညစ်အကြေးတွေကို လူရေချိုးရုံနဲ့ ပျောက်ပါ့မလား၊ သို့သော် မပျောက်ဘူးဆိုတာကို မသိဘူး၊ ပျောက်တယ်လို့ပဲ လက်ခံထားတယ်၊ အဲဒါ

https://dhammadownload.com



ဘယ်သူက ဆို့ပိတ်ထားတာတုန်းဆိုရင် အဝိဇ္ဇာက ဆို့ပိတ်ထားတာ။

ကမ္ဘာမှာ ဘာသာတွေ အများကြီးပဲ၊ ဒီပြင် ဘာသာတွေလည်း စဉ်းစားကြည့်၊ အကုသိုလ်ကို ကုသိုလ်ထင်ပြီးတော့ လုပ်နေတာတွေ အများကြီးပဲ၊ ဒါ အဆို့ပိတ်ခံထားရတယ်ဆိုတဲ့ အကြောင်းကို ပြောပြတာပါ။

နည်းနည်းလေး ရှေ့တိုးပြီးတော့ စဉ်းစားလိုက်လို့ရှိရင် ဂင်္ဂါမြစ်ထဲမှာရှိတဲ့ ငါးတွေ ရေသတ္တဝါတွေ ရှိနေတာပဲ၊ ဂင်္ဂါမြစ်ရေချိုးလို့ ဖြူစင်ရမယ်ဆိုရင် အဲဒီငါးတွေဟာ အရင်ဖြူစင်မှာပေါ့၊ အဲဒါကို မစဉ်းစားနိုင်ဘူးလေ၊ အဲဒီလို ပင်ပင်ပန်းပန်းလုပ်ပြီးတော့ ဒီမကောင်းမှုတွေကို wash away လုပ်နေကြတာပေါ့လေ၊ ဆေးကြောပစ်တယ်ဆိုတဲ့ အယူအဆဟာ ဘယ်တုန်းကတည်းက ရှိတာလဲ၊ ဟိုးရှေးတုန်းကတည်းက ရှိတာ၊ မြတ်စွာဘုရား လက်ထက်ကတည်းကရှိတာ ယနေ့ထိအောင်ရှိတုန်းပဲ၊ အဲဒါတွေဟာ တကယ့်ကို မှန်ကန်တဲ့ နည်းလမ်းကျင့်စဉ်တစ်ခုကို မသိလို့ဘဲ။

မြတ်စွာဘုရားက ကျင့်စဉ်တစ်ခုကို ဘယ်လိုဟောတုန်းဆိုရင် "အကုသိုလ်တွေက စင်ကြယ်ချင်လို့ရှိရင် အမှန်အကန်နားလည်အောင် ကြိုးစားရမယ်။ မှန်မှန်ကန်ကန် နားလည်ဖို့အတွက် မှန်မှန်ကန်ကန် တွေးတတ်ရမယ်၊ အဲဒီလို မှန်မှန်ကန်ကန်နားလည်၊ မှန်မှန်ကန်ကန်တွေးပြီးပြောတာလည်း အပြစ်ကင်းရမယ်၊ လုပ်တာလည်း အပြစ်ကင်းရမယ်၊ ကိုယ်ကျင့်တရား

https://dhammadownload.com



ကောင်းရမယ်၊ ကိုယ်ကျင့်တရားကောင်းဖို့ ဘာလိုလဲ၊ ကြိုးစားမှု လိုတယ်၊ ကြိုးစားပြီဆိုရင် သတိထားဖို့လိုတယ်၊ သတိရှိပြီဆိုရင် စိတ်ငြိမ်အောင် ကြိုးစားရမယ်၊ ဒါမှ မှန်မှန်ကန်ကန် မြင်ခြင်းဆိုတဲ့ အသိဉာဏ်ရမယ်" စာလိုပြောရင် မဂ္ဂင်ရှစ်ပါးအကျင့်တရားပေါ့။

မဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတာ စိတ်မှာဖြစ်တဲ့ အညစ် အကြေးကို စိတ်နဲ့ပြန်ဆေးတဲ့ သဘောပဲပေါ့၊ မဂ္ဂင် ၈-ပါးကို ထူထောင်ပေးခြင်းဖြင့် ကိုယ့်သန္တာန်မှာရှိနေတဲ့ positive ဖြစ်နေ တဲ့ အကုသိုလ်တွေကို negative ဖြစ်အောင် လုပ်တာပဲ၊ အဲဒီ အကြောင်းတွေကို မသိဘူးဆိုရင် မသိခြင်းက ပိတ်ဆို့ထားတယ် လို့ ဒီလိုပြောတာပေါ့။

နောက်တစ်ခုက အကြောင်းတရားကြောင့်အကျိုးဖြစ်တယ် ဆိုတာလည်း မသိဘူး၊ ပဋိစ္စသမုပ္ပါဒ်နဲ့ပတ်သက်ပြီး ဒါကြောင့် ဒါဖြစ်တယ်၊ ဒါကြောင့် ဒါဖြစ်တယ် ဆိုတာကို မသိဘူး၊ အဲဒီ မသိအောင်လည်းပဲ ဒီအဝိဇ္ဇာက ပိတ်ဆို့ထားတယ်၊ အတိတ်က ခန္ဓာနဲ့ ပတ်သက်ပြီးလည်းမသိဘူး၊ အနာဂတ်ခန္ဓာနဲ့ ပတ်သက် ပြီးလည်း မသိဘူး၊ နှစ်ခုလုံးနဲ့ ပတ်သက်ပြီးလည်း မသိဘူး၊ ပဋိစ္စသမုပ္ပါဒ်လည်း မသိဘူးဆိုတော့ ဟော မသိတဲ့နေရာ ၈-ချက်၊ ဒါ အရေးကြီးတဲ့ မသိတာ ၈-ချက်၊ နာမည်မသိတာတို့ လမ်းမသိတာတို့ ဘာတို့ အများကြီးရှိသေးတယ်။ အဲဒီလို မသိမှု တွေ အများကြီးပဲလို့ ဆိုလိုတယ်၊ အရေးပါတာကတော့ ဒီ ၈-ချက်နဲ့ ပတ်သက်ပြီး မသိတာက အရေးပါတယ်တဲ့။

https://dhammadownload.com



အဲဒါကြောင့်မို့ မြတ်စွာဘုရားက ဖြေတာ၊ လောကကြီးကို ဘာက ပိတ်ဆို့ထားသလဲ၊ သတ္တလောကကြီးကို ဘယ်သူက ပိတ်ဆို့ထားသလဲဆိုတော့ အဝိဇ္ဇာက ပိတ်ဆို့ထားတာတဲ့နော်၊ ဒီလိုဖြေလိုက်တာ၊ ဒါ နံပါတ် ၁-အမေးနဲ့ အဖြေ။

## နံပါတ် ၂-အမေး

နောက်တစ်ခု သူက ဆက်မေးတယ်။ **"ကေနဿု နပ္ပကာသတိ"**၊ "လောကလူတွေဟာ အရောင်မတောက်တာ ဘာကြောင့်လဲ" လူတွေဟာ လူ့ဘဝရောက်လာပြီးတော့ ဂုဏ်သတင်း ကျော်ကြားတဲ့ပုဂ္ဂိုလ်နဲ့ မကျော်ကြားတဲ့ပုဂ္ဂိုလ်, ကောင်းသတင်းကြွယ်တဲ့ ပုဂ္ဂိုလ်နဲ့ ကောင်းသတင်း မကြွယ်တဲ့ပုဂ္ဂိုလ် ဘယ်သူကများတုန်းဆို မကြွယ်တဲ့ပုဂ္ဂိုလ်ကများတယ်၊ မထင်မရှားဘဲ ဘဝတစ်ခုကို အဆုံးသတ်သွားကြတယ်၊ ကိုယ့်အသိုင်းအဝိုင်းကတောင်မှ မသိတဲ့ပုဂ္ဂိုလ်တွေ လူမသိသူမသိပုဂ္ဂိုလ်တွေ အများကြီးပဲပေါ့၊ အဲဒီလို လူ့လောကမှာ ဂုဏ်ရောင်မတောက်တဲ့ ပုဂ္ဂိုလ်တွေပေါ့၊ အဲဒီလို ဂုဏ်ရောင်မတောက်တာ ဘာကြောင့်လဲ ဆိုတဲ့မေးခွန်း။

အဲဒီမှာ မြတ်စွာဘုရားက ဖြေတာက **"ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ"** အကြောင်းတစ်ခုကို မြတ်စွာဘုရားက ရှင်းတယ်၊ **ဝေဝိစ္ဆ** ဆိုတဲ့ အဓိပ္ပါယ်က **မစ္ဆရိယ** ကို ပြောတာနော်၊ ကိုယ်သာကြီးပွားလိုတယ်၊ လောကလူတွေက တကယ့်ကို selfish ကိုယ့်

https://dhammadownload.com



အကျိုးပဲ ကိုယ်ကြည့်တယ်၊ သူများကို မကြည့်ဘူး၊ ဆိုပါစို့ - လူမှုရေးဆို လုံးဝမလုပ်ဘူး၊ ကိုယ့်ဝမ်းစာသာ ကိုယ်ရှာပြီးတော့ တစ်ကိုယ်ကောင်းဆန်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ရပ်ကွက်ထဲမှာ လည်းပဲ မြုပ်သွားတာပဲပေါ့၊ မထင်ရှားဘူးပေါ့၊ ဘာဖြစ်လို့တုန်း ဆိုတော့ တစ်ကိုယ်ကောင်းဆန်တာကိုး၊ ဘယ်သူက တစ်ကိုယ် ကောင်းဆန်စေတာလဲဆိုရင် မစ္ဆရိယကပဲ။ မစ္ဆရိယဆိုတဲ့ တရားကြောင့် ဒါနကောင်းမှုဆိုတာ မလုပ်ဘူး၊ မလုပ်သည့် အတွက်ကြောင့် ဒီဘဝမှာလည်းမြုပ်တယ်၊ နောက်သံသရာမှာ လည်း သူက မြုပ်သွားလိုက်တာပဲပေါ့၊ မပေါ်လာတော့ဘူး၊ ဘာနဲ့ အလားတူသလဲဆိုရင် တွင်းတူးတဲ့လူနဲ့ အလားတူတယ်၊ တွင်း တူးတဲ့လူက တွင်းနက်လေ လူက အောက်ရောက်သွားလေ၊ တွင်းနက်လေ လူက အောက်ရောက်သွားလေ၊ အဲဒီလိုပဲ **ဝေဝိစ္ဆ** ဆိုတဲ့ **မစ္ဆရိယ** ရှိရင် လောကမှာ ပေါ်လွင်ထင်ရှားလာတဲ့ ပုဂ္ဂိုလ် မဖြစ်ဘူးတဲ့။

နောက်တစ်ခုက **ပမာဒ** မေ့လျော့မှု၊ မေ့လျော့တယ်ဆိုတာ ကောင်းတဲ့အလုပ်လုပ်ဖို့ စိတ်မဝင်စားဘူး၊ ကောင်းတဲ့ အလုပ် ဘက်မှာ စိတ်ကူးမရှိဘူး၊ အပျော်တွေအပါးတွေနဲ့ပဲ အမြဲတမ်း စိတ်ဝင်စားတယ်။ **ပမာဒ** မေ့လျော့ခြင်းလို့ ခေါ်တယ်၊ အဲဒီ **ပမာဒ**တရား လွှမ်းမိုးခံထားရတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ လောကမှာ ဘယ်တော့မှ တောက်ပြောင်လာတာမရှိဘူး။

ကြည့်လေ - အခု မြန်မာနိုင်ငံမှာ ကြည့်၊ တရားမေ့ကျင့်ကြံ အားထုတ်လို့ ထင်ရှားလာပြီ၊ အကျင့်တရားကောင်းလို့ ထင်ရှား

https://dhammadownload.com



လာပြီဆိုရင် ရဟန္တာဆိုပြီး သွားမဖူးကြဘူးလား၊ အလကား နေရင်း ကျော်တာတော့မဟုတ်ဘူး၊ မဟုတ်မတရားကျော်အောင် လုပ်လို့ ကျော်တာလည်း ရှိတော့ရှိတာပေါ့နော်၊ တကယ့်ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ ကျော်လာတာ ပမာဒမရှိလို့၊ အပ္ပမာဒကြောင့် ထင်ပေါ်လာတယ်လို့ ဒီလိုပြောတာ။

မြတ်စွာဘုရားကလည်းပဲ သုတ္တန်တစ်ခုမှာ ဟောထားတာ **"မစ္ဆေရာ စ ပမာဒါ စ**-လောကမှာ ဒါနကောင်းမှု မလုပ်ဖြစ်တာ ဘာကြောင့်လဲဆိုရင် နံပါတ်(၁)က နှမြောလို့၊ နံပါတ် (၂)က ကုသိုလ်တရားနဲ့ပတ်သက်ပြီး မေ့နေလို့"တဲ့။ အဲဒီ ၂-ခု ကြောင့် မလုပ်တာ၊ မလုပ်သည့်အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်ဟာ သံသရာမှာလည်း မြုပ်သွားတယ်၊ ပေါ်မလာဘူး၊ လူ့လောကမှာလည်း ပေါ်မလာဘူး။

ကုသိုလ်ကောင်းမှု လုပ်တဲ့သူတွေက ပေါ်ပေါ်လာတယ်၊ အထက်တန်းရောက်လာတယ်၊ တစ်ဘဝထက်တစ်ဘဝ အထက်တန်းကျလာတယ်၊ အထက်တန်းကျတယ်ဆိုတာ ပေါ်လာတာပဲ၊ ဒီလိုဆိုလိုတယ်၊ အထက်တန်းရောက်တဲ့ ပုဂ္ဂိုလ်က ထင်ပေါ် ကျော်ကြားလာတာပဲ။

အဲဒါကို မြတ်စွာဘုရားက ဖြေတာ၊ အဇိတက မေးတယ်၊ "ဘာကြောင့် လောကလူတွေဟာ မြုပ်သွားရသလဲ၊ မထင်မရှားဖြစ်ရသလဲ "**မစ္ဆရိယ**တရားနှင့် **ပမာဒ**တရားကြောင့် လောကမှာ လူတွေဟာ ဂုဏ်အရည်အချင်းအားဖြင့် တိမ်မြုပ်သွားတဲ့ပုဂ္ဂိုလ်

https://dhammadownload.com



တွေ ဖြစ်ကြရတယ်လို့ နံပါတ် ၂-မေးခွန်းရဲ့အဖြေကို ဒီလို မှတ်ရမယ်။

## နံပါတ် ၃-မေးခွန်း

နံပါတ် ၃ မေးခွန်းက **“ကဿာ’ဘိလေပနံ ဗြူသိ”** လောကကြီးကို တွယ်တာကပ်ငြိစေတတ်တဲ့တရားက ဘာလဲ?။ မြတ်စွာဘုရားကဖြေတယ်၊ **“ဇပ္ပါ’ဘိလေပနံ ဗြူမိ”** လောကကြီးကို တွယ်တာကပ်ငြိစေတတ်တဲ့တရားဟာ **ဇပ္ပ** ဆိုတဲ့ တဏှာပဲ ဖြစ်တယ်။ **‘ဇပ္ပ’** ဆိုတာ တဏှာကို ရည်ညွှန်းတာ။ လောကလူတွေက လိုချင်လာလို့ရှိရင် ပြောလာတယ်လေ၊ “လိုချင်လိုက်တာ, လိုချင်လိုက်တာ, ကောင်းလိုက်တာ, ကောင်းလိုက်တာ”လို့၊ ဟင်းကောင်းလေး စားရလို့ရှိရင် ကောင်းလိုက်တာ ကောင်းလိုက်တာ အရသာရှိတယ်လို့ ပါးစပ်ကထုတ်ပြောလာတယ်လေ၊ ဒီဇိုင်းလှလှလေး မြင်လိုက်လို့ရှိရင်လည်း လှလိုက်တာ လှလိုက်တာနဲ့ ပြောတယ်။

အခုခေတ် လူငယ်တွေဆိုရင် ကားကောင်းကောင်းဆိုရင် “ဟာ- ကားက မိုက်လိုက်တာ” လို့ပြောတယ်။ အဝတ်ကောင်းကောင်း ဝတ်သွားတဲ့ လူကြီးဆိုရင် “ဟာ အန်ကယ်ကြီးက မိုက်လိုက်တာ” နဲ့ ပြောသေးတာ၊ အဲဒါ ဘာလဲဆိုရင် **“ဇပ္ပ”**ဆိုတဲ့ တဏှာဖြစ်လာပြီဆိုရင် ပါးစပ်က ပြောစေတာပဲ၊ နှုတ်ကကို ထွက်ပြောလာတာ၊ အဲဒါကြောင့် တဏှာကို **ဇပ္ပ**လို့ ပြောတာနော်၊

https://dhammadownload.com



လူငယ်လူရွယ်တွေပြောတာ အများကြီးပဲ၊ အဲဒါ အရပ်ထဲ ပေါ်ပါတယ်၊ မပြောတော့ပါဘူး၊ မြင်လိုက်ရင် ပြောတာတွေ အများကြီးပဲ ဟုတ်ကဲ့လား၊ **ဇပ္ပ**တဲ့ ပြောစေတာ၊ အဲဒီလို ပြောစေမှုဟာ လောကကြီးကို တွယ်တာကပ်ငြိစေတတ်တဲ့အရာပဲ ဖြစ်တယ်တဲ့။

လောကလူတွေဟာ တွယ်ကပ်နေတာ၊ ဘာနဲ့ တွယ်ကပ်နေတာတုန်းဆိုရင် တဏှာနဲ့ တွယ်ကပ်နေတာ၊ အတူတူနေတိုင်း တွယ်ကပ်တာ မဟုတ်ဘူး၊ တွယ်ကပ်မှုဆိုတာ စိတ်ထဲမှာဖြစ်တာ၊ ဆိုပါစို့ - စက္ကူရွက်ကလေး ၂-ရွက်ကို အတူတူထပ်ပြီးထားကြည့်၊ အဲဒီစက္ကူရွက်ကလေး ၂-ရွက်က ထိနေပေမယ့်လို့ ယူလိုက်ရင် တစ်ရွက်စီပဲ၊ ကပ်မနေဘူး၊ ဘာဖြစ်လို့ ကပ်မနေလဲဆိုရင် ကြားထဲမှာ glue မရှိလို့နော်၊ ကော်မရှိဘူး၊ အဲဒီကြားထဲမှာ ကော်ထည့်လိုက်မယ်ဆိုရင် အဲဒီ ၂-ခု ခွာလို့မရတော့ဘူး။ အဲဒါလိုပဲ လူတွေမှာ အာရုံကိုသိတဲ့စိတ်ဆိုတာရှိတယ်၊ အာရုံဆိုတာရှိတယ်၊ စိတ်နဲ့အာရုံဟာ ဆုံတယ်၊ ဒါပေမယ့် တဏှာဆိုတဲ့ glue မပါရင် မကပ်ဘူး၊ အခုကပ်တာက တဏှာဆိုတဲ့ glue ကြောင့် ကပ်တာ၊ ဖယ်ရှားရမှာက အဲဒီ glue ကို ဖယ်ရှားရမှာ၊ ဒါကြောင့် **အဘိလေပန** ဆိုတာ လောကကြီးတွယ်ကပ်နေတာဟာ တဏှာကြောင့် တွယ်ကပ်တာတဲ့၊ တဏှာကို ဖြုတ်လိုက်မယ်ဆိုရင် အသိစိတ်နဲ့အာရုံတော့ ကျန်နေမှာပဲ။

https://dhammadownload.com



## မက္ကဋာလေပသုတ်

မြတ်စွာဘုရားက **မက္ကဋာလေပသုတ္တန်** မှာ ဟောထားတာရှိတယ်၊ ရှေးတုန်းက ဟိမဝန္တာတောင်တန်းမှာ ကော်တွေသုတ်ပြီး မျောက်တွေကိုဖမ်းတာ၊ ငှက်ကလေးတွေကိုလည်းပဲ အဲဒီလို ကော်သုတ်ဖမ်းတာရှိတယ်၊ အဲဒါကို အင်္ဂလိပ်လို bird lime တဲ့၊ မျောက်တွေဖမ်းတာကျတော့ monkey lime ပေါ့၊ အဲဒီ lime ဆိုတာ ဘာလဲဆိုရင် super glue ပေါ့နော်၊ လောကမှာ တဏှာဟာ ကော်စေးလိုပဲ တွယ်ကပ်စေတတ်တဲ့အရာဖြစ်တယ်တဲ့၊ လောကကြီးကို တွယ်ကပ်စေတတ်တဲ့အရာဟာ ဘာလဲဆိုတော့ မြတ်စွာဘုရားက တဏှာလို့ပြောတာ။

အဲဒီ တဏှာဆိုတာလည်း သာမန်တဏှာ မဟုတ်ဘူး၊ ကောင်းလိုက်တာ ကောင်းလိုက်တာလို့ဆိုပြီး နှုတ်က ထုတ်ပြောတတ်တဲ့ တဏှာမို့ ဇပ္ပလို့ ဒီလိုသုံးလိုက်တာ၊ ဒီစကားလုံးကို ရွေးပြီး သုံးထားတာနော်၊ အဲဒါကြောင့်မို့ **"ဇပ္ပါ ဘိလပနံ ဗြူမိ"**တဲ့။ **ဇပ္ပ** ဟာ glue ပဲတဲ့၊ တွယ်ကပ်နေတဲ့အရာတစ်ခုဖြစ်တယ်၊ သစ္စာလေးပါးမှာဆိုရင် တဏှာကို **သမုဒယသစ္စာ** လို့ ဟောလာတာပဲလေ။

## နံပါတ် ၄-မေးခွန်း

နောက် နံပါတ် ၄-မေးခွန်းက **"ကိံသု တသ္သ မဟဗ္ဘယံ"** အဲဒီလို တွယ်ကပ်နေပြီဆိုရင် ကြောက်စရာကောင်းတဲ့အရာဟာ

https://dhammadownload.com



ဘာလဲ?၊ တွယ်ကပ်မိပြီဆိုရင်ဘာတွေဖြစ်လာမလဲ၊ ကြောက်စရာကြီးက ဘာလဲ။

မြတ်စွာဘုရားက **"ဒုက္ခ မသ္သ မဟဗ္ဘယံ"** အေး-တွယ်ကပ်ပြီဆိုရင် ဒုက္ခဖြစ်ပြီပေါ့၊ အဲဒီဒုက္ခကို တဝဲလည်လည်ပဲ ခံပေရော့၊ လိုချင်နေရင် ဒီဘဝမှာလည်း ဒုက္ခရောက်တာပဲ၊ ဘဝအဆက်ဆက်မှာလည်း ဒုက္ခတွေရောက်တယ်၊ အခုရနေသမျှ ဒုက္ခတွေဟာ လိုချင်လို့ရနေတာချည်းပဲ၊ တဏှာတွယ်တာမှုကြောင့်ဖြစ်တဲ့ ဒုက္ခတွေချည်းပဲ၊ ဒါကြောင့်မို့လို့ တဏှာကို ဒုက္ခသမုဒယလို့ မြတ်စွာဘုရားက ဟောထားတာ၊ ဒုက္ခလောက် ကြီးကျယ်တဲ့ အရာ ဘယ်ရှိမလဲပေါ့၊ ပြဿနာထဲမှာ သူကအကြီးမားဆုံး။

လူတွေက ထင်ကြတယ်ပေါ့၊ "ငါ့မှာ အိမ်ရှိတယ် တိုက်ရှိတယ် နေစရာရှိတယ် ကားရှိတယ် စားစရာရှိတယ်၊ သားတွေ သမီးတွေလည်းရှိတယ်၊ ဘာမှမပူရဘူး" ဒီလိုပဲ ထင်တာပေါ့၊ ဘာမှမပူရဘူးဆိုပြီးနေတာ၊ သို့သော် ဘာမှ မပူရဘူးဆိုတဲ့လူဟာ နောက်ဆုံးအဆုံးသတ်မှာ ဘာတွေဖြစ်ရတုန်း၊ တဖြည်းဖြည်း အိုလာတာ ပူစရာပဲ၊ တဖြည်းဖြည်း နာလာတာလည်း ပူစရာပဲ၊ နောက်ဆုံး သေဆုံးသွားတာလည်း ပူစရာပဲ။

အေး- လူတွေကတော့ ထင်တယ်၊ ဒါသဘာဝပဲ လူ့ဘဝဖြစ်လာရင် ဒီလိုပဲ၊ **သဘာဝလို့ ထင်နေတာကိုက အဝိဇ္ဇာပိတ်ဆို့ခံထားရလို့** ဒီလိုထင်တာပဲ၊ အပိတ်အဆို့ မခံရဘူးဆိုရင် သဘာဝလို့ မမြင်ဘူး၊ ဘယ်လိုမြင်တုန်း problem လို့ မြင်မယ်၊

https://dhammadownload.com



ပြဿနာလို့ မြင်တယ်၊ ပြဿနာလို့မြင်လို့ရှိရင် ဖြေရှင်းဖို့ ကြိုးစားလာတာပဲပေ့ါ။

ဘုရားအလောင်းတွေကျတော့ ပြဿနာလို့မြင်တာ၊ အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲကို ပြဿနာလို့ပဲ မြင်တယ်၊ သဘာဝလို့ မမြင်ဘူး၊ အဲဒါကြောင့် ဖြေရှင်းဖို့ ကြိုးစားတာ။

ဘဝကို ရတာဟာ မဆုံးနိုင်တဲ့ဒုက္ခကြီး ရ,ထားတာ၊ ဒါ ကြောက်စရာဘေးကြီးတစ်ခုပဲပေ့ါ၊ ဒီဒုက္ခကြီးကို ဘယ်သူက ပေးတုန်းဆိုရင် ဇပ္ပလို့ခေါ်တဲ့ တဏှာက ပေးတာတဲ့၊ အဲဒီတော့ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေက တစ်ထပ်တည်းတွေ ချည်းပဲ၊ **ဒုက္ခသမုဒယ** ဆိုတာ တဏှာပဲ။

## နံပါတ် ၅-မေးခွန်းနှင့် နံပါတ် ၆-မေးခွန်း

မေးပြီး နောက်တစ်ခုမေးခွန်းက "**သဝန္တိ သဗ္ဗဓိ သောတာ**" မစင်ကြယ်မှုတွေ ကိလေသာတွေဟာ လူတွေမှာ အမြဲတမ်းစီးဝင်နေတဲ့သဘောရှိတယ်။ ဒါကြောင့်မို့ **သောတ** ရေစီး၊ လျှပ်စစ်မီးကြိုးတွေထဲမှာ electric current တွေဟာ စီးဝင်နေသလိုပဲ၊ စီးဝင်နေရင် အန္တရာယ်ရှိတယ်၊ သွားကိုင်လိုက်တာနဲ့ ဓာတ်လိုက်မယ် ဟုတ်ကဲ့လား၊ လျှပ်စစ်မီးကြိုးထဲမှာ လျှပ်စစ်ဓာတ်အားတွေ စီးဝင်နေတယ်၊ အဲဒီ စီးဝင်နေတာဟာ သွားထိရင် အန္တရာယ်ပေးနိုင်တယ်။

https://dhammadownload.com



ဘုန်းကြီးတို့သန္တာန်မှာလည်းပဲ ဘာတွေ စီးဝင်နေသလဲ ဆိုရင် ကြည့်လေ- မျက်စိက အဆင်းကို မြင်လိုက်တဲ့အခါမှာ လိုချင်တဲ့ တဏှာဆိုတာ စီးဝင်လာတာပဲ၊ မုန်းတီးတဲ့ဒေါသ စီးဝင်လာတာပဲ၊ နားကကြားတဲ့အသံ နှာခေါင်းက အနံ့ရတဲ့အနံ့ ကြိုက်မကြိုက်ပေါ်မှာ လောဘဖြစ်လိုက် ဒေါသဖြစ်လိုက်၊ ဒါတွေက လောဘတွေက စီးဝင်နေတာ၊ ဒေါသတွေက စီးဝင်နေတာ၊ စီးဝင်နေလို့ သောတ (current) လို့ ခေါ်တာပဲ၊ မျက်စိက စီးဝင်တယ်၊ နားက စီးဝင်တယ်၊ နှာခေါင်းက စီးဝင်တယ်၊ လျှာက စီးဝင်တယ်။

ရန်ကုန်မြို့မှာ restaurant စားသောက်ဆိုင်တွေ အများကြီး ပဲလေ၊ လျှာကနေပြီး လိုချင်တပ်မက်မှုတွေ စီးဝင်နေတာ၊ အခု မြန်မာထမင်းဟင်းတင် မကဘူး၊ ကိုရီးယား အစားအစာတဲ့၊ ဗီယက်နမ်အစားအစာတဲ့၊ အမျိုးကိုစုံနေအောင် မြန်မာလူမျိုး တွေက အကုန်လုံး စားကြတယ်၊ ခန္ဓာကိုယ်ဟာလည်း အထိ အတွေ့နဲ့ ပတ်သက်လို့ စီးဝင်တယ်၊ စိတ်ကူးစိတ်သန်းတွေဟာ လည်း စီးဝင်တယ်၊ အဲဒါကို မြတ်စွာဘုရားက **"သဝန္တိ သဗ္ဗဓိ သောတာ**= အရာခပ်သိမ်းမှာ ဒါတွေစီးဝင်နေတယ်" တဲ့။

အဇိတက သူ ဒါကိုသတိပြုမိတယ်၊ အဲဒီလို စီးဝင်နေတာ တွေကို ဘာနဲ့ပိတ်ဆို့မလဲတဲ့၊ မျက်စိက မြင်ပြီးတော့ လောဘ ဖြစ်တယ်၊ ဒေါသဖြစ်တယ်၊ နားကကြားပြီးတော့ လောဘဖြစ် တယ်၊ ဒေါသဖြစ်တယ်၊ ဒီလို စီးဝင်နေတဲ့ စီးဝင်မှုတွေကို

https://dhammadownload.com



**"သောတာနံ ကိံနိဝါရဏံ"** ဘာနဲ့တားမြစ်မလဲတဲ့၊ ဘာနဲ့ ပိတ်ဆို့မလဲ၊ မစီးဝင်နိုင်အောင် ဘာနဲ့ပိတ်မလဲလို့မေးတာ။

မြတ်စွာဘုရားက ဖြေတယ်၊ **"သတိ တေသံ နိဝါရဏံ"** သတိနဲ့ပိတ်ပါ၊ သတိထားလို့ ပြောတာနော်။ လက်တွေ့ကျင့်သုံးကြည့်ပေါ့၊ မျက်စိက လောဘဖြစ်လာရင် သတိထားပေါ့၊ သတိထားလိုက်တာနဲ့ တစ်ပြိုင်နက် လောဘက ဆက်ပြီးတော့ ဝင်လို့မရတော့ဘူး၊ ဒေါသဆက်ပြီးတော့ ဖြစ်လို့မရတော့ဘူး၊ မျက်စိက မြင်တဲ့အာရုံ နားကကြားတဲ့အာရုံမှာ လောဘမဖြစ်အောင် ဒေါသမဖြစ်အောင် သတိထားရမယ်၊ အဲဒီ သတိနဲ့ပဲ ပိတ်ဆို့ပါ၊ မပိတ်ဆို့လို့ရှိရင် သူက ဝင်လာလိမ့်မယ်တဲ့၊ မြတ်စွာဘုရားက အဲဒီလို သတိနဲ့ပိတ်ဆို့ရမယ်လို့ ဟောတယ်။

အဲဒီလိုဆို့ပိတ်တဲ့အရာပေါ်မှာ တကယ့်ကို လုံးဝပိတ်ဆို့နိုင်တဲ့ အရာကျတော့ သတိတစ်ခုတည်းနဲ့မလုံလောက်ဘူး၊ သတိက စောင့်ကြည့်ရုံလေးပဲ ကြည့်နိုင်တယ်၊ လုံးဝမဝင်နိုင်အောင် ဘာနဲ့ပိတ်ရမလဲ **"သောတာနံ သံဝရံ ဗြူဟိ၊ ကေန သောတာ ပိဓိယျရေ"**

မြတ်စွာဘုရားက ဖြေတယ်၊ **"သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယျရေ"** ပညာနဲ့ပိတ်ပါတဲ့၊ အဲဒီတော့ ပညာမပါလို့ကတော့ မရဘူး၊ သတိနဲ့ပညာဆိုတာ တစ်ခုနဲ့တစ်ခု အထောက်အကူပြုကြတယ်။

သတိရဲ့လုပ်ငန်းက အာရုံရဲ့သဘာဝကို အမှတ်ရရုံပဲ ရနိုင်တယ်၊ သူကအာရုံရဲ့သဘာဝကိုမသိဘူး၊ ပညာကျတော့ အာရုံကို

https://dhammadownload.com



အမှတ်မရဘူး၊ သိရုံပဲသိတယ်။ သို့သော် သတိနဲ့ပညာဟာ တစ်ခုနဲ့တစ်ခုအထောက်ကူပြုရတယ်၊ ဥပမာ တရားစာအုပ်လေး တစ်အုပ် ဖတ်ချင်တယ်၊ ကိုယ်ဖတ်ချင်တဲ့ စာမျက်နှာကို ဖတ်တဲ့ အခါမှာ မျက်စိနဲ့ကြည့်မယ်၊ သို့သော် မျက်စိက စာအုပ်ကို ဖွင့်မပေးနိုင်ဘူး၊ ကိုယ်ဖတ်ချင်တဲ့ စာမျက်နှာကိုတော့ မျက်စိက ကြည့်ပေးလို့ ရတယ်လေ၊ သို့သော် ဖွင့်မပေးနိုင်ဘူး၊ လက်က ဖွင့်ပေးရတယ်၊ သို့သော် လက်က စာမဖတ်တတ်ဘူး၊ မျက်စိက ကြည့်ရတယ်နော်၊ ဒီ ၂-ခု ပူးပေါင်းပြီး လုပ်ကြရတယ်၊ လက်က ဖွင့်ပေးတယ်၊ မျက်စိက ကြည့်တယ်။

အဲဒီလိုပဲ သတိက အာရုံကိုဦးတည်ပြီး အမှတ်ရပေးတယ်၊ ပညာကသိတယ်၊ ဒီ၂-ခု ပူးပေါင်းပြီး ဆောင်ရွက်ကြတာ၊ သတိရဲ့ အလုပ်က အာရုံနဲ့စိတ်ကို ကပ်ပေးရုံပဲ၊ ဒီ့ထက်ပိုမလုပ်နိုင်ဘူး၊ ပညာက အာရုံနဲ့စိတ်ကို ကပ်ပေးနိုင်တဲ့ စွမ်းရည်သတ္တိ မရှိဘူး၊ အာရုံနဲ့စိတ်ကို သတိကကပ်ပေးလို့ရှိရင် သူက အာရုံရဲ့သဘာဝ ကို သိနိုင်စွမ်းရှိတယ်။

သတိ ပညာ ၂-ခု ပူးပေါင်းပြီး အလုပ်လုပ်မယ်ဆိုရင် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတာတွေမှာ ဘာတွေစီးဝင်တယ် ဆိုတာ သတိက information ပေးလိမ့်မယ်၊ သတိ information ပေးတာကို ပညာကသိပြီး မကောင်းရင် ဖယ်ထုတ်မယ်၊ ကောင်း ရင် ဆက်လက်ကျင့်သုံးမယ်၊ အဲဒါကျတော့ ပညာရဲ့အလုပ် ဖြစ်တယ်။ အဲဒီ ၂-ခု ပူးပေါင်းပြီးလုပ်တော့မှ ခုနက မပြတ်

https://dhammadownload.com



စီးဝင်နေတဲ့ အကုသိုလ်တွေကို ပိတ်ဆို့ပြီးသား ဖြစ်ပါတယ်တဲ့၊ ဒီစီးဝင်နေတာကို ဘာနဲ့ပိတ်ဆို့မလဲ၊ ဘာနဲ့တားမလဲ၊ သတိနဲ့ ပိတ်ဆို့မယ် တားမယ်လို့ဖြေတယ်၊ အဲဒီစီးဝင်တာတွေကို အပြီး သတ် ပိတ်ဆို့ပစ်ရင် ဘာနဲ့ ပိတ်ဆို့မလဲဆိုတော့ ပညာနဲ့ ပိတ်ဆို့ ရမယ်တဲ့၊ ဒါ မြတ်စွာဘုရားက ဖြေတာ။

## နံပါတ် ၇–မေးခွန်း

နောက် သူကဘာမေးသလဲဆိုရင် **"ကတ္ထေတံ ဥပရုဇ္ဈတိ"** ကောင်းပါပြီတဲ့၊ "အဲဒီ သတိပညာတွေက ဘယ်နေရာမှာ နောက်ဆုံး ချုပ်ငြိမ်းကြသလဲ၊ အာရုံကိုသိတတ်တဲ့ နာမ်တရား တွေ၊ အာရုံကိုမသိတတ်တဲ့ ရုပ်တရားတွေဟာ ဘယ်မှာသွား ချုပ်ငြိမ်းသလဲတဲ့၊ သူတို့ကို လုံးဝမပေါ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဘယ်မှာ သူတို့ဟာ အပြီးသတ်ချုပ်ငြိမ်းကြသလဲတဲ့။

မြတ်စွာဘုရားက ဖြေတယ်-

**ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ၊**
**ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။**

ရုပ်တရား နာမ်တရားတွေ အကြွင်းမဲ့ချုပ်ငြိမ်းတဲ့အခါ ဝိညာဏ်လို့ဆိုတဲ့ အသိစိတ် ချုပ်သွားတဲ့အခါ သတိ ပညာ ရုပ် နာမ် အားလုံး ချုပ်တာပဲ။

ဒါ ဘာဖြေတာတုန်းဆိုရင် ပဋိစ္စသမုပ္ပါဒ်ကြည့် **"ဝိညာဏ-ပစ္စယာ နာမရူပံ"**နော်၊ **ဝိညာဏ** ဆိုတဲ့ အသိစိတ်ရှိလာရင်

https://dhammadownload.com



နာမ်တွေ ရုပ်တွေ ဖြစ်လာမှာပဲ၊ **“ဝိညာဏနိရောဓာ နာမရူပ-နိရောဓော၊”** **ဝိညာဏ** ဆိုတဲ့ အသိစိတ် ချုပ်ငြိမ်းတာနဲ့ တစ်ပြိုင်နက် **နာမရူပ** ဆိုတာ ချုပ်ငြိမ်းသွားတယ်လို့ ဒီလို နိရောဓသစ္စာပိုင်းမှာ မြတ်စွာဘုရားက သူ့ရဲ့မေးခွန်းကို ဖြေလိုက်တယ်။

မေးခွန်းနဲ့အဖြေက တိုတောင်းပေမယ့်လို့ ချဲ့ပြီးပြောမယ် ဆိုရင် ဒါ ဝိပဿနာကျင့်စဉ်ကြီးတစ်ခုပဲပေါ့၊ သူ့ဟာသူ ချုပ်ငြိမ်းတာတော့ မဟုတ်ဘူးပေါ့၊ ဝိညာဏကို ဘယ်လိုချုပ်ငြိမ်းအောင် လုပ်ရမလဲဆိုရင် ခုနက မဂ္ဂင် ၈-ပါးအကျင့်တရားပဲပေါ့၊ ဒါကို ကျင့်ရမှာပေါ့၊ အဲဒီလို ကျင့်တယ်ဆိုတဲ့အခါမှာ ပထမ ဘာကို ချုပ်အောင် လုပ်ရမလဲဆိုရင် မသိတာကို ချုပ်အောင်လုပ်ရမယ်။

မသိတာချုပ်ပြီ ဆိုတဲ့အခါကျလို့ရှိရင် ဒီ မသိတာကို အကြောင်းပြုပြီး မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ် အကုသိုလ်ဆိုတဲ့ ကံတရားတွေ ချုပ်တယ်။ အဲဒီ ကံတရားတွေ ချုပ်ပြီဆိုမှ ဝိညာဏချုပ်မှာ၊ ဝိညာဏချုပ်ပြီ ဆိုတော့မှ နာမ်တရားတွေ ရုပ်တရားတွေ ချုပ်မှာ၊ နာမ်တရားတွေ ရုပ်တရားတွေချုပ်မှ ပြင်ပနဲ့ဆက်သွယ်မှုပြုတဲ့ organs တွေ အင်္ဂါရပ်တွေ ချုပ်မယ်၊ အင်္ဂါရပ်တွေချုပ်မှ ဖဿဆိုတဲ့ ဆက်သွယ်မှုတွေ ချုပ်မယ်၊ ဖဿ ဆက်သွယ်မှုချုပ်မှ ခံစားမှုဆိုတဲ့ ဝေဒနာတွေ ချုပ်မယ်၊ ခံစားမှု ဝေဒနာချုပ်မှ တဏှာဆိုတဲ့ တွယ်တာမှု ချုပ်မယ်၊ တွယ်တာမှု ချုပ်မှ ဥပါဒါနလို့ခေါ်တဲ့ စွဲလမ်းမှုတွေ ချုပ်မယ်။ ဥပါဒါန်ပါချုပ်မှ

https://dhammadownload.com



ဘဝဆိုတာ ချုပ်ငြိမ်းသွားမှာပေါ့၊ ကမ္မဘဝ ဥပပတ္တိဘဝတွေ ချုပ်ငြိမ်းသွားမှာပေါ့၊ ဒီလိုဆိုလိုတာပေါ့။

ဒီမေးခွန်းမှာလည်း ပဋိစ္စသမုပ္ပါဒ်နဲ့ ဖြေလိုက်တာ၊ အဲဒီလို ဖြေပြီးတဲ့နောက်မှာ သူမေးလိုက်တဲ့မေးခွန်းက နိဗ္ဗာန်ထိအောင် ရည်ညွှန်းတဲ့မေးခွန်းပဲ ဖြစ်တယ်။ ဒါပေမယ့်လို့ သူ့အသိဉာဏ်က မရင့်ကျက်သေးတော့ သူထပ်ပြီး မေးနေပြန်တယ်။

## နံပါတ် ၈–မေးခွန်း

ဘာတွေမေးတုန်းဆိုရင်-

**ယေ စ သင်္ခါတဓမ္မာသေ၊ ယေစ သေခါ ပုထူ ဣဓ၊**

**တေသံ မေ နိပကော ဣရိယံ၊ ပုဋ္ဌော ပဗြူဟိ မာရိသ။**

"အဲဒီလိုချုပ်တာ ဟုတ်ပြီ၊ ချုပ်တဲ့နည်းလမ်းရော ရှိရဲ့လား၊ ချုပ်သွားတဲ့ပုဂ္ဂိုလ်တွေရောရှိလား"

**သင်္ခါတဓမ္မ** ဆိုတာ တရားမွေ့နဲ့ ပတ်သက်ပြီးတော့ လေ့လာပြီးတဲ့ပုဂ္ဂိုလ်၊ ဆိုပါစို့-ခုခေတ်လိုပြောမယ်ဆိုရင် research လုပ်ထားတဲ့ပုဂ္ဂိုလ်ပေါ့၊ တရားအားထုတ်တယ်ဆိုတာ research လုပ်တာပဲလေ၊ တကယ်ကို research ပဲ၊ အကြောင်းကို ရှာတယ်၊ တကယ့်သဘာဝကို တွေ့အောင်ကြည့်တယ်၊ ဒါ research ပဲပေါ့၊ အဲဒါကို သင်္ခါတဓမ္မ research လုပ်ပြီးပြီ၊ တကယ့်ကို ရုပ်တရား နာမ်တရား အကြောင်းတွေကို ကျကျနန သိထားတဲ့ပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ်လို့ ဆိုလိုတယ်။

https://dhammadownload.com



**သေက္ခ**ဆိုတာ လေ့လာဆဲပုဂ္ဂိုလ်၊ လေ့လာမှုမပြီးသေးဘူး၊ သဘာဝတရားတွေကို လေ့လာနေတာ အပြီးမသတ်သေးဘူး၊ **"တေသံ မေ နိပကော"** အဲဒီပုဂ္ဂိုလ်တွေ ကျင့်တဲ့အကျင့်ကို မေးပါတယ်။ ကျင့်နေဆဲပုဂ္ဂိုလ်တွေ ကျင့်ပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုနည်းနဲ့ ဘာကို ကျင့်သုံးသွားကြတာတုန်း၊ အဲဒါကို ဖြေစမ်းပါဦး။

အဲဒါကို မြတ်စွာဘုရားက ဖြေတယ်၊ **"ကာမေသု နာဘိဂိဇ္ဈေယျ"** ရုပ်နာမ်တွေဆိုတဲ့ ဒီဒုက္ခတွေ ငြိမ်းသွားအောင် လုပ်မယ်ဆိုရင် အရေးကြီးဆုံးအချက်ကဘာတုန်းဆိုရင် မျက်စိက မြင်ရတဲ့ အာရုံတွေပေါ်မှာ မတပ်မက်နဲ့၊ နားကကြားရတဲ့ အသံတွေပေါ်မှာ မတပ်မက်နဲ့၊ နှာခေါင်းက နမ်းရှူရတဲ့အနံ့တွေ၊ လျှာကလျက်ရတဲ့ အရသာတွေ၊ ခန္ဓာကိုယ်က ထိတွေ့ရတဲ့ အထိအတွေ့တွေ၊ စိတ်ကူးထဲမှာပေါ်လာတဲ့ နှစ်သက်စရာအာရုံတွေ၊ ဒါတွေပေါ်မှာ မတပ်မက်နဲ့တဲ့၊ တပ်မက်မှုရှိနေသမျှ လောဘဆိုတာ လာဦးမှာပဲ၊ ကြိုက်မကြိုက် ၂-ခု လာဦးမှာပဲ၊ အဲဒါကြောင့်မို့လို့ အာရုံတရား ကာမဂုဏ်တရားတွေပေါ်မှာ တပ်မက်မှုကို ပထမဖယ်ရှားပစ်ရမယ်လို့ ဆိုလိုတာ။

ဒါကြောင့်မို့လို့ တရားကျင့်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ retreat ဝင်ရတယ်၊ ၁၀-ရက်စခန်းဝင်တာတို့ ဘာတို့ပေါ့လေ၊ တောသွားကျင့်တယ်ဆိုတာ အာရုံတွေကို ဒီတပ်မက်မှုတွေနဲ့ ပါးသွားအောင် ဆိတ်ငြိမ်တဲ့နေရာမှာ အာရုံငါးပါးမလိုက်စားဘဲနဲ့ စိတ်ကို တရားဓမ္မပေါ်မှာ ငြိမ်အောင်လုပ်ကြတာပေါ့၊ အဲဒါကို

https://dhammadownload.com



ပြောတာ၊ ပထမ ကာမဂုဏ် အာရုံတွေပေါ်မှာ တပ်မက်မှုကို ဖယ်ရှားနိုင်ရမယ်တဲ့။

နောက်တစ်ခုက **"မနသာ နာ'ဝိလော သိယာ"** အေး- ကာမဂုဏ်အာရုံတွေကို ဖယ်ရှားလိုက်ပြီ၊ ဒါပေမယ့် စိတ်ထဲမှာ နောက်ကျုနေတဲ့ စိတ်ရဲ့ impurity ၁၄-မျိုးရှိတယ်၊ **မာန** ဆိုတာလည်း impurity တစ်ခုပဲ၊ မနာလိုတဲ့ **ဣဿာ** ဆိုတာလည်း impurity တစ်ခုပဲ၊ **ဥဒ္ဓစ္စ**ဆိုတာ စိတ်လေလွင့်တာ၊ **ဝိစိကိစ္ဆာ** ဆိုတာ သံသယဖြစ်တာ၊ ဒါတွေက အကုန်လုံး impurity တွေပဲ၊ လောဘ ဒေါသ မောဟ impurity တွေပဲ၊ တရားနဲ့တွေ့လို့ ငိုက်တယ် အိပ်ချင်တယ်၊ ထိန မိဒ္ဓ impurity ပေါ့၊ အဲဒီလို impurity တွေ စိတ်ရဲ့ အညစ်အနောက်တွေကို အကုန်လုံး ဖယ်ရှားပစ်နိုင်ရမယ်၊ ဒါတွေဖယ်ရှားဖို့ ကျင့်ရမှာ။

အဲဒီတော့ ဒါတွေကိုဖယ်ရှားဖို့ ဘာနဲ့ဖယ်မတုန်းဆိုရင် ဝင်လေ ထွက်လေပေါ်မှာ အာရုံစိုက်ပြီးတော့ သမာဓိစွမ်းအားတွေ တက်လာအောင် လုပ်ရတယ်။ အဲဒီကနေ ဒီ့ထက်အစွမ်းထက်လာလို့ရှိရင် ဒီထက်ပိုပြီးတော့ ဖျောက်နိုင်တယ်၊ သမာဓိ ထူထောင်ပြီးတော့ စိတ်ရဲ့အညစ်အကြေးတွေကို ပယ်ဖျောက်ရမယ်။

အဲဒီလို ကျင့်လိုက်တဲ့အခါမှာ **"ကုသလော သဗ္ဗဓမ္မာနံ"** သဘာဝတရားအားလုံးမှာ လိမ္မာကျွမ်းကျင်သွားတယ်၊ သိတယ်၊ ဘယ်သဘာဝတရားဟာ ဘာကြောင့်ဖြစ်တယ်၊ ဘာကို အခြေခံပြီးတော့ ဘယ်လိုဖြစ်တယ်၊ ဖြစ်လာလို့ရှိရင် ဘယ်လိုပျက်သွား

https://dhammadownload.com



တယ်၊ ဖြစ်လာတဲ့ သဘာဝတရားတွေဟာ တစ်ခုမှမမြဲဘူးဆိုတာ လိမ္မာကျွမ်းကျင်တဲ့ အသိဉာဏ်တစ်ခု ရလာပြီ။ အဲဒီလို ရလာအောင် ဘာလုပ်ရမလဲ၊ သတိကြီးစွာထားရမယ်။

မြတ်စွာဘုရားက သတိပဋ္ဌာန်သုတ်မှာ **"ကာယေ ကာယာနုပဿီ ဝိဟရတိ။"** ကာယ ဝေဒနာ စိတ္တ ဓမ္မ လို့ဆိုတဲ့ ဒီအာရုံလေးမျိုးပေါ်မှာ သတိကပ်ပြီးတော့ အသိဉာဏ်နဲ့တွဲဖက်ပြီး အလုပ်လုပ်သွားမယ် ဆိုလို့ရှိရင် ခုနကပြောတဲ့ ရုပ်နာမ်တွေချုပ်တဲ့ အဆင့်ကို ရောက်သွားနိုင်ပါတယ်၊ ဒါ ကျင့်စဉ်ကို အကျဉ်းချုပ် ဟောလိုက်တာ။

အဲဒီမှာ - ဒီကျင့်စဉ်ကို ပြန်ပြီးကြည့်မယ်ဆိုရင် **နံပါတ်(၁) "ကာမေသု နာဘိဂိဇ္ဈေယျ"** ကာမအာရုံတို့အပေါ် မတပ်မက်ရဘူး၊ သဘာဝကို အမှန်အတိုင်း နားလည်ခြင်း၊ right understanding လို့ခေါ်တဲ့ **သမ္မာဒိဋ္ဌိ**၊ အဲဒီ **သမ္မာဒိဋ္ဌိ** မှန်မှန်ကန်ကန် မြင်လာတယ်၊ မှန်မှန်ကန်ကန်မြင်လာတဲ့အခါ မှန်မှန်ကန်ကန် စဉ်းစားတယ်၊ မှန်မှန်ကန်ကန် စဉ်းစားတယ်ဆိုတာ ကာမဂုဏ်အာရုံနဲ့ပတ်သက်တဲ့အတွေးတွေ မတွေးဘူး၊ ဒေါသနဲ့ပတ်သက်တဲ့ အတွေးတွေ မတွေးဘူး၊ ညှင်းဆဲလိုတဲ့အတွေးတွေ မတွေးဘူး၊ မှန်မှန်ကန်ကန်တွေးတယ်၊ ဒါကြည့်မယ်ဆိုရင် မဂ္ဂင်ရှစ်ပါးပဲပေါ့။

ကာမဂုဏ် အာရုံတွေပေါ်မှာ တပ်မက်မှုမရှိအောင်ထိန်းဆိုတာ ဘာနဲ့ထိန်းရမလဲ၊ မဂ္ဂင်ရှစ်ပါးနဲ့ပဲ ထိန်းတာပဲ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ(ကိုယ်ကျင့်သီလ)၊ သမ္မာဝါယာမ၊ စိတ်တွေဟာ ကာမဂုဏ်အာရုံဘက် မရောက်အောင် **သမ္မာဝါယာမ**

https://dhammadownload.com



က ထိန်းတယ်၊ ဒါတွေမဖြစ်အောင်ကြိုးစားမယ်၊ အဲဒီလို ထိန်းတဲ့ အခါမှာ **သမ္မာသတိ** ကနေပြီးတော့ ညှိပေးတယ်၊ **သမ္မာသမာဓိ** က သမထအာရုံတစ်ခုတည်းပေါ်မှာ ငြိမ်အောင် လုပ်ပေးထား တယ်၊ **သမ္မာသင်္ကပ္ပ** က မှန်မှန်ကန်ကန် စဉ်းစားတယ်ဆိုတော့ **သမ္မာဒိဋ္ဌိ**က မှန်မှန်ကန်ကန် မြင်တယ်၊ ဒါတွေနဲ့ပဲ လုပ်ရမှာပဲ။ ဒီမဂ္ဂင်ရှစ်ပါးအကျင့်တရားကိုပဲ မြတ်စွာဘုရားက ဒီနေရာမှာ အချက် ၃-ချက် ထားပြီးတော့ ဖြေလိုက်တယ်၊ မှန်ကန်တဲ့အကျင့် ဆိုတာ ဘာလဲတဲ့၊ ကာမဂုဏ်အာရုံတွေပေါ်မှာ မတပ်မက်အောင် ကြိုးစားရမယ်။

**နံပါတ် (၂)**က **'မနသာနာဝိလော သိယာ'** စိတ်ရဲ့အညစ် အကြေးတွေ မဖြစ်စေနဲ့တဲ့၊ ဟော- ဒါ သမ္မာဒိဋ္ဌိကို ဦးဆောင် ပြီးတော့ ပေးလိုက်တဲ့သဘောပဲ၊ စိတ်ထဲက အညစ်အကြေးတွေ မဖြစ်စေနဲ့တဲ့။

(၃) **'ကုသလော သဗ္ဗဓမ္မာနံ'** သမ္မာဒိဋ္ဌိကို ပြောတာပဲ၊ သဘာဝတရားတွေကို အမှန်ကျွမ်းကျင်တဲ့ အသိဉာဏ်ရှိအောင် လုပ်တဲ့၊ အဲဒီလို အသိဉာဏ်ရှိဖို့အတွက် ဘာအထောက်အကူ ယူရမတုန်းဆိုရင် **'သတော ဘိက္ခု ပရိဗ္ဗဇေ'** သတိကြီးကြီးနဲ့ လုပ်ပါဆိုတော့ တကယ်ခြုံပြီးတော့ ကြည့်လိုက်မယ်ဆိုရင် ဒါ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဟောတာပါပဲ။

အဲဒီလို ကျင့်ကြံကြိုးကုတ်အားထုတ်မယ်ဆိုရင်တဲ့ ရုပ်တွေ နာမ်တွေဟာ အပြီးသတ် ချုပ်သွားပါလိမ့်မယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါလိမ့်မယ်လို့ ဟောတာဖြစ်တယ်။

https://dhammadownload.com



မြတ်စွာဘုရားက မေးခွန်းရှစ်ချက်ကို အသီးသီး အဖြေထုတ်ပေးလိုက်တဲ့အခါမှာ အဇိတဆိုတဲ့ရသေ့ကြီးဟာ သူ့တပည့် ၁၀၀၀ နှင့်အတူတကွ အသိဉာဏ်တွေပေါက်ပြီး တစ်ထိုင်တည်းမှာပဲ မဂ်လေးပါး ဖိုလ်လေးပါး ဆင့်ကဲဆင့်ကဲ မျက်မှောက်ပြုပြီး ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားပါတယ်တဲ့။

ရဟန္တာလည်းဖြစ်သွားရော မြတ်စွာဘုရားက '**ဧဟိ ဘိက္ခု**' ခေါ်တယ်လို့ အဋ္ဌကထာမှာမဆိုဘူး။ ပါဠိတော်မှာလည်း ဒါတွေမရေးတော့ဘူး၊ သို့သော် တရားထူး တရားမြတ်ရတယ်ဆိုရင် အရှင်ကောဏ္ဍည ထုံးစံပဲ၊ တရားရသွားတာနဲ့ တစ်ပြိုင်နက် "အရှင်ဘုရား၊ တပည့်တော်ကို သာသနာ့ဘောင် ဝင်ခွင့်ပြုပါ"လို့ ခွင့်တောင်းရင် မြတ်စွာဘုရားက "**ဧဟိ ဘိက္ခု**" လို့ ခေါ်မယ်။

ရဟန္တာဖြစ်တာနဲ့ တစ်ပြိုင်နက် ဆံကေသာ ထူလပျစ် မုတ်ဆိတ်ဖားလျားကြီးတွေ အကုန်ပျောက်ပြီး တန်ခိုးဖြင့်ပြီးတဲ့ သပိတ်သင်္ကန်း ဝတ်ဆင်လျက် ရဟန္တာပုဂ္ဂိုလ် အသွင် သဏ္ဌာန် ရသွားပါတယ်။

ကျန်တဲ့ ပုဂ္ဂိုလ်တွေဟာလည်းပဲ ဒီ မေးခွန်းအဖြေကို နာရင်းကနေပြီး ဓမ္မစက္ခုဆိုတဲ့ တရားမျက်စိတွေ ရရှိပြီးတော့ သွားကြတယ်လို့တော့ အဋ္ဌကထာမှာ ဒီလိုမှတ်တမ်း တင်ထားပါတယ်။

အဇိတ ဆိုတဲ့ ရသေ့ဟာ သူ့တပည့် အခြံအရံ ၁၀၀၀ နဲ့ အတူတကွ သူဟာ ဒီမေးခွန်းနဲ့ အဖြေအဆုံးမှာပဲ ရဟန္တာ

https://dhammadownload.com



ဖြစ်သွားတယ်။ ဒီကနေ့ အဇိတရဲ့ မေးခွန်းကို မြတ်စွာဘုရား ဖြေပုံဖြေနည်းကို ရှင်းလင်းဟောကြားခြင်း ဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင် ပရိသတ်တို့သည် မေးခွန်းနှင့် အဖြေများကို ကြားနာရသဖြင့် မိမိတို့သန္တာန်မှာ အသိဉာဏ်များ ရရှိပြီး မှန်ကန်တဲ့အကျင့်ကိုကျင့်ခြင်းဖြင့် မှန်ကန်တဲ့အငြိမ်းဓာတ် နိဗ္ဗာန်ချမ်းသာကို ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၃)

### (တိဿမေတ္တေယျနှင့် ပုဏ္ဏကတို့၏အမေးကို ဖြေဆိုခြင်း)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၀-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသိရိဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

ပါရာယနသုတ်ကို ပါဠိတော်အုပ်ရေ ၄၀-ထဲမှာ အပါအဝင်ဖြစ်တဲ့ **စူဠနိဒ္ဒေသပါဠိ** မှာ ဖွင့်ဆိုထားတာရှိတယ်။ စူဠနိဒ္ဒေသ မဟာနိဒ္ဒေသ ကျမ်း၂-ကျမ်းရှိတယ်၊ မဟာနိဒ္ဒေသကျမ်းက သုတ္တနိပါတ်မှာလာရှိတဲ့ အဋ္ဌကဝဂ်လာသုတ်တွေရဲ့

https://dhammadownload.com



အဓိပ္ပါယ်ကို ဖွင့်ဆိုတာ။ အဋ္ဌကထာ ဖွင့်ဆိုတဲ့နည်းနဲ့ မတူညီဘူး။ တစ်ပုံစံ ဖွင့်ဆိုထားတဲ့ ရှေးဟောင်းအဋ္ဌကထာတစ်ရပ်လို့ ပြောရမယ် ထင်ပါတယ်၊ အခု ပါရာယနဝဂ်တစ်ဝဂ်လုံးကို စူဠနိဒ္ဒေသပါဠိကျမ်းမှာ အဓိပ္ပါယ်ပြည့်စုံစွာ ဖွင့်ပြထားတယ်၊ ပါရာယနကို ဖွင့်ဆိုတဲ့ **သုတ္တနိပါတ်အဋ္ဌကထာ** ထက် ပိုပြီးတော့ ပြည့်စုံတယ်။

ပါရာယနသုတ်မှာလာတဲ့ တချို့ မေးခွန်းပုစ္ဆာတွေရဲ့ ရှင်းလင်းချက်ကိုလည်း ဗုဒ္ဓလက်ထက် ရဟန်းတော်တွေ ဆွေးနွေးခဲ့ကြတဲ့အကြောင်း မှတ်တမ်းရှိတော့ ဒီသုတ္တန်ဟာ ဘုရားလက်ထက်ကတည်းက ထင်ရှားတဲ့ သုတ္တန်တစ်ခုဖြစ်တယ် ဆိုတာ သိသာတယ်။

ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ်ဟောပြီး သိပ်မကြာခင် ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် ဗြာဟ္မဏရသေ့ ၁၆-ဦး (တစ်ဦးလျှင် တပည့်ပရိသတ် တစ်ထောင်စီ) အခြံအရံတွေနဲ့သွားကြတယ်၊ သူတို့ရဲ့ မေးခွန်းတွေကို ဖြေဆိုထားတဲ့ သုတ္တန်ဖြစ်လို့ ဗုဒ္ဓမြတ်စွာ သာသနာတော် တည်ထွန်းကာစက သုတ္တန်ကြီးတစ်ခုလို့ ပြောလို့ ရတယ်ပေါ့။

မနေ့ကဟောခဲ့တဲ့ "အဇိတရဲ့အမေးကို ဖြေဆိုခြင်း" မှာ "နာမ်ရုပ်တွေ ဘယ်မှာ အပြီးသတ်ချုပ်သလဲ" ဆိုတဲ့ အမေးကို **"ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ-** ဝိညာဏ်ချုပ်တဲ့ နေရာမှာ နာမ်ရုပ်တွေ အပြီးသတ်ချုပ်တယ်" လို့ ဖြေတယ်။ ပဋိစ္စသမုပ္ပါဒ်မှာလည်း **"ဝိညာဏနိရောဓာ နာမရူပ နိရောဓော"** လို့ဆိုတယ်၊ ဆိုလိုတာကတော့ နိဗ္ဗာန်မှာ ချုပ်တယ်ပေါ့။

https://dhammadownload.com



အဲဒီမှာ စူဠနိဒ္ဒေသ ပါဠိတော်မှာ ပါတာကို နည်းနည်း ဖြည့်စွက်ပြီးမှတ်ဖို့ ဒီကနေ့ ထပ်ပြောပါ့မယ်၊ မနေ့က သာမန်ပဲ ပြောခဲ့တယ်၊ **"ဝိညာဏနိရောဓာ နာမရူပနိရောဓော"**၊ အဲဒီ **ဝိညာဏနိရောဓာ** ဆိုတဲ့နေရာမှာ **ဝိညာဏ** ဆိုတာ **ဝိပါက ဝိညာဏ** ရှိသလို **ကမ္မဝိညာဏ** ဆိုတာလည်း ရှိတယ်၊ အဲဒီ **ကမ္မဝိညာဏ** ကိုပဲ စာပေမှာ **အဘိသင်္ခါရဝိညာဏ** လို့ သုံးတယ်၊ စူဠနိဒ္ဒေသပါဠိတော်မှာ **ဝိညာဏဿနိရောဓေန** ဆိုတဲ့နေရာမှာ ဝိညာဏကို **အဘိသင်္ခါရ ဝိညာဏ** လို့ ဆိုတယ်၊ **အဘိသင်္ခါရဝိညာဏ်** လို့ဆိုတဲ့ ကံတရား ချုပ်ငြိမ်းမှုကြောင့် နာမ်ရုပ်တွေအားလုံး ချုပ်တယ်လို့ ဒီလိုပြောတာ၊ အဲဒါလေး ဖြည့်စွက်ပြီးတော့ မှတ်ဖို့ပါ။

သောတာပတ္တိမဂ် ရလာတာနဲ့ တစ်ပြိုင်နက် ကံတွေရဲ့ အကျိုးပေးနိုင်တဲ့အတိုင်းအတာတစ်ခုဟာ ၇-ဘဝပဲ ရှိတော့တယ်၊ ၇-ဘဝ ဟိုဘက်မှာ ဒီ အဘိသင်္ခါရ ဝိညာဏတွေဟာ ဆက်ပြီးဖြစ်နိုင်ခြင်း မရှိတော့ဘူး။ ဘာကြောင့်လဲဆိုရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာကို ဖယ်ရှားလိုက်လို့ပဲ။

နောက် သကဒါဂါမ်ဖြစ်သွားလို့ ရှိရင်လည်းပဲ ကာမရာဂ ဗျာပါဒတွေ အားပျော့သွားသည့် အတွက်ကြောင့် တိုတောင်းသည့် ဘဝတစ်ခုတာမျှသာ **ကမ္မဝိညာဏ** က အလုပ်လုပ်နိုင်တော့တယ်။

အနာဂါမ် ဖြစ်လို့ရှိရင်လည်းပဲ ကာမဘုံက လုံးဝ လွတ်မြောက်သွားတယ်၊ ကာမဘုံကိုအကျိုးပေးမယ့် **အဘိသင်္ခါရ**

https://dhammadownload.com



**ဝိညာဏ်**တွေဟာ လုံးဝချုပ်သွားပြီ၊ ရူပဘုံ အရူပဘုံမှာ ထပ်ဖြစ်နိုင်သော်လည်း ဘဝမှာ အကြာကြီး ကျင်လည်ခြင်း မရှိတော့ဘူး၊ ကာမဘုံက လွတ်သွားပြီ။

ရဟန္တာဖြစ်သွားပြီဆိုရင် **အဘိသင်္ခါရဝိညာဏ်** လို့ဆိုတဲ့ ကံတွေဟာ အားလုံးချုပ်သွားတယ်၊ တကယ်တော့ ကံကုန်တယ်ဆိုတာဟာ ကိလေသာတွေကုန်သွားလို့ပဲ၊ **"ကိလေသနိရောဓေ ကမ္မနိရောဓော"** တဲ့၊ ကိလေသာတွေ ငြိမ်းလို့ ကံကငြိမ်းရတာ၊ ကိလေသာက ကုန်သွားသည့်အတွက်ကြောင့် ကံဟာ ပဋိသန္ဓေ အကျိုးပေးနိုင်ခြင်း မရှိတော့ဘူး၊ ဘဝတစ်ခုကို အကျိုးမပေးတာကို ပြောတာနော်။

ဆိုပါစို့ - မြတ်စွာဘုရားရဲ့သန္တာန်မှာ ကိလေသာတွေ ကုန်သွားတယ်၊ ကုန်သွားသည့် အတွက်ကြောင့် အတိတ်က online ဖြစ်နေတဲ့ ကံတွေဟာ လက်ရှိ ဘဝမှာ အကျိုးသက်ရောက်မှု ရှိနေသေးတယ်ပေါ့၊ ဒါကြောင့် မြတ်စွာဘုရားမှာ ခေါင်းတော်ခဲရခြင်း၊ ဝမ်းတော်လားရခြင်းဆိုတာ ဖြစ်တယ်။ ကံရဲ့အကျိုးဆက်တွေရှိနေတဲ့အချိန်မှာ ဒီကံကြမ္မာရဲ့နှောင့်ယှက်မှုလေးတွေ ရှိတာပေါ့။

ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးမှာ ကိလေသာတွေ ကုန်သွားသည့်အတွက်ကြောင့် သူ့သန္တာန်မှာဖြစ်ခဲ့တဲ့ကံတွေဟာ ဘဝတစ်ခု ဖန်တီးနိုင်လောက်အောင် စွမ်းရည်သတ္တိ မရှိဘူး၊ သို့သော် ဒုက္ခရောက်အောင်တော့ ကံတွေက လုပ်နိုင်သေးတယ်၊ အဲဒီ ကိလေသာနဲ့ ကံတို့ရဲ့အကျိုးဆက်ဟာ remain ဖြစ်နေ

https://dhammadownload.com



သေးလို့ ဒုက္ခပေးတာပါလို့ ဒါ ဒီလိုပြောတာနော်။ အဲဒီတော့ ကံချုပ်တယ်ဆိုတာဟာ နောင်ဘဝမှာ ဘဝတစ်ခု တည်ဆောက်နိုင်လောက်အောင် အင်အားမရှိတော့တာလို့ မှတ်ရမယ်။

ရတနသုတ်မှာ **ခီဏံ ပုရာဏံ**- ကံဟောင်းတွေ ကုန်သွားပြီ၊ ဘာကြောင့် ကုန်တာတုန်း၊ ကိလေသာတွေကုန်လို့ ကုန်တယ်ပြောတာ၊ **နဝ နတ္ထိသမ္ဘဝံ**- ကံအသစ်လည်း မဖြစ်လာတော့ဘူး၊ ဘာဖြစ်လို့ မဖြစ်တုန်းဆို ကိလေသာ မရှိတော့လို့၊ ပဋိစ္စသမုပ္ပါဒ်ထဲ သွင်းကြည့်မယ်ဆိုရင် **"အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော"** အဝိဇ္ဇာချုပ်တယ်လို့ပြောတာဟာ ကိလေသာချုပ်တာပဲပေါ့၊ အဲဒီကိလေသာတွေချုပ်သွားလို့ရှိရင် သင်္ခါရလည်းပဲချုပ်တယ်လို့ ဒီလိုဆိုလိုတာ၊ သင်္ခါရဆိုတာ ကံပဲပေါ့၊ အဲဒီတော့ သင်္ခါရ ချုပ်သွားလို့ရှိရင် **"သင်္ခါရ ပစ္စယာ ဝိညာဏံ"** ဆိုတာ မဆက်တော့ဘူး၊ **"သင်္ခါရနိရောဓာ ဝိညာဏနိရောဓော"** လို့ ဒီလို ဆိုလိုတယ်။

အဲဒီ ဝိညာဏ ချုပ်သွားရင် (ဝိပါကဝိညာဏနဲ့ အဘိသင်္ခါရ ဝိညာဏ ၂-ခု စလုံးကို ရည်ညွှန်းတယ်) ကံနဲ့ပတ်သက်တဲ့ ဝိညာဏ၊ အကျိုးဆက်နဲ့ပတ်သက်တဲ့ ဝိညာဏ ၂-ခုစလုံး ချုပ်သွားရင် ဘဝတစ်ခုမှာ ရုပ်နဲ့ နာမ်နဲ့ ပေါ်စရာအကြောင်း မရှိတော့ဘူးလို့ ဒီလိုဆိုလိုတာနော်။ အဲဒါလေး ဖြည့်စွက် မှတ်သားပြီး ဒီကနေ့ **"တိဿမေတ္တေယျ၏အမေးကို ဖြေဆိုခြင်း"** ဆိုတာ ဆက်ဟောကြရအောင်။

https://dhammadownload.com



## တိဿမေတ္တေယျ၏ အမေးကို ဖြေဆိုခြင်း

ဒုတိယခေါင်းဆောင် တိဿမေတ္တေယျ အလှည့်ကျတယ်၊ မြတ်စွာဘုရားကို ကိုယ့်ရင်တွင်းက မရှင်းလင်းတဲ့ သံသယတွေနဲ့ ပတ်သက်ပြီး မေးကြတာပေါ့။ တစ်ဦးနဲ့တစ်ဦး မေးခွန်းချင်းဟာ မထပ်ကြဘူး၊ တိဿမေတ္တေယျမေးတဲ့ မေးခွန်းတွေက အားလုံး ၃-ဂါထာရှိတယ်။

### နံပါတ် ၁–မေးခွန်း

တိဿမေတ္တေယျက ဘာမေးတုန်းဆိုတော့ **"ကော'ဓ သန္တုသိတော လောကေ"** လောကမှာ တင်းတိမ်ရောင့်ရဲမှုရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ?၊

**သန္တုသိတ** ဆိုတာ ရောင့်ရဲမှုရှိသူ၊ လောကမှာ ရောင့်ရဲ တင်းတိမ်မှု မရှိကြဘူး၊ ဒါကြောင့်မို့လို့ ရောင့်ရဲတင်းတိမ်မှုရှိသူ၊ ဘဝမှာ ကျေနပ်ပြီး ရောင့်ရဲသွားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ်ပါလဲ။ ဘုန်းကြီးတို့တတွေဟာ ရှိတာနဲ့ မကျေနပ်ကြဘူးလေ၊ ဥပမာ-ဒီဘဝ ဒုက္ခသုက္ခရောက်တယ်ဆိုရင် နောင်ဘဝ မျှော်လင့်နေတာပဲ၊ ဒီကနေ့ ကြုံတွေ့နေရတဲ့ဘဝအပြင် နက်ဖြန်ခါ ဘာဖြစ်မှာ လိုလို မျှော်လင့်ချက်ကလေးတွေနဲ့ နေကြတာလေ၊ ခု လက်ရှိ အနေအထားပေါ်မှာ ကျေနပ်နေတဲ့လူ သိပ်မရှိဘူး၊ မရှိလို့ လူတိုင်းလူတိုင်းဟာ tomorrow, tomorrow နဲ့ နေနေကြတာလေ၊ နက်ဖြန်ခါ နက်ဖြန်ခါနဲ့၊ နက်ဖြန်ခါ ကောင်းစားမယ်၊ နက်ဖြန်ခါ

https://dhammadownload.com



ကောင်းစားမယ်၊ ဟော- နောက်လကျ ကောင်းစားမယ်၊ နောက်နှစ်ခါကျ ကောင်းစားမယ်၊ ဘာနဲ့တူတုန်းဆိုရင် ထီထိုးထားတဲ့လူလိုပဲ၊ ထီထိုးထားတဲ့လူက ကိုယ့်ဂဏန်း ပေါက်မယ်ပဲ ထင်တာပဲ၊ အဲဒီလို မျှော်လင့်ချက်ကလေးတွေနဲ့ အသက်ရှင်တာ၊ ကျေနပ်နေတာ မဟုတ်ဘူး၊ လူတွေဟာ ရှိတာလေးနဲ့ ကျေနပ်မှု မရှိဘူးတဲ့။

ကျေနပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်လဲလို့ဆိုတာ မြတ်စွာဘုရားက ဖြေတယ်

**"ကာမေသု ဗြဟ္မစရိယဝါ"** ကျေနပ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာတဲ့ ကာမဂုဏ်အာရုံတွေပေါ်မှာ အပြစ်မြင်ပြီးတော့ မဂ္ဂင်ရှစ်ပါး အကျင့်တရား မြတ်သောအကျင့် ကျင့်နေတဲ့ပုဂ္ဂိုလ် (သို့မဟုတ်) ကျင့်ပြီးတဲ့ပုဂ္ဂိုလ်ဟာ ကျေနပ်နေတဲ့ ပုဂ္ဂိုလ်ပဲတဲ့။

ကာမဂုဏ်အာရုံတွေဆိုတာ လိုချင်စရာတွေပဲ။ လောကမှာ လိုချင်စရာတွေက အများကြီး၊ အဲဒီ လိုချင်စရာတွေကို အားလုံး ခြုံငုံပြောမယ်ဆိုရင် လိုချင်စရာက ငါးမျိုးပဲရှိတယ်၊ ပစ္စည်းနဲ့ ပြောမယ်ဆိုရင် မရေမတွက်နိုင်အောင် များတယ်ပေါ့၊ လိုချင်စရာတွေက super market သွားကြည့်ပေါ့နော်၊ လိုချင်စရာတွေက ဆုံးကိုမဆုံးနိုင်ဘူး၊ ရမယ်ဆိုရင် ယူမယ့်လူချည်းပဲနော်။

အဲဒီမှာ လိုချင်စရာဆိုတာကို ခြုံငုံပြီး ပြောမယ်ဆိုရင် လိုချင်စရာဟာ ငါးမျိုးရှိတယ်၊ အဲဒီငါးမျိုးကို **ကာမ**လို့ ခေါ်တယ်၊ ငါးမျိုးကဘာလဲလို့ဆိုရင် မျက်စိကမြင်ရတဲ့ နှစ်သက်စရာ အဆင်းအာရုံ၊ နားက ကြားလို့ရတဲ့ နှစ်သက်စရာ အသံအာရုံ၊ နှာခေါင်း

https://dhammadownload.com



က နမ်းရှုလို့ရတဲ့ နှစ်သက်စရာ အနံ့အာရုံ၊ လျှာက လျက်ပြီး သိရတဲ့ နှစ်သက်စရာ အရသာအာရုံနဲ့ ခန္ဓာကိုယ်က ထိတွေ့ပြီး သိရတဲ့ နှစ်သက်စရာ အထိအတွေ့အာရုံတဲ့၊ အဲဒီအာရုံငါးမျိုးဟာ sensual pleasure လိုချင်စရာ အာရုံတွေပဲ၊ အဲဒီ အာရုံတွေကို ကာမလို့ခေါ်တယ်။ အဲဒီ လိုချင်စရာ နှစ်သက်စရာအာရုံတွေကို နှစ်သက်နေတဲ့ **တဏှာ**ကိုလည်း **ကာမ**လို့ ခေါ်တယ်၊ ဒါကြောင့် **"ကာမေသု ဗြဟ္မစရိယဝါ"** ဆိုတဲ့နေရာမှာ **ကာမ** ဆိုတာကို ၂-မျိုး မှတ်ရမယ်။

## ကာမ ၂-မျိုး

တစ်မျိုးက **ဝတ္ထုကာမ** လို့ ခေါ်တယ်၊ **ဝတ္ထုကာမ** ဆိုတာ အာရုံ ၅-မျိုးကိုပြောတာ၊ လောကမှာရှိတဲ့ ပစ္စည်းတွေအားလုံး ဒီထဲသွင်းလို့ရတယ်ပေါ့၊ အမျိုးအမည်တွေ ထုတ်နေမယ်ဆိုရင် မဆုံးနိုင်တော့ဘူး၊ အားလုံးကို ၅-မျိုးနဲ့ပဲ ပြောလို့ရတယ်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံပေါ့၊ အဲဒီအာရုံ ၅-မျိုးက **ဝတ္ထုကာမ** လို့ ခေါ်တယ်၊ **"ကာမိယတီတိ ကာမော"** ဆိုတဲ့ အဓိပ္ပါယ်နဲ့ လိုချင်စရာတွေကို ကာမလို့ခေါ်တယ်။

အဲဒီလိုချင်စရာတွေကို လိုချင်တဲ့ လောဘကိုလည်း **ကာမ** လို့ ခေါ်တယ်၊ အဲဒီကာမကို **ကိလေသာကာမ** လို့ ပြောတယ်၊ ဒါကြောင့် **ကာမ** ဆိုတဲ့ စကားလုံးဟာ ၂-ခု ရှိတယ်၊ **ဝတ္ထုကာမ** နဲ့ **ကိလေသာကာမ**၊ လိုချင်စရာကိုလည်း **ကာမ** လို့ခေါ်တယ်၊

https://dhammadownload.com



လိုချင်တာကိုလည်း **ကာမ**လို့ခေါ်တယ်၊ အဲဒီ ၂-ခုထဲက ဘယ်သူ့ကို ဖယ်ရှားရမလဲဆိုရင် **လိုချင်တာကိုသာ ဖယ်ရှားရမယ်၊ လိုချင်စရာတွေကို ဖယ်ရှားဖို့မလိုဘူး**။

လောကမှာ အလှအပတွေဆိုတာ သူ့ဟာသူ ရှိနေတာပဲလေ၊ အလှအပကို ဖျက်ဆီးစရာမလိုဘူး၊ ဖျက်ဆီးရမှာက ဘာတုန်း၊ အဲဒီအလှအပတွေကို မက်မောတွယ်တာတဲ့ တဏှာကိုပဲ ဖယ်ရှားရမယ်တဲ့၊ အဲဒီတော့ အဖယ်မမှားစေနဲ့ပေါ့၊ ကိုယ်ဖယ်ရှားရမှာက လိုချင်စရာလား လိုချင်တာလားဆိုရင် လိုချင်တာဆိုတဲ့ **ကိလေသာ** ကိုပဲ ဖယ်ရှားရမှာ။

ကြည့်လေ- မြတ်စွာဘုရားမှာ မျက်စိရှိတယ်၊ နားရှိတယ်၊ နှာခေါင်းရှိတယ်၊ လျှာရှိတယ်၊ ကိုယ်ရှိတယ်၊ မြတ်စွာဘုရားရဲ့ မျက်စိကလည်း လှတာမြင်ရတာပဲ၊ မမြင်ဘဲ ဘယ်ရှိမလဲ၊ မြတ်စွာဘုရားကလည်း လှတာမြင်လို့ရှိရင် "အေး လှလိုက်တာ၊ နှစ်သက်စရာကောင်းလိုက်တာ" လို့ **ရမဏီယ** အာရုံနဲ့ တွေ့လို့ရှိရင် နှစ်သက်စရာကို နှစ်သက်စရာလို့ ဒီလိုအသိအမှတ်ပြုတယ်လေ၊ ဒါက appreciate ခေါ်တယ်၊ တွယ်တာတာနဲ့ အသိအမှတ်ပြုတာ တခြားစီ၊ အတွယ်အတာနဲ့ မြတ်စွာဘုရားက "ဩော်- ဒီနေရာကတော့ အလွန်နှစ်သက်စရာကောင်းတာပဲ၊ သာယာလိုက်တာ၊ ဒီနေရာလေးရဲ့ မြင်ကွင်းလေးက သာယာလိုက်တာ" ဆိုတာ မရှိဘူးလား၊ ရှိတာပဲ။ မြတ်စွာဘုရားလည်း နှစ်သက်စရာ မြင်ကွင်းကို မြင်ရတာပဲ၊ အသံလည်း ကြားတာပဲ။

https://dhammadownload.com



**ပဉ္စသိခ** လာပြီး ဘုရားအနားမှာ သီချင်းလေးဆို စောင်းလေးတီးတယ် မဟုတ်လား၊ **ဣန္ဒသာလ** လိုဏ်ဂူဝမှာလာပြီး သီချင်းဆိုတယ်၊ သီချင်းဆိုတာမှ ပြောရမယ်ဆိုရင်တော့ သူက သဘောကျနေတဲ့ **သူရိယဝစ္ဆသာ** နတ်သမီးရဲ့ အချေအာအလှကိုလည်း သီကုံးဖွဲ့ဆိုပြီးသီချင်းဆိုတယ်။ ဘုရားဂုဏ် တရားဂုဏ် သံဃဂုဏ် ဓမ္မတေးကိုလည်း သီဆိုတယ်၊ ၂-ခုစလုံးကို ဆိုတယ်၊ ဆိုပြီး စောင်းတီးတယ်၊ သူစောင်းတီးပြီးတော့ သီချင်းနဲ့ စောင်းသံဆုံးသွားတဲ့အခါကျတော့ မြတ်စွာဘုရားက ဘာပြောတုန်းဆိုရင် "ပဉ္စသိခ၊ မင်းရဲ့သီချင်းသံနဲ့စောင်းက လိုက်ဖက်ပါပေတယ်" လို့ ပြောတာ၊ ဒါ appreciate လုပ်တာပဲပေါ့။

အဲဒီလို မြတ်စွာဘုရားမှာ မျက်စိရှိလို့ နှစ်သက်စရာအာရုံကို မြင်ရတယ်၊ နားရှိလို့ နှစ်သက်စရာအသံကိုကြားရတယ်၊ နှာခေါင်းရှိလို့ နှစ်သက်စရာအနံ့ကို နမ်းရှုရတယ်၊ လျှာရှိလို့ နှစ်သက်စရာအရသာ ခံစားရတယ်၊ ခန္ဓာကိုယ်ရှိလို့ နှစ်သက်စရာ အထိအတွေ့တွေရှိတယ်၊ သို့သော် မြတ်စွာဘုရားမှာ အဲဒီ နှစ်သက်စရာအာရုံတွေပေါ်မှာ တွယ်ကပ်တဲ့တဏှာ glue ဆိုတာတော့ မရှိဘူးနော်။

ဘုန်းကြီးတို့တတွေမှာ အဲဒီလို မဟုတ်ဘူးလေ၊ အာရုံလေးတစ်ခု ရထားရင် အသိအမှတ်ပြုတယ်၊ တပ်မက်ပြီး တမ်းတမ်းတတ ဖြစ်တယ်လေ၊ တဏှာကနောက်ကလိုက်လာတယ်၊ လိုချင်တာက နောက်ကလိုက်လာတယ်၊ အဲဒီလိုဖြစ်တာ။ မြတ်စွာဘုရားကျတော့ အာရုံနဲ့စိတ်ကို တွယ်ကပ်တဲ့တဏှာဆိုတာ မရှိဘူး၊

https://dhammadownload.com



တွယ်ကပ်ပေးတဲ့တဏှာမရှိသည့်အတွက် မုန်းတီးမှုဆိုတာလည်း မလာဘူး။

မြတ်စွာဘုရားက ဟောတယ် "ငါဟာ လောကကြီးမှာ မွေးဖွားပြီး လောကကြီးအပေါ် မြင့်တက်နေတယ်၊ လောကက အာရုံတွေနဲ့ ငါ့ရဲ့စိတ်ဟာ ဘယ်လိုမှ တွယ်ကပ်မှု မရှိဘူး" တဲ့၊ ဥပမာ ကြာပန်းလေးဟာ ရေထဲမှာပေါက်တယ်၊ ရေပြင်ပေါ် မြင့်တက်လာပြီး တလူလူ နေပေမယ့်လို့ ကြာပန်း ကြာရွက်မှာ ရေမလူးဘူး၊ ရေစိုတယ်လို့ မရှိဘူး။

အဲဒါလိုပဲ မြတ်စွာဘုရားဟာ လောကမှာ မွေးဖွားလာပေမယ့်လို့ လောကအပေါ်မှာ တဏှာနဲ့တွယ်တာမှုမျိုး မရှိဘူး၊ လောကနဲ့ လွတ်ကင်းတယ်၊ စိတ်လေးဟာ လွတ်မြောက်နေတယ်။ အဲဒီလို ဘာကြောင့် လွတ်ကင်းရသလဲလို့ ဆိုလို့ရှိရင် **ဗြဟ္မစရိယဝါ** တဲ့။ မဂ္ဂင်ရှစ်ပါး အကျင့်တရား မြတ်သော အကျင့်ကို ကျင့်လို့တဲ့။

## မြတ်သော အကျင့်

မြတ်သောအကျင့်ဆိုတာ ဘာကို ပြောတာလဲ၊ Right understanding **သမ္မာဒိဋ္ဌိ** - မှန်မှန်ကန်ကန် နားလည်တယ်၊ သစ္စာလေးပါး အမှန်အတိုင်း နားလည်တယ်၊ အမှန်အတိုင်း နားလည်တာဟာ right thought မှန်မှန်ကန်ကန် စဉ်းစားတတ်လို့ **သမ္မာသင်္ကပ္ပ**၊ အဲဒီလို စဉ်းစားတတ်လာတာတွေဟာ မှန်ကန်တဲ့

https://dhammadownload.com



အခြေခံကိုယ်ကျင့်တရားတွေရှိလို့ ကိုယ့်ကျင့်တရားတွေရှိလာတဲ့ အတွက်ကြောင့် ကြိုးစားမှုတွေဟာလည်း မှန်ကန်တယ်၊ မှန်ကန်တဲ့ ကြိုးစားမှုမှာ မှန်ကန်တဲ့ သတိတွေထားပြီး မှန်ကန်တဲ့ စိတ်တည်ငြိမ်မှုလေးရှိတယ်၊ မှန်မှန်ကန်ကန် သိမြင်ခြင်းလို့ဆိုတာ ဖြစ်တယ်။

လောကမှာ အမှန်အကန်သိဖို့ အခြေခံအားဖြင့် လုပ်မယ်ဆိုရင် **သီလမဂ္ဂင်** ၃-မျိုးကို အခြေခံပြီး **သမာဓိမဂ္ဂင်**နဲ့ **ပညာမဂ္ဂင်** တွေ လုပ်ရမယ်၊ လုပ်လိုက်တဲ့အခါ မြတ်သောအကျင့်ဆိုတာ အောင်အောင်မြင်မြင် ဖြစ်လာတယ်။

ကိလေသာတွေကို လုံးဝဖယ်ရှားလိုက်နိုင်ပြီဆိုရင် စိတ်ဟာ ကိလေသာတွေမရှိတော့သည့်အတွက်ကြောင့် အာရုံနဲ့ဆက်ဆံမှု ရှိသော်လည်း အာရုံပေါ်မှာတွယ်ကပ်ခြင်းဆိုတာမရှိဘူး၊ ဥပမာမယ် စာရွက်ကလေး ၂-ရွက်ကြားမှာ glue ဆိုတဲ့ ကော်မပါဘူး ဆိုလို့ရှိရင် ထိုစာရွက်ကလေး ၂-ခုဟာ တူတူထိတွဲနေပေမယ့်လို့ တစ်ရွက်နဲ့ တစ်ရွက်ဟာ ကပ်မနေဘူးပေ့ါ၊ အဲဒါလိုပဲ စိတ်ဟာ အာရုံနဲ့ တွယ်ကပ်တာမျိုး မရှိဘူးတဲ့၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ အာရုံနဲ့ တွယ်ကပ်ထားတာ မရှိသောကြောင့် **သန္တုသိတ** ရှိတာနဲ့ ကျေနပ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်တဲ့။

တဏှာရှိနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ရှိတာနဲ့ မကျေနပ်ဘူး၊ ဒိထက် ဒိထက် ကောင်းတာကို လိုချင်နေတယ်၊ ဒါကြောင့် မို့လို့ မြတ်စွာဘုရားက ဖြေလိုက်တာ၊ တိဿမေတ္တေယျက

https://dhammadownload.com



"အရှင်ဘုရား၊ လောကမှာ ရှိတာလေးနဲ့ ကျေနပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်တုန်း" မေးတယ်။ "ကာမဂုဏ်အာရုံတွေအပေါ်မှာ အပြစ်မြင်ပြီး မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်သုံးပြီး ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ ရှိတာလေးနဲ့ ကျေနပ်တဲ့ပုဂ္ဂိုလ်ပဲ" လို့ ဘုရားက ဖြေတယ်။

## နံပါတ် ၂–မေးခွန်း

နောက်မေးခွန်းတစ်ခုက **'ကဿ နော သန္တိ ကုဎ္ဌိတာ'** စိတ်ရဲ့တုန်လှုပ်မှုတွေကင်းတဲ့ပုဂ္ဂိုလ်ကို မေးတယ်၊ "ဘယ်ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ တုန်လှုပ်မှု၊ လှုပ်ရှားမှုတွေ ကင်းပါသလဲ"၊ ဒီမေးခွန်းကို မေးတယ်။

အဲဒီမေးခွန်းကို မြတ်စွာဘုရားဖြေတယ်။

**"ဝီတတဏှော သဒါ သတော၊**

**သင်္ခါယ နိဗ္ဗုတော ဘိက္ခု၊**

**တဿ နော သန္တိ ကုဎ္ဌိတာ"**

ဆိုလိုတာက ဘာလဲဆိုရင် **ဝီတ တဏှော**၊ တွယ်တာမှု လိုချင်မှုဆိုတဲ့ တဏှာကင်းတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ရဲ့လှုပ်ရှားမှု မရှိတော့ဘူးတဲ့၊ အေး စိတ်လှုပ်ရှားတယ်၊ စိတ်လှုပ်ရှားတယ် ဆိုတာဟာ တဏှာရှိနေလို့ လှုပ်ရှားတာ၊ တဏှာက လှုပ်ရှားစေတာ၊ လိုချင်တဲ့စိတ်တွေရှိရင် လှုပ်ရှားတယ်၊ စိတ်တင်မကဘူး၊ လူတွေ များ လိုချင်လွန်းအားကြီးရင် လူကပါ ပျာယာခတ်လာတာလေ၊

https://dhammadownload.com



တဏှာဆိုတဲ့ လိုချင်မှု တွယ်တာမှုဆိုတာတွေ မရှိတော့ဘူးဆိုရင် **ဣဉ္ဇိတ** လို့ခေါ်တဲ့ စိတ်ရဲ့လှုပ်ရှားမှု (emotion) တွေ မရှိတော့ဘူး၊ စိတ်ဟာ ငြိမ်သက်သွားတယ် ဒီလိုပြောတာ။

တဏှာကင်းသွားအောင် ဘာလုပ်ရမလဲ၊ **သဒါ သတော** တဲ့၊ သူ့မှာအမြဲတမ်းသတိရှိရတယ်၊ သတိရှိတယ်ဆိုတာ သဘာဝ အာရုံပေါ်မှာ ကပ်နေသည့် သတိရှိတယ်၊ သတိရှိသည့်အတွက် ကြောင့် နောက်က အသိပညာက လိုက်လာတယ်၊ ဆိုပါစို့ - သတိရှိတယ်ဆိုတာ ကာယအပေါ်မှာ သတိရှိနေတယ်၊ ဝေဒနာ အပေါ်မှာ သတိရှိနေတယ်၊ စိတ္တအပေါ်မှာ သတိရှိနေတယ်၊ ဓမ္မအပေါ်မှာ သတိရှိနေတယ်၊ သတိပဋ္ဌာန် တရားတော်မှာ လာတဲ့အတိုင်း ကာယ ဝေဒနာ စိတ္တ ဓမ္မ၊ လူတွေမှာ ဒါပဲ ရှိတာလေ၊ ခြုံကြည့်လို့ရင် ဒီ ၄-မျိုးပဲ ရှိတာပဲ။ ကိုယ့်ခန္ဓာ, သူ့ခန္ဓာ၊ သူ့ကာယ, ကိုယ့်ကာယ၊ သူ့ရဲ့ခံစားချက်, ကိုယ့်ရဲ့ခံစားချက်၊ သူ့စိတ်, ကိုယ့်စိတ်၊ သူ့သန္တာန်မှာရှိတဲ့ သဘာဝတရား, ကိုယ့် သန္တာန်မှာရှိတဲ့ သဘာဝတရား။ ဒီအရာခပ်သိမ်းမှာ ဒီ ၄-မျိုးပဲ၊ ဒီအာရုံလေးမျိုးမှာ အမြဲတမ်း သတိရှိနေသူသာ ဖြစ်တယ်၊ သတိ ရှိနေသည့်အတွက်ကြောင့် တွယ်တာမှုဆိုတာမလာဘူး၊ တဏှာ ကင်းသွားတယ်လို့ ခေါ်တယ်။

**သင်္ခါယ နိဗ္ဗုတော**- ငြိမ်းသွားတယ်ဆိုတာ သူ့ဟာသူ ငြိမ်းတဲ့အငြိမ်းက တစ်မျိုး။ ဆိုပါစို့ - တဏှာဆိုတာ သူ့ဟာသူ ဖြစ်လာပြီး သူ့ဟာသူပျက်သွားမှာ၊ ဒါပေမယ့် အဲဒီ ငြိမ်းတာက ခဏငြိမ်းတာ၊ သဘာဝတရားဆိုတာ အနိစ္စတရားဖြစ်လို့ ငြိမ်းတဲ့

https://dhammadownload.com



အငြိမ်းကို ပြောတာ မဟုတ်ဘူး၊ ဒီနေရာမှာ ငြိမ်းအောင်လုပ်လို့ ငြိမ်းတဲ့အငြိမ်းကို ဆိုလိုတာ၊ သူ့ဟာသူ ငြိမ်းသွားတဲ့ အငြိမ်းက ထပ်လာဦးမှာ၊ ထပ်လာဦးမှာဆိုတော့ ငြိမ်းတယ်လို့ ပြောလို့ရ မလား မရဘူး၊ ငြိမ်းတာမှ မဟုတ်ဘဲ။

အနိစ္စ သဘာဝတရားဖြစ်လို့ ပေါ်လာပြီးပျောက်သွားတာ တော့ မှန်တာပေါ့၊ ဒါကို **ခဏနိရောဓ** လို့ ခေါ်တယ်၊ အခိုက် အတန့်ကလေး ပျောက်သွားတဲ့ အပျောက်မျိုးကို ပြောတာ၊ အဲဒါကိုဆိုလိုတာ မဟုတ်ဘူး။

အကြောင်းတွေကို ငြိမ်းလိုက်လို့ အကျိုးငြိမ်းသွားတဲ့ ဟာမျိုး ကိုမှ တကယ်ငြိမ်းတာလို့ ပြောတာ၊ အဲဒီ အကြောင်းအရာတွေကို ဘာနဲ့ငြိမ်းရတာတုန်း။ သတိထားပြီး အသိပညာနဲ့ ငြိမ်းရတယ်၊ အာရုံမှာ သတိကပ်ပြီးတော့ အမှန်သဘာဝတရားကိုသိတဲ့ အသိ ပညာဖြင့် ဘဝသံသရာက ပါလာတဲ့ တဏှာတို့ မာနတို့ဆိုတဲ့ စိတ်လှုပ်ရှားမှုတွေကို ငြိမ်းအောင်လုပ်ရတာ။

စိတ်ရဲ့လှုပ်ရှားမှုဆိုတာ တဏှာဟာလည်း စိတ်ရဲ့လှုပ်ရှားမှု ပဲ၊ မာနဟာလည်း စိတ်ရဲ့လှုပ်ရှားမှုပဲ၊ ဒိဋ္ဌိဟာလည်း စိတ်ရဲ့ လှုပ်ရှားမှုပဲ၊ တခြားကိလေသာတွေလည်း စိတ်ရဲ့လှုပ်ရှားမှုတွေပဲ၊ အဲဒီလှုပ်ရှားမှုလေးတွေကို ပညာဖြင့်ငြိမ်းသတ်လိုက်လို့ ငြိမ်းသွား တဲ့ပုဂ္ဂိုလ်မှာ လှုပ်ရှားမှုဆိုတာ မရှိတော့ဘူး၊ ဆိုလိုတာက တဏှာ မာန ဒိဋ္ဌိ စတဲ့ ကိလေသာတွေ အပြီးသတ် ချုပ်ငြိမ်းသွားတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ လှုပ်ရှားမှု emotion ဆိုတာ မရှိတော့ဘူးလို့ ပြောတာနော်၊ ဒီလို မြတ်စွာဘုရားက အဖြေဖြေလိုက်တာ။

https://dhammadownload.com



## နံပါတ် ၃-၄-၅ မေးခွန်း

နောက်မေးခွန်းတွေထဲမှာ နံပါတ်(၃)မေးခွန်းက-

**'ယော ဥဘန္တ မဘိညာယ၊**
**မဇ္ဈေ မန္တာ န လိမ္ပတိ၊**
**တံ ဗြူမိ မဟာပုရိသောတိ၊**
**သော ဣဓ သိဗ္ဗိနိ မစ္စဂါတိ။'**

မေးခွန်းက ခပ်ရှည်ရှည်၊ ဆိုလိုတာက "ဘယ်ပုဂ္ဂိုလ်ဟာ ဟိုဘက်အစွန်း ဒီဘက်အစွန်း၊ အစွန်း၂-ဘက်နဲ့ အလယ်၊ ဒီ ၃-မျိုးကို အသိဉာဏ်နဲ့သိပြီး ငြိကပ်တွယ်တာမှုကင်းပါသလဲ?၊ အဘယ်ပုဂ္ဂိုလ်မျိုးကို မဟာပုရိသလို့ ခေါ်ရသလဲ?၊ ဘဝတစ်ခုနဲ့ တစ်ခု ဆက်နေအောင် ဆက်စပ်ပေးတဲ့ (တစ်နည်းအားဖြင့်) တွယ်ကပ်သွားအောင် စပ်ချုပ်ပေးတတ်တဲ့(အဝတ်တစ်ခုနဲ့တစ်ခု တွယ်တာကို ချုပ်တယ်လို့ ခေါ်တာပေါ့နော်၊ အပ်နဲ့ချုပ်တယ်၊ တွယ်တယ်ပေါ့) အဲဒီလို ဆက်စပ်ပေးတဲ့အရာက ဘာလဲ?၊ ဒီမေးခွန်းကို သူက မေးတာ။

ဟိုဘက်ဒီဘက် ၂-ဘက်ကိုသိတယ်၊ အလယ်ကိုသိတယ်၊ သိပြီးရင် ဘယ်လိုတွယ်တာမှု ကင်းသွားသလဲ?၊ ဘယ်လို ပုဂ္ဂိုလ်မျိုးကို မဟာပုရိသခေါ်မလဲ?၊ ဘဝတစ်ခုနဲ့တစ်ခုကို ဆက်စပ်ပေးတာဟာ ဘာလဲ၊ ၂-ခုကို စပ်ပေးနေတဲ့အရာက ဘာလဲ? ဒီမေးခွန်း ၃-ပုဒ်ကို မြတ်စွာဘုရားကိုမေးတယ်။

https://dhammadownload.com



မြတ်စွာဘုရားဖြေလိုက်တဲ့အဖြေကို သူတော့ နားလည်သွားတယ်နဲ့တူတယ်၊ ဘုန်းကြီးတော့ နားမလည်သေးဘူး၊ မြတ်စွာဘုရား ဖြေလို့တဲ့ အဖြေက -

**"သော ဥဘန္တ မဘိညာယ။**

**မဇ္ဈေ မန္တာ န လိမ္ပတိ။**

**တံ ဗြူမိ မဟာပုရိသောတိ၊**

**သော ဣဓ သိဗ္ဗိနိ မစ္စဂါ"** တဲ့။

အမေးနဲ့ထပ်တူစကားအသုံးပြု ဖြေတာ၊ "ဟိုဘက် ဒီဘက်နှင့် အလယ်ကို အသိပညာဖြင့် ပိုင်းပိုင်းခြားခြား သိမြင်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ မတွယ်တာတော့ဘူးတဲ့၊ အဲဒီလိုသိတဲ့ ပုဂ္ဂိုလ်ကို မဟာပုရိသလို့ ခေါ်တယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ဘဝတစ်ခုနဲ့တစ်ခုကို ဆက်စပ်ပေးတတ်တဲ့ တဏှာကို လွန်မြောက်သွားတယ်" ဒီလောက်ပဲ ဖြေထားတယ်။

## ရဟန်းတော်များ ဆွေးနွေးချက်

ဟိုဘက်အစွန်း ဒီဘက်အစွန်းဆိုတာ ဘာလဲ၊ အလယ်ဆိုတာက ဘာကိုပြောတာလဲ၊ ချုပ်စပ်တတ်တဲ့အရာ၊ (ဟိုဘက် ဒီဘက် တွဲစပ်ပေးတဲ့အရာ) ဆိုတာ ဘာလဲ။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတမဇ္ဈေသုတ်မှာ ဒီမေးခွန်းဂါထာနဲ့ ပတ်သက်ပြီး ရဟန်းတော်တွေ ဆွေးနွေးကြတယ်။

https://dhammadownload.com



ဗာရာဏသီပြည်နားက **ဣသိပတန** ဆိုတဲ့တော ရှိတယ်၊ (ဒီကနေ့ခေတ်တော့ မိဂဒါဝုန်လို့ မြန်မာတွေ ခေါ်ကြတယ်ပေါ့၊ သို့သော် မိဂဒါဝုန်ဆိုတဲ့ အဓိပ္ပါယ်က Sanctuary ကို ပြောတာ၊ ဘေးမဲ့တော) တောရဲ့နာမည်က **ဣသိပတန**၊ အဲဒီ **ဣသိပတန** ဟာ သားငှက်တိရစ္ဆာန်တွေကို ဘေးမဲ့ပေးထားတဲ့တောဖြစ်လို့ **မိဂဒါယ** လို့ ခေါ်တာ၊ **'မိဂ'** ဆိုတာ သမင်ကိုတင် ပြောတာ မဟုတ်ဘူး၊ သားကောင်တွေ တိရစ္ဆာန်တွေ wild animals အကုန်ကို ပြောတာနော်၊ အဲဒါကို ရည်ညွှန်းတာ ဖြစ်သော ကြောင့် အင်္ဂလိပ်လိုပြန်တဲ့အခါ **မိဂဒါယ** ကို deer park လို့ ပြန်တာမမှန်ဘူး၊ အဲဒီတောထဲမှာ သမင်တင် ရှိတာမဟုတ်ဘူး လေ၊ ငှက်တွေလည်းရှိတာပဲ၊ တခြားသတ္တဝါတွေလည်း ရှိတာပဲ၊ ဘယ်သတ္တဝါကိုမှ ပစ်ခတ်သတ်ဖြတ်ခြင်း မလုပ်ရလို့ Sanctuary ဘေးမဲ့ပေးထားတဲ့တော၊ မြန်မာပြည်မှာလည်းပဲ ဘေးမဲ့ကြိုးဝိုင်း ဆိုတာ ရှိတာပေါ့၊ သစ်တောတွေမှာ တိရစ္ဆာန်တွေကိုမဖမ်းဆီးဖို့ ကာကွယ်ထားတာ။

အဲဒီတော့ **မိဂဒါယ** ကို Sanctuary လို့ပဲ ပြန်ရမယ်၊ Sanctuary လို့ မပြန်ဘဲနဲ့ deer park လို့ ပြန်လို့ရှိရင် သမင်ပဲ ရှိတဲ့တော ဖြစ်နေမယ်၊ ဒါကြောင့်မို့ ပန်းချီဆရာတွေကလည်း ဘုရားက ဓမ္မစကြာဟောတဲ့တောမှာ သမင်တွေ ထည့်ရေးထား တယ်၊ **'မိဂ'** ဆိုတာ သမင်လို့ပဲ သဘောပေါက်ကြတာကိုး။ ကြည့်လေ- **မိဂရာဇာ** ဆိုတဲ့ စကားလုံးကိုကြည့်ပေါ့၊ **မိဂရာဇာ** ကျတော့ ခြင်္သေ့ကိုပြောတာ၊ သားကောင်တွေရဲ့မင်းလို့ ပြောတာ၊

https://dhammadownload.com



သမင်တို့ရဲ့မင်းလို့ ပြောတာမဟုတ်ဘူး၊ သားကောင်တွေရဲ့မင်းလို့ ပြောတာ၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေအားလုံးကို **မိဂ** လို့ ခေါ်တယ်ပေါ့၊ အဓိပ္ပါယ်ကတော့ ခြေလေးချောင်းရှိတဲ့ သတ္တဝါ၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါတွေကို မသတ်ဖြတ် မညှင်းဆဲရဘူး၊ ထို့အတူပဲ ခြေနှစ်ချောင်းရှိတဲ့ ငှက်တွေ မသတ်ဖြတ်မညှင်းဆဲရဘူး၊ အဲဒီတောအတွင်းမှာရှိတဲ့ တိရစ္ဆာန်တွေအားလုံးကို ဘေးမဲ့ပေးထားတယ်၊ အဲဒါကြောင့်မို့လို့ **ဣသိပတန** ကို **မိဂဒါယ** လို့ခေါ်တာ။

အဲဒီ **မိဂဒါယ** ကျောင်းမှာ ရဟန်းတော်တွေဟာ **မဏ္ဍလမာဠ** လို့ခေါ်တဲ့ တန်ဆောင်းအဝိုင်းကြီးမှာ စုထိုင်ပြီး တရားဆွေးနွေးကြတယ်၊ သူတို့ဆွေးနွေးတာ ဘာတုန်းဆိုရင် တိဿမေတ္တေယျရဲ့အမေးကို ဖြေထားတဲ့ ဒီဂါထာကို ဆွေးနွေးကြတယ်။

ပါရာယနသုတ္တန်မှာ **"သော ဥဘန္တ မဘိညာယ"** လို့ လာတယ်။ အင်္ဂုတ္တရနိကာယ်မှာကျတော့ အဲဒီလိုမဟုတ်ဘူး၊ ပါဠိကွဲပြားနေတာရှိတယ်၊ different version လို့ ပြောလို့ရတယ်၊ **"ယော ဥဘောန္တေ ဝိဒိတွာန"** လို့ အဓိပ္ပါယ်ကတော့ မထူးဘူးပေါ့နော်၊ စကားလုံးလေးတွေ ပြောင်းလဲမှုလေးတွေတော့ ရှိနေတယ်၊ ဒါလည်း သတိထားစရာပေါ့။

နှစ်-၂၆၀၀ ကြာမှ ပြန်ပြောကြတဲ့ စကားလုံးဟာ ဒီလောက်နီးစပ်ရင် တော်လှပြီပေါ့၊ ဒီကနေ့ခေတ်မှာ တစ်ယောက်ကနေ ပြောလိုက်တဲ့စကားကို နောက်တစ်ယောက် ပြန်ပြောရင်

https://dhammadownload.com



လွဲမသွားဘူးလား၊ နောက်တစ်ယောက်ပြန်ပြောရင် လွဲသွားရော၊ စကားက ကားသွားတယ်လို့ ပြောကြတယ်နော်၊ အမှန်အတိုင်း အတိအကျဆိုတာ ဖြစ်ခဲတယ်။ အဲဒီတော့ ဒီမှာတော့ အဓိပ္ပာယ်က အတူတူပါပဲ၊ **"သော ဥဘန္တ ဝိဒိတွာန"** လို့ပါတယ်၊ ဒီဂါထာလေးကို ဆွေးနွေးကြတယ်။

ဒီဂါထာမှာပါတဲ့ **ဥဘန္တ** ဆိုတာ ၂-ဘက်အစွန်း၊ ဟိုဘက်အစွန်း ဒီဘက်အစွန်း၊ အဲဒီ ၂-ဘက်အစွန်းဆိုတာ ဘာလဲ၊ ၂-ဘက်ဆိုကတည်းက ပထမအစွန်းက ဘာလဲ?၊ ဒုတိယအစွန်းက ဘာလဲ?၊ အဲဒီ ၂-ခုရဲ့အလယ်ဆိုတာ ဘာလဲ?၊ ချုပ်စပ်တတ်တဲ့ အရာဆိုတာ ဘာလဲ?၊ ဒီအချက်တွေနဲ့ ပတ်သက်ပြီး ဘုရားလက်ထက်က ရဟန်းတော်တွေ ဆွေးနွေးကြတယ်၊ ဒါလည်း စိတ်ဝင်စားစရာကောင်းတယ်၊ ဒီ သုတ္တန်နဲ့ပတ်သက်ပြီး ဆွေးနွေးကြတာတွေ ရှိတယ်။

အဲဒီတော့ ပထမရဟန်းတစ်ပါးက ဆွေးနွေးတယ်၊ ပထမအစွန်းဆိုတာ တခြားမဟုတ်ဘူးတဲ့၊ ဖဿကို ပြောတာတဲ့၊ **ဖဿော ခေါ အန္တော**- ဖဿဟာ ပထမအစွန်းပဲ၊ **ဖဿသမုဒယော ဒုတိယော အန္တော**-ဖဿဖြစ်ကြောင်းတရားဟာ ဒုတိယအစွန်းပဲတဲ့၊ **ဖဿနိရောဓော မဇ္ဈေ**- ဖဿချုပ်ငြိမ်းရာ နိဗ္ဗာန်ဟာ အလယ်ပဲ၊ သူပြောချင်တာတော့ သစ္စာလေးပါးနဲ့ ပြောလိုက်တာပဲပေါ့။

ဖဿဆိုတာ ဒုက္ခကိုပြောတာ၊ ဖဿဆိုတဲ့ တရားဟာ သစ္စာလေးပါးထဲမှာဆိုရင် **ဒုက္ခသစ္စာ** ပေါ့၊ **ဖဿသမုဒယ** ဟာ

https://dhammadownload.com



ဒုက္ခသစ္စာကို ဖြစ်စေတတ်တဲ့ တဏှာပဲပေါ့။ အဲဒီတော့ ဖဿဆိုတာ ပထမအစွန်း၊ ဖဿဖြစ်ကြောင်းတရားဆိုတာ ဒုတိယအစွန်း၊ နှစ်ခုတို့ရဲ့အလယ်ဆိုတာ ဘာလဲလို့ဆိုရင် **ဖဿနိရောဓ**-ဖဿရဲ့ ချုပ်ငြိမ်းမှုပေါ့၊ အဲဒီတော့ ဘာဖြစ်လို့ "အလယ်" လို့ ပြောရလဲလို့ ဆိုလို့ရှိရင် နိရောဓလို့ဆိုတဲ့ နိဗ္ဗာန်မှာ ဖဿသမုဒယတင် ချုပ်တာမဟုတ်ဘူး၊ ဖဿလည်း ချုပ်တယ်။

ဘုန်းကြီးတို့ စဉ်းစားဆင်ခြင်ကြည့်လို့ ရတယ်နော်၊ နိဗ္ဗာန်ဆိုတဲ့ သဘာဝတရားဟာ ဒုက္ခလည်း ချုပ်တယ်၊ ဒုက္ခရဲ့ ဖြစ်ကြောင်း တရားလည်း ချုပ်တယ်၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် ကြည့်၊ ဓမ္မစကြာမှာဆိုရင် ဒုက္ခနဲ့ ဒုက္ခသမုဒယကို ဟောပြီးတဲ့ အခါမှာ နိဗ္ဗာန်ကို ဒုက္ခနိရောဓလို့ နာမည်ပေးလိုက်တယ်၊ အဲဒီ ဒုက္ခနိရောဓ ဆိုတာ ဒုက္ခရဲ့ချုပ်ရာ၊ အဲဒီ ဒုက္ခနိရောဓဆိုတာ ဘာလဲလို့ ရှင်းပြတဲ့အခါကျတော့ ဒုက္ခချုပ်တာကို မရှင်းဘဲနဲ့ ဘယ်လိုရှင်းတုန်းဆိုတော့ **"ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော"** ဆိုပြီး ဒုက္ခသမုဒယရဲ့ ချုပ်ငြိမ်းမှုကို ရှင်းတယ်မဟုတ်လား၊ ဘုရားက နာမည်ပေးတုန်းက ဒုက္ခ-နိရောဓ **ဒုက္ခ၏ချုပ်ငြိမ်းရာ**လို့ ပေးတယ်၊ အဓိပ္ပါယ်ရှင်းတဲ့အခါ **တဏှာချုပ်ရာ** လို့ ပေးပြန်တယ်၊ ဘာကြောင့်လဲလို့ ဆိုလို့ရှိရင် အကြောင်းချုပ်မှ အကျိုးချုပ်တာ ဖြစ်သောကြောင့်ပဲ။

အကယ်၍သာ **"ယော ဒုက္ခဿ နိရောဓော"**လို့ ဒုက္ခတင် ပြောမယ်ဆိုရင် ဒုက္ခသမုဒယဟာ ကျန်သွားနိုင်တယ်ပေါ့၊ အခုတော့ အကြောင်းတရားချုပ်တာကို ပြောလိုက်တာနဲ့ တစ်ပြိုင်

https://dhammadownload.com



နက် အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးချုပ်ခြင်းလည်း ပါဝင်သွားတယ်ပေါ့။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဒီ ၂-ခုစလုံး ငြိမ်းငြိမ်းအောင်လို့ ပြောတာ၊ အဲဒီတော့ နိဗ္ဗာန်ဆိုတဲ့ နိရောဓဟာ ဒုက္ခလည်းချုပ်တယ်၊ ဒုက္ခသမုဒယဆိုတဲ့ အကြောင်းတရားလည်း ချုပ်တယ်တဲ့၊ ဒီလိုပြောတာနော်၊ ပထမစချုပ်တာတော့ ဒုက္ခ-သမုဒယ ချုပ်မှာပဲ၊ ဒုက္ခသမုဒယ ချုပ်သွားလို့ရှိရင် အကြောင်းပြတ်သွားသည့်အတွက် အကျိုးတွေလည်း ရပ်သွားလို့ ဒုက္ခလည်းချုပ်တယ်ပေါ့။ အခု ဒီနေရာမှာ အသုံးက ဖဿဆိုတာ ဒုက္ခပဲ၊ ဖဿသမုဒယဆိုတာ သမုဒယပဲ၊ ဖဿနိရောဓ ဆိုတာ နိဗ္ဗာန်ပဲတဲ့၊ ဒီရဟန်းတော်က ဖဿဆိုတဲ့ စကားလုံးနဲ့ရှင်းတာ။

အဲဒီတော့ သူနားလည်တဲ့အတိုင်း ပြောရမယ်ဆိုရင်တဲ့ ဖဿဟာ ပထမအစွန်းပါတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လူဖြစ်လာပြီဆိုလို့ရှိရင် အာရုံနဲ့ ဆက်သွယ်မှု ဖဿကို အကြောင်းပြုပြီး ရုပ်တွေနာမ်တွေ ဖြစ်နေတာကိုး၊ အာရုံနဲ့ ဆက်သွယ်မှုက အဓိကကျတယ်၊ ဒါကြောင့် ဖဿက ပထမအစွန်း၊ ဖဿသမုဒယက ဒုတိယအစွန်း၊ အလယ်ဆိုတာဟာ ဖဿနိရောဓပဲတဲ့၊ ချုပ်စပ်တဲ့ အရာဟာ တခြားမဟုတ်ဘူးတဲ့၊ တဏှာတဲ့။ တဏှာက ဘဝကို ဆက်စပ်ပေးတယ်တဲ့။

တဏှာသည် နောက်ဘဝတစ်ခုကို ဆက်စပ်ပေးနေတယ်၊ ချုပ်စပ်တဲ့အရာလို့ ဒီလိုဆိုလိုတယ်၊ တွယ်တာမှုကနေပြီးတော့ ဘဝတစ်ခုကို ပေးတာ၊ အဲဒါကြောင့် "ဖဿ၊ ဖဿသမုဒယ၊ ဖဿနိရောဓ၊ တဏှာရဲ့ ချုပ်စပ်မှုတွေကို ပိုင်းပိုင်းခြားခြားသိမြင်၊

https://dhammadownload.com



ထူးထူးခြားခြားသိမြင်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခကို အဆုံးသတ်နိုင်တဲ့ ပုဂ္ဂိုလ်" ပဲ။ ဆိုလိုတာက သစ္စာလေးပါးကိုသိပြီဆိုလို့ရှိရင် ဒုက္ခအားလုံး အဆုံးသတ်သွားစေနိုင်တယ်။

အဲဒီရဟန်းတော်က ဖဿကို ဦးတည်ပြီးတော့ ရှင်းတယ်၊ ကျန်တဲ့ကိုယ်တော်တွေက သူတို့ထင်မြင်ချက်တွေကို တစ်မျိုးစီပဲ ပြောကြတယ်။

ဒုတိယကိုယ်တော်က ဘယ်လိုပြောတုန်းဆိုရင် သူက "ဒီလိုထင်ပါတယ်၊ **ပထမအစွန်းဆိုတာ အတိတ်ကို ပြောတာ၊ ဒုတိယအစွန်းဆိုတာ အနာဂတ်ကို ပြောတာ၊ အလယ်ဆိုတာ ပစ္စုပ္ပန်ကို ပြောတာ"** တဲ့။

ပစ္စုပ္ပန်က အလယ်မှာရှိတယ်ဆိုတာ ဟုတ်တယ်လေ၊ ပစ္စုပ္ပန်က အလယ်မှာရှိတယ်ဆိုတာ အတိတ်ပြီးလို့ရှိရင် ပစ္စုပ္ပန်လာတယ်၊ ပစ္စုပ္ပန်ပြီးရင် အနာဂတ်လာတာပေ့ါ၊ လွန်ခဲ့တဲ့ ပစ္စုပ္ပန်ကိုပဲ အတိတ်လို့ခေါ်တာကိုး၊ မရောက်သေးတဲ့ ပစ္စုပ္ပန်ကိုပဲ အနာဂတ်လို့ ခေါ်တာကိုး။ အဲဒီတော့ ပစ္စုပ္ပန်ဆိုတာဟာ အလယ်မှာ ရှိတယ်ပေ့ါ၊ ဒုတိယကိုယ်တော်က အဲဒီလိုမြင်တယ်၊ ကျန်တာတော့ အတူတူပဲ၊ တဏှာဟာ ချုပ်စပ်တတ်တဲ့တရား၊ အဲဒီလို သိလို့ရှိရင်လည်း ဒုက္ခကို အဆုံးသတ်နိုင်တယ်။

သူပြောလိုတာက အတိတ်က ရုပ်နာမ်ခန္ဓာတွေကိုလည်း ပိုင်ပိုင်နိုင်နိုင်သိရမယ်၊ အနာဂတ် ရုပ်နာမ်ခန္ဓာတွေကိုလည်း သိရမယ်၊ ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာတွေကိုလည်း သိရမယ်။ အဲဒီလို သိလို့ရှိရင် လောကကြီးအပေါ်မှာ တဏှာ လိမ်းကျံမှု၊ ဒိဋ္ဌိ လိမ်းကျံမှု

https://dhammadownload.com



ဒီ ၂-ခု မရှိဘူးလို့ပြောတာ။ တဏှာ ဆိုတဲ့ တွယ်ကပ်မှုတွေ မရှိတော့ဘူးလို့ ပြောတာနော်၊ တွယ်ကပ်မှုမရှိတော့ဘူး၊ အဲဒါဟာ ဒီတွယ်ကပ်မှုဆိုတဲ့တဏှာကို လွန်မြောက်သွားပြီ ဆိုလို့ရှိရင် ဒုက္ခဟာ အဆုံးသတ်တာပဲလို့ ဒုတိယကိုယ်တော်ကပြောတယ်။

နောက် တတိယကိုယ်တော်က တစ်မျိုးဖွင့်ဆိုတယ်၊ သူ့အထင်မှာတော့တဲ့ **"ပထမအစွန်းဆိုတာ သုခဝေဒနာ** ကို ပြောတာ၊ **ဒုတိယအစွန်းဆိုတာ ဒုက္ခဝေဒနာ** ကို ပြောတာ၊ **အလယ်ဆိုတာကတော့ အဒုက္ခ မသုခ** ဆိုတဲ့ ဥပေက္ခာ ဝေဒနာကို ပြောတာ"တဲ့။ ဘာဖြစ်လို့တုန်းဆိုရင် သုခပြီးရင် ဒုက္ခ မလာဘူး၊ ဒုက္ခပြီးရင်လည်း သုခမလာဘူး၊ ကြားထဲမှာ ဆင်းရဲနဲ့ ချမ်းသာ၂-ခုရဲ့ကြားမှာ ဆိုလို့ရှိရင် ဆင်းရဲတာလည်း မဟုတ်၊ ချမ်းသာတာလည်းမဟုတ်ဆိုတဲ့ ဥပေက္ခာ လာတယ်လေ၊ အဲဒါကြောင့်မို့ သူ့အနေနဲ့က ဝေဒနာရှုထောင့်က ပြောမယ်ဆိုရင် ပထမအစွန်းဆိုတာ သုခ၊ ဒုတိယအစွန်းဆိုတာ ဒုက္ခ၊ အဲဒီ ၂-ခုကြား အလယ်ဆိုတာ အဒုက္ခ မသုခ၊ အဲဒီ သဘာဝတရားတွေကို ကျကျနနသိလို့ရှိရင်လည်းပဲ တွယ်တာမှု ကင်းပြတ်ပါတယ်တဲ့၊ သူက ဒီလိုရှင်းတယ်၊ တဏှာကတော့ ဘဝကို ဆက်စပ်ပေးတဲ့အရာပဲဖြစ်တယ်၊ တဏှာကို လွန်မြောက်သွားပြီဆိုရင် ဒုက္ခဟာ အဆုံးသတ်တာပဲတဲ့။

ဟော- သူက ဒီလိုရှင်းတော့ နောက်တစ်ပါးက ပြောပြန်တယ်၊ သူ့အထင်ကတော့ ဒီလိုထင်ပါတယ်တဲ့၊ အာယတနနဲ့ သူကရှင်းတယ်၊ **"အဇ္ဈတ္တိကာယတန** မျက်စိ နား နှာခေါင်း လျှာ

https://dhammadownload.com



ကိုယ် စိတ် အတွင်းအာယတန ခြောက်ပါး၊ နောက် သူတို့နဲ့ ဆက်စပ်လာတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ၊ အဆင်း အသံ အနံ့ အရသာ အထိအတွေ့ စိတ်နဲ့သိရတဲ့ အာရုံရယ် အဲဒီ အာရုံ ၆-မျိုးက **ဗာဟိရာယတန** ခြောက်ပါး။

**"အဇ္ဈတ္တိ ကာယတန ၆-မျိုးက ပထမအစွန်း၊ ဗာဟိရာ-ယတန ၆-မျိုးက ဒုတိယအစွန်း၊** အဲဒီ ၂-ခုကြားမှာ ဘာလာတုန်းဆို **ဝိညာဏ** ဆိုတာလာတယ်" သူတို့ ၂-ခုပေါင်းလို့ရှိရင် အသိ ဖြစ်လာတာကိုး။ ဆိုပါစို့ - မျက်စိနဲ့အဆင်း ဆုံတွေ့တဲ့ အခါမှာ မြင်သိစိတ် ပေါ်လာတာပဲ။

သူရှင်းပုံကျတော့ ကြည့်- အဇ္ဈတ္တိကာယတနကိုလည်း ပိုင်ပိုင်နိုင်နိုင်သိမယ်၊ ဗာဟိရာယတနကိုလည်း ပိုင်ပိုင်နိုင်နိုင် သိမယ်၊ အဇ္ဈတ္တိကာယတနနဲ့ ဗာဟိရာယတန ၂-ခု ပေါင်းစပ်မိလို့ ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကိုလည်း မှန်မှန်ကန်ကန်သိမယ် ဆိုလို့ရှိရင် တဏှာဆိုတဲ့တွယ်ကပ်မှု၊ ဒိဋ္ဌိဆိုတဲ့ အမြင်မှားမှုတွေ မလာနိုင်တော့ဘူးတဲ့။ ဒီ တွယ်ကပ်ပေးတတ်တဲ့၊ ချုပ်စပ်ပေးတတ်တဲ့ တရားကတော့ တဏှာပဲ၊ အဲဒီလိုသိတဲ့ပုဂ္ဂိုလ်ဟာ တဏှာကို လွန်မြောက်သွားနိုင်တယ်လို့ ဒီလိုပြောတာ။

ဒီလိုရှင်းတော့ နောက်တစ်ပါးက တစ်ခါရှင်းပြန်တယ်၊ သူ့အထင်ကတော့တဲ့ **"ပထမအစွန်းဆိုတာ ရုပ်လို့ ထင်တယ်တဲ့၊ ဒုတိယအစွန်းက နာမ်၊ အဲဒီ ရုပ် နာမ် ၂-ခု ပေါင်းစပ်လိုက်လို့ သိလာတဲ့အသိစိတ်က ဝိညာဏ အလယ်"**တဲ့။

https://dhammadownload.com



ဆိုလိုတာက **နာမ်**ကိုလည်းသိတယ်၊ **ရုပ်**ကိုလည်းသိတယ်၊ **ဝိညာဏ**လို့ဆိုတဲ့ အသိစိတ်ကိုလည်း သိတယ်ပေ့ါ၊ အဲဒီတော့ နာမ်ဆိုတဲ့နေရာမှာ ဝိညာဏကို မှီပြီးတော့ဖြစ်လာတဲ့ အသိစိတ်တွေ စေတသိက်တွေကို ယူရမှာပေ့ါနော်၊ အဲဒီလို ၃-မျိုး ပိုင်းပိုင်းခြားခြားသိပြီ ဆိုလို့ရှိရင် တဏှာဆိုတဲ့ တွယ်ကပ်မှု၊ ဒိဋ္ဌိဆိုတဲ့ တွယ်ကပ်မှုတွေ မလာနိုင်ဘူးတဲ့၊ ချုပ်စပ်တတ်တဲ့ တရားကတော့ တဏှာပဲ၊ အဲဒါတွေကို ပိုင်ပိုင်နိုင်နိုင်သိနိုင်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ တဏှာကို လွန်မြောက်နိုင်ပါတယ်လို့ ဒီလိုပြောတာနော်။

အဲဒီတော့ နောက်ကိုယ်တော်တစ်ပါးက ဆွေးနွေးပြန်တယ်၊ သူ့အထင်ကတော့တဲ့ **"ပထမအစွန်းဆိုတာ သက္ကာယခန္ဓာငါးပါး** ကို ပြောတာတဲ့၊ **ဒုတိယအစွန်းဆိုတာ သက္ကာယသမုဒယ ခန္ဓာငါးပါးရဲ့ အကြောင်းတရား** ကိုပြောတာတဲ့၊ **အလယ်ဆိုတာကတော့ သက္ကာယနိရောဓ- ခန္ဓာငါးပါးရဲ့ ချုပ်ငြိမ်းမှု** ကို ပြောတာ"တဲ့။ ဟော- သူ့ကျတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ အဲဒါတွေကို သိလို့ရှိရင် တဏှာဆိုတဲ့ တွယ်ကပ်မှု၊ ဒိဋ္ဌိဆိုတဲ့တွယ်ကပ်မှုမရှိလို့ တဏှာဆိုတဲ့ ချုပ်စပ်တတ်တဲ့တရားကို လွန်မြောက်တဲ့ပုဂ္ဂိုလ်ဖြစ်ပြီးတော့ တကယ့်ကို မဟာပုရိသလို့ ခေါ်နိုင်ပါတယ်လို့ သူကဒီလိုပြောတာ။

https://dhammadownload.com



## ဆွေးနွေးချက်များကို ဘုရားထံ တင်ပြခြင်း

အဲဒီမှာ တစ်ပါးနဲ့တစ်ပါး ဒီဂါထာကို အဓိပ္ပါယ်ဖွင့်ဆို ကြတာ မတူဘူး၊ မတူတော့ နောက်တစ်ပါးက အကြံပြုလိုက်တယ်၊ ကဲ- တပည့်တော်တို့ ကိုယ့်အထင် ကိုယ်ပြောပြီးကြပြီ၊ တစ်ဦးနဲ့တစ်ဦး မတူကြဘူး၊ ပထမကိုယ်တော်က ဖဿနဲ့ ဦးတည်ပြောတယ်နော်၊ ဒုတိယကိုယ်တော်က အတိတ် အနာဂတ် ပစ္စုပ္ပန်နဲ့ ဦးတည်ပြောတယ်၊ တတိယကိုယ်တော်က သုခ ဒုက္ခ ဝေဒနာနဲ့ ဦးတည်ပြောတယ်၊ စတုတ္ထကိုယ်တော်က အာယတနနဲ့ ဦးတည်ပြောတယ်၊ ပဉ္စမကိုယ်တော်က နာမ်ရုပ်နဲ့ ဦးတည်ပြောတယ်၊ ဆဋ္ဌကိုယ်တော်က သက္ကာယနဲ့ ဦးတည်ပြောတယ်၊ တစ်ပါးနဲ့တစ်ပါး မတူကြဘူး၊ အဲဒီလို မတူတဲ့အခါမှာ "ကဲ ကိုယ့်အထင် ကိုယ်ပြောပြီးကြပြီ၊ မြတ်စွာဘုရား မိန့်တဲ့အတိုင်း တပည့်တော်တို့ မှတ်ကြရအောင်၊ ကဲ-အားလုံးလာ၊ ဘုရားဆီ သွားကြစို့"

အဲဒီသုတ္တန်မှာ ဒီဂါထာနဲ့ပတ်သက်ပြီး ဒီလိုမှတ်တမ်းတင်ထားတာ တော်တော် စိတ်ဝင်စားစရာကောင်းတယ်ပေါ့။ မြတ်စွာဘုရားဆီသွားပြီး အကျိုးအကြောင်း လျှောက်ကြတယ်။

မြတ်စွာဘုရားက ဘာမိန့်တုန်းဆိုရင် "အားလုံးပြောတဲ့ စကားတွေဟာ သူ့နည်းသူ့ဟန်နဲ့ မှန်ပါတယ်"တဲ့၊ ဟုတ်တယ်ပေါ့၊ တရားဆိုတာ ရှုရမယ့်ဟာတွေချည်းပဲလေ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတာလည်း အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာကိုး၊ အဲဒီတော့ ဝိပဿနာဉာဏ်နဲ့ ရှုရမယ့်တရားတွေ

https://dhammadownload.com



ချည်းပဲမို့ တစ်နည်းအားဖြင့် "မှန်ပါတယ်တဲ့၊ ဒါပေမယ့်လို့ တိဿမေတ္တေယျ မေးတုန်းက ငါဖြေတာကတော့ ဖဿကို ရည်ညွှန်းပြီးပြောတာ" တဲ့။ ပထမကိုယ်တော်ဖြေတဲ့ အဖြေကို မြတ်စွာဘုရားက အတည်ပြုပေးလိုက်တယ်၊ ဖဿကို ဦးတည် ပြီးတော့ ပြောတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ လောကမှာ တဏှာတွေ ဒိဋ္ဌိတွေ ပေါ်လာတာဟာ ဖဿကြောင့်ပေါ်တာ၊ အာရုံနဲ့စိတ်နဲ့ မဆုံဘဲနဲ့ ဘယ်တော့မှမပေါ်ဘူး၊ ဒါကြောင့်မို့လို့ ဗြဟ္မဇာလသုတ်ကြည့်လို့ ရှိရင် **"တဒပိ ဖဿပစ္စယာ** ဒါလည်းပဲ ဖဿကြောင့် ဖြစ်တာ" လို့ချည့် မိန့်ဆိုခဲ့တယ်။ ၆၂-ပါးသော အယူဝါဒတွေဟာ ဖဿ ကြောင့်ဖြစ်တာ၊ အာရုံနဲ့စိတ်ဆုံပြီးမှ ဖြစ်တာတွေချည်းပဲ၊ ဘုန်းကြီး တို့တတွေ တွေးကြတယ်၊ တွယ်တာကြတယ်ဆိုတာ အမြင်တွေ အမျိုးမျိုး ဖြစ်တယ်ဆိုတာ ဆုံပြီးမှဖြစ်တာတွေချည်းပဲ၊ အဲဒါ ဆုံစည်းမှု contact လို့ ခေါ်တာပေါ့၊ စိတ်နဲ့ အာရုံ ၂-ခု ဆက်သွယ်ပြီး ဒီဆက်သွယ်မှုကို အကြောင်းပြုပြီးတော့ ဖြစ်တာ တဲ့၊ အဲဒါကြောင့် မြတ်စွာဘုရားက ဖဿကို အဓိကထားပြီးတော့ ဖြေတယ်လို့ ဒီလိုဖြေရှင်းတယ်၊ အဲဒါ အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတမှာ **မဇ္ဈေသုတ်** ဆိုတာ ရှိတယ်၊ အဲဒီသုတ်အရ ဒီလို မှတ်ကြရမှာ ဖြစ်တယ်။

https://dhammadownload.com



## တိဿမေတ္တေယျနဲ့ တပည့်များ

အဲဒီလို မြတ်စွာဘုရားက ဖြေလိုက်တဲ့အခါကျတော့ တိဿမေတ္တေယျနဲ့ သူ့ရဲ့တပည့်တွေပါ အကျွတ်တရား ရသွားကြတယ်။ လောကမှာ လူတွေဟာ တွဲမိပြီဆိုလို့ရှိရင် ဆန္ဒတူတာတွေ ဓာတ်သဘောတူတဲ့ပုဂ္ဂိုလ်တွေပဲ တွဲမိကြတာ၊ ခုခေတ်လိုဆိုရင် ဝါသနာတူရာပေါ့။ မြတ်စွာဘုရားက **"ဓာတုသော ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ"** သတ္တဝါတွေဟာ ဓာတ်သဘောအားဖြင့် နှီးနှောကြနေတာ။

သဒ္ဓါတရားရှိတဲ့လူက သဒ္ဓါတရားရှိတဲ့လူနဲ့ တွဲတယ်နော်၊ ဝီရိယရှိတဲ့လူနဲ့ ပျင်းနဲ့ တွဲလို့မရဘူးနော်၊ ဘယ်တော့မှ မလိုက်ဖက်ဘူးတဲ့၊ သဒ္ဓါတရားရှိတဲ့လူနဲ့ သဒ္ဓါတရားမရှိတဲ့လူ တွဲလို့မရဘူး၊ ပညာထက်တဲ့လူနဲ့ ထိုင်းအတဲ့လူကလည်း ဘယ်တော့မှ တွဲလို့မရဘူး၊ သီလရှိတဲ့ပုဂ္ဂိုလ်နဲ့ သီလမရှိတဲ့လူလည်း တွဲလို့မရဘူးတဲ့၊ သီလမရှိတဲ့ပုဂ္ဂိုလ်က အရက်ကလေးတမြမြ လုပ်နေလို့ရှိရင် ဟို သီလရှိတဲ့ပုဂ္ဂိုလ်က ဘယ်လိုလုပ်မလဲနော်၊ တွဲလို့မရဘူးလေ၊ ဟော တွဲမရဘူးဆိုတဲ့ ပုဂ္ဂိုလ်ချင်း တွဲလို့မရဘူး။

ဒါကြောင့်မို့လို့ အခုမှာလည်းပဲ သူတို့ဆရာနဲ့တပည့်ဆိုတာ တော်တော်တွဲလို့ရတဲ့ ဝါသနာချင်း စရိုက်ချင်းတူတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သူတို့ဆရာ **တိဿမေတ္တေယျ** မေးလိုက်တဲ့ပုစ္ဆာဟာ တပည့်အားလုံးကလည်းပဲ သိချင်တဲ့ အချက်တွေပဲ ဖြစ်တယ်၊ မြတ်ဗုဒ္ဓ၏ အဖြေစကားကို နာပြီးရော နောက်လိုက်တပည့်

https://dhammadownload.com



(၁၀၀၀) နှင့်တကွ တိဿမေတ္တေယျဟာ ဓမ္မစက္ခုဆိုတဲ့ တရားမျက်စိ ပိုင်ဆိုင်သွားပြီး နောက်ဆုံး ကိလေသာအာသဝေါတွေ ကုန်ခမ်းသွားတယ်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတယ်၊ ဒီမေးခွန်းတွေ ဖြေဆိုပြီးတဲ့အဆုံးမှာ ရင်ထဲက သံသယတွေ လုံးဝရှင်းသွားပြီးတော့ ရဟန္တာ ဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတာနဲ့ တစ်ပြိုင်နက် ရသေ့အသွင် ပျောက်ပြီးတော့ ရဟန်းအသွင်ရောက်တယ်။

(ပစ္စေကဗုဒ္ဓါတွေလည်းပဲ အဲဒီလိုပဲ၊ ပစ္စေကဗုဒ္ဓါတွေဟာ ခေါင်းကို သုံးသပ်လိုက်တာနဲ့ လူအသွင်ပျောက်ပြီး ရဟန်းအသွင် ရောက်တယ်လို့ ဒီလိုဆိုလေ့ရှိတယ်။)

ဒီရဟန်းတွေကျတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဆီ ရဟန်းဖြစ်ဖို့ ခွင့်တောင်းတဲ့အခါ **"ဧဟိ ဘိက္ခု"** လို့ ခေါ်လိုက်တာနဲ့ တစ်ပြိုင်နက် လူ့အသွင်ပျောက်ပြီး ရဟန်းအသွင် ရောက်တယ်လို့ ဆိုတယ်၊ အခု ဒီသုတ္တန်မှာတော့ မြတ်စွာဘုရားထံ ရဟန်းဖြစ်ဖို့ရာ ခွင့်တောင်းတယ်လို့မပါဘူး၊ ရဟန္တာဖြစ်တာနဲ့ တစ်ပြိုင်နက် သူတို့အသွင်တွေဟာ အကုန်လုံးပျောက်သွားတယ်၊ ဒီလိုဆိုထားတယ်နော်၊ ရဟန္တာဖြစ်တာနဲ့ တစ်ပြိုင်နက် မူလအသွင်သဏ္ဌာန်တွေ ပျောက်သွားကြတယ်တဲ့။ ဒုတိယခေါင်းဆောင်ဖြစ်တဲ့ တိဿမေတ္တေယျရဲ့အမေးကို ဖြေဆိုခြင်းဖြစ်တယ်။

https://dhammadownload.com



## ပုဏ္ဏကဏ်ါအမေးကို ဖြေဆိုခြင်း

နောက် တတိယခေါင်းဆောင်ဖြစ်သူက ပုဏ္ဏက၊ သူက လည်း မေးခွန်းတွေကိုမေးတယ်၊ ဒါကြောင့်မို့ **ပုဏ္ဏကဏ်ါအမေးကို ဖြေဆိုခြင်း** ဆိုတာ ဒီကနေ့ မှတ်သားကြရအောင်။ မေးခွန်း မေးတဲ့ ပုဂ္ဂိုလ်က ၁၆-ဦးဆိုတော့ ဒီရက်တိုကလေးနဲ့ ပြီးမယ် မပြီးဘူး မသိနိုင်ဘူး၊ ဒါကြောင့်မို့ ပုဏ္ဏကရဲ့အမေးကို အကျဉ်းချုပ် ပြီး ပြောကြည့်ရအောင်။

ပုဏ္ဏကက သူ့အလှည့်ကျတဲ့အခါမေးတယ်၊ သူက မေးပါ ရစေပါဆိုပြီး ဘာနဲ့ပတ်သက်ပြီးမေးတုန်းဆိုရင် သူတို့ brahmam တွေက နတ်တွေ ဗြဟ္မာတွေကို ပူဇော်ကြတယ်၊ sacrificed လုပ်တယ်ပေါ့၊ "ယည" လို့ခေါ်တာ၊ ယည ဆိုတာ ပူဇော်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊ မြန်မာလိုကျတော့ ယဇ်ပူဇော်ခြင်း၊ ယဇ်ဆိုတာ "ယဇ"က လာတယ်၊ ယဇဆိုတာ ပူဇော်တာပဲ။

မြန်မာတွေက ငှက်ပျောပွဲ အုန်းပွဲ ထိုးတာပေါ့၊ ဟုတ်တယ် မဟုတ်လား၊ ဘာဖြစ်လို့ ငှက်ပျောသီး အုန်းသီး လုပ်ကြရတာလဲ၊ ဒီပြင့်ဟာ မလုပ်ကြဘူးလား၊ အဲဒါ စာရေးဆရာတစ်ဦးကတော့ ဘာဖြစ်လို့ ကန်တော့ပွဲမှာ ငှက်ပျောသီးနဲ့ အုန်းသီးကို လုပ်သလဲ လို့ဆိုတော့ ငှက်ပျောနဲ့ အုန်းသီးက ရာသီမရွေးရတယ်၊ ဒီပြင် အသီးက ရာသီအလိုက်ပေါ်တာ၊ ဒါကြောင့်မို့ နတ်က ကြိုက် ကြိုက် မကြိုက်ကြိုက် ငှက်ပျော အုန်းက လွယ်တာမို့ လုပ်တာပေါ့

https://dhammadownload.com



နော်၊ ခုခေတ်တော့ ဒို့ပြင်အသီးတွေလည်းပဲ ပေါ်နေတယ်၊ ပြောင်းလုပ်ချင်လည်း လုပ်လို့ရတာပေါ့။

အဲဒီမှာ သူက မေးတယ်၊ နတ်တွေ ဗြဟ္မာတွေကို ပူဇော်နေတယ်၊ "ယည"ဆိုတဲ့ ယဇ်ပွဲတွေ ကျင်းပကြတယ်ပေါ့၊ အဲဒါ ဘာအတွက် ဘာကိုအမှီပြုပြီး ပူဇော်ကြတာလဲတဲ့၊ အမျိုးမျိုးတော့ ပူဇော်နေကြတာရှိတယ်၊ "ဘာကို အမှီပြုပြီးတော့ ပူဇော်ကြတာလဲ" လို့ မြတ်စွာဘုရားကို မေးတယ်။

မြတ်စွာဘုရားက ဖြေတယ်၊ "နတ်ဗြဟ္မာတွေရဲ့ ဘဝကို အားကျပြီး မိမိရ,ထားတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်ဖို့ အတွက်၊ မအိုဖို့ မနာဖို့ မသေဖို့ အသက်ရှည်ရှည် နေရဖို့ (ဟုတ်တာပေါ့၊ ဗေဒင်ဆရာဆီ သွားပြီးတော့ ယတြာချေတာ လည်း ဒါပဲပေါ့နော်) ပြဿနာတွေ မရှိအောင်လို့ အဲဒါတွေ အတွက် ပူဇော်ကြတာ"တဲ့။

ရွှေတိဂုံဘုရား သွားသွားပြီး ပန်းတွေနဲ့ပူဇော်တာ ဘာလုပ်ကြတာတုန်း၊ ဘာအတွက်တုန်းဆိုရင် ကိုယ့်ဟာကိုယ်တော့ အဖြေထုတ်လို့ ရမှာပေါ့၊ တပည့်တော်တို့က နိဗ္ဗာန် လိုချင်လို့ပါ ဘုရား၊ တပည့်တော်တို့က နောင်ဘဝ ချမ်းသာအောင်လို့ပါ ဘုရားလို့ အမျိုးမျိုး ထွက်လာမှာပေါ့နော်။ အဲဒီလို လိုချင်စရာ တစ်ခုကို မျှော်လင့်ပြီး လုပ်တာတဲ့။

သူကဆက်ပြီးတော့ မေးတယ်၊ "အခုလို နတ်တွေကို ယဇ် ပူဇော်မှုတွေ ပြုလုပ်ခြင်းဖြင့် မွေးဖွားခြင်း အိုခြင်း ဆိုတာက ဒီနည်းနဲ့ရော လွတ်မြောက်နိုင်သလား"တဲ့၊ ပုဏ္ဏကတို့ကလည်း

https://dhammadownload.com



ဒီနတ်တွေ ပူဇော်တယ်၊ ပသတယ်၊ မန္တာန်တွေရွတ်တယ်ဆိုတာ ဘာလုပ်ဖို့တုန်း၊ မအိုဖို့ မသေဖို့ သူတို့ရွတ်ကြတာလေ။

မြန်မာပြည်မှာ ဓာတ်လုံးတွေထိုး၊ အင်းတွေချ သောက်၊ ဘာလုပ်ဖို့တုန်းဆိုရင် အသက်ရှည်ရှည် နေချင်လို့တဲ့၊ အသက်ရှည်ချင်လို့ အဲဒါကြောင့်လုပ်တာ၊ ဓာတ်လုံးဆရာ အဂ္ဂိရတ်သမား ကလည်း ပြောသောက်တာပဲ၊ ဘာလို့သောက်တာလဲလို့ မေးလို့ ရှိရင် အသက်ရှည်ချင်လို့၊ အသက်ရှည်တာမှ သူက ဘယ်လောက်ထိအောင် ရှည်ချင်လဲ ဆိုလို့ရှိရင် ဒီဘဝ ဒီခန္ဓာနဲ့ အရိမေတ္တယျဘုရား ပွင့်သည်ထိအောင် သူတို့က နေချင်တာ၊ အရိမေတ္တယျဘုရား ပရိနိဗ္ဗာန်စံပြီးတောင် သူက ဆက်နေချင်နေဦးမှာလေ၊ ဘုရားကသာ ပရိနိဗ္ဗာန်စံသွား၊ သူက ကျန်ချင် ကျန်နေဦးမှာ။

ဘုန်းကြီးတို့ ကိုယ်တွေ့ကလေး တစ်ခုပေါ့၊ စစ်ကိုင်းတောင်ရိုးမှာ ဆရာတော်ကြီးတစ်ပါးရှိတယ်၊ ဖိုထိုးတယ်၊ အင်းချပြီးတော့ သောက်တယ်၊ ဘာလုပ်ဖို့တုန်းဆိုရင် ဒီဘဝ ဒီခန္ဓာနဲ့ အရိမေတ္တယျဘုရား ဖူးချင်လို့တဲ့၊ တစ်ရက်ကျတော့ ဘုန်းကြီးက ရောက်သွားတယ်၊ ရောက်တဲ့အခါ ပက်လက်ကလေး ဖြစ်နေတယ်။ အနားနားမှာ ဓာတ်လုံးကလေးတွေ အင်းခွက်ကလေးတွေ ချထားတယ်၊ အသံလေးကလည်း ယဲ့ယဲ့ကလေး ကျန်တော့တယ်၊ "ဟာ ဆရာတော် နေမကောင်းဘူးလား၊ ဘာဖြစ်တာတုန်း" ဆိုတော့ "ငါ့ကွာ" တဲ့ "နေမကောင်းဖြစ်တာ အင်းချပြီးသောက်လည်း မပျောက်ပါဘူးကွာ၊ ဓာတ်လုံး ရေစိမ်သောက်

https://dhammadownload.com



လည်း မပျောက်ပါဘူးကွာ”တဲ့ “ဆရာဝန်ခေါ် ဆေးထိုးလိုက်မှ နည်းနည်းသက်သာလာတယ်၊ နေကောင်းရင်တော့ ဒီတစ်ခါ ဘုရားကြိုက်တဲ့အလုပ်ပဲ လုပ်ပါတော့မယ်”တဲ့။

နောက်တစ်လ နှစ်လလောက်နေတဲ့အခါ ဆရာတော်ကြီး နေကောင်းလားလို့ သွားကြည့်တယ်။ လိုဏ်ဂူထဲရောက်ပြီး “ရှူးရှဲ ရှူးရှဲ” လုပ်နေပြန်တယ်။ အဲဒီကျတော့ “ဆရာတော် ဘယ့်နဲ့လဲ ဘုရားကြိုက်တာပဲ လုပ်တော့မယ်ဆို၊ ဘာလို့ ရှူးရှဲ ရှူးရှဲ လုပ်နေတာတုန်း”ဆိုတော့ “ငါအောင်တော့မှာကွ”တဲ့၊ မျှော်လင့်ချက်၊ “ဒါ အောင်လို့ရှိရင် ငါ အရိမေတ္တယျဘုရား ဖူးရမှာ”တဲ့၊ တကယ် တော့ ဘယ်ဖူးရမှာတုန်း၊ နောက် တစ်နှစ် နှစ်နှစ်လောက်နေ တော့ ပျံလွန်တော်မူသွားရော၊ ဘယ်နားကနေ စောင့်နေမယ် တော့ မသိဘူးပေ့ါ။

လူတွေဟာ မျှော်လင့်ချက်နဲ့ လုပ်နေကြတာ။ အဲဒီလို လုပ်တာတွေက ဇာတိ ဇရာ မရဏကို ကျော်လွှားနိုင်သလားတဲ့၊ ဒီလို ယဇ်ပူဇော်တဲ့ ပုဂ္ဂိုလ်တွေဟာ ဆုတောင်းကြတယ်တဲ့၊ အသက်ရှည်ပါရစေ၊ အသက်ထောင်ကျော် ရှည်ပါရစေ၊ ဆုတောင်းကြတယ်၊ နတ်တွေကို ချီးမွမ်းကြတယ်၊ မန္တန်တွေ ရွတ်ကြတယ်၊ ပူဇော်ကြတယ်၊ လာဘ်ရချင်လို့ အမျိုးမျိုးလုပ်ကြ တယ်၊ ဒီလိုရည်ရွယ်ချက်တွေနဲ့ လုပ်ကြတာ။

တချို့များဆိုလို့ရှိရင် ခါတ်ကျလို့ ဆိုပြီးတော့နော်၊ ဘယ်တောင် သွားပြီးတော့ ပုတီး ဘယ်နှစ်ပတ် စိပ်ရမယ်တို့၊ ခါတ်ကျပြီးတော့ ဘာစားရမယ်၊ သစ်သီး ၉-ရက် စားရမယ်၊

https://dhammadownload.com



ရန်ကုန်မှာလည်း ကြီးကိုးကြီးဟုတ်လား၊ တစ်နေ့တည်းနဲ့ ပုတီး အပတ် (၁၀၀၀) ပြည့်အောင် စိပ်ရမယ်ဆို သွားစိပ်တာပဲ၊ တစ်ကြိမ်ကနေ နောက်တစ်ကြိမ်ပြောင်း၊ နောက်တစ်ခါ ပုဂံ-ညောင်ဦးတို့မှာရှိတဲ့ ဟိုမှာ စွယ်တော်လေးဆူကို တစ်ရက်ထဲနဲ့ ဖူးရင် ဘာဖြစ်မယ် ညာဖြစ်မယ်နော်၊ လုပ်တာပဲ၊ ဖြစ်ချင်လာတာကိုး။

ကျိုက်ထီးရိုး ၃-ခေါက်ပြည့်ရင် သူဌေးဖြစ်တယ်ဆိုတော့ တက်တာ၊ အဲဒီမှာ အထမ်းသမားတွေ ခုချိန်ထိထမ်းတုန်းပဲ၊ ဘယ် ၃-ခေါက်ကတော့မလဲ၊ တစ်နှစ်တင်ပဲ သူတို့ အကြိမ်ကြိမ်ထမ်းပြီး တက်နေကြတာ၊ အဲဒါလည်း ယုံတာပဲလေ၊ ၃-ခေါက်ပြည့်အောင် တက်ဆိုတော့ မမောနိုင်မပမ်းနိုင်တက်တာပဲ၊ အဲဒီလို လူတွေဟာ လောဘဖြစ်လာပြီ ဆိုလို့ရှိရင် မစဉ်းစားနိုင်တော့ဘူးပေါ့။

**"အာသီသန္တိ"** တောင့်တကြတယ်၊ **"ထောမယန္တိ"** နတ်တွေကို ချီးမွမ်းကြတယ်၊ အရှင်သခင်ကြီးတို့ ဘာတို့ ဘုန်းတန်ခိုးနဲ့ ပြည့်စုံတယ်လို့၊ **"အဘိဇပ္ပန္တိ"** မန္တန်တွေ ရွတ်ကြတယ်၊ ကန်တော့ပွဲတွေ အကြိမ်ကြိမ် ထိုးကြတယ်၊ **"ကာမာဘိဇပ္ပန္တိ"** လိုချင်တာတွေကို မျှော်လင့်ပြီးတော့ ပြောကြတယ်၊ လာဘ် လာဘတွေကို လိုချင်ကြတယ်။

"အဲဒီလို ဘဝတွေအပေါ်မှာ သာယာမှုတွေ၊ လိုချင်မှုတွေ စွဲမက်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီလိုပူဇော်ခြင်းဖြင့် ဘယ်လိုမှ ဇာတိ ဇရာ မရဏက မလွန်မြောက်နိုင်ပါဘူး" တဲ့၊ မြတ်စွာဘုရားက ဒီလိုဖြေတာ။

https://dhammadownload.com



ပုဏ္ဏကက ထပ်မေးတယ်၊ “အရှင်ဘုရားတဲ့၊ အဲဒီလို နတ်တွေ ပူဇော်ပြီးတော့ ယဇ်ပူဇော်မှု မန္တန်စုပ်မှုဖြင့် အိုခြင်း နာခြင်း သေခြင်းကို မလွန်မြောက်နိုင်ဘူးဆို ဘယ်ပုဂ္ဂိုလ်တွေဟာ အိုခြင်း နာခြင်း သေခြင်းက လွန်မြောက်နိုင်သလဲ”တဲ့။

ပုဏ္ဏက ရသေ့ကလည်း အိုမှာ နာမှာ ကြောက်တယ်။ ဘယ်လိုနည်းနဲ့မှ အိုခြင်း နာခြင်း သေခြင်းကို လွန်မြောက်နိုင်မှာလဲတဲ့ဆိုတော့ မြတ်စွာဘုရားက ဟောတယ်။

**“သင်္ခါယ လောကသ္မိံ ပရောပရာနိ” - ပရောပရ**-ဆိုတာ ကိုယ့်ရဲ့ခန္ဓာကိုယ်၊ သူတစ်ပါးရဲ့ခန္ဓာကိုယ်၊ လောကမှာတဲ့ ကိုယ့်ရဲ့ ခန္ဓာကိုယ်၊ သူတစ်ပါးရဲ့ခန္ဓာကိုယ် (သို့မဟုတ်) ကိုယ့်သန္တာန်မှာ ဖြစ်တဲ့ ခန္ဓာငါးပါး၊ သူ့သန္တာန်မှာဖြစ်တဲ့ ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါးတွေရဲ့ သဘာဝတရားကို ပိုင်ပိုင်နိုင်နိုင် သိရမယ်တဲ့။

“မအိုချင် မနာချင်ဖို့ဆိုလို့ရှိရင် ကိုယ့်သန္တာန်မှာရှိတဲ့ ခန္ဓာငါးပါး၊ သူ့သန္တာန်မှာရှိတဲ့ ခန္ဓာငါးပါး၊ ဘယ်သူ့သန္တာန်မှာရှိတဲ့ ခန္ဓာငါးပါးပဲဖြစ်ဖြစ် ဝိပဿနာဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင်သိတယ်၊ ပိုင်ပိုင်နိုင်နိုင်သိသည့်အတွက်ကြောင့် ဘယ်လောက ဘယ်ခန္ဓာပေါ်မှာမှ တဏှာဖြင့်တုန်လှုပ်ခြင်း၊ ဒိဋ္ဌိဖြင့်တုန်လှုပ်ခြင်း၊ မာနဖြင့်တုန်လှုပ်ခြင်းဆိုတဲ့ စိတ်ရဲ့လှုပ်ရှားမှုတွေ မဖြစ်တော့ဘူး။”

ဟုတ်တယ်လေ၊ ဝိပဿနာကျင့်စဉ်ကိုကျင့်လို့ အမှန်တရားကို သိသွားပြီ၊ ခန္ဓာငါးပါးကို ပိုင်ပိုင်နိုင်နိုင်သိသွားပြီ ဆိုတဲ့ပုဂ္ဂိုလ်မှာ ဘာမှ စိတ်လှုပ်ရှားမှုမရှိတော့ဘူး၊ စိတ်လေးဟာ တည်ငြိမ်သွားပြီ။

https://dhammadownload.com



**သန္တော**-သူ့သန္တာန်မှာ ရာဂတွေ ငြိမ်းသွားပြီ၊ ဒေါသတွေ ငြိမ်းသွားပြီ၊ အပူတွေ အကုန်လုံးငြိမ်းသွားပြီ၊ ဒါ ကိုယ်ကျင့်တရား လည်း ပြည့်စုံတယ်လို့ ပြောလိုတာပေါ့နော်၊ ဒုစရိုက် အလုပ်တွေ ကိုလည်း မလုပ်တော့ဘူး၊ ရာဂလည်း ငြိမ်းသွားပြီ၊ ဒေါသလည်း ငြိမ်းသွားပြီ၊ ကိလေသာအပူမီးတွေအားလုံး ငြိမ်းသွားပြီ။

**ဝိဓူမော**- ဒုစရိုက်ဆိုတဲ့ အခိုးတွေလည်း အားလုံးကင်းသွား ပြီ (သို့မဟုတ်) ဒေါသထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းဆိုတဲ့ စိတ်ရဲ့ အခိုးအငွေ့တွေလည်း အကုန်ပျောက်သွားပြီ။

**အနီဃော**- ရာဂဆိုတဲ့ ဒုက္ခပေးတတ်တဲ့တရား၊ ဒေါသ ဆိုတဲ့ ဒုက္ခပေးတတ်တဲ့ တရားတွေလည်း သူ့သန္တာန်မှာ မရှိတော့ ဘူး။

**နိရာသော**-ဘာမှမမျှော်လင့်တော့ဘူးတဲ့၊ ဘုန်းကြီးတို့ တတွေဟာ မျှော်လင့်နေတာကိုး၊ **အာသာ**ဆိုတဲ့ တဏှာမကင်း ဘူး၊ မကင်းတော့ မျှော်လင့်နေတာ။ **ဣဓိတာသာ**-အသက်ပေါ်မှာ မျှော်လင့်တယ်၊ **မနာသာ**-ပစ္စည်းဥစ္စာပေါ်မှာ မျှော်လင့်တယ်၊ အဲဒီ အာသာဆိုတဲ့ တဏှာတွေရှိတယ်။

ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားရင် အဲဒီမျှော်လင့်တယ်ဆိုတာ မရှိ တော့ဘူးတဲ့၊ အဲဒီမျှော်လင့်ချက်တွေ မရှိတော့ဘူး၊ အပြီးသတ် ချုပ်ငြိမ်းသွားပြီဆိုတဲ့ပုဂ္ဂိုလ်ဟာ ဇာတိဇရာဆိုတဲ့ ဒီပင်လယ်ကြီးကို ဒီဘက်ကမ်းကြီးကနေပြီးတော့ ဟိုဘက်ကမ်းကို ဇာတိ ဇရာ ကင်းတဲ့ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းကို ဖြတ်ကူးသွားနိုင်တယ်တဲ့၊

https://dhammadownload.com



အိုခြင်း နာခြင်း သေခြင်းဆိုတာတွေကို ကျော်ဖြတ်နိုင်ပြီလို့ ဒီလို ပြောတာနော်။

ဆိုလိုတာက ရဟန္တာဖြစ်သွားပြီ၊ ကိလေသာတွေ ကုန်သွားပြီ၊ ကိလေသာတွေချုပ်လို့ ကံတွေငြိမ်းသွားပြီဆိုလို့ရှိရင် အဲဒီလူဟာ အိုခြင်း နာခြင်း သေခြင်းဆိုတာတွေကို ဖြတ်ကျော်သွားနိုင်ပြီ၊ လွန်မြောက်သွားနိုင်ပြီလို့ပြောတာ။

ယဇ်ပူဇော်ရုံနဲ့ လာဘ်လာဘတွေကို မျှော်ကိုးနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်လိုမှ အိုခြင်းတရားတို့ကို ကျော်လွှားနိုင်မှာ မဟုတ်ဘူးလို့ မြတ်စွာဘုရားက ဒီမေးခွန်းလေးကိုဖြေတယ်။

အင်္ဂုတ္တရနိကာယ်မှာ **သမာဓိ ဘာဝနာသုတ်** ဆိုတာ ရှိတယ်၊ စတုက္ကနိပါတ်မှာရှိတယ်။ ဒီဂါထာကို ပြန်ပြောထားတယ်။ ပါရာယနပါဠိတော်ကယူပြီး ထပ်ပြောတယ်။

အဲဒီမှာ သမာဓိဘာဝနာသုတ်မှာ ဘယ်လိုပြောထားတုန်းဆိုလို့ရှိရင် **"သင်္ခါယ လောကသ္မိံ ပရောပရာနိ"** ခန္ဓာငါးပါးကို သိတယ်ဆိုတာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရကို သိတယ်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရရဲ့ ဖြစ်ကြောင်းတရားကို သိတယ်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ရဲ့ ချုပ်ကြောင်းတရားကို သိတယ်။ ဆိုလိုတာက ဖြစ်ကြောင်းတရားကိုလည်း သိတယ်၊ ချုပ်ကြောင်းတရားကိုလည်း သိတယ်၊ အဲဒါက ဘာနဲ့ သိတာတုန်းဆိုတော့ ဝိပဿနာဉာဏ်နဲ့ သိတာပဲပေါ့။

ဝိပဿနာဉာဏ်နဲ့ ဒါတွေကို ပိုင်ပိုင်နိုင်နိုင်မသိဘဲနဲ့ မဂ်စိတ်ဆိုတာ မပေါ်ဘူး၊ မဂ်စိတ်မပေါ်ရင် ကိလေသာဆိုတာ မပယ်နိုင်

https://dhammadownload.com



ဘူး၊ ကိလေသာမပယ်နိုင်ရင် ကံဆိုတာမကုန်ဘူး၊ ကံမကုန်လို့ ရှိရင် အိုခြင်း နာခြင်းဆိုတာ ဘယ်လိုမှ မကျော်လွှားနိုင်ဘူး၊ ဒီ အဓိပ္ပာယ်ကို အဲဒီသုတ္တန်မှာ '**အာသဝက္ခယ**' အာသဝေါတရား ကုန်ကြောင်း ကျင့်စဉ်တစ်ခုအနေနဲ့ "**သင်္ခါယ လောကသ္မိ ပရောပရာနိ**" ဆိုတဲ့ ဒိဂါထာနဲ့ ရှင်းထားတာ။ ပုဏ္ဏကရဲ့အမေးမှာ ငါ ဒီလိုဖြေဆိုခဲ့တယ်လို့ မြတ်စွာဘုရားက ပြန်ပြီးတော့ ရှင်းပြထား တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့၊ အခု ပုဏ္ဏကရဲ့ အမေးကိုလည်းပဲ မြတ်စွာဘုရားက ဖြေလိုက်တယ်။ ပုဏ္ဏကအမေးရဲ့ အဖြေအနှစ်ချုပ်က ဘာတုန်းဆိုရင် "ယဇ် ပူဇော်ခြင်း၊ မန္တန်စုပ်ခြင်းဖြင့် အိုခြင်း နာခြင်း သေခြင်းကို မလွန်မြောက်နိုင်ဘူးတဲ့၊ ဘယ်လောက် အသက်ရှည်အောင် လုပ်လို့မှမရဘူးတဲ့၊ အသက်ရှည်အောင်လုပ်တဲ့နည်းဆိုတာတော့ ဇာတိ ဇရာ မရဏ မဖြစ်အောင် ဝိပဿနာကျင့်စဉ်တစ်ခုကိုကျင့်၊ ခန္ဓာငါးပါးကို အမှန်အတိုင်းသိတဲ့အခါမှာ ကိလေသာတွေ ငြိမ်းသွားမယ်၊ တွယ်တာမှုတွေ လုံးဝမလာတော့ဘဲ မျှော်လင့်ချက် အာသာတွေ မရှိတော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်မှသာလျှင် အိုခြင်းနာခြင်း ကို ကျော်လွှားနိုင်တယ်"လို့ ဒီလို ဟောကြားခြင်း ဖြစ်ပါတယ်။

ဒီဂါထာရဲ့အဆုံးမှာ ပုဏ္ဏက ခေါင်းဆောင်တဲ့ ရသေ့ တစ်ထောင်ဟာလည်းပဲ အကျွတ်တရားရသွားကြတယ်၊ အားလုံး တရားထူး တရားမြတ် ရသွားကြတယ်၊ သူတို့လည်း ရဟန္တာ

https://dhammadownload.com



ဖြစ်ပြီးတော့ ရဟန်းအသွင်နဲ့ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီး ထိုင်နေကြတယ်။ ဘုရားရှေ့မှာ ရဟန်းဦးရေဟာ တိုးတိုး လာတယ်၊ ဘယ်နှစ်ပါးရှိသွားတုန်းဆိုတော့ ၃၀၀၀-ရှိသွားတယ် နော်။

နောက်ရက်တွေမှာ ကျန်တဲ့ရသေ့တွေရဲ့ မေးခွန်းတွေကို ဆက်ပြီး ဟောသွားမှာပေါ့။

ဒါကြောင့်မို့လို့ တရားချစ်ခင်သူတော်စင်ပရိသတ် အပေါင်း တို့သည် ဒီကနေ့ **"တိဿမေတ္တေယျရဲ့အမေးကို ဖြေဆိုခြင်းနဲ့ ပုဏ္ဏကရဲ့အမေးကို ဖြေဆိုခြင်း"** လို့ဆိုတဲ့ ဒီတရား၂-ပုဒ်မှာ လာရှိတဲ့အတိုင်းကို သိရှိနားလည်ကြပြီး မိမိတို့ရဲ့ဘဝကို အမှန် အတိုင်း သိရှိကြကာ နောက်ဆုံးမှာ ဘဝနိရောဓလို့ခေါ်တဲ့ နိဗ္ဗာန် ချမ်းသာကို ကိုယ်စီ ကိုယ်ငှ မျက်မှောက် ပြုနိုင်ကြပါစေကုန် သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၄)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၂-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဓမ္မာ့သီရိဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

### မေတ္တဂူ၏အမေးကို ဖြေဆိုခြင်း

**အဇိတ၊ တိဿမေတ္တေယျ၊ ပုဏ္ဏက** တို့၏ အမေးကို ဖြေဆိုပြီးတဲ့နောက် စတုတ္ထမြောက်ခေါင်းဆောင်ဖြစ်တဲ့ **မေတ္တဂူ** ရဲ့အမေးကို မြတ်စွာဘုရားကဖြေတယ်။

https://dhammadownload.com



အတူလာကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လင့်ကစား မေးခွန်းတွေကတော့ တစ်ဦးနဲ့တစ်ဦး မတူညီကြဘူး။ မိမိတို့ အာရုံစိုက်မိရာ၊ မိမိတို့ရင်ထဲ သံသယရှိရာ၊ မိမိတို့သိလိုတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီးမေးကြတယ်။ သို့သော် မြတ်စွာဘုရား တရားတော်မြတ်ရဲ့ လမ်းဆုံးပန်းတိုင်ကတော့ ဝဋ္ဋဒုက္ခအားလုံးကို အဆုံးသတ်ရေးပဲ ဖြစ်တယ်ပေါ့။ အားလုံးဟာ အိုခြင်း နာခြင်း သေခြင်းလို့ဆိုတဲ့ သံသရာဝဋ္ဋဆင်းရဲက လွတ်ကင်းတဲ့နေရာ ရောက်ရှိရေးဟာ ဗုဒ္ဓဘာသာတို့ရဲ့ ပန်းတိုင်ပဲဖြစ်တယ်။

ပန်းတိုင်ရောက်ရန်အကျင့်ကို ကျင့်နိုင်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်၊ လမ်းစဉ်ကို သိဖို့ဆိုတာလည်း အင်မတန်မှ ခဲယဉ်းတယ်။ ကျန်တဲ့ကျင့်စဉ်တွေ ဆိုပါစို့-သမထကျင့်စဉ်ကျင့်ပြီးတော့ ဗြဟ္မာ့ပြည်ရောက်ဖို့ဆိုတာတွေဟာ ဘုရားမပွင့်လည်းဘဲ ရှိခဲ့တဲ့ အကျင့်တွေပဲ။ မြတ်စွာဘုရား မပွင့်လည်း သီလဆိုတာရှိတယ်၊ သမာဓိဆိုတာလည်းရှိတယ်၊ ဝိပဿနာ ပညာ ဆိုတာကျတော့ ဘုရားပွင့်မှပဲတွေ့ရတယ်။ ကျန်တဲ့အချိန်မှာ ဒီနည်းလမ်းကို မတွေ့နိုင်ကြဘူး။

လောကမှာ တစ်ခါတစ်ရံ သူတော်စင်တွေဟာ ဘဝကြီးမှာ ဆင်းရဲတယ်ဆိုတာကိုတော့ သိရှိနားလည်ကြတယ်၊ သဘောပေါက်ကြတယ်၊ သို့သော် ဒီဆင်းရဲဒုက္ခကို ဘယ်လိုလုပ်ပြီး အဆုံးသတ်ရမလဲဆိုတာကျတော့ ရှာမတွေ့နိုင်ကြဘူး၊ သူတို့လည်း ဘဝအဆုံးသတ်ဖို့ ကြိုးပမ်းကြတာတွေချည်းပဲ။

https://dhammadownload.com



မြတ်စွာဘုရား လက်ထက်တော် အခါကာလတုန်းက ဘာသာတရားတွေကိုလိုက်စားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘာရည်ရွယ်ချက်နဲ့လုပ်တာတုန်းလို့ဆိုတော့ ဟောဒီလို အိုခြင်း နာခြင်း သေခြင်း ဆိုတာတွေ အဆုံးသတ်ဖို့၊ ဒီဒုက္ခတွေ အဆုံးသတ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကြတယ်။

ဒါကြောင့်မို့ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓမြတ်စွာနဲ့ တစ်ခေတ်တည်း ပေါ်ထွန်းတဲ့ အတွေးအခေါ်တွေကို ကြည့်မယ်ဆိုရင် သူတို့မှာလည်းပဲ 'မောက်ခ်ရှ' ဆိုတဲ့ စကားလုံးရှိတယ်၊ 'မောက်ခ်ရှ' ဆိုတဲ့စကားလုံးက အိန္ဒိယအသံနဲ့ပြောတာ။ မြန်မာပါဠိသံနဲ့ ပြောမယ်ဆိုရင် 'မောက္ခ' မောက္ခဆိုတာဘာလဲ၊ လွတ်မြောက်ခြင်း၊ လွတ်မြောက်မှုဆိုတာ freedom ပေါ့၊ သူတို့လည်း ဒီမျှော်မှန်းချက်နဲ့ လုပ်ကြတာပဲ။

အဲဒီ လွတ်မြောက်မှုဆိုတာကို The way of practice လိုက်နာကျင့်သုံးမှု နည်းအမျိုးမျိုးနဲ့ ရှာကြတာ။ ရှာရင်း ရှာရင်းနဲ့ ဆင်းရဲတွင်း နက်သွားကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ၊ ဘာဖြစ်လို့ ဆင်းရဲတွင်း နက်သွားသလဲဆိုရင် မှန်ကန်တဲ့ ကျင့်စဉ်ကျင့်နည်း technique ကို မသိလို့၊ အဲဒီ ကျင့်စဉ်ကျင့်နည်း မှန်ကန်တဲ့အကျင့် ဝိပဿနာ ပဋိပဒါကို မြတ်စွာဘုရားသာလျှင် စတင်ပြီး တွေ့ရှိတာတဲ့။

သာသနာပြင်ပပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့လမ်းဆုံးက ဘာလဲ လို့ဆိုရင် ရုပ်တရားကြီးကို စွန့်ခွာသွားပြီးတော့ နာမ်တရားနဲ့သာ

https://dhammadownload.com



ရပ်တည်နိုင်ပြီး ကမ္ဘာပေါင်းများစွာ အသက်ရှည်တဲ့ ဗြဟ္မာ့ပြည်ဟာ သူတို့ရဲ့လမ်းဆုံးဖြစ်တယ်။

သူတို့ရဲ့နည်းစနစ်တွေလည်း ကောင်းတယ်လို့ ပြောရမယ်၊ ရုပ်တရားကြီးကို မလိုချင်တော့ဘူး၊ ဘာဖြစ်လို့ မလိုချင်သလဲလို့ ဆိုလို့ရှိရင် စဉ်းစားကြည့်လေ၊ ဘုန်းကြီးတို့တတွေ ကိုယ့်ဟာကိုယ်ပဲ ပြန်စဉ်းစားကြည့်၊ ဒီ Physical body ကြီး ရှိနေသည့်အတွက်ကြောင့် ဘာတွေလုပ်ရလဲ၊ မနက်အိပ်ယာထတဲ့ အချိန်ကစပြီးတော့ စဉ်းစားကြည့်လိုက်၊ (ပျော်စရာကြီးလို့ တွေးရင်လည်းပဲ ပျော်ကောင်း ပျော်မှာပေါ့) အတော်အလုပ်ရှုပ်တဲ့ အရာပဲနော်၊ ဟောဒီ Physical body ကြီးအတွက် လူတွေဟာ မနက်အိပ်ယာထတာနဲ့ တစ်ပြိုင်နက် မျက်နှာသစ်ရတာတို့ သွားတိုက်ရတာတို့ ရေမိုးချိုးရတာတို့၊ ဒါတွေ မလုပ်လို့ရှိရင် ကိုယ်ခန္ဓာက ထုတ်လုပ်တဲ့အနံ့တွေဟာ ကိုယ့်ဟာကိုယ်တောင် အန်ချင်လာမှာပဲ၊ ပြီးတော့ Breakfast တဲ့၊ နံနက်စာ စားရပြန်ပြီ၊ အနည်းဆုံး ကော်ဖီလေး တစ်ခွက်လောက်တော့ သောက်ရမှ၊ သူ့အထဲ ထည့်ပေးရတာလေ။

အဲဒီတော့ သေသေချာချာ စဉ်းစားကြည့်ရင် လူတွေက သူများအတွက် လုပ်ပေးရတာသာ သူများရဲ့ ဝေယျာဝစ္စလို့ ပြောကြတာ၊ ကိုယ့် Physical body ကြီးရဲ့ ဝေယျာဝစ္စတွေ လုပ်ရတာ နည်းတာမှမဟုတ်ဘဲ၊ ဒါတောင် Physical body တစ်ခုနဲ့အားမရလို့ Physical body တွေ ထပ်ပြီးယူကြသေးတယ်၊

https://dhammadownload.com



တကယ်စဉ်းစားကြည့်ရင် အံ့ဩစရာ အလွန်ကောင်းတယ်။ နောက်တစ်ခု ယူလိုက်တဲ့အခါကျတော့ ဟော- တစ်ခုပြီးတစ်ခု ဒုက္ခတွေဟာ တိုးလာလိုက်တာ။

အထုပ်ထမ်းနေတဲ့ လူတစ်ယောက် အထုပ်ကလေးတွေ ထပ်ပြီးတင်တာနဲ့ မတူဘူးလား၊ ခါးကိုကိုင်းပြီးတော့ တစ်ခါ တည်းကို ဒီလို ဒုက္ခရောက်တယ်နော်၊ သို့သော် အဲဒီဟာကို ဒုက္ခလို့ မထင်ဘူး၊ ဒုက္ခလို့မထင်လို့ ပျော်ရွှင်မှုနဲ့နေနေကြတာပေါ့၊ ဒါကြောင့်မို့ မြတ်စွာဘုရားက ဒါကို ဒုက္ခလို့မြင်အောင် ကြည့်ခိုင်း တာ၊ ဒါကို ဒုက္ခလို့ မမြင်သေးသမျှ ဘုန်းကြီးတို့ ဘဝမှာပျော်နေ ကြဦးမှာပဲ၊ အဲဒီဘဝမှာ ပျော်နေတာကို ဘဝတဏှာလို့ ဒီလို ဆိုလိုတာပေါ့။

ဘဝကို တွယ်တာနှစ်သက်နေသေးသမျှ "ဘဝကောင်းစား ရေး" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အလုပ်လုပ်နေကြဦးမှာပဲ၊ အလုပ်လုပ်နေသမျှကာလပတ်လုံး ဘဝတွေဟာ တစ်ခုပြီးတစ်ခု လာမယ်၊ ကောင်းမယ်ထင်လို့လုပ်လိုက်၊ မကောင်းတာဖြစ်လိုက် နော်၊ ကောင်းမယ်ထင်လို့လုပ်ရင်း မကောင်းတာတွေ ဖြစ်သွား တာတွေက အများကြီး။

တစ်ခါတစ်ခါ 'ကြက်ကန်း ဆန်အိုးတိုး' ဆိုတာလို ကောင်းမယ်ထင်ပြီး လုပ်လိုက်လို့ ကောင်းတာတွေ ရသွားပြန် တယ်၊ ထီပေါက်တာနဲ့ အလားတူတယ်ပေါ့။ ထီထိုးတုန်းက ရမ်းပြီးတော့ ထိုးလိုက်တာပဲ၊ ထိုးလိုက်တဲ့အခါ မပေါက်သေး ရင်တော့ နောက်တစ်ခေါက် နောက်တစ်ခေါက်နဲ့ ထီများပေါက်

https://dhammadownload.com



မလားလို့ ထိုးလိုက်တာ ရှိတဲ့ပိုက်ဆံအကုန်ကုန်။ မြန်မာပြည်မှာ အခုတော့ သိပ်မကြားရဘူး၊ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က အိမ်တောင်ပေါင်ပြီးထိုးတဲ့လူ ရှိသေးတယ်၊ နှစ်လုံးထီတဲ့။ တချို့ အိမ်ပေါ်ကတောင် ဆင်းသွားရတယ် ကြားတယ်။

စစ်ကိုင်းမှာတော့ ရှိတာသေချာတယ်၊ အဲဒီ ထီကနေ ဒုက္ခပေးလိုက်တာ ဘဝဇာတ်ကို ခြေရာဖျောက်ပြီးတော့ မြေပထဗျာအောက် ရောက်သွားတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒါဟာ မျှော်လင့်ချက်နဲ့ လုပ်တာပဲလေ၊ ဖြစ်လာနိုး မျှော်လင့်ချက်နဲ့ အကောင်းထင်ပြီးလုပ်မိတာ အဆိုးတွေဖြစ်သွားတာ အများကြီးပဲ။

ကံကောင်းချင်တော့ တစ်ခါတစ်ခါ ပေါက်လိုက်တဲ့အခါ လူတွေဟာ ဒါလေးကိုအားကျပြီး ရမ်းသန်းမှန်းသန်း ဟိုပြောဒီပြော ပြောတာလေးက တည့်သွားတဲ့အခါ "ဟာ- ဒီဘုန်းကြီးက နှစ်လုံးထီပေးတာ မှန်သတဲ့" ဆိုပြီးတော့ လိုက်တဲ့သူကလည်း လိုက်နေကြတယ်၊ တကယ်တော့ ဘာမှလည်း မဟုတ်ဘူး၊ တကယ်ကတော့ ဘယ်သူမှ သိနိုင်တာမဟုတ်ဘူး၊ စဉ်းစားကြည့်လေ၊ သူသိရင် သူတစ်ယောက်တည်းထိုးမှာပေါ့၊ ဘာလို့ သူများပေးမှာလဲ၊ ဒါပေမယ့် လူတွေက ယုံသလားဆိုတော့ ယုံတယ်။

လောကလူတွေက ယုံဖို့ရာကျတော့ ဝန်မလေးကြဘူး၊ သူတို့က လိမ်မယ့်လူကိုပဲ ရှာနေတာ၊ "ငါ့ကို ဘယ်သူလာလိမ်မလဲ၊" ယုံဖို့ရာ အဆင်သင့်ပဲ၊ လိမ်မယ့်သူ လိုနေတယ်၊ အလိမ်ခံချင်နေတာကိုး၊ ဘာဖြစ်လို့ အလိမ်ခံချင်တာတုန်းဆိုတော့

https://dhammadownload.com



အဝိဇ္ဇာပဲ၊ အမှန်မသိလို့ ကိုယ့်မျှော်လင့်ချက်ကလေးက လိမ်မှန်း မသိ လိမ်တာလေ၊ လိမ်မှန်းမသိ လိမ်သွားတာ။

ငယ်ငယ်တုန်းက ကာတွန်းလေးတစ်ပုဒ် သတင်းစာထဲ တွေ့ဖူးတယ်၊ ဆိုင်းဘုတ်ကလေး တပ်ထားတာ ဗေဒင်ဆရာ 'ဆရာညာ' တဲ့ ရေးထားတာ။ (ဗေဒင်ဆရာတွေကိုပြောတာ မဟုတ်ပါဘူး၊ ဒီလိုဟာမျိုး ရှိတတ်တဲ့အကြောင်း ပြောပြတာနော်) လူ တစ်ယောက်က ဗေဒင်မေးတော့ ဗေဒင်ဆရာကြီးက ကျောက် သင်ပုန်းလေးနဲ့ ချောက်ချက်တွက်ချက်နေတယ်၊ "ခင်ဗျား လူညာ ခံရတတ်တယ်၊ သတိထား"တဲ့ ဆိုတော့ သူက ပြန်ပြောတယ် "ဟာ-ဆရာ ကျွန်တော် တစ်ခါမှ အညာမခံရဖူးပါဘူး" တဲ့၊ "အခု အညာခံနေရပြီလေ" တဲ့၊ ဒါ အမှန်အတိုင်း ပြောလိုက်တာပဲနော်။

သို့သော် လူတွေက ညာတာကို သဘောကျတယ်၊ ကိုယ် သဘောကျတာလေး ပြောလိုက်ရင် သိပ်ဟန်ကျတယ်၊ ဒီနေ့ပဲ ဂျာနယ်တစ်စောင်ထဲ ဖတ်တယ်၊ ဗေဒင်ဆရာက ဟောတယ်တဲ့၊ "မင်း ဘယ်နှစ်ရက်ကြာရင် သေလိမ့်မယ်ပေါ့၊ ယတြာချေလို့ လည်း မရဘူး" လို့ ပြောတယ်၊ ဟိုလူက စိတ်ရောဂါရသွားတယ်၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုတာ ဖြစ်တယ်၊ အဲဒီတော့ ဒါတွေက ဗေဒင်ဆိုတာ မရှိဘူးလားဆိုတော့ ရှိပါတယ်၊ တကယ့် ဗေဒကျမ်းတွေ၊ သို့သော် ဗေဒကျမ်းတွေ နက္ခတ်တွေအားလုံးဟာ မှန်သလားလို့ဆိုရင် တိုက်ဆိုင်သွားတဲ့အခါ မှန်သလိုရှိတယ်။

ငါးရာ့ငါးဆယ်ဇာတ်ထဲမှာ မြတ်စွာဘုရားဟောထားတာ ရှိတယ်။

https://dhammadownload.com



## **“နက္ခတ္တံ ပဋိမာနေန္တံ၊ အတ္ထော ဗာလံ ဥပစ္စဂါ”**

ဒီနေ့ နေ့မကောင်းသေးဘူး၊ ဒီနေ့ နက္ခတ်မကောင်းသေးဘူး၊ ပြဿဒါးရက်ကြီး မလုပ်နဲ့၊ ပြဿဒါး ရက်ရာဇာ ရွေးလိုက်ဦးနော်၊ ကောင်းတဲ့နက္ခတ်လေးကိုကြည့်ပြီး လူတွေက လုပ်လေ့ရှိကြတယ်၊ ဘာလေးလုပ်လုပ် နက္ခတ်ကောင်းတဲ့နေ့။

ဘုန်းကြီးတို့ တွေ့ဖူးတယ်၊ စစ်ကိုင်းက ကျောင်းအမကြီး တစ်ဦးဆိုရင် တရားစာအုပ်လေး ဝယ်ဖတ်တာတောင်မှပဲ **အမြိတ္တစုတ်ရက်** မှပဲ ဝယ်ဖတ်တာ၊ ဒီ့ပြင်နေ့ မဝယ်ဘူးနော်၊ စာအုပ်ဖတ်တာတောင်မှ ကောင်းတဲ့ရက်၊ အဲဒီ ကောင်းတဲ့ရက်မရောက်ခင် သေသွားရင် ဖတ်တောင်ဖတ်လိုက်ရမှာမဟုတ်ဘူး။ အဲဒီလို အလွန်အကျွံ ယုံတာမျိုးတွေဟာ အကျိုးမဲ့ ဖြစ်တတ်တယ်ပေါ့။

**“နက္ခတ္တံ ပဋိမာနေန္တံ၊ အတ္ထော ဗာလံ ဥပစ္စဂါ”**၊ နက္ခတ်ကို မျှော်လင့်စောင့်စားနေတဲ့ ပုဂ္ဂိုလ်ဟာ ကောင်းကျိုးချမ်းသာတွေ လွဲချော်ကုန်တတ်တယ်တဲ့။ **အတ္ထော အတ္ထဿ နက္ခတ္တံ၊ ကိံ ကရိဿန္တိ တာရကာ**၊ ကိုယ်လိုချင်တဲ့ကိစ္စ၊ ကိုယ်ဘာလုပ်ချင်တာလဲ လုပ်ချင်တာ အခုလုပ်လို့ လုပ်ပြီးသွားတာ ဒါဟာ နက္ခတ်ပဲတဲ့။ ကောင်းကင်ပေါ်က နက္ခတ်တွေက ကိုယ့်ကို ဘာတတ်နိုင်မှာလဲတဲ့၊ ဒါက မြတ်စွာဘုရားရဲ့ သွန်သင်ဆုံးမထားမှုတစ်ခု။

နောက်တစ်ခု ပုဗ္ဗဏှသုတ်ကို ကြည့်လေ၊ ပုဗ္ဗဏှသုတ်ထဲမှာဆိုရင် **သုနက္ခတ္တံ သုမင်္ဂလံ သုပ္ပဘာတံ သုဟုဋ္ဌိတံ** တဲ့။ ကောင်းတာလုပ်ရင် ကောင်းတဲ့နက္ခတ်လို့ ဒီလိုပြောတာပဲ။

https://dhammadownload.com



ကောင်းတာကျတော့ မလုပ်ချင်ဘူး၊ ကောင်းတာလုပ်ရမှာ ကျတော့ နက္ခတ်မကောင်းသေးဘူးလို့ ထင်ပြီးတော့ နက္ခတ်ပဲ လိုက်ရွေးနေတယ်၊ ဒီလို ဖြစ်တတ်တယ်၊ သို့သော် လူတွေဟာ Superstitious အစွဲအလမ်းတွေ တအားကြီးတယ်၊ အစွဲအလမ်း တွေနဲ့ လုပ်နေကြတာတွေက အများကြီးပဲ၊ ဗုဒ္ဓဘာသာ ဖြစ်လာ ပြန်တော့လည်း ဒီစွဲလမ်းမှုကို မစွန့်နိုင်သေးဘူး၊ ဘာဖြစ်လို့ ဒီလို စွဲလမ်းမှုတွေကို မပယ်နိုင်တာတုန်းဆိုတော့ အမှန်မသိလို့ပေါ့၊ အဲဒီတော့ ကိုယ့်ရဲ့ အသိဉာဏ်ဟာ အားနည်းနေသေးတယ် အားပျော့နေသေးတယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။

ဒါကြောင့်မို့ အသိဉာဏ်ဟာ ရှိလာပြီဆိုရင် ရဲရင့်တယ်၊ အသိဉာဏ်ဟာ အလင်းရောင်နဲ့ တူတယ်၊ လောက လူတွေဟာ အမှောင်ထဲဆိုရင် ကြောက်လိမ့်မယ်၊ ရှေ့မှာဘာရှိလဲ၊ ဘာမှ မမြင်ရဘူး၊ မှောင်ကြီးထဲ စမ်းတဝါးဝါး၊ အလင်းရောင်ရှိလို့ မြင်နိုင် တဲ့အခါမှာ ရဲစွမ်းသတ္တိတွေ တက်လာတယ်၊ အဲဒီလိုပဲ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အလင်းထဲရောက်သလိုပဲ ရဲစွမ်းသတ္တိတွေ တက် လာတယ်၊ ဘုန်းကြီးတို့တွေ ကြောက်နေတယ်ဆိုတာ အမှောင် ထဲ ရောက်နေလို့ပဲ၊ မှောင်တယ်ဆိုတာ မြင်နိုင်စွမ်း အသိဉာဏ်ရဲ့ စွမ်းအားတွေဟာ မပြည့်စုံသေးဘူး၊ အားပျော့နေသေးတယ်လို့ ဒီလိုပြောတာ၊ ဒါတွေ ယုံကြည်လက်ခံနေခြင်းအားဖြင့် အားပျော့ နေသေးတယ်၊

**"သိတာက ဉာဏ်ရဲ့လက္ခဏာ၊ မြင်တာက ဉာဏ်ရဲ့အစွမ်း"**

ဉာဏ်ဆိုတာ သိတယ်၊ မြင်တတ်တယ်၊ အကောင်းအဆိုး

https://dhammadownload.com



အကြောင်းအကျိုးကို ခွဲခြားသိမြင်တတ်တယ်၊ အဲဒီလိုဉာဏ်ကို ဘုန်းကြီးတို့တတွေရအောင် ကြိုးစားအားထုတ်ကြရမယ်။

အဲဒီတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဘဝဆိုတာ ဒုက္ခလို့ ဒီလိုဟောထားသော်လည်း အတော်နဲ့ သဘောမကျနိုင်ဘူးပေါ့၊ ဘာဖြစ်လို့လဲဆို သုခတွေက ရှိနေသေးတာကိုး၊ သုခတွေရှိနေတော့ ကောင်းတာလေး ကွက်ကြည့်ပြီး ဘဝဒုက္ခဆိုတာ သိပ်လက်မခံချင်ဘူး၊ ကောင်းတဲ့ အချက်ကလေးကို မျှော်လင့်ပြီးတော့ လူတွေဟာ ကောင်းနိုးနိုးနဲ့ လုပ်နေကြတုန်းပဲ၊ လုံးဝကြီး စွန့်လွှတ်နိုင်စွမ်းမရှိကြသေးဘူး။

အဲဒီတော့ ဘဝရဲ့ဒုက္ခဆိုတာ အင်မတန်မှကြီးပါတယ်ဆိုတာကို ဆင်ခြင်သုံးသပ်ကြရမယ်။ ဒါ contemplation အနုပဿနာလို့ ခေါ်တာပေါ့၊ ဆင်ခြင်သုံးသပ်မှုဆိုတာ လိုအပ်တယ်။

**အနုပဿနာ** ဆိုတာ **အနု**- အဖန်ဖန် အထပ်ထပ်၊ **ပဿနာ**-ရှုမြင်ခြင်း၊ အဖန်ဖန်အထပ်ထပ်ရှုတယ်ဆိုတာ ဘာနဲ့ရှု၊ ဉာဏ်နဲ့ရှု၊ နောက်တစ်နည်းအားဖြင့် **အနု** ဆိုတာ လျော်စွာ၊ **ပဿနာ** - ကြည့်တတ် မြင်တတ်ခြင်း၊ တကယ် မှန်ကန်တဲ့နည်းအတိုင်း သင့်တင့်လျောက်ပတ်စွာ ရှုတတ် မြင်တတ်တယ်၊

ဒါကြောင့်မို့ ကိုယ့်ဘဝကိုယ် စဉ်းစားဆင်ခြင်ပေးရတယ်၊ အဲဒီလို စဉ်းစားဆင်ခြင်ပေးခြင်းဖြင့် ဘဝဒုက္ခ အတော်အသင့်သိလာတဲ့အခါ ဘဝအပေါ်မှာ ငြီးငွေ့စိတ်ကလေးတွေ ပေါ်လာနိုင်တယ်။ အဲဒီပေါ်လာတဲ့ ငြီးငွေ့စိတ်ကလေးတွေဟာ တဖြည်း

https://dhammadownload.com



ဖြည်းနဲ့ အားကောင်းလာပြီဆိုရင် ဘုရားအလောင်းတွေကြည့်-ဘယ်လောက်ကြီးမားတဲ့စည်းစိမ်ချမ်းသာကြီးပဲဖြစ်ဖြစ် Renounce လုပ်နိုင်တယ်၊ ဖယ်ရှားပစ်နိုင်တယ်။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက စဉ်းစားကြည့်မိတယ်၊ ဒီလောက်ချမ်းသာတာကြီးကို ဘယ်လိုလုပ် စွန့်ခွါနိုင်တာတုန်းလို့၊ ပိုပြီးတော့ စဉ်းစားမိတာတော့ ဘုရားလောင်းတွေ ပါရမီဖြည့်တယ် ဆိုတဲ့အချိန်မှာ ပြင်ပပစ္စည်းတွေလှူတယ်၊ လှူနိုင်တယ်ပဲထားပါတော့၊ အတွင်းအဇ္ဈတ္တပစ္စည်းကို လှူတယ်၊ မျက်လုံးထုတ်လှူတယ်၊ ဘာထုတ်လှူတယ်၊ ညာထုတ်လှူတယ်ပေါ့၊ ဒါတွေဟာ ဘယ်လိုကြောင့် လုပ်နိုင်တာလဲ၊ ကိုယ့်ဟာကိုယ်ကျတော့ စဉ်းတောင်မစဉ်းစားဝံ့ဘူးပေါ့၊ နောက်ဆုံးမှာ အသက်တောင် အသေခံဝံ့တယ်၊ စွန့်လှူနိုင်တယ်ဆိုတဲ့ ဒါနပါရမီဖြည့်တဲ့အခါမှာ ဒီလိုဖြည့်တယ်။

နောက်ကျတော့ စာပေတွေ အတော်လေးလေ့လာကြည့်မိတဲ့အခါကျတော့ "တို့ သတ္တိမရှိတာက အလေ့အကျင့် မရှိသေးလို့ပဲ၊ စဉ်းစားဉာဏ်တွေ အားပျော့နေသေးလို့ပဲ"၊ စဉ်းစားဉာဏ်ကောင်းပြီးတော့ အလေ့အကျင့်တွေများလာရင် ဘယ်အရာမှ ခဲယဉ်းမှာမဟုတ်ဘူး၊ အကုန်လုပ်နိုင်စွမ်းရှိလာမှာပါ။

ဆန္ဒဆိုတာ အလွန်ထက်သန်လာတဲ့အခါ ကျန်တာတွေ ဘာမှဂရုမစိုက်တော့ဘူး။ ဒါကြောင့်မို့ ဆန္ဒကို အဓိပတိလို့ ဟောတာ၊ လွှမ်းမိုးကြီးစိုးနိုင်တယ်၊ ဆန္ဒရှိလာရင် လောဘကိုလည်း ဖယ်ပစ်နိုင်တယ်၊ အခြား အကုသိုလ်တွေကိုလည်း ဖယ်ပစ်

https://dhammadownload.com



နိုင်တယ်၊ ဆန္ဒရဲ့ စွမ်းအားဟာ အင်မတန်မှ ထက်မြက်တယ်လို့ နောက်ပိုင်းကျတော့ သဘောပေါက်လာတယ်။

ဒါကြောင့်မို့လို့ စတင်လေ့ကျင့်လာတဲ့အချိန်မှာ တဖြည်းဖြည်း လေ့ကျင့်ပြီးလို့ရှိရင် ပိုပြီး အင်အားကောင်းသည်ထက် ကောင်းလာတယ်၊ အတွေးအခေါ်တွေက အင်အားထက်မြက်သည်ထက် ထက်မြက်လာလို့ရှိရင် ဘာမဆို စွန့်လွှတ်နိုင်တဲ့ အနေအထား ရောက်သွားနိုင်တာပေါ့၊

လူ့ဘဝရဲ့ ဒုက္ခကို နည်းနည်းမြင်ရာကနေပြီး နောက် များများမြင်လာတယ်၊ များများမြင်ရာကနေပြီး နောက် သံသရာဝဋ်ဆင်းရဲကြီးက လွတ်နိုင်လောက်သည်ထိအောင် မြင်လာနိုင်တာပေါ့။ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ **"သဗ္ဗာ ဒုက္ခဿ အန္တာကိရိယာယ"** ဆိုတဲ့ ရည်မှန်းချက်အတိုင်း တကယ့်ကို ဒုက္ခကလွတ်မြောက်ဖို့ အစစ်အမှန် ဖြစ်တယ်။

နည်းလမ်းမှန်ပြီ ဆိုလို့ရှိရင် တကယ့်ဒုက္ခက လွတ်မြောက်နိုင်တဲ့ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာတဲ့၊ နည်းလမ်းမမှန်ဘူးဆိုရင် ကိုယ့်ရဲ့ရည်ရွယ်ချက် မျှော်မှန်းချက်ဟာ အောင်မြင်မှာ မဟုတ်ဘူး၊ ဒါကြောင့်မို့ မြတ်စွာဘုရားက မှန်ကန်တဲ့နည်းလမ်းတွေကို ဟောပြောတာ။

## မေတ္တဂူရဲ့မေးခွန်း

ဒီကနေ့ **မေတ္တဂူ** ဆိုတဲ့ရသေ့က သူ့အလှည့်မှာ သူ့ရဲ့ ရင်တွင်းက သံသယတွေနဲ့ ပတ်သက်ပြီးမေးတယ်။ အဲဒီတော့

https://dhammadownload.com



မေးတဲ့အခါမှာ သူ့ရဲ့မေးခွန်းရယ်, မြတ်စွာဘုရားက ဖြေတာရယ်, အားလုံးပေါင်းလိုက်မယ်ဆိုရင် ၁၂-ဂါထာ ရှိတယ်၊ မေးခွန်းပုစ္ဆာကတော့ ဒီလောက် များများကြီးမေးတာ မဟုတ်ဘူး။

အဲဒီတော့ မြတ်စွာဘုရားရဲ့ ခွင့်ပြုချက်အရ သူ့အလှည့်ရောက်တော့ သူစ,မေးပုံလေးက -

**"ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေတံ"** ရှင်တော်မြတ်ဘုရားကို ဒီမှာ သူသုံးလိုက်တာက **"ဘဂဝါ"**လို့ သုံးတာ။ **ဘဂဝါ**ကို မြန်မာတွေကတော့ မြတ်စွာဘုရားလို့ ဒီလိုပဲ ဘာသာပြန်ကြတယ်ပေါ့။ အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ **ဘဂဝါ** ကို The Blessed One လို့ ဒီလိုပြန်တယ်။ ဒီကနေ့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ဟိန္ဒီဘာသာစကားမှာလည်း **ဘဂဝါ** ဆိုတဲ့ အသုံးကိုသုံးတယ်၊ **ဘဂဝါဂီတာ** ဆိုတဲ့ကျမ်းရှိတယ်။ လေးစားရမယ့်ပုဂ္ဂိုလ်တွေ၊ အလွန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို **'ဘဂဝါ'** လို့ခေါ်တယ်၊ ဘုန်းရှင်ကံရှင် ပါရမီရှင်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။

ရှင်မဟာဗုဒ္ဓဃောသက ဘဂဝါ ဆိုတဲ့ စကားလုံးကို **'ဘဂဝါတိ ဂုရု'** လို့ ဖွင့်ဆိုတယ်။ **ဘဂဝါ** ဆိုတာ **ဂုရုကြီး** လို့ ခေါ်တာနဲ့ အတူတူပဲ၊ ဒီကနေ့ အိန္ဒိယနိုင်ငံမှာ ဂုရုကြီးလို့ ခေါ်ကြတယ်၊ ဘာသာရေးနဲ့ ပတ်သက်တာတို့ ဘာတို့ ဆရာကြီးကို ဂုရုကြီးလို့ ခေါ်တယ်။ အဲဒီ ဂုရုကြီးတွေကို **ဘဂဝါ** လို့လည်း ခေါ်တယ်နော်၊ အဲဒီအသုံးနဲ့သုံးတဲ့ စကားလုံးတစ်ခု၊ မြန်မာလို ပြန်တော့သာ မြတ်စွာဘုရားလို့ ဒီလိုသုံးထားတာ။ အဲဒီတော့ လေးစားအပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကိုသုံးတဲ့ စကားလုံး။

https://dhammadownload.com



ဒါကြောင့်မို့ သူက မေးတယ်၊ **"ပုဋ္ဌာမိ တံ ဘဂဝါ ဗြူဟိ မေတံ"** "ဘဂဝါကို မေးခွန်းတစ်ခုမေးပါရစေ၊ အဲဒါကို ဖြေပေးပါ"တဲ့၊ ပြီးတော့ သူက ဘာဆက်ပြောတုန်းဆိုရင်၊ **"မညာမိ တံ ဝေဒဂုံ ဘာဝိတတ္တံ"** "ဘုရားကို ရင်ထဲမှာ ဘယ်လို ယုံကြည်ထားတုန်းဆိုရင်" **"ဝေဒဂူ"** တဲ့၊ **ဝေဒဂူ** ဆိုတာ အသိဉာဏ်ရဲ့ လမ်းဆုံး ရောက်နေသူ၊ အသိဉာဏ်ဖြင့် လမ်းဆုံးကို ရောက်နေသူ။ ဆိုလိုတာက အဆုံးတိုင်သိတဲ့ပုဂ္ဂိုလ်လို့ ဒီလိုယူဆတယ်၊ **ဝေဒ** ဆိုတဲ့ စကားလုံးက အသိဉာဏ်ကိုပြောတာ။

အဲဒီစကားလုံးကိုယူပြီး အခု မြန်မာပြည်မှာ ရူပဗေဒ၊ ဓာတုဗေဒ စသည် သုံးတယ်။ **ဘ** နဲ့ ရေးတဲ့ **ဘေဒ** ကျတော့ ကွဲပြားခြားနားခြင်းဆိုတဲ့ အဓိပ္ပါယ်ရတယ်။ **ဗ** နဲ့ ရေးတဲ့ **ဗေဒ၊** အမှန်က ပါဠိကျတော့ **ဝေဒ၊ ဝေဒ** ကိုပဲ **ဗေဒ၊ ဗေဒ** ဆိုတာ အသိဉာဏ်ကိုပြောတာ၊ ရူပဗေဒဆိုတာ Physics နဲ့ ပတ်သက်တဲ့ အသိဉာဏ်၊ **အာယုဗေဒ** ဆိုတဲ့စကားလုံးက အသက်ရှင်စေတတ်တဲ့ နည်းပညာတွေကိုပြောတာ၊ အဲဒီအသုံးမျိုးပဲ။

**ဝေဒဂူ** -အဲဒီ ဗေဒဆိုတဲ့ အသိဉာဏ်နဲ့ ပတ်သက်လာလို့ ရှိရင် လမ်းဆုံးထိအောင်သိတဲ့ ပုဂ္ဂိုလ်ပေါ့။ ဘုန်းကြီးတို့တတွေ သိတာ အစလေးပဲသိသေးတာ၊ လမ်းဆုံးကိုမသိသေးဘူး၊ ကိုယ်သိတာ နည်းနည်းလေးပဲရှိတယ်၊ မသိတာတွေက များတယ်၊ အဲဒါကြောင့်မို့ **ဝေဒဂူ** ခေါ်လို့မရဘူး။

မြတ်စွာဘုရားကျတော့ တကယ့်ကို အသိဉာဏ်နဲ့ အဆုံးထိအောင် သိထားတဲ့ပုဂ္ဂိုလ်(သို့မဟုတ်) အသိဉာဏ်နဲ့ အရာရာကို

https://dhammadownload.com



မြင်နိုင်စွမ်းရှိတဲ့ပုဂ္ဂိုလ်ပဲ။ သူက **ဝေဒဂူ**လို့ ယုံကြည်ပါတယ်ပေါ့၊ အဲဒီခေတ်က ပညာရှိကို **ဝေဒဂူ**။

ပြီးတော့ **ဘာဝိတတ္တ**တဲ့။ **'အတ္တ'** ဆိုတဲ့ အသုံးကို သုံးလိုက်ပေမယ့် ဟို philosophical term နဲ့တော့ မဆိုင်ဘူး၊ ဒီအတ္တက ဒီနေရာမှာ စိတ်ကိုရည်ညွှန်းပြီးတော့သုံးတာ၊ **ဘာဝိတ+အတ္တ**-လေ့ကျင့်ထားတဲ့ စိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်၊ စိတ်က လေ့ကျင့်မထားဘူးဆိုရင် Emotion နဲ့တင်ပဲ ဒုက္ခရောက်မယ်၊ လေ့ကျင့်ထားတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ထားဟာ ကြံ့ခိုင်တယ်၊ လှုပ်ရှားမှုမရှိဘူး၊ အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားကို **ဘာဝိတတ္တ** လေ့ကျင့်ထားတဲ့စိတ်ဓာတ်ပိုင်ရှင်လို့ သူယုံကြည်တယ်တဲ့၊ အဲဒါကြောင့်မို့လို့ ဒီမေးခွန်းတွေ မေးတာ။

သူမေးတဲ့မေးခွန်းက **"ကုတော နု ဒုက္ခာ သမုဒါဂတာ ဣမေ"**၊ ဒုက္ခဆိုတာကြုံတွေ့နေကြရတယ်၊ လူတိုင်း လူတိုင်းဟာ ဒုက္ခကြုံတွေ့ကြတယ်၊ **"ယေ ကေစိ လောကသ္မိ မနေကရူပါ"** - ဒုက္ခဆိုတာ မြောက်မြားစွာရှိတယ်၊ လူ့လောကမှာ ၉၆-ပါး ရောဂါဝေဒနာတွေဟာလည်း ဒုက္ခပဲ၊ အိုတာလည်း ဒုက္ခပဲ၊ နာတာလည်း ဒုက္ခပဲ၊ သေတာလည်း ဒုက္ခပဲ၊ ဆွေတွေမျိုးတွေ ပျက်စီးသွားတာ ဒုက္ခ၊ ငိုရတာလည်း ဒုက္ခနော်။ ကိုယ့်ရဲ့ စီးပွားရေးစိတ်မအေးရတာလည်း ဒုက္ခ၊ နေရေးထိုင်ရေး စိတ်မအေးရတာလည်း ဒုက္ခ၊ သားရေးသမီးရေး ပူပန်ရတာလည်း ဒုက္ခ၊ အများကြီးပဲ။ လိုက်တွက်လိုက်မယ်ဆိုရင် **"ယေ ကေစိ လောကသ္မိ**

https://dhammadownload.com



**မနေကာရှုပါ"** တဲ့။ ဒုက္ခတွေက အမျိုးမျိုး၊ ရေတွက်လို့တောင် ကုန်နိုင်ဖွယ်မရှိဘူး။

ခမ္မစကြာမှာဟောထားတဲ့ဒုက္ခတွေကြည့်လေ၊ **"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော"** တဲ့။ မတွေ့ချင်တဲ့သူတွေနဲ့ တွေ့နေရတယ်၊ **"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော"** တွေ့ချင်တဲ့လူကျတော့ ခွဲနေရတယ်။ ဟော- ဒါတွေလည်း ဒုက္ခပဲ။ နောက်ဆုံးမှာ **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** ကိုယ် ရထားတဲ့ ခန္ဓာကြီးကိုက ဒုက္ခကြီး၊ တကယ်တွေးကြည့်မယ်ဆိုရင် ဘယ်နှယ့်ဘာဖြစ်မလဲ၊ ကိုယ့်ခန္ဓာကိုယ်ကိုကြည့်၊ သံနဲ့လုပ်ထားတဲ့ ကားတောင်မှပဲ မကြာမကြာ ဝပ်ရှော့ပို့ရသေးတာပဲ၊ ခန္ဓာကိုယ်မှာ သံလိုမာတဲ့ အရာ တစ်ခုမှမပါဘူး။ ကံကလုပ်ထားတဲ့ ခန္ဓာကိုယ်ကြီးဟာ မျက်လုံးကလည်း ခိုင်တာမဟုတ်ဘူး၊ နားကလည်း ခိုင်တာမဟုတ်ဘူး၊ ဘယ်ဟာမှ ခိုင်တာမရှိဘူး၊ တကယ်ကြည့်ရင် ခန္ဓာကိုယ်ကြီးဟာ အင်မတန်မှ **ပဘင်္ဂု** ပျက်လွယ်စီးလွယ်၊ Made in England လို့လည်း ပြောလို့မရဘူးနော်။

ဒီလူ့ခန္ဓာကိုယ်ဆိုတာ ခိုင်မာတာ တစ်ခုမှမရှိဘူး၊ အဲဒီ မခိုင်မာတဲ့ ခန္ဓာကိုယ်ကြီးမှာ ဒုက္ခတွေကပေါင်းစုံပဲ၊ ဘာနဲ့တူတုန်းဆိုရင် မြားဒဏ်ချက်တွေ စုဝေးကျရောက်တဲ့ ပစ်မှတ်လိုပဲပေါ့၊ Target ကြီးလိုပဲ၊ ဟိုကပစ်လိုက်လည်း ဒီကျ၊ ဒီက ပစ်လိုက်လည်း ဒီကျ၊ အဲဒီလို ဒုက္ခသုက္ခတွေ လောကမှာ ရှာတွေးကြည့်၊ ကိုယ့်ဟာကိုယ် တွေးကြည့်လိုက်၊ ကိုယ်တစ်ယောက်တည်းတင်ပဲ ဒုက္ခပေါင်း မြောက်မြားစွာရှိတယ်၊ တစ်လောကလုံး တွက်ကြည့်လိုက်

https://dhammadownload.com



မယ်ဆိုရင် အင်မတန်မှ ဒုက္ခတွေများတယ်၊ **"ယေ ကေစိ လောကသ္မိံ မနေကရူပါ"** တဲ့၊ လူ့လောကကြီးမှာ ကြုံတွေ့ရတဲ့ ဒုက္ခ၊ ဒါ လူတွေတွေ့တဲ့ဒုက္ခဟာ နည်းနည်းလေးပဲ ရှိသေးတယ် နော်။

ကြက်ကလေးတွေ စဉ်းစားကြည့်၊ ကြက်ကလေးတွေ ခြေထောက်နှစ်ချောင်း ကြိုးနဲ့ပူးကပ်စည်း၊ ဇောက်ထိုးဆွဲပြီးတော့ မော်တော်ဆိုင်ကယ်ပေါ် တင်သွားတာကို ချမ်းသာတယ်လို့များ ထင်သလား၊ နွားတွေ နဖါးကြိုးထိုးရိုက်နှက်ခေါ် ဆောင်သွားတာ ချမ်းသာတယ်လို့များ ထင်သလား၊ မထင်ဘူး။ တိရစ္ဆာန်တွေရဲ့ ဒုက္ခကိုစဉ်းစားကြည့်၊ လူ့ဒုက္ခထက် အဆပေါင်းများစွာဆိုးတယ်၊ ဒါ တိရစ္ဆာန်ဒုက္ခဆိုးတာကို ကိုယ်မြင်ရတာ၊ ငရဲဘုံသားတွေရဲ့ ဒုက္ခကျတော့ ကိုယ်မမြင်ရဘူး၊ အဆပေါင်းများစွာ ငရဲဒုက္ခက ပိုဆိုးတယ်၊ အဲဒီလို လောကမှာ ဒုက္ခရောက်နေတဲ့သူတွေ အများကြီး၊ ဒီကနေ့ ခေတ်ကြည့်ပေါ့၊ သတင်းစာတို့ ဂျာနယ်တို့ ဖတ်ကြည့်၊ ဒုက္ခရောက်တာ၊ ဟိုနိုင်ငံ ဒီနိုင်ငံ ဒုက္ခရောက်နေ ကြတာတွေ အများကြီးပဲ။

အဲဒီဒုက္ခတွေ လောကကြီးမှာ အမျိုးမျိုးကြုံတွေ့ နေကြရ တာဟာ **"ကုတောနု ဒုက္ခာ သမုဒါဂတာ ဣမေ** - ဒီဒုက္ခ တွေဟာ ဘယ်ကစ ဘာကြောင့်ဖြစ်လာရတာလဲ"။

ဘုန်းကြီးတို့ တတွေကတော့ အေးအေးဆေးဆေးပဲလေ၊ ဒါ စဉ်းကို မစဉ်းစားဘူး၊ ဘာမှ မတွေးဘူးနော်၊ မုန့်တိုင်းလာရင် တိမ်းနေလိုက်မယ်၊ ဒါပဲပေါ့။ အပူလာရင်လည်း အဲယားကွန်းနဲ့

https://dhammadownload.com



နေလိုက်မယ်ပေါ့၊ ဒီလောကပဲ စဉ်းစားမှာပေါ့နော်။ အဲဒီတော့ "လူတွေ ရှောင်လွှဲလို့မရအောင် ကြီးမားလှတဲ့ ဟောဒီဒုက္ခတွေဟာ ဘယ်က စတင်လာသလဲ"တဲ့။ မေတ္တဂူဆိုတဲ့ ရသေ့က ဒီမေးခွန်းကို မြတ်စွာဘုရားကို မေးတာ။

## ဖြေဆိုခြင်း

အဲဒီလိုမေးတော့ မြတ်စွာဘုရားက ဘာဖြေတုန်းဆိုတော့-

**"ဒုက္ခဿ ဝေ မံ ပဘဝံ အပုစ္ဆိ"** - "မင်းက ဒုက္ခရဲ့ မြစ်ဖျားခံရာ ဒုက္ခရဲ့အကြောင်းရင်းကို ငါ့ကိုမေးတယ်"၊ **"တံ တေ ပဝက္ခာမိ ယထာပဇာနံ"**၊ "ငါသိတဲ့အတိုင်း မင်းကိုရှင်းပြမယ်"တဲ့၊ **"ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ"** တဲ့၊ "ဒုက္ခတွေဟာ ဥပဓိကို အခြေခံပြီးတော့ ဖြစ်လာတာ" တဲ့။ **"ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ ယေကေစိ လောကသ္မိံ အနေကရူပါ"** တဲ့၊ "လောကမှာ ဒုက္ခမျိုးစုံ ဖြစ်လာတာဟာ ဥပဓိကြောင့်ဖြစ်တာ"တဲ့၊ ဥပဓိကို အခြေခံပြီးတော့ ဖြစ်လာတာလို့ မြတ်စွာဘုရားက ဖြေတယ်။

အဲဒီမှာ **ဥပဓိ** ဆိုတာ ဘာကိုပြောတာတုန်း၊ ပါဠိစကားက **ဥပ + ဓိ။** အဓိပ္ပါယ်က ဘာတုန်းဆိုရင် ဒုက္ခကို ဖြစ်စေတတ်တဲ့ အရာတွေ၊ တစ်နည်းအားဖြင့် ဒုက္ခရဲ့တည်ရာ အကြောင်းတရားတွေတဲ့။ စူဠနိဒ္ဒေသပါဠိတော်မှာ **ဥပဓိ** ၁၀-မျိုးကို ပြထားတာ ရှိတယ်၊ လိုချင်တဲ့တဏှာဟာလည်းပဲ **ဥပဓိပဲ၊** ဒါက ဒုက္ခသမုဒယ။ သစ္စာ ၄-ပါးမှာ မြတ်စွာဘုရားက **"တဏှာ ဒုက္ခသမုဒယော"**

https://dhammadownload.com



လို့ ဒီလိုပြောတယ်၊ အဲဒီတော့ တဏှာဟာလည်းပဲ ဒီနေရာမှာ **ဥပဓိ**ပဲတဲ့၊ အဲဒီ တွယ်တာမှုတဏှာ ရှိနေရင်လည်း ဒုက္ခတွေ လာမှာပဲတဲ့။

နောက်တစ်ခုက ဘာတုန်းဆိုလို့ရှိရင် **ဒိဋ္ဌိ**တဲ့၊ မှားယွင်းတဲ့ အယူအဆတွေ၊ မမှန်ကန်တဲ့အမြင်တွေ၊ ဒါတွေကလည်း ဒုက္ခကို ဖိတ်ခေါ်နေတာပဲ၊ ဒုက္ခတွေ ဖြစ်ဦးမှာပဲ၊ နောက်တစ်ခုက **ကိလေသာ**ဟာလည်းပဲ **ဥပဓိ**ပဲ၊ အဲဒီကိလေသာဆိုတဲ့ ဥပဓိဟာ လည်း ဒုက္ခကို ဖြစ်ပေါ်စေတတ်တဲ့ အရာတစ်ခုပဲ။

ဒီတော့ ကိလေသာဆိုတာ ဘာတွေတုန်းဆိုတော့ စိတ်ကို ညစ်ညူးစေတတ်တဲ့အရာတွေ လောဘတို့ ဒေါသတို့၊ သူတို့ ဖြစ်လိုက်ရင် ကြည့်၊ စိတ်ဟာ ညစ်ညူးသွားတယ်။ လောဘ ဖြစ်မယ်၊ ဒေါသ ဖြစ်မယ်၊ မောဟဖြစ်မယ်၊ Emotion တွေပေါ့၊ Mental defilement လို့ ခေါ်တာပေါ့။ စိတ်ရဲ့ Impurity တွေ ဒါတွေဖြစ်လာလို့ရှိရင် စိတ်ဟာ ကြည်လင်မှာ မဟုတ်တော့ဘူး၊ ညစ်နွမ်းသွားတယ်၊ လူတွေကတော့ ထင်တယ်၊ လောဘဖြစ်ပြီး ပျော်တယ်လို့ ထင်တယ်၊ မဟုတ်ဘူး၊ စိတ်ဟာ ညစ်နွမ်းသွားပြီး အမှန်ကို သိနိုင်စွမ်းမရှိတော့ဘူး၊ လောဘဖြစ်နေရင် အမှန်ကို သိနိုင်စွမ်း မရှိတော့ဘူး။ ဒါ ကြည်လင်ပြတ်သားမှု နည်းသွား တာကို ပြောတာ၊ ဒေါသဖြစ်ရင် ပိုသိသာတာပေါ့။

နောက်တစ်ခုက ဘာတုန်းဆိုရင် **ကံ**၊ ကောင်းတာလုပ် တယ်၊ မကောင်းတာလုပ်တယ်၊ နေ့စဉ်နှင့်အမျှ စိတ်က စိတ်ကူး တယ်၊ နှုတ်ကပြောတယ်၊ ကိုယ်ထိလက်ရောက်လုပ်တယ်ဆိုတဲ့

https://dhammadownload.com



စေတနာဆိုတဲ့ကံတရားတွေ ပြုလုပ်ဆောင်ရွက်မှုဆိုတဲ့ ကံတရားတွေဟာလည်းပဲ ဒုက္ခကို ဖြစ်ပေါ်စေတတ်တဲ့ ဥပဓိတွေပဲတဲ့။

နောက်တစ်ခုက ဘာတုန်းဆိုရင် **ဒုစရိုက်**၊ မကောင်းတဲ့အကျင့်တွေ၊ စိတ်နဲ့ မကောင်းတဲ့အကျင့်၊ နှုတ်နဲ့ မကောင်းတဲ့အကျင့်၊ ခန္ဓာကိုယ်နဲ့ မကောင်းတဲ့အကျင့်၊ အဲဒီ မကောင်းတဲ့အကျင့်ဆိုတာတွေဟာလည်းပဲ **ဥပဓိ**ပဲ၊ ဒုက္ခကို ဖြစ်စေတတ်တယ်။

နောက်တစ်ခု အာဟာရကိုလည်း **ဥပဓိ** ထဲထည့်ပြီး ပြောထားတယ်၊ အာဟာရဆိုတဲ့ထဲမယ် အာဟာရ ၄-မျိုးပြောတဲ့ အထဲမယ် စေတနာဆိုတာလည်း ပါတယ်၊ ဖဿဆိုတာလည်း ပါတယ်ပေါ့၊ ဝိညာဏာဟာရဆိုတဲ့ စိတ်ပါတယ်၊ ကဗဠီကာရ အာဟာရတင် လူတွေက အာဟာရလို့ ထင်တာကိုး၊ စားစရာ အစာလည်းပဲ **ဥပဓိ** ပဲတဲ့၊ ဟုတ်တာပေါ့၊ အစာကြောင့်လည်း ဒုက္ခရောက်တာပဲလေ၊ အစာကြောင့် ဒုက္ခရောက်တယ်ဆိုတာ လူတွေလည်း ဒုက္ခရောက်တာပဲ၊ အစားမှားလို့ ဗိုက်နာတာတို့ အစားမှားလို့ ဝမ်းလျှောတာတို့ မရှိဘူးလား၊ အစာကြောင့် ဒုက္ခရောက်တာတွေ အများကြီးပဲ၊ စားချင်လို့ ဒုက္ခဖြစ်တာတို့နော်၊ ပထမ ဒုက္ခရောက်တာ။ အာဟာရလည်း **ဥပဓိ** ပဲတဲ့၊ နောက် **ပဋိဃ**၊ စိတ်ထဲမှာ မခံချင်တာ၊ ဒေါသဖြစ်တာ၊ ဒါလည်း **ဥပဓိ**ပဲ။

နောက်တစ်ခု ကံကနေ ဖန်တီးပေးလိုက်တဲ့ ပထဝီ အာပေါ တေဇော ဝါယော ဆိုတာလည်းပဲ **ဥပဓိ** ပဲတဲ့၊ ပထဝီ ဆိုတာ စဉ်းစားကြည့်ရင် ဆံပင်ကလည်း ပထဝီပဲနော်၊ ဆံပင် မွေးညှင်း

https://dhammadownload.com



ခြေသည်း လက်သည်း သွား အရေ ဒါတွေဟာလည်း ဒုက္ခပေးတဲ့ဟာတွေချည်းပဲ။

ဘယ်လို ဒုက္ခပေးတုန်းဆိုတော့ စဉ်းစားကြည့်ပေ့ါ၊ သာမန်ပုဂ္ဂိုလ်တွေကျတော့ ဒုက္ခပေးပုံလေးက ဆံပင်ဖြူလာရင်လည်း စိတ်ဆင်းရဲတာပဲ၊ အဲဒီထက်ပိုဆင်းရဲတာက ဆံပင်တစ်ချောင်းပြီး တစ်ချောင်း ကျွတ်ကျွတ်လာလို့ရှိရင် ခေါင်းပြောင်ကြီး ဖြစ်ရတာလည်း စိတ်ဆင်းရဲမှာပဲ ဟုတ်ကဲ့လား၊ အမျိုးစုံပဲလေ၊ ဆံပင်နဲ့ ပတ်သက်ပြီးတော့ ဒုက္ခရောက်တာတွေ အများကြီးပဲပေ့ါ၊ ဒါ ပထဝီပဲပေ့ါ၊ အဲဒီလို ချဲ့ပြီးတော့သာ ကြည့်ကြပေတော့။

နောက်တစ်ခုက ဘာတုန်းဆိုတော့ **အဇ္ဈတ္တိကာယတန ၆-ပါး** တဲ့၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်၊ အဲဒါတွေကလည်းပဲ ဒုက္ခပေးတဲ့ အရာတွေချည်းပဲတဲ့။ နောက်တစ်ခုက **ဝိညာဏ-ကာယ ၆-ပါး** ဆိုတာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ တွေးသိစိတ် ဆိုတာ ဒီစိတ်တွေဟာလည်းပဲ ဒုက္ခပေးတာချည်းပဲတဲ့၊ အကုန်လုံး ပေါင်းလိုက်တဲ့အခါ ဒုက္ခကို ဖြစ်ပေါ်စေတတ်တဲ့ ဒီ ၁၀-မျိုးကို **ဥပဓိ**လို့ ခေါ်တယ်။

တခြားနေရာတွေမှာတော့ ဥပဓိကို ခန္ဓာ၊ ကိလေသာ၊ ကံ ဒီလောက်ပဲ ဖွင့်ဆိုတယ်။ ဒီနေရာမှာတော့ **စူဠနိဒ္ဒေသပါဠိ** က **"ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ"**- "ဒုက္ခတွေဖြစ်လာတာ ဥပဓိကို အခြေခံတယ်လို့ ပြောတာဆိုတော့ ဟုတ်တာပေ့ါ၊ ဒီ ဥပဓိတွေ ရှိနေရင် ဒုက္ခက လာမှာပဲတဲ့၊ မျက်စိရှိတဲ့အခါ မျက်စိကျိန်းတာတို့ မျက်စိနာတာတို့ မလာဘူးလား၊ လာမှာပဲ။ အဲဒါကြောင့်မို့ ခန္ဓာ

https://dhammadownload.com



တွေမှာ ရ,ထားတာတွေ မှန်သမျှတွေက ဒါဟာ ဒုက္ခရဲ့တည်ရာတွေချည်းပဲဖြစ်တယ်။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက **"ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ"**- လောကမှာ ကြုံတွေ့ရတဲ့ ဒုက္ခတွေဟာ ဥပဓိပဲတဲ့၊ လူတွေက တစ်ခါတစ်ခါပြောကြတယ်၊ **ဥပဓိသမ္ပတ္တိ**-ရုပ်ချောတယ်ဆိုတာ ဒါ သမ္ပတ္တိပိုင်းကကြည့်ပြီးပြောတဲ့ စကားနော်၊ ဥပဓိဆိုတဲ့ အဓိပ္ပါယ်က ဒုက္ခရဲ့တည်ရာလို့ ဒီလိုဆိုလိုတယ်။

မြတ်စွာဘုရားက ဖြေလိုက်တဲ့အဖြေဟာ အားလုံးကို ခြုံငုံပြီးတော့ဖြေတဲ့ အဖြေတစ်ခုပဲ၊ ဥပဓိဆိုတာ အကျဉ်းအားဖြင့်ပြောမယ်ဆိုရင် ကံလည်းပါတယ်၊ ကိလေသာလည်းပါတယ်၊ ခန္ဓာလည်း ပါတယ်၊ ခန္ဓာရှိရင်လည်း ဒုက္ခရှိလာမယ်၊ ကိလေသာရှိရင်လည်း ကိလေသာက ဒုက္ခကိုဖြစ်စေတယ်၊ ကံရှိလို့ရှိရင်လည်း အဲဒီကံက ဒုက္ခကိုဖြစ်စေတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ကံက အကျိုးပေးလိုက်တဲ့ အကျိုးတရားဟာ ဒုက္ခဖြစ်လာမှာကိုး၊ အဲဒါကြောင့်မို့လို့ ဒီအဖြေလေးကို ဖြေလိုက်တာ၊ "ဒုက္ခဟာ ဥပဓိက စတာပါ"လို့။

မြတ်စွာဘုရား အဲဒီလိုဖြေပြီးတော့ သူ့ကို ဘာဆက်ပြောတုန်း- **"ယော ဝေ အဝိဒွါ ဥပဓိံ ကရောတိ"** အဝိဇ္ဇာတွေလွှမ်းမိုးထားတဲ့ပုဂ္ဂိုလ်၊ အသိဉာဏ်မရှိတဲ့ပုဂ္ဂိုလ်ဟာ ဟောဒီ ဥပဓိဆိုတဲ့ ကိလေသာတွေဖြစ်အောင်၊ ဥပဓိဆိုတဲ့ တဏှာတွေ၊ ဥပဓိဆိုတဲ့ အယူမှားတွေ၊ ဥပဓိဆိုတဲ့ဒုစရိုက်တွေ ဒါတွေကို လုပ်မိတတ်တယ်တဲ့။ အဲဒီလိုလုပ်မိသည့်အတွက်ကြောင့် လူတွေဟာ ဒုက္ခတွင်း နစ်နေကြတယ်၊ မြတ်စွာဘုရားက အဲဒီလိုပြောတယ်။

https://dhammadownload.com



**"ပုနပ္ပုနံ ဒုက္ခ မုပေတိ မန္ဒော"** တဲ့၊ ထပ်တလဲလဲ ဒုက္ခ ရောက်နေကြတယ်၊ ဟုတ်တယ်လေ၊ ဘုန်းကြီးတို့ ဒီဘဝ အခု လူဖြစ်လာကြပြီ၊ လူဖြစ်လာပြီး တဖြည်းဖြည်း အိုလာတယ်၊ နာမယ်၊ နောက် သေမယ်၊ နောက်တစ်ခါ ပြန်ဖြစ်ဦးမယ်၊ ပြန်ဖြစ်ပြီး အိုဦးမယ်၊ နာဦးမယ်၊ ဘယ်တော့မှ ဆုံးနိုင်မှာ မဟုတ်ဘူး၊ ဒီဒုက္ခတွေဟာ ထပ်တလဲလဲ လာနေတာချည်းပဲ။

လူတွေကတော့ ထင်တယ်၊ ဒီဘဝသေသွားရင် ပြီးပြန်ရော လို့ အောက်မေ့တာ၊ မဟုတ်ဘူး၊ နောက်ထပ် ဆက်ပြီးတော့ လာဦးမှာပဲ၊ ကြည့်လေ- ကြက်တွေဆိုလည်း ကုန်ကို မကုန်နိုင် ဘူး၊ ဝက်တွေဆိုလည်း ကုန်ကိုမကုန်နိုင်ဘူး၊ ဘယ်ကလာလဲ၊ လူတွေကလည်း တိုးတိုးနေတာပဲ၊ စစ်ပြီးကာစက မြန်မာပြည်မှာ လူဦးရေ ၁၇-သန်းလောက်ပဲ၊ အခု သန်းပေါင်း ၆၀-ကျော်သွားပြီ၊ တိုးနေတာ၊ ကမ္ဘာမှာလည်း အတူတူပဲ၊ သန်းပေါင်း ၆၀၀၀- ကျော်သွားပြီ၊ လာနေဦးမှာပဲ၊ ဒါဖြင့် ကြက်တွေ ဝက်တွေက လျော့သွားလားဆိုတော့ မလျော့ဘူး၊ တိရစ္ဆာန်တွေကလည်း မလျော့ဘူး၊ ဘာဖြစ်လို့လဲ **"ပုနပ္ပုနံ ဒုက္ခမုပေတိ မန္ဒော"**တဲ့၊ ဒုက္ခဖြစ်နေတဲ့ သတ္တဝါတွေဟာ အများကြီးပဲတဲ့။

**"တသ္မာ ပဇာနံ ဥပဓိံ န ကယိရာ"**၊ ဒါကြောင့်မို့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဥပဓိဆိုတဲ့ ကိလေသာတွေ မဖြစ်အောင် ဥပဓိကို မလုပ်သင့်ဘူးတဲ့၊ ဒီဒုက္ခဖြစ်နေရတာဟာ တကယ့်ဒုက္ခဖြစ်ပေါ်ခြင်းရဲ့အကြောင်းဟာ ဥပဓိပဲလို့ ဆိုတာကို

https://dhammadownload.com



ဆင်ခြင်သုံးသပ်ပြီးတော့ ဥပဓိတရားတွေကို မိမိတို့သန္တာန်မှာ မဖြစ်စေနဲ့တဲ့။

မြတ်စွာဘုရားက မေတ္တဂူကို ဒီလိုဟောပါတယ်။ အဲဒီလို ဟောတဲ့အခါ မေတ္တဂူက ပြန်ပြီးတော့ မေးပြန်တယ်၊ **"ယံ တံ အပုစ္ဆိမှ အကိတ္တယီ နော"** "တပည့်တော်မေးတာကို အရှင်ဘုရား ဖြေပြီးပြီ"တဲ့၊ "အရှင်ဘုရားဖြေလိုက်တာ သဘောကျပါတယ်"တဲ့၊ **"အညံ တံ ပုစ္ဆာမ တဒိင်္ဃ ဗြူဟိ"** တခြားမေးခွန်းတစ်ခု တပည့်တော် ထပ်မေးပါရစေဦးတဲ့။

အခု တရားချစ်ခင် သူတော်စင်ပရိသတ်တို့ မှတ်မိသွားပြီ၊ ဒုက္ခဟာ ဘယ်ကစဖြစ်လာတာလည်းဆိုတာ ဥပဓိက ဖြစ်တယ် လို့ မြတ်စွာဘုရားက ဒီလိုဟောတယ်၊ အဲဒါကို သဘောကျပြီး နောက်ထပ် မေးခွန်းတစ်ခု ထပ်မေးပါရစေတဲ့၊ အဲဒါကို ဖြေပါဦး တဲ့။

နောက်မေးခွန်း (၄)ကတော့ ဘာတုန်းဆိုရင်-

**"ကထံ နု ဓီရာ ဝိတရန္တိ ဩဃံ၊ ဇာတိံ ဇရံ သောက ပရိဒ္ဒဝဥ္စ"**

**ဩဃ** ဆိုတာ ဒီလှိုင်းကြီးတွေ၊ ဒီလှိုင်းကြီးတွေဆိုတာ တိုက်ခိုက်လာလို့ရှိရင် အရှိန်အဟုန်နဲ့ စီးဆင်းနေတာ၊ ဒီလှိုင်းကြီးတွေကို ဖြတ်ကျော်ဖို့ဆိုတာ အင်မတန်မှခဲယဉ်းတယ်၊ အဲဒီ ဒီလှိုင်းဆိုတဲ့ ဩဃကြီးကို ဘယ်လိုလုပ် ဖြတ်ကူးမလဲတဲ့၊ အဲဒီ ဩဃဆိုတဲ့ ဒီလှိုင်းကြီးတွေကို ဘယ်လိုလုပ် ဖြတ်မလဲတဲ့၊ ထပ်တလဲလဲ မွေးရခြင်း၊ ထပ်တလဲလဲ အိုရခြင်း၊ ရလာတဲ့ဘဝ

https://dhammadownload.com



လေးမှာ စိုးရိမ်သောက ဖြစ်ရခြင်း၊ ငိုကြွေးရခြင်းဆိုတဲ့ ဒါတွေကို ဘယ်လိုလုပ်ပြီးတော့ ဖြတ်ကျော်မလဲတဲ့၊ ဩဃကို ဖြတ်ကျော်တဲ့ နည်းစနစ်ရှိလို့ရှိရင် ဖြေပါတဲ့၊ ဘာနဲ့ ဖြတ်ကျော်မလဲတဲ့။

ဒီနေရာမှာ **ဩဃ**ဆိုတာ ဘာကို ပြောတာတုန်း၊ **ဩဃ** ဆိုတာ တင်စားပြီးတော့သုံးတဲ့ စကားလုံးတစ်ခုပဲ၊ အရှိန်အဟုန်နဲ့ စီးဆင်းလာတဲ့, တက်လာတဲ့ ဒီလှိုင်းကြီးတွေကို ဩဃလို့ခေါ်တာ ပဲ။ အဲဒီဩဃလို့ဆိုတဲ့ ဒီလှိုင်းကြီးတွေနဲ့ ကြုံလို့ရှိရင် ဘယ်လိုမှ ဖြတ်ကူးဖို့ မတတ်နိုင်ဘူး၊ အင်မတန်မှ ခဲယဉ်းတယ်၊ အဲဒီခဲယဉ်း လှတဲ့ "ဩဃဆိုတဲ့ ဒီလှိုင်းကြီးကို ဘယ်လိုလုပ်ပြီးတော့ ဖြတ်ကူး မလဲ" လို့ မြတ်စွာဘုရားကို သူကမေးတာ။

ကဲ-ဒါ တင်စားပြီးတော့ပြောတာ၊ သာမန် ဩဃဟာ ဖြတ်ဖို့ ခက်သလိုပဲ အဲဒီထက် ဖြတ်ဖို့ခက်တဲ့ ဩဃဆိုတာ ဘာတွေတုန်းဆိုရင် ကာမဆိုတဲ့ ဒီလှိုင်းကြီးကို ဖြတ်ဖို့ခက်တယ်၊ ကာမဆိုတဲ့ဒီလှိုင်းဆိုတာ ဘာလဲ။ နှစ်သက်စရာ, လိုချင်စရာ အာရုံတွေကို လိုချင်နေတဲ့ လောဘ ဒီလှိုင်းကြီးဟာ တစ်ကမ္ဘာလုံး မှာရှိတဲ့ သတ္တဝါတွေကို လွှမ်းမိုးနေတာပဲလေ။

လောကလူတွေဟာ ဘာတွေရှာနေတာတုန်းဆိုရင် လိုချင် စရာအာရုံတွေ ရှာနေတာပဲ၊ အဲဒါဟာ ဒီလှိုင်းကြီးထဲမှာ မျောပါ တာနဲ့ မတူဘူးလား၊ တူတယ်။ **ကာမ**ဆိုတဲ့ ဒီလှိုင်းကြီးထဲမှာ အားလုံးမျောပါနေကြတယ်။

ဒီလှိုင်းကြီးထဲမှာ မျောပါဖို့ရန်အတွက် သူတို့က ကျကျနန သတင်းစာထဲတောင် ကြော်ငြာလေး ထည့်လိုက်သေးတယ်နော်။

https://dhammadownload.com



အဲဒီလို ကြော်ငြာလေးတွေ ထည့်ပြီးတော့ ဒီလှိုင်းကြီးထဲကို လက်တွဲနေကြသေးတယ်။

အဲဒီတော့ ကာမဆိုတဲ့ဒီလှိုင်းကြီးကို ဖြတ်ကျော်မယ့်အစား ဖြတ်ကျော်ဖို့ဆိုတာ စဉ်းတောင်မစဉ်းစားဘူး၊ ကိုယ့်ကို ဒီ ဒီလှိုင်းကြီးက တိုက်မြှုပ်နေတယ်ဆိုတာ သိတောင်မသိဘူး၊ **ကာမောဃ** ဆိုတာ အလွန်ကြီးမားတယ်ပေါ့၊ အလွန်ကြီးမားသည့် အတွက် ကြောင့် မြန်မာပြည်မှာ လူဦးရေသန်းပေါင်း ၆၀-ကျော်ရှိတဲ့ အထဲမှာ **ကာမောဃ**ကို ကျော်လွှားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ အင်မတန်မှ ရှားတယ်၊ အားလုံး ဒီလှိုင်းကြီးထဲမှာ နစ်မျောသွားကြတာတွေ ချည်းပဲ။

ပြီး - **ဘဝေါဃ** တဲ့၊ **ဒိဋ္ဌောဃ** တဲ့၊ **အဝိဇ္ဇောဃ** တဲ့၊ **ဒိဋ္ဌောဃ** ဆိုတာ တစ်ဦးနှင့်တစ်ဦး အမြင်တွေ အယူအဆတွေ ဘာသာ တရားတွေ မတူကြဘူး၊ မတူကွဲပြားနေတဲ့ ဘာသာ အယူအဆ တွေမှာ သူ့ဘာသာက မှန်တယ်၊ ငါ့ဘာသာက မှန်တယ်၊ သူ့ ဘာသာက ဘာဖြစ်တယ်၊ ငါ့ဘာသာက ဘာဖြစ်တယ်၊ ဟောဒီ ဒီလှိုင်းကြီးထဲမှာ မျောနေကြတာပဲ၊ ဒါကို ဖြတ်ကျော်နိုင်စွမ်း မရှိဘူး။

တရားထူး တရားမြတ် ကျင့်ကြံကြိုးကုတ် အားထုတ်လို့ ဗြဟ္မာ့ပြည်ရောက်မယ်ဆိုရင်လည်း **ဘဝေါဃ** ဆိုတာနဲ့ တွေ့ပြန် တာပဲ၊ နောက်ဆုံးကျတော့ မသိဘူးဆိုတဲ့ **အဝိဇ္ဇောဃ**၊ **အဝိဇ္ဇာ** ဆိုတဲ့ လှိုင်းလုံးကြီးအောက်မှာ အားလုံးဟာ ပြားပြားဝပ် မျောနေ တာပဲ။ မျောနေတယ်ဆိုတာ ဘယ်လို မျောတာတုန်းဆိုရင်

https://dhammadownload.com



ထွက်ပေါက်မရဘူး၊ နာလိုက်မယ်၊ အိုလိုက်မယ်၊ သေလိုက်မယ်၊ ပြန်မွေးလိုက်မယ်၊ အိုလိုက်မယ်၊ နာလိုက်မယ်၊ သေလိုက်မယ်၊ ဟောဒီထဲမှာ မျောနေတာပဲ။

ဒီဝဲသြဃကြီးက လွန်မြောက်ပြီးတော့ ကုန်းပေါ် ရောက်တယ်လို့မှ မရှိတာ၊ သံသရာကြီးမှာ ဒီလိုပဲ မျောပါနေတာ။ ဒီလှိုင်းကြီးအောက် စုံးစုံးမြုပ်နေတာ၊ ကမ်းတောင် မမြင်လိုက်ရဘူးနော်၊ နိဗ္ဗာန်ဆိုတဲ့ကမ်း အေးချမ်းတဲ့အရပ် ဘယ်လိုလုပ် မြင်မှာလဲ၊ ဒီလှိုင်းကြီးရဲ့ လွှမ်းမိုးခံရပြီးတော့ စုံးစုံးမြုပ်နေတဲ့ အနေအထားမှာ ရှိနေကြတယ် ဆိုတာကို စဉ်းစားကြည့်ရင် သိနိုင်တယ်။ ခဏခဏ မွေးဖွားရခြင်း၊ အိုရခြင်း၊ သေရခြင်းဆိုတဲ့ ဒီလှိုင်းကြီးတွေကို ဘယ်လိုနည်းနဲ့ ဖြတ်ကျော်နိုင်ပါသလဲလို့ မြတ်စွာဘုရားကို ဒီမေးခွန်းကို မေးတယ်။

အဲဒီလို မေးတဲ့အခါ မြတ်စွာဘုရားက ဖြေတာကတော့-

**ကိတ္တယိဿာမိ တေ ဓမ္မံ၊ ဒိဋ္ဌေ ဓမ္မေ အနီတိဟံ။**

**ယံ ဝိဒိတွာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။**

အဲဒီ ဒီလှိုင်းကိုဖြတ်ကျော်တဲ့ နည်းစနစ်ဖြစ်တဲ့တရားကို ငါဟောပြမယ်တဲ့၊ မင်းကို ဖြတ်ကျော်တဲ့ နည်းစနစ်တွေ ငါဟောမယ်၊ အဲဒီ နည်းစနစ်ဟာ **"အနီတိဟံ န ဣတိဟံ"** ငါ သူများဆီက တစ်ဆင့်ကြားလို့ ဟောတာ မဟုတ်ဘူးတဲ့၊ အစဉ်အလာအနေနဲ့ ပြောတာလည်း မဟုတ်ဘူးတဲ့၊ စာထဲပါလို့ ပြောတာလည်း မဟုတ်ဘူး၊ **"ဣတိဟ"** ဆိုတဲ့ အဓိပ္ပါယ်က သမိုင်းက

https://dhammadownload.com



ဒီလိုဆိုလိုတာပဲ၊ အစဉ်အလာ ဒီလိုပြောလာခဲ့တာပဲလို့ ဆိုရတဲ့ အရာမျိုးကို ပြောတာ။ Hearsay တို့ History တို့ ဆိုလိုတာ။

မြတ်စွာဘုရားဟောတဲ့ တရားဟာ စိတ်ကူးပြီးတော့ ပြောတာလည်းမဟုတ်ဘူး၊ အစဉ်အလာ Tradition ကို ပြောတာ လည်း မဟုတ်ဘူး၊ စာထဲပါတာကို ပြောတာလည်း မဟုတ်ဘူး၊ အကြောင်းအကျိုး ဆီလျော်တယ်လို့ တွေးတောဆင်ခြင်ပြီး research လုပ်ပြီး ပြောတာလည်း မဟုတ်ဘူး၊ အမှန်မှာ **အတ္တပစ္စက္ခ** ကိုယ်တိုင်သိပြီးဟောတာ၊ ကိုယ်တိုင်ကျင့်တယ်၊ ကိုယ်တိုင်သိတယ်၊ **သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေမိ** တဲ့၊ မြတ်စွာဘုရားက ကိုယ်တိုင်ထူးခြားတဲ့ဉာဏ်နဲ့တွေ့ရှိပြီး ကိုယ်တိုင် သိရှိပြီးတော့မှ သူများကိုဟောတာပါတဲ့၊ ဒီတရားဆိုတာ **ဣတိဟ** မဟုတ်ဘူး။

အေး-အင်မတန်မှ သချာတဲ့တရားကို ငါပြောမယ်၊ အဲဒီ တရားကို အသိဉာဏ်နဲ့မြင်ပြီဆိုလို့ရှိရင် **ဒိဋ္ဌေဓမ္မေ**၊ အဲဒီမမ္မကို မင်းတွေ့မြင်ပြီ ဆိုလို့ရှိရင်တဲ့ မှန်ကန်တဲ့ သတိတရားနဲ့ အဲဒီ သိရှိထားတဲ့တရားအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်မယ် ဆိုလို့ရှိရင် ဒီသြဃကြီးကို ဖြတ်ကျော်နိုင်ပါတယ်တဲ့။

ဒါ သြဃကို ဖြတ်ကျော်ဖို့ရာအတွက် မြတ်စွာဘုရားက တရားကိုဟောတယ်ဆိုတော့ ဘယ်တရားတုန်းလို့ ဘုန်းကြီးတို့ တတွေ မေးမယ်ဆိုလို့ရှိရင် မဂ္ဂင်ရှစ်ပါး အကျင့်တရားပဲ။ ဒီသြဃ ကို ဖြတ်ကျော်ချင်ရင် ဘာနဲ့ ဖြတ်ကျော်ရမှာတုန်းဆိုရင် မဂ္ဂင် ရှစ်ပါး အကျင့်တရားနဲ့ပဲ ဖြတ်ကျော်ရမယ်။

https://dhammadownload.com



မဂ္ဂင်ရှစ်ပါးဆိုတာ ဘာလဲ၊ သီလအခြေခံပြီးတော့ မှန်မှန် ကန်ကန် နားလည်တာ၊ မှန်မှန်ကန်ကန် တွေးတတ်တာ၊ မှန်မှန် ကန်ကန် ကြိုးပမ်းအားထုတ်တာ၊ မှန်ကန်တဲ့ သတိစွမ်းအားတွေ ရှိတာ၊ မှန်ကန်တဲ့ သမာဓိစွမ်းအားတွေရှိတာ၊ အဲဒီစွမ်းရည်သတ္တိ တွေဟာ ဘယ်မှာရှိတုန်းဆိုရင် ကိုယ့်သန္တာန်မှာရှိတယ်၊ လေ့ကျင့် ယူဖို့ လိုတယ်၊ အဲဒီတော့ လေ့ကျင့်ဖို့ နည်းစနစ်တွေကိုလည်း ပြောတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ အာရုံနဲ့ စိတ်ကို လေ့ကျင့်ခန်းလုပ်တာပဲ၊ စိတ်ကို အာရုံနဲ့ လေ့ကျင့်ပေးနေတာ။

ဘုန်းကြီးတို့စိတ်တွေက ကြည့်လေ၊ ကိုယ်လေ့ကျင့်ပေးတဲ့ အာရုံဘက်မှာ မနေဘူး၊ သူနေနေကျနေရာကို ပြေးသွားတာပဲ၊ တရားသွားထိုင်လို့ ရှိရင်လေ၊ ရိပ်သာသွားပြီး တရားထိုင်ဖူးတဲ့ လူတွေ တွေ့ပါမယ်၊ စိတ်ကလေးကို နှာသီးဖျား ပို့လိုက်တာနဲ့ အိမ်ထွက်ပြေး သွားပြန်တယ်၊ ဟိုရောက်သွား ဒီရောက်သွားနဲ့၊ သူသွားနေကျနေရာ သူသွားနေတာ၊ ကိုယ်ထားတဲ့နေရာ မနေ ဘူး၊ အဲဒီတော့ အဲဒီ စိတ်ကလေးကို ကိုယ်ထားတဲ့နေရာ နေအောင် လေ့ကျင့်ဖို့ လိုတယ်ပေါ့။

အဲဒီလို လေ့ကျင့်၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားဟာ တစ်ညီ တည်း သူ့တာဝန်တွေကို ဆောင်ရွက်လာပြီဆိုလို့ရှိရင် မှန်ကန်တဲ့ အသိဉာဏ်တစ်ခုရလာတယ်။ ရလာပြီဆိုရင် အင်မတန်ပြင်းထန် တဲ့ ဝဲသြဃကြီးကို ကျော်ဖြတ်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက် ကမ်းကို တက်လှမ်းနိုင်မယ်။ တက်လှမ်းနိုင်ဖို့ရန်အတွက် မဂ္ဂင်ဆိုတဲ့ အင်မတန်ခိုင်ခံ့တဲ့ယာဉ်ကြီးကို စီးပြီးသွားမှ ဝဲသြဃ

https://dhammadownload.com



ကြီးကို ဖြတ်ကျော်လို့ ရမှာပေါ့၊ ဒါကြောင့်မို့ မြတ်စွာဘုရားက တရားဓမ္မတွေကို မှန်မှန်ကန်ကန်သိဖို့ Right Understanding လို့ဆိုတဲ့ **သမ္မာဒိဋ္ဌိ**ကို ရှေ့တန်းတင်ပြီး ဟောထားတာ။

ဗုဒ္ဓဘာသာဟာ တခြားဘာသာတွေနဲ့မတူတာ၊ တခြားဘာသာတွေက ယုံကြည်မှုကို အခြေခံတယ်၊ ဗုဒ္ဓဘာသာက နားလည်မှုကို အခြေခံတယ်၊ Right understanding မှန်မှန်ကန်ကန် နားလည်မှုကို အခြေခံတယ်၊ အဲဒီတော့ မှန်မှန်ကန်ကန် နားလည်အောင်လုပ်ဖို့ရာ သိပ်အရေးကြီးတယ်ပေါ့၊ အမှန်အတိုင်း နားလည်အောင် လုပ်ရမယ်တဲ့။

ဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါးမှာ Right understanding ဆိုတာ **သမ္မာဒိဋ္ဌိ** အမှန်မြင်တာ။ အဲဒီအမှန်မြင်မှုကို အခြေခံထားတာ၊ ယုံကြည်မှုကို အခြေခံတာ မဟုတ်ဘူး။ ယုံကြည်မှု ဆိုသည်မှာ အမှန်မြင်မှုပေါ်မှာ အခြေခံရမယ်။ ဒါကြောင့်မို့ **ဒဿနမူလိကာ သဒ္ဓါ** ဆိုတဲ့ အသုံးရှိတယ်၊ ယုံကြည်တာတောင်မှပဲ ဗုဒ္ဓဘာသာရဲ့ ယုံကြည်မှုဆိုတာ Blind faith မဟုတ်ဘူးနော်၊ Blind faith မဖြစ်ရဘူး၊ သူများပြောလို့ ယုံကြည်တာမျိုးမဟုတ်ဘူး၊ ကိုယ်တိုင်သိရှိအောင် ကြိုးစားပြီးတော့မှ ဆုံးဖြတ်တာမျိုးသာဖြစ်တယ်။ ကိုယ်တိုင်သိအောင် ကြိုးစားအားထုတ်ရမယ်လို့ပြောတာ။

အဲဒီလို ဟောလိုက်တဲ့အခါ **မေတ္တဂူ**က သဘောကျသွားတယ်၊ "အရှင်ဘုရား၊ အရှင်ဘုရားကိုယ်တိုင်သိပြီးဟောတဲ့ တရားဟာ ကြီးမားတဲ့သတ္တိနဲ့ အသိဉာဏ်ရအောင် ကျင့်ကြံကြိုးကုတ်အားထုတ်မယ်ဆိုရင် တွယ်တာမှုစတဲ့ ဩဃတွေကို ဖြတ်ကျော်

https://dhammadownload.com



နိုင်တယ်ဆိုတာ တပည့်တော် လက်ခံယုံကြည်ပါတယ်၊ အရှင်ဘုရားပြောတာ အင်မတန်မှန်သက်ပါတယ်”လို့ လျှောက်တယ်။

မြတ်စွာဘုရားက ဆက်ပြီးဟောတယ်၊ ဒီ တရားဆိုတဲ့နေရာမှာ-

**ယံ ကိဉ္စိ သမ္ပဇာနာသိ၊ ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ၊**
**ဧတေသု နန္ဒိဉ္စ နိဝေသနဉ္စ၊ ပနုဇ္ဇ ဝိညာဏံ ဘဝေ န တိဋ္ဌေ။**

သံသရာဝဋ်ကလွတ်ဖို့၊ ဝဲသြယကြီးကို ဖြတ်ကျော်ဖို့ တရားကို ရှင်းရှင်းလင်းလင်းကြီး သိဖို့လိုအပ်တယ်။ အတိတ်က အရာတွေကိုလည်း ရှင်းရှင်းလင်းလင်းကြီးသိရမယ်၊ ခန္ဓာနဲ့ပတ်သက်တာကို ပြောတာ။

**“ဥဒ္ဓံ အဓော တိရိယဉ္စာပိ”** မှာ အခိပ္ပါယ်အမျိုးမျိုး ယူထားတာရှိတယ်။ **ဥဒ္ဓ** ဆိုတာ အထက်၊ **အဓော** ဆိုတာ အောက်၊ ဒါမူလအခိပ္ပါယ်၊ အထက်ဆိုတာ အနာဂတ်ကိုပြောတာ၊ **အဓော** အောက်ဆိုတာ အတိတ်ကိုပြောတာ၊ **တိရိယံ** အလယ်ဆိုတာ ပစ္စုပ္ပန်ကိုပြောတာ။ အတိတ်က ခန္ဓာပဲဖြစ်ဖြစ်၊ အနာဂတ်ခန္ဓာပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်ခန္ဓာပဲဖြစ်ဖြစ် သိရမယ်တဲ့၊ ခန္ဓာတွေရဲ့သဘာဝကို သိရမယ်။

ဒါ ဝိပဿနာကျင့်စဉ်တစ်ခုကို မြတ်စွာဘုရားဟောတာ။ ဆိုပါစို့- ဘုန်းကြီးတို့မှာ ရုပ်ခန္ဓာကြီးရှိတယ်၊ အဲဒီ ရုပ်ခန္ဓာဟာ မနေ့က ခန္ဓာပဲဖြစ်ဖြစ် ဒီကနေ့ ခန္ဓာပဲဖြစ်ဖြစ် မနက်ဖြန်ခါ ခန္ဓာပဲဖြစ်ဖြစ် အဲဒီရုပ်ခန္ဓာဟာ **နေတံ မမ-** ငါ့ဟာလည်း မဟုတ်ဘူး၊ **နေသော ဟမသ္မိ-** ငါဖြစ်တာလည်း မဟုတ်ဘူး၊ **န မေသော**

https://dhammadownload.com



**အတ္တာ-** ငါ့ရဲ့အတ္တလည်း မဟုတ်ဘူး၊ သူ့သဘာဝအတိုင်းသူ ဖြစ်နေတဲ့အရာသာဖြစ်တယ်။

ရုပ်ကြီးကိုတင်ပြောတာမဟုတ်ဘူး၊ ဝေဒနာဆိုတဲ့ခံစားချက်ဟာလည်း ငါမဟုတ်ဘူး၊ သညာဆိုတဲ့ စိတ်ရဲ့ မှတ်သားမှုဟာလည်း ငါမဟုတ်ဘူး၊ သင်္ခါရဆိုတဲ့ စေ့ဆော်မှုတွေဟာလည်း ငါမဟုတ်ဘူး၊ ဝိညာဏဆိုတဲ့ အသိစိတ်တွေဟာလည်း ငါမဟုတ်ဘူးလို့ ဝိပဿနာဉာဏ်နဲ့ အတိတ် အနာဂတ် ပစ္စုပ္ပန်မှာရှိသမျှ ဘယ်တရားပဲဖြစ်ဖြစ် ရှုမှတ်လို့ရတဲ့ တရားတွေအပေါ်မှာ ပိုင်ပိုင်နိုင်နိုင် **ဝိပဿနာသမ္မာဒိဋ္ဌိ**နဲ့ မြင်တာ၊ သိတာ။

အဲဒီလို မှန်မှန်ကန်ကန်မြင်လိုက်တော့ ဘာတွေကို ဖယ်ရှားလိုက်နိုင်သလဲ? **နန္ဒီ**တဲ့၊ ကြိုက်နေတာကို ဖယ်ရှားနိုင်တယ်။ အပြစ်မမြင်သေးသမျှ သဘောကျနေမှာပဲလေ၊ အပြစ်မြင်ပြီဆိုတဲ့ အခါ သူ့ဟာသူသွားတာပဲ မရဘူး၊ အပြစ်မြင်လိုက်လို့ရှိရင် မကြိုက်တော့ဘူး၊ ဒါ သေချာတယ်။

စာပေကျမ်းဂန်မှာ ဥပမာပေးထားတာလေး တစ်ခုရှိတယ်၊ ခပ်ကြမ်းကြမ်းလေးပေးထားတဲ့ ဥပမာပေါ့နော်၊ လူတစ်ယောက်ဟာ ထမင်းကသိပ်ဆာတယ်၊ သူ့အတွက် ထမင်းပွဲကြီး ပြင်ထားတယ်၊ ညှော်ခံကျွေးမွေးမယ်၊ ဝက်သားတွေ ကြက်သားတွေ ဆီပြန်ကြော်တွေနဲ့ စားချင်စရာပေါ့၊ ထမင်းကလည်း သိပ်ဆာနေတယ်၊ အားရပါးရ စားလိုက်မယ်လို့ ထမင်းပန်းကန်ကို လက်နဲ့နှိုက်လိုက် ယက်လိုက်တဲ့အချိန်မှာ မစင်တုံး ၃-တုံး ပေါ်လာသတဲ့။

https://dhammadownload.com



ကဲ-အဲဒီလူဟာ စားမလား၊ ထသွားမလား။ နဂိုကတော့ သိပ်စားချင်စရာကောင်းတဲ့ ထမင်းလို့ ဒီလိုထင်တာ၊ မစင်တုံး ၃-တုံးလည်း မြင်လိုက်ရော စားချင်စိတ်တွေ ကုန်သွားပြီ၊ သိပ်ရွံစရာကောင်းတာတွေ သူမြင်လိုက်ရတဲ့အခါ စားချင်စိတ် ပျောက်သွားတယ်။

အဲဒါ ဘာပြောတာတုန်းလို့ဆိုတော့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေဟာလည်း ဒီအတိုင်းပဲတဲ့၊ စေ့စေ့စပ်စပ် ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် မမြဲဘူးဆိုတဲ့ မစင်တုံး၊ ဆင်းရဲတယ်ဆိုတဲ့ မစင်တုံး၊ ကိုယ်မပိုင်ဘူး အနတ္တဆိုတဲ့ မစင်တုံး၊ ဒီ မစင်တုံး ၃-တုံး မြင်ရသလိုပဲတဲ့၊ အရိယာသူတော်စင်တွေဟာ စားချင်စိတ် ပျောက်သွားတယ်၊ ရချင်စိတ်၊ ပိုင်ဆိုင်ချင်စိတ် မရှိတော့ဘူးတဲ့၊ ဒါက ခပ်ကြမ်းကြမ်းပြောတဲ့ ဥပမာ။

ခပ်နုနုလေးပြောတဲ့ ဥပမာကျတော့ ဘာတုန်းဆိုရင် စူပါမားကတ်သွားတယ်၊ အထည်ဆိုင်မှာ အဆင်လေးကလည်း လှတယ်၊ အသားလေးကလည်းကောင်းတယ် ဟုတ်လား၊ ဒါလေး တော့ ဝယ်မှပဲ၊ ဝယ်တော့မယ်ဆိုရင် လူတွေက check လုပ်တယ် လေ၊ အစွန်းအထင်းလေးများပါလား လှည့်ပတ်ကြည့်တဲ့အခါ တစ်နေရာမှာ မီးလောင်ပေါက်ကလေး ၃-ပေါက် ပါလာတယ်တဲ့။

အဲဒီအထည်ကို ယူမလား မယူဘူးလား၊ မယူတော့ဘူး၊ အဲဒီတော့ မီးလောင်ပေါက်ပေါ် စိတ်ပျက်တာလား၊ အထည်ပေါ် စိတ်ပျက်သွားတာလား၊ မီးလောင်ပေါက်ကြောင့် အထည်ပေါ်မှာ စိတ်ပျက်သွားတာ။

https://dhammadownload.com



အဲဒီလိုပဲ အနိစ္စ ဒုက္ခ အနတ္တ မြင်လိုက်သည့်အတွက်ကြောင့် ခန္ဓာငါးပါးအပေါ်မှာ စိတ်ပျက်သွားတယ်နော်၊ သူမြင်တာက အနိစ္စ ဒုက္ခ အနတ္တကို မြင်တာ၊ စိတ်ပျက်တာက ခန္ဓာကြီးအပေါ်မှာ စိတ်ပျက်သွားတယ်၊ မလိုချင်တော့ဘူး၊ ဟုတ်ကဲ့လား။

အဲဒီ ဥပမာအတိုင်းပဲ မြတ်စွာဘုရားက ဟောတာ-

**"ယံ ကိဉ္စိ သမ္ပဇာနာသိ၊ ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ"** တဲ့။

သဘာဝတရားတွေ အတိတ် အနာဂတ် ပစ္စုပ္ပန် ဘယ်မှာပဲဖြစ်ဖြစ် အဲဒီ သဘာဝတရားတွေကို အမှန်မြင်လိုက်တာနဲ့ တစ်ပြိုင်နက် သူတို့ပေါ်မှာ တွယ်တာမှုဆိုတဲ့ **နန္ဒိ**၊ ကြိုက်တယ် နှစ်သက်တယ် လိုချင်တယ်ဆိုတာ မရှိတော့ဘူး။

**"နန္ဒီ ဒုက္ခဿ မူလံ"** လို့ မြတ်စွာဘုရားက ပုဏ္ဏောဝါဒသုတ္တန်မှာ ဟောတယ်။ **"နန္ဒီ-** နှစ်သက်မှုဆိုတဲ့ တဏှာဟာ၊ **ဒုက္ခဿ မူလံ-** ဆင်းရဲရဲ့ အကြောင်းရင်းပဲ"တဲ့၊ ကြိုက်ပြီဆိုရင် မင်းဒုက္ခတွေ့တော့မယ်၊ နှစ်သက်တဲ့ တွယ်တာတဲ့ တဏှာလာရင် ဒုက္ခတွေ့တော့မယ်၊ အနည်းဆုံး ဘာဒုက္ခတွေ့မတုန်း၊ သောက ဆိုတာ လာတာပဲ၊ အဲဒီဒုက္ခတွေ တွေ့တော့မယ်။

နောက်တစ်ခုက ဘာတုန်းဆိုရင် အဲဒီခန္ဓာပေါ်မှာ တဏှာအနေနဲ့ စွဲစွဲမြဲမြဲရှိသလို **"ဧသောမေ အတ္တာ"**- ငါ့ရဲ့အတ္တ၊ ငါလုပ်ချင်တိုင်း လုပ်လို့ရတယ်ဆိုတဲ့ အမြင်ကလေးတစ်ခု ဝင်လာတယ်၊ ငါ့အလိုအတိုင်းဖြစ်တယ်ဆိုတဲ့ အမြင်ကလေး ဝင်လာ

https://dhammadownload.com



တယ်၊ ဒါကို **ဒိဋ္ဌိ** လို့ခေါ်တယ်၊ မှားယွင်းတဲ့ အမြင်လေးတစ်ခု မြင်လာတယ်၊ ငါ့စိတ်တိုင်းကျ ဖြစ်တယ်လို့ ထင်ရင်းထင်ရင်းနဲ့ ငါ့စိတ်တိုင်းကျ မဖြစ်တာတွေ အများကြီးပဲလေ။

ကြားဖူးတယ်၊ တချို့အမျိုးသမီးတွေဟာ စိတ်ကူးယဉ်တာလေးတွေ ရှိတယ်၊ သူ့ရဲ့အမျိုးသားလောင်းက အရက်သေစာသောက်စားတတ်တဲ့ လူတစ်ယောက်ဖြစ်ပေမယ့်လို့ သူ့စိတ်ထဲမှာ ဘယ်လိုထင်တုန်းဆိုရင် သူ့လက်ထဲရောက်ရင် ပြင်လို့ရလိမ့်မယ်လို့ သူထင်တယ်၊ သူပြောရင်ရတယ်လို့ ထင်ပြီးတော့ လက်ထပ်လိုက်တယ်၊ နောက်ကျတော့ ဟို ဇိုးသမားက ဒီ့ထက်ပိုဆိုးလာတယ်၊ ဒါမျိုးတွေလည်းပဲ ဇာတ်လမ်းထဲမှာရှိတာပဲနော်၊ အဲဒါ ကိုယ်ထင်တဲ့အတိုင်း မဖြစ်တာကို ပြောတာနော်၊ ဘယ်အရာမှ ကိုယ်ထင်တဲ့အတိုင်း မဖြစ်ဘူး။

လူ့လောကဟာ အဲဒီလို ကိုယ်ထင်တဲ့အတိုင်းဖြစ်တယ်လို့ မြင်တာဟာ ဒိဋ္ဌိပဲပေ့ါ၊ အဲဒီ ဒိဋ္ဌိကိုလည်းပဲ ခန္ဓာငါးပါးမှာ ငါထင်တဲ့အတိုင်း ဖြစ်တယ်ဆိုတဲ့အမြင်ကို ဖယ်ရှားပစ်ရမယ်တဲ့၊ **“ဝသ ဝတ္တနာ”** ဆိုတာ ငါ့အလိုအတိုင်း ဖြစ်တယ်။

နောက်ပြီးတော့ အဲဒီ တဏှာတို့ ဒိဋ္ဌိတို့ လိုချင်တယ် ကိုယ်လုပ်ရင်ရမယ်ဆိုတဲ့အထင်နဲ့ လူတွေဟာ ဘာတွေလုပ်တုန်းဆိုရင် ကံတရားတွေကို လုပ်လာကြတယ်၊ အဲဒီကံတရားတွေကိုလည်း ဖယ်ရှားပစ်ရမယ်တဲ့။

https://dhammadownload.com



အဲဒါကို ဒီနေရာမှာ မြတ်စွာဘုရား သုံးထားတာ၊ **နန္ဒိ နိဝေသန ဝိညာဏ**၊ အဲဒီ ၃-မျိုးကို ဖယ်ရှားပစ်လိုက်တဲ့။ ဆိုလိုတာက ကံနဲ့ ကိလေသာကို ဖယ်ရှားရမယ်။ အဲဒီ ကံနဲ့ ကိလေသာနှစ်မျိုးကို ဖယ်ရှားပစ်လိုက်ခြင်းအားဖြင့် **ဘဝေ န တိဋ္ဌေ-** ဒုက္ခတွေဖြစ်ပေါ်စေရာ (သို့မဟုတ်) သံသရာ ဝဲဩဃ ကြီးထဲမှာ မျောပါသွားမည့်ဘဝမျိုး မရနိုင်, မရောက်နိုင်တော့ဘူး လို့ ဒီလိုဆိုလိုတယ်။

ဆိုလိုတာက ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်မယ်ဆိုရင် အဝိဇ္ဇာနဲ့ သင်္ခါရကို ဖယ်လိုက်လို့ရှိရင် ဝိညာဏ်ဆိုတာ လာတော့မှာ မဟုတ်တော့ဘူးပေ့ါ။ အဝိဇ္ဇာဆိုတာ ကိလေသာ၊ သင်္ခါရဆိုတာ ကံ၊ ကံနဲ့ ကိလေသာ ပေါင်းပြီးတော့ ဘဝကို တည်ဆောက် နေတာ၊ ဒီတော့ ဘဝကိုတည်ဆောက်တဲ့ ကံနဲ့ကိလေသာ၊ ဒီ ၂-ခုကို ဖယ်ရှားပစ်လိုက်တာနဲ့ တစ်ပြိုင်နက် ဘဝမလာတော့ဘူး၊ ဒီနေရာမှာ ဝိညာဏကို သင်္ခါရလို့ မှတ်ပါ။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရလို့ **စူဠနိဒ္ဒေသ**မှာ ဒီလို ဆိုထားတယ်၊ အဲဒီတော့ ဝိညာဏဆိုတာ ဒီနေရာမှာ သင်္ခါရကို ပြောတာ။

အဲဒီတော့ ဒီနေရာမှာ အဝိဇ္ဇာကို တိုက်ရိုက်မဆိုဘဲနဲ့ တဏှာနဲ့ဒိဋ္ဌိလို့ ဒီလိုဆိုထားတယ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ မြတ်စွာဘုရားဟောတာ ဘယ်နေရာပဲဖြစ်ဖြစ် တစ်ထပ်တည်း ချည်းပါပဲ၊ အဲဒီနည်းနဲ့ ဆိုလို့ရှိရင် သံသရာဝဋ်က လွတ်နိုင်တယ် လို့ မြတ်စွာဘုရားက ဒီလိုဟောတာ။

https://dhammadownload.com



**"စေ ဝိဟာရီ သတော အပ္ပမတ္တော၊**
**ဘိက္ခု စရံ ဟိတွာ မမာယိတာနိ။**
**ဇာတိံ ဇရံ သောကပရိဒ္ဒဝဉ္စ၊**
**ဣဓေဝ ဝိဒွါ ပဇဟေယျ ဒုက္ခံ။"**

အခုဟောသည့်အတိုင်း လိုက်နာကျင့်သုံးပြီး သတိကြီးစွာထားကာ ကုသိုလ်တရားတွေပေါ်မှာ မမေ့မလျော့ ကျင့်ဖို့တော့ လိုအပ်တယ်ပေါ့။ သတိဆိုတာ ဘယ်ပေါ်မှာထားရမလဲဆိုရင် ကာယ ဝေဒနာ စိတ္တ ဓမ္မ လို့ဆိုတဲ့ သတိပဋ္ဌာန်တရားလေးပါး အာရုံပေါ်မှာ ထားရမယ်ပေါ့။ ကာယ ဝေဒနာ စိတ္တ ဓမ္မပေါ်မှာ သတိထား၊ ကိုယ်လုပ်ရမယ့်အလုပ်ကို စွဲစွဲမြဲမြဲ လုပ်တယ်၊ တလေးတစား လုပ်တယ်၊ စဉ်ဆက်မပြတ် လုပ်တယ်၊ အဲဒါဟာ အပ္ပမာဒပဲ။

အဲဒီလို ကြိုးစားအားထုတ်ပြီး ကျင့်ကြံကြိုးကုတ်အားထုတ်မယ်ဆိုရင် တွယ်တာစရာတွေ နှစ်သက်စရာတွေကို တွယ်တာတတ်တဲ့ တဏှာတွေအားလုံး ဖယ်ပြီးသား ဖြစ်သွားတယ်၊ အဲဒါတွေကို ဖယ်လိုက်တာနဲ့ တစ်ပြိုင်နက် တဏှာကုန်သွားပြီဆိုရင် ဇာတိ ဆိုတာလည်း ကုန်သွားမှာပဲ၊ ဇရာဆိုတာလည်း ကုန်သွားမှာပဲ၊ သောက ပရိဒေဝဆိုတာလည်း ကုန်သွားတာပဲ။

ဘာဖြစ်လို့တုန်းဆိုရင် **"တဏှာနိရောဓာ ဥပါဒါန-နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော"** လေ။ တစ်ခုကုန်ရင် စဉ်ဆက်မပြတ် ဆက်ပြီး

https://dhammadownload.com



တော့ ကုန်သွားတယ်တဲ့၊ အဲဒါကြောင့် ဒီဘဝမှာတင် ပညာရှိတဲ့ ပုဂ္ဂိုလ်ဟာ လက်တွေ့ကျင့်သုံးပြီးတော့ ဒါတွေကို ဖယ်ရှားပစ်ရမယ်လို့ ဟောတယ်။ ဒါက ဝဲသြဃကို ဖြတ်ကျော်တဲ့ နည်းတွေကို မြတ်စွာဘုရားက မေတ္တဂူကို ဟောတာ။

မေတ္တဂူက လျှောက်ထားတယ်-

**တော’ဘိနန္ဒာမိ ဝစော မဟေသိနော၊**

**သုကိတ္တိတံ ဂေါတမ’နူပဓီကံ။**

**အဒ္ဓါ ဟိ ဘဂဝါ ပဟာသိ ဒုက္ခံ၊**

**တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။**

အရှင်ဘုရား ဟောကြားတဲ့တရားကို တပည့်တော်ဟာ အလွန်တရာ ဝမ်းမြောက်ပါတယ်တဲ့၊ အရှင်ဘုရားကိုယ်တိုင် ဒီ ဒုက္ခတွေကို ဖယ်ရှားပြီး ဟောဒီ ဝဲသြဃတွေကို ဖြတ်ကျော်ပြီးသား ဖြစ်တယ်ဆိုတာ တပည့်တော် ယုံကြည်ပါတယ်တဲ့။

မြတ်စွာဘုရားက သူ့ကို ဆက်ပြီးတရားဟောတယ်၊ သူ့ မေးခွန်း ၂-ခုကတော့ ဒါပဲနော်၊ သူမေးတဲ့ မေးခွန်းကတော့ (၁) ဒုက္ခဟာ ဘယ်ကစတာလဲပေါ့၊ (၂) သြဃ ဇာတိ ဇရာ မရဏကို ဘယ်လိုဖြတ်ကျော်မလဲ၊ သောက ပရိဒေဝတွေကို ဘယ်လိုဖြတ်ကျော်မလဲ၊ ဒီမေးခွန်း ၂-ခုကို မေးတယ်။

မေးခွန်းတွေရဲ့ အဖြေရပြီးတဲ့အခါ မြတ်စွာဘုရားကို ချီးမွမ်းစကားပြောပြီး သြဝါဒခံတယ်။ အဲဒီမှာ မြတ်စွာဘုရားက မိန့်တယ်-

https://dhammadownload.com



**"ယံ ဗြာဟ္မဏံ ဝေဒဂုံ'မာဘိဇညာ၊**
**အကိဉ္စနံ ကာမဘဝေ အသတ္တံ။**
**အဒ္ဓါ ဟိ သော ဩဃမိမံ အတာရိ၊**
**တိဏ္ဏော စ ပါရံ အခိလော အကင်္ခေါ။"**

လောကကြီးမှာ ဘာကိုမှ ကြောင့်ကြမစိုက်တော့ဘဲ တွယ်တာမှုမရှိတဲ့ပုဂ္ဂိုလ်၊ အဲဒီတွယ်တာမှုမရှိတော့တဲ့ပုဂ္ဂိုလ်ဟာ အခုပြောခဲ့တဲ့ ဩဃကြီးကို ဖြတ်ကျော်ပြီး တစ်ဖက်ကမ်းကို တက်လှမ်းပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်လို့ မင်းမှတ်ရမယ်၊ ဩဃကို ဖြတ်ကျော်ပြီးတော့ တစ်ဖက်ကမ်းကို တက်လှမ်းသွားပြီးတဲ့ ပုဂ္ဂိုလ်ဟာ တကယ့် ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားပြီလို့ မြတ်စွာဘုရားက ဒီလိုဟောကြားတယ်။

နောက်ဆုံးအနေနဲ့ မြတ်စွာဘုရားက ဘာအမိန့်ရှိတုန်း-

**"ဝိဒ္ဒါ စ ယော ဝေဒဂူ နရော ဣဓ၊**
**ဘဝါဘဝေ သင်္ဂမိမံ ဝိသဇ္ဇ။**
**သော ဝီတတဏှော အနီဃော နိရာသော၊**
**အတာရိ သော ဇာတိဇရန္တိ ဗြူမိ။"**

တကယ့်ဝိဇ္ဇာကို တည်ထောင်ပြီး အဝိဇ္ဇာကို ဖယ်ရှားလို့ အသိဉာဏ်နဲ့ မသိတဲ့အဝိဇ္ဇာကိုဖယ်ရှားပြီး အသိဉာဏ်နဲ့ လမ်းဆုံးကို ရောက်သွားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ဘဝကိုပဲဖြစ်ဖြစ် ဘဝတွေပေါ်မှာ တွယ်တာမှု, ကပ်ငြိမှုဆိုတာ မရှိတော့ဘူး။

ဘဝနဲ့ဆက်စပ်နေတဲ့ ကပ်ငြိမှုဆိုတာ ဘာကိုပြောတာတုန်းဆိုရင် ဘဝနဲ့ပတ်သက်ပြီး လိုချင်တဲ့ရာဂ မဖြစ်ဘူး၊ ဘဝနဲ့

https://dhammadownload.com



ပတ်သက်ပြီး တွယ်တာမှုဆိုတဲ့နေရာမှာ တဏှာသာ မရှိတာ မဟုတ်ဘူး၊ **သင်္ဂ**- ကပ်ငြိမှုဆိုတဲ့ နေရာမှာ တဏှာသာ ကပ်ငြိတာ မဟုတ်ဘူး၊ အများက သံယောဇဉ်ဆိုရင် တဏှာတစ်ခုတည်းပဲ နားလည်နေတာ။ သို့သော် သံယောဇဉ်ဆိုတာဟာ **ဒေါသ** ဟာ လည်း သံယောဇဉ်ပဲ၊ မုန်းတဲ့လူ မကြာမကြာ သတိရတယ်၊ ဟုတ်လား၊ ချစ်ခင်တဲ့သူ သတိရသလို မုန်းတဲ့လူလည်း သတိရ တာပဲ၊ အဲဒါ သံယောဇဉ်မပြတ်တာပေါ့။ အဲဒါကို အမုန်း သံယောဇဉ်လို့ ခေါ်တယ်နော်၊ လူတွေက အမုန်းသံယောဇဉ်ကို ထည့်မတွက်ဘူး၊ အချစ်သံယောဇဉ်လောက်တင် "သံယောဇဉ် သံယောဇဉ်"နဲ့ ပြောနေကြတာ။

အခု ဒီမှာလည်း **"သင်္ဂ**- အာရုံပေါ်မှာ ကပ်ငြိတယ်" ဆိုတာ တဏှာတစ်ခုတည်းကို ပြောတာမဟုတ်ဘူး၊ ဒေါသက လည်း ကပ်ငြိတာပဲ၊ ဘာနဲ့ကပ်တာလည်း မုန်းတဲ့စိတ်နဲ့ ကပ်ငြိ နေတာလေ၊ သူက မုန်းပြီဆိုလို့ရှိရင် အဲဒီမုန်းစိတ်နဲ့ ကပ်ငြိတာပဲ၊ ဒါကြောင့်မို့လို့ **"သင်္ဂ"** နေရာမှာ ရာဂလည်းပဲ ကပ်ငြိတတ်တဲ့ သင်္ဂပဲ၊ ဒေါသ အမုန်းတရားဟာလည်း ကပ်ငြိတတ်တဲ့ သင်္ဂပဲ။

**မောဟ**-အမှန်မသိတာလည်းပဲ ကပ်ငြိတာ၊ ဘယ်လိုကပ်ငြိ တုန်းဆိုရင် ဒါနဲ့ ပတ်သက်လာရင် လုပ်သင့် မလုပ်သင့် သူက မဝေခွဲတတ်ဘူး၊ မဝေခွဲတတ်တော့ မလုပ်သင့်တာကို လုပ်သင့် တယ်လို့ ထင်နေတယ်၊ လုပ်သင့်တာကျတော့ မလုပ်သင့်ဘူး ထင်တယ်၊ ဒါ မောဟပဲ၊ မောဟဆိုတာ အဲဒါကိုပြောတာ၊ လုပ်သင့်တာ မလုပ်သင့်တာ မသိဘူး၊ မသိသည့်အတွက်ကြောင့်

https://dhammadownload.com



မလုပ်သင့်တာကို လုပ်သင့်တယ် ထင်တယ်၊ လုပ်သင့်တာကို မလုပ်သင့်ဘူးလို့ ထင်တယ်၊ မောဟကလည်း ကပ်ငြိတတ်တဲ့ သဘောတစ်ခုပဲ။

နောက်တစ်ခုက **မာန**၊ အရည်အချင်းနဲ့ ပတ်သက်ပြီးတော့ ထင်မြင်မှု၊ **ဒိဋ္ဌိ** မှားယွင်းတဲ့အတွေး၊ **ကိလေသာ** ကျန်တဲ့စိတ်ရဲ့ အညစ်အကြေးတွေ။ **ဒုစ္စရိတ** မကောင်းတဲ့အကျင့်၊ မကောင်းတဲ့ အကျင့်ကလည်းပဲ ကပ်ငြိတာပဲ၊ စွဲတယ်၊ လူတွေက အဲဒါကျ တော့ ဝါသနာတဲ့၊ "ဝါသနာကို မတားနဲ့လို့တောင်" ပြောသေး နော်၊ ဝါသနာလည်းပဲ ငြိတတ်တဲ့ တွယ်တတ်တဲ့ အရာတစ်ခုပဲ၊ အဲဒီ သင်္ဂဆိုတာတွေကို အကုန်လုံး စွန့်လွှတ်ဖို့ လိုအပ်တယ်တဲ့။

စွန့်လွှတ်ပြီးတဲ့အခါမှာ တဏှာ လုံးဝကင်းသွားတယ်၊ တွယ်တာမှုတွေ လိုချင်မှုတွေ လုံးဝပျောက်သွားတယ်၊ ရာဂစတဲ့ ဒုက္ခပေးတတ်တဲ့ ကိလေသာတွေ လုံးဝ ကင်းသွားတယ်၊ မျှော်လင့်ချက်ဆိုတဲ့ အာသာ၊ တွယ်တာမှုဆိုတဲ့ အာသာတွေ လုံးဝကင်းသွားပြီဆိုရင် "အဲဒီပုဂ္ဂိုလ်ဟာ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဘေးဒုက္ခတွေကို လုံးဝ ကျော်လွှားသွားနိုင်ပြီလို့ ငါဟောပါတယ်"လို့ မြတ်စွာဘုရားက ဒီစကားနဲ့ အဆုံးသတ်ထား ပါတယ်။

အဲဒီတော့ အကျဉ်းပြန်ချုံ့မယ်ဆိုရင် ၄-ယောက်မြောက် ဖြစ်တဲ့ မေတ္တဂူရသေ့ရဲ့ မေးခွန်းက "လောကမှာ အမျိုးမျိုး အဖုံဖုံသော ဒုက္ခတွေဟာ ဘယ်က စတင်လာသလဲ" ဆိုတဲ့

https://dhammadownload.com



မေးခွန်းရယ်၊ "ဩဃနဲ့ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဆိုတာတွေကို ဘယ်နည်းနဲ့ဖြတ်ကျော်နိုင်ပါသလဲ"ဆိုတဲ့ မေးခွန်းရယ်၊ ဒီမေးခွန်း ၂-ခုကို အဓိကထားပြီး မေးမြန်းခြင်းဖြစ်တယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒီမေးခွန်း ၂-ခုကိုဖြေပြီး နောက်ဆုံးမှာ အဲဒီ **ဩဃကို ဖြတ်ကျော်သွားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ တဏှာရာဂ လုံးဝကင်းရှင်းသွားတဲ့ပုဂ္ဂိုလ်သာ** ဖြစ်တယ်လို့ နိဂုံးချုပ်ပြီး ဟောကြားတော်မူပါတယ်။

မေတ္တဂူ ခေါင်းဆောင်တဲ့ ရသေ့တွေ ကျွတ်တမ်းဝင်သွားကြတယ်။ တရားချစ်ခင် သူတော်စင် အပေါင်းတို့၊ မေတ္တဂူ၏ မေးခွန်းနှင့် မြတ်ဗုဒ္ဓ၏ အဖြေစကားတို့ကို မှတ်သားနာယူကြပြီး ဓမ္မအသိ ရရှိကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၅)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၆-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၂-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဓမ္မာသီရိဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

## မောဃရာဇ်၏အမေးကို ဖြေဆိုခြင်း

ပါရာယနဒေသနာမှာ ၅-ယောက်မြောက် လျှောက်ထားခွင့်ရတဲ့ပုဂ္ဂိုလ်က **မောဃကရသေ့** လို့ ခေါ်တယ်၊ စာပေကျမ်းဂန်မှာတော့ **မာဏဝ** ဆိုတဲ့အသုံးကို သုံးတယ်၊ မာဏဝဆိုတာ သတ္တဝါကိုလည်း မာဏဝလို့ခေါ်တာပဲ၊ လူငယ်လူရွယ်တွေ

https://dhammadownload.com



ကိုလည်း မာဃဝလို့ ခေါ်တာပဲ၊ ဒီပုဂ္ဂိုလ်တွေက တကယ်တော့ လူငယ်လူရွယ် မဟုတ်တော့ဘူးပေါ့၊ ဆရာကြီးရဲ့လက်ထောက် တပည့်တွေ။ ဗာဝရီပုဏ္ဏားကြီးက အသက် ၁၂၀-ရှိနေပြီ၊ သူ့ရဲ့လက်ထောက် တပည့်တွေ၊ ပညာတတ်တွေ။ သို့သော် လည်းပဲ သူတို့ကို စာပေကျမ်းဂန်မှာ မှတ်တမ်းတင်ထားတယ်၊ **မောတကမာဏဝပုစ္ဆာ**လို့ တခြားပါဠိတော်တွေမှာ **မောတကပညာ** လို့ ဒီလိုသုံးတယ်၊ **မောတက** ရဲ့ မေးခွန်းပေါ့။

အဲဒီလို ပါရာယနဒေသနာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားကို လျှောက်ထားမေးခွင့်ရကြတယ်၊ အားလုံး ၁၆-ယောက် ရှိတယ်၊ ခေါင်းဆောင် ၁၆-ယောက်က မေးကြတာ၊ (၄)ယောက် သော ပုဂ္ဂိုလ်တွေရဲ့ မေးခွန်းနဲ့အဖြေတွေကို ဟောကြားလို့ပြီးပြီ၊ ဒီကနေ့ည ၅-ယောက်မြောက်ဖြစ်တဲ့ မောတကရဲ့အမေးကို မြတ်စွာဘုရား ဘယ်လိုဖြေတယ်ဆိုတာ မှတ်သားနာယူကြရမှာ ဖြစ်တယ်။

မေးခွန်းလို့ ဆိုပေမယ့်လို့ သူလျှောက်ထားတဲ့စကားတွေ ဟာ ပထမဆုံးမေးခွင့်ရတဲ့ **အဇိတ** လို မဟုတ်ဘူး၊ ပထမဆုံး မေးခွင့်ရတဲ့ အဇိတက "ဒုက္ခဆိုတာ ဘာကြောင့်ဖြစ်လာရသလဲ၊ ဒုက္ခဆိုတာ ဘယ်က စလာတာလဲ" ဆိုတဲ့ မေးခွန်းမျိုးမေးတယ်၊ အခု မောတက ကတော့ အဲဒီလိုမျိုး မမေးတော့ဘူး၊ သူက မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်တယ်၊ နိဗ္ဗာန် ရောက်ကြောင်းတရားကို သူ့ဟောပါတဲ့။ တိုက်ရိုက်မေးခွန်းတွေ မေးတာမဟုတ်တော့ဘူး၊ သို့သော် စာပေကျမ်းဂန်မှာ သိလိုရင်းနဲ့

https://dhammadownload.com



လျှောက်ထားတာမှန်သမျှ မေးခွန်းလို့ပဲ သုံးတဲ့သဘောရှိတယ်။ ဒါကြောင့်မို့ ဒီ ပါရာယနသုတ္တန်မှာ လာသမျှတွေအားလုံးကို **အမေးပုစ္ဆာပြဿနာများကို ဖြေဆိုခြင်း** လို့ ဒီလိုပဲ ခေါင်းစဉ် တပ်ရတယ်။

ဒီကနေ့ ဓောတကဆိုတဲ့ ၅-ယောက်မြောက် ပုဂ္ဂိုလ်က မြတ်စွာဘုရားကို မေးခွန်းမေးတယ်၊ မူရင်းကျမ်းမှာလာတဲ့ သူနဲ့ ပတ်သက်တဲ့ ဂါထာပုဒ်ပေါင်းက ၈-ပုဒ် ရှိတယ်။ အမေးရယ်, မြတ်စွာဘုရားက ဖြေဆိုရှင်းလင်း ဟောကြားတာတွေရယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့ ပတ်သက်ရင် သိပ်ပြီးကွဲလွဲချက် ရှိတာမဟုတ်ဘူး၊ ကြည့်လေ- မြတ်စွာဘုရားက မဟာသတိပဋ္ဌာန သုတ်မှာ **"ဧကာ ယနော အယံ ဘိက္ခဝေ မဂ္ဂေါ"** ဒါ တစ်လမ်းတည်းပဲ၊ ဘယ်သူပဲဖြစ်ဖြစ် နိဗ္ဗာန်သွားချင်ရင် ဒီလမ်းက သွားရမှာ၊ နောက်ဆုံး ဒုက္ခတွေ အဆုံးသတ်တဲ့ နိဗ္ဗာန်ကို သွားချင်ရင် ဒီတစ်လမ်းပဲရှိတယ်၊ ဒါကြောင့်မို့လို့ ဆန်းဆန်း ပြားပြား လမ်းမြောင်တွေ လမ်းလွှဲတွေ လမ်းမှားစရာတွေ ဘာမှ မရှိတော့ အင်မတန်မှ ရိုးစင်းဖြောင့်မတ်တဲ့ လမ်းကြီးပဲ။

အဲဒီ ရိုးစင်းဖြောင့်မတ်တဲ့လမ်းဆိုတာ တခြားကိုပြောတာ မဟုတ်ဘူး၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပြောတာ၊ လူတွေက နိဗ္ဗာန်အကြောင်းကို ကြံတွေးပြီးတော့ ဟိုလိုလုပ်၊ ဒီလိုလုပ်၊ ဟိုဟာ ကောင်းတယ် ဒီဟာ ကောင်းတယ်၊ ဖြစ်နေကြတာ၊ တကယ်တော့ မဂ္ဂင်ရှစ်ပါးအကျင့်တရားပဲ။

https://dhammadownload.com



မြန်မာနိုင်ငံမှာလည်းပဲ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောတယ်၊ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းကျင့်စဉ်တွေကို ဟောပြတဲ့ တရားရိပ်သာတွေ များစွာရှိတယ်၊ အဲဒီလို များစွာရှိတဲ့အခါမှာ ခေါင်းဆောင်လုပ်တဲ့ဆရာတော်ဘုရားကြီးတွေကို အမည်တပ်ပြီးတော့ ဘာရိပ်သာ ညာရိပ်သာနဲ့ ဒီလိုပြောကြတယ်၊ အမည်နာမတွေ ဒီလို ကွဲပြားခြားနားမှုရှိသော်လည်း အားလုံးဟာ ဘယ်လမ်းက သွားတာတုန်းဆိုရင် မဂ္ဂင်ရှစ်ပါးလမ်းက သွားတာ၊ နာမည်တွေ ဆိုင်းဘုတ်တွေ lable တွေသာ များနေတာ၊ ဒါကတော့ ဆရာကို ဂုဏ်ပြုတဲ့အနေနဲ့ ခေါ်တဲ့သဘောတွေပဲပေါ့။ သို့သော် နိဗ္ဗာန်ရောက်ကြောင်းလမ်းဟာ ဘယ်ရိပ်သာကပဲ ဟောဟော၊ ဘယ်ဆရာတော်ကပဲ ဟောဟော ဒီလမ်းပဲ၊ ဒီလမ်းကလွဲပြီး နိဗ္ဗာန်ရောက်ကြောင်းတရား မရှိဘူးလို့မှတ်ရမယ်။

ဘာဖြစ်လို့ ပြောရသလဲဆိုလို့ရှိရင် မြတ်စွာဘုရားက နောက်ဆုံး သက်တော်-၈၀ အရွယ်ရောက်လို့ အားတွေပြတ်လို့ ပရိနိဗ္ဗာန်ပြုတော့မယ့် ညောင်စောင်းမှာ လဲလျောင်းနေတဲ့အချိန်၊ အချိန်ပိုင်းသာ လိုတော့တဲ့အချိန်မှာ မြတ်စွာဘုရားဆီလာပြီး နောက်ဆုံးတပည့်ခံတဲ့ ပုဂ္ဂိုလ်ကတော့ သုဘဒ္ဒဆိုတဲ့ ပုရပိုဇ်ပဲ။ အဲဒီ သုဘဒ္ဒ ပုရပိုဇ်ကြီးဟာ 'ဂေါတမဘုရားဆိုတာ အလွန်ကျော်ကြားတယ်၊ ဒီကနေ့ပဲ ပရိနိဗ္ဗာန် စံတော့မယ်၊ မေးစရာရှိတာ သွားမေးဦးမှ၊ တော်တော်ကြာမှ မမေးလိုက်ဘူးဆို ငါနောင်တရနေလိမ့်မယ်၊ သွားဖြစ်အောင်သွားမယ်' ဆိုပြီး ရောက်လာတာ။

https://dhammadownload.com



မြတ်စွာဘုရား အသည်းအသန်ဖြစ်နေတဲ့အချိန်လို့ ပြောရမယ်နော်၊ အဲဒီအချိန်မှာ ဘုရားဆီမေးချင်လို့ဆိုပြီး သူက ရောက်လာတာ၊ ရောက်လာတော့ မြတ်စွာဘုရားရဲ့ အလုပ်အကျွေး ဘုရားကို တာဝန်ယူစောင့်ရှောက်ပေးတဲ့ ညီတော်အာနန္ဒက လက်မခံဘူး၊ "မမေးချင်ပါနဲ့၊ ဘုရား သိပ်အားနည်းနေပြီ၊ လာပြီးတော့ မနှောင့်ယှက်ပါနဲ့ မညှင်းဆဲပါနဲ့"။

ဟုတ်တယ်မို့လား၊ ဒါကဟိုမှာ အင်မတန်မှ ရောဂါဝေဒနာသည်းထန်လို့ အားပြတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို လာပြီးတော့ ကိုယ်သိချင်လို့ မေးတယ်ဆိုတာ သာမန်အတွေးနဲ့ တွေးမယ်ဆိုရင် ရက်စက်ရာရောက်တာ၊ ကိုယ်သိချင်တာကို ရှေ့တန်းတင်ပြီးတော့ လာမေးတယ်၊ ဒါကြောင့်မို့ ရှင်အာနန္ဒက လက်မခံဘူး၊ "မမေးပါနဲ့တဲ့၊ မြတ်စွာဘုရား သိပ်ပင်ပန်းနေပြီတဲ့၊ မနှိပ်စက်ပါနဲ့တဲ့၊ မင်းတို့နှိပ်စက်ခဲ့တာ များလှပြီ" သူတို့က ဟိုမေး ဒီမေး ဒီလိုနှိပ်စက်တာတွေ အများကြီးပဲလေ။

သစ္စကတို့ဆိုရင် ခဏခဏ မြတ်စွာဘုရားကို ခနဲ့တဲ့တဲ့ စကားတွေနဲ့ ပြောတာပဲ၊ မြတ်စွာဘုရားကို အဲဒီလို နှိပ်စက်ခဲ့ပေါင်းများလှပြီ၊ ဒီအချိန်မှာတော့ မင်းတို့ မနှောင့်ယှက်ပါနဲ့လို့ ပြောတာကို မြတ်စွာဘုရား ကြားသွားတယ်၊ "အာနန္ဒ - သူသိချင်တာ မေးပါစေ၊ လွှတ်လိုက်ပါ" တဲ့၊ မြတ်စွာဘုရားရဲ့ မဟာကရုဏာနော်၊ သူ ငါ့ကိုနှိပ်စက်တာ မဟုတ်ပါဘူး၊ သူသိချင်တာလေး မေးပါစေ၊ ဘာဖြစ်လို့တုန်းဆိုရင် မြတ်စွာဘုရား ဒီလာတာကိုက သူနဲ့တွေ့ဖို့ ရည်ရွယ်ချက်ရှိတယ်။

https://dhammadownload.com



ခွင့်ပြုလိုက်တော့ သူက ဘာမေးတုန်းဆိုတော့ "အရှင်ဘုရား၊ ဘုရားလို့ အမည်ခံနေကြတဲ့ (ဘုရားလို့ အမည်ခံတယ်ဆိုတာ သဗ္ဗညုတဉာဏ်ကြီးကို ရတယ်လို့ ဝန်ခံထားကြတဲ့) ဆရာကြီး ၆-ယောက်ဟာ သူတို့ဝန်ခံတဲ့အတိုင်း ဟုတ်သလား မဟုတ်ဘူးလား"။

မြတ်စွာဘုရားက "သုဘဒ္ဒ- မင်း ဒါတွေမမေးနဲ့၊ အချိန်မရှိဘူး၊ သူ့ဟာသူ ဟုတ်ချင်ဟုတ်၊ မဟုတ်ချင်နေ၊ မင်းဒါတွေ မစဉ်းစားနဲ့၊ ငါပြောမယ်တဲ့၊ မဂ္ဂင်၈-ပါးမရှိတဲ့ သာသနာ, မဂ္ဂင် ၈-ပါး မပါတဲ့လမ်းစဉ်ဟာ ဘယ်တော့မှ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ် မဟုတ်ဘူးတဲ့၊ မဂ္ဂင် ၈-ပါး အကျင့်ကို ကျင့်နိုင်မှ သောတာပန်ဆိုတာ ဖြစ်နိုင်တယ်၊ သကဒါဂါမ်ဆိုတာ ဖြစ်နိုင်တယ်၊ အနာဂါမ်ဆိုတာ ဖြစ်နိုင်တယ်၊ ရဟန္တာဆိုတာ ဖြစ်နိုင်တယ်၊ မဂ္ဂင် ၈-ပါးမရှိတဲ့သာသနာဟာ ဒီလိုအဆင့်ရှိတဲ့ရဟန်းမျိုး ဘယ်တော့မှ မပေါ်နိုင်ဘူး၊ မှတ်ထား" တဲ့။

အဲဒီ မဂ္ဂင် ၈-ပါး အကျင့်တရားမှာ **မဂ္ဂ**ဆိုတာ လမ်းပဲ၊ Way ပဲ၊ ဒါကြောင့်မို့ **မဂ္ဂ**ကို အင်္ဂလိပ်လိုပြန်ရင် Path လို့ ပြန်တာ၊ နိဗ္ဗာန်သွားဖို့လမ်းပဲ၊ A path to Nibbâna နိဗ္ဗာန်သွားတဲ့လမ်း၊ အဲဒီ Path ဆိုတာကို ဘာနဲ့ တည်ဆောက်ထားတာတုန်းဆို **သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ** ဆိုတဲ့ ဒီ ၈-မျိုးနဲ့ တည်ဆောက် ဖွဲ့စည်းထားတာ။ အဲဒီ ၈-မျိုးကို ကိုယ့်သန္တာန်မှာ ဖြစ်အောင်လုပ်တယ်၊ တိုးတက်လာအောင်လုပ်တယ်၊ စိုက်လိုက်

https://dhammadownload.com



မတ်တတ် ပွားများအားထုတ်တယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သွားနေတဲ့ပုဂ္ဂိုလ်, နိဗ္ဗာန်လမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့်ပြောမယ် ဆိုလို့ရှိရင် နိဗ္ဗာန်သွားမယ့်ယာဉ်ကို စီးနေတဲ့ပုဂ္ဂိုလ်လို့ ဒီလိုပြောလို့ရမယ်။

ဒါတော့ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ပဲပေါ့၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စတဲ့ လူတွေရဲ့သန္တာန်မှာရှိတဲ့ Different Level, Different Degree တွေ ရှိတာပေါ့၊ အဲဒီတော့ အဆင့်အတန်းမမြင့်သေးရင် မမြင့်တဲ့အတိုင်းအတာ၊ မြင့်ပြီဆိုတဲ့အချိန်ကျတော့ မြင့်တဲ့အတိုင်းအတာအလိုက် သွားတာပေါ့။

ဆိုပါစို့ -ပြောမယ်ဆိုရင် သောတာပတ္တိမဂ်ဆိုတာ ဘာခေါ်တာတုန်းလို့မေးရင် ဟောဒီ မဂ္ဂင်၈-ပါးပဲ၊ အဲဒီ မဂ္ဂင် ၈-ပါးဟာ သကဒါဂါမိမဂ်အဆင့် ရောက်တဲ့အခါကျတော့ degree က သောတာပတ္တိမဂ်အဖြစ် ဖွဲ့စည်းထားတဲ့ မဂ္ဂင် ၈-ပါးထက် သကဂါဒါမိမဂ်အဖြစ် ဖွဲ့စည်းလိုက်တဲ့ မဂ္ဂင် ၈-ပါးက ပိုပြီးတော့ အားကောင်းတယ်၊ တစ်ခါ အနာဂါမိမဂ်အဖြစ် ဖွဲ့စည်းတဲ့ မဂ္ဂင် ၈-ပါးက ပိုအားကောင်းပြန်တယ်၊ အရဟတ္တမဂ်အဖြစ် ဖွဲ့စည်းတဲ့ မဂ္ဂင် ၈-ပါးကျတော့ အားအပြည့်ဆုံး, အစွမ်းအထက်ဆုံး မဂ္ဂင် ဖြစ်သွားတယ်။

အဲဒီမဂ္ဂင်တွေဟာဘယ်အချိန်ကစတုန်းဆိုတော့ ဝိပဿနာဉာဏ် စဖြစ်လာတဲ့ အချိန်ကတည်းက စလာတယ်လို့ ဒီလို ပြောရမှာပေါ့၊ ဒါကြောင့်မို့ ဝိပဿနာကို **ပုဗ္ဗဘာဂမဂ်**လို့ ခေါ်တယ်၊ ပုဗ္ဗဘာဂမဂ်ဆိုတာ မဂ်စိတ်ဖိုလ်စိတ်ရဲ့ ရှေ့ပိုင်းမှာဖြစ်တဲ့ မဂ္ဂင်

https://dhammadownload.com



၈-ပါးကို ပြောတာ၊ အဲဒီတော့ မဂ္ဂဆိုတာ ဒီ ၈-ခုကို ပေါင်းပြီးတော့ ခေါ်လိုက်တဲ့နာမည်သာဖြစ်တယ်၊ Unity of eight factors ပေါ့၊ ဒါကြောင့်မို့ တစ်ခုနဲ့တစ်ခု အဆင့်အတန်းချင်း အရည်အသွေးချင်းဟာကွာခြားတယ်တဲ့၊ ပစ္စည်းများလိုပဲ quality ဆိုတာ မတူတတ်ဘူးပေါ့။

မြတ်စွာဘုရားက သုဘဒ္ဒကြီးကို ပြောလိုက်တယ်၊ ဟောဒီ မဂ္ဂင် ၈-ပါး အကျင့်တရား မပါဘဲနှင့် ဘယ်ပုဂ္ဂိုလ်မှ နိဗ္ဗာန် မရောက်ဘူးတဲ့၊ ဒီမဂ္ဂင် ၈-ပါးဆိုတဲ့ အကျင့်တရားကို မြတ်စွာဘုရားဟာ ဘယ်သူ့ဆီကမှ သင်ခဲ့တာ မဟုတ်ဘူး၊ **"ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု"** ဆိုတာ အဲဒါပြောတာ၊ ဘယ်သူ့ဆီကမှ သင်ခဲ့တာ မဟုတ်ဘူး၊ ဒါကြောင့်မို့ **သယမ္ဘူ** ကိုယ်ပိုင်ဉာဏ်နဲ့ သိလာတဲ့တရားလို့ အဲဒီ မဂ္ဂဆိုတဲ့လမ်းစဉ်ကို မြတ်စွာဘုရားက တိတိလင်းလင်း သူ့ကိုပြောခဲ့တယ်။

နှစ်ပေါင်း ၅၁-နှစ်အတွင်းမှာ အဲဒီ မဂ္ဂင် ၈-ပါးကို ဟောပြောနိုင်တဲ့ပုဂ္ဂိုလ်၊ ဝိပဿနာအဆင့်ကို ဟောပြောနိုင်တဲ့ ဆရာဆိုတာ တစ်ဦးမှမရှိဘူးလို့နော်။ ၅၁-နှစ်ဆိုတာ မြတ်စွာဘုရားက မင်းသားဘဝနဲ့ ထီးနန်းစည်းစိမ်ခံစားတာ ၂၉-နှစ်၊ ၂၉-နှစ် ဒီဘက်မှာ တောထွက်တယ်၊ ၃၅-နှစ်မှာ ဘုရားဖြစ်တယ်၊ ၆-နှစ် တရားကျင့်တယ်၊ ၆-နှစ် တရားကျင့်ပြီးတော့ ဘုရားဖြစ်တဲ့အခါကျတော့ ၃၅-နှစ်ပေါ့၊ ၃၅-နှစ်ရယ်၊ ၆-နှစ်ရယ် ပေါင်းလိုက်တဲ့အခါကျတော့ ၅၁-နှစ်၊ အဲဒီ ၅၁-နှစ်အတွင်းမှာ မဂ္ဂင် ၈-ပါးကို ဟောကြားနိုင်တဲ့ဆရာဆိုတာ ဘယ်သူမှ မရှိဘူး၊

https://dhammadownload.com



မြတ်စွာဘုရားက "သူကလွဲရင် ဘယ်သူမှမရှိဘူး"လို့ ဒီလိုဆိုလို တာပေါ့။ ဘယ်ဆရာမှ မရှိဘူး၊ ဒါကြောင့်မို့ ဒီမဂ္ဂင် ၈-ပါး ဆိုတာ တစ်ခုတည်းသော လမ်းကြောင်းပဲလို့ သုဘဒ္ဒကို အတိအလင်း မိန့်ကြားခဲ့တာ။

မြတ်စွာဘုရားက ပထမဆုံး တရားဦးဓမ္မစကြာ ဟောတုန်း ကလည်း မဂ္ဂင် ၈-ပါးနဲ့ ဟောတာပဲ၊ နောက်ဆုံး သုဘဒ္ဒကို ဟောတော့လည်း မဂ္ဂင် ၈-ပါးပဲပေါ့။ ဒါကြောင့်မို့ ပါရာယနမှာ ဟောခဲ့သမျှ တရားတွေဟာလည်းပဲ မဂ္ဂင်၈-ပါးမှာ ဝင်တယ်၊ မဂ္ဂင် ၈-ပါးကို ရှင်းပြတာပဲ၊ သို့သော် သူတို့မေးတဲ့ မေးခွန်းတွေ အလိုက် မြတ်စွာဘုရားက ရှင်းသွားတယ်လို့ ဒီလိုတော့ မှတ်ရမှာ ပေါ့။

အဲဒီတော့ ဓောတကဆိုတဲ့ Brahmin ရသေ့က သူ့ အလှည့်ကျလို့ မေးတဲ့အခါ သူက ရှေးကပုဂ္ဂိုလ်တွေလို မဟုတ် ဘူး၊ အဇိတတို့က မြတ်စွာဘုရားကို စတွေ့တွေ့ချင်းတော့ အကြောင်း မသိကြသေးဘူး။ လူဆိုတာ စတွေ့ခါစတော့ အရည်အချင်းကို သိပ်သိချင်မှ သိမှာကိုး၊ နောက် အဇိတကို ဖြေလိုက်တဲ့တရား နာလိုက်ရပြီ၊ တိဿတို့ ပုဏ္ဏကတို့ မေတ္တဂူတို့ မေးတဲ့အမေးကို ဖြေတာတွေ သူ့အသိစိတ်ထဲမှာ ရောက်သွား တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားကို မေးတဲ့အခါမှာ တော်တော့် ကို တလေးတစားမေးတဲ့ သဘောမျိုးလေး ရှိလာတယ်။

https://dhammadownload.com



## နံပါတ် (၁) မေးခွန်း

မောဃက မြတ်စွာဘုရားကို လျှောက်တယ်-

**"ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေ တံ"**

သူသုံးတဲ့စကားလုံးက **"ပုစ္ဆာမိ တံ** - အရှင်ဘုရားကို မေးပါတယ်"တဲ့၊ **"ဘဂဝါ ဗြူဟိ မေ တံ**- တပည့်တော်ရဲ့အမေးကို အရှင်မြတ် ဖြေဆိုပေးပါ" တဲ့၊ သူသိချင်တာလေးကို သူမေးပါတယ်တဲ့၊ **"ဝါစာဘိကင်္ခါမိ မဟေသိ တုယှံ"** မြတ်စွာဘုရားကို **မဟေသိ** ဆိုတဲ့စကားလုံး သုံးလိုက်တယ်၊ **မဟေသိ** ဆိုတာ Great isi. Great isi ဆိုတာ ကြီးမြတ်တဲ့ ရှင်ရသေ့ပေါ့၊ သာမန်ရှင်ရသေ့ မဟုတ်ဘူး၊ ကြီးမြတ်တဲ့ရှင်ရသေ့ မဟေသိ။ **ဣသိ** ဆိုတာ မြန်မာဝေါဟာရနဲ့ကျတော့ ရသေ့၊ ရသေ့ဆိုတဲ့ စကားလုံးကိုက မြန်မာစကားလုံးမဟုတ်ဘူး၊ rishi ဆိုတဲ့ စကားလုံးက လာတာကို မြန်မာတွေက ကိုယ့်အသံနဲ့ကိုယ်ပြောင်းပြီးတော့ ခေါ်ဝေါ်လိုက်လို့ ဣသိကနေ ရသေ့ဖြစ်လာတာ၊ အဲဒီတော့ ပါဠိစကားလုံးပဲ ဆိုပါစို့။

**မဟေသိ**ဆိုတော့ **မဟာ+ဣသိ** အင်မတန်မြင့်မြတ်တဲ့ ဣသိပုဂ္ဂိုလ်, ထူးခြားတဲ့ပုဂ္ဂိုလ်ပေါ့၊ တရားဓမ္မကို ရှာဖွေတဲ့ပုဂ္ဂိုလ်၊ **"ဝါစာဘိကင်္ခါမိ မဟေသိ တုယှံ"** "အရှင်ဘုရားရဲ့ ဟောကြားမယ့် တရားစကားကို တပည့်တော်သိပ်လိုလား နှစ်သက်ပါတယ်" တဲ့၊ သူက ရှေ့ပိုင်းက အမေးတွေရဲ့အဖြေကို နာထားရလို့ အရှင်ဘုရား ဟောမယ့်တရား တပည့်တော် သိပ်နာချင်ပါတယ်တဲ့၊

https://dhammadownload.com



**"တဝ သုတွာန နိဗ္ဗုတော်"**- "အရှင်ဘုရားဟောတဲ့ ဆုံးမ ဩဝါဒစကားကို ကြားနာရတဲ့အခါမှာ" တဲ့၊ **"သိက္ခေ နိဗ္ဗာန မတ္တနော"** "တပည့်တော်ရဲ့ စိတ်နှလုံး ငြိမ်းအေးစေဖို့အတွက် တပည့်တော်ဟာ လိုက်နာကျင့်သုံးချင်ပါတယ်" တဲ့၊ "ဒါကြောင့်မို့ အရှင်ဘုရားရဲ့ စကားလေး ကြားပါရစေ"တဲ့။ ဟော- သူမေး တာက ဒီလိုလာတာနော်၊ ဟိုဟာသိချင်တာ, ဒါသိချင်တာ မဟုတ်တော့ဘူး၊ ခုဒီမှာ မေးခွန်းလို့ပြောပေမယ့် သူက request လုပ်တဲ့သဘောပဲ ဖြစ်သွားတယ်၊ ဒါကို "ဘယ်လိုခေါ်သလဲ" ဆိုတဲ့ မေးခွန်းမျိုးနဲ့ မေးတာမဟုတ်ဘူး၊ သူမေးတဲ့မေးခွန်းက ဒါ တောင်းပန်စကားနဲ့ အလားတူတယ်ပေါ့။

ဒါကြောင့်မို့ **"ဝါစာဘိကင်္ခါမိ မဟေသိ တုယှံ"** - "အရှင်ဘုရား မိန့်ကြားမယ့်စကားကို တပည့်တော် မျှော်လင့်တောင့်တ ပါတယ်"၊ **"တဝ သုတွာန နိဗ္ဗုတော်"** "အရှင်ဘုရားဟောတဲ့ ဆုံးမဩဝါဒ တရားစကား နာရတဲ့အခါမှာ"၊ **"သိက္ခေ နိဗ္ဗာန မတ္တနော"** "ကိလေသာအပူငြိမ်းဖို့အတွက် တပည့်တော် ကြိုးစား အားထုတ်ပါရစေ"တဲ့၊ "အားထုတ်ချင်ပါတယ်၊ လိုက်နာကျင့်သုံး ချင်ပါတယ်၊ ဒါကြောင့်မို့ အမိန့်ရှိပါ" လို့ မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရားက ဘာစ,မိန့်တုန်းဆိုတော့ **"တေနာဟာ တပ္ပံ ကရောဟိ"** တဲ့၊ ကြည့်နော် "ဒီလိုဆိုလို့ရှိရင်" တဲ့ "မင်း ကြိုးစားအားထုတ်ရလိမ့်မယ်" (လုပ်စရာမလိုဘူးဆိုတဲ့ ဝါဒတွေနဲ့ မတူဘူးနော်) မဂ္ဂင် ၈-ပါးထဲမှာ သမ္မာဝါယာမ ဆိုတာ မြတ်စွာ

https://dhammadownload.com



ဘုရားက လုပ်ရမယ်၊ အားထုတ်ရမယ်၊ **အာတပ္ပ** ဆိုတဲ့ စကားလုံးက သာမန်ဝီရိယမျိုး မဟုတ်ဘူး၊ လောကလူတွေ ကြည့်လေ၊ နေ့စဉ်နဲ့အမျှ စားဝတ်နေရေး ကြိုးစားအားထုတ်နေကြတာ၊ အဲဒီ စားဝတ်နေရေး ကြိုးစားအားထုတ်တာထက် အဆပေါင်းများစွာ နိဗ္ဗာန်ရဖို့အတွက် ကြိုးစားအားထုတ်တာ၊ အဲဒီတော့ ဘာမှမလုပ်ဘဲနဲ့ ရနိုင်တယ်လို့ဟောတဲ့ တရားဟာ မြတ်စွာဘုရား ဟောတဲ့တရား မဟုတ်ဘူးနော်။

မြန်မာပြည်မှာ ပေါ်ခဲ့သေးတယ်၊ "လုပ်သမျှ ဒုက္ခ" မလုပ်ရတာ သဘောကျတဲ့ပုဂ္ဂိုလ်က ဟောတာ၊ အဲဒီတော့ သူ့ဖာသူနေရင် တရားဆိုတာ ရလာမယ်လို့ ယူဆတာ၊ ဘာမှရမှာ မဟုတ်ဘူး၊ လောကကြီးမှာ ထမင်းတောင် ထစားမှဝတာ၊ မစားရင် မရဘူး၊ ဒါ သဘာဝနဲ့ ဆန့်ကျင်ပြောလို့မရဘူးလေ၊ ပျင်းနေလို့ ထမင်းတောင် ထမစားဘူးဆို ဘယ်လိုမှ ရမှာမဟုတ်ဘူး။

လောကမှာ စံချိန်ချိုးလောက်အောင် ပျင်းတဲ့ပုဂ္ဂိုလ်ရှိသေးတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့စံနမူနာကိုကြည့်၊ သူ့နာမည်က **'ရာဇကုမ္ဘ'** တဲ့၊ စံချိန်ကျိုးအောင် ပျင်းတယ်၊ သူ့အကြောင်း ငါးရာ့ငါးဆယ် (၃၄၅-ခုမြောက်ဇာတ်) ကို ဖတ်ကြည့်ပေါ့၊ ခရီးသွားတာ ပျင်းလွန်းအားကြီးလို့ တစ်နေ့မှာ ၁-လက်မ ၂-လက်မလောက်ပဲ ရွေ့တယ်၊ ဒီပြင်အချိန်မှာ အိပ်နေတာ၊ "ဟာ-ဒီကောင် ပျင်းလွန်းအားကြီးတယ်" "ငပျင်း၊ မင်း အဲဒီလိုတောထဲမှာ သွားနေတုန်း၊ တောမီးလောင်လာရင် ဘယ်လိုလုပ်မတုန်း"တဲ့၊ "လူဆိုတာ ကံနဲ့ပါ၊ မပူပါနဲ့တဲ့"ငပျင်းကလည်း သူ့အကြောင်းသူပြတယ်။ တောမီး

https://dhammadownload.com



လောင်လာတဲ့အချိန်မှာ ချိုင့်ကလေး ကျင်းကလေးရှိရင် ဝင်ပုန်းလိုက်မှာပေါ့တဲ့၊ အဲဒီ ရာဇကုမ္ဘ (ဂဇကုမ္ဘ) ပျင်းအကြောင်း ငါးရာ့ငါးဆယ် ဇာတ်မှာပါတယ်၊ စိတ်ဝင်စားရင် ဖတ်ကြည့်ပေါ့၊ အဲဒီတော့ လုပ်စရာမလိုဘူးဆိုတာ ပျင်းရဲ့ဩဝါဒပဲ။

မြတ်စွာဘုရားက ကြည့်-ခေတကကို ဘာပြောသလဲဆို **"တေနာဟာ' တပ္ပံ ကရောဟိ"**တဲ့၊ "ကိုယ့်စိတ်မှာရှိတဲ့ အပူတွေ ငြိမ်းချင်တယ်၊ ရာဂတွေ ငြိမ်းချင်တယ်၊ ဒေါသတွေ ငြိမ်းချင်တယ်၊ မောဟတွေ ငြိမ်းချင်တယ်၊ သူ့ဟာသူတော့ မင်းဘယ်တော့မှ ငြိမ်းမှာမဟုတ်ဘူးတဲ့၊ ကြိုးစားရလိမ့်မယ်"တဲ့၊ **အာတပ္ပ**ဆိုတာ အပြင်းအထန်ကြိုးစားရလိမ့်မယ်၊ ဒီလိုပြောတယ်၊ ကြည့်လေ - မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ် ဟောတဲ့အခါမှာလည်း ဘယ်လိုဟောလဲဆို **"ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ"**၊ ကြိုးစားရမယ်၊ မကြိုးစားလို့ မရဘူး၊ အာတာပီ ဆိုတာ ပူပန်စေတတ်သော လုံ့လလို့ဆိုတာ စိတ်ကိုဖိနှိပ်ပြီးတော့ ကိလေသာတွေကို ပူပြင်းခြောက်သွေ့သွားစေနိုင်တဲ့ လုံ့လမျိုးလို့ ဒီလိုဆိုလိုတာ၊ ပေါ့ပေါ့လျော့လျော့လုပ်တဲ့လုံ့လမျိုး မဟုတ်ဘူးတဲ့၊ အပြင်းအထန် ကြိုးစားအားထုတ်တာ။

တချို့ ပျင်းတဲ့လူတွေက ဘာသွားပြီး လုပ်သေးတုန်းဆို ဓမ္မစကြာမှာ ဘုရားဟောထားတယ်တဲ့၊ **အတ္တကိလမထာနု-ယောဂေါ-** ကိုယ်ပင်ပန်းအောင် မလုပ်ရဘူးတဲ့၊ (ဇိမ်လေးနဲ့ အေးအေးစားပြီးတော့ ရိပ်သာသွားတဲ့အခါကျ တစ်လလောက် စခန်းဝင်လိုက်တာ ပြန်ထွက်လာတော့ ပေါင်တစ်ပေါင် တိုးလာ

https://dhammadownload.com



တယ်ဆိုပဲ)အသိဉာဏ်တွေမတိုးဘဲနဲ့ physical body က ကြီးထွား လာတာနော်၊ Mental Knowledge တွေ မတိုးဘဲနဲ့ Physical Body ကြီးလာတယ်လို့ဆိုတာ။

အဲဒီတော့ တကယ်က အသိဉာဏ်ကြီးလာအောင် လုပ်ရမှာလေ၊ ကြိုးစားအားထုတ်ရမယ်၊ **ဇာဂရိယာနုယောဂ** ဆိုတဲ့ နေရာမှာ နိုးနိုးကြားကြား အားထုတ်တယ်ဆိုတာ ဘယ်လိုဟာလဲ၊ နေ့အခါမှာတဲ့ စင်္ကြံသွားလိုက် ထိုင်လိုက်၊ ကိုယ့် စိတ်ထဲမှာ ရှိတဲ့ စိတ်ကိုပိတ်ဆို့တတ်တဲ့ နီဝရဏတရားတွေကို ဖယ်ရှားရမယ်တဲ့၊ စိတ်ကိုသုတ်သင်နေရမယ်တဲ့၊ ဆိုလိုတာက တစ်နေကုန် ဘာလုပ်နေရမလဲဆို ကိုယ့်စိတ်ထဲမှာ မြင်တဲ့အာရုံပေါ်မှာ လောဘမဖြစ်အောင်, ဒေါသမဖြစ်အောင်, မောဟမဖြစ်အောင်၊ ကြားတဲ့အသံအပေါ်မှာ လောဘ ဒေါသ မောဟ မဖြစ်အောင်၊ နံတဲ့အနံ့နဲ့ပတ်သက်ပြီး လောဘ ဒေါသ မောဟ မဖြစ်အောင်၊ လျှာနဲ့လျက်ရတဲ့ အရသာပေါ်, ခန္ဓာကိုယ်နဲ့ ထိတွေ့တဲ့ အထိအတွေ့ပေါ်, စိတ်ထဲက စိတ်ကူး စိတ်သန်း အာရုံတွေပေါ်မှာ လောဘမဖြစ်အောင် ဒေါသမဖြစ်အောင်၊ ဖြစ်လာတဲ့လောဘ ဒေါသတွေကို ဖယ်ရှားပြီး ဆေးကြော နေရမယ်လို့ ဒီလိုပြောတာ။

**"အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေယျာ"** တဲ့။ **အာဝရဏီယေဟိ ဓမ္မေဟိ** ဆိုတာ ကုသိုလ်စိတ်ကို ပိတ်ဆို့ ဟန့်တားတတ်တဲ့ နီဝရဏတရားတွေ အကုသိုလ် တရားတွေ ကနေ စိတ်ကို စင်ကြယ်အောင်လုပ်ပါတဲ့၊ တရားအားထုတ်တယ် ဆိုတာ အဲဒါပဲ၊ နေ့အခါမှာလုပ်သလို ညကို သုံးပိုင်း ပိုင်းလိုက်၊

https://dhammadownload.com



ပထမယာမ် မဇ္ဈိမယာမ် ပစ္ဆိမယာမ်၊ ပထမယာမ် (ပုရိမယာမ်) ဆိုတာ ၁၀-နာရီလောက် အထိပေါ့၊ အဲဒီမှာလည်းပဲ စင်္ကြံသွားလိုက် ထိုင်လိုက်၊ စင်္ကြံသွားလိုက် ထိုင်လိုက်နဲ့ စိတ်ထဲမှာ အကုသိုလ်တွေ မဖြစ်အောင် ကောင်းမြတ်တဲ့အာရုံတစ်ခုပေါ်မှာ လေ့ကျင့်ပြီး သမာဓိစွမ်းအား သတိစွမ်းအား ဉာဏ်စွမ်းအားတွေနဲ့ ကိလေသာတွေဝင်လာရင် တွန်းထုတ်ဖယ်ရှား၊ အဲဒီလို ကြိုးစားတာ၊ ဒါ တရားအားထုတ်တယ်လို့ခေါ်တာ၊ မဇ္ဈိမယာမ် အလယ်ယာမ် ရောက်လာပြီ၊ ၁၀-နာရီ ကျော်လာပြီဆိုတဲ့ အချိန်မှာ ခန္ဓာကိုယ်ကို အနားယူဖို့အတွက် ၄-နာရီလောက် အိပ်စက်ပါ။ ည ၁၂-နာရီထဲက ၄-နာရီလောက် အိပ်ပါ။ (နေ့ ၁၂-နာရီ၊ ည ၁၂-နာရီ၊ ၂၄-နာရီပေါ့နော်။)

အဲဒီတော့ ည ၁၂-နာရီထဲက ရှေ့ပိုင်း ၄-နာရီ တရားအားထုတ်ပြီးတဲ့အခါ အလယ်ပိုင်း ၄-နာရီမှာ ခေတ္တခဏ အပန်းဖြေရမယ်တဲ့၊ အဲဒီလိုအပန်းဖြေတာတောင်မှပဲ **ဥဋ္ဌာနသညံ မနသိကတွာ၊** နာရီပြန် ၂-ချက်လောက်ဆို ထမယ်ဆိုတဲ့စိတ်နဲ့ အိပ်ရမယ်တဲ့၊ ကိုယ်ထမယ့် အချိန်လေးကို မှတ်သားပြီး အိပ်ရမယ်၊ ဆိုလိုတာက ၂၄-နာရီမှာ ၄-နာရီပဲ အိပ်လို့ ပြောတာနော်၊ ဒါက စာပေကလာတာ၊ ရိပ်သာတွေမှာ ဒီ စည်းမျဉ်းစည်းကမ်းဆိုတော့ တချို့က မလိုက်နိုင်ဘူး၊ Stric ဖြစ်တယ်တဲ့၊ **အတ္တကိလမထ** ဖြစ်တယ်လို့ ဒီလိုထင်ကြတယ်၊ မဟုတ်ဘူး။

မြတ်စွာဘုရားက ဒီအပြင်းအထန် အားထုတ်တယ်ဆိုတာ စိတ်ပေါ်မှာ မူတည်တာပါ၊ ကိလေသာတွေ ကိုယ့်စိတ်ထဲမှာ

https://dhammadownload.com



မဖြစ်အောင် ဟန့်တားနေတာ၊ တားဆီးနေတာ၊ ဖြစ်လာရင် တွန်းထုတ်တာ၊ အဲဒါကို **ဇာဂရိယာနုယောဂ** နိုးနိုးကြားကြား လုပ်တယ်လို့ ခေါ်တယ်၊ ၄-နာရီလောက် အိပ်စက်ပြီးတဲ့အခါ ပစ္ဆိမယာမ် နောက်ဆုံးယာမ် အပိုင်းမှာ စောစောထလို့ အရင် အတိုင်းပဲ ထိုင်လိုက် စင်္ကြံသွားလိုက်နဲ့ စိတ်ထဲမှာရှိတဲ့ ကိလေသာ တရား အကုသိုလ်တရားတွေကို တွန်းထုတ်ရမယ်၊ ဒီလိုစဉ်ဆက် မပြတ် အားထုတ်တာ **အတ္တကိလမထ**နဲ့ မဆိုင်ဘူး။

**အတ္တကိလမထ** ဆိုတာ အကျိုးမရှိဘဲနဲ့ ခန္ဓာကိုယ် အပင်ပန်းခံတာ၊ ဆောင်းရာသီမှာ ရေသွားချိုးတယ်၊ နေပူပြီဆိုတဲ့ အချိန်မှာ မီးပုံတွေအလယ်ဝင်ပြီးတော့ ထိုင်တယ်၊ အပူတိုက် တယ်၊ ခန္ဓာကိုယ်ကို ဆူးပုံပေါ်မှာ အိပ်တယ်၊ ဆောင့်ကြောင့် ထိုင်နေတယ်၊ ဟုတ်လား၊ အဲဒါမျိုးတွေက ဘာအကျိုးမှမဖြစ်ဘူး၊ စိတ်ထဲမှာရှိတဲ့ ကိလေသာတွေကိုသာ တွန်းထုတ်ရမှာ၊ စိတ်ထဲက ကိလေသာတွေကို တွန်းထုတ်ရမှာ မတွန်းဘဲနဲ့ ခန္ဓာကိုယ်ကြီး ဘယ်လောက် ခံနိုင်ရည်ရှိသလဲဆိုတာ လုပ်နေတာ၊ **အတ္တ-ကိလမထ** ဆိုတာ ခန္ဓာကိုယ်ကြီး ဘယ်လောက်ထိအောင် ခံနိုင် သလဲဆိုတာပေါ်မှာ လေ့ကျင့်နေတာ၊ အဲဒါက မှားယွင်းသော လေ့ကျင့်မှုလို့ ခေါ်တယ်၊ **"ဒုက္ခော အနရိယော အနတ္ထ-သံဟိတော"** တဲ့၊ မြတ်စွာဘုရားအလောင်းကိုယ်တိုင် ကျင့်ခဲ့တယ် လေ၊ **ဒုက္ခ** - တကယ့်ကို ဆင်းရဲတယ်၊ **အနရိယော** -အရိယာ ပုဂ္ဂိုလ်တွေက ဒါမျိုးမလုပ်ဘူးတဲ့၊ **အနတ္ထသံဟိတော** - တကယ်

https://dhammadownload.com



ကတော့ ရလဒ်ကလည်း ကောင်းကျိုးမရဘူးတဲ့၊ အဲဒီ အကျင့်မျိုး တွေကို အတ္တကိလမထလို့ ခေါ်တယ်။

မှန်ကန်တဲ့အကျင့်နဲ့ ကိလေသာတွေကို ကြိုးစားပြီးတော့ တွန်းထုတ်နေတာ၊ ဒါ မှန်ကန်တဲ့အကျင့်ပဲ၊ ကိလေသာတွေကို တွန်းထုတ်နေတယ်ဆိုတာ ဘာတွေနဲ့ တွန်းထုတ်နေတာတုန်း ဆိုတော့ သတိထားတယ်၊ သမာဓိရှိတယ်၊ ဝီရိယနဲ့ တွန်းထုတ် တယ်၊ ကောင်းတဲ့အတွေးတွေ တွေးတယ်၊ ကောင်းတဲ့အမြင်တွေ မြင်တယ်၊ ကိုယ်ကျင့်တရားတွေ ထိန်းသိမ်းစောင့်ရှောက်တယ် ဆိုတာတွေနဲ့ တွန်းထုတ်တာ။

ကိုယ့်ခန္ဓာကိုယ်မှာကြည့်၊ ဆိုပါစို့-သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတာ ကိုယ်နဲ့ နှုတ်ထဲမှာ အကုသိုလ်မဖြစ်အောင်၊ ဖြစ်လာတဲ့ အကုသိုလ်တွေကို တွန်းထုတ်ဖို့လေ့ကျင့်တာ၊ စိတ်ထဲ ဖြစ်လာတာတွေမဖြစ်အောင်ကျတော့ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ သမ္မာသင်္ကပ္ပ သမ္မာဒိဋ္ဌိတို့နဲ့ တွန်းထုတ်တာ၊ အဲဒီတော့ ကိုယ်နှုတ်စိတ်ဆိုတဲ့ ဒီသုံးမျိုးထဲမှာ ကိုယ်နဲ့နှုတ်ကို အရင်ပြင်ဆင်ပြီးတဲ့အခါ တရားအားထုတ်တယ်ဆိုတာ စိတ် ထဲမှာ ဖြစ်ပေါ်လာမယ့်အရာတွေကို တွန်းထုတ်တာ၊ သန့်ရှင်း အောင် လုပ်တာ၊ ဖြူစင်အောင် လုပ်တာ၊ ဒါကို ဆိုလိုတာပဲ၊ အဲဒါမှမဟုတ်ဘူး၊ ကမ္မဋ္ဌာန်းတော့ ထိုင်တယ်၊ ဒါပေမယ့် တွေးချင် ရာတွေ တွေးနေတယ်နော်။

တချို့ရှိသေးတယ်လေ၊ Meditation movie ဆိုတာ ရှိသေး တယ်၊ ကမ္မဋ္ဌာန်းထိုင်ရင်းကနေပြီး သမာဓိလေးရလာတဲ့အခါကျ

https://dhammadownload.com



တော့ ဟိုဟာလေးကြည့်၊ ဒါလေးကြည့်နေ၊ ဟိုဟာလေးမြင်၊ ဒါလေးမြင်တာနဲ့ အတိတ်ဘဝက ဘာဖြစ်တယ်လို့မြင်၊ အနာဂတ်မှာ ဘာဖြစ်တယ်လို့ မြင်တယ်၊ ဗေဒင်ဟောစားဖို့ ကောင်းတယ်ပေါ့။ ကမ္မဋ္ဌာန်းအားထုတ်ရင် သမာဓိရလာပြီ ဆိုလို့ရှိရင် မြင်တတ်တယ်၊ ဟိုဟာမြင် ဒီဟာမြင် အဲဒီမြင်တာလေးကို သဘောကျပြီး တော့နေလို့ရှိရင် ဒါ Meditation movie ကြည့်နေတာ၊ ကိုရီးယားဇာတ်ကားထက်ကောင်းတယ်၊ တော်ကြာကျရင် Meditation movie ကိုယ်စိတ်ကူးတာတွေ အကုန်ဖြစ်နေတယ်၊ အဲဒါမျိုးတွေကို အကုန်ဖယ်ရှားပစ်ဖို့ လိုအပ်တယ်တဲ့၊ အဲဒါမျိုးတွေကလည်း ပေါ်လာတတ်တယ်ပေါ့။

အဲဒီတော့ အာတာပီဆိုတာ မြတ်စွာဘုရားကနေ အခုမောဃရာဇကို ပြောပြီ၊ **"တေနဟာ' တပ္ပံ ကာရေဟိ"** - "မင်းအဲဒါဆိုရင် ကြိုးစားအားထုတ်ရလိမ့်မယ်"တဲ့၊ **"ဣဓေဝ နိပကော သတော"** တဲ့၊ "ကြိုးစားအားထုတ်ပြီဆိုရင် ဘာလိုလဲလို့ဆိုရင် **နိပက** ဆင်ခြင်ဉာဏ်ရှိဖို့ ရင့်ကျက်တဲ့အသိဉာဏ်ရှိဖို့ လိုအပ်တယ်"၊ ဆိုလိုတာက **အာတပ္ပံ ကာရေဟိ** ဆိုတာ သမ္မာဝါယာမကို ဟောတာ၊ မင်းမကြိုးစားဘဲ ဘာမှမရဘူး၊ ကြိုးစားရမယ်၊ **နိပကော**ဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပကို ပြောတာလေ၊ မဂ္ဂင် ၈-ပါးလေ၊ **နိပက** ဆိုတာ ရင့်ကျက်တဲ့ပညာ၊ ရင့်ကျက်တဲ့ပညာဆိုတာ အရာရာကို ဆင်ခြင်နိုင်တယ်၊ စဉ်းစားတတ်တယ်၊ စိတ်အခြေအနေတွေကို အကဲခတ်နိုင်တယ်၊ သိနိုင်တယ်၊ ငါ့စိတ်ဟာလေလွင့်နေတာလား၊ တည်ကြည်နေတာလား၊ ငါ့စိတ်ဟာ

https://dhammadownload.com



လျော့ကျနေတာလား၊ တင်းလွန်းနေတာလား၊ ဟော- **နိပက** ဆိုတာရှိဖို့ပဲ၊ တရားအားထုတ်ပြီဆိုလို့ရှိရင် သိပ်အရေးကြီးတာ၊ အဲဒါက Balance ဖြစ်အောင် ချိန်တတ်တဲ့အသိဉာဏ်။

ဒါကြောင့်မို့ **သတိသမ္ဗောဇ္ဈင်** ဆိုတာပြောတာ၊ **သမ္ဗောဇ္ဈင်** ဆိုတာ အရာရာမှာ ဆင်ခြင်တုံတရားပေါ့၊ ကြည့်လေ- ဗောဇ္ဈင် ၇-ပါး ပွားတယ်ဆိုတဲ့နေရာမှာ ဗောဇ္ဈင် ၇-ပါးမှာ မြတ်စွာဘုရားက သတိသမ္ဗောဇ္ဈင်ကိုထိပ်ကနေထားလိုက်တယ်၊ ဗောဇ္ဈင် ၇-ပါး ပွားပြီဆိုလို့ရှိရင် စောင့်ကြည့်မယ့် သတိတရားဟာ အရေးကြီးတယ်၊ သတိက စောင့်ကြည့်နေတာ၊ လွန်ရင်လွန်တယ်၊ လျော့ရင်လျော့တယ်၊ သတိက စောင့်ကြည့်နေတာ၊ ပန်းထိမ်ဆရာလိုပဲ၊ ရွှေကိုမီးဖုတ်တဲ့အခါ မီးပြင်းလွန်းရင်လည်းပဲ ရွှေဟာ မာဆတ်သွားလိမ့်မယ်၊ သိပ်အေးလွန်းလို့ရှိရင်လည်းပဲ သိပ်ပျော့လွန်းသွားလိမ့်မယ်၊ ချေးထုတ်ဖို့ရာ ခက်ခဲလိမ့်မယ်၊ အဲဒီတော့ သိပ်လည်း မီးမပြင်းစေရဘူး၊ သိပ်လည်း မလျော့စေရဘူး။

ဟင်းချက်တဲ့သူကိုလည်း ဒီအတိုင်းပဲပေါ့၊ သိပ်ပြီး မီးပြင်းသွားရင်လည်း ကျွမ်းကုန်မှာပေါ့၊ အဲဒါကို စောင့်ကြည့်ရတာပဲ၊ တော်သင့်တယ် မတော်သင့်ဘူး၊ အကြော်အလှော်လုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ အမြဲတမ်းစောင့်ကြည့်ရသလိုပဲ ဗောဇ္ဈင် ၇-ပါး ပွားတဲ့အခါမှာလည်းပဲ ကိုယ့်စိတ်ရဲ့အခြေအနေကို အမြဲတမ်း အကဲခတ်ရမယ်၊ စိတ်ဓာတ်ဟာ ကျနေတာလား (သို့မဟုတ်) စိတ်အားတွေ သိပ်တက်လွန်းနေတာလား။

https://dhammadownload.com



ကျန်တဲ့ ဗောဇ္ဈင် ၆-ပါးကို ၂-စု ခွဲလိုက်ရင် ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိဆိုတာ စိတ်လှုပ်ရှားမှုနဲ့ပတ်သက်တဲ့ ဗောဇ္ဈင် ၃-ပါး၊ ဓမ္မဝိစယ ဆိုတာ Investigation of Dhamma သူက ဆင်ခြင်စူးစမ်းနေတာဆိုတော့ လှုပ်ရှားမှုရှိတယ်၊ ဝီရိယဆိုတာကလည်း ကြိုးပမ်းအားထုတ်နေတာဆိုတော့ လှုပ်ရှားမှုရှိတယ်၊ ပီတိဆိုတာလည်း လှိုက်လှိုက်လှဲလှဲ ဖြစ်နေတာဆိုတော့ ကြိုးပမ်းချက် ရှိနေတယ်, လှုပ်ရှားမှု ရှိနေတယ်၊ အဲဒီဗောဇ္ဈင် ၃-မျိုးဟာ စိတ်ဓာတ်ကျနေတဲ့အခါမှာသာ ပွားရမယ်၊ စိတ်တွေ သိပ်တင်းနေတဲ့အခါ သူ့ကိုသွားတင်လိုက်ရင် အဲဒါ ပေါက်ကွဲသွားနိုင်တာပေါ့၊ အဲဒါကို ဘယ်သူက ထိန်းပေးနေတာလဲဆို သတိသမ္ဗောဇ္ဈင်ကနေ ထိန်းပေးနေရတယ်။

မြန်မာပြည်ကလူတွေ ပိုသဘောပေါက်ပါတယ်၊ လျှပ်စစ်မီး အတက်အကျမှာ ထိန်းပေးနေရတယ်မို့လား၊ မီးအားလျော့သွားရင် မြှင့်ပေးရတယ်၊ မီးအားနိမ့်သွားရင် တင်ပေးရတယ်၊ အဲဒီအတိုင်းသာ မှတ်ပေတော့။

အဲဒီတော့ တရားအားထုတ်ဖို့ စိတ်အားတွေ သိပ်ကျသွားပြီဆိုလို့ရှိရင် ဒီဗောဇ္ဈင် ၃-ပါးကို ပွားပေးရတယ်၊ **ဓမ္မဝိစယ ဝီရိယ ပီတိ** ဆိုတာတွေနဲ့ စိတ်အားကို ပြန်တက်အောင်လုပ်ရမယ်၊ အေးစိတ်အားကျနေတာကို ဒီ ၃-မျိုးမပွားဘဲနဲ့ **ပဿဒ္ဓိ သမာဓိ ဥပေက္ခာ**၊ ပဿဒ္ဓိဆိုတာ ငြိမ်းအေးငြိမ်သက်သွားတာ၊ သမာဓိဆိုတာ တည်ငြိမ်သွားတာ၊ ဥပေက္ခာ ဆိုတာကလည်းပဲ Balance ဖြစ်နေတာ၊ ဟော- အဲဒါတွေ ထပ်ပိုးလိုက်လို့ရှိရင် စိတ်က

https://dhammadownload.com



ကျသည်ထက်ကျမှာ၊ ဒါကြောင့် စိတ်ဓာတ်ကျနေတဲ့အခါ ဆိုလို့ ရှိရင် ဓမ္မဝိစယ ဝီရိယ ပီတိ၊ ဒီ ၃-မျိုးကို ပွားပေးရမယ်၊ စိတ်ဓာတ် သိပ်တက်လွန်းနေရင် လျှော့ချလိုက်တဲ့၊ ဘာနဲ့လျှော့ချမလဲ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဆိုတာ ဒီ၃-မျိုးကို မြှင့်တင်ပြီးတော့ လျှော့ချပေးရမယ်တဲ့။

ဗောဇ္ဈင်ပွား ဗောဇ္ဈင်ပွားလို့ ဆိုပေမယ့်လို့ အချိန်တိုင်း ပွားရတာ မဟုတ်ဘူး၊ **နိပက** လို့ဆိုတဲ့ အသိဉာဏ်က ရှိဖို့ လိုအပ်သေးတယ်တဲ့၊ ဒီဆင်ခြင်တုံတရားဆိုတာ အင်မတန်မှ အရေးကြီးတယ်၊ ဒါကြောင့် “**ဣဓေဝ နိပကော** မင်း ဒီဘ၀မှာ (သို့မဟုတ်) ဒီသာသနာက ညွှန်ပြတဲ့ နည်းစနစ်အတိုင်းတဲ့၊ **နိပက** -အသိဉာဏ် ရင့်ကျက်သူဖြစ်ရမယ်၊ **သတော** -သတိထား ရမယ်တဲ့၊ ဘယ်ပေါ်မှာ သတိထားရမလဲ ဆိုလို့ရှိရင် ကာယ ဝေဒနာ စိတ္တ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်အာရုံ ၄-မျိုးပေါ်မှာ သတိ ထားရမယ်တဲ့၊

ကမ္မဋ္ဌာန်း အာရုံဟာ ဘယ်သူက ဘာပေးပေးနေ၊ ထွက်လေဝင်လေ ရှူခိုင်းတာပဲမှတ်မှတ်၊ ဗိုက်မှတ်မှတ်၊ ဘယ်မှတ် မှတ်၊ ငယ်ထိပ်မှတ်မှတ်၊ ခန္ဓာကိုယ်တစ်နေရာရာ မှတ်တယ် ဆိုတာ ကာယာနုပဿနာပဲပေါ့။ တချို့ကလည်း အငြင်းသန်တဲ့ ဝါသနာ ရှိတယ်။ သူ့ဟာမှ မှန်တယ်၊ ငါ့ဟာမှ မှန်တယ်၊ ဘာကိစ္စ ငြင်းနေမလဲ၊ လောဘ ဒေါသ နည်းသွားသလား၊ မနည်းဘူးလား၊ ဒါ ဓမ္မမှတ်ကျောက်ပဲ၊ ကိုယ်လုပ်လို့ သမာဓိတွေ ရလာပြီဆိုရင် မှန်တယ်၊ အကုသိုလ်တွေလျော့သွားတယ်၊ ကုသိုလ်တွေ တက်

https://dhammadownload.com



လာတယ်၊ မှန်တယ်။ ကာယဆိုတာ မြတ်စွာဘုရားက ကာယာနုပဿနာ တိုက်ရိုက်ဟောထားတာရှိတယ်၊ ထွက်လေ ဝင်လေ မှတ်ဖို့တို့၊ ခြတ်ကြီးလေးပါးမှတ်ဖို့တို့၊ ဒါက တိုက်ရိုက် ဟောထားတာ၊ တိုက်ရိုက်မဟောတဲ့အထဲမှာလည်းပဲ ဘယ်ဟာပဲ မှတ်မှတ် ပေါ့။

ကာယအပေါ်မှတ်ဖို့က ဘာနဲ့မှတ်ရမလဲဆိုရင် **"အာတာပီ သမ္ပဇာနော သတိမာ"**တဲ့၊ **အာတာပီ** - ကိုယ်လုပ်ပြီဆိုတဲ့ အာရုံပေါ်မှာ ကြိုးစားမှုရှိရမယ်၊ **သမ္ပဇာန** -အကဲခတ်တတ်ရမယ်၊ **သတိမာ** -သတိထားတတ်ရမယ်၊ အဲဒီလို မှတ်နေတဲ့အချိန်မှာ မဖြစ်စေရမယ့် အရာတွေ ရှိသေးတယ်၊ ဘာတွေလဲ၊ **"ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ"**၊ ဒီအာရုံပေါ်မှာ လောဘ မဖြစ်စေနဲ့၊ ဒေါသ မဖြစ်စေနဲ့၊ ဒေါသဖြစ်ရင် ဒေါမနဿဆိုတာ လာလိမ့်မယ်၊ ဆိုလိုတာက နီဝရဏတရားတွေ မဖြစ်စေနဲ့လို့ ပြောတာ၊ တရားအားထုတ်နေတဲ့အချိန်မှာ တဏှာနဲ့ သဘောကျနေလို့ရှိရင် အဘိဇ္ဈာ ဖြစ်တာပေါ့။

အဘိဇ္ဈာဆိုတာ ဒီနေရာမှာ မနောဒုစရိုက်မှာပါတဲ့ အဘိဇ္ဈာ မဟုတ်ဘူး၊ မနောဒုစရိုက်မှာပါတဲ့ အဘိဇ္ဈာကို covetousness လို့ပြန်ပေမယ့်လို့ ဒီနေရာမှာတော့ covetousness မဟုတ်ဘူး၊ သူများပစ္စည်း သူများစည်းစိမ်ကို ကိုယ့်စည်းစိမ် ဖြစ်ချင်မှုဆိုတဲ့ လောဘကို အဘိဇ္ဈာလို့ခေါ်တာ၊ တရားအားထုတ်နေတဲ့အချိန် အဘိဇ္ဈာဆိုတာ အာရုံသို့ ရှေးရှုကာ လောဘနဲ့ တွေးနေတာ၊ ဒီလိုဆိုလိုတယ်။ သဘောကျလို့ရှိရင်

https://dhammadownload.com



ကိုယ်ကြိုက်တဲ့ အာရုံလေး၊ ခုနက meditation movie လေး ကြည့်နေရင် သဘောကျတယ်လေ၊ အဲဒါ အဘိဇ္ဈာ ဖြစ်နေတာပဲ၊ အဲဒါ ကမ္မဋ္ဌာန်းမဟုတ်တော့ဘူး၊ လမ်းကြောင်းလွဲသွားပြီ။

နှစ်သက်စရာ အာရုံလေး တွေ့လို့ရှိရင် အဲဒီနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားလို့ရှိရင် **"ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ"** ကိုယ့်အာရုံပေါ်မှာ ဖြစ်လာတဲ့ လောဘနဲ့ ဒေါမနဿကို ပယ်ပါလို့ ဘုရားက ပြောထားရဲ့သားနဲ့ ကိုယ်က မပယ်ဘဲ အဲဒီနောက်လိုက်သွားရာရောက်တာပေါ့။ အဘိဇ္ဈာ ဆိုတဲ့ လောဘဖြစ်တယ်။ သဘောကျရင် လောဘ၊ ကိုယ်သဘောကျနေတုန်းပျောက်သွားလို့ရှိရင် ဒေါသ။ လောဘ လာရင် ဒေါသလာမှာပဲ။ ဒါကြောင့်မို့ အဲဒီခေါင်းဆောင်နှစ်ခုကိုပဲ မြတ်စွာဘုရားက **ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ၊** လောဘနဲ့ ဒေါမနဿကို ဖယ်ရှားဖို့ နီဝရဏတရားတွေထဲက ဒါကို အဓိကထားဟောတာ။ (ဒေါသနဲ့ ဒေါမနဿက အမြဲ တွဲနေတာ။)

အဲဒါ သတိပဋ္ဌာန်လို့ ဆိုပေမယ့် **သတိ**တင်မဟုတ်ဘူး၊ အဲဒီထဲမှာ တိုက်ရိုက်မဟောတာ ဘာတုန်းဆိုရင် သမ္မာဒိဋ္ဌိရယ်၊ သမ္မာသင်္ကပ္ပရယ်၊ အဲဒါကျတော့ ဘာနဲ့ဟောလိုက်တာလဲဆိုရင် **အနုပဿီ** ဆိုတဲ့ စကားထဲမှာပါတယ်၊ ရှုမှတ်နေတယ်ဆိုတာ ဘာနဲ့ရှုမှတ်တာတုန်းဆိုရင် ခုနက သမ္မာသင်္ကပ္ပရယ်၊ သမ္မာဒိဋ္ဌိ ရယ်၊ ဒါနဲ့ရှုမှတ်တာ။ ပေါင်းလိုက်တဲ့အခါကျ မဂ္ဂင် ၈-ပါးပဲလေ၊ တရားအားထုတ်နေတယ်ဆိုတာ မဂ္ဂင် ၈-ပါး ဖြစ်နေတာကို

https://dhammadownload.com



ပြောတာပဲ။ အဲဒါကြောင့်မို့ **အာတာပီ သမ္ပဇာနော သတိမာ**၊ ဒီတရား ၃-ခုဟာ အင်မတန်မှ အရေးကြီးတယ်၊ အခု ဒီမှာ **ဓောတက** ကို မြတ်စွာဘုရား ဟောနေတာ **"ဣဓေဝ နိပကော သတော"** တဲ့၊ မင်းအသိဉာဏ်ရှိရလိမ့်မယ်၊ သတိထားတတ်ရလိမ့်မယ်၊ အားထုတ်ပြီဆိုရင် အဲဒါလိုအပ်လာတယ်။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဖွင့်ဆိုတဲ့အခါ ရှင်မဟာဗုဒ္ဓဃောသက မြတ်စွာဘုရား ဟောထားတဲ့ **ဇဋာသုတ်** ကို ယူပြီးတော့ ဖွင့်တယ်၊ "လောကမှာ အရှုပ်အထွေးကို ဘယ်သူရှင်းမလဲ" ဆိုတဲ့နေရာမှာ (ဘုန်းကြီးတို့တတွေဟာ အရှုပ်အထွေးထဲမှာ နေနေကြတာနော်၊ တဏှာဆိုတဲ့ အရှုပ်အထွေးကြားမှာ နေနေကြတာ) ရှင်းနိုင်တဲ့ပုဂ္ဂိုလ်ရဲ့ စွမ်းရည်သတ္တိတွေကို ပြောတာ၊ ဘယ်လိုရှင်းရမယ်ဆိုတဲ့ နည်းစနစ်တွေကို ပေးတဲ့အခါမှာ -

**"သီလေ ပတိဋ္ဌာယ နရော သပညော၊**
**စိတ္တံ ပညဉ္စ ဘာဝယံ။**
**အာတာပီ နိပကော ဘိက္ခု၊**
**သော ဣမံ ဝိဇဋယေ ဇဋံ။"**

ဆိုတဲ့ ဂါထာလေးတစ်ပုဒ်ကို ဝိသုဒ္ဓိမဂ်ကျမ်းကြီးဖြစ်အောင် ဖွင့်လိုက်တာ၊ အရှုပ်ကိုရှင်းမယ် ဆိုလို့ရှိရင် သီလပါရမယ်လို့ ပြောတယ်၊ ဒါ သီလပါရမယ်ဆိုလို့ရှိရင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝက သီလပဲပေါ့။ **သီလေ ပတိဋ္ဌာယ** - သီလပေါ်မှာ ရပ်တည်ပါတဲ့နော်၊ **သပညော** စဉ်းစားဉာဏ်ရှိဖို့တော့ လိုအပ်တယ်တဲ့၊ ပညာရှိမှ အလုပ်တစ်ခုဟာ အောင်မြင်နိုင်မယ်ပေါ့။

https://dhammadownload.com



**သပညော** အဲဒီမှာ စဉ်းစားဉာဏ်ရှိပြီးတော့ ဘာကို တိုးပွါးအောင် တိုးမြှင့်ပေးရမလဲဆို **“စိတ္တံ ပညဉ္စ ဘာဝယံ”၊ စိတ္တံ** ဆိုတာ ဒီနေရာမှာ သမာဓိကို ရည်ညွှန်းတာ၊ သမာဓိစိတ်ကလေး ကို တိုးတက်အောင်လုပ်၊ ပညာကို တိုးတက်အောင်လုပ်၊ ခုနက ပညာဆိုတာ အခြေခံပညာ စဉ်းစားဉာဏ်ကိုခေါ်တာ၊ အခုပြောတဲ့ ပညာကျတော့ ဝိပဿနာပညာကို ပြောတာ၊ အဲဒီတော့ ကိုယ်က ကြိုးထွားလာအောင်လုပ်ရမှာက သမာဓိနဲ့ ပညာပဲ။

အဲဒီလိုလုပ်ရင်ဘာတွေလိုအပ်မလဲဆို **အာတာပီ** ဒါလည်း လိုအပ်တယ်၊ **နိပကော** ရင့်ကျက်တဲ့ တဖြည်းဖြည်း ရင့်လာတဲ့ ပညာမျိုးလည်းရှိဖို့လိုအပ်တယ်၊ ဟော- အလုပ်လုပ်ရမယ့် ကိစ္စတွေကို ဟောတာ၊ အဲဒီကဟာလည်း မဂ္ဂင်ရှစ်ပါးပဲ၊ အတူတူပဲ၊ အခု ခေါတကကို ဟောနေတာနဲ့ တစ်ထပ်တည်းပဲ၊ ဒါကို **ဣမေဝ နိပကော သတော**။

ဒီသာသနာတော်မှာ ဒီသာသနာတော်ရဲ့ အဆုံးအမအတိုင်း **နိပက-** ရင့်ကျက်တဲ့ပညာရှိဖို့လိုတယ်၊ **သတော-** အာရုံပေါ်မှာ အာရုံနဲ့စိတ် ကပ်နေမိဖို့ သတိရှိနေဖို့ လိုအပ်တယ်၊ **“ဣတော သုတွာန နိဗ္ဗောသံ, သိက္ခေ နိဗ္ဗာန မတ္တနော”** ငါဘုရားဆီက မှတ်သားပြီးတဲ့နောက်မှာ ကိုယ့်ရဲ့သန္တာန်မှာရှိတဲ့ ရာဂဆိုတဲ့အပူတွေ၊ ဒေါသဆိုတဲ့ အပူတွေ၊ မာန်မာနဆိုတဲ့ အပူတွေ ငြိမ်းဖို့ရာအတွက် ကြိုးစားအားထုတ်ရမယ်လို့ လမ်းညွှန်ချက်ပေးတာပေါ့နော်။

https://dhammadownload.com



## နံပါတ် (၂) မေးခွန်း

အဲဒီမှာ မောဃကထပ်ပြီးတော့မေးတယ်၊ **"ပဿာမဟံ ဒေဝမနုဿလောကေ"** လောကကြီးမှာ လူ့ပြည်မှာပဲဖြစ်ဖြစ်, ဟိုး ဗြဟ္မာ့ပြည်မှာပဲဖြစ်ဖြစ် မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေ ကြောင့်ကြမဲ့ နေနိုင်ကြတယ်။ ရာဂဆိုတဲ့ ကြောင့်ကြမှု၊ ဒေါသ ဆိုတဲ့ ကြောင့်ကြမှု၊ မောဟ မာန်မာနဆိုတဲ့ ကြောင့်ကြမှုတွေ ဘာမှ မရှိဘူး၊ အဲဒီလိုမရှိဘဲ တကယ့်ကို သူတော်စင်စိတ်ဓာတ်နဲ့နေတဲ့ ပုဂ္ဂိုလ်မျိုးတွေကို သူတွေ့ရပါတယ်တဲ့၊ **"တံ တံ နမဿာမိ"** အဲဒီ ပုဂ္ဂိုလ်တွေကို သူလေးစားပါတယ်၊ ရှိခိုးပါတယ်။

**သမန္တစက္ခု** ဆိုတာ အရာခပ်သိမ်းကို အားလုံးမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်ကို ရည်ညွှန်းပြီးတော့ပြောတာ၊ အရာခပ်သိမ်းကို မြင်နိုင်တဲ့ အရှင်ဘုရားအနေနဲ့ **"ပမုဉ္စ မံ သက္က ကထံကထာဟိ"** တပည့်တော် သံသယရှိနေတာတွေကို အရှင်ဘုရား ပျောက်အောင် လုပ်ပေးပါ၊ ဘယ်လိုကျင့်တာလဲ၊ ဘာကြောင့် ဒီအဆင့် ရောက်သွားတာလဲဆိုတဲ့ တပည့်တော်ရဲ့ သံသယတွေကို အရှင် ဘုရား ပျောက်အောင်လုပ်ပေးပါတဲ့။

မြတ်စွာဘုရား မိန့်ကြားလိုက်တဲ့ စကားဟာ အင်မတန် မှတ်သားစရာကောင်းတယ်။

**"နာဟံ သဟိဿာမိ ပမောစနာယ,**
**ကထံကထိံ မောဃက ကဉ္စိ လောကေ"**

https://dhammadownload.com



"လောကမှာ သံသယရှိနေတဲ့ ပုဂ္ဂိုလ်တွေ၊ သံသယရှိမြဲ ရှိနေတဲ့ ပုဂ္ဂိုလ်တွေကို အဲဒီ သံသယကင်းအောင် ငါ ဘာမှ လုပ်မပေးနိုင်ဘူး"တဲ့နော်၊ ကယ်တင်တဲ့ဘုရား မဟုတ်ဘူးလို့ ပြောတာနော်၊ လမ်းကြောင်းပဲ ပေးနိုင်တယ်၊ ကိုယ့်ဟာကိုယ် သံသယကင်းအောင် ကိုယ့်ဘာသာကိုယ်ပဲလုပ်ရမယ်၊ ကိုယ့် ဘာသာကိုယ်ပဲ ကျင့်ရမယ်၊ မြတ်စွာဘုရားက လမ်းပဲခင်းပြတယ်၊ လုပ်တာ ကိုယ့်ဘာသာ လုပ်ရမယ်၊ အဲဒီအဓိပ္ပါယ်ကိုပြောတာ၊ သံသယကင်းအောင် ငါ့အနေနဲ့ မင်းကို မ,မစနိုင်ဘူးတဲ့၊ သံသယ ကင်းအောင် မ,မနိုင်ဘူး၊ ဒါ သိပ်အဓိပ္ပါယ်ရှိတယ်။

ဘုန်းကြီးတို့တတွေဟာ ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်ရမှာပဲ၊ မြတ်စွာဘုရားက လမ်းပြတဲ့ပုဂ္ဂိုလ်ပဲဖြစ်တယ်၊ တခြား သုတ္တန် တွေမှာလည်း ဘုရားက အတိအလင်း ဟောထားတယ်၊ **"တုမှေဟိ ကိစ္စံ အာတပ္ပံ** - မင်းတို့ပဲ ကြိုးစားရမှာ" တဲ့၊ **"အက္ခာတာရော တထာဂတာ-** ဘုရားဆိုတာ ဟောရုံ ဟောပေး တာ"တဲ့။ အေး- ဒီလမ်းကသွားလို့ လမ်းမှန်ကိုတော့ ပြပေးတယ်။ သို့သော် မသွားဘူး အိပ်နေမယ် သို့မဟုတ် နောက်ကြောင်း ပြန်လှည့်သွားနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မရောက်ဘူး။

ပုဏ္ဏားကြီးတစ်ယောက်က တစ်ခါ မေးဖူးတယ်၊ "အရှင် ဘုရား၊ အရှင်ဘုရားဟောထားတဲ့ ပန်းတိုင် နိဗ္ဗာန် ဆိုတာ လည်းရှိတယ်၊ နိဗ္ဗာန်ရောက်ကြောင်းလမ်း မဂ္ဂင် ၈-ပါးလည်း အရှင်ဘုရားပြထားတယ်၊ အဲဒီတော့ နိဗ္ဗာန်လည်းရှိတယ်၊

https://dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်းတရားလည်းရှိတယ်၊ နိဗ္ဗာန်ကို လမ်းညွှန်ပေးမယ့် အရှင်ဘုရားလည်းရှိတယ်ဆိုတော့ အကုန်လုံး နိဗ္ဗာန်ရောက်ကြလား" တဲ့ "ဟ-ဘယ်ရောက်မလဲ၊ ငါ ဥပမာတစ်ခု ပြောပြမယ်၊ မင်းဟာ ရာဇဂြိုဟ်ပြည်သွားတဲ့လမ်း မင်း ကောင်းကောင်း သိတယ်ပေါ့၊ တစ်ယောက်ယောက်က လာမေးရင် ရာဇဂြိုဟ်ပြည်သွားတဲ့လမ်းကိုပြပါလို့ဆိုရင် ရာဇဂြိုဟ်ပြည်ကြီးလည်း ရှိတယ်၊ သွားတဲ့လမ်းကြီးလည်း ရှိတယ်၊ ညွှန်ပြမယ့်လူ မင်းကိုယ်တိုင်လည်း ရှိတယ်၊ သို့သော် အဲဒီလမ်းကြောင်းကို မလျှောက်ဘဲနဲ့ နောက်ကြောင်းပြန်လာလို့ မရောက်ရင် ဘယ်သူ့အပြစ်လဲ၊ မင်းအပြစ်လား" ဆိုတော့ "ဘယ်ဟုတ်မလဲဘုရား၊ တပည့်တော်က ညွှန်ရုံညွှန်တာပဲ၊ တပည့်တော်အပြစ် မဟုတ်ဘူး" တဲ့၊ "အေး အဲဒါလိုပေါ့" တဲ့၊ "နိဗ္ဗာန်ကိုလည်း ဟောတယ်၊ လမ်းကိုလည်း ပြောလိုက်တယ်၊ ဒါပေမယ့် အဲဒီလူက မကျင့်ဘူးဆိုရင် ဘယ်ရောက်မလဲ" တဲ့။

မြတ်စွာဘုရားက တကယ့်ကို လက်တွေ့ကျတယ်၊ လက်တွေ့သမားပဲပေါ့၊ practical ကျတယ်ပေါ့၊ ဒါ လောကသဘာဝကို အင်မတန်မှ ထင်ထင်ရှားရှား ဖေါ်ပြတယ်၊ အေး-မြတ်စွာဘုရားက သံသယရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ငါဘာမှလုပ်မပေးနိုင်ဘူးတဲ့၊ အဲဒါဘာပြောတာတုန်းဆို မ,မစနိုင်ဘူးတဲ့။

လောကမှာ မ,စတဲ့ဘုရားတွေ အများကြီးရှိတယ်လေ၊ ငါဘုရားကိုယ်တော်မြတ်က မင်းကို ခွင့်လွှတ်တယ်၊ အပြစ်အားလုံး

https://dhammadownload.com



က ခွင့်လွှတ်စေဆိုရင် အပြစ်တွေအားလုံးက လွတ်သွားတယ် တဲ့၊ လုပ်ထားတဲ့ အပြစ်တွေ အဲဒီလိုလွတ်မယ်ဆိုရင်တော့ သိပ် ကိုးကွယ်ထိုက်တဲ့ဘုရားပဲ၊ ကိုယ်လုပ်ချင်တာလုပ်၊ လုပ်ပြီးတဲ့အခါ အဖဘုရား ခွင့်ပြုတော်မူပါ၊ အပြစ်ခပ်သိမ်းကို ခံတော်မူပါလို့ ဆိုရင် ပြီးတာပဲ၊ အဲဒါမျိုး ရနိုင်ပါ့မလား၊ လောက လက်တွေ့ အားဖြင့်ကို မရနိုင်ပေမယ့်လို့ ရတယ်လို့ ထင်နေကြတဲ့သူဟာ ကမ္ဘာမှာ လူဦးရေတော်တော်များတယ်၊ အတော့်ကိုများတယ်။

အဲဒီတော့ လူတွေဟာ အသိဉာဏ်ထက်သလား၊ အသိ ဉာဏ် တုံးသလားလို့၊ လက်တွေ့မဟုတ်တာတွေကို လက်ခံနိုင် တယ် ဆိုကတည်းကိုက စဉ်းစားဉာဏ်က အလွန်အားပျော့နေ သေးတယ်လို့ ပြောရမှာပဲ။

တစ်ချို့က ပြောကောင်းပြောလိမ့်မယ်၊ ဘာမှ လုပ်မပေး နိုင်တဲ့ဘုရား ကိုးကွယ်နေလို့ ဘာအကျိုးရှိမှာတုန်းဆိုရင် ဘာမှ လုပ်မပေးနိုင်တဲ့ဘုရား၊ ဒါ ဟုတ်တယ်၊ အကုန်လုံး လုပ်ပေး နိုင်တဲ့ဘုရားကော တကယ်ရှိလားလို့ဆိုရင် ဘယ်လိုလုပ်ပြော မလဲ၊ လောကလူတွေဟာ အကုန်လုံး လုပ်ပေးနိုင်တာတွေ ရှိနေတယ်ဆိုရင် ဘာမှလုပ်စရာတောင် မလိုဘူးလေ၊ အားလုံး ဟာ အတူတူပဲ ဖြစ်မှာပေါ့၊ အခု အဲဒီလိုမှ တူမလာဘူးဆိုရင် ယုံကြည်ချက်အနေနဲ့သာ ရှိကောင်းရှိမယ်၊ အားလုံးကို မ,စနိုင်တဲ့ ဘုရားဆိုတာ အတွေးထဲမှာသာရှိတာ။

တစ်ချို့ကလည်း အဲဒီလိုတွေးတယ်၊ လုပ်ပေးနိုင်တဲ့ ဘုရား ပဲ ကိုးကွယ်ချင်တယ်၊ သာမန်ကိစ္စတွေတော့ လုပ်ပေးနိုင်တာ

https://dhammadownload.com



ရှိကောင်း ရှိလိမ့်မယ်ပေါ့၊ သံသရာဝဋ်က လွတ်ဖို့ဆိုတာ လုပ်ပေးနိုင်ပါ့မလားတဲ့၊ အိုခြင်း နာခြင်း သေခြင်းဆိုတာတွေက လွတ်ဖို့ဆိုတာ ဘယ်လိုမှ လုပ်မပေးနိုင်ဘူး၊ ကိုယ့်ဘာသာကိုယ် လုပ်ရမယ့် ကိစ္စတွေတဲ့။

ဒါကြောင့် မြတ်စွာဘုရားက တိတိလင်းလင်း ပြောလိုက်တယ်၊ **"နာဟံ သဟိဿာမိ၊ ပမောစနာယ-** အဲဒီသံသယတွေက လွတ်အောင် ငါ မတတ်နိုင်ဘူးတဲ့၊ **"ကထံကထိံ ဓောတက ကဉ္စိ လောကေ၊ ဓောတက ရေ -** ဘယ်လောကမှာပဲဖြစ်ဖြစ် သံသယရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို သံသယကလွတ်အောင် ငါ လုပ်မပေးနိုင်ဘူး၊ ကိုယ့်ဘာကိုယ် လုပ်ရလိမ့်မယ်တဲ့၊ ကိုယ့်ဘာသာကိုယ် ကျင့်ရလိမ့်မယ်၊ ဒါဟုတ်တယ်။

မြတ်စွာဘုရားက ဓမ္မပဒမှာ ဟောထားတာရှိတယ်၊

**"အတ္တနာဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ"**

ကိုယ်မဟုတ်တာလုပ်ရင် ကိုယ်ပဲညစ်ပတ်မှာပဲ၊

**"အတ္တနာ အကတံ ပါပံ, အတ္တနာဝ ဝိသုဇ္ဈတိ"**

ကိုယ်ကောင်းတာလုပ်ရင် ကိုယ်ပဲစင်ကြယ်မှာပဲ၊

**သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ**- ကုသိုလ် အကုသိုလ်ဆိုတာ အသီးအသီး လုပ်တဲ့ပုဂ္ဂိုလ်နဲ့သာ ဆိုင်တယ်၊

**နာညော အညံ ဝိသောဓယေ**- ဘယ်သူကမှ ဘယ်သူ့ကို လုပ်ပေးနိုင်တာ မဟုတ်ဘူးတဲ့။

ဒါ တကယ့်သဘာဝအစစ်ပဲ၊ ကြည့်လေ လောကမှာ အမေ အဖေတွေက သားသမီးကို သိပ်ချစ်တာ၊ ပညာတတ်အောင်

https://dhammadownload.com



လုပ်ပေးနိုင်ရဲ့လား၊ ကျောင်းတော့ ထားပေးနိုင်တာပေါ့။ သူ မကြိုးစားရင် တတ်ပါ့မလား၊ ကျောင်းကောင်းကောင်း ထားပေးတာတော့ လုပ်နိုင်တယ်လေ၊ ပိုက်ဆံတွေ အကုန်အကျခံပြီးတော့ ကျောင်းကောင်းကောင်း ထားပေးမယ်၊ သူက မကြိုးစားဘူး၊ ကျောင်းလစ်နေတယ်၊ မူးယစ်ဆေးဝါးတွေ သုံးနေတယ်ဆို ဒီလူဟာ ပညာတတ် ဖြစ်ပါ့မလား၊ အမေက လုပ်မပေးနိုင်ဘူး၊ အမေလုပ်ပေးနိုင်တာက condition ပဲ၊ အခြေအနေ ဖန်တီးပေးရုံပဲ ပေးနိုင်တယ်၊ ပညာရအောင် လုပ်မပေးနိုင်ဘူး၊ ဒါသဘာဝပဲ၊ လက်တွေ့ပဲ၊ မြတ်စွာဘုရား အမိန့်ရှိတာ အဲဒါမျိုးကိုပြောတာ "လုပ်မပေးနိုင်ဘူး"တဲ့။

အဲဒီတော့ သံသရာဝဋ်က လွတ်ဖို့အတွက် နိဗ္ဗာန်ဆိုတဲ့ မြင့်မြတ်တဲ့တရားဓမ္မကို မင်းကိုယ်တိုင်သိအောင် ကြိုးစားရလိမ့်မယ်၊ အဲဒီလိုကြိုးစားမှ သံသရာဝဋ်ကလွတ်ပြီး အခက်အခဲတွေကို ကျော်လွှားနိုင်လိမ့်မယ်၊ နို့မို့ဆိုရင် အခက်အခဲတွေကို ကျော်လွှားနိုင်မှာ မဟုတ်ဘူးလို့ မြတ်စွာဘုရားက ပြောတာ၊ ကိုယ့်ဟာကိုယ်လုပ်လို့ ပြောတာ၊ သူကတောင်းဆိုလိုက်တာက သူ့ကို ကယ်တင်ပါဆိုတဲ့ ပုံစံမျိုးပြောတာ။

## နံပါတ် (၃) မေးခွန်း

အဲဒီတော့ သူက ဘာထပ်လျှောက်တုန်းဆိုရင်-

**အနုသာသ ဗြဟ္မေ ကရုဏာယမာနော,**

**ဝိဝေကဓမ္မံ ယမဟံ ဝိဇညံ။**

https://dhammadownload.com



"အရှင်ဘုရား ကရုဏာထားပြီးတော့ တပည့်တော်ကို ဆုံးမ သွန်သင်ပါ။ ဘာလုပ်သင့်တယ်ဆိုတာကို တပည့်တော်ကို ဆုံးမ သွန်သင်ပေးပါ" သံသရာဝဋ်မှလွတ်ငြိမ်းတဲ့, ရာဂတွေ လွတ်သွားတဲ့, ဒေါသတွေ လွတ်သွားတဲ့, ဆင်းရဲဒုက္ခတွေ အားလုံးက လွတ်ငြိမ်းသွားတဲ့ နိဗ္ဗာန်ဆိုတဲ့တရားသိဖို့အတွက် တပည့်တော်ကို အရှင်ဘုရား ဟောကြားပေးပါတဲ့၊

**"ယထာဟံ အာကာသောဝ အဗျာပဇ္ဇမာနော,**

**ဣဓေဝ သန္တော အသိတော စရေယျံ"။**

"ကောင်းကင်ကြီးဟာ ဘာနဲ့မှ ငြိတွယ်မှု မရှိသလို တပည့်တော်ဟာ ဒီဘဝမှာပဲ ရုပ်နာမ်တရားတွေအပေါ်မှာ လုံးဝတွယ်တာမှုမရှိအောင်, လွတ်မြောက်အောင် တပည့်တော် ကိုယ်တိုင် ကြိုးစားအားထုတ်ပါ့မယ်" တဲ့။ ဒါ လမ်းမှန်ပေါ် ရောက်လာတာပဲ။

သူကိုယ်တိုင်လုပ်ပါ့မယ်ဆိုတော့ မြတ်စွာဘုရားက ဆက်ပြီး တော့ ပြောတယ်-

**"ကိတ္တယိဿာမိ တေ သန္တိံ"**

ရာဂ ဒေါသ မောဟကို ငြိမ်းစေကြောင်း ဖြစ်တဲ့တရားကို ငါပြောမယ်တဲ့၊ အဲဒီတရားဟာ တကယ့်ကို အသိဉာဏ်နဲ့ ရှုကြည့် ရမယ်၊ အသိဉာဏ်နဲ့ပဲ မြင်နိုင်မယ့်တရား ဖြစ်တယ်။

အဲဒီတရားဟာ **အနီတိဟံ** တစ်ဆင့်ကြားလို့ ပြောတဲ့ တရား မဟုတ်ဘူး၊ အစဉ်အလာအရ ဟောတဲ့တရား မဟုတ်ဘူး၊

https://dhammadownload.com



Messenger လို့ခေါ်တဲ့ တမန်တော်ကနေတဆင့် ပြောတဲ့တရား မျိုး မဟုတ်ဘူး။

တခြားဘာသာတွေမှာဆိုရင် ဒါ တမန်တော်က ပြောသွား တာတို့, တမန်တော်က ရေးသွားတာတို့, သစ်ခေါက်ပေါ်မှာ ရေးသွားတာတို့၊ သားရေပေါ်မှာ ရေးသွားတာတို့၊ ဘယ်သူ ရေးသွားတာမှန်း မသိဘဲနဲ့ နွားကျောင်းသားက ရေးချင်ရေး သွားမှာပေ့ါ။ အဲဒီလိုဟာမျိုး မဟုတ်ဘူးတဲ့၊ နားထဲကကြားလိုက် တယ်၊ ဘုရားသခင်က ဒီလိုပြောသွားတယ်ဆိုပြီးတော့ တဆင့် ပြောတာ၊ သူသိတာမဟုတ်ဘူး၊ ဘုရားသခင်က ဟောတယ်၊ ပြောတယ်လို့ တဆင့်ပြန်ပြောတာလေ၊ မြတ်စွာဘုရားက ငါ ဟောတဲ့တရားက အဲဒါမျိုးမဟုတ်ဘူး၊ ဘယ်ကျမ်းစာထဲမှာ ပါတယ်ဆိုတာကို ဟောတာလည်း မဟုတ်ဘူးတဲ့။

**အတ္တ ပစ္စက္ခ** -ကိုယ်တိုင်သိပြီးတော့ ဟောတဲ့တရား၊ အဲဒီတရားကို သိအောင်လုပ်ပြီးတော့ ကိုယ့်သန္တာန်မှာ သတိကို ထူထောင်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင် လောကကြီးပေါ်မှာ တွယ်တာမှုတွေအားလုံးကို လွန်မြောက်ပါ လိမ့်မယ်၊ အဲဒီလို တွယ်တာမှုတွေကို လွန်မြောက်ပြီဆိုရင် မင်းရဲ့ စိတ်နှလုံးဟာ အေးချမ်းသွားလိမ့်မယ်။

ကဲ-ဒါဖြင့် ဘုန်းကြီးတို့တတွေ မအေးချမ်းတာ ဘာကြောင့် တုန်း။ တွယ်တာမှုတွေ မလွတ်နိုင်လို့ပေ့ါ၊ ဟုတ်သလား မဟုတ် ဘူးလားဆိုတာ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်၊ တစ်ခု တွယ်တာရင် တစ်ခုအတွက်ပူတယ်၊ နောက်ဆုံးမှာ ပူစရာ

https://dhammadownload.com



ဘယ်သူမှ မရှိပါဘူး လူပျိုကြီးလုပ်မယ် အပျိုကြီးလုပ်မယ်ဆိုရင် ဘယ်သူ့အတွက်ပူလဲ၊ ကိုယ့်အတွက် ပူနေတာပဲ မဟုတ်လား၊ အဲဒီတော့ ပူစရာရှားလို့ နောက်ထပ်ပူစရာ တစ်ယောက်ထပ်တိုးနဲ့ နောက်ထပ်ပူစရာ နှစ်ယောက်ထပ်တိုးနဲ့ ပူစရာတွေက အများကြီးဖြစ်လာတယ်၊ တချို့ပြောကြတယ်၊ အိမ်ထောင်မပြုပေမယ့်လို့ သူများသားသမီးကိုသွားပြီး အပူရှာပြီးတော့ မွေးတဲ့သူက ရှိသေးတယ်၊ အဲဒီလို ဒုက္ခခံတာလေ၊ ပူစရာမရှိရင် မနေတတ်တဲ့ လူမျိုးတွေလည်း ရှိတာပဲ။

လောကကြီးမှာ ပူစရာရှာထားတာကိုက ကျေနပ်စရာလေး ဖြစ်နေတာ၊ လောကလူတွေက ပူနေကြတာပဲလေ၊ အမေက သားသမီးအတွက်ပူတယ်၊ အဖေက သားသမီးအတွက် ပူတယ်၊ ကြံဖန်ပြီးတော့ ပူနေကြတာပဲနော်၊ တွယ်တာမှုရှိရင် ပူမှုဆိုတာ လာမှာပဲ၊ သေချာတယ်။

အဲဒါကြောင့်မို့ စိတ်နှလုံးငြိမ်းချမ်းဖို့ဆိုတာ အတွယ်အတာကို ဖြတ်ရလိမ့်မယ်တဲ့၊ တွယ်တာမှုကို ဖြတ်နိုင်မှ လောကမှာ တွယ်တာမှုတွေ လုံးဝကင်းပြီဆိုတော့မှ စိတ်နှလုံးငြိမ်းချမ်းမှုကို တွေ့လိမ့်မယ်။

ဓောတက,က ဘာလျှောက်သလဲဆိုတော့-

**"တဉှာဟံ အဘိနန္ဒာမိ**-အရှင်ဘုရားပြောတာ တပည့်တော် သိပ်နှစ်သက်တယ်၊ **မဟေသိ သန္တိ မုတ္တမံ** - တကယ့်ကို စိတ်နှလုံးငြိမ်းတဲ့နေရာမှာတော့ အကောင်းဆုံးငြိမ်းချမ်းခြင်းပါပဲ၊ အပူတွေ ငြိမ်းသွားတယ်ဆိုတဲ့ ငြိမ်းမှုက တကယ်ကောင်းတာ**"**။

https://dhammadownload.com



**ယံ ဝိဒိတွာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။**

"အဲဒီငြိမ်းချမ်းဖို့ရာအတွက် မှန်မှန်ကန်ကန် သိရှိနားလည်ပြီးတော့ သတိတရားကြီးစွာနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင် လောကမှာရှိတဲ့ အတွယ်အတာအားလုံးကို ကျော်လွှားနိုင်မယ် ဆိုတာ တပည့်တော်လက်ခံပါတယ်၊ ယုံကြည်ပါတယ်"လို့ ဒီလို လျှောက်တယ်။

မြတ်စွာဘုရားက နိဂုံးချုပ်အနေနဲ့ ဝိပဿနာကျင့်စဉ် တစ်ခု ဟောတယ်၊ ရှေ့ပိုင်းမှာ ပုဏ္ဏကတို့ မေတ္တဂူတို့ကို ဟောခဲ့တဲ့တရားကိုပဲ ပြန်ဟောတာ-

**ယံ ကိဉ္စိ သမ္ပဇာနာသိ၊**

**ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။**

**ဧတံ ဝိဒိတွာ သင်္ဂေါတိ လောကေ၊**

**ဘဝါဘဝါယ မာကာသိ တဏှံ'** တဲ့။

ဆိုလိုတာက **ယံ ကိဉ္စိ သမ္ပဇာနာသိ** ဆိုတာ သိစရာအာရုံ တွေ ရုပ်တရား နာမ်တရားတွေ ဒါတွေအားလုံးကို ပိုင်ပိုင်နိုင်နိုင် သိဖို့လိုတယ်။

သိဖို့လိုတယ်ဆိုတာ ဘယ်လိုဟာကို သိဖို့လိုတာလဲ? ရုပ် တရားနဲ့ ပတ်သက်လာလို့ရှိရင် သဘာဝလက္ခဏာရှုထောင့်က ကြည့်ပြီး "ဩော်-ဒါ ရုပ်တရားပဲ"လို့ သိရမယ်။ ဆိုပါစို့ - ပျော့တာ မာတာတွေ့ရင် ဒါ ပထဝီပဲ၊ ပူတာ အေးတာကိုတွေ့ရင် ဒါ တေဇောပဲ၊ ဖွဲ့စည်းတာ ယိုစီးတာတွေ့ရင် ဒါ အာပေါပဲ၊ လှုပ်ရှား တာ တွန်းကန်တာနဲ့ တွေ့လို့ရှိရင် ဒါ ဝါယောပဲလို့၊ ပထဝီ

https://dhammadownload.com



တေဇော အာပေါ ဝါယော ဆိုတဲ့ ရုပ်တရားကို အဲဒီပုံစံနဲ့ တွေ့တာပဲ၊ သဘာဝလက္ခဏာကို ကြည့်ပြီးတော့တွေ့တာ။

အဲဒီလို တွေ့တဲ့အခါမှာ နောက် ဘာတွေ့သလဲဆို ဘာကြောင့်ဖြစ်တာလဲဆိုတာ အကြောင်းကိုလည်း တွေ့တယ်၊ ဘာကြောင့်ချုပ်သွားတယ်ဆိုတာလည်း တွေ့တယ်၊ ချုပ်ကြောင်း တရားကိုလည်း တွေ့တယ်၊ ဖြစ်ကြောင်းတရားကိုလည်း တွေ့တယ်၊ သို့မဟုတ် ဖြစ်ခြင်းကိုလည်းတွေ့တယ်၊ ချုပ်ငြိမ်းသွားခြင်း ကိုလည်း တွေ့တယ်ဆိုရင် တရားမမွှနဲ့ ပတ်သက်ပြီးတော့ ဒီ သုံးမျိုးတွေ့ပြီဆိုရင် ဒါ ပြည့်စုံတဲ့ အတွေ့တစ်ခုလို့ ခေါ်တယ်၊ ပထဝီမှ မတွေ့ဘဲနဲ့ ပထဝီဘာကြောင့်ဖြစ်တယ်ဆိုတာ တွေ့နိုင် စရာ အကြောင်းမရှိဘူးလေ။

သဘာဝတရားကို အရင်ကြည့်ရတယ်၊ ကြည့်ပြီးတဲ့အခါ အကြောင်းတရားကို နားလည်လာတယ်ပေါ့၊ အဲဒီလို သဘာဝ တရားကို သိရှိလာပြီ၊ တွေ့ရှိလာပြီဆိုတာကို ဒီနေရာမှာ **ယံ ကိဉ္စိ သမ္ပဇာနာသိ** တဲ့၊ ကိုယ့်သန္တာန်မှာ ဖြစ်လာတဲ့ သဘာဝ တရားတွေကို သိလာတယ်၊ ရုပ်နဲ့ဆိုင်တာ၊ ရုပ်ကို သိလာတယ်၊ ဝေဒနာဖြစ်တဲ့အချိန်မှာ ဝေဒနာကို သိလာတယ်၊ သညာဖြစ်တဲ့ အချိန် သညာကိုသိလာတယ်၊ သင်္ခါရတွေသိလာတယ်၊ ဝိညာဏ တွေ သိလာတယ်၊ အဲဒီလိုသိလာတာ ဒါဟာ မှန်ကန်တဲ့အသိပဲ။

အဲဒီအသိဟာ **ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ-** အတိတ် က ဟာကိုလည်း သိတယ်နော်၊ **ဥဒ္ဓ** ဆိုတာ အနာဂတ်။ လာမယ့် ဟာကို သိတယ်၊ **အဓော**ဆိုတာ အတိတ်ကိုလည်း သိနိုင်တယ်၊

https://dhammadownload.com



**တိရိယဥ္စာပိ မဇ္ဈေ** ဆိုတာ ပစ္စုပ္ပန်ကိုလည်း သိတယ်၊ သဘာဝတရားဆိုတာ ရုပ်နဲ့နာမ်လို့ မှန်မှန်ကန်ကန် သိလာတယ်။

ကဲ- ရုပ်နဲ့နာမ်ကိုသိတယ်ဆိုတာ သင်ထားတဲ့ပုဂ္ဂိုလ်ကျမှ အများကြီးသိနိုင်တာ၊ ကဲ-သင်မထားပါဘူးတဲ့၊ အနည်းဆုံး ထွက်လေ ဝင်လေနဲ့ စဉ်းစားကြည့်၊ **ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ**... ဆိုတဲ့နေရာမှာ ထွက်လေဝင်လေ အာရုံကပ်ပြီးတော့ အသက်ကလေးကို ရှူလိုက်တယ်၊ ရှိုက်ပြီးတော့ ထုတ်လိုက်တယ်ဆိုတဲ့ အချိန်လေးမှာ ပထမဆုံး ဘာကို သတိထားမိလိုက်သလဲဆိုရင် "လေ"ကို သတိထားမိလိုက်တယ်၊ အဲဒီလေက သဘာဝတရားတစ်ခုပဲ၊ လှုပ်ရှားတယ် ရွေ့လျားတယ်ဆိုတဲ့သဘောကို တွေ့ရတယ်၊ အဲဒီလေထိသွားတဲ့ နှာသီးဖျားက သဘာဝတရားတစ်ခုပဲ၊ လေတိုးသွားတဲ့နေရာကို ကြည့်လိုက်မယ်၊ နောက် အဲဒီလေနဲ့ နှာသီးဖျား ဆုံလိုက်တဲ့အချိန်မှာ ထိမှန်းသိလိုက်တဲ့အသိ ပေါ်လာတယ်၊ အဲဒါက သဘာဝတရားတစ်ခု၊ ဟော-ကြည့်လိုက်မယ်ဆိုရင် သုံးမျိုးဖြစ်သွားတယ်နော်၊ အဲဒီသုံးမျိုး သိတာဟာ ဒါ သဘာဝတရားနဲ့ ပတ်သက်ပြီးတော့ သိတယ်လို့ ဒီလိုဆိုလိုတာပေါ့၊ အဲဒီတော့ သဘာဝတရားနဲ့ ပတ်သက်ပြီးတော့ အခုလို သိလိုက်တယ်။

အဲဒီမှာ လေရဲ့သဘောက လှုပ်ရှားတဲ့သဘောပဲ၊ အဲဒီ လှုပ်ရှားတာဟာ စာလိုပြောမယ်ဆိုရင် **ဝါယော ဖောဋ္ဌဗ္ဗရုပ်**၊ ဖောဋ္ဌဗ္ဗရုပ်က အသိစိတ် ဖြစ်ပေါ်လာမယ့် နှာသီးဖျားလို့ဆိုတဲ့ ကာယပသာဒမှာ လာပြီးထိတယ်၊ လေကလည်းပဲ သိတဲ့သဘော

https://dhammadownload.com



မရှိဘူး၊ နှာသီးဖျားကလည်း သိနိုင်တဲ့စွမ်းအားမရှိဘူး၊ သိတာက ကာယဝိညာဏ်စိတ်က သိတာလို့ ဒီလို မြင်လိုက်လို့ရှိရင် ဒါ ရုပ်နဲ့နာမ်ကို မြင်တယ်လို့ ပြောတာပဲ၊ အဲဒီလို မြင်ဖို့လိုတယ်။

အဲဒီလို သဘာဝကို မြင်ပြီးတဲ့အခါ ရှူလိုက်တဲ့လေဟာ ပြန်ထုတ်တဲ့ အချိန်ကျတော့ သူမဟုတ်တော့ဘူး၊ ရှူလိုက်တဲ့ အခိုက်ကလေးမှာပဲ သူပျက်စီးသွားတယ်၊ နောက်ထပ် ရှိုက်ထုတ် လိုက်တဲ့အချိန်က ဖြစ်ပေါ်လာတဲ့လေရယ်, အဲဒီလေထိတဲ့နေရာ ရယ်, ထိမှန်းသိလိုက်တာရယ်က နောက်တစ်ခု၊ ဟော- တစ်ခုနဲ့ တစ်ခုဟာ အချိန်တိုလေးအတွင်းမှာ ပေါ်လာပြီးတဲ့နောက် ပျောက်သွားတယ်။ ဒါကို သိမြင်လာပြီဆိုလို့ရှိရင် "ဖြစ်လာတာ ကိုလည်း သိတယ်, ပျက်သွားတာကိုလည်းသိတယ်၊ ဘာကြောင့် ထိသိစိတ်လေး ပေါ်ရသလဲ ဆိုတာလည်း သိလိုက်တယ်၊ ဒီထိသိ တဲ့စိတ်လေး ဘာကြောင့် ပျက်စီးသွားတယ် ဆိုတာကိုလည်း သိလိုက်တယ်" တဲ့။

အဲဒီလို သိတာကိုပြောတာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်နဲ့ ပတ်သက်ပြီး ရုပ်နာမ်တရား သင်္ခါရတွေကို အကုန်လုံး သိလိုက်ပြီ လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် **"ဧတံ ဝိဒိတွာ သင်္ဂေါတိ လောကေ, ဘဝါဘဝါယ မာကာသိ တဏှံ"** အဲဒီလို သိလိုက် တာနဲ့ အာရုံပေါ်ကပ်ငြိစေတတ်တဲ့ ကပ်ငြိတတ်တဲ့တဏှာဆိုတာ တွေ, အမြင်မှားတဲ့ ဒိဋ္ဌိဆိုတာတွေ, မာနဆိုတာတွေ, လောကမှာ ဖြစ်တတ်တာတွေကို ပိုင်ပိုင်နိုင်နိုင် သိသွားပြီးတဲ့အခါမှာ ဘယ် ဘဝကိုမှ တွယ်တာတာဆိုတာ မရှိတော့ဘူး၊ သဘာဝတရား

https://dhammadownload.com



တွေကို မှန်မှန်ကန်ကန်သိလိုက်တာနဲ့ တစ်ပြိုင်နက် တွယ်တာမှု ဆိုတာ မလာတော့ဘူး၊ အဲဒီတွယ်တာမှုတွေ လုံးဝကုန်ဆုံးသွားပြီ။ တွယ်တာမှုတွေကို လွန်မြောက်နိုင်ပြီဆိုရင် နိဗ္ဗာန်ဆိုတာ အဲဒါပဲ ပေါ့။

**နိဗ္ဗာန** ဆိုတဲ့ စကားလုံးကိုက **နိ+ဝါန-** တွယ်တာမှု ဘဝ တစ်ခုနဲ့တစ်ခုကို တွယ်ပေးထားတဲ့ တဏှာရဲ့ ထွက်မြောက်တဲ့ နေရာလို့၊ တဏှာ အလှမ်းမမှီတဲ့ နေရာလို့ ဒီလိုသုံးတာ၊ **တဏှာသင်္ခယ-** တဏှာကုန်တဲ့နေရာလို့ ဒီလိုဟောတာ၊ နိဗ္ဗာန်ကို အာရုံပြုလိုက်နိုင်တာနဲ့ တစ်ပြိုင်နက် တွယ်တာမှုဟာ လုံးဝ ပျောက်သွားတယ်၊ တွယ်တာမှုမရှိဘူးဆိုလိုက်တာနဲ့ ကိလေသာ တွေလည်း ကုန်သွားတယ်၊ ကံတရားတွေကလည်း အကျိုးပေး နိုင်ခြင်း မရှိတော့ဘူး၊ အဲဒီအချိန်မှာ စိတ်နှလုံးကို ပူလောင်စေ တတ်တဲ့ လောဘတွေ ဒေါသတွေနဲ့ မောဟတွေ၊ ကျန်တဲ့ ကိလေသာတွေဆိုတာ ဘာမှ မလာတော့ဘူးတဲ့၊ အဲဒီအချိန် နောက်ထပ် ဘယ်တော့မှ မဖြစ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ အင်မတန်မှ ငြိမ်းချမ်းတဲ့စိတ်ဖြစ်သွားတယ်၊ ဘာကိုမှ သောက ဖြစ်တာ မရှိတော့ဘူး၊ ပစ္စည်းအတွက်လည်း သောကမဖြစ်ဘူး၊ လူ့အတွက်လည်း သောကမဖြစ်ဘူး။

ဒါကြောင့်မို့ ရဟန္တာ ပုဂ္ဂိုလ်တွေဟာ သူတို့ကိုယ်သူတို့ ဆင်ခြင် စဉ်းစားလိုက်တဲ့အခါ ဘယ်နေ့ဘယ်ရက် သေမယ် ဆိုတာ သိလိုက်တဲ့ အချိန်မှာ-

https://dhammadownload.com



**"နာဘိ နန္ဒာမိ မရဏံ, နာဘိ နန္ဒာမိ ဇီဝိတံ"** နေချင်တာလည်း မရှိဘူး၊ သေချင်တာလည်း မရှိဘူး၊ သဘာဝတရားကို သဘာဝလို့ပဲ မြင်တယ်။

လောဘမကင်းသေးတဲ့ပုဂ္ဂိုလ်ကတော့ အသက်ရှည်ရှည် နေချင်သေးတယ်ဆိုတာ လာတယ်၊ စိတ်ညစ်တဲ့သူကျတော့ သေချင်ပြီဆိုတာ လာတယ်နော်။ ရဟန္တာကျတော့ အဲဒီလို နေချင်တယ်ဆိုတာလည်း မရှိဘူး၊ ဘာဖြစ်လို့တုန်း၊ လောဘမရှိတော့လို့ သေချင်တယ်ဆိုတာလည်း မလာဘူး၊ ဘာဖြစ်လို့တုန်း၊ စိတ်မှ မညစ်တော့တာ၊ စိတ်လေးတည်ငြိမ်သွားပြီ၊ သူ့သဘာဝအတိုင်း ဆိုတာကို သဘောပေါက်သွားတယ်တဲ့။

အဲဒီလို မောဃရာဇကို မြတ်စွာဘုရားရှင်က ရှင်းပြလိုက်တဲ့ အခါမှာ မောဃရာဇ,က သူ့ရဲ့ ပရိသတ်တစ်ထောင်နဲ့အတူ သူလည်း တရားထူးတရားမြတ် ရသွားတယ်။ ရသေ့အသွင် ပျောက်ပြီး ရဟန်းအသွင်သို့ ရောက်ရှိသွားပါတယ်၊ ဒီပုဂ္ဂိုလ်က ငါးယောက်မြောက်ပုဂ္ဂိုလ် ဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့သည် မောဃရာဇအား ဟောကြားတဲ့ တရားဓမ္မများကို နာယူမှတ်သားပြီး တို့တတွေလည်း ကိလေသာတွေ ဘဝတွေ ကုန်သွားလို့ရှိရင်တော့ တကယ်ငြိမ်းတဲ့ အငြိမ်းဓာတ်ကို ရရှိခံစားကြရမှာပဲလို့ ယုံကြည်ပြီး လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၆)

## (ဥပသီဝ၏အမေးကို ဖြေဆိုခြင်း)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၇-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၃-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဓမ္မသီရိဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

မြတ်စွာဘုရားနဲ့ တွေ့ဆုံပြီး သူတို့ဗေဒကျမ်းဂန်တွေအရ ၃၂-ပါးသော မဟာပုရိသ လက္ခဏာတွေ လေ့လာကြည့်ပြီး ဘုရားလို့ ဆုံးဖြတ်ချက်ချပြီးတဲ့အခါမှာ အသီးသီး မေးခွန်းတွေ မေးကြတယ်၊ အလှည့်ကျ မေးသွားကြတယ်၊ ဒီကနေ့

https://dhammadownload.com



ခြောက်ယောက်မြောက်ဖြစ်တဲ့ **ဥပသီဝရသေ့** အကြောင်း ပြောမယ်။ သူ့အလှည့်ကျလာတဲ့အခါ မြတ်စွာဘုရားကို သူက မေးခွန်းတွေမေးတယ်၊ အဲဒီ ဥပသီဝ ရသေ့ဟာ သမထကျင့်စဉ်ကို ကျင့်ထားပြီး ဈာန်အဆင့် ၈-ဆင့်ရှိတဲ့အထဲမယ် သူက ၇-ဆင့် ပေါက်မြောက်ပြီးသားပုဂ္ဂိုလ် ဖြစ်တယ်၊ ၇-ဆင့် ဆိုတာ သမထကသိုဏ်းရုပ်တွေပေါ်မှာ အာရုံစိုက်ပြီးတော့ ကျင့်လိုက်တာ ပထမဈာန်ရတယ်၊ ဒုတိယ တတိယ စတုတ္ထဈာန် ရတယ်၊ ဈာန်တွေ အဆင့်ဆင့်တက်သွားတယ်။

အဲဒီခေတ်က ဒီလိုတရားတွေနဲ့ပတ်သက်ပြီး ပေါက်ရောက်တဲ့ ပုဂ္ဂိုလ်တွေ ရှိတာပဲ၊ အဲဒီမှာက ကသိုဏ်းရုပ်ပေါ်မှာ အခြေခံပြီးတော့ သမထကျင့်စဉ်တွေကို ကျင့်ကြတာ၊ ဒီ ဥပသီဝ ဆိုတဲ့ Brahman ရသေ့ကြီးဟာ ၇-ဆင့်ထိအောင် ပေါက်ရောက်အောင်မြင်ပြီးသား ဖြစ်တယ်၊ ရူပဈာန်က ၄-ဆင့်, အရူပဈာန်က ၃-ဆင့်ထိအောင် သူပေါက်တယ်၊ ဆိုလိုတာက **အာကိဉ္စညာယတန** လို့ ခေါ်တယ်၊ **အာကိဉ္စည** ဆိုတာ ဘာမှမရှိတော့တဲ့ ပထမအရူပဈာန်ကို အာရုံပြုပြီးတော့ သူက ဒီဈာန်ကို တက်ထားတာ၊ အဲဒီခေတ်ကတော့ ဒီ spiritual program ဆိုတဲ့ပေါ်မှာ သိပ်ပြီးတော့ အလေးဂရုပြု ဆောင်ရွက်ကြတယ်။

အခုခေတ်ကတော့ ရုပ်ပိုင်းဆိုင်ရာတွေက အများကြီး တိုးတက်လာတယ်၊ စိတ်ပိုင်းဆိုင်ရာတွေက အင်မတန်မှ ကျဆုံးသွားတယ်၊ Mental development, Desire for material things က ပိုများလာတယ်၊ ပိုများလာတဲ့ အခါကျတော့ လူတွေရဲ့

https://dhammadownload.com



စိတ်ပိုင်းဆိုင်ရာတွေက ကျဆင်းသွားတယ်၊ တိုးတက်မှု သိပ်အားနည်းသွားပြီးတော့ လူတွေရဲ့စိတ်ထဲမှာ အညစ်အကြေးတွေ Mental disease စိတ်ရောဂါတွေ လူတွေဟာ ဖိစီးလာကြတယ်၊ တစ်ဖက်က တိုးတက်တဲ့အခါ တစ်ဖက်က လျော့ကျသွားတဲ့ သဘောကို ဆင်ခြင်စဉ်းစားကြည့်ဖို့ ကောင်းတယ်ပေါ့။

ဘယ်အရာပဲဖြစ်ဖြစ် တစ်ခုခေတ်စားလို့ရှိရင် နောက်တစ်ခုက လျော့ကျသွားတယ်၊ ရုပ်ပိုင်းဆိုင်ရာ ဘယ်လောက်ထိအောင် တိုးတက်လာတုန်းဆိုတော့ လူတွေက ဟိုးကောင်းကင်ကနေ သွားနိုင်တဲ့အဆင့် ရောက်လာတယ်၊ လေယာဉ်ပျံစီးသွားလို့ရတယ်။ တရားကျင့်စရာ မလိုဘူး၊ လေယာဉ်ပျံစီးချင်ရင် ပိုက်ဆံရှိဖို့လိုတယ်၊ ပိုက်ဆံရှိပြီး Air Ticket လေး ဝယ်လိုက်ရင် ကမ္ဘာပတ်လို့ရတယ်၊ အဲဒီတော့ ရုပ်ပိုင်းဆိုင်ရာတွေက တအားတိုးတက်တယ်။

အဲဒီလို တိုးတက်လာတော့ လူတွေက တရားမရှာဘူး၊ ဘာရှာလဲ၊ ပိုက်ဆံရှာတယ်၊ ဒီလိုဖြစ်နေတယ်။ ပိုက်ဆံရှာလာတဲ့အခါမှာ ဘာတွေ ဖြစ်လာတုန်းဆို Desire for money, money, money နဲ့ ဖြစ်လာတယ်၊ လူတိုင်းဟာ Desire for money နဲ့ ဖြစ်လာတာ၊ အဲဒီငွေကြေးနေတွေနောက်ကို လိုက်လာကြတယ်။ Desire လို့ဆိုကတည်းက ဒီ Desire ဆိုတဲ့ တဏှာက ဘယ်တော့မှ မပြည့်ဘူး၊ မြတ်စွာဘုရားက တဏှာကို ပင်လယ်နဲ့ ဥပမာ ပေးထားတာနော်၊ **နတ္ထိ တဏှာ သမာနဒီ**- မြစ်ဆိုတာ သာမန် မြစ်ကို ပြောတာမဟုတ်ဘူး၊ ပင်လယ်ကြီးကိုပြောတာ။

https://dhammadownload.com



မြစ်က တစ်ခါ တစ်ခါ ပြည့်သေးတယ်၊ ပင်လယ်ကသာ မပြည့်တာနော်၊ တဏှာဆိုတာ **ဒုပ္ပူရဏာ၊** ဘယ်တော့မှ လိုဘပြည့်တယ် မရှိဘူးတဲ့၊ အဲဒီတော့ မပြည့်နိုင်တာကြီးကို ဖြည့်နေကြရတာ၊ အမြဲတမ်း သူကလိုနေတာ၊ ဘယ်တော့မှ မပြည့်နိုင်တာကြီးကို ဖြည့်နေကြတော့ လူတွေရဲ့ စိတ်ဓာတ်တွေလည်း တဏှာကို မဖြည့်ဆည်းနိုင်တဲ့အခါ အားမလို အားမရတွေ ဖြစ်လာတယ်၊ စိတ်ထဲမှာ မကျေနပ်ချက်တွေ များလာတယ်၊ လောဘရှိရင် မကျေနပ်မှုများတာပဲ၊ အဲဒါက ထုံးစံ။

ဒါကြောင့်မို့လို့ ကာမစ္ဆန္ဒနဲ့ ဗျာပါဒဆိုတာ တွဲထားတာ၊ ကာမစ္ဆန္ဒက Desire for sensual pleasure ကိုယ်လိုချင်တာ ရရင်ရ၊ မရလို့ရှိရင် ဒေါသပဲ၊ စိတ်ထဲမှာ အလိုမကျတာတွေ ဖြစ်လာတယ်၊ ဒီကနေ့ခေတ်မှာဆို အဲဒီ (stress) စိတ်ဖိစီးမှုတွေ များတယ်၊ လုပ်ငန်းတစ်ခု ဆုံးရှုံးသွားမယ်ဆိုရင် ပိုပြီး stress တွေများတယ်၊ တိုးတက်တဲ့ နိုင်ငံတွေမှာဆို ပိုပြီးတော့ stress တွေများတယ်၊ spiritual progress ဆိုတဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ develop ဖြစ်ဖို့က မရှိတော့ဘူး၊ ရုပ်ပိုင်းဆိုင်ရာပဲ တိုးတက်နေသည့်အတွက်ကြောင့် စိတ်ပိုင်းဆိုင်ရာ စင်ကြယ်ဖွံ့ဖြိုးမှုဆိုတာကို ဂရုမစိုက်တော့ဘူး။

သို့သော် မြန်မာနိုင်ငံလို ဗုဒ္ဓတရားတော်တွေ လွှမ်းမိုးထားပြီးတော့ ဩဇာသက်ရောက်နေတဲ့ နိုင်ငံတွေမှာ အနည်းငယ် တော်တယ်လို့ ပြောရမှာပေါ့၊ ဗုဒ္ဓတရားတော်တွေကို မကြားဖူး မသိဖူးတဲ့ နိုင်ငံတွေ, အလှမ်းဝေးနေတဲ့ နိုင်ငံတွေဆို stress

https://dhammadownload.com



တအားများတာ၊ stress တအားများလို့ မကျေမနပ်တွေ ဖြစ်ပြီးတော့ သတ်ချင်တဲ့စိတ်တွေပေါက်ပြီးတော့ အခု ဒီကနေ့ခေတ်မှာ terrorism တို့ terrorist တို့ ဆိုတာတွေ ပေါ်လာတယ်။

မြတ်စွာဘုရားပွင့်တဲ့အချိန်မှာ အားအားယားယား ဒီလို မေးခွန်းတွေ မေးနေရသလားလို့ ခုခေတ်လူတွေ အမြင်နဲ့က ထင်ကောင်း ထင်လိမ့်မယ်၊ ဒါက တကယ်အရေးကြီးတာ၊ စီးပွားရေးတို့ဘာတို့ မေးဖို့ကောင်းတာပေါ့လို့ ထင်ကောင်းထင်မှာပေါ့၊ အဲဒီခေတ်က ရှာဖွေတာဟာ စီးပွားရေး မဟုတ်ဘူး၊ အဲဒီခေတ်က လေ့လာနေကြတာဟာ စိတ်ပိုင်းဆိုင်ရာရဲ့ စွမ်းရည်သတ္တိတွေကို ရှာနေကြတာ၊ ရုပ်ပိုင်းဆိုင်ရာရဲ့ စွမ်းရည်သတ္တိကို မရှာဘူး။

ဒီကနေ့က ရုပ်ပိုင်းဆိုင်ရာတွေဟာ အစွမ်းကုန်တိုးတက်နေတယ်၊ လူတွေဟာ ကောင်းကင်ကနေ ခရီးသွားနိုင်တယ်နော်၊ အလိုရှိရင် 'လ' ပေါ်တောင် တက်နိုင်သေးတယ်၊ လိုချင်ရင် 'လ' ပေါ်မှာ မြေကွက်လေးဘာလေး ဝယ်ထားလို့ ရသေးတယ်နော်၊ အာကာသမှာ မြေကွက်တွေ ဘာတွေ ဝယ်လို့ရတယ်၊ အဲဒီလို လောကကြီးဟာတိုးတက်တယ်လို့ ဒီလိုတစ်ဖက်ကနေကြည့်မယ် ဆိုရင် ရုပ်ပိုင်းဆိုင်ရာတိုးတက်တာ မှန်တယ်။

သို့သော် စိတ်ပိုင်းဆိုင်ရာ ကျဆင်းသွားလိုက်တာ လောကလူတွေဟာ အပူတွေနဲ့ချည်းပဲ၊ အင်မတန်မှ ကျဆင်းသွားတယ်၊ ဘုရားတရားတော်လေးနဲ့မှ မငြိမ်းလို့ရှိရင် လူတွေရဲ့စိတ်က

https://dhammadownload.com



အပူတွေဟာ stress ဖြစ်လာပြီး နောက်ဆုံးမှာ suicide လုပ်ကုန်ကြတာပေ့ါ။ တိုးတက်တဲ့နိုင်ငံတွေမှာဆို ကိုယ့်ကိုယ်ကို သတ်သေတာတွေ အင်မတန်များတယ်။

မြတ်စွာဘုရား လက်ထက်တုန်းက ဒီ ဥပသီဝ ဆိုတဲ့ Brahman ရသေ့ဟာ သူတို့ခေတ်မှာဆိုရင် လခကောင်းကောင်းရတယ်လို့ပြောရမှာပေ့ါ၊ ဘုရင်ရဲ့အကြံပေးပုဂ္ဂိုလ်တွေပဲ။ သို့သော် အဲဒါတွေကို စွန့်လွှတ်ပြီးတော့ တောထဲ သူတို့တရားသွားရှာကြတယ်၊ သူ့ဆရာကြီးတွေကော သူတို့အားလုံးဟာ တရားကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ၊ ဒီပြင်ပုဂ္ဂိုလ်တွေရဲ့ အဆင့်ကို မပြောပေမယ့် ဒီ ဥပသီဝရဲ့ အဆင့်ကိုတော့ သူက ၈-ဆင့်ရှိတဲ့ အထဲမှာ သူက ၇-ဆင့် ပေါက်ရောက်တယ်လို့ ဒီလိုပြောတယ်၊ အာကိဉ္စညာယတနရဲ့ အဆင့်ကို သူကရောက်နေတယ်၊ အဲဒီ အဆင့်ရောက်နေတဲ့ပုဂ္ဂိုလ်က မြတ်စွာဘုရားကို မေးခွန်းထုတ်တာပေ့ါ။

## သမထကျင့်စဉ် ကျင့်ပုံ

အဲဒီအဆင့်တက်ပုံက ဘယ်လိုတက်တာတုန်း၊ သူတို့ခေတ်က သမထကျင့်စဉ်တစ်ခုကို ကျင့်တယ်ဆိုတာ ဘယ်လိုလုပ်သလဲ၊ နမူနာတစ်ခုကို ပြောရမယ်ဆိုရင် ဆိုပါစို့ - ပထဝီကသိုဏ်းနဲ့ သမထကျင့်စဉ်တစ်ခုကိုကျင့်တယ်ဆိုရင် ပြုပြင်ထားတဲ့ မြေလေးကို အဝိုင်းသဏ္ဍာန်လုပ်ပြီးတော့ မိမိရဲ့ရှေ့မှာ တစ်တောင့်ထွာ

https://dhammadownload.com



လောက်ဝေးတဲ့ နေရာမှာထိုင်၊ အာရုံစိုက်ပြီး မျက်လုံးဖွင့်ကြည့်လို့ လွယ်လွယ်ကူကူနဲ့ မြင်နိုင်တဲ့နေရာမှာ ပထဝီကသိုဏ်းဝန်းလေးကို ချထားတယ်၊ ချထားပြီးတဲ့အခါမှာ မျက်လုံးနဲ့စိုက်ပြီး အဲဒီကသိုဏ်းဝန်းကို ကြည့်တယ်၊ မျက်လုံးနဲ့ကြည့်ပြီး စိတ်နဲ့ မှတ်နေတယ်၊ မျက်လုံးနဲ့ ကြည့်ပြီးတော့ ဒီအာရုံကို နှလုံးသွင်းနေတာကို ဒါ **ပရိကမ္မနိမိတ်** လို့ ခေါ်တယ်၊ အလုပ်စတင်ပြီးလုပ်နေပြီ။

နောက်တစ်ဆင့် တက်လာတဲ့အခါ မျက်စိဖွင့်မကြည့်ဘဲ မျက်စိမှိတ်လျက်နဲ့ အဲဒီကသိုဏ်းဝန်းကြီးဟာ စိတ်ထဲမှာ အထင်းသားကြီး ပေါ်နေတယ်။ အဲဒါ **ဥဂ္ဂဟနိမိတ်** လို့ ခေါ်တယ်၊ စိတ်ထဲမှာ စွဲနေပြီ၊ အဲဒီ နိမိတ်က တစ်ခါတစ်ခါ လူတွေက ပြောတယ်မဟုတ်လား၊ ကြောက်တတ်တဲ့ လူတွေမှာ အသုဘရုပ်အလောင်းကြီးမြင်ပြီး မျက်စိထဲကမထွက်လို့ အိပ်မပျော်ဘူးဆိုတာလေ၊ တကယ်ကတော့ အဲဒါ ဥဂ္ဂဟနိမိတ်အဖြစ်ပြောင်းလဲလို့ရတယ်ပေါ့၊ ကြောက်နေရင်တော့မရဘူး၊ အဲဒီတော့ စိတ်ထဲကနေ မှတ်ထားပြီး စိတ်ထဲမှာ စွဲထင်နေတဲ့ ပုံရိပ်ဟာ ဥဂ္ဂဟနိမိတ်ပေါ့။

အဲဒီ ဥဂ္ဂဟနိမိတ်ကို စွဲစွဲမြဲမြဲထိန်းသိမ်းပြီး စိတ်ကို တခြားရောက်မသွားအောင် လေ့ကျင့်ပေးနေမယ် ဆိုလို့ရှိရင် **ပဋိဘာဂနိမိတ်** လို့ခေါ်တယ်။ စိတ်ထဲက မှတ်ထားတဲ့အာရုံနဲ့ အလားသဏ္ဍာန် တူသော်လည်းပဲ ပိုပြီးတော့ clear ဖြစ်၊ ပိုပြီးတော့ တောက်ပြောင်လာတဲ့ အာရုံတစ်ခု စိတ်ထဲမှာစွဲထင်ပြီးပေါ်လာတယ်။ စိတ်တွေကလည်း ငြိမ်ကျတယ်၊ အဲဒီအချိန်မှာ နီဝရဏ

https://dhammadownload.com



တရားတွေကလည်း လုံးဝမပေါ်ဘူး၊ နီဝရဏတရားမပေါ်ဘူး ဆိုတာ အိပ်ချင်တဲ့စိတ် မရှိဘူး၊ သံသယစိတ်တွေ မရှိဘူး၊ ဟိုတွေး ဒီတွေး စိတ်လွင့်နေတာ မရှိဘူး၊ ဒီအာရုံလေးပေါ်မှာ စိတ်ဟာ ကပ်ထားသလို ငြိမ်လာတယ်။ အဲဒီလို ပဋိဘာဂနိမိတ်ပေါ်မှာ စိတ်ကလေး ငြိမ်ကျသွားပြီဆိုရင် ပထမဈာန်ရတယ်လို့ ပြော တယ်။

ပထမဈာန်ရရင် ဘာတွေ ထင်ရှားသလဲဆိုလို့ရှိရင် အဲဒီ ကသိုဏ်းအာရုံပေါ်မှာ စိတ်လေးကို ပို့တင်နေတဲ့ ဝိတက်လို့ ခေါ်တဲ့ ပို့တင်နေတဲ့ သဘောလေးရယ်၊ ပို့တင်ထားတဲ့အတိုင်း စိတ်လေးဟာ စွဲစွဲမြဲမြဲရှိနေတယ်ဆိုတဲ့ ဝိစာရသဘောလေးရယ်၊ စိတ်ထဲမှာ ကျေနပ်နေတဲ့ ပီတိသဘောရယ်၊ ခန္ဓာကိုယ်ကြီး တစ်ခု လုံးဟာ နေလို့ထိုင်လို့အင်မတန်ပေါ့ပါးပြီးနေတယ်ဆိုတဲ့ သဘော ရယ်၊ စိတ်ကလေး ငြိမ်နေတဲ့သဘောရယ် ထင်ရှားနေတယ်။

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ **ဝိတက်** ဆိုတာ စိတ်ကို အာရုံပေါ်ပို့တင်ပေးတာ၊ **ဝိစာရ** ဆိုတာ စိတ်နဲ့အာရုံ ကွာမသွားအောင် ထိန်းပေးနေတာ၊ **ပီတိ**ဆိုတာက အဲဒီအာရုံ လေးပေါ်မှာ စိတ်ကနှစ်ခြိုက်နေတာ၊ **သုခ** ဆိုတာ ညောင်းတာ ညာတာ ကိုက်တာ ခဲတာတွေ ဘာမှမရှိဘူး၊ ခန္ဓာကိုယ်က ပေါ့ပါး ပြီးနေတာ၊ **ဧကဂ္ဂတာ** ဆိုတာ စိတ်လေးဟာ တစ်နေရာတည်းမှာ ငြိမ်နေတာ။

အဲဒီကျတော့ ဘာဖြစ်လာတုန်းဆိုတော့ မကောင်းတဲ့စိတ် တွေ၊ ပူပန်တဲ့စိတ်တွေ၊ အကုသိုလ်စိတ်တွေ၊ လိုချင်တဲ့စိတ်တွေ

https://dhammadownload.com



စသဖြင့် စိတ်ရဲ့အညစ်အကြေးတွေ နီဝရဏတွေ လုံးဝ ကင်းသွားတာ။ အဲဒီကင်းသွားခြင်းကြောင့်ရတဲ့ ပီတိနဲ့ သုခဟာ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ သိမ့်သိမ့်သိမ့်သိမ့်နဲ့ ဖြစ်လာတယ်၊ အဲဒါကို **"ဝိဝေကဇပီတိသုခ"** လို့ ခေါ်တယ်။

ဝိဝေကဆိုတာ အကုသိုလ်တရားတွေ ကာမဂုဏ်အာရုံတွေနဲ့ ကင်းသွားပြီး ရလာတဲ့ ချမ်းသာသုခ တစ်မျိုးပဲ၊ အဲဒီချမ်းသာသုခကို သာမန်ပုဂ္ဂိုလ်တွေက အတွေ့အကြုံမရှိဘူး၊ မခံစားဖူးဘူး၊ မခံစားဖူးတော့ ကာမသုခပဲ အကောင်းဆုံးလို့ ထင်တယ်ပေါ့၊ အဲဒီ သုခရလာပြီ ဆိုတဲ့အခါမှာ ဒါ ပထမဈာန် ချမ်းသာလို့ ခေါ်တာ။

အဲဒီ ပထမဈာန်ချမ်းသာ ခံစားလို့ ဒုတိယဈာန်အဆင့်တက်ချင်ပြီဆိုရင် ဘာလုပ်လဲဆိုတော့ အာရုံလေးကို စိတ်ပေါ်ပို့တင်ပေးတာရယ်၊ အာရုံလေးနဲ့စိတ်နဲ့ တွဲနေအောင်လုပ်တဲ့ သဘောလေးရယ် အဲဒီသဘောနှစ်ခုဟာ စိတ်ရဲ့လှုပ်ရှားမှုတွေပဲ ဖြစ်တယ်၊ သူတို့ကို ကျော်ချင်တယ်ပေါ့၊ ဒါတွေကို ကျော်လွှားပစ်ချင်တယ်၊ ဖယ်ရှားပစ်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သမာဓိစွမ်းအားကို တိုးမြှင့်လိုက်တဲ့အခါမှာ ဝိတက် ဝိစာရ ဆိုတာ နှစ်ခုကို ဖယ်ရှားလိုက်နိုင်တယ်၊ ဘာပဲ ကျန်တော့တုန်းဆိုတော့ အာရုံလေးပေါ်မှာ ကျနေပ်နေတာရယ်၊ နေလို့ ထိုင်လို့ ကောင်းပြီးတော့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ပေါ့ပါးနေတာရယ်၊ စိတ်ကလေးတည်ငြိမ်နေတာရယ်၊ ဒီသုံးမျိုး၊ ပီတိရယ် သုခရယ် ဧကဂ္ဂတာရယ်၊ ဒီသုံးမျိုးနဲ့နေတာကျတော့ ဒုတိယဈာန်လို့ ခေါ်တယ်။

https://dhammadownload.com



အဲဒီမှာလည်းပဲ ပီတိဆိုတဲ့ နှစ်ခြိုက်မှုလေးဟာ စိတ်ရဲ့ လှုပ်ရှားမှုလေးတစ်ခု ဖြစ်တယ်၊ စိတ်ရဲ့လှုပ်ရှားမှုဆိုတာ သမာဓိကို နည်းနည်းတော့ အနှောင့်အယှက်ပေးတာပဲ၊ ဒါကြောင့်မို့ သူ့ကို မလိုချင်တော့ဘူး၊ ခန္ဓာကိုယ်ထဲမှာ သိမ့်သိမ့် သိမ့်သိမ့်နဲ့ လှုပ်နေတာ မကြိုက်ဘူး၊ ငြိမ်ချင်တယ် ဆိုပြီးတော့ သမာဓိစွမ်းအားကို မြှင့်လိုက်တဲ့အခါကျတော့ ပီတိဆိုတာ ပေါ်မလာတော့ဘူး၊ ပီတိပေါ်မလာရင် ခန္ဓာကိုယ်မှာ ပေါ့ပါးပြီး နေလို့ကောင်းတာရယ်, တည်ငြိမ်နေတဲ့ စိတ်ကလေးရယ် ဒါလေးပဲ ကျန်နေတယ်၊ ဒီနှစ်ခုတည်း သုခနှင့် ဧကဂ္ဂတာ နှစ်ခုတည်းနဲ့ နေတာကို တတိယဈာန်လို့ ခေါ်တယ်၊ အဲဒီကျရင် သုခပဲ ရှိတယ်နော်၊ ပီတိဆိုတာ မပါဘူး၊ ပီတိကင်းတဲ့သုခ **နိပ္ပီတိကသုခ**လို့ ခေါ်တယ်၊ ပီတိမရှိတဲ့သုခဟာ အင်မတန်မှ ငြိမ်သက်တယ်လို့ ပြောတာ။

နောက် အဲဒီမှာ သုခဆိုတာလေးကိုပဲ, ဒီ နေထိုင်ကောင်းနေတာလေးကိုပဲ ခံစားမှုက ထင်ရှားနေသည့် အတွက်ကြောင့် သမာဓိကို နှောင့်ယှက်နေသလို ဖြစ်တယ်၊ ဒါကြောင့်မို့လို့ သူ့ကို မလိုချင်ဘူး၊ ကျော်ချင်တယ် ဆိုပြီးတော့ သမာဓိစွမ်းအားကို မြှင့်တဲ့အခါမှာ သုခဆိုတာ ပေါ်မလာဘဲ စိတ်ဟာ လုံးဝငြိမ်ပြီးတော့သွားတယ်။ ဥပေက္ခာရယ်၊ ဧကဂ္ဂတာရယ် ဒီနှစ်ခုနဲ့ နေတာကျတော့ စတုတ္ထဈာန်လို့ခေါ်တယ်။

ဥပေက္ခာဆိုတဲ့ ဝေဒနာဟာ စတုတ္ထဈာန် သမာဓိကို အနှောင့်အယှက် မပေးဘူး၊ သမာဓိဟာ အစွမ်းသတ္တိတွေ

https://dhammadownload.com



အင်မတန်မှ ထက်လာပြီ၊ အဲဒီလို ထက်လာတဲ့အချိန်မှာ ခုနက အဘိညာဉ်တန်ခိုးတွေဆိုတာလည်း အဲဒီကျမှရတယ်ပေ့ါ၊ အဲဒါက ရူပဈာန် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့်ဆိုတာ တက်ပုံ။

အဲဒီလို တက်ရင်းကနေပြီးတော့ အခု **ဉပသိဝ** ရလာတာ ဒီအဆင့်တွေ ကျော်သွားတယ်၊ ရှေ့အဆင့် ကျော်လာတယ်၊ အဲဒီလို ကျော်လာတာ ဈာန်ရဲ့အင်္ဂါလို့ခေါ်တဲ့ အချက်တွေကို ဖယ်ရှား ဖယ်ရှားပြီးတော့ ကျော်တဲ့နည်းစနစ်နဲ့တက်တာ၊ ဒီ့ထက်အဆင့်မြင့်တာကို တက်ချင်ပြီ ဆိုရင်တော့ ဈာန်အင်္ဂါတွေကို ကျော်ဖို့ရာ မရှိတော့ဘူး၊ ဝေဒနာဆိုတာ ကျော်ပစ်လို့ မရဘူး၊ ဥပေက္ခာဆိုတာ အနည်းဆုံးရှိရမယ်၊ သမာဓိလည်း ကျော်ဖြတ်လို့မရဘူး၊ အဲဒီတော့ ဘာကို ပြောင်းလိုက်တုန်းဆိုတော့ ခုနက ကသိုဏ်းရုပ်ဆိုတာကို ဖယ်လိုက်တယ်၊ ကသိုဏ်းရုပ်ကြီးကို နှလုံးမသွင်းတော့ဘဲ, ဒီ ကသိုဏ်းရုပ်ကြီးကို စိတ်ထဲက ဂရုမစိုက်တော့ဘဲ ဖယ်လိုက်တယ်။

ကသိုဏ်းရုပ်ကို အာရုံမစိုက်တော့ဘူး၊ နှလုံးမသွင်းတော့ဘူး၊ ဖယ်လိုက်တဲ့အခါမှာ ကွက်လပ်လေး မကျန်ဘူးလား၊ ဥပမာ-စားပွဲပေါ်ထားတဲ့ စာအုပ်ကလေးကို ဖယ်လိုက်မယ်ဆိုရင် စာအုပ်နေရာမှာ ကွက်လပ်လေး ဖြစ်သွားတာပေ့ါ၊ အဲဒီကွက်လပ်လေးကို space လို့ခေါ်တယ်၊ အာကာသလို့ခေါ်တယ်။ အဲဒီ အာကာသလေးဟာ ဉပါဒ် ဌီ ဘင်, ဖြစ်ပေါ်လာတာတို့ တည်ရှိတာတို့ ပျက်တာတို့ မရှိဘူး။ ပညတ်သဘော ဖြစ်သည့်

https://dhammadownload.com



အတွက်ကြောင့် အဆုံးအပိုင်းအခြားမရှိဘူး၊ အဆုံးအပိုင်းအခြား မရှိသည့် အဲဒီ အာကာသကိုပဲ အာရုံပြုလိုက်တယ်။

ရုပ်ကို အာရုံမပြုတော့ဘဲ အဲဒီ အာကာသကိုပဲ အာရုံပြုလိုက်တယ်၊ ပညတ်ကိုပဲအာရုံပြုတယ်၊ အဲဒီလို အာကာသပညတ်ကို အာရုံပြုတော့ ရုပ်ပိုင်းဆိုင်ရာစျာန်တွေ အကုန်လုံး ကျော်လွှားသွားတယ်နော်၊ ကသိုဏ်းရုပ်လို ကြည့်နေရတဲ့အရာတွေ လုံးဝမရှိတော့ဘူး၊ လှုပ်ရှားတဲ့အရာတွေ လုံးဝမရှိတော့ဘူး၊ ပိုပြီးတော့ ငြိမ်သက်သွားတယ်၊ အဲဒီလို ငြိမ်သက်သွားတာကို **အာကာသာနဉ္စာယတန စျာန်**လို့ ခေါ်တယ်၊ အရူပစျာန်အဆင့် တက်သွားတာ။

တစ်ခါ အဲဒီကနေတစ်ဆင့်တက်တော့ အဲဒီ အာကာသကို အာရုံမပြုတော့ဘဲ အာကာသကို အာရုံပြုတဲ့ စိတ်လေးကို အာရုံအဖြစ် အသုံးချလိုက်တဲ့အခါ **ဝိညာဏဉ္စာယတန** ဆိုတဲ့ ဒုတိယစျာန်အဆင့်ကို တစ်ခါရောက်သွားတယ်၊ အရူပ ဒုတိယ စျာန်အဆင့်ကို ရောက်သွားတယ်။

တစ်ခါ အဲဒါကို အဆင့်တက်ချင်တော့ ဘာလုပ်တုန်းဆိုတော့ အဲဒီစိတ်လေးကိုပါ ဖျောက်ပစ်လိုက်တယ်၊ ဖျောက်ပစ်လိုက်တဲ့အခါ အဲဒီစိတ် မရှိတော့ဘူး၊ မရှိတော့တဲ့အခါ Nothingness of first viññana ပဌမအရူပစိတ်ကလေး မရှိတော့ဘူး၊ ပျောက်ကွယ်သွားပြီ၊ ဘာမှကိုမကျန်တော့ဘူး၊ မကျန်တော့တဲ့ နတ္ထိဘာဝကို အာရုံပြုပြီးတော့ ဒီသမာဓိစွမ်းအားကို

https://dhammadownload.com



မြင့်လိုက်တဲ့အခါ **အာကိဉ္စညာယတနစျာန်** ဆိုတဲ့အဆင့်ကို ရောက်လာတယ်။

သမာဓိစွမ်းအားတွေဟာ ကြီးသည်ထက် ကြီးလာတယ်၊ ပထမအရူပစိတ်ရဲ့အာရုံက အာကာသ၊ ဒုတိယအရူပစိတ်ရဲ့ အာရုံက အဲဒီအာကာသကို အာရုံပြုတဲ့စိတ်၊ တတိယအရူပစျာန်ကျတော့ အဲဒီပထမစိတ်ကလေး မရှိတော့တာကို အာရုံပြုတာ။

အဲဒီတော့ **ဥပသီဝရ** တဲ့စျာန်က အဲဒီစျာန်ပဲ။ ပထမစိတ်လေး မရှိတော့ဘူးဆိုတဲ့ အာကိဉ္စည၊ ဘာမှမကျန်တော့ဘူး၊ လုံးဝချုပ်သွားပြီ၊ မရှိတော့တဲ့ အနေအထားလေးကို အာရုံပြုပြီးတော့ ဒီသမာဓိရတာ၊ ကဲ- စဉ်းစားကြည့်၊ မရှိတဲ့အပေါ်မှာ ရပ်တည်နိုင်တဲ့ သမာဓိဆိုတာ အံ့ဩစရာပဲ။ ရှိတဲ့အပေါ်မှာ ရပ်တည်တဲ့ သမာဓိက ဒါ သိပ်ပြီးတော့ အံ့ဩစရာ မကောင်းဘူးပေါ့၊ ဘာမှ မရှိဘူးဆိုတဲ့ အပေါ်မှာ စိတ်တည်ငြိမ်အောင်ထားနိုင်တယ်ဆိုတာဟာ အင်မတန်မှ စွမ်းအားထက်တယ်ပေါ့။ ဒါကြောင့်မို့ အာကိဉ္စညာယတနစျာန်၊ **အာကိဉ္စည** ဆိုတာ **အကိဉ္စန-** ဘာမှမကျန်ဘူးလို့ပြောတာ၊ **"နတ္ထိ ကိဉ္စိ"** နည်းနည်းလေးမှ မကျန်ဘူး၊ လုံးဝပျောက်ကွယ်သွားတဲ့ အနေအထားတစ်ခု မရှိတော့တဲ့ အခြေအနေတစ်ရပ်ကို အာရုံပြုပြီး ဒီသမာဓိကို ရထားတာ ဖြစ်တယ်၊ အဲဒီတော့ **ဥပသီဝ** လည်း ဒီသမာဓိကို ရလိုက်တာ၊ အဲဒီလို ရလိုက်ပြီး သူ့တရားက ဒီမှာတင် ဆုံးနေတယ်။

https://dhammadownload.com



## နံပါတ် (၁) မေးခွန်း

ဒါကြောင့် အဲဒီမှာ သူက မြတ်စွာဘုရားကို မေးတယ်-

**"ကော အဟံ သက္က မဟန္တမောဃံ"**

မြတ်စွာဘုရား ရှေ့ပိုင်းမှာ ဟောတယ်လေ၊ ဒီသံသရာဝဋ်ဆင်းရဲက ပြတ်ရန်အတွက် ဩဃကို ဖြတ်ကျော်ရမယ်တဲ့၊ ဩဃတွေရှိတယ်၊ ဒီလှိုင်းကြီးတွေ ရှိနေတယ်၊ အဲဒါကို ဖြတ်ရမယ်၊ ဖြတ်မှ ဟိုဘက်ကမ်းကို ရောက်မယ်၊ ဒီဘက်ကမ်းမှာ နေလို့ကတော့ မရဘူး၊ ဒီဘက်ကမ်းမှာနေရင် ဘာတွေရှိတုန်းဆိုတော့ အိုမယ် နာမယ် သေမယ်နော်၊ ဒီဘက်ကမ်းက ဇာတိဆိုတာရှိတယ်၊ ဇရာ မရဏ ရှိတယ်၊ အဲဒီတော့ ဟိုဘက်ကမ်းကို ကူးရမယ်။

ဟိုဘက်ကမ်းကိုကူးရင် ဩဃဆိုတဲ့ ဒီလှိုင်းကြီးတွေ ရေစီးကြီးတွေ ဖြတ်နေတယ်၊ အဲဒီ ရေလှိုင်းကြီးတွေ ဖြတ်ပြီးတော့ ဟိုဘက်ကမ်းသွားရမယ်ဆိုရင် ဒီလှိုင်းကြီးတွေကို ဖြတ်ကျော်ဖို့အတွက် အနည်းဆုံး ဒီလှိုင်းထဲမျောပါမသွားနိုင်လောက်အောင် ဆန်တက်နိုင်လောက်အောင် စွမ်းအားရှိတဲ့ သင်္ဘောတို့ ဘာတို့ လှေတို့ ဒီလိုရှိရမှာပေါ့နော်၊ တစ်ခုခုစီးပြီးမှ ဖြတ်လို့ရမှာကိုး။ မြတ်စွာဘုရားက ဩဃကို ဖြတ်ကျော်ရမယ်လို့ ဟောထားတာကို သူက သဘောကျပြီးတော့ သူကပြောတယ်။

**"ကော အဟံ သက္က မဟန္တမောဃံ**
**အနိဿိတော နော ဝိသဟာမိ တာရိတုံ"**

https://dhammadownload.com



သူတစ်ယောက်တည်း ဘာမှ အမှီမရှိဘဲနဲ့ အဲဒီဩဃကို မဖြတ်နိုင်ဘူးတဲ့၊ သူရထားတဲ့စျာန်ကို မှီပြီးတော့ ဖြတ်ရမယ် ဆိုတာကို သူမသိဘူး၊ မြတ်စွာဘုရားက နည်းပေးမယ်။

သူမေးတဲ့မေးခွန်းကတော့ "အင်မတန်ကြီးမားတဲ့ ဩဃကြီးကို ဘာမှအမှီမရှိဘဲ ဆိုပါစို့- ဆရာသမားမရှိဘဲ (သို့မဟုတ်) မှီစရာ အာရုံတရားမရှိဘဲ သူဟာ မဖြတ်ဝံ့ဘူးတဲ့၊ ဖြတ်လို့မရနိုင်ဘူး၊ ဒါကြောင့်မို့လို့ ပုဂ္ဂိုလ်တစ်စုံတစ်ယောက် (သို့မဟုတ်) တစ်စုံတစ်ခု အာရုံကိုမှီပြီး ဖြတ်လို့ရတဲ့နည်းကို သူ့ကိုပေးပါ"တဲ့၊ ဒါ သူ့ရဲ့မေးခွန်းပဲနော်။

**"အာရမ္မဏံ ပြုဟိ သမန္တစက္ခု**

**ယံ နိဿိတော ဩဃမိမံ တရေယျံ"**

အဲဒီ ဩဃကြီးကို ဖြတ်ကျော်လို့ရတဲ့, သူအမှီပြုပြီး ဖြတ်ကျော်လို့ရတဲ့အာရုံကို သူ့ပြောပေးပါတဲ့၊ သူ့ကို ဟောကြားပေးပါ၊ ဘယ်လို ဖြတ်မလဲပေ့ါ။

သူပြောတဲ့ ဩဃဆိုတာ ဘာလဲဆိုရင် ကာမဂုဏ်အာရုံ စိတ်တွေ ဒီသံသရာရေယာဉ်ကြောကို မျောနေမယ့် အနေအထား၊ ဒါတွေကို ဖြတ်ဖို့အတွက် သူက အိုခြင်း နာခြင်းဆိုတာတွေကို လုံးဝလွန်မြောက်ချင်တယ်၊ အိုခြင်း နာခြင်းကို ဘယ်လိုနည်းနဲ့ အဆုံးသတ်မလဲနော်၊ အဲဒီ လွှမ်းမိုးနေတာတွေကို ဖြတ်ကျော်ချင်တယ်၊ မအို မနာ မသေရမည့် နေရာကို သွားချင်တယ်။

https://dhammadownload.com



အဲဒီမှာ မြတ်စွာဘုရားက ဖြေတယ်-

**"အာကိဉ္စညံ ပေက္ခမာနော သတိမာ၊**

**နတ္ထီတိ နိဿာယ တရဿု ဩဃံ"** တဲ့၊

သူရ,ထားတဲ့တရားဟာ သံသရာမှာ မဆုံးဘူးဆိုတာတော့ သိတယ်၊ အဲဒီ ရ,ထားတဲ့တရားကို အမှီပြုပြီးတော့ ဘယ်လို ဖြတ်ရမယ်ဆိုတဲ့နည်းကို သူမသိဘူး၊ အဲဒီမှာ မြတ်စွာဘုရားက နည်းပေးတာ **"အာကိဉ္စညံ ပေက္ခမာနော သတိမာ"** တဲ့၊ "မင်းရထားတဲ့ ဈာန်ကိုပဲ ပြန်ပြီးတော့ ရှုပါတဲ့၊ မရှုဘဲနေလို့ရှိရင် သူက အာကိဉ္စညာယတနဈာန်ကိုမှီပြီး အာကိဉ္စညာယတနဘုံ ရောက်မှာ၊ အဲဒီဘုံမှာ ဘယ်လောက်ကြာအောင် သူနေရမလဲ ဆိုရင် မဟာကပ် ၆၀-သောင်း တဲ့၊ မဟာကပ် ၆၀-သောင်းတောင် အဲဒီမှာ သူအသက်ရှည်မယ်။

ဒီလောက်ကြီးထိ အသက်ရှည်နေတာ မအို မနာ မသေ တော့ဘူးလားဆိုတော့ မဟုတ်ဘူး၊ ၆၀-သောင်း ပြည့်သွားရင် သွားတာတော့ သွားမှာပဲ၊ သူ့မှာလည်း အဆုံးရှိတယ်ပေါ့၊ ဒါပေမယ့် နေရတာတော့ တမေ့တမောကြီးပေါ့နော်၊ ကမ္ဘာပေါင်း ၆၀-သောင်း၊ မဟာကပ် ၆၀-သောင်း သူနေရမယ်၊ အဲဒီတော့ မဟာ ကပ် ၆၀-သောင်းနေပြီး ပြန်ပြီးလည်လာရမယ့် ဒီလှိုင်းကြီးထဲမှာ ပြန်ကျမှာကို သူမလိုချင်ဘူး၊ အဲဒါ သူဘယ်လိုလုပ် ဖြတ်ရ မလဲပေါ့။

အဲဒီမှာ မြတ်စွာဘုရားက **"အာကိဉ္စညံ ပေက္ခမာနော သတိမာ"** "မင်း သတိထားလိုက်တဲ့၊ မင်းရ,ထားတဲ့ဈာန်ကို

https://dhammadownload.com



ပြန်ကြည့်လိုက်၊ ပြန်ကြည့်လိုက်တဲ့အခါ အဲဒီစျာန်ဟာ အကြောင်းတရားတွေက စုပေါင်းပြုလုပ်ထားတဲ့ သင်္ခတ တရားမျှသာ ဖြစ်တယ်၊ အဲဒီသင်္ခတ တရားမှန်လို့ရှိရင် မမြဲဘူး၊ ပျက်စီးခြင်း သဘောရှိတယ်၊ အဲဒီအနေအထားကို မင်းမြင်အောင် ကြည့်ပါ" တဲ့။

**"နတ္ထိတိ နိဿာယ တရသု ဩဃံ"** "အဲဒီ အာကိဉ္စည စျာန်ကိုပဲ ဝိပဿနာရှုပြီးတော့ အဲဒီဝိပဿနာဉာဏ်ကို အားပြုပြီးတော့ မဂ်စိတ် ဖိုလ်စိတ်ပေါ်အောင်လုပ်ပြီး ဩဃကို ဖြတ်ပါ"လို့ ပြောတာ၊ ဒါ ဖြတ်နည်းကောင်းကို မြတ်စွာဘုရား သင်လိုက်တာ။

စျာန်တွေရတယ်ဆိုတာ လောဘကိုလည်း ခဏလေးပဲ ပယ်ထားတာ၊ ဒိဋ္ဌိဆိုတာလည်း ခဏလေးပဲ၊ အဝိဇ္ဇာဆိုတာလည်း ခဏလေးပဲ ဖယ်ထားတာ၊ ဝိက္ခမ္ဘနပဟာန်ဆိုတာ အခိုက်အတန့် ဖယ်ခွာထားတာပဲ ရှိတယ်၊ အဲဒါကို မြတ်စွာဘုရားက ဝိပဿနာ ရှုခိုင်းတာ၊ ကိုယ်ရထားတဲ့စျာန်ကိုပဲ မမြဲတဲ့သဘောနဲ့ ဒီသဘာဝ တရားလေးတွေကိုရှု။

အဲဒီ အာကိဉ္စညာယတနစျာန်ရဲ့ အာရုံက ဘာတုန်း ဆိုတော့ ပညတ်ကြီးဖြစ်နေတယ်၊ ပထမအရူပစျာန်ရဲ့ မရှိခြင်း ဆိုတဲ့ ဘာမှမကျန်တော့ခြင်းဆိုတဲ့ နတ္ထိဘာဝပညတ်ကို မရှိတော့ တဲ့ အနေအထားတစ်ခုကို အာရုံပြုပြီးတော့ ဒီစျာန်ကြီးက ရပ်တည်နေတာ။

ဝိပဿနာရှုတော့မယ်ဆိုရင် အဲဒီ မရှိတာကို ရှုလို့မရဘူး၊ ဝိပဿနာက တကယ်ရှိတာကိုသာ ရှုရတာ။ ဝိပဿနာရဲ့အာရုံ

https://dhammadownload.com



ဟာ တကယ်စစ်မှန်တဲ့ ပရမတ္ထတရားသာ ဖြစ်တယ်၊ အဲဒီတော့ မရှိတာဟာ ရုပ်နာမ်မှမဟုတ်တာ၊ သဘာဝတရား မဟုတ်ဘူး၊ ပရမတ်တရား မဟုတ်ဘူး၊ ပညတ်ကြီး ဖြစ်နေတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားက အဲဒါကို မရှုနဲ့။

အာကိဉ္စညာယတနစျာန်ဆိုတဲ့အထဲမှာ ဘာတွေပါတုန်းဆို စိတ်ပါတယ်၊ ဖဿ ပါတယ်၊ ဝေဒနာပါတယ်၊ သညာ သင်္ခါရ ဝိညာဉ်ဆိုတာတွေ ပါတယ်လေ၊ အာကိဉ္စညာယတနစိတ်နဲ့ ယှဉ်တဲ့ စေတသိက်တွေပါတယ်၊ အဲဒီအုပ်စုထဲက ဒီသဘာဝ တရားတွေကို ပြန်ကြည့်လိုက်တဲ့၊ ဝိပဿနာဉာဏ်နဲ့ သတိကြီးစွာ ထားပြီးတော့ ပြန်ကြည့်လိုက်၊ ပြန်ကြည့်လိုက်လို့ရှိရင် အာကိဉ္စ-ညာယတနစျာန်ထဲမှာ ပါဝင်တဲ့ စိတ်တွေ စေတသိက်တွေ၊ ဖဿ တို့ ဝေဒနာတို့ သညာတို့ သင်္ခါရတို့ဆိုတာတွေ ဒါတွေဟာ တစ်ခုမျှ မမြဲပါလား၊ အကြောင်းကနေ ဖန်တီးထားတဲ့ သင်္ခတ တရားတွေမျှသာ ဖြစ်တယ်၊ သင်္ခတတရား မှန်လို့ရှိရင် အနိစ္စ သဘောတရား မမြဲတဲ့သဘောတရားတွေ ဖြစ်တယ်၊ **ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ** -ဖြစ်ခြင်းသဘောရှိပြီဆိုရင် ပျက်ခြင်းသဘောရှိတာ ကေန်ပဲ၊ မြေကြီးလက်ခတ် မလွဲဘူး၊ အဲဒီသဘောကို ဆင်ခြင်သုံးသပ်လိုက်တဲ့၊ ဝိပဿနာရှုလိုက်လို့ ပြောတာ။

အဲဒီ နတ္ထိဆိုတဲ့ အာကိဉ္စညာယတန နတ္ထိကို အာရုံပြုနေတဲ့, မရှိတာကို အာရုံပြုနေတဲ့ အာကိဉ္စညာယတနစျာန်ကို အမှီပြုပြီး ရင် မဂ်စိတ်တွေ ပေါ်လာနိုင်တယ်၊ အဲဒီအခါမှာ ဩဃကို

https://dhammadownload.com



ဖြတ်ကျော်လို့ရမယ်၊ အဲဒီနည်းနဲ့ဖြတ်ကျော်ပါတဲ့။ အဲဒီမှာ **"ကာမေ ပဟာယ ဝိရတော ကထာဟိ"** အဲဒါကို ဖြတ်ကျော်လိုက်ရင် ကိလေသာတွေဟာ ဖယ်ရှားပြီး ဖြစ်သွားလိမ့်မယ်၊ ကိလေသာတွေကို ဖယ်ရှားနိုင်လိမ့်မယ်။

သူက ဒီ အာကိဉ္စညာယတနစျာန်ကို ရ,ထားလို့ ကျင့်ကြံကြိုးကုတ်အားထုတ်လိုက်မယ်ဆိုရင်, ဝိပဿနာရှုလိုက်မယ်ဆိုရင် ပထမအဆင့်မှာ သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်ရမယ်၊ တစ်ခါထပ်ပြီး ဝိပဿနာအဆင့်မြှင့်လိုက်မယ်ဆိုလို့ရှိရင် သကဒါ-ဂါမိမဂ် သကဒါဂါမိဖိုလ် ရမယ်၊ ထပ်ပြီးတော့ မြှင့်လိုက်ရင် အနာဂါမိမဂ် အနာဂါမိဖိုလ်ရမယ်၊ အဲဒီအချိန်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ် မရနိုင်ဘူးဆိုလို့ရှိရင် သူကဒီစျာန်ရဲ့အရှိန်ကြောင့် အာကိဉ္စညာယတနဘုံ ရောက်သွားမှာပဲ။

သူ့မှာ ကိလေသာ ကျန်နေသေးတယ်၊ ဘာအပေါ်မှာ တွယ်တာနေသေးတုန်းဆိုတော့ သူရ,ထားတဲ့ ဝိပဿနာ၊ ဆိုပါတော့ - သူဟာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရစေနိုင်တဲ့ ဝိပဿနာ သူ့သန္တာန်မှာ မရှိဘူး၊ ရှိတာက ဘာတုန်းဆိုရင် အနာဂါမိမိဂ် အနာဂါမိဖိုလ်ကို ရစေနိုင်တဲ့ ဝိပဿနာရှိတယ်၊ အဲဒီအပေါ်မှာ သူက အတွယ်ကလေး ရှိနေသေးတယ်တဲ့နော်၊ အင်မတန်သိမ်မွေ့တဲ့ တဏှာ၊ အဲဒါကို **ဓမ္မရာဂ, ဓမ္မနန္ဒီ** လို့ ခေါ်တယ်၊ **ဓမ္မရာဂ** ရ,ထားတဲ့ ဝိပဿနာတရားအပေါ်မှာ တွယ်နေတယ်၊ ကိုယ်ရ,ထားတဲ့ဝိပဿနာတရားကို သဘောကျနေတယ်၊ အဲဒီ သဘောကျနေသေးသမျှ မစွန့်လွှတ်နိုင်လို့ရှိရင်

https://dhammadownload.com



အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရစေနိုင်တဲ့ ဝိပဿနာဘက်ကို မရောက်တော့ဘူး၊ ဒီမှာတင် လမ်းဆုံးနေနိုင်တယ်၊ ဘာဖြစ်လို့ တုန်းဆိုရင် ကြိုက်နေတာကိုး၊ ဟုတ်ကဲ့လား။

လောကလူတွေက ဒါလေးကြိုက်ပြီဆိုရင် ရွှေ့သေးလား၊ မရွှေ့ဘူးနော်၊ ပစ္စည်းလေးတစ်ခု သွားဝယ်ရင် ဒါလေးကြိုက်ပြီ ဆိုရင် ဒါလေးပဲ ယူတော့မှာပေါ့၊ မရွှေ့တော့ဘူးလေ၊ အဲဒါ မကြိုက်သေးဘူးဆိုရင် ရွှေ့လိမ့်ဦးမယ်ပေါ့၊ အဲဒီတော့ ဒီတရား မှာလည်းပဲ ဒါတင် ကျေနပ်သွားပြီဆိုလို့ရှိရင် ရှေ့မရောက်တော့ ဘူး၊ အဲဒါကို **ဓမ္မရာဂ ဓမ္မနန္ဒီ** လို့ခေါ်တာ။

အဲဒီ ဓမ္မရာဂ, ဓမ္မနန္ဒီကြောင့် ဒါနဲ့ သေသွားလို့ ရှိရင်တော့ သူ ဥပပါတ်ပဋိသန္ဓေနေရတဲ့ အရူပဘုံကို ရောက်သွားမှာပဲ၊ ရောက်သွားလို့ရှိရင် မဟာကပ် ၆-သောင်း အဲဒီမှာနေလေရော့၊ နေပြီးလို့ ပြန်ပြီးတော့ သေလို့ရှိရင်တော့ ဇောက်ထိုးမိုးမျှော်ပဲ၊ ပြန်ဆင်းဦးမှာပဲ၊ ရောက်ဦးမှာပဲ၊ သံသရာကြီးထဲမှာ ဩဃကြီးထဲ ပြန်ရောက်သွားဦးမှာပဲလို့ ဆိုလိုတယ်နော်၊ ပုထုဇဉ် ဆိုရင်ပေါ့ လေ။

မြတ်စွာဘုရားက **'ကာမေ ပဟာယ ဝိရတော ကထာဟိ'** 'အပိုစကားတွေ မင်းမပြောတော့ဘဲနဲ့' တဲ့ "တွယ်တာမှု တဏှာ တွေ, ဒီနေရာမှာ ကာမဆိုတာ အကြမ်းစားကာမတွေကိုပြောတာ မဟုတ်တော့ဘူး, ကိုယ့်ကျင့်ထားတဲ့ တရားပေါ်မှာကို မတွယ်နဲ့၊ မတွယ်ဘဲနဲ့ **တဏှက္ခယံ နတ္တမဟာ ဘိပဿ** အဲဒီတွယ်တာမှု တွေ အားလုံးကုန်သွားတဲ့ နိဗ္ဗာန်ကို မြင်အောင်လုပ်"တဲ့၊ "အဲဒီ

https://dhammadownload.com



နိဗ္ဗာန်ကိုမြင်မှ အာသဝေါတွေကလည်း အကုန်ကုန်တာကိုး၊ နိဗ္ဗာန်ကို မမြင်သေးသမျှ တဏှာကမကုန်ဘူး” အဲဒီတော့ တဏှာကုန်တဲ့ မဂ်ဆိုတာကလည်း နိဗ္ဗာန်ကို ကြည့်ပြီးတော့ ကုန်တာလေ၊ အဲဒီတော့ အဲဒါကို မြင်အောင်ကြည့်ပါလို့ ဒီလို ဟောတယ်။

## နံပါတ် (၂) မေးခွန်း

အဲဒီလိုဟောတော့ သူက ပြန်မေးတယ်-

**“သဗ္ဗေသု ကာမေသု ယော ဝီတရာဂေါ”** -“ကာမဂုဏ် အာရုံတွေပေါ်မှာ တွယ်တာမှု လုံးဝကင်းသွားတဲ့ ပုဂ္ဂိုလ်ဟာ” **“အာကိဉ္စညံ နိဿိတော ဟိတွာ မညံ”** “အာကိဉ္စညာယတန စျာန်ကိုပဲ အမှီပြုမယ်၊ တခြားစျာန်တွေကို အမှီမပြုတော့ဘူး၊ ဖယ်ထားပြီးပြီ။

ဟုတ်တယ်၊ ဒုတိယစျာန်ရတာနဲ့ ပထမစျာန်ကို ဖယ်ထားလိုက်ပြီလေ၊ တတိယစျာန်ရရင် ဒုတိယစျာန်ကို ဖယ်လိုက်ပြီ၊ အဲဒီလိုအဆင့်ဆင့်ဖယ်ထားပြီးပြီ၊ နောက်ဆုံး အာကိဉ္စညာယတန စျာန်ကိုရရင် အောက်ကစျာန်တွေ အကုန် သူဖယ်ထားတာ၊ ဖယ်လိုက်ပြီ၊ အဲဒီ ဖယ်လိုက်ပြီးတော့ အမြင့်ဆုံး သူရထားတဲ့အထဲက “သညာဝိမောက္ခ”လို့ ခေါ်တယ်၊ **သညာ ဝိမောက္ခေ ပရမေ ဝိမုတ္တော** သညာရှိပြီးတော့ ကာမအာရုံတွေက လွတ်မြောက်နေတဲ့ ဒီစျာန်မှာ တည်မြဲသွားမယ်ဆိုရင် **“တိဋ္ဌေ နု သော တတ္ထ**

https://dhammadownload.com



**အနာဂနုယာယီ"** တဲ့၊ အဲဒီလို အာကိဉ္စညာယတနစျာန်ကို မပျက်မစီး ထာဝရ ရ,ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာတဲ့, အာကိဉ္စညာယတနဘုံမှာ အကြာကြီး တည်နိုင်တယ် မဟုတ်လားတဲ့။

ဆိုလိုတာက သူ့ဘဝမှာ မဟာကပ် ၆-သောင်းတည်နေလို့ ရတယ် မဟုတ်လားတဲ့။ မြတ်စွာဘုရားက ဟုတ်တယ်တဲ့၊ သူက အဲဒီမှာတည်နေမယ်တဲ့၊ မဟာကပ် ၆-သောင်းထိ၊ ဒါက ပုထုဇဉ်ဘဝနဲ့ သေသွားလို့ရှိရင်တော့ သေချာတယ်၊ အဲဒီမှာ ဒီလိုပဲ သူနေမှာ၊ ရှေ့တက်စရာအကြောင်း မရှိတော့ဘူးပေါ့။

အဲဒီလို မဟုတ်ဘဲနဲ့ အာကိဉ္စညာယတနစျာန်ကို ရပြီးနောက် သောတာပန်ဖြစ်ပြီးတော့မှ အရူပဘုံရောက်ရင် အဲဒီပုဂ္ဂိုလ်က အရိယာအဖြစ်နဲ့ဘဝအဆုံးသတ်မှာဖြစ်တယ်။ (ပုထုဇဉ်ဘဝနဲ့ ရောက်လို့ကတော့ မျှော်လင့်ချက်မရှိဘူး၊) ဆိုပါစို့ - မြတ်စွာဘုရားအလောင်းကို သမထကျင့်စဉ်နဲ့ ပတ်သက်ပြီးတော့ Guide လုပ်ပေးတဲ့ အာဠာရကာလာမဆိုတာ ဘယ်ရောက်နေသလဲလို့ဆိုရင် အဲဒီအာကိဉ္စညာယတနဘုံ ရောက်နေတာ၊ သူက ပုထုဇဉ်ဘဝမှာ သေသွားတာဆိုတော့ အဲဒီမှာ သူလမ်းမဆုံးဘူး၊ မဟာကပ် ၆-သောင်း၊ သူနေပြီးရင် လောကကြီးထဲ ပြန်ရောက်လာဦးမှာပဲ၊ ကံအားလျော်စွာ သံသရာလည်ဦးမှာပဲ၊ ရုပ်တရားတွေ ပြန်ပေါ်လာမယ်၊ ပြန်ဆင်းလာလိမ့်မယ်၊ သောတာပန်ဖြစ်ပြီးမှ ရောက်သွားရင်တော့ ပြန်ဆင်းမှာ မဟုတ်တော့ဘူး။

အဲဒီဘုံမှာ သောတာပန်ဆိုတာ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့တုန်းဆိုရင် သောတာပန်ဆိုတာဟာ တရားနာရမှ၊ တရားနာပြီး

https://dhammadownload.com



နာထားတဲ့အတိုင်းကျင့်ကြံကြိုးကုတ်အားထုတ်နိုင်မှ သောတာပန် ဆိုတာ ဖြစ်လို့ရတယ်၊ သူက စိတ်ချည်းရှိတဲ့ဘုံ ရောက်သွား တဲ့အခါ နားမှမပါတာ၊ ဘယ်လိုပြောလို့ ကြားရမှာလဲ၊ နားမပါတဲ့ ဘဝ ရောက်သွားတယ်၊ နားမပါတဲ့ဘဝ ရောက်သွားတော့ တရား နာခွင့် မရှိဘူး၊ တရားနာခွင့်မရှိရင် သူ ဝိပဿနာ ဘယ်လိုပွားရ မယ်ဆိုတာ သူ့မှာထိုးထွင်းသိနိုင်တဲ့အသိဉာဏ်မရှိဘူး၊ ဒါကြောင့် အဲဒီအရူပဘုံကို ပုထုဇဉ်ဘဝနဲ့ရောက်ရင် ပြန်လည်လာမှာပဲ သေချာတယ်၊ အာဠာရကာလာမရသေ့ကြီးဟာ တစ်နေ့ကျလို့ ရှိရင်တော့ ပြန်ပေါ်လာဦးမှာပဲပေါ့နော်။

သောတာပန်ဖြစ်ပြီးမှ ရောက်သွားရင်ကတော့ ရှေ့ဆက် တက်ပြီးတော့ သွားတော့မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူက စိတ် ရှိနေရင် အသိဉာဏ်ရှိတာပဲ၊ အသိဉာဏ်ရှိသည့်အတွက်ကြောင့် ဝိပဿနာဉာဏ် အလေ့အကျင့်ရနေတဲ့အခါ ဝိပဿနာဉာဏ်က စိတ်ကို စိတ်နဲ့ပြန်ရှုပြီး သကဒါဂါမ်ဖြစ်မယ်၊ အနာဂါမ်ဖြစ်မယ်၊ ရဟန္တာဖြစ်မယ်။ အဲဒီမှာတင် ချုပ်ငြိမ်းသွားနိုင်တယ်ပေါ့၊ ဒီလို ဆိုလိုတာနော်၊ ဒါကြောင့် အရူပဘုံမှာ သောတာပတ္တိမဂ်စိတ် မရနိုင်ဘူးတဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက အာဠာရကာလာမတို့ ဥဒက တို့ကို Great lost အကြီးအကျယ် ဆုံးရှုံးသွားပြီ၊ ငါဟောတဲ့ တရားများ နာလိုက်ရလို့ရှိရင် သူတို့ ထွက်ပေါက်ရသွားမှာပဲ၊ သံသရာဝဋ်က တကယ်လွတ်သွားမှာ၊ တကယ့် သူတော်ကောင်း ကြီးတွေ၊ သူတို့က လွတ်ချင်လို့ ကျင့်နေတာနော်၊ သို့သော် သူတို့

https://dhammadownload.com



မှာ လမ်းစပျောက်ပြီးတော့ သံသရာက ထွက်ပေါက်မရဘူး၊ ပြန်လှည့်လာဦးမှာပဲ၊ သူတို့ ဝက်ဘာထဲမှာ လမ်းပျောက်သလိုပဲ ထွက်ပေါက်လို့ထင်ပြီးတော့ သွားတာ၊ ဟိုကျတော့ ပိတ်နေတာနဲ့ တွေ့ဦးမှာနော်၊ ပြန်ရောက်လာကြမှာပဲ၊ ထွက်ပေါက်ရမသွားကြဘူးတဲ့။

## နံပါတ် (၃) မေးခွန်း

မြတ်စွာဘုရားက အဲဒီဘုံမှာ ဒီလိုပဲ တည်နေလိမ့်မယ်ဆိုတော့ သူက ဘာမေးတုန်းလို့ဆိုရင် အဲဒီဘုံမှာ တည်နေလို့ရှိရင်-

**"တိဋ္ဌေ စေ သော တတ္ထ အနာနုယာယီ,**
**ပူဂမ္ပိ ဝဿာနံ သမန္တစက္ခု"** တဲ့။

မြတ်စွာဘုရားကို **သမန္တစက္ခု**-အရာခပ်သိမ်းမြင်တတ်တဲ့ မျက်စိရှိတဲ့ အရှင်မြတ်လို့ ဒီလိုပြောတာနော်၊ အဲဒီဘုံမှာ မပျက်မစီး ကမ္ဘာပေါင်းများစွာ သူတည်နေပြီးတဲ့အခါမှာ အဲဒီဘုံမှာ တကယ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အကယ်၍ အရိယာသူတော်စင်ဖြစ်ပြီးတော့ လွတ်မြောက်သွားမယ် (သို့မဟုတ်) အဲဒီဘုံမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေပြီးလို့ရှိရင် အဲဒီပုဂ္ဂိုလ်ရဲ့ဝိညာဏ်စိတ်ကလေးဟာ ပျက်စီးသွားဦးမှာလား၊ သူ ရရှိထားတဲ့ ဘဝကနေ သူသေရဦးမှာလားလို့ဆိုတော့ သေရဦးမှာပေါ့တဲ့။

https://dhammadownload.com



အဲဒီဘုံမှာ ခုနကလို တရားရှုလိုက်လို့ သောတာပန်ဖြစ်သွားပြီ၊ သကဒါဂါမ်ဖြစ်သွားပြီ၊ အနာဂါမ်ဖြစ်သွားပြီ၊ အဲဒီဘုံရောက်သွားတယ်၊ ရောက်သွားပြီးတဲ့အခါမှာ အဲဒီသန္တာန်မှာဖြစ်နေတဲ့ ဒီစိတ်လေးဟာ တစ်နေ့ကျတော့ ချုပ်ငြိမ်းမှာပဲ၊ စုတိစိတ်ကျမှာပဲ၊ အဲဒီလို ချုပ်သွားလို့ အဲဒီဘုံရောက်တဲ့အခါမှာ ဝိပဿနာကျင့်စဉ်တွေ ဆက်ကျင့်လို့ နာမကာယလို့ဆိုတဲ့ နာမ်တရားအပေါင်းကနေ လုံးဝလွတ်မြောက်သွားပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်ရောက်သွားမလဲ၊ သူမေးတဲ့မေးခွန်းကနော်၊ ဆိုပါစို့-ဒီမေးခွန်းက "ရဟန္တာသေရင် ဘယ်ရောက်မလဲ?" ဒီ မေးခွန်းမျိုးပဲနော်။

မြတ်စွာဘုရားက ဘယ်လိုဖြေလဲဆိုရင်-

**အစ္စိ ယထာ ဝါတဝေဂေန ခိတ္တာ,**

**အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ။**

ဖယောင်းတိုင်ပေါ်မှာ မီးတောက် မီးလျှံကလေးရှိတယ်၊ အဲဒီ မီးလျှံလေးကို လေတိုက်လိုက်တဲ့အခါကျတော့ မီးလျှံလေးက ငြိမ်းသွားတယ်၊ အဲဒီငြိမ်းသွားတဲ့ မီးတောက်ကလေးကို ဘယ်ရောက်သွားတယ်လို့ ဘယ်လိုပြောမလဲတဲ့၊ မီးတောက်ကလေးဟာ ငြိမ်းသွားလို့ရှိရင် အဲဒီ မီးတောက်ကလေးနဲ့ပတ်သက်ပြီး ပြောစရာကျန်သေးရဲ့လား။

ဘယ်ရောက်သွားတယ်၊ ဘယ်လို ပြောင်းသွားတယ်လို့ ပြောစရာမရှိတော့ဘူးနော်၊ မီးတောက်ကလေးဟာ ငြိမ်းသွားတယ်လို့ပဲ ပြောလို့ရမယ်၊ **ဧဝံ မုနီ နာမကာယာ ဝိမုတ္တော**

https://dhammadownload.com



အဲဒါလိုပဲတဲ့ ဒီသံသရာဝဋ်ကလွတ်ဖို့ ခုနက ဝိပဿနာကျင့်စဉ် တစ်ခုကိုကျင့်လို့ ရူပကာယက နာမကာယကနေ လွတ်ပြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာတဲ့ သေသွားတာနဲ့ တစ်ပြိုင်နက် စုတိစိတ်လေး ကျလိုက်တာနဲ့ **အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ**-ငြိမ်းသွားပြီတဲ့၊ ပြောစရာမကျန်တော့ဘူး၊ နိဗ္ဗာန်ရဲ့သဘောကို ပြောနေတာနော်၊ ပြောစရာ မကျန်တော့ဘူးတဲ့။

အဲဒီမှာ ဥပသီဝဟာ နားမလည်သေးဘူး။ များသောအားဖြင့် အခုခေတ်မှာလည်း နိဗ္ဗာန်နဲ့ ပတ်သက်လို့ပြောရင် ရှုပ်ထွေးနေတုန်းပဲ၊ မြန်မာပြည်မှာ နိဗ္ဗာန်နဲ့ပတ်သက်ပြီး ရေးထားတဲ့ စာအုပ်တွေ ရှိတယ်နော်။

ရွှေကျင်ဂိုဏ်း တည်ထောင်သွားတဲ့ ရွှေကျင်ဆရာတော်ကြီး ရေးတဲ့ **ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတ** ဆိုတဲ့ကျမ်းကြီး။ (စိတ်ဝင်စားရင်တော့ ဖတ်ကြည့်ပေါ့) အဲဒီထဲမှာလည်းပဲ နိဗ္ဗာန်ရဲ့ ထူးခြားဆန်းကျယ် အံ့သြဖွယ်ဂုဏ်ရည်တွေ ထည့်ပြီးရေးထားတယ်၊ ဂုဏ်ရည်တွေ ထည့်ရေးထားတာ ဘာအဓိပ္ပာယ်တုန်းဆိုတော့ ဆရာတော်ကြီးက နိဗ္ဗာန်ဟာ လုံးဝပျောက်သွားတာ မဟုတ်ဘူး ဆိုတဲ့ အဓိပ္ပာယ်အနေနဲ့ ရေးထားတာ။

နောက် ဒွါရဂိုဏ်းကြီးကို တည်ထောင်သွားတဲ့ အုတ်ဖိုဆရာတော်ကြီးရဲ့ **စန္ဒမဏ္ဍလသုတ္တစာတမ်း** ဆိုတာ ရှိတယ်၊ သေးသေးလေးရယ်၊ အဲဒီမှာလည်းပဲ နိဗ္ဗာန်မှာ ရုပ်ထူးနာမ်ထူး ဆိုတဲ့ သဘောမျိုးတွေ ဖေါ်ပြထားတယ်။ နိဗ္ဗာန်နဲ့ ပတ်သက်လို့

https://dhammadownload.com



ရှိရင် တော်တော်လေးကို သဘောပေါက်ဖို့ လိုအပ်သေးတယ်နော်၊ ဆရာတော်ကြီးတွေက နိဗ္ဗာန်ဟာ လုံးဝငြိမ်းသွားတာ မဟုတ်ဘူး၊ ဘာမှမရှိတော့ဘူးဆိုလို့ရှိရင် ဘာလုပ်ဖို့တုန်း ဆိုတာမျိုး ဖြစ်မှာစိုးလို့၊ မရှိဘူးဆိုတာ နတ္ထိပညတ်နဲ့ သွားပြီးတော့ ရောနိုင်စရာ ရှိတယ်ပေါ့၊ အဲဒါကြောင့်မို့ မရှိဘူးဆိုတာ မဟုတ်ဘူး၊ ရှိတယ်ဆိုတာလေး လုပ်တဲ့သဘောပေါ့။

နိဗ္ဗာန်အယူအဆနဲ့ ပတ်သက်ပြီး လက်လှမ်းမမှီဘူး။ နိဗ္ဗာန်အကြောင်းကို ရေးတဲ့သူတွေဟာလည်း အတော်အံ့သြစရာ ကောင်းတယ်နော်၊ မရောက်ဖူးဘဲနဲ့ ရေးနေကြတာ။

နိဗ္ဗာန်နဲ့ ပတ်သက်ပြီး ဘုန်းကြီးတို့နဲ့ အင်မတန်မှရင်းနှီးတဲ့ ဆရာတော်တစ်ပါးရေးထားတဲ့ "ဘဝနဲ့ နိဗ္ဗာန်" ဆိုတဲ့ စာအုပ်မှာ နိဗ္ဗာန်အကြောင်းတွေကို စုရေးပြထားတာရှိတယ်၊ မဟာစည် ဆရာတော်ဘုရားကြီး စုပြီးတော့ ဟောထားတဲ့ **နိဗ္ဗာနပဋိသံယုတ္တကထာ** နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး ဆိုတာလည်း ရှိတယ်။ စိတ်ဝင်စားရင် ဖတ်ကြည့်ပေါ့၊ စာနဲ့ပေနဲ့အညီ ရေးထားတဲ့ဟာတွေပဲ၊ စာထဲအတိုင်း ထင်ရှားအောင် ဖော်ပြထားတာ၊ နိဗ္ဗာန်က နားလည်ဖို့ ခက်တာတော့ အမှန်ပဲပေါ့။

## နံပါတ် (၄) မေးခွန်း

အခု ဒီသုတ္တန်မှာကြည့် - မြတ်စွာဘုရားကို ဥပသီဝက ထပ်မေးတယ်-

https://dhammadownload.com



**'အတ္ထင်္ဂတော သော ဥဒ ဝါ သော နတ္ထိ'** ချုပ်သွားတာ ဆိုတာ ဟုတ်ပြီတဲ့၊ ချုပ်သွားတာ လုံးဝမရှိတာလားတဲ့၊ ချုပ်သွားပါပြီ ဆိုတဲ့နောက်မှ လုံးဝမရှိတော့တာလားလို့ ထပ်မေးသေးတယ်နော်၊ လောကမှာ ဒီအချက်ဟာ နားလည်ဖို့ တော်တော်ခက်တဲ့ အချက်ပဲ၊ ဒါမှမဟုတ်တဲ့- ထာဝရတည်မြဲတဲ့ အနေအထားလေးတစ်ခုဖြစ်ပြီး ဘယ်တော့မှ မပျက်စီးတော့တာလားတဲ့၊ **"ဥဒါဟု ဝေ သဿတိယာ အရောဂေါ"** ဘာမှအထိအခိုက်မရှိ ထာဝရတည်တဲ့ အမြဲလားတဲ့ (သို့မဟုတ်) ချုပ်သွားပြီးရင် ချုပ်သွားပြီလားတဲ့၊ (သို့မဟုတ်) ဘာမှ မရှိတော့တဲ့အရာလားတဲ့၊ အရှိကနေ ချုပ်သွားတာလား(သို့မဟုတ်) ဘာမှမရှိတဲ့ဟာလား (သို့မဟုတ်) ထာဝရမြဲတဲ့ အနေအထားတစ်ခု ရောက်သွားတာလား၊ အဲဒါကို ထပ်ရှင်းပြီး ဟောစမ်းပါဦးတဲ့။

ဒီတရားနဲ့ ပတ်သက်ပြီး ဒီတရားတွေသိရင် ဘယ်လိုအနေအထားမျိုးတွေ ရတာတုန်းဆိုတာကို မြတ်စွာဘုရားက ဘာအမိန့်ရှိသလဲဆို-

**"အတ္ထင်္ဂတဿ န ပမာဏ'မတ္ထိ"** တဲ့၊ ချုပ်သွားပြီ ဆိုကတည်းက တိုင်းတာပြစရာ ဘာမှမရှိတော့ဘူး၊ ချုပ်ငြိမ်းသွားပြီဆိုတဲ့နေရာမှာတဲ့ အတိုင်းအတာတစ်ခု လုပ်ပြစရာ ဘာမှမရှိဘူးတဲ့၊ **"ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ"**၊ သူ့ကို 'ဘာလို့' ပြောဖို့ရာ ဘာမှမရှိဘူး။

https://dhammadownload.com



**"သဗ္ဗေတု ဓမ္မေသု သမူဟတေသု,**
**သမူဟတာ ဝါဒပထာပိ သဗ္ဗေ"၊**

ပြောစရာစကားကို မရှိတော့ဘူးတဲ့၊ အဓိပ္ပါယ်ကတော့ သူနဲ့ပတ်သက်ပြီး ပြောစရာစကားမရှိတော့ဘူး၊ ပြောစရာစကား ဆိုတာ ဥပမာမယ်- အခု လူလို့ပြောတာ၊ ဘာကို အစွဲပြုပြီး ပြောတာလဲဆို ရုပ်ကိုအကြောင်းပြုပြီး ပြောတာ၊ ဝေဒနာရှိလို့ လူလို့ပြောတာ၊ သညာရှိလို့ လူလို့ပြောတာ၊ သင်္ခါရရှိလို့ ဝိညာဏ် ရှိလို့၊ ဆိုလိုတာက Physical Body ရှိတယ်၊ Mind ရှိတယ်၊ အဲဒါကိုကြည့်ပြီးတော့ လူလို့ပြောတာ၊ အခုဟာက Physical Body လည်း မရှိတော့ဘူးနော်၊ ဝေဒနာ သညာ သင်္ခါရ ဆိုတဲ့ Mental Body လည်း မရှိတော့ဘူး၊ မရှိတော့ဘူးဆိုရင် ဘာနဲ့ ပြောမလဲ၊ မရှိတာနဲ့ ပြောလို့ရမှာလား၊ မရဘူး။

ဥပမာမယ်- သစ်ပင်လို့ ပြောလို့ရှိရင် သစ်ပင်လို့ ပြောစရာ အကြောင်းတွေက ဘာတုန်းဆိုရင် အရွက်ရှိရမယ်၊ အကိုင်း ရှိရမယ်၊ အခက်ရှိရမယ်၊ အမြစ်ရှိရမယ်၊ ပင်စည်ရှိရမယ်ပေါ့၊ အဲဒါတွေရှိမှ သစ်ပင်လို့ ပြောလို့ရမယ်ပေါ့၊ အဲဒီလိုပဲ သတ္တဝါလို့ ပြောဖို့ရာ ကိလေသာရှိရမယ်၊ ခန္ဓာရှိရမယ်၊ ကံတရားတွေ ရှိရမယ်၊ အဲဒါရှိမှ ပြောလို့ရတာ။ အခုက ကိလေသာလည်း ချုပ်သွားပြီ၊ ခန္ဓာလည်း ချုပ်သွားပြီ၊ ကံတရားတွေလည်း ချုပ် သွားပြီဆိုတော့ ဘာနဲ့ပြောမလဲပေါ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက **သဗ္ဗေသု ဓမ္မေသု သမူဟတေသု** - သဘာဝတရားတွေအားလုံး မရှိတော့ဘူးတဲ့၊

https://dhammadownload.com



ခန္ဓာတွေ အာယတနတွေ ဓာတ်တွေ မရှိတော့ဘူး၊ **သမ္မုတိ ဝါဒပထာဝိ သဗ္ဗေ** ပြောစရာ အချက်အလက်တွေ တစ်ခုမှ မရှိတော့ဘူးတဲ့၊ ဘာနဲ့ ပြောမှာလဲတဲ့။

## အင်္ဂိဝစ္ဆ သုတ်

အဲဒါနဲ့ပတ်သက်ပြီးတော့ ပိုရှင်းအောင် **အဂ္ဂိဝစ္ဆသုတ်** ကို ဖတ်ရမယ်၊ အဲဒီအဂ္ဂိဝစ္ဆသုတ်ကို နားလည်ဖို့ လိုတယ်ပေ့ါ၊ မဇ္ဈိမ နိကာယ်ထဲမှာ အဂ္ဂိဝစ္ဆသုတ်ဆိုတာ ရှိတယ်၊ အဲဒီအဂ္ဂိဝစ္ဆသုတ်မှာ မြတ်စွာဘုရားက ဟောတယ်၊ ဝိမုတ္တစိတ္တ, ကိလေသာ အာသဝ တွေကနေ လွတ်မြောက်သွားတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး၊ အဲဒီ ပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး ဝစ္ဆဂေါတ္တပုဏ္ဏားပုရိဗိုဇ်က မေးတယ်၊ "အရှင်ဂေါတမတဲ့၊ ကိလေသာအာသဝတွေကနေ လွတ်မြောက် သွားတဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သေသွားပြီးတဲ့နောက် သူ့အကြောင်းပြောလို့ ရသေးတယ်လေ။

ဥပမာ - ရှင်သာရိပုတ္တရာ ဆိုပါစို့၊ ရှင်သာရိပုတ္တရာလို့ ဘာရှိလို့ပြောနိုင်တာတုန်းဆိုရင် သူ့မှာ ရုပ်ခန္ဓာကိုယ်ကြီးရှိလို့ ဒါ ရှင်သာရိပုတ္တရာ၊ စိတ်တွေရှိလို့ ဒါ ရှင်သာရိပုတ္တရာ၊ ခန္ဓာကိုယ် အကြောင်းပြုပြီးတော့ ရှင်သာရိပုတ္တရာလို့ ပြောတယ်၊ ကဲ- ပရိနိဗ္ဗာန် စံသွားပြီနော်၊ ရုပ်လည်း မရှိတော့ဘူး၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လည်း မရှိတော့ဘူး၊ ခန္ဓာလည်း မရှိတော့ဘူး၊ ကိလေသာတွေလည်း မရှိတော့ဘူး၊ ကံတရားတွေလည်း မရှိ

https://dhammadownload.com



တော့ဘူး၊ အကုန်လုံးကုန်သွားပြီ၊ အဲဒီအချိန်မှာ ဘာကိုပြောမှာလဲ၊ ဘာနဲ့ပြောမလဲ၊ မရှိတော့ဘူး၊ ဝိမုတ္တိစိတ္တပုဂ္ဂိုလ် ဘယ်ရောက်သွားလဲ၊ ဘယ်နေရာမှာ သွားမွေးတယ်လို့ ပြောရမလဲတဲ့။

မြတ်စွာဘုရားကို သူကမေးတယ်၊ "အဲဒါဆိုရင်တဲ့ အဲဒီ ဝိမုတ္တစိတ္တပုဂ္ဂိုလ်ဟာ လွတ်မြောက်ပြီး နိဗ္ဗာန်ရောက်သွားတဲ့ အခါမှာ "ဘာဖြစ်သေးတုန်း၊" မြတ်စွာဘုရားက "ဖြစ်တယ်"လို့လည်း ပြောလို့မရဘူး၊ ဒါဖြင့် မဖြစ်တော့ဘူးလား ဆိုတော့ "မဖြစ်ဘူး" လို့လည်း ပြောလို့ မရဘူးတဲ့၊ ဒါဖြင့် ဖြစ်တာရှိတယ်၊ မဖြစ်တာ ရှိတယ်လို့ ပြောရမှာလား၊ "ဖြစ်တယ်၊ မဖြစ်ဘူး" လို့လည်း ပြောလို့မရဘူးတဲ့၊ လုံးဝမဖြစ်ဘူး, လုံးဝမဖြစ်တာ မဟုတ်ဘူးလို့လည်း ပြောလို့ရမလား၊ မရဘူးတဲ့။ ဆိုလိုတာက ဒီစကားအနေနဲ့ ဘာမှသုံးလို့မရတော့ဘူးလို့ပြောတာ၊ အင်မတန်မှ နားရှုပ်စရာကောင်းတယ်၊ Dialectic ပုံစံမျိုး။

နာဂဇ္ဇုနဆိုတဲ့အတွေးအခေါ်ရှင်တစ်ဦးဟာ **မူလမဇ္ဈမိက ကာရိကာ** ဆိုတဲ့ကျမ်းကိုရေးတယ်၊ ဘုန်းကြီးတို့ သီဟိုဠ်နေတုန်းက Chapter တစ်ခုနှစ်ခု သင်ဖူးတယ်ပေါ့၊ အလွန်ရှုပ်ထွေးတယ်၊ နားမလည်ဘူး၊ Dialectic တဲ့။ ကျမ်းစဖွင့်ကတည်းက သူက ငြင်းဆိုချက် ၈-မျိုးနဲ့ဖွင့်တာ၊ ငြင်းဆိုချက် ၈-မျိုးက "ဖြစ်တာလည်း မဟုတ်ဘူး၊ ပျက်တာလည်း မဟုတ်ဘူး၊ လာတာလည်း မဟုတ်ဘူး၊ ပြန်တာလည်း မဟုတ်ဘူး၊" အဲဒီလို မဟုတ်တာ ၈-မျိုးနဲ့ ကျမ်းကိုဖွင့်တော့ ဘာမှန်းကိုမသိတာ၊ Dialectic လို့ ခေါ်တယ်၊

https://dhammadownload.com



အဲဒီကျမ်း ဖတ်ချင်ရင် စိတ်ဝင်စားရင် Central Philosophy ဆိုတာ ဖတ်ကြည့်ရမယ်။

မြတ်စွာဘုရားဆီက နည်းရထားတာကြည့် -မြတ်စွာဘုရားက ရဟန္တာပုဂ္ဂိုလ်ကို "ဥပပဇ္ဇတိ" သံသရာမှာ ဖြစ်တယ်လို့ ပြောလို့ မရဘူးတဲ့၊ ဖြစ်တာမဟုတ်ဘူးဆိုရင် မဖြစ်ဘူးလို့ ပြောရမလားဆို "မဖြစ်ဘူး" လို့လည်း ပြောလို့မရဘူး၊ တချို့ဖြစ် တချို့မဖြစ်လို့လည်း ပြောလို့မရဘူးတဲ့၊ လုံးဝမဖြစ်ဘူး၊ မဖြစ်ဘူးလည်း မဟုတ်ဘူးလို့လည်း ပြောလို့မရဘူးတဲ့၊ ဟော လေးခု၊ Dialectic ပုံစံနဲ့ ပြောတာ။

**ဥပပဇ္ဇတိ၊ နဥပပဇ္ဇတိ၊ ဥပပဇ္ဇတိ စေဝ နစ ဥပပဇ္ဇတိ၊ နေဝ ဥပပဇ္ဇတိ၊ န နဥပ္ပဇ္ဇတိ၊** ၄-ချက်၊ အဲဒီ ၄-ချက်နဲ့ ပြောလို့ မရဘူးတဲ့ ဆိုတော့ ဝစ္ဆဂေါတ္တကပြောတယ်၊ "အရှင်ဘုရားတဲ့၊ အရှင်ဘုရား တရားနာလို့ တပည့်တော် နဂိုတုန်းက အရှင်ဘုရားအပေါ်မှာ ကြည်ညိုစိတ်လေးရှိတာတောင် ပျောက်သွားပြီတဲ့၊ တပည့်တော် နားမလည်တော့ဘူး" တဲ့။

မြတ်စွာဘုရား ပြောတယ်၊ အေး- ဘယ်နားလည်မလဲတဲ့ မင်းရဲ့ အတွေးတွေ၊ မင်းရဲ့ ယူဆချက်တွေက တစ်မျိုး၊ အဲဒီလို မင်းရဲ့အသိဉာဏ်လေးနဲ့ ဘယ်လိုလုပ်မှ နားမလည်နိုင်ဘူးဆိုပြီး မြတ်စွာဘုရား ယခုဥပမာလေးနဲ့ရှင်းတယ်။

"ကောင်းပြီကွာ၊ မင်းရှေ့မှာ မီးဖိုလေး ဖိုထားတယ်၊ အဲဒီ အချိန်မှာ မီးရှိတယ်ဆိုတာသိလား၊ သိတယ်။ အဲဒီမီးဟာ

https://dhammadownload.com



ဘာကြောင့်တောက်နေလဲ၊ ထင်းတို့ ဘာတို့ပေါ့၊ မီးစာ လောင်စာ ပေါ်မှာ တောက်တယ်၊ ဟုတ်ပြီ၊ အဲဒီ မီးတောက်ကလေးကို ငြိမ်းလိုက်ပြီ၊ ငြိမ်းလိုက်တဲ့အခါကျ အဲဒီ ငြိမ်းသွားတဲ့မီးကလေးကို ဘယ်လိုပြောမလဲ၊ အရှေ့အရပ် ရောက်သွားတာလား၊ အနောက် အရပ် ရောက်သွားတာလား၊ တောင်အရပ်ရောက်သွားတာလား၊ မြောက်အရပ်ရောက်သွားတာလား(သို့မဟုတ်) အထက် ရောက် သွားတာလား၊ အောက်ရောက်သွားတာလား၊ မင်းဘယ်လိုပြော မလဲလို့ မေးတယ်။ "ဘယ်လိုမှ ပြောစရာမရှိတော့ဘူး၊ ငြိမ်းသွား တယ်လို့ပဲ ပြောရမယ်တဲ့" သဘောပေါက်တယ်နော်၊ ငြိမ်းတယ် လို့ပဲ ပြောရမယ်၊ ဟိုရောက်သွား ဒီရောက်သွားတယ်လို့ ဘယ် လိုမှ ပြောလို့မရဘူး၊ ငြိမ်းတယ်လို့ပဲ ပြောလို့ရတယ်တဲ့။

အေး- အဲဒါလိုပဲ ရဟန္တာပုဂ္ဂိုလ်ဆိုတာ ရဟန္တာလို့ သတ္တဝါ လို့ ပြောဖို့ရာ ရုပ်လုံးဝမရှိတော့ဘူး၊ သတ္တဝါလို့ ပြောလို့ရတဲ့ ရုပ်၊ သတ္တဝါလို့ ပြောလို့ရတဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်လို့ ဆိုတဲ့ ဒီ ခန္ဓာ ၅-ပါး၊ ခန္ဓာ ၅-ပါး အကြောင်းပြုပြီးတော့ သတ္တဝါ လို့ပြောတာ၊ ရဟန္တာလို့ ပြောတာ၊ အဲဒီခန္ဓာတွေ မရှိဘူးဆိုလို့ရှိရင် ငြိမ်းသွားရင် ငြိမ်းသွားတယ်လို့ပဲ ပြောရမှာပဲတဲ့၊ ဒီ့ပြင် ဘာမှ ပြောစရာမရှိတော့ဘူး၊ ရှိမှမရှိတာ ဘာနဲ့ပြောမှာတုန်း။

ရတနသုတ်မှာ မြတ်စွာဘုရားက ဟောထားတယ်လေ-

**"ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊**

**ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ၊**

https://dhammadownload.com



**တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊**

**နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ"** တဲ့။

အဲဒါကို စဉ်းစားကြည့်၊ **ခီဏံ ပုရာဏံ** - ကံဟောင်းတွေလည်း မရှိတော့ဘူးတဲ့၊ **နဝ နတ္ထိ သမ္ဘဝံ** - အသစ်တွေလည်း ဖြစ်ခြင်း မရှိတော့ဘူးတဲ့၊ **ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ** - ဘဝမှာ တွယ်တာတယ်ဆိုတဲ့ တဏှာလည်း မလာတော့ဘူးတဲ့၊ **အဝိရူဠ္ဟိ ဆန္ဒာ** -ဆန္ဒတွေ တဏှာဆိုတဲ့ ဖြစ်ချင်တာတွေလည်းပဲ တိုးတက်ဖြစ်မလာတော့ဘူး၊ **ခီဏဗီဇာ** - ဘဝမှာ မွေးဖွားဖို့ အတွက် မျိုးစေ့တွေလည်းပဲ ကုန်သွားပြီတဲ့၊ မရှိတော့ဘူး၊ **နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ** - မီးတောက်ကလေး ငြိမ်းသွားသလို ငြိမ်းသွားပြီလို့ လာတယ်။

အဲဒီတော့ ပြောချင်ရင် ဘယ်လိုပြောမတုန်းဆိုရင် **"ငြိမ်းသွားပြီ"** လို့ပဲ ပြောလို့ရတယ်၊ ဘယ်မှာဖြစ်တယ်၊ ဘယ်မှာတည်တယ်၊ ဒါတွေ ပြောလို့ မရတော့ဘူးတဲ့၊ ဒီလိုဆိုလိုတာ၊ အဲဒီတော့ နိဗ္ဗာန်ဆိုတာကိုလည်း မှန်းပြီးတော့ ကြည့်ပေတော့တဲ့။

သို့သော် ဘဝတဏှာရှိနေတဲ့ပုဂ္ဂိုလ်ဟာ ငြိမ်းသွားပြီဆိုရင် လန့်တယ်နော်၊ မဖြစ်တော့ဘူးဆိုရင် လန့်တယ်၊ ဘာလို့လဲဆိုတော့ ဖြစ်ချင်တာကိုး၊ မဖြစ်တော့ဘူးဆိုရင် လန့်နေပြီ၊ ငါ ဘယ်တော့မှ မဖြစ်ရတော့ဘူးဆိုပြီး လူတွေက ကြောက်လန့်ကုန်တယ်၊ ဘာဖြစ်လို့ ကြောက်လန့်တာလဲဆို ဖြစ်ချင်နေလို့ ကြောက်လန့်တာ၊ အဲဒီတော့ ဘဝတဏှာ မရှိတော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်အနေနဲ့ ခံစားကြည့်လိုက်၊ ဖြစ်ချင်တယ်ဆိုတဲ့တဏှာ

https://dhammadownload.com



မရှိတော့တဲ့ပုဂ္ဂိုလ်အနေနဲ့ဆိုရင် ဝမ်းသာစရာကြီးပဲ၊ ဒါ ဘာဖြစ်လို့တုန်းဆို ဖြစ်နေရင် အိုဦးမှာ နာဦးမှာ သေဦးမှာကိုး၊ မဖြစ်တော့ဘူးဆိုမှ အိုခြင်း နာခြင်း သေခြင်းက လွတ်မှာကိုး၊ အဲဒီနည်းကို မြတ်စွာဘုရားက အဲဒီအင်္ဂဝစ္ဆသုတ်မှာ ရှင်းပြတယ်။

ယခု ဥပသီဝကိုလည်း အဲဒီ မီးတောက်ကလေးနဲ့ရှင်းပြီး "အေး- သတ္တဝါလို့ ပညတ်ဖို့ရန်အတွက် ရုပ်ဆိုတာလည်းမရှိဘူး၊ နာမ်ဆိုတာလည်း မရှိဘူး၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတာလည်း မရှိတော့ဘူး၊ မရှိတော့ရင် ဘာနဲ့ပြောမှာတုန်းတဲ့၊ ပြောစရာ အချက်အလက်တွေအားလုံး ကုန်သွားပြီ" တဲ့၊ **"အတ္ထင်္ဂတဿ န ပမာဏမတ္ထိ"** တိုင်းတာပြစရာ ဘာမှမရှိဘူးတဲ့။

ဆိုပါစို့ -ခန္ဓာရှိသေးရင် တိုင်းတာပြလို့ရတယ်၊ ဝေဒနာရှိနေရင်လည်း တိုင်းတာပြလို့ရတယ်၊ လောဘ ဒေါသ စသဖြင့်ရှိနေရင်လည်း တိုင်းတာပြလို့ ရတယ်လေ၊ သတ်မှတ်လို့ရတယ်၊ **"ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ"တဲ့၊** သူ့မှာ ဘာနဲ့ပြောမလဲ ပြောလို့ရမှ မရတာ၊ ပြောစရာမှ မရှိတော့တာ။

အခု ဘုန်းကြီးတို့တတွေ လူလို့ပြောတာ ရုပ်ခန္ဓာကြည့်ပြောနေတာ၊ ဝေဒနာကြည့်ပြောနေတာ၊ သညာကြည့် ပြောနေတာနော်၊ ခန္ဓာငါးပါးကို ကြည့်ပြောနေတာ၊ အဲဒီ သဘာဝတရားတွေ အကုန်လုံး ပျက်စီးသွားပြီ မရှိတော့ဘူးဆိုရင် **သမူဟတာ ဝါဒပထာပိ သဗ္ဗေ-** ပြောစရာစကားတွေလည်း ကုန်သွားပြီတဲ့၊ စကားပြောလို့ရတဲ့ အချက်တွေ, ကိလေသာတွေ, ကံတွေ, ခန္ဓာ

https://dhammadownload.com



တွေ အကုန်ကုန်သွားပြီဆိုတော့ ဘာနဲ့ပြောမှာလဲတဲ့၊ ပြောလို့မရတော့ဘူးတဲ့၊ အဲဒီတော့ ဘာနဲ့မှ ပြောလို့မရလို့ရှိရင် စကားလုံးနဲ့ ဖော်ပြစရာ မရှိတော့ဘူးတဲ့။

အဲဒီတော့ စကားလုံးနဲ့ ဖော်ပြချင်ရင် ဘယ်လို ဖေါ်ပြရမလဲဆို **ပရိနိဗ္ဗုတော** ငြိမ်းသွားပြီ၊ ဘာတွေငြိမ်းတုန်း၊ ကိလေသာတွေ ငြိမ်းတယ်၊ ခန္ဓာတွေ ငြိမ်းတယ်၊ ငြိမ်းသွားတဲ့ မီးတောက်ကလေးကို ဘယ်လိုပြောမတုန်း၊ ဒီ မီးတောက်ကလေးဟာ ငြိမ်းပြီး ဘယ်ရောက်သွားတယ်လို့ ပြောလို့မရဘူးတဲ့၊ ငြိမ်းသွားတယ်လို့ပဲ ပြောရမယ်တဲ့။

ငြိမ်းတာဟာ ကောင်းလား မကောင်းလားဆိုတော့ မငြိမ်းဘဲနေရင် ဒုက္ခရောက်တာကိုသိမှ ငြိမ်းတာကောင်းတယ်ဆိုတာ ထင်မှာ၊ မငြိမ်းလို့ အရသာရှိနေတဲ့လူဟာ ဘယ်တော့မှ ငြိမ်းတာကြိုက်မှာ မဟုတ်ဘူး။

အေး- ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ အခု ၈-ဂါထာနဲ့ မြတ်စွာဘုရားက ဥပသီဝရဲ့ မေးခွန်းတွေကို ဖြေလိုက်တယ်။ အာကိဉ္စညာသမာပတ်ကို ရရှိထားတဲ့ အဆင့်မြင့်တဲ့ သမာဓိစွမ်းအားတွေ ရှိနေတဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဝိပဿနာဉာဏ်အဆင့်ဆင့် ရှုပုံရှုနည်းနဲ့ ဒီဩဃဆိုတဲ့ သံသရာကြီးကို ဖြတ်ကျော်ရမယ့် နည်းလမ်းတွေကို မြတ်စွာဘုရား ပေးလိုက်တယ်။

သူသဘောကျပြီး ဒီပုဂ္ဂိုလ်ကြီးဟာ နဂိုကတည်းက သမာဓိစွမ်းအားတွေ ရှိနေပြီးသားဖြစ်တော့ ဝိပဿနာဘက်ကို ဦးလှည့်

https://dhammadownload.com



လိုက်တာနဲ့ တစ်ပြိုင်နက် သူ့သန္တာန်မှာရှိတဲ့ ကိလေသာ အာသဝတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် ကုန်သွားလို့ နောက်ဆုံးမှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားပါတယ်တဲ့၊ သူ့တပည့်တွေနဲ့ အတူတကွ ရဟန္တာဖြစ်ပြီးတော့ ရသေ့အသွင်ကနေပြီးတော့ ရဟန္တာ ရဟန်းအသွင်ကို ရောက်ရှိပြီးတော့ မြတ်စွာဘုရားကို ရိုသေလေးစားစွာ လက်အုပ်ချီမိုး ရှိခိုးလျက်နေကြတယ်။

ဒါကြောင့်မို့ ဥပသီဝရဲ့အမေးကို ဖြေခြင်းဆိုတဲ့ ဒီကနေ့တရားဒေသနာကို နာကြားရပြီးတော့ နိဗ္ဗာန်ဆိုတာရဲ့သဘောကို သိရှိဝမ်းမြောက်ကြပြီး မိမိတို့ကိုယ်တိုင်လည်း ဆင်းရဲဒုက္ခက လွတ်မြောက်ချင်ရင် နိဗ္ဗာန်ဆိုတဲ့ သဘာဝတရားကို မိမိတို့ကိုယ်တိုင် ရောက်ရှိကြမှသာလျှင် သိရှိနားလည်ကြမယ်။ ချမ်းသာသုခ အပြည့်အဝ ရရှိကြမယ်၊ ဆင်းရဲဒုက္ခက လုံးဝလွတ်မြောက်ကြမယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ
## အပိုင်း (၇)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၈-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၄-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိ ဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

## နန္ဒရသေ့၏အမေးကို ဖြေဆိုခြင်း

ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်သို့ လာရောက်ကြတဲ့ ဗာဝရီ ပုဏ္ဏားရဲ့ တပည့် ၁၆-ဦးတို့အနက် ဒီကနေ့ ၇-ယောက်မြောက် ဖြစ်တဲ့ နန္ဒရသေ့က မြတ်စွာဘုရားကို မေးခွန်းတွေ မေးတယ်၊

https://dhammadownload.com



အားလုံး မိမိတို့ရဲ့ရင်တွင်းသံသယ မရှင်းလင်းတဲ့အချက်တွေနဲ့ ပတ်သက်ပြီးတော့ မေးကြတာတွေချည်းပဲ၊ မေးခွန်းတွေအားလုံး ခြုံကြည့်မယ်ဆိုလို့ရှိရင်တော့ အကုန်လုံး အိုခြင်း နာခြင်းက လွတ်ကင်းမယ့်လမ်းစဉ်ကို သိချင်ကြတာတွေချည်းပဲ၊ အို နာ သေရေး ဒုက္ခဘေးတွေ လွတ်တဲ့နေရာဆိုတာ 'ပါရ'လို့ ခေါ်တဲ့ ဟိုဘက်ကမ်းမှာပဲရှိတယ်၊ ဒီဘက်ကမ်းမှာ မရှိဘူးတဲ့။

**သက္ကာယ** ကို ဒီဘက်ကမ်းလို့ ခေါ်တယ်၊ **သက္ကာယ နိရောဓ** ဖြစ်တဲ့နိဗ္ဗာန်ကို ဟိုဘက်ကမ်းလို့ခေါ်တယ်၊ အဲဒီတော့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဘာထူးတုန်းဆိုလို့ရှိရင် ဒီဘက်ကမ်းက သက္ကာယရှိနေတယ်၊ သက္ကာယဆိုတာ ခန္ဓာရှိနေတယ်၊ ခန္ဓာရှိနေသည့်အတွက်ကြောင့် ဇာတိ ဇရာ ဗျာဓိ မရဏ ဆိုတာ ဒီဘက်မှာရှိတယ်၊ ဒီဘက်ကမ်းနေတဲ့ ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းဟာ ဘယ်ပုဂ္ဂိုလ်မှ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဘေးဒုက္ခက လွတ်တယ်လို့ မရှိဘူး၊ အဲဒီ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဘေးဒုက္ခက လွတ်ဖို့ရန် ဟိုဘက်ကမ်းကို ကူးကြရမယ်။

အဲဒီလိုကူးတဲ့အခါမှာ စီးသွားစရာ အမှီမရှိဘဲနဲ့ အင်မတန် ကျယ်ပြောတဲ့ ဟိုဘက်ကမ်း၊ အလှမ်းဝေးကွာတဲ့ ဟိုဘက်ကမ်းကို ကူးစရာ လှေသင်္ဘောမရှိဘဲနဲ့ ရောက်ဖို့မရှိဘူး။ အလယ်မှာ အလွန်အန္တရာယ်များပြီးတော့ ဖြတ်ကျော်ဖို့ခက်ခဲတဲ့ ရေအလျဉ် တွေက တသွင်သွင် စီးနေတယ်၊ ဘေးရန်အန္တရာယ်တွေက အလွန်များတယ်၊ ဟိုဘက်ကမ်းကိုကူးဖို့ကြိုးစားရင်းနဲ့ပဲ အသက် ပျောက်သွားနိုင်တယ်။

https://dhammadownload.com



အဲဒီတော့ ဒီဘက်ကမ်းမှာ ဆက်လက်နေမယ် ဆိုရင်လည်း အိုခြင်း နာခြင်း သေခြင်းနဲ့ပဲ တဝဲလည်လည် အဆုံးသတ်ပြီး ဒီထဲကနေ ထွက်လမ်းမရှိဘူး။ ဒါကြောင့် ဟိုဘက်ကမ်း ဘယ်လိုကူးရမလဲဆိုတဲ့ နည်းလမ်း၊ ဩဃဆိုတဲ့ ရေပြင်ကြီးကို ဘယ်လိုလုပ်ပြီးတော့ ဖြတ်ရမလဲ။ အဲဒီ ဖြတ်ဖို့နည်းလမ်းဟာ ဗုဒ္ဓမြတ်စွာပွင့်လာမှ သိရှိရတဲ့ နည်းလမ်းဖြစ်တယ်။

ဟိုးရှေးယခင်တုန်းကတော့ ဒီဘက်ကမ်းမှာပဲ သံသရာက လွတ်တယ်လို့ ထင်ပြီးတော့ ကြိုးပမ်း အားထုတ်နေကြတယ်၊ ဒီဘက်ကမ်းမှာပဲ လွတ်လမ်းကို ရှာနေကြတော့ ဘယ်လိုနည်းနဲ့မှ မတွေ့နိုင်ဘူး၊ နောက်ဆုံး ဒီဘက်ကမ်းထဲမှာ အကောင်းဆုံး သမထကျင့်စဉ်တွေကျင့်လို့ ဒီဘက်ကမ်းမှာပဲ ဒီသံသရာဝဋ်ကနေ လွတ်ရာလွတ်ကြောင်းကိုရှာကြတာ၊ အတော်အတန်ကြာအောင် ဘဝတွေကို မေ့သွားလောက်အောင်, ဆင်းရဲဒုက္ခတွေကို မေ့သွား လောက်အောင် ဘဝတစ်ခုမှာ အချိန်အကြာကြီးနေရတော့ အိုရမယ်လို့ မထင်ရဘူး၊ နာရမယ်လို့ မထင်ရဘူး၊ သေရမယ်လို့ မထင်ရဘူး၊ ထာဝရ တည်မြဲနေပြီလို့ ယုံကြည်ယူဆလောက်တဲ့ဘဝ၊ တမေ့တမောကြီး ငြိမ်းချမ်းစွာ နေပြီးတဲ့အခါမှာ နောက်ဆုံး ရောက်တော့ ကိုယ်မလိုချင်တဲ့ အဖြစ်ဆိုးတွေနဲ့ ပြန်ကြုံရပြန်တာပဲ။

မနေ့ကပြောခဲ့တဲ့ အာကိဉ္စညာယတနစျာန် ရသွားတဲ့ ရသေ့ကြီးပဲကြည့်၊ အာကိဉ္စညာယတနစျာန်နဲ့ အားထုတ်ပြီးလို့

https://dhammadownload.com



ရှိရင် အဲဒီစျာန်ရဲ့စွမ်းအားနဲ့ ဒီဘက်ကမ်းမှာရှိတဲ့ အလွန်မြင့်မားတဲ့ အာကိဉ္စညာယတနဘုံကိုသူရောက်သွားနိုင်တယ်၊ ဗုဒ္ဓမြတ်စွာ လောင်းလျာအား တစ်ချိန်တုန်းကသမထကျင့်စဉ်တစ်ခုကို သင်ပြပေးခဲ့တဲ့ အာဠာရကာလာမဟာ အခုအချိန်မှာ အာကိဉ္စညာယတနဘုံမှာ သူရှိနေတယ်၊ အဲဒီဘုံမှာ သူ့ရဲ့သက်တမ်းဟာ မဟာကပ် ၆-သောင်းတဲ့၊ သူဟာ ကြာရှည်လိမ့်မယ်၊ တမေ့တမောကြီး အဲဒီမှာ နေရမှာ၊ လူ့လောကမှာ ဘုရားအဆူဆူ ပွင့်သွားသော်လည်း သူ သိနိုင်စွမ်းမရှိဘူး၊ သို့သော် သူ့မှာ ဆင်းရဲနေသလားဆိုတော့ ဆင်းတော့ မဆင်းရဲဘူး၊ အင်မတန်မှ ငြိမ်းချမ်းတဲ့ဘဝတစ်ခုကို သူရောက်နေတယ်၊ ရောက်သွားသော်လည်း သူ့မှာ သေမျိုးစေ့လေးက မကင်းသေးဘူး၊ အို မျိုးစေ့၊ နာမျိုးစေ့က မကင်းဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ သူရလိုက်တာက အာကိဉ္စညာယတနစျာန်၊ အဲဒီ အာကိဉ္စညာယတနစျာန်နဲ့ ယှဉ်တွဲလာတဲ့ နာမကာယလို့ဆိုတဲ့ mind body က သူ့မှာရှိနေတယ်နော်၊ အဲဒီ mind body ဟာ ထာဝရ ပြောင်းလဲနေတဲ့ အရာကြီးဖြစ်ပြီးတော့ နောက်ဆုံးကျ ရွေ့လျားသွားမှာပဲ၊ နောက်ဆုံး လုံးဝရွေ့လျားသွားတဲ့အခါမှာ ဒီဘက်ကမ်းမှာပဲ ပြန်ပြီးတော့ ကျလာဦးမှာပဲ၊ ပစ်တင်လိုက်တဲ့ဒုံးပျံကြီးဟာ အရှိန်ကုန်လို့ရှိရင် မြေပြင်ပြန်ကျသလိုပဲ ကျလာမှာပဲ၊ မီးပုံးပျံကြီးဟာ အပေါ် ဘယ်လောက်တက်သွားသွား နောက်ကျရင် မြေကြီးပေါ် ပြန်ကျတာပဲ၊ ဘယ်လောက် အကြာကြီး ကောင်းကင်မှာနေနေ နောက်ဆုံး ဒီပြန်ရောက်လာမှာပဲ။

https://dhammadownload.com



တစ်နေ့ကျရင် အဲဒီအာဠာရကာလာမဆိုတဲ့ ရသေ့ကြီးဟာ ဒီလောကကြီးမှာ ပြန်ပေါ်လာဦးမှာပဲ၊ သို့သော် အတော်နဲ့ သူ ပေါ်မလာဘူး၊ သူရောက်နေတာ ဒီဘက်ကမ်းမှာ ဆိုပေမယ့်လို့ အန္တရာယ်တွေနဲ့ အလွန်အလှမ်းဝေးပြီးတော့ လူတွေမှာ ကြုံတွေ့နေရတဲ့ ဒုက္ခမျိုးတွေနဲ့ အလှမ်းဝေးပြီး အလွန်ငြိမ်းချမ်းတဲ့ ဘဝ တစ်ခု သူရောက်နေတယ်၊ သို့သော် အဲဒီအလွန်ငြိမ်းချမ်းတဲ့ ဘဝဟာ ထာဝရလားဆိုတော့ မဟုတ်ဘူး၊ အချိန်ကုန်သွားတာနဲ့ တစ်ပြိုင်နက် ပြန်ရောက်လာဦးမှာပဲ၊ အဲဒီတော့ စိတ်မချရဘူး ဒီဘက်ကမ်းက၊ အခု သူဟိုဘက်ကမ်းမှ မရောက်သေးတာ၊ အဲဒီတော့ ဟိုဘက်ကမ်း မရောက်သေးသမျှ ဒုက္ခတွေကို တစ်နေ့ ကျရင် ပြန်ကြုံကြရဦးမှာပဲ၊ အဲဒါကြောင့်မို့ ဟိုဘက်ကမ်း ရောက်ဖို့ ဆိုတာ အလွန်အင်မတန်မှ အရေးကြီးတယ်၊ အဲဒီ ဟိုဘက်ကမ်း ရောက်ဖို့ နည်းလမ်းတွေကို မြတ်စွာဘုရား ဟောတာကို **"ပါရာယန"** လို့ ခေါ်တာပဲ။

အဲဒီ ဟိုဘက်ကမ်းကို ဘာနဲ့သွားမတုန်းလို့ ဆိုလို့ရှိရင် ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ မဂ္ဂင် ၈-ပါးဆိုတဲ့ ဖောင်တော်ကြီး ပေါ့၊ မဂ္ဂင် ၈-ပါးဆိုတဲ့ သင်္ဘောတော်ကြီး ယာဉ်ပျံတော်ကြီးကို စီးပြီးတော့ ဟိုဘက်ကမ်းကိုသွားကြတယ်၊ ယာဉ်မပါဘဲနဲ့ သွားလို့ မရဘူး၊ ဒါကြောင့်မို့လို့ ယာဉ်စီးပြီးတော့ သွားကြရတယ်၊ ယာဉ် စီးတယ် ဆိုတာက တင်စားပြီးတော့ ပြောတာ၊ သမထအကျင့် ဝိပဿနာ အကျင့်တွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့

https://dhammadownload.com



သွားကြရမှာ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မဂ္ဂင် ၈-ပါး အကျင့်တရားဆိုတာ ဘာတုန်းဆိုရင် သီလကျင့်စဉ်၊ သမာဓိ ကျင့်စဉ်၊ ဝိပဿနာကျင့်စဉ် (သို့မဟုတ်) သီလ သမာဓိ ပညာ ပေါ့၊ အဲဒီကျင့်စဉ်တစ်ခုကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ သွားတာဟာ အဲဒီယာဉ်ကို စီးသွားတယ်လို့ ဒီလိုဆိုလိုတာပဲ၊ ယာဉ်မစီးဘဲနဲ့တော့ ဟိုဘက်ကို မရောက်နိုင်ဘူးတဲ့၊ မရောက်ရင် ဒီအန္တရာယ်တွေက မလွတ်မြောက်နိုင်ဘူးလို့ ဒီလိုဆိုလိုတာ၊ ဒါကြောင့်မို့ ဟိုဘက်ရောက်ရေးဟာ အင်မတန်မှ အရေးကြီး တော့ ရောက်ရေးအရေးကြီးလို့ အရမ်းကူးပြန်လို့ရှိရင်လည်း ရေနစ်ဖို့ပဲရှိတယ်၊ ဟိုဘက်ကို ဖြတ်ကျော်နိုင်မှာ မဟုတ်ဘူး။

အင်မတန်ကြီးမားတဲ့ ပင်လယ်ကြီးဆိုတာဘာလဲ၊ ဘုန်းကြီး တို့တစ်တွေဟာ ပင်လယ်ကြီးဆိုလို့ရှိရင် ရေပြင်ကြီးပဲ သွားမြင်နေ ကြတယ်၊ နိဗ္ဗာန်နဲ့ အလှမ်းကွာနေအောင်လုပ်နေတဲ့ ရေပြင်ကြီး ဟာ ဘာကြီးလဲဆိုရင် **ကာမောဃ** တဲ့၊ **ဘဝေါဃ** တဲ့၊ **ဒိဋ္ဌောဃ** တဲ့၊ **အဝိဇ္ဇောဃ** တဲ့၊ အဲဒီ ရေလှိုင်းကြီးတွေနဲ့ ပြည့်နေလို့တဲ့၊ ရေပြင်ကြီးကို ပြောတာနော်၊ ဘုန်းကြီးတို့တစ်တွေဟာ အဲဒီ လှိုင်းတွေထဲမှာ ဖြတ်ကျော်ဖို့ ခက်နေကြတယ်။

သန်းပေါင်း ၆-ထောင်သော လူတွေ၊ တိရစ္ဆာန်တွေ ဘာတွေကို မပြောနဲ့ဦး၊ ဒီကနေ့ခေတ် ဒီစကြဝဠာမှာ (တခြား စကြဝဠာမှာကြည့်၊ ဒီလူမျိုးတွေ ရှိကောင်းရှိဦးမယ်၊ သို့သော်) ဒီစကြဝဠာမှာ သန်းပေါင်း ၆-ထောင်ကျော် ရှိတဲ့လူတွေ၊ အဲဒီ လူတွေဟာ ဘယ်ထဲမှာ မျောပါနေကြသလဲလို့ ဆိုလို့ရှိရင်

https://dhammadownload.com



ကာမောဃလို့ဆိုတဲ့အထဲမှာ မျောပါနေတာ ကြည့်လေ၊ မျက်စိက လှတာမြင်ပြီးတော့ လိုချင်တပ်မက်ကြတယ်၊ လိုချင်တပ်မက်လို့ မျက်စိကနေပြီးတော့နော် ကြည့်နေရလို့ ရိုးနေပြီ ဆိုလို့ရှိရင် ဒီ့ထက်လှတာ သွားကြည့်တာ၊ ကိုယ့်နိုင်ငံမှာ အားမရလို့ရှိရင် တခြားနိုင်ငံထွက်ပြီးတော့ site seeing သွားကြသေးတာပဲ ဟုတ်လား၊ ဘာလုပ်တာတုန်းဆို site seeing တဲ့၊ အဲဒါ မျက်စိက နေပြီး သူပျော်စရာရှာတာ၊ အဲဒါဟာ ဒီရေကြောထဲမှာ မျောနေတာ ကိုပြောတာ၊ ဟိုဘက်ကမ်းကို ဘယ်လိုမှ မရောက်နိုင်ဘူး၊ တွယ်တာစရာအာရုံတွေနဲ့ ကြိုက်နှစ်သက်စရာ အာရုံတွေထဲမှာ မျောပါနေတယ်၊ မျက်စိက မျောပါနေတယ်၊ လှတာ ပတာ ကိုယ့် ပတ်ဝန်းကျင်မှာ မရှိဘူးဆိုလို့ရှိရင် တယ်လီဗီးရှင်းလေး ဖွင့်ပြီး တော့ ရုပ်ရှင်ကိုကြည့်တာ၊ ဒါလည်း မျက်စိကနေပြီးတော့ နှစ်သက်စရာအာရုံကို ရှာကြတာပဲ၊ ဟုတ်ကဲ့လား။

ဟော- နားကလည်း နှစ်သက်စရာအာရုံကို ရှာတယ်လေ၊ တိတ်တိတ်ဆိတ်ဆိတ်ဆိုရင် လူကမပျော်ဘူး၊ နည်းနည်းလေး ဒုန်းဒိန်း ဒုန်းဒိန်း ဆိုမှ သူကရင်ထဲက ဖုတ်လိုက် ဖုတ်လိုက် ဖြစ်ပြီးတော့ သူက ပျော်ချင်တာ၊ အဲဒီအသံလေးကြားလို့ရှိရင် ဘယ်လောက်များ လူတွေကြားတုန်းဆိုရင် ဒီမြို့တွေကတော့ သိပ်မထင်ရှားဘူး၊ တောရွာတွေမှာဆိုရင် ဗုံတောင် ခေါက်သံ ကြားရင် အိမ်ထဲမှာရှိတဲ့ကလေးတွေ အကုန်ထွက်ပြေးကြပြီး လမ်းမပေါ် ရောက်ကုန်ကြတာနော်၊ အသံတစ်ခုကြားတာနဲ့ တစ်ပြိုင်နက် ကြည့်ချင်ကြ နားထောင်ချင်ကြတာ၊ မြို့ကလူတွေ

https://dhammadownload.com



ကတော့ နားထောင်ချင်ရင် ကိုယ့်ဖာကိုယ်အနားနားကနေ ခု MP-3 တို့ MP-4 တို့ နားကြပ်လေးထည့်ပြီးတော့မှ သွားကြတာပဲ၊ အလွယ်တကူရနေတာဆိုတော့ ဒိန်းဒေါင်း ဒိန်းဒေါင်းတွေ လိုက်ရှာစရာသိပ်မလိုဘူး၊ အိပ်ထဲမှာတင်ရှိနေတယ်၊ တယ်လီဖုန်း ထဲတောင် ဒါလေးတွေက ရှိနေတယ်နော်၊ နှိပ်လိုက်တာနဲ့ ကိုယ် ကြိုက်တဲ့ အသံလေးတွေ ထွက်လာတယ်၊ ကြိုက်တဲ့အသံလေး တွေ ထည့်ထားပြီးတော့ ဒါလေးတွေ နားထောင်တာ၊ ဘာလုပ် တာလဲလို့မေးရင် အပျင်းဖြေတာတဲ့၊ ဟုတ်လား၊ အဲဒါလေး ကြားနေရင် ပျော်လာတယ်၊ အဲဒါ တွယ်တာမှုလေးတွေနဲ့ ပျော်တာပဲ၊ အသံကို ဒီလိုရှာပြီးတော့ အပျော်ရှာတာ၊ ဒါဟာ ကာမောဃလို့ ဆိုတဲ့အထဲမှာ မျောနေတာ မကျော်နိုင်ဘူး၊ ဒါကို ကျော်ဖို့ခက်တယ်၊ ဒါကြောင့်မို့လို့ MP-3 တို့ MP-4 တို့, အရင် တုန်းကတော့ ကက်ဆက်တို့ ရေဒီယိုတို့ ရောင်းလို့ကို မလောက် ဘူး။

တချို့များ ဘေးကလူကတော့ ဘာမှမသိဘူး၊ သူက နားကျပ်ကလေး နားထဲထည့်ပြီးတော့ တစ်ယောက်တည်းကို တငြိမ့်ငြိမ့်လုပ်နေတဲ့သူ ရှိသေးတယ်၊ တစ်ကိုယ်လုံးကို တုန်တုန် ဆတ်ဆတ် လုပ်ပြီးတော့ ခုန်တော့မယ့် ပေါက်တော့မယ့် ပုံမျိုး နော်၊ ရှိတ်ဆွဲနေတယ်လို့ ခေါ်ကြတာပေ့ါ။

ဘုန်းကြီးတို့ တစ်ခါတုန်းက ကြုံရတယ်၊ ဂျာမနီသွားတုန်း က ရထားပေါ်မှာ ဂျာမန်လူမျိုး လူဝကြီး၊ သူဖာသူ ရထားပေါ်မှာ ထိုင်ရင်း ခုနက နားကြပ်လေး နားထဲတပ်ထားပြီးတော့ တစ်ကိုယ်

https://dhammadownload.com



လုံးကို နတ်ပူးသလိုပဲ လှုပ်နေတာ၊ ဘာသံတွေလဲတော့ မသိဘူး၊ သူကြားနေတဲ့အသံတွေက တစ်ကိုယ်လုံးကို လှုပ်နေတာ၊ အဲဒီလို လောကကြီးက အသံနဲ့ ပျော်မွေ့ပြီးတော့ နေကြတာ၊ ဒါ ကာမောဃထဲ မျောနေတယ်လို့ ခေါ်တယ်၊ ဟိုဘက်ကမ်း ဘယ်တော့မှ မရောက်ဘူး၊ ဒီထဲမှာ မျောပါနေတာလေ။

အနံ့နဲ့ ပတ်သက်လို့လည်း လူတွေက မျောပါနေကြတာပဲ၊ **ကာမောဃ**ထဲမှာ မျောပါနေတာပဲ၊ သြော်- အမွှေးအကြိုင်တွေက မျိုးစုံ၊ ဒီရေမွှေးနံ့က မကောင်းဘူးဆိုရင် နောက်ထပ် ရေမွှေးနံ့က တစ်မျိုး၊ အမွှေးအကြိုင်မျိုးစုံနဲ့ လူတွေရဲ့စိတ်ဟာ မျောပါနေတာ၊ ဟိုဘက်ကမ်းကူးဖို့ လုံးဝမဖြစ်နိုင်ဘူး။

လျှာနဲ့ မျောပါပုံကတော့ ဒီ့ထက်ကြီးကျယ်တယ်နော်၊ မြန်မာလူမျိုးတွေ မြန်မာ့အစာနဲ့ အားမရနိုင်သေးသည့် အတွက်ကြောင့် Restaurant အမျိုးမျိုးနော်၊ Cuisine ဆိုတာတွေ အမျိုးမျိုးနဲ့၊ ဘယ်ဟင်းက ကောင်းတယ်၊ ဘယ်အကင်က ကောင်းတယ်၊ ဘယ်ဟင်းချက်တာကောင်းတယ်နဲ့ ဆိုပြီးတော့ သွားပြီးတော့ စားကြ သောက်ကြ မြည်းကြ၊ ဒါက မျောနေတာပဲ၊ ကဲ စဉ်းစားကြည့်၊ လူတွေ သွားစားကြတယ်ဆိုတာ ကြိုက်လို့ စားတာလား၊ အသက်ရှည်ဖို့ စားတာလား၊ အသက်ရှည်ဖို့ကတော့ စားသင့်တယ်ပေါ့၊ ကြိုက်လို့ စားတာကျတော့ ခုနမျောတာပဲ သေချာနေပြီ၊ မျောနေတာ၊ အဲဒီဟာ ကောင်းတဲ့ဟာကို ရွေးပြီးတော့ တည့်တည့် မတည့်တည့် နောင်ခါလာ နောင်ချေး, ပြီးမှ ဆေးသောက်မယ်ဆိုပြီး စားတာပဲ၊ ကြိုက်လို့စားတာလေ၊ အဲဒါက

https://dhammadownload.com



လည်းပဲ **ကာမောဃ** လို့ ခေါ်တာ၊ ဒီထဲမှာ အစာအာဟာရ ရသထဲမှာ နစ်မျောပြီးတော့ ရသတဏှာနဲ့ ဒီလိုဖြစ်ပြီးတော့ နေတယ်၊ ဒါလည်း မျောပါနေခြင်းတစ်မျိုးပဲ၊ ဒီလှိုင်းလုံးကြီးကို ဖြတ်မကျော်နိုင်ဘူး၊ လူတိုင်း လူတိုင်း အင်မတန်မှ ခဲယဉ်းတယ်၊ ရသတဏှာဆိုတဲ့ လှိုင်းလုံးကြီးက အင်မတန်မှ ကြီးမားတယ်၊ ဖြတ်ကျော်ဖို့ အင်မတန်မှ ခက်တယ်၊ လူတွေက ဒီထဲမှာပဲ မျောပါ နေကြတယ်၊ ကာမောဃ။

နောက်ခန္ဓာကိုယ် အထိအတွေ့နဲ့ပတ်သက်တဲ့ မျောပါမှု တွေက ဒီ့ထက်ပြင်းထန်တယ်၊ အပြင်းထန်ဆုံးက ဖောဋ္ဌဗ္ဗပဲ၊ အဲဒီဖောဋ္ဌဗ္ဗက ကိုယ့်ဟာကိုယ်သာ စဉ်းစားကြည့်ကြတော့၊ ဖောဋ္ဌဗ္ဗက အကုန်ပြောလို့မကောင်းတဲ့ ဖောဋ္ဌဗ္ဗပဲ၊ အဲဒီဖောဋ္ဌဗ္ဗနဲ့ မျောပါပြီးတော့ နေကြတာဟာ တစ်လောကလုံးပဲတဲ့၊ ပိုပြီးတော့ ကြီးမားတယ်၊ နောက် စိတ်ကူးစိတ်သန်းနဲ့ မျောပါနေကြတာ လည်း ရှိတာပဲ၊ အဲဒါတွေ အားလုံးဟာ **ကာမောဃ** လို့ ခေါ် တယ်။

ကောင်းပြီ- အဲဒီဩဃကို ကျော်လိုက်ပြီ၊ မျက်စိက လှတဲ့ အဆင်းလေးကို မကြည့်တော့ဘူး၊ ကက်ဆက်တွေ ရေဒီယိုတွေ သီချင်းတွေလည်း နားမထောင်တော့ဘူး၊ အမွှေးအကြိုင်တွေ လည်း မလုပ်တော့ဘူး၊ ကျော်လိုက်တယ်၊ အရသာတွေလည်း မခံတော့ဘူး၊ ဖောဋ္ဌဗ္ဗ အထိအတွေ့ကိုလည်း မခံစားတော့ဘူး၊ ဈာန်တရားနဲ့နေမယ်ဆိုတော့ ကာမောဃကို ကျော်သွားသလို ရှိတယ်။

https://dhammadownload.com



ဘာက လာပြန်တာတုန်းဆို **ဘဝေါဃ** ဆိုတာနဲ့ တွေ့ပြန်ရော၊ ရူပဘုံ အရူပဘုံ (သို့မဟုတ်) စျာန်တရားတွေနဲ့ ပတ်သက်ပြီးတော့, တရားမမွေနဲ့ ပျော်မွေ့တယ်လို့ ဆိုပေမယ့်လို့ အဲဒီတရားမမွေပေါ်မှာ တွယ်တာတဲ့ ကာမရာဂ, ကာမနန္ဒီ ဆိုတဲ့အပေါ်မှာ မျောပြန်ရော၊ ဆက်မျောနေပြန်တာပဲ သူက၊ အဲဒီတော့ တဏှာမလွတ်သေးသမျှတော့ ကာမောဃနဲ့ မျောရင်မျော၊ မမျောရင် ဘဝေါဃမှာ မျောမှာပဲ။

အေး- ကောင်းပြီ၊ နောက်တစ်ခုမျောစရာက ဘာတုန်းဆိုလို့ရှိရင် အမြင်မှားမှုဆိုတဲ့ **ဒိဋ္ဌောဃ**နဲ့၊ အမြင်မှားတယ်ဆိုတာလူတွေက တို့ကတော့ အမြင်မှန်တယ်လို့ ထင်နေတာ၊ ကိုယ့်ကိုကိုယ် စဉ်းစားကြည့်၊ ငါလို့ ထင်နေတာ မှားတဲ့အမြင်လား၊ မှန်တဲ့အမြင်လား၊ မှားတဲ့အမြင်နော်၊ ဘယ်သူပဲဖြစ်ဖြစ် **ငါ** ဆိုတာရှိနေတယ်၊ **ငါ့ဟာ**ဆိုတာရှိနေတယ်၊ **ငါလုပ်ချင်တိုင်း ဖြစ်တယ်** ဆိုတဲ့ အတွေးတွေက ရှိနေတယ်၊ အဲဒီအတွေးတွေဟာ မှားယွင်းတဲ့ အတွေးတွေပဲ၊ ခြုံငုံပြောလိုက်လို့ရှိရင် **"ဧတံ မမ, ဧသောဟမသ္မိ, ဧသော မေ အတ္တာ"** ဆိုတဲ့ အတွေးတွေ၊ ထင်မြင်ချက်တွေ အထင်မှား အမြင်မှားတွေဟာ လူတွေမှာရှိနေတယ်၊ အဲဒီ အထင်မှား အမြင်မှားတွေကို **ဒိဋ္ဌောဃ** လို့ခေါ်တာ၊ ဒီအယူဝါဒ လှိုင်းလုံးကြီးတွေထဲမှာ မျောပြန်ရော။

နောက်ဆုံးမှာ ဒါတွေ လျော့ပါးသွားပြီ ဆိုတာတောင်မှပဲ ကိုယ့်ကိုယ်ကို မသိတာတို့, ကိုယ့်ရဲ့သန္တာန်မှာဖြစ်တဲ့ ရုပ်တရားနာမ်တရားရဲ့ သဘာဝတွေကို မသိတာတို့, စစ်မှန်တဲ့အကြောင်း

https://dhammadownload.com



တရားတွေကို မသိတာတို့, အမှန်ကို မသိဘဲနဲ့ အမှားကိုသိနေတာတို့, လုပ်သင့်တာကို မလုပ်သင့်ဘူးလို့ မြင်နေတာတို့, မလုပ်သင့်တာကို လုပ်သင့်တယ်လို့ မြင်နေတာတို့ ဆိုတာတွေက **အဝိဇ္ဇောဃ** ပဲ။

အဝိဇ္ဇောဃထဲမှာမျောသွားလို့ရှိရင် ဒုက္ခသစ္စာကိုမသိဘူး၊ သမုဒယသစ္စာကိုမသိဘူး၊ နိရောဓသစ္စာကိုမသိဘူး၊ မဂ္ဂသစ္စာကို မသိဘူး၊ ဘာလုပ်ရမယ်ဆိုတာ မသိဘူး၊ ဒီ မသိတာတွေဟာ အမှန်တရားကို မသိတာ, အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်ကို မသိတာ၊ အတိတ်ကခန္ဓာတွေနဲ့ ပတ်သက်ပြီးတော့ မသိတာ၊ အနာဂတ်ခန္ဓာနဲ့ ပတ်သက်ပြီးတော့ မသိတာ၊ ၂-မျိုးစလုံးကို မသိတာ၊ ဒီ မသိမှု ၈-ချက်ဟာ **အဝိဇ္ဇောဃ**ပဲ၊ အဝိဇ္ဇောဃထဲမှာ မျောပါနေကြဦးမှာပဲ၊ အဝိဇ္ဇာမကင်းသေးသမျှ လုပ်မိလုပ်ရာတွေ လုပ်ကြမယ်၊ အကောင်းထင်ပြီး လုပ်မှာပဲ၊ မှန်တယ်ထင်ပြီးတော့ ပြောဦးမှာပဲ၊ တရားလိုက်စားနေတဲ့လူတွေတောင်မှ ကိုယ့်ဟာကိုယ် မှန်တယ်ထင်ပြီးတော့ လျှောက်ပြောနေတာတွေ အများကြီးပဲလေ။

အဲဒီလို မှန်တယ်ထင်ပြီးတော့ လျှောက်ပြောနေတဲ့အခါမှာ အယူဝါဒတွေက စွဲမြဲလာပြီး ကိုယ့်ဟာမှအမှန်၊ တခြားဟာ အမှားဆိုပြီးတော့ အဲဒီလိုတွေ အယူဝါဒတွေနဲ့ စွဲလန်းမှုတွေ၊ **အာဒါနဂ္ဂါဟီ** - စွဲစွဲမြဲမြဲ ဆုပ်ကိုင်တယ်၊ **ဒုပ္ပဋိ နိဿဂ္ဂီ** - စွန့်လွှတ်ဖို့ရန် ခက်တယ်ဆိုတဲ့အထဲမှာ မျောနေပြီဆိုရင် ဒါ **ဒိဋ္ဌောဃ**ထဲမှာ မျောသွားတာပဲ၊ **ဒိဋ္ဌောဃ**တို့ အဝိဇ္ဇောဃတို့ထဲ

https://dhammadownload.com



မျောသွားတာပဲ၊ အဲဒီလိုမျောနေတဲ့ပုဂ္ဂိုလ်တွေဟာ ဒီဩဃကြီးကို မဖြတ်ကျော်နိုင်ဘူးလို့ပြောတာ၊ ဒီဩဃကြီးကို မဖြတ်ကျော်နိုင်လို့ရှိရင် ဘယ်နည်းနဲ့မှ ဟိုဘက်ကမ်းကို မရောက်နိုင်ဘူး၊ ဟိုဘက်ကမ်းဆိုတဲ့ နိဗ္ဗာန်နဲ့ အလှမ်းဝေးနေဦးမှာပဲ။

အဲဒါနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားကို မေးခွန်းတွေကို မေးကြတာ၊ ဒီဩဃတွေကို ဘယ်လိုဖြတ်မလဲ၊ ဆိုပါစို့ - ပင်လယ်ကြီးကိုဖြတ်ပြီး ဟိုဘက်ကမ်းသွားဖို့ဆိုတာ သိပ်ခဲယဉ်းတာပေါ့၊ ဒီနား ရန်ကုန်မြစ်ဖြတ်ပြီး ဒလဘက်ကူးဖို့တောင် လှိုင်းတွေကြီးနေရင် မခက်ဘူးလား၊ ခက်တယ်၊ မလွယ်ဘူးလေ၊ အဲဒီတော့ ဒီ့ထက် ပင်လယ်ကြီးဟာ လှိုင်းလုံးတွေကြီး၊ ဘေးအန္တရာယ်တွေကြီးပြီး ကျယ်သည်ထက် ကျယ်တယ်နော်၊ အဲဒီလို ကျယ်သည်ထက် ကျယ်နေတဲ့ ဩဃဆိုတဲ့ ပင်လယ်ကြီးကို ဖြတ်ကူးပြီးတော့ ဟိုဘက်ဆိုတဲ့ ငြိမ်းချမ်းတဲ့ တစ်ဘက်ကမ်းကို ရောက်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်တဲ့။

အဲဒီတော့ ခဲယဉ်းလို့ မသွားဘဲနဲ့နေမယ်၊ ဒါကို မဖြတ်တော့ဘူးလို့ ဆိုလို့ရှိရင် ဘာတွေနဲ့တွေ့မလဲ၊ အိုခြင်း နာခြင်း၊ သေခြင်းဆိုတဲ့ ဘေးဒုက္ခတွေနဲ့ပဲ တဝဲလည်လည် ရှိနေမှာပဲ၊ သက်သာတဲ့အခါ သက်သာမယ်၊ မသက်သာတဲ့အခါ မသက်သာဘူး၊ ဒီဘက်နေလို့ရှိရင် သက်သာတဲ့အခါတော့ရှိမယ်၊ ဈာန်အဘိညာဉ်တွေ ရလို့ ဗြဟ္မာ့ဘုံရောက်သွားလို့ရှိရင် အတော်လေးသက်သာမယ်၊ ဘာဖြစ်လို့ သက်သာမလဲ၊ သက်တမ်းရှည်သည့်အတွက်ကြောင့် သက်သာနေမယ်၊ မအိုဘူး မနာဘူး မသေဘူးလို့ ဒီလိုထင်ရ

https://dhammadownload.com



လောက်အောင် သက်သာတယ်၊ သို့သော် နောက်ဆုံးကျတော့ ဒီထဲမှာပဲ ပြန်ရောက်လာမယ်။

ဒါကြောင့်မို့ မြန်မာစကားလည်း ပြောတယ် မဟုတ်လား၊ ပြန်လှည့်လာတာကို ကြည့်ပြီးပြောတာ၊ "ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စာကျင်းမှာ တရှုပ်ရှုပ်"၊ အဲဒီတော့ ဈာန်အဘိညာဉ်ရတုန်းတော့ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာကြီးဖြစ်နေတယ်၊ နောက်ကျတော့ အချိန်တွေကုန်လာပြီး သံသရာလည်လိုက်တဲ့ အခါကျတော့ ဝက်စာကျင်းထဲမှာ စားနေတဲ့ ဝက်ကြီး ဖြစ်နေတာ၊ သံသရာဆိုတာ အလွန်ကြောက်စရာကောင်းတာ၊ အခု ဗြဟ္မာဖြစ်ပေမယ့် တော်ကြာ ဝက်ဘဝ ရောက်ချင် ရောက်သွားနိုင်တယ်လို့ ဒီလိုပြောတာ။

အဲဒီနေရာမှာ ဗြဟ္မာသေရင် ဝက်ဖြစ်တယ်လို့တော့ အဓိပ္ပါယ် မလွဲစေရဘူး၊ ဗြဟ္မာ သေသေချင်းတော့ ဝက်က မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့ မဖြစ်နိုင်လဲဆိုတော့ သူ့ရဲ့ကုသိုလ်စွမ်းအားဟာ အင်မတန်မှကြီးမားတယ်၊ အင်မတန်ကြီးမားသည့်အချိန် အင်မတန်ကောင်းသည့် အတွက်ကြောင့် ဗြဟ္မာ့ဘုံက သေလို့ရှိရင် ကောင်းတဲ့ဘုံတစ်ဘုံတော့ ကြားခံရလိမ့်မယ်၊ အဲဒီဘုံရောက်တဲ့အခါကျတော့ ကုသိုလ်ကောင်းမှု မလုပ်ဘူး၊ မေ့မေ့လျော့လျော့ ဩဃဆိုတဲ့ သံသရာရေယာဉ်ကြောမှာ ဆက်ပြီးမျောပြီး အကုသိုလ်တွေ လုပ်နေမယ်ဆိုရင်တော့ ဝက်စာကျင်း ရောက်သွားမှာပဲ၊ ဒီလိုဆိုလိုတာနော်၊ "ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊

https://dhammadownload.com



ဝက်စာကျင်းမှာ တရှုပ်ရှုပ်” ဆိုတာ မလွတ်တာကို ပြောတာပါ။ အရိယာမဖြစ်သေးလို့ရှိရင် အခု ဗြဟ္မာဖြစ်နေပေမယ့်လို့ အတော်ကြာလို့ရှိရင် သံသရာထဲမှာ ဝက်ဆိုတာလည်း ဖြစ်ဦးမှာပဲ၊ ဒီလို ဆိုလိုတာနော်။

မြတ်စွာဘုရားနဲ့ ကြုံတွေ့တဲ့အခါမှာ အရေးကြီးတဲ့ မေးခွန်းတွေကို သူတို့ မေးကြတယ်။ သံသရာဝဋ်က လွတ်ချင်ကြလို့ တောထွက်ပြီး သူတို့ကျင့်နေကြတာ၊ အဲဒီလိုကျင့်နေတဲ့ ပုဂ္ဂိုလ်တွေက အဲဒီခေတ်က အလွန်များတယ်၊ ကျင့်တဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ **သုဒ္ဓိ**-စင်ကြယ်မှုအတွက် ကျင့်ကြတာချည်းပဲ၊ ကိလေသာတွေ စင်ကြယ်ပြီလို့ ယူဆကြတယ်၊ စိတ်စင်ကြယ်ဖို့ အတွက် သူတို့ကြိုးစားနေကြတာ၊ သို့သော် ထိုကြိုးစားမှုတွေဟာ မှန်ကန်မှုမရှိဘူး၊ မှန်ကန်မှု မရှိသည့်အတွက်ကြောင့် ကြိုးစား ပေမယ့်လို့ မအောင်မြင်ဘူး။

ဒါ ဟုတ်တယ်၊ လမ်းစဉ်တစ်ခု မှားနေပြီဆိုရင် ဘယ် အောင်မြင်မလဲ၊ ဆိုပါစို့ - ဆီလိုချင်တဲ့ပုဂ္ဂိုလ်က ဆီထွက်နိုင်တဲ့ သီးနှံတစ်မျိုးမျိုးကို ဆုံထဲထည့်ပြီး (သို့မဟုတ်) စက်ထဲထည့်ပြီး ကြိတ်မှ ပွတ်မှ ဆီဆိုတာထွက်မှာ၊ အဲဒီလို မဟုတ်ဘဲနဲ့ ကျောက်ခဲ တို့ ကျောက်တုံးတို့ သဲတို့ထည့်ပြီးတော့ ဆီပွတ်၊ ထွက်ပါ့မလား၊ မထွက်နိုင်ဘူး၊ အဲဒီလို အကျင့်မှားနေပြီဆိုရင် “သဲကို ဆီပွတ် နေတာနဲ့ တူတယ်၊” နွားနို့လိုချင်လို့ နွားကို နို့ညှစ်တဲ့အခါမှာ နို့ကိုမညှစ်ဘဲနဲ့ ဦးချိုကို သွားညှစ်လို့ရှိရင် နို့ထွက်ပါ့မလား၊

https://dhammadownload.com



မထွက်ဘူး၊ အမြီးကိုသွားညှစ်ရင်ကော ထွက်မလား၊ မထွက်ဘူး၊ လမ်းမှားနေလို့ရှိရင် မရဘူးဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာနော်၊ ရည်ရွယ်ချက်ကတော့ မှန်တယ်။

ရည်ရွယ်ချက်တွေက အို နာ သေရေး ဒုက္ခဘေးတွေက လွတ်ချင်ကြတယ်၊ လွတ်ချင်လို့ သူတို့ လွတ်ရာလွတ်ကြောင်းကို ရှာကြတာ၊ သို့သော်လည်း လုပ်နည်းလုပ်ဟန်တွေက မမှန်ဘူးတဲ့၊ အဲဒီလိုမမှန်တာဟာ အလကား မမှန်တာ မဟုတ်ဘူး၊ အဲဒါနဲ့ ပတ်သက်ပြီး မသိကိုမသိနိုင်လို့ မမှန်တာ၊ ဒါကြောင့်မို့ မြတ်စွာ ဘုရား ပွင့်တဲ့အခါမှာ အဲဒီ လုပ်နည်းလုပ်ဟန်တွေကို သူတို့ မေးကြတယ်။

## နံပါတ် (၁) မေးခွန်း

ဒီကနေ့ နန္ဒဆိုတဲ့ရသေ့က မေးခွန်းတွေကို မေးတယ်၊ သူက ဘာနဲ့ပတ်သက်ပြီးတော့ မေးတုန်းဆိုတော့ **မုနိ** ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီးတော့ မေးတာ၊ သူတို့ခေတ်မှာ မုနိတွေ အများကြီးပဲ၊ မုနိ ဆိုတာ အသိပညာရှိတဲ့ ထက်မြက်တဲ့ သူတော်စင်တွေကို မုနိလို့ခေါ်တာ၊ ကနေ့ခေတ်မှာ ဆာဒူးလို့ ခေါ်ကြတာရှိတယ်လေ၊ ဆာဒူးဆိုတာ အမှန် ဘယ်ကလာတုန်း ဆို "သာဓု" ဆိုတဲ့စကားလုံးကလာတာ၊ သာဓုဆိုတာ သူတော် ကောင်းနော်၊ ကောင်းကျိုးချမ်းသာတွေကို ပြီးစေတတ်တဲ့ အကျင့် ရှိတဲ့ သူတော်ကောင်းကို သာဓုလို့ခေါ်တာ၊ အဲဒီသာဓုကနေ

https://dhammadownload.com



ပြီးတော့ အိန္ဒိယအသံနဲ့ ဆာဓူ၊ မြန်မာလိုခေါ်တော့ ဆာဒူးလို့ ဖြစ်သွားတယ်၊ ဆာဒူးဆိုတာ မုတ်ဆိတ်အဖွားကြီးနဲ့လို့ ထင်သွားတယ်လေ၊ တကယ်က ဆာဒူးဆိုတဲ့နာမည်က သူတော်ကောင်းကို ပြောတာ၊ **သာဓု သပ္ပုရိသ** ဆိုတဲ့ အဓိပ္ပါယ်။

အဲဒီတော့ အဲဒီလို မြတ်စွာဘုရား လက်ထက်တုန်းက ဘာသာတရားကို ခေါင်းဆောင်ပြီးတော့ ကျင့်ကြံကြိုးကုတ်အားထုတ်နေကြတဲ့ တကယ့်သူတော်ကောင်းကြီးတွေ ရှိတယ်၊ အဲဒီ သူတော်ကောင်းကြီးတွေကိုလည်းပဲ "မုနိ" လို့ ခေါ်တယ်၊ မုနိဆိုတာ အခုခေတ်လို ခြုံပြောမယ်ဆိုရင် ရသေ့ ရဟန်းပေါ့နော်၊ စကားလုံးတွေအများကြီးရှိတယ်၊ **ဣသိ**လို့လည်းခေါ်တယ်၊ **မုနိ**လို့လည်းခေါ်တယ်၊ **သမဏ** လို့လည်း ခေါ်တယ်၊ **ဗြာဟ္မဏ** လို့လည်း ခေါ်တယ်၊ ဒီစကားလုံးတွေဟာ မှန်ကန်တဲ့အဓိပ္ပါယ်ကို ရောက်ဖို့ အင်မတန်မှအရေးကြီးတယ်။

မြတ်စွာဘုရားရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေဟာ အင်မတန်မှ လေးနက်တယ်ပေါ့၊ ဗြာဟ္မဏဆိုတဲ့ စကားလုံးလေး ဖွင့်ဆိုပုံကို ပြောပြမယ်၊ ဗြာဟ္မဏဆိုတဲ့စကားလုံးဟာ အင်မတန်မှ လေးနက်တဲ့ စကားလုံးတစ်ခု ဖြစ်တယ်၊ သို့သော် Bramin တွေက သူတို့က ဗြာဟ္မဏဆိုတဲ့ စကားလုံးကို ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုတုန်းဆိုရင် **"ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏော"** တဲ့၊ ဗြဟ္မာကြီးရဲ့ သားသမီးတွေလို့ သူတို့ကယူဆတယ်၊ ဒါ သူတို့ဖွင့်တဲ့အဓိပ္ပါယ်၊ "ဗြာဟ္မဏဆိုတာ ဗြဟ္မာ့သား"၊ ကြည့်လေ- ဗြဟ္မာ့သားဆိုပြီး ဂုဏ်ယူထားပြီးတော့ ဇာရာဏသီပြည်ဆိုရင် မင်းအားလုံးဟာ ဗြဟ္မဒတ္တ

https://dhammadownload.com



တွေချည်းပဲ၊ ဗြဟ္မာကပေးတာ၊ ဗြဟ္မာကပေးမှ ဗြဟ္မာ ကိုးကွယ်တဲ့ လူတွေကလည်း လေးစားတာကိုး။

ဒါကြောင့်မို့လို့ ဘုရင်တွေဆိုလို့ရှိရင် အဲဒီခေတ်က လူတွေဟာ ဗြဟ္မာမင်းကြီးကပေးတာ, ဗြဟ္မာမင်းကြီးရဲ့သားဆိုပြီးတော့ အလေးပြုလိုက်ကြတာ၊ ရှိခိုးလိုက်ရတာ၊ တကယ်ကတော့ လူဟာလူပဲပေါ့၊ **ဗြဟ္မဒတ္တ** ဆိုတဲ့ စကားလုံးဟာ အဲဒီခေတ်က ဘွဲ့တစ်ဘွဲ့ပဲ၊ ဘုရင်တွေကို ဗြဟ္မဒတ္တ၊ ဗြဟ္မာကပေးတာ၊ ဒါကြောင့်မို့ လူတွေအားလုံးဟာ ရိုကျိုးပြီးတော့ ရှိခိုးကြရတာ၊ ဒီလိုအယူအဆကြီးက လွှမ်းမိုးထားတာ။

ဗြဟ္မာကို ကိုးကွယ်တဲ့လူတွေကို ဗြဟ္မဒတ္တ၊ ဗြဟ္မာကနေ ကိုးကွယ်ဖို့ ပေးထားတယ်ဆိုတော့ အဟုတ်ထင်ပြီး ရှိခိုးကြတယ်ပေါ့၊ တကယ်ကတော့ ဗြဟ္မာက မပေးပါဘူး၊ သူ့အမေက မွေးလာတာ၊ သူ့အမေက သူ့အဖေနဲ့မွေးတာပဲ ဟုတ်ကဲ့လား၊ မြတ်စွာဘုရားက တစ်ခါတုန်းကပြောတယ်၊ သူ့အမေ သူ့အဖေ အဝှါလုပ်လို့ မွေးတာကို ဗြဟ္မာကပေးတယ်ဆိုတာ ဒါ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးလို့ မြတ်စွာဘုရားက အဲဒီလိုပြောတာ ရှိတယ်နော်၊ အဲဒီလို ဖွင့်ဆိုတာကိုလည်း မြတ်စွာဘုရားက လက်မခံဘူး။

ဘယ်လို အဓိပ္ပါယ်ဖွင့်ဆိုတုန်းဆို ဗြာဟ္မဏဆိုတာ အဲဒီ Bramin တွေကို ရည်ညွှန်းမယ်ဆိုရင် **ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော** -ဗေဒကျမ်းတွေကို သင်ကြားရွတ်ဖတ်တဲ့ပုဂ္ဂိုလ်လို့ ဒီလိုအဓိပ္ပါယ်ပဲရတယ်၊ ဗြဟ္မဆိုတာ ဗြဟ္မာကြီးကို ရည်ညွှန်းတာ

https://dhammadownload.com



မဟုတ်ဘူး၊ ဗေဒင်ကျမ်းတွေကို ရည်ညွှန်းတာတဲ့၊ ဒါက မြတ်စွာဘုရား ဖွင့်ဆိုတဲ့အဓိပ္ပါယ်။

နောက်တစ်ခါ ဗြာဟ္မဏဆိုတဲ့ စကားလုံးဟာ အဆင့်မြင့်ပုဂ္ဂိုလ်တွေကိုရည်ညွှန်းပြီးတော့ပြောတဲ့အခါကျတော့ **"ဗာဟိတပါပ"** - မကောင်းမှုတွေကို တွန်းလှန်ဖယ်ရှားထားတဲ့ ပုဂ္ဂိုလ်မှ တကယ့် ဗြာဟ္မဏအစစ်တဲ့၊ **"ဗာဟိတ ပါပေါတိ ဗြာဟ္မဏော"** တဲ့၊ မကောင်းမှု အကုသိုလ်တွေကို တွန်းလှန်ဖယ်ရှားထားတဲ့ ပုဂ္ဂိုလ်တဲ့၊ ဒီလို မြတ်စွာဘုရား ဖွင့်ဆိုတာကျတော့ ရဟန္တာပုဂ္ဂိုလ်နော်၊ တကယ့် ရဟန္တာပုဂ္ဂိုလ်ဆိုတာ မကောင်းမှုအကုသိုလ်တွေကို ဖယ်ရှားပစ်ပြီးမှ ဖြစ်နိုင်တယ်။

**သမဏ** ဆိုတာကျတော့ ဘာတုန်းဆိုတော့ **"ပါပေ သမေတီတိ သမဏော"** - မကောင်းတဲ့စိတ်ဓာတ်တွေ ညစ်နွမ်းတဲ့ စိတ်ဓာတ်တွေ၊ အဲဒီစိတ်ဓာတ်တွေကို ငြိမ်းသွားအောင် ဖယ်ရှားပစ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ သမဏ၊ မကောင်းတဲ့စိတ်ဓာတ်တွေ ထကြွသောင်းကျန်းနေတဲ့ပုဂ္ဂိုလ်ဟာ သမဏမဖြစ်နိုင်ဘူး၊ သမဏ မဟုတ်ဘူး၊ လူတွေရဲ့ရင်ထဲမှာ လောဘတွေ ဒေါသတွေ မောဟတွေက သောင်းကျန်းနေတယ်၊ လောင်နေတယ်၊ နှလုံးသားက အမြဲတမ်း ပူလောင်နေတယ်၊ အဲဒီလို နှလုံးသားက ပူနေရင် သမဏ မဟုတ်ဘူး၊ အဲဒီအပူတွေ ငြိမ်းနေတဲ့ပုဂ္ဂိုလ်မှ သမဏလို့ ဖွင့်ဆိုတယ်။

**မုနိ** ဆိုတာကျတော့ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့ အဆိုးကို ခွဲခြားသိမြင်တဲ့ပုဂ္ဂိုလ်ကို **မုနိ**တဲ့၊ အဲဒီခေတ်ကတော့

https://dhammadownload.com



ဘာသာရေးအကျင့်ကို ကျင့်နေတဲ့ အာဇီဝက၊ မြန်မာလိုပြန်တော့ တက္ကတွန်းလို့ ပြန်တယ်၊ အာဇီဝက ဆိုတာ အင်မတန်မှ ဆင်းဆင်းရဲရဲ အသက်မွေးတယ်၊ ဘာသာရေးကျင့်စဉ်တစ်ခုကို မြန်မာပြည်မှာလည်း အဲဒီလိုလုပ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ ၉-ရက် မီးလွတ်စားတယ်တို့၊ ဘာအတွက်စားတာလဲ၊ ၉-ရက် ဝေတ်ဖို့ပဲ ရှိတယ်နော်၊ ဒီလို အစာအာဟာရနဲ့ သံသရာဝဋ်က လွတ်တယ် ဆိုတာ မရှိနိုင်ဘူးတဲ့၊ မြတ်စွာဘုရားကိုယ်တိုင်ကို ဟောထားတာ၊ တကယ် ၉-ရက် မီးလွတ်စားမယ့်အစား ကိုယ့်သန္တာန်မှာ ၉-ရက် လောဘမဖြစ်အောင်ဘဲ ထိန်းရမှာ၊ အေး- ခုလည်း ရှိနေတာပဲ၊ တလွဲဖြစ်နေတာကို ပြောတာပါ။ သူတို့ကို မပုတ်ခတ်ပါဘူး၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်ခွင့်ရှိပါတယ်။

သက်သတ်လွတ်စားတယ်ဆိုတဲ့ နေရာမှာလည်း ရည်ရွယ်ချက် မှန်ကန်ဖို့တော့ လိုအပ်တယ်၊ တိရစ္ဆာန်တွေကိုသနားတယ်၊ သူတို့ဒုက္ခတွေ သနားတယ်၊ သနားလို့ သူတို့အသားတွေကို ငါ မစားတော့ဘူး ရှောင်တယ်ဆိုရင် ကောင်းတယ်၊ အဲဒီ ရည်ရွယ်ချက် အင်မတန်ကောင်းတယ်၊ မေတ္တာနဲ့ ကရုဏာနဲ့ ရှောင်တာ၊ သက်သတ်လွတ်စားတာ နိဗ္ဗာန်ရောက်တဲ့ အကျင့်လို့ ဒီလိုအောက်မေ့ရင်တော့ ဒါ မှားသွားမယ်။

ခုခေတ်မှာ ဆိုလို့ရှိရင် သက်သတ်လွတ် စားပေမယ့်လို့ အလွမ်းပြေ ဘာလုပ်လဲဆိုရင် အသားတုဆိုတာလေးနဲ့ စားရတာလေ၊ အသားတုဆိုကတည်းက သူက အသားစားချင်ရဲ့သားနဲ့ ချုပ်တီးထားရတယ်ဆိုတော့ သူ့မှာ အကုသိုလ်က ၂-ခု ဖြစ်နေပြီ

https://dhammadownload.com



နော်၊ အကုသိုလ်က ၂-မျိုးရနေပြီ၊ စားချင်တဲ့အာသာရှိတယ်နော်၊ ပြီးတော့ တိရစ္ဆာန်ရဲ့ ဒီအသားလို့ ရည်ရွယ်ပြီးတော့ စားနေတယ်၊ အသားမဟုတ်ဘဲနဲ့ အသားလို့ထင်ပြီးတော့ စားနေတယ် ဆိုက တည်းက မှားယွင်းနေတာပေါ့၊ စိတ်က **လွတ်လပ်မှာ** မဟုတ်ဘူး။

အေး မုန့်မှုန့်နဲ့လုပ်ထားတဲ့ ဝက်ကောင်လုံးကြော်ကြီးတွေ, ကြက်ကောင်လုံးကြော်ကြီးတွေ, ပုဇွန်လုံးကြီးတွေနော်၊ အဲဒါတွေကို တစ်ခါတည်း သက်သတ်လွတ်ဆိုပြီးတော့ အလွမ်းပြေ လုပ်နေတာ ဒါကတော့ ဟန်မကျလှဘူးနော်။

အဓိကက ဘာတုန်းဆိုရင် အစားနဲ့ပတ်သက်လာလို့ရှိရင် မြတ်စွာဘုရားက ဟောထားတာ ရှိတယ်လေ၊ အစားစားတယ် ဆိုတာတဲ့ ပျော်ဖို့စားတာ မဖြစ်စေရဘူးတဲ့၊ ခန္ဓာကိုယ်တောင့်တင်းဖို့စားတာ မဖြစ်စေရဘူး၊ မြူးထူးဖို့စားတာ မဖြစ်စေရဘူး၊ လှဖို့ပဖို့စားတာမျိုးလည်း မဖြစ်စေရဘူးတဲ့၊ ဖြစ်စေရမှာက ဘာလဲဆိုရင် ခန္ဓာကိုယ်ကြီး တည်တံ့ပြီးတော့ အလုပ်လုပ်နိုင်ဖို့ စားရတာ၊ ရောဂါမဖြစ်အောင် အသက်ရှည်တည်တံ့ဖို့ စားရတာ၊ ဒီလို ဆိုလိုတာ။

အဲဒီလို စားလို့ရှိရင် ရသတဏှာဆိုတာကို ဖယ်ရှားနိုင်တယ်၊ ခုနကလို မုန့်လုံးကြီးကို ကြက်ကောင်ကြော်ကြီးဆိုပြီး စားတာကျတော့ ဒီတဏှာက ပိုတောင်ကြီးလာသေးတယ်၊ အစစ်မစားရတဲ့အခါ အတုပိုဝါးနေတာ၊ အဲဒါဆိုတော့ အကုသိုလ်တွေ ဖြစ်နေမှာပဲပေါ့၊ ရသတဏှာက ဖြစ်နေမှာ။

https://dhammadownload.com



ငယ်ငယ်က ကြားဖူးတာရှိတယ်၊ သူငယ်ချင်း ၂-ယောက် ထမင်းစားတာ ဟင်းကမပါဘူး၊ ဟင်းက မပါတော့ တစ်ယောက် တစ်လှည့် ပြောပေးကွာ၊ စိတ်ကူးနဲ့ စားမယ်၊ ထမင်းတစ်လုတ် ဟိုကောင်က စားလိုက်တယ်၊ ကြက်ကြော်ကွာ၊ ထမင်းကို ကြက်ကြော်အမှတ်နဲ့စား၊ ဟိုကောင်က ဘဲကြော်ကွာ၊ နောက် တစ်ခါကျတော့ ပုဇွန်ကြော်ကွာနဲ့ဆိုပြီးတော့ ကောင်းမယ့်ဆိုတာ တွေကို သူစိတ်ကူးပြီးတော့ ထမင်းကိုမျိုချတာ၊ စိတ်ကူးယဉ်တာ ကလည်း တစ်ခါတစ်လေ ကောင်းတယ်လေ၊ သူက စိတ်ထဲမှာ ကျေနပ်မှုရအောင် အဲဒီလို တစ်ယောက်ကိုတစ်ယောက် ပြော ပေးတာ၊ နောက်တစ်ယောက်က သူ့အလှည့်ကျတော့ ပြောပေး ရမှာ ပျင်းတယ်၊ သူက စားလို့ပြီးသွားပြီ၊ ကဲ ငါ့အလှည့်ရောက်ပြီ မင်းပြောဆိုတော့ပြောတယ်၊ ဟိုကောင်က ဝက်ကောင်လုံးကြော် ကြီးကွာတဲ့၊ တစ်လုတ်စားပြီးတော့ နောက်တစ်လုတ်ကျတော့ ဟော့ကောင် ပြောလေကွာ၊ ဝက်ကောင်လုံးကြော်ပြီးတော့ ဘာတုန်းပေါ့၊ မင်း ဒီဝက်ကောင်လုံးကြော်ကြီးပဲ ပြီးအောင် စားပါဦးကွာ၊ သူတို့မှာ စိတ်ကူးနဲ့လည်း ဒီလိုလုပ်ကြတာပဲ၊ ထမင်းဟင်းမရှိတဲ့အခါ အဲဒီနည်းစမ်းသပ်ကြည့်ပေါ့။

သက်သတ်လွတ်စားပြီးတော့ အဲဒီလို အတုတွေ လုပ်လို့ ရှိရင်တော့ ဒါမျိုးနဲ့ အလွမ်းပြေဖြစ်နေတယ်တဲ့၊ တဏှာပယ်နိုင်မှာ မဟုတ်ဘူး၊ တဏှာမပယ်နိုင်ဘူးဆိုရင် အကုသိုလ်က ဖြစ်နေမှာပဲ၊ အကုသိုလ်ဆိုတာ ကိုယ့်သန္တာန်မှာဖြစ်တဲ့ လောဘတို့ ဒေါသတို့ မောဟတို့ကိုခေါ်တာ၊ အဲဒီအကုသိုလ်က ငရဲချတဲ့အကုသိုလ်,

https://dhammadownload.com



အပါယ်ချတဲ့အကုသိုလ် ရှိတယ်၊ အပါယ်ကျလောက်အောင် မပြင်းထန်တဲ့ အကုသိုလ်ရှိတယ်ပေါ့၊ တစ်ချို့က ငရဲကြီးလား, ငရဲမကြီးဘူးလားနဲ့ မေးတတ်ကြသေးတယ်၊ အကုသိုလ်မှန်သမျှ အပါယ်ကို ရောက်စေတယ်၊ သို့သော် ရောက်စေနိုင်တဲ့ အင်အား ရှိမှ ရောက်စေတယ်ပေါ့၊ ဒါကြောင့်မို့ အကုသိုလ်ကို **"အပါယ ဂမနီယ"** နဲ့ **"အပါယ အဂမနီယ"** လို့ ဒီလို ခွဲပေးတာကိုး၊ အပါယ်ပို့လောက်အောင် ပြင်းထန်ရင်တော့ အပါယ်ရောက်မှာ ပေါ့၊ သို့သော် အကုသိုလ်မှန်သမျှဟာ **သာဝဇ္ဇ ဒုက္ခဝိပါက** အပြစ်ရှိပြီး မကောင်းတဲ့အကျိုးကိုပေးတယ်ဆိုတာ သေချာပေါက် မှတ်ရမယ်ပေါ့။

ကောင်းပြီ၊ **မုနိ** ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရား လက်ထက်တော်အခါကာလတုန်းက အာဇီဝက ပင်ပင်ပန်းပန်း ကျင့်တဲ့ပုဂ္ဂိုလ်၊ အဝတ်မဝတ်ဘူး၊ အဝတ်ဆိုတဲ့ပိုင်ဆိုင်မှုကို သူ မလိုလားဘူး၊ အကုသိုလ်စိတ်ကို ဖြတ်တယ်ဆိုပြီးတော့ အဝတ် မဝတ်ဘဲနေတယ်၊ အစားကိုလည်း လက်ထဲမှာပဲ ထည့်စားတယ်၊ ခွက်တွေ ဘာတွေနဲ့ မလုပ်ဘူး၊ အဲဒီလို ပင်ပန်းဆင်းရဲစွာ အကျင့် ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေကို မုနိလို့ ခေါ်ရမှာလားတဲ့၊ အဲဒီတော့ လောကမှာ မုနိ မုနိနဲ့ ပြောတဲ့ စကားလုံးတွေက အားလုံးကို ခြုံပြီးတော့ အာဇီဝကတွေ, တို့မှာ ကိလေသာဆိုတဲ့ အနှောင်အဖွဲ့ မရှိဘူးလို့ ကြွေးကြော်တဲ့ နိကဏ္ဌတွေ, အဝတ်မဝတ်တဲ့ အစေလက တွေ, ဆံကျစ်ထုံးတဲ့ ရသေ့တွေ, လူလောကက ရှောင်ခွာပြီးတော့ သူတော်စင်ဘဝမှာ အိမ်ထောင်သားမွေးမပြုဘဲနဲ့ လှည့်ပတ်ပြီး

https://dhammadownload.com



တော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ - အားလုံးကို မုနိလို့ ခေါ်နိုင်သလားဆိုတဲ့ မေးခွန်းကို သူမေးတာ။

နန္ဒရသေ့က မေးတဲ့မေးခွန်းက-

**"သန္တိ လောကေ မုနယော၊**

**ဇနာ ဝဒန္တိ တယိဒံ ကထံသု။"**

လောကမှာတဲ့၊ မုနိလို့ခေါ်တဲ့ပုဂ္ဂိုလ်တွေ အများကြီး ရှိပါတယ်တဲ့၊ လူတွေကလည်း သူတို့ကို မုနိလို့ ပြောကြတယ်၊ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုလဲတဲ့။

**"ဉာဏူပပန္နံ နော မုနိံ ဝဒန္တိ၊**

**ဥဒါဟု ဝေ ဇီဝိတေနူပပန္နံ"**

"အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ကိုမှ မုနိလို့ ခေါ်ရမှာလား၊ (သို့မဟုတ်) ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ သက်သတ်လွတ်စားတယ်၊ မီးလွတ်စားမယ်နော်၊ ဟိုဟာ ဒီဟာ မစားဘူးဆိုပြီးတော့ အစားကိုခြိုးခြံတဲ့ပုဂ္ဂိုလ်မျိုးကိုပဲ မုနိလို့ခေါ်ရမှာလားလို့မေးတာ။

အဲဒီလိုမေးတော့ မြတ်စွာဘုရားကဖြေတယ်၊ "လောကမှာတဲ့၊ မုနိဆိုတာဟာ **န ဒိဋ္ဌိယာ** အမြင်တစ်ခု ရှိရုံနဲ့လည်း မုနိလို့ ပြောလို့ မရဘူးတဲ့၊ **န သုတိယာ** ကောင်းတဲ့ အကြားဗဟုသုတ ရှိရုံနဲ့လည်း မုနိလို့ မပြောရဘူး၊ **န ဉာဏေန** သမထကျင့်စဉ် သမာပတ်တွေကို အောင်မြင်ပြီးတော့ ဈာန်တွေရတယ်၊ အဘိညာဉ်တွေရတယ်၊ အဲဒီလောက်လေးနဲ့လည်း မုနိလို့ မပြောနိုင်ဘူးတဲ့၊ တကယ့်ပညာရှိတွေက အဲဒီလောက်လေး အခြေအနေမျိုးကို မုနိလို့ မခေါ်ဘူး" တဲ့။

https://dhammadownload.com



မုနိလို့ ခေါ်နိုင်တဲ့ပုဂ္ဂိုလ်ဆိုတာ-

**"ဝိသေနိကတွာ အနီယာ နိရာသာ,**

**စရန္တိ ယေ တေ မုနယောတိ ဗြူမိ"** တဲ့၊

မြတ်စွာဘုရားက မုနိလို့ခေါ်တဲ့ပုဂ္ဂိုလ်ဟာ ရာဂ ဒေါသ မောဟ စတဲ့ ကိလေသာမာရ်စစ်သည်တွေကို ဖယ်ရှားပြီး ရာဂ ဒေါသ မောဟတွေကင်းပြီး နောက်ဆုံး အတွယ်အတာတွေ လုံးဝပြတ်နေတဲ့ ပုဂ္ဂိုလ် (ဆိုလိုတာက) ကိလေသာ အာသဝေါ ကင်းစင်တဲ့ ရဟန္တာပုဂ္ဂိုလ်မှ မုနိလို့ ခေါ်မယ်တဲ့။

ဒါ အမြင့်ဆုံး မုနိကို ပြောလိုက်တာ၊ ဘာဖြစ်လို့တုန်းဆိုရင် လောကမှာ သူကလည်း မုနိ၊ ငါကလည်း မုနိနဲ့ အဲဒီခေတ်က မုနိ ခေတ်စားတာကိုး၊ အဲဒီတော့ သူကလည်း မုနိ၊ ငါကလည်း မုနိနဲ့ဆို မုနိတွေများနေတာ၊ တကယ် သူတို့ကို မုနိ ခေါ်နိုင်လား ဆိုတော့ မြတ်စွာဘုရားက **"ဝိသေနိကတွာ"** တဲ့၊ ကိလေသာ မာရ်စစ်သည်တွေကို ဖယ်ရှားပြီးတော့ အောင်မြင်ထားတဲ့ ပုဂ္ဂိုလ်ကိုမှ မုနိလို့ ခေါ်နိုင်ပါတယ်တဲ့။

## မာရ်စစ်သည် (၁၀) ပါး

အဲဒီနေရာမှာ ကိလေသာမာရ်စစ်သည်ဆိုတာ ဘာတွေလဲ၊ တရားမမွကျင့်သုံးပြီဆိုရင် အခက်အခဲတွေကို တိုက်ပွဲဝင်ရတဲ့ အနေအထားမျိုး ရောက်သည့်အတွက် စစ်လို့ သုံးထားတဲ့စကား နော်၊ တိုက်ပွဲတွေအဆင့်ဆင့်နဲ့ သွားရတယ်၊ တရားမမွ ကျင့်တော့

https://dhammadownload.com



မယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ပထမဆုံး ဘာနဲ့တိုက်ရမလဲလို့ဆိုရင် လိုချင်စရာအာရုံတွေကို လိုချင်နေတဲ့ တဏှာကို အရင်ပယ်ရ တော့မှာပဲ၊ လိုချင်စရာ အာရုံကို sensual pleasure လို့ ခေါ်တယ်၊ အဲဒီလိုချင်စရာအာရုံတွေကို လိုချင်နေတဲ့ ကိလေသာ ကာမ တွေကို တွန်းလှန်ဖို့ ပထမဆုံး ကြုံတွေ့ရမယ့် အခက်အခဲကြီးပေါ့။ **ကာမ**အာရုံကို ဖယ်ရှားနိုင်ရမယ်၊ ကျော်လွှားနိုင်ရမယ်။

နောက်တစ်ခုကျတော့ အဲဒီလို ကျော်လွှားပြီးတဲ့အခါမှာ ဘာဖြစ်တုန်း၊ ကာမအာရုံကို ဖြတ်ကျော်လိုက်ပြီ၊ လူ့လောက လူ့ဘဝ စွန့်ပယ်လိုက်ပြီ၊ ကာမဂုဏ်အာရုံတွေနဲ့ ဝေးအောင်နေ တယ်၊ မျက်စိကကြည့်ပြီး ပျော်စရာ မရှာတော့ဘူး၊ နားနဲ့ နားထောင်ပြီး ပျော်စရာ မရှာတော့ဘူး၊ ဘာနဲ့ရရ တင်းတိမ် ရောင့်ရဲပြီး စားသောက်နေထိုင်တယ်၊ အားလုံးကို စွန့်လွှတ် လိုက်ပြီဆိုတဲ့အချိန်မှာ ဘာဖြစ်လာတုန်း၊ တရားမမွကျင့်တယ်၊ အဲဒီလို တရားမမွကျင့်တဲ့အခါမှာ ကောင်းတဲ့အကျင့်တရားမှာ **ပျင်းစိတ်** ဝင်လာတယ်၊ အဲဒါ ဒုတိယအခက်အခဲပဲ။

သာမန်အားဖြင့် ပြောမယ်ဆိုလို့ရှိရင် လူ့ဘဝက ထွက်ပြီး တော့ ဘုန်းကြီးဝတ်တယ်၊ မယ်သီလရှင်ဝတ်တယ်၊ ဘာဖြစ်လဲ၊ ဘုန်းကြီးဘဝ မပျော်ဘူး၊ ပျင်းလာတယ်နော်၊ မယ်သီလရှင်ဘဝ မပျော်ဘူး၊ ပျင်းလာတယ်၊ အဲဒါဟာ ဒုတိယအခက်အခဲတစ်ခုပဲ၊ ဟုတ်တယ်လေ၊ တချို့က ဝတ်ကိုမဝတ်တော့ ပျင်းစရာလည်း မရှိတော့ဘူး၊ သူတို့မှာ ဝတ်မှ မဝတ်တာဘဲလေ၊ ပထမတင်ပဲ ရှုံးနေပြီ၊ ပထမ အခက်အခဲထဲမှာပဲ မြုပ်နေပြီဆိုတော့ ဒုတိယ

https://dhammadownload.com



အခက်အခဲကို သူတို့ မတွေ့တော့ဘူး၊ ပျင်းစရာဆိုတာ မတွေ့တော့ဘူး၊ အဲ- ဝတ်လာပြီဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒုတိယ အခက်အခဲက **အရတိ**-မပျော်မွေ့ခြင်းပဲ။

လူ့ဘဝမှာနေပြီးတော့ ၁၀-ရက်စခန်း တရားသွားဝင်တယ်၊ အိမ်မှာလို ကိုယ်စားချင်တာ မစားရ၊ ၁၀-ရက်စခန်းဝင်၊ ထိုင်ရတဲ့ တရားကလည်း ၂၄-နာရီမှာ ၄-နာရီပဲ အိပ်ရတယ်၊ စည်းမျဉ်းစည်းကမ်းတွေအရ မျက်လုံးကြီးမှိတ်ပြီး ခြေထောက်ကလေး မလှုပ်မ်းချင်လှုပ်မ်းချင်လှုပ်မ်းပြီး မှတ်နေရတယ်၊ ကြာတော့ ပျင်းလာတယ်၊ အဲဒါလည်း အရတိပဲ။

အခက်အခဲတစ်ခု ကြုံလာတာတင် မကဘူး၊ ဥပုသ်က ဆောက်တည်ရတယ်ဆိုတော့ ဘာဖြစ်တုန်း၊ **ခုပ္ပိပါသ** ဆာလာတယ်၊ တရားကျောင်းသွားပြီးတော့ နေရတာ ဗိုက်ဆာတယ်၊ အဲဒါဟာ တတိယအခက်အခဲပဲ၊ အိမ်မှာနေတဲ့အခါ ကြောင်အိမ်ဖွင့်၊ ရေခဲသေတ္တာဖွင့်၊ တဖွတ်ဖွတ်စားတယ်၊ ဟိုရောက်တဲ့အခါကျတော့ စားချင်လို့လည်း စားစရာကမရှိ၊ ကြောင်အိမ်ကလည်း ကိုယ့်နားမရှိ၊ ရေခဲသေတ္တာကလည်း မရှိနော်၊ စားစရာ သောက်စရာကလည်း မရှိဆိုတော့ ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံနေရတာ၊ ဒါက တတိယ အခက်အခဲကြီးတစ်ခုကို ကျော်လွှားနေရတာတဲ့။

နောက် လေးခုမြောက် အခက်အခဲကတော့ ဘာတုန်းဆိုတောင့်တတာ၊ တမ်းတတာ၊ ဘာတမ်းတလာတာတုန်းဆိုကြက်သားကြော်လေး စားချင်လိုက်တာ၊ ဘဲကင်လေး စားချင်

https://dhammadownload.com



လိုက်တာ၊ ပုဇွန်လုံးကြော်လေးစားချင်လိုက်တာဆိုတဲ့ တောင့်တမှု လေးတွေက ရိပ်သာတရားအားထုတ်ရင်းကနေ မျှော်လင့်လာတာ၊ အိမ်လှမ်းမှာရကောင်းမလား၊ ဖုန်းဆက်ရ ကောင်းမလားနဲ့ ဖြစ်လာတာ၊ အဲဒီဟာလည်းပဲ စတုတ္ထအခက်အခဲ တစ်ခုပဲ၊ ဆာလာတော့ လူကစားချင်တာပဲ။

နောက်တစ်ခါ စတုတ္ထအခက်အခဲကို ကျော်လွှားနိုင်ပါပြီ ဆိုတဲ့အခါမှာ ပဉ္စမအခက်အခဲ တိုက်ပွဲဝင်ရတာ ဘာနဲ့တုန်း ဆိုလို့ရှိရင် အိပ်ချင်တာ၊ တရားအားထုတ်ပြီဆိုလို့ရှိရင် ငိုက်ပြီ၊ ထိုင်လိုက်ကတည်းက အိပ်ချင်လာတာ၊ တောက်လျှောက် **ထိနမိဒ္ဓ** နဲ့ တိုက်ပွဲဝင်ရတာ၊ အဲဒါ ပဉ္စမမြောက်အခက်အခဲပဲ။

တိုက်ပွဲဝင်လို့ ထိနမိဒ္ဓကိုလွန်လာပြီဆိုတဲ့အခါ သမာဓိလေး အတော်အသင့် ရလာပြီဆိုရင် ဘာဖြစ်လဲ၊ **ဘီရု** တစ်ယောက် တည်း နေရမှာ ကြောက်လာတယ်၊ ကမ္မဋ္ဌာန်းကျောင်းထဲ တစ်ယောက်တည်း မနေချင်ဘူး၊ အဖော်လေးနဲ့မှ၊ သူ တစ်ယောက်တည်းဆို တွေးကြောက်တယ်၊ တစ်ချို့လည်း တွေးကြောက်ရာကနေပြီးတော့ သွေးလန့်သွားတာလည်း ရှိတယ် နော်၊ အဲဒီကြောက်တာဟာ ဆဋ္ဌမမြောက် အခက်အခဲတစ်ခုပဲ။

အဲဒီတော့ တရားဟာ တော်တော်နဲ့ မအောင်မြင်တော့ ဘာဖြစ်လာတုန်းဆို **ဝိစိကိစ္ဆာ** ငါလုပ်နေတာ ဟုတ်မှ ဟုတ်ပါ့ မလား၊ တရားထူး တရားမြတ်ရတယ်ဆိုတာ ဟုတ်ပါ့မလား၊ ဒီနည်းနဲ့ရော နိဗ္ဗာန်ဆိုတာလည်း ရောက်နိုင်ပါ့မလား ဆိုတဲ့

https://dhammadownload.com



သို့လောသို့လော အတွေးတွေ ဝင်လာတာဟာ အဲဒါ ခုနစ်ခု မြောက် အခက်အခဲတစ်ခုပဲ၊ အဲဒါလည်း ဝင်လာတတ်တယ်။

အေး- အဲဒီလို ကျော်လွှားသွားပြီးတဲ့အခါ သမာဓိလေး လည်း အတော်ကောင်းလာတယ်၊ ဉာဏ်ကလေးတွေ တက်လာ တဲ့အခါကျတော့ ဘာတုန်းဆိုရင် **မက္ခ**၊ ငါကြိုးစားလို့ ရလာတယ် နော်၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး၊ ငါ့ဖာသာ ကြိုးစားလို့ ရလာတာလေ၊ ကျေးဇူးတရားတွေကို သိပ်ပြီးတော့ မသိတော့ ဘူး၊ **ထမ္ဘ** - ငါသိတယ်၊ ငါ တရားထူးတရားမြတ်တွေ ရလာပြီ ဆိုပြီး မာန်တက်လာတယ်၊ စိတ်ဓာတ်က နည်းနည်းမာကျော လာတာ၊ ငါ တရားထူး တရားမြတ် ရလာပြီ၊ ငါလိုလူ ရှိဦးမလား လို့ဆိုပြီး ဖြစ်လာတဲ့ စိတ်တွေ၊ အတွေးတွေ၊ အဲဒီလို ဝင်လာ တတ်တယ်တဲ့၊ အဲဒီလို ဝင်လာတဲ့အခါ ဒါရှစ်ခုမြောက် အခက် အခဲတစ်ခုပဲ။

အဲဒီလို အတွေးတွေ ကျော်လွှားသွားပြီးတော့ နောက်ပိုင်း မှာ တရားဓမ္မကျင့်ကြံကြိုးကုတ်လို့ လူဆိုရင်လည်း ရိပ်သာမှာ တရားတွေ တက်ပြီးတော့ အသိဉာဏ်တွေ ရင့်ကျက်လာတယ်၊ ပတ်ဝန်းကျင် ပုဂ္ဂိုလ်တွေက ချီးမွမ်းလာကြတယ်၊ တော်တယ်၊ တော်တယ် ရိပ်သာကို ဘယ်နှစ်ခါဝင်ပြီးပြီ၊ တရားတွေ ဘယ် နှစ်ခါ အားထုတ်တယ်၊ တရားတွေလည်း သိပ်သိသာတာပဲနဲ့ "ဆရာကြီး, ဆရာကြီး"နဲ့ ဖြစ်လာပြီဆိုတဲ့အခါမှာ သူက မာန်မာန တွေ တက်လာတယ်၊ မာန်မာနတွေ တက်လာပြီး ဘာတွေလုပ်

https://dhammadownload.com



တုန်းဆို၊ **အတ္တုက္ကံသန** - ကိုယ့်ကိုယ်ကို မြှောက်ပင့်တယ်၊ **ပရဝမ္ဘန** -သူများတွေကို ရှုတ်ချလာတယ်တဲ့ ဆိုတာမျိုးတွေ ဖြစ်လာတယ်။

အဲဒါတွေကိုပြောတာ မာရ်စစ်တပ်ဆိုတာ၊ တခြားဟာတွေကိုပြောတာမဟုတ်ဘူး၊ အဲဒီအခက်အခဲတွေကို ကျော်လွှားနိုင်ရမယ်တဲ့၊ အဲဒါတွေ မကျော်လွှားနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဒီထဲမှာပဲ နစ်မြုပ်သွားပြီးတော့ နောက်ဆုံးမှာ မုနိလို့ ခေါ်စရာအကြောင်း ဘာမှ မရှိဘူး၊ အဲဒါကို မြတ်စွာဘုရားက နန္ဒရသေ့ကို ဟောလိုက်တာ။

နန္ဒရသေ့ကို ဟောလိုက်တဲ့အခါမှာ ဒီဟာကို ရည်ညွှန်းပြီးတော့ **ဝိသေနိကတွာ အနီဃာ နိရာသာ** အဲဒီ စစ်တပ်တွေကို အားလုံးဖယ်ရှားနိုင်ရမယ်၊ ကိုယ့်သန္တာန်မှာ အခက်အခဲတွေ ရန်သူတွေအားလုံး ကျော်လွှားဖယ်ရှားပြီး ရာဂဆိုတာ ကင်းသွားတယ်၊ ဒေါသဆိုတာ ကင်းသွားတယ်၊ တွယ်တာမှု ကင်းသွားတယ်၊ အဲဒီလို ကင်းအောင်ကျင့်လို့ ကင်းသွားတဲ့ပုဂ္ဂိုလ်မျိုးကိုမှ မုနိလို့ ခေါ်ရတယ်။

သာမန်ဉာဏ်ရည်ရှိတဲ့ ပုဂ္ဂိုလ်ကိုလည်း မုနိလို့ မခေါ်ရဘူး၊ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ အဝတ်တောင် မဝတ်ဘူးနော်၊ အဲဒီလိုနေပြီးတော့ ကျင့်တဲ့ပုဂ္ဂိုလ်တွေကိုလည်း မုနိလို့ မခေါ်သင့်ဘူးတဲ့၊ တကယ့်ကို ကိလေသာ အာသဝေါတွေ ကင်းပြီးတော့ အခက်အခဲတွေ ကျော်လွှားသွားတဲ့ပုဂ္ဂိုလ်ကိုမှ မုနိလို့ ခေါ်ရမယ်လို့ အဲဒီအဖြေကို ဖြေလိုက်တယ်။

https://dhammadownload.com



## နံပါတ် (၂) မေးခွန်း

အဲဒီတော့ သူက ထပ်ပြီးတော့ မေးတယ်၊ အဲဒီမှာတဲ့ သမဏ၊ ဗြာဟ္မဏဆိုတဲ့ အမည်ခံတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ အမြင်နဲ့အကြားနဲ့လည်း သံသရာဝဋ်က လွတ်နိုင်တယ်၊ စင်ကြယ်နိုင်တယ်လို့ ဟောကြတယ်တဲ့၊ အလေ့အထတစ်ခု၊ စွဲစွဲမြဲမြဲ ဆောက်တည်တဲ့ အကျင့်တစ်ခုနဲ့လည်းပဲ သံသရာဝဋ်က လွတ်နိုင်တယ်၊ စင်ကြယ်နိုင်တယ်လို့ ပြောကြတယ်တဲ့၊ နည်းအမျိုးမျိုးနဲ့ သံသရာဝဋ်က လွတ်တယ်၊ စင်ကြယ်တယ်လို့ ပြောကြတယ်။

မြတ်စွာဘုရားအလောင်းကိုယ်တိုင်ကို ဒါမျိုးတွေ ကျင့်ခဲ့ဖူးတယ်၊ **"အာဟာရေန သုဒ္ဓိ"** အစာကို ခြိုးခြိုးခြံခြံကျင့်ခြင်းဖြင့် ကိလေသာတွေက စင်ကြယ်နိုင်တယ်လို့ အယူအဆရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လမ်းစဉ်အတိုင်း ကျင့်တယ်၊ အဲဒီလို တစ်ချို့ကျတော့ သံသရာထဲမှာ အမျိုးစုံဖြစ်ပြီးသွားလို့ရှိရင် စင်ကြယ်နိုင်တယ်လို့ ယူဆတဲ့ပုဂ္ဂိုလ်တွေကျတော့ **"သံသာရသုဒ္ဓိ"** လို့ ခေါ်တယ်၊ အဲဒီလို ယုံကြည်မှုတွေဟာ အမျိုးစုံပဲ။ အဲဒီ ယုံကြည်မှုမျိုးစုံတွေနဲ့ စင်ကြယ်မှုကိုပြောကြတယ်၊ ဟောကြတယ်။

အဲဒီလို စင်ကြယ်မှုတွေအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ၊ ဆိုပါစို့ - အစာလည်း ခြိုးခြိုးခြံခြံစားတယ်၊ အဝတ်ကိုလည်းပဲ ခြိုးခြိုးခြံခြံဝတ်တယ်၊ ပင်ပန်းကြီးစွာ ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဇာတိ ဇရာ ဒါတွေကို သူတို့

https://dhammadownload.com



လွန်မြောက်နိုင်ပါသလားတဲ့၊ ဒုတိယမေးခွန်းကို အဲဒီလိုမေးတာ၊ ဒီအကြောင်းကို တပည့်တော်ကိုဖြေပါတဲ့။

မြတ်စွာဘုရားက ဖြေတယ်-

**ကိဉ္စာပိ တေ တတ္ထ ယတာ စရန္တိ၊**

**နာတရိံသု ဇာတိဇရန္တိ ဗြူမိ။**

သူတို့ ဘယ်လိုပဲကျင့်ကျင့် ဇာတိ ဇရာ မရဏက မလွန်မြောက်နိုင်ဘူး၊ အဲဒီအကျင့်တွေနဲ့ကတော့ လုံးဝ မလွန်မြောက်နိုင်ဘူး၊ ဒုက္ကရစရိယာအကျင့်တွေ၊ အစာကို ခေါင်းခေါင်းပါးပါး ကျင့်တယ်၊ ဘာကို ခေါင်းခေါင်းပါးပါး ကျင့်တယ်ဆိုတဲ့ အဲဒီ အကျင့်တွေနဲ့တော့ ဒါတွေဟာ ဇာတိ ဇရာ မရဏကို မလွန်မြောက်နိုင်ဘူးတဲ့။

ဒါဖြင့် မလွန်မြောက်နိုင်ရင် ဘယ်လို ပုဂ္ဂိုလ်မျိုးကမှ လွန်မြောက်နိုင်ပါသလဲတဲ့၊ အဲဒီမှာ မြတ်စွာဘုရားဖြေတာကတော့ ငါဟာ သမဏ ဗြာဟ္မဏအားလုံးကို ဇာတိ ဇရာ မရဏရဲ့လွှမ်းမိုးမှု ခံနေရတဲ့သူတွေလို့တော့ မပြောဘူးတဲ့။

**ယေ သီဓ ဒိဋ္ဌံဝ သုတံ မုတံ ဝါ၊**

**သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ၊**

**အနေက ရူပမ္ပိ ပဟာယ သဗ္ဗံ၊**

**တဏှံ ပရိညာယ အနာသဝါသေ၊**

**တေ ဝေ နရာ ဩဃတိဏ္ဏာတိ ဗြူမိ။**

လောကမှာ အဲဒီလို အကျင့်တွေနဲ့ စင်ကြယ်နိုင်တယ်ဆိုတဲ့ မှားယွင်းတဲ့ အတွေးတွေကို ဖယ်ရှားရမယ်။ ဖယ်ရှားပြီး ဘာလုပ်

https://dhammadownload.com



ရမလဲဆိုတော့ တဏှာကို ပိုင်ပိုင်နိုင်နိုင်သိအောင် လုပ်ရမယ်တဲ့၊ ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ တွယ်တာမှု, လိုချင်မှုလို့ဆိုတဲ့တဏှာကို ပိုင်းပိုင်းခြားခြား သိရမယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကိုမှ ဩဃကို ကျော်လွှားသူလို့ ဆိုနိုင်တယ်။

ဒါဖြင့် ပိုင်းပိုင်းခြားခြားသိတယ်ဆိုတာ ဘာကိုပြောတာ တုန်း။ **ပရိညာ**ဆိုတာနဲ့ ပတ်သက်ပြီးတော့ ပရိညာ ၃-မျိုးကို မှတ်သားသင့်တယ်ပေါ့။ ပရိညာဆိုတဲ့အဓိပ္ပါယ်က ပိုင်ပိုင်နိုင်နိုင် သိတယ်လို့ အဓိပ္ပါယ်ရတယ်၊ ပိုင်းပိုင်းခြားခြားဆိုတာ ပိုင်ပိုင်နိုင်နိုင် သိတာကို ပြောတာနော်၊ မကျန်ရအောင်သိတဲ့ အသိမျိုးကို ပြောတာ၊ ပိုင်ပိုင်နိုင်နိုင် သိတယ်၊ ပိုင်းပိုင်းခြားခြား သိတယ်၊ နိုင်တယ်ဆိုတာ Master ဖြစ်တာကို ပြောတာ။

အဲဒီပရိညာ ၃-မျိုး ရှိတယ်၊ နံပါတ်(၁)က **ဉာတပရိညာ**- သိစရာတရားကို ပိုင်ပိုင်နိုင်နိုင်သိခြင်း၊ ပညာကို ပြောတာပဲ၊ ဉာတပရိညာ သိစရာတွေကို ပိုင်ပိုင်နိုင်နိုင်သိတယ်၊ နောက် တစ်ခုက **တီရဏပရိညာ** - ဆုံးဖြတ်ပြီးတော့ သိတယ်၊ အသိက တိုးလာတယ်၊ သူကဆုံးဖြတ်ပြီးတော့သိတယ်၊ **ပဟာနပရိညာ**- မိမိရဲ့သန္တာန်မှာ မဖြစ်ရအောင် တွန်းလှန်ဖယ်ရှားပြီးတော့ သိတယ်လို့၊ ဟော - ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာန ပရိညာ။

ကဲ ဒါဖြင့် ဉာတပရိညာဆိုတာ ဘာကိုပြောတာတုန်းလို့၊ တဏှာနဲ့ပတ်သက်ပြီး ဉာတပရိညာဆိုတာ ဘာကိုပြောတာတုန်း ဆိုလို့ရှိရင် ကြည့် - မျက်စိက အဆင်းအာရုံလေးကို မြင်ပြီးတော့

https://dhammadownload.com



အဲဒီ အာရုံလေးကို လိုချင်တပ်မက်လို့ရှိရင် ရူပတဏှာလို့ ခေါ်တယ်၊ အသံလေးပေါ်မှာတပ်မက်တာကျတော့ သဒ္ဒတဏှာ၊ အနံ့ပေါ်မှာ တပ်မက်တာက ဂန္ဓတဏှာ၊ အရသာပေါ်မှာ တပ်မက်တာက ရသတဏှာ၊ အထိအတွေ့ပေါ် တပ်မက်လို့ရှိရင် ဖောဋ္ဌဗ္ဗတဏှာ၊ စိတ်ထဲမှာပေါ်လာတဲ့ အာရုံတစ်မျိုးမျိုးပေါ်မှာ တပ်မက်တာကျတော့ ဓမ္မတဏှာ၊ (ဓမ္မဆိုတာ ဒီနေရာမှာ တရား ကိုပြောတာ မဟုတ်ဘူးနော်၊ ဒီစကားလုံးက အားလုံးကို ခြုံလိုက်တာ။)

အဲဒီ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာလို့ တဏှာ ၆-မျိုး၊ အာရုံ ၆-မျိုးရှိသည့် အတွက်ကြောင့် တဏှာ ၆-မျိုးလို့ ဒီလိုပြောရမယ်၊ အဲဒီတဏှာတွေကို ပိုင်ပိုင်နိုင်နိုင်သိတာ၊ ဩော်- ဒါ ရူပတဏှာပဲ၊ ဒါက သဒ္ဒတဏှာ၊ ဒါက ဂန္ဓတဏှာပဲ စသည်ဖြင့် တဏှာတွေကို သိရမယ့်ဟာကို ပိုင်ပိုင်နိုင်နိုင်သိတာကို **ဉာတပရိညာ** လို့ ခေါ်တယ်၊ ဒါဟာ တဏှာနဲ့ ပတ်သက်တဲ့ ဉာတပရိညာ။

အဲဒီ ကိုယ်သိလိုက်တဲ့ တဏှာ၊ ရူပတဏှာဆိုတာလည်း မမြဲဘူး၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတဏှာ ဆိုတာလည်း မမြဲဘူး၊ အဲဒီ မမြဲဘူးဆိုတာကို အသိဉာဏ်ထဲမှာ ဆုံးဖြတ်တယ်၊ ကိုယ်တိုင် သိတယ်၊ ဟုတ်တယ်၊ မမြဲတာ သေချာတယ်နော်၊ မျက်စိထဲ မြင်ထားတဲ့ဟာလေးလည်း ခဏလေးပျောက်တယ်၊ ဘယ်အရာမှ တည်မြဲနေတာ မရှိဘူးလို့ စိတ်က ဆုံးဖြတ်နိုင်တာကို **တီရဏ ပရိညာ**လို့ ခေါ်တယ်၊ ဆုံးဖြတ်ပြီးတော့ သိတာ။

https://dhammadownload.com



အဲဒီ သိထားတဲ့အတိုင်း အဲဒီတဏှာကို မိမိစိတ်ထဲမှာ မဖြစ်အောင် ဖယ်ရှားနိုင်တာ၊ တွန်းလှန်နိုင်တာကို **ပဟာန ပရိညာ** လို့ ခေါ်ပါတယ်။

အဲဒါကို မြတ်စွာဘုရားက ဒီနေရာမှာ **"တဏှံပရိညာယ"** လို့ ဒီလိုဟောတာ၊ အဲဒီ ပရိညာတွေနဲ့ ပတ်သက်ပြီးတော့ တဏှာဆိုတာကို သိတယ်၊ တဏှာရဲ့မမြဲတဲ့သဘာဝတရားတွေကို ဆုံးဖြတ်နိုင်တယ်၊ ဆုံးဖြတ်ထားတဲ့အတိုင်း ဖယ်ရှားပစ်နိုင်တယ်၊ ဒီတဏှာကို ဖယ်ရှားပြီး ဖြစ်သွားတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးမှာ အာသဝ ဆိုတဲ့ တရားတွေ မလာတော့ဘူး၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဆိုတဲ့ စီးဝင်နေတာတွေ မလာတော့ဘူး၊ အာသဝဆိုတာ စီးဝင်နေတာ။

ဒီရူပတဏှာကို ပိုင်းပိုင်းခြားခြား သိထားတဲ့ ပုဂ္ဂိုလ်ဟာ ရူပတဏှာနဲ့ ပတ်သက်ပြီးတော့ တဏှာဆိုတာ စီးဝင်မလာတော့ဘူး၊ တဏှာ စီးဝင်မလာလို့ရှိရင် ဒေါသဆိုတာလည်း စီးဝင် မလာဘူး၊ မောဟ ဆိုတာလည်း စီးဝင်မလာတော့ဘူး၊ မှားယွင်းတဲ့အမြင်ဆိုတဲ့ ဒိဋ္ဌိဟာလည်း စီးဝင်မလာတော့ဘူး၊ အဲဒီတော့ ဒီသဘာဝတရားတွေဟာ မျက်စိကလည်း စီးဝင်မလာဘူး၊ နားကလည်း စီးဝင်မလာဘူး၊ နှာခေါင်းကလည်း စီးဝင်မလာဘူး၊ လျှာကလည်း စီးဝင်မလာဘူး၊ ခန္ဓာကိုယ်ကလည်း စီးဝင်မလာ ဘူး၊ စိတ်ထဲမှာလည်း စီးဝင်မလာတော့ဘူးဆိုရင် အာသဝေါ ကင်းသွားတဲ့ ပုဂ္ဂိုလ်လို့ပြောတာ။

https://dhammadownload.com



ကိလေသာ အာသဝေါတွေက သူ့သန္တာန်မှာ စီးဝင်ခြင်း ဖြစ်ပေါ်လာခြင်း မရှိဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးကိုသာလျှင် **ဩဃတိဏ္ဏ** အခက်အခဲကို ကျော်လွှားပြီးတော့ ဇာတိ ဇရာ မရဏကို လွန်မြောက်နိုင်တယ်လို့ မြတ်စွာဘုရားက ဟောတာပါတဲ့၊ ခုန သာမန်ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မကျော်လွှားနိုင်ဘူးတဲ့။

အဲဒီကျတော့ နန္ဒရသေ့က သဘောကျတယ်-

**ဧတာ ဘိနန္ဒာမိ ဝစော မဟေသိနော၊**

**သုကိတ္တိတံ ဂေါတမ နူပဓီကံ။**

**တေဏှံ ပရိညာယ အနာသဝါသေ၊**

**အဟမ္ပိ တေ ဩဃတိဏ္ဏာတိ ဗြူမိ။**

သူလည်း ဒီအချက်ကို လက်ခံပါတယ်တဲ့၊ သူကိုယ်တိုင်လည်းပဲ မြတ်စွာဘုရားရဲ့တရားကိုနာရင်း အဓိကအချက်က ဘာလဲလို့ ဆိုလို့ရှိရင် အာရုံ ၆-ပါးပေါ်မှာ တွယ်တာမှုတဏှာ ဖယ်ရှားဖို့ရန် အဓိကပဲဆိုတာကို သိလာတယ်၊ တရားနာရင်း ဝိပဿနာကျင့်စဉ်တစ်ခုကိုကျင့်ရင်းနဲ့ နန္ဒရသေ့မှာ အသိဉာဏ်တွေ ဖြစ်ပေါ်လာပြီးတော့ မဂ်လေးပါး ဖိုလ်လေးပါး အဆင့်ဆင့် လွန်မြောက်ပြီးတဲ့အခါမှာ နောက်ဆုံး သူလည်းပဲ ရဟန္တာအဖြစ်ကို ရောက်ရှိသွားတယ်၊ သူနဲ့ အတူလာတဲ့ ပုဂ္ဂိုလ်တွေလည်း ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတာနဲ့ တစ်ပြိုင်နက် သူ့တို့ရဲ့ ရသေ့အသွင်ဟာ ပြောင်းလဲသွားပြီး ရဟန်းအသွင် ဖြစ်သွားတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ အင်မတန်မှ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေ သူတို့က ဉာဏ်အင်မတန်မှ ရင့်နေတဲ့အချိန်နော်။

https://dhammadownload.com



ဘာဖြစ်လို့ ဒီပုဂ္ဂိုလ်တွေဟာ တရားလေး ဒီလောက် နာလိုက်ရတာနဲ့ သူတို့မှာ အသိဉာဏ်တွေ သိပ်ပွင့်သွားသလဲ ဆိုလို့ရှိရင် သူတို့က ပွင့်ခါနီးဆဲဆဲ ကြာဖူးကြီးတွေနဲ့ အလား သဏ္ဍာန် တူတာကိုး၊ ပွင့်ခါနီးဆဲဆဲ ကြာဖူးကြီးတွေဟာ နေရောင် နဲ့ တွေ့လိုက်တဲ့အခါကျတော့ ပွင့်လာသလိုပဲ၊ မြတ်စွာဘုရား တရားတော်နဲ့ တွေ့လိုက်တာနဲ့ တစ်ပြိုင်တည်း သူတို့က ပွင့်လာ တယ်၊ ဟောလိုက်တာနဲ့ အသိဉာဏ်တွေဟာ ပွင့်သွားကြတယ်၊ ဒါကြောင့် သူတို့ ရဟန္တာဖြစ်သွားကြတယ်။

သူမေးတဲ့ မေးခွန်းရဲ့အကျဉ်းချုပ်ကတော့-

ဘယ်လိုပုဂ္ဂိုလ်မျိုးမှ မုနိလို့ခေါ်ရမလဲတဲ့၊ မြတ်စွာဘုရားက မုနိဆိုတာ ကိလေသာစစ်သည်တွေအားလုံးကို အနိုင်ရပြီးတော့ ရာဂ ဒေါသ မောဟ ကင်းမှ၊ အတွယ်အတာကင်းမှ မုနိလို့ ခေါ်တယ်။

သမဏလို့ ခေါ်၊ ဗြာဟ္မဏလို့ခေါ်ပေမယ့် ကျန်တဲ့ပုဂ္ဂိုလ် တွေ အစာရေစာ ခေါင်းခေါင်းပါးပါးကျင့်ပြီး ဒီလို လောကီ အကျင့်ထဲမှာ နစ်မွန်းနေတဲ့ပုဂ္ဂိုလ်တွေဟာ ဇာတိ ဇရာ မရဏ ဆိုတဲ့ အခက်အခဲကို မကျော်လွှားပါဘူးတဲ့။

ကျော်လွှားနိုင်တဲ့ပုဂ္ဂိုလ်ဟာ တဏှာကို ပိုင်ပိုင်နိုင်နိုင်သိပြီး တဏှာကို ဖယ်ရှားနိုင်တဲ့ပုဂ္ဂိုလ်မှသာလျှင် ဇာတိ ဇရာ မရဏ ဆိုတဲ့ အခက်အခဲကို ကျော်လွှားနိုင်တယ်၊ အဲဒီပုဂ္ဂိုလ်ကျမှ သာလျှင် တကယ့် **ဩဃတိဏ္ဏ** အခက်အခဲ ရေလျဉ်ကြီးကို

https://dhammadownload.com



ဖြတ်ကျော်ပြီးတော့ ပါဒ လို့ဆိုတဲ့ နိဗ္ဗာန်ကို ရောက်ရှိသွားတဲ့ ပုဂ္ဂိုလ်လို့ ဒီလိုဆိုလိုနိုင်တယ်လို့ မြတ်စွာဘုရားက ဖြေကြားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင် ပရိသတ်အပေါင်း တို့သည် မြတ်စွာဘုရားက နန္ဒရသေ့အား ဖြေဆိုတဲ့မေးခွန်းရဲ့ ဖြေဆိုချက်များကို နာယူမှတ်သားပြီး တို့တတွေရဲ့ သန္တာန်မှာ အဓိက ဖယ်ရှားပစ်ရမှာကတော့ စိတ်ရဲ့အညစ်အကြေးဖြစ်တဲ့ ကိလေသာတွေပဲဖြစ်တယ်၊ ဒီကိလေသာတွေ မဖယ်နိုင်သေးသမျှ သြဃဆိုတဲ့ သံသရာထဲမှာ တို့ဟာ ကျော်လွှားနိုင်မှာမဟုတ်ဘူး၊ သြဃဆိုတဲ့ သံသရာ မကျော်လွှားနိုင်ရင် ပါရဆိုတဲ့ နိဗ္ဗာန်ကို တို့တတွေ ရောက်ဦးမှာ မဟုတ်ဘူး၊ ပါရဆိုတဲ့ နိဗ္ဗာန် မရောက် မချင်း အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဆင်းရဲတွေနဲ့ သံသရာထဲမှာ လည်နေကြရဦးမှာပဲဆိုတာ ကိုယ့်ရဲ့ဘဝကို ထင်ထင်ရှားရှား သိမြင်ပြီးတော့ သြဃကိုဖြတ်ကျော်ဖို့ ဟိုဘက်ကမ်းကို အရောက် လှမ်းဖို့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကြိုးစားပြီးတော့ ကျင့်ရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၈)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၉-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၅-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိ ဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွား မိဘ ဆွေမျိုးများနှင့် ဦးတင်စိုး တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

### ဟေမက၊ တောဒေယျ၊ ကပ္ပ၊ ဇတုကဏ္ဏိ တို့၏အမေးကို ဖြေဆိုခြင်း

ဗာဝရီပုဏ္ဏားကြီးမှာ တပည့်ကြီး ၁၆ -ဦးရှိတယ်၊ အဲဒီ ၁၆-ဦးလုံးကို မြတ်စွာဘုရားထံ စေလွှတ်လိုက်တယ်၊ ဗာဝရီပုဏ္ဏားကြီးကတော့ အလွန်ကိုအသက်ကြီးနေပြီ၊ အသက်-၁၂၀

https://dhammadownload.com



ရှိတယ်၊ ခရီးကလည်း အလွန်ကွာဝေးသည့် အတွက်ကြောင့် သူကိုယ်တိုင် မလိုက်နိုင်ဘူး၊ တပည့်ကြီး ၁၆-ယောက်ကို ဦးဆောင်စေပြီး တပည့်တွေအားလုံးကို ဗုဒ္ဓမြတ်စွာဆီ စေလွှတ်တယ်။ ဘုရားဟုတ်မဟုတ် စုံစမ်းခိုင်းတယ်၊ ဒါလည်း စဉ်းစားဉာဏ် ရှိတယ်လို့ ပြောရမယ်၊ လောကမှာ ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်အရာပဲဖြစ်ဖြစ် စူးစူးစမ်းစမ်း ဆင်ခြင်ပြီးမှ လုပ်သင့်တယ်၊ အဲဒီလိုမလုပ်ဘဲ ဆိုပါစို့ - ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်က ကိုယ်တိုင်သွားတယ်။ ဟိုကျတော့ ဘုရားအစစ် မဟုတ်ဘဲနဲ့ ဘုရားအတုနဲ့ သွားတွေ့နေလို့ရှိရင် သူပါ သိက္ခာကျမှာပေါ့။ အဲဒါကြောင့် သူကိုယ်တိုင် မသွားဘူး၊ သူ့ရဲ့ တပည့်တွေကို လွှတ်လိုက်တယ်။

အဲဒီအတိုင်းပဲ ဗြဟ္မာယုပုဏ္ဏားကြီးဆိုတာလည်း အသက် ၁၂၀-ရှိပြီ၊ အဲဒီခေတ်က အင်မတန်ထင်ရှားတဲ့ ပညာတတ်ပုဏ္ဏားကြီး၊ သူလည်း ဂေါတမဘုရား အလွန်ကျော်ကြားတယ်၊ ဘုရားအစစ် ဟုတ်မဟုတ်ဆိုတာကို သူ့လက်ရင်းတပည့် ဥတ္တရလုလင်ကို စေလွှတ်ပြီး စုံစမ်းလေ့လာခိုင်းတယ်။

တစ်ခါ ပသေနဒီ ကောသလမင်းကြီးရဲ့ အင်မတန်မှ ထင်ရှားတဲ့ ပေါက္ခရသာတိဆိုတဲ့ပုဏ္ဏားကြီးကလည်း ဒီအတိုင်းပဲ၊ တပည့်ပရိသတ်တွေ အလွန်များတယ်၊ သူကလည်း မြတ်စွာဘုရားရဲ့ ကျော်ကြားမှု ဂုဏ်သတင်းတွေကိုကြားတော့ ဘုရားဆီသွားချင်တယ်၊ သွားချင်ပေမယ့်လို့ ခုနကလို ကျော်သလောက်ဟုတ်ချင်မှဟုတ်တယ်၊ ကျော်သလောက် မတော်လို့ရှိရင် ဒုက္ခ

https://dhammadownload.com



ရောက်နိုင်တယ်။ သူက စဉ်းစားဉာဏ် ရှိကြတယ်၊ ဒါကြောင့်မို့ သူ့ရဲ့ယုံကြည်စိတ်ချရတဲ့ အမ္ဗဋ္ဌဆိုတဲ့ တပည့်တစ်ဦးကို လွှတ်လိုက်တယ်၊ လွှတ်ပြီးတော့ ဗုဒ္ဓ ဟုတ်မဟုတ်ဆိုတာ ဗေဒကျမ်းဂန်တွေနဲ့ ဆုံးဖြတ်ခိုင်းပြီး သူ့ဆီကနေ Report တက်လာလို့ ဗုဒ္ဓ ဟုတ်တယ်ဆိုမှ သူတို့ကသွားမှာပေါ့၊ ဒါလည်း လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စပဲ၊ စဉ်းစားဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဒီလိုပဲ လုပ်ရမှာပေါ့နော်။

အေး- ဗာဝရီပုဏ္ဏားကြီးလည်း ဒီတိုင်းပဲ၊ မြတ်စွာဘုရားက လောကမှာ ပွင့်ပေါ် ခါစ ရှိသေးတာပဲ။ ဘာဖြစ်လို့တုန်းဆိုတော့ ဗာဝရီပုဏ္ဏားကြီးတို့ တောထွက်လာပြီး ဂေါဓာဝရီ မြစ်လယ်က ကျွန်းလေးပေါ် ရောက်ရှိနေထိုင်တာ ၈-နှစ် ရှိသွားပြီ။ အဲဒီအခါမှ ဘုရားပွင့်လာတာ။ ဗုဒ္ဓဆိုတဲ့ပုဂ္ဂိုလ် လောကမှာ တစ်ခေတ် တစ်ခါ ပေါ်နိုင်တယ်ဆိုတာ သူတို့ဗေဒကျမ်းဂန်တွေအရ သိထားကြတယ်။ အဲဒီ ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်ရဲ့အရည်အသွေးတွေ, သွင်ပြင်လက္ခဏာ အင်္ဂါရပ်တွေကိုလည်း အဲဒီကျမ်းဂန်မှာ တိတိကျကျ ဆိုထားတာ ရှိတယ်၊ "လောကကြီးမှာ ဗုဒ္ဓဆိုတာ ပေါ်လာမယ်" ဆိုတဲ့ ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်လာတယ်လေ။

ကောလာဟလဆိုတာ ဟိုနားလေးကနေ တစ်ယောက်က ပြော၊ ဒီနားလေးကနေ တစ်ယောက်ကပြောနဲ့ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် အခြေအနေတစ်ခုကို တိုးတိုး တိုးတိုးပြောရင်းကနေ ကျယ်ပြန့်လာတာကို ကောလာဟလလို့ခေါ်တာ။ အခုခေတ်တော့ ကောလာဟလဆိုတာ မဟုတ်သတင်းကိုသာ ကောလာဟလလို့ပြောတာ၊ တကယ်က ကောလာဟလဆိုတာ

https://dhammadownload.com



ဟုတ်တဲ့သတင်းတွေဖြစ်တယ်၊ မဟုတ်သတင်းကိုပြောတာမဟုတ်ဘူး။ ဟိုနားက အုတ်အုတ်ကျက်ကျက်၊ ဒီနားက အုတ်အုတ်ကျက်ကျက်နဲ့ အသံဗလံတွေဖြစ်ပေါ်လာတာ၊ အဲဒီဖြစ်ပေါ်လာတာဟာ တစ်စုံတစ်ခု ဖြစ်ပေါ်လာတော့မယ့် အခြေအနေတစ်ရပ်ကို ကြိုတင်ပြီး လူ့လောကမှာ သတင်းရောက်ရှိလာတဲ့သဘောပဲ၊ အဲဒါကို ကောလာဟလလို့ခေါ်တာ။

ဗုဒ္ဓကောလာဟလဆိုတာ ဘုရားပွင့်လိမ့်မယ်ဆိုတဲ့သတင်းဟာ ကမ္ဘာအနှံ့ပြန့်နေတယ်၊ အဲဒါကြောင့်မို့ အခု ဘုရားပွင့်ပြီ၊ ဘုရားပေါ်လာပြီလို့ဆိုတဲ့ သတင်းကြားတဲ့အခါ အလွန်စိတ်အားတက်စရာ ဖြစ်တယ်။ သို့သော်လည်း ယုံကြည်စိတ်ချရတဲ့ အနေအထားတော့ မရှိသေးဘူး၊ ကိုယ်တိုင် မမြင်ရသေးလို့ရှိရင် အပြောနဲ့ဆိုတာ စိတ်ချရတာမှ မဟုတ်ဘဲ။ အဲဒီတော့ ကိုယ်တိုင်မမြင်ရသေးသည့်အတွက်ကြောင့် စုံစမ်းရေးလွှတ်ရတယ်ဆိုတာဒါ သဘာဝပဲပေါ့။

အဲဒီလို စုံစမ်းရေး လွှတ်လိုက်ရာက အခု တပည့်တွေမြတ်စွာဘုရားနဲ့တွေ့ဆုံပြီးတော့ ကျေနပ်လောက်တဲ့အခါမှာသူတို့ရင်ထဲက မရှင်းလင်းတဲ့ သံသယစကားတွေ၊ အမေးပုစ္ဆာတွေကို မေးလိုက်ကြတယ်။ သံသယလည်းရှင်းသွားရော သူတို့မှာသံသယတွေကင်းလို့၊ အမြင်တွေရှင်းလို့၊ စိတ်ရဲ့ အညစ်အကြေးတွေကင်းပြီး နဂိုကတည်းက အလွန်စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေဆိုတော့ အသိဉာဏ်က ထက်ထက်မြက်မြက်ရှိကြတယ်။ သူတို့သန္တာန်မှာရှိတဲ့ ကိလေသာအာသဝတွေဟာ လုံးဝကုန်စင်ပြီးတာ

https://dhammadownload.com



အားလုံး ၇-ယောက် ရှိသွားပြီ။ အခု ၈-ယောက်မြောက် မေးခွန်းမေးခွင့်ရတဲ့ပုဂ္ဂိုလ်ကို ဟေမကလို့ခေါ်တယ်။

## ဟေမက၏ အမေးကို ဖြေဆိုခြင်း

အဲဒီ ဟေမကဆိုတဲ့ ရသေ့သူတော်စင် Bramin ရသေ့က သူ့အလှည့်ရောက်တဲ့အခါကျ သူပြောတဲ့စကားအရ မေးခွန်းမေးတဲ့ သဘောတောင်မဟုတ်ဘူး၊ မြတ်စွာဘုရားတရား ကြိုတင်ပြီးတော့ ကြားနာထားတော့ သူကျေနပ်တဲ့သဘောရှိတယ်၊ သူက တိုက်ရိုက်မေးခွန်းတွေ မမေးဘူး။

**"ယေ မေ ပုဗ္ဗေ ဝိယာကံသု၊ ဟုရံ ဂေါတမသာသနာ"**

ဂေါတမမြတ်စွာဘုရားရဲ့ သာသနာတော် မပွင့်ခင်၊ ဘုရားမပေါ်ခင် ယခင်ခေတ်က အုတ်အုတ်ကျက်ကျက် အယူဝါဒတွေကို ထုတ်ဖော်ပြောဆိုနေကြတယ်။ ကောလာဟလစကားတွေတို့၊ အယူဝါဒစကားတွေတို့ ပြောကြတယ်။

ဘယ်လို ပြောကြတာတုန်းဆိုတော့ **"ဣစ္စာသိ ဣတိဘဝိဿတိ"**တဲ့၊ "ဒါတွေ ဒါတွေ ဒီလိုဖြစ်ခဲ့တယ်၊ ဒါတွေ ဒါတွေ ဒီလိုဖြစ်လိမ့်မယ်" လို့ ကိုယ့်အထင်အမြင် အယူအဆတွေ ပြောနေကြတာ၊ ဘာလုပ်ရင်ဘာဖြစ်မယ် စသည်ပေါ့။

ဆိုပါစို့ - အယူအဆတွေ ပြောတဲ့အထဲမှာ ကြည့်လေ-တိတ္ထိဆရာကြီး ၆-ယောက်ကလည်း သူတို့အယူအဆတွေ ပြောနေတာပဲ၊ **ပူရာဏကဿပ**က ဘာပြောတုန်းဆို "လောက

https://dhammadownload.com



မှာ ကုသိုလ် အကုသိုလ်ဆိုတာ မရှိဘူးတဲ့၊ လုပ်လို့ရတယ်ဆိုတာ အပြောပဲတဲ့၊ ကုသိုလ် အကုသိုလ်ရှိမှ မရှိဘဲ ဘာသွားလုပ်မှာလဲပေါ့။" အဲဒါ သူပြောခဲ့တာနော်။

**မက္ခလိဂေါသာလ**က "လောကမှာ လူရဲ့ လုံ့လ ဝီရိယဆိုတာ ဘာမှအသုံးမကျဘူးတဲ့၊ အသိဉာဏ်ဆိုတာလည်း ဘာမှအသုံးမကျဘူး၊ ကြိုးစားအားထုတ်မှုဆိုတာလည်း ဘာမှအသုံးမကျဘူးတဲ့၊ လူဆိုတာ နောက်ဆုံးမှာ မဟာကပ် ၄-သန်းပြည့်တဲ့အချိန်မှာ အားလုံးဟာ သွားကြမှာပဲ၊ ဒီကြားထဲမှာ သံသရာဝဋ်က လွတ်ချင်တယ်လို့ ကြိုးစားလည်း ပင်ပန်းတာပဲရှိမယ်၊ မကြိုးစားဘဲ အိပ်နေလည်း နောက်ဆုံး ကမ္ဘာဈေးသွားရင်သူ့ဟာသူလွတ်သွားကြမှာ"တဲ့၊ ဟော-ဒါကလည်း မက္ခလိဂေါသာလရဲ့ **"သံသာရ သုဒ္ဓိ"** ဆိုတဲ့ဝါဒ။

"ဒီလိုဖြစ်မယ်၊ ဒီလို ဖြစ်နိုင်တယ်"ဆိုတာ ပြောနေကြတာပဲ၊ အဲဒီလို အယူအဆအမျိုးမျိုး ထုတ်ဖော်ပြောကြပါတယ်တဲ့၊ ဟေမက,က မြတ်စွာဘုရားမပွင့်ခင် သူ့ဆရာကြီး ကိုယ်တိုင်ကလည်း ဒီလိုပြောတာပဲ၊ ဗာဝရီပုဏ္ဏားကြီးကလည်း ဒီလိုပြောတာပဲ၊ တပည့်တို့ ဒီလိုကျင့်၊ ဒီလိုကျင့်လို့ရှိရင် မင်းတို့ ဗြဟ္မာ့ပြည်ရောက်မယ်၊ ဗြဟ္မာ့ပြည်ရောက်ရင် အဲဒီဗြဟ္မာ့ပြည်မှာ မအို မနာ မသေဘူးလို့ သူကဒီလိုပြောတာ၊ အဲဒီတော့ ဒီလိုပြောထားတဲ့တရားနာပြီး အဟုတ်မှတ်နေကြတာပေ့ါ။ ဒါ သူ့ဆရာကြီး အပါအဝင်ပဲ။

https://dhammadownload.com



ဟေမကက ဘုရားကို လျှောက်တယ်၊ **ဣတိဟီတိ** ဒီလို ဖြစ်ခဲ့ပြီ၊ **'ဣတိ ဘဝိဿတိ'** ဒါမျိုးတွေ ဖြစ်လိမ့်မယ်လို့ အဲဒီလို ပြောခဲ့ကြတယ်တဲ့၊ **'သဗ္ဗံ တံ ဣတိဟီတိဟံ"** အဲဒီပြောသမျှ စကားတွေအားလုံးဟာ တဆင့်ကြားတွေနဲ့ ပြောနေကြတာ၊ သူတို့ ကိုယ်တိုင်သိတာ မဟုတ်ဘူး၊ အထင်တွေ အမြင်တွေ ပြောနေကြ တာတဲ့။

**'ဣတိဟ'** ဆိုတာ ဒီလို ဖြစ်ခဲ့ဖူးတယ်၊ ဒီလိုလုပ်ခဲ့ဖူးတယ်၊ သမိုင်းက ဒီလိုရှိခဲ့ဖူးတယ်၊ လူ့ရဲ့ကမ္ဘာဦးသမိုင်းက ဘယ်လိုနဲ့၊ စာပေကျမ်းဂန်တွေမှာ လာတာတွေကိုကြည့်၊ ဘယ်ခေတ်တုန်းက ဘာဖြစ်ခဲ့တယ်၊ ဘယ်ခေတ်တုန်းက ဘာလုပ်ခဲ့တယ်ဆိုတာတွေ ထောက်ထားပြီးတော့ ဒီလိုဖြစ်ခဲ့တယ်ဆိုတဲ့ တဆင့်ကြားတဲ့ hearsay တို့ tradition တို့၊ ဒါတွေပဲ ပြောမှာပဲတဲ့၊ အစဉ်အလာ သင်ကြားလာတဲ့ စာပေကျမ်းဂန်ကဟာတွေ ထုတ်ပြောမယ်၊ သို့မဟုတ် စိတ်ကူးရတာတွေ ထုတ်ပြောမယ်၊ ကြောင်းကျိုး ဆင်ခြင်ပြီး 'တက္က'နည်းနဲ့ ဆွေးနွေးတိုင်ပင်လို့ ထွက်လာတဲ့အဖြေ၊ ဒါမျိုးတွေပြောမှာ၊ ကိုယ်ကြိုက်တာနဲ့ ကိုက်ညီတဲ့အဖြေ၊ ဒါတွေပဲ ပြောကြတယ်တဲ့။

ဘယ်သူမှ ငါကိုယ်တိုင်သိတာလို့ မပြောနိုင်ဘူး၊ 'ငါ ကိုယ် တိုင် လက်တွေ့ကျင့်သုံးတာလို့' 'ငါကိုယ်တိုင် လက်တွေ့ပဲလို့' ပြောနိုင်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှမရှိဘူးတဲ့၊ သူ့ဆရာကြီး အပါ အဝင် အဲဒီလိုမဖြစ်ဘူးတဲ့၊ ပြောခဲ့သမျှစကားတွေဟာ အကုန်လုံး 'ဣတိဟ'၊ 'ဒီလိုတဲ့' ဆိုတာတွေချည်းပဲ။

https://dhammadownload.com



တစ်ဆင့်ကြားစကားပြောရင် ဒီလိုတဲ့၊ 'ဟဲ့ ဘာဖြစ်သတဲ့'။ ကိုယ်မသိရင် 'သတဲ့' ဆိုတာလေးနဲ့ လာတာလေ၊ သူလည်း မြင်တာမဟုတ်ဘူး၊ 'သတဲ့'နဲ့ပဲ လုပ်ခဲ့တာ၊ အဲဒီ 'သတဲ့'သမားကို လိုက်ပြီး ဘယ်ကလာတဲ့ 'သတဲ့'လဲလို့ လိုက်မေးလို့ရှိရင် ဘယ်မှာမှ ရှာမတွေ့တော့ဘူး၊ အကုန်လုံး ပျောက်ချက်သား ကောင်းသွားတယ်နော်။

ဘာနဲ့ ဥပမာတူတုန်းဆိုရင် ၅၅၀-ထဲမှာပါတဲ့ မြေပြိုလို့ ထွက်ပြေးတဲ့ယုန်လိုပဲ၊ ယုန်က သူ့ဟာသူ မြက်စားပြီး အေးအေးဆေးဆေး မအိပ်ဘူး၊ သူက တွေးတာလေ၊ "ခုချိန်မှာ ငါအိပ်တဲ့ မြေများ ပြိုသွားရင် ငါ ဘယ့်နှယ့်လုပ်မလဲ" ဆိုတဲ့ ဒီအတွေးလေး ဝင်နေတဲ့အချိန် မှေးကနဲလည်းပျော်ရော အပေါ်ကနေ ဥသျှစ် ပင်က ဥသျှစ်သီးအမှည့်ကနေ ကြွေကျလိုက်တာ၊ သူ့ခြံပေါ်မှာ အသံမြည်လောက်တဲ့ ထန်းရွက်တို့ ဘာတို့လိုဟာမျိုးရှိနေတော့ အဲဒီပေါ် ဖြုန်းကနဲ ကျလိုက်တဲ့အခါမှာ "ဟာ ငါထင်တဲ့အတိုင်း ဟုတ်နေပြီ၊ ပြိုပြီဟေ့" ဆိုပြီးတော့ ထပြေးတာလေ၊ ထပြေးတော့ သူပြေးတာမြင်တော့ ဘာလို့ပြေးတာတုန်း ဘာလို့ ပြေးတာတုန်း ဆို 'မြေပြိုလို့' ဆိုတော့ ကျန်တဲ့အကောင်တွေကလည်း 'မြေပြိုသတဲ့' ဆိုပြီး ပြေးကြတာပဲ၊ ဘယ်သူမှ မစဉ်းစားဘူး၊ အကုန်ပြေး၊ တောထဲရှိတဲ့ တိရစ္ဆာန်တွေဟာ အကုန်ပြေးကုန်ကြတယ်။

အဲဒီထဲမယ် ဘဝါဘဝက စူးစမ်းဆင်ခြင်မှု အလေ့အကျင့် ရခဲ့တဲ့ ဘုရားအလောင်းဆိုတာကတော့ အရာရာမှာ စဉ်းစားတတ်တဲ့ အသိဉာဏ်ရှိတယ်၊ တိရစ္ဆာန်ဖြစ်လည်း သူက စဉ်းစား

https://dhammadownload.com



တတ်တယ်၊ အဲဒါကြောင့်မို့နော် အလေ့အကျင့်ဆိုတာ လုပ်ထားရတယ်၊ ဒီဘဝမှာလဲ အရမ်းယုံလို့ရှိရင် ဦးနှောက်က "အရမ်းယုံဦးနှောက်ကြီး" ဖြစ်မှာပဲ၊ နောက်ဘဝမှာလည်း အရမ်းယုံဦးနှောက်ကြီး ဖြစ်မှာပဲ၊ အလေ့အကျင့်လုပ်ပြီးတော့ စူးစမ်းတတ်တဲ့ အလေ့အထလေးကို အခုအချိန်မှာ လေ့ကျင့်ပေးဖို့လိုတယ်၊ အရာရာမှာ စူးစမ်းတတ်တယ်၊ လေ့လာတတ်တယ်၊ အရမ်းကာရော လက်ခံတာမျိုးမဟုတ်ဘူး ဆိုတဲ့ဟာမျိုး ရှိဖို့လိုအပ်တယ်၊ ဘုရားအလောင်းတွေကျတော့ အကျင့်ပါလာတယ်၊ အရာရာကို စဉ်းစားတတ်တယ်၊ စဉ်းစားပြီးမှ လက်ခံတတ်တဲ့ အကျင့်ပါလာတယ်။

အဲဒီတုန်းက ဘုရားအလောင်းက ခြသေ့်ဖြစ်နေတယ်၊ သူက စဉ်းစားတယ်လေ၊ "မြေပြိုတယ်ဆိုတာ ငါ တစ်ခါမှ မကြားဖူးဘူး၊ ဖြစ်လည်းမဖြစ်နိုင်ဘူး၊ ဘယ်သူက ပြောတာလဲ၊ ဘယ်သူက ပြောတာလဲ" လိုက်မေးတဲ့အခါကျတော့ "ဟာ-ဟိုက ပြောတာပဲ၊ ဒီကပြောတာပဲ" နဲ့ ရမ်းပြီးတော့ ပြောတဲ့ဟာတွေ ချည်းပဲ များနေတာနော်၊ ခုခေတ်လည်း ရှိတာပဲ၊ ဟိုနားမှာ ရဟန္တာလို့ ပေါ်တယ်ဆို ဘယ်သူကစ,ပြောမှန်းမသိဘူး၊ သွားကြတာပဲလေ၊ ဒီနားက ရဟန္တာဆိုလည်း သွားကြတာပဲ၊ ဒီနားက ရေမန်းကောင်းတယ်ဆိုလည်း သွားကြတာပဲ၊ ဘယ်ကရေကောက်မန်းမှန်း မသိဘဲနဲ့ တစ်ခါထဲကို ရေမန်းဆိုလည်း သွားကြတာပဲ၊ ဘာဆိုလည်း သွားကြတာပဲ၊ အဲဒီတော့ လူတွေဟာ သိပ်မထူးပါဘူး၊ ရှေးတုန်းကလူနဲ့ အခုလူဟာ လူဟာတူတူပါပဲနော်၊

https://dhammadownload.com



စဉ်းစားဉာဏ်ရှိတဲ့လူမှ စဉ်းစားဉာဏ်ရှိတာ၊ ဘယ်တုန်းက ဦးနှောက်ပဲဖြစ်ဖြစ် လူ့ဦးနှောက်တိုင်းက စဉ်းစားဉာဏ်မရှိဘူးတဲ့၊ လူ့ဦးနှောက်တွေက တချို့ဦးနှောက်တွေက စားဖို့နဲ့ အိပ်ဖို့ ပျော်ဖို့ ပါးဖို့ပဲ၊ ဒီလောက်ပဲ ဦးနှောက်ကရှိတယ်၊ ကျန်တဲ့ စဉ်းစားဉာဏ် ဦးနှောက်ဆိုတာ မရှိဘူး။

နောက်ဆုံးကျတော့ ဘယ်သူက ပြောတာလဲ လိုက်ရှာလိုက်တော့ ယုန်ကပြောတာ ဖြစ်နေတယ်၊ "ယုန် မင်းပြောတာ ဟုတ်သလား"၊ "ဟုတ်တယ်" "ဘယ်နားမှာ ပြိုတာတုန်း၊ မင်း ဘယ်နားမှာနေတာတုန်း၊ လိုက်ပြ" ဆိုတော့ တော်တော်နဲ့ မပြရဲဘူး၊ "မြေပြိုတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ မင်းလိုက်ပြ၊ ငါ တာဝန်ယူတယ်" ဆိုပြီး အာမခံချက် Guarantee ပေးမှ ယုန်ကလည်း လိုက်ပြတာနော်၊ ခြင်္သေ့က သေသေချာချာ စစ်ဆေးလိုက်တော့ ဘယ်ဟုတ်မလဲ၊ အပေါ်က ဥသျှစ်သီးကြွေကျတာ၊ "ဖြုန်း" ဆိုတဲ့ အသံကြီး သူက လန့်ပြီးတော့ထွက်ပြေးတာ၊ ဘာမှမဟုတ်ဘူး။

လောကလူတွေဟာ ဘာမှမဟုတ်ဘဲနဲ့ ကြောက်လန့်နေတာ အများကြီးပဲ၊ ရှေးတုန်းက နာမည်ကြီးချင်လို့ သုသာန်ဓုတင်ဆောင်တဲ့ ကိုယ်တော်ကြီးတစ်ပါးအကြောင်း စာထဲမှာ ဖတ်ရဖူးတယ်၊ အဲဒီ ကိုယ်တော်ကြီးကလည်း ဒီလိုပဲလေ၊ အတွေးနဲ့ ကြောက်တတ်တဲ့ ဝါသနာရှိတယ်၊ တစ္ဆေကြောက်တယ်၊ သို့သော်လည်း စွန့်စားမှုတစ်ရပ်ပေါ့၊ သူများတွေက သုသာန်ဓုတင် ဆောက်တည်တယ်၊ ငါလည်း ဆောက်တည်ဦးမှပဲဆိုပြီး စွန့်စားတာပေါ့လေ၊ လင်းတုန်းကတော့ သိပ်ကိစ္စမရှိဘူး၊ တဖြည်းဖြည်း

https://dhammadownload.com



တဖြည်းဖြည်း မှောင်မှောင် မှောင်မှောင်လာတယ်၊ ကြောက် ကြောက် ကြောက်ကြောက်နဲ့ ဒီလိုထိုင်နေတာ၊ ညကျတော့ ဘာသွားတွေ့တုန်းဆို သူ့ဘေးနားက ချုံပုတ်ထဲကနေ ရှဲရှဲ ရှဲရှဲနဲ့ အသံကြားတယ်၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ချုံထဲကနေပြီးလာတာ၊ "ဟ- သရဲတော့လာပြီဟ၊ ငါတော့ စားတော့မှာပဲ"ဆိုပြီး ကြောက် နေတာ၊ ဘုရားစာတွေရွတ်ပြီးတော့ မကြည့်ရဲဘူးတဲ့၊ မနက် မိုးလင်းကြည့်လိုက်တော့ အဲဒီချုံပုတ်ထဲမှာ နွားအိုကြီးတစ်ကောင် ဟာ စားမြုံ့ပြန်နေတာ၊ သူစားခဲ့တဲ့အစာတွေထုတ်ပြီး စားမြုံ့ပြန် ပြီးတော့ လှုပ်လှုပ် လှုပ်လှုပ်နဲ့ လုပ်နေတာကို အဲဒါကြီးကို တစ်ညလုံးကြောက်ပြီး မနက်မိုးလင်းတော့ နွားကြီးမှန်းသိတယ်။ ငါ့တစ်ညလုံး ခြောက်ရမလား ဆိုပြီးတော့ သစ်ကိုင်းချိုးပြီး နွားအိုကြီးကို ရိုက်သတဲ့၊ အဲဒါကိုကြည့်၊ အတွေးနဲ့ ကြောက် တာပဲလေ။

ဘုရားအလောင်းဟာ တစ်ခါတုန်းက **(ဘယဘေရဝ သုတ္တန်)** ကြောက်စရာဘေးဆိုတာ ဘာခေါ်တာလဲ စမ်းသပ် နိုင်ဖို့ဆိုပြီးတော့ ချွတ်ကနဲကြားလိုက်ရင် သွားကြည့်တယ်၊ အဲဒီ နေရာကို မရမက သွားကြည့်တယ်၊ အသံကြားရင် ကြားတဲ့နေရာ သွားကြည့်တယ်၊ ဘာဖြစ်ဖြစ် သွားကြည့်တယ်၊ သွားကြည့်တဲ့ အခါကျတော့ ဘာမှမဟုတ်ဘူး၊ ငှက်ကလေးတွေ အကောင် ကလေးတွေ သွားတာ လာတာကနေ စပြီးတော့ အသံဗလံတွေ မြည်နေကြတာ၊ တစ္ဆေကြောက်တဲ့လူတွေက အဲဒါလေးတွေ လည်း ကြောက်တာပဲနော်။

https://dhammadownload.com



တစ်ခါတုန်းက တောရွာတစ်ရွာမှာ သိမ်ကျောင်းထဲမှာ နေကြတယ်၊ တစ္ဆေခြောက်တတ်တယ်ဆိုတဲ့ အသိနဲ့ တွေးပြီး တော့နေတာ၊ ညကျတော့ တံခါးလာခေါက်တယ်၊ ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ "ဟ လာပြီဟေ့" ဆိုပြီး ကြောက်လန့်နေတယ်၊ ဘယ်ဟုတ်မလဲ တစ္ဆေက ခေါက်တာမဟုတ်ဘူး၊ အိမ်မြှောင်တို့ တောက်တဲ့တို့က အကောင်လေးတွေလိုက်ဖမ်း၊ ပြီးတော့ ရိုက် သတ်တာ၊ သူက ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ အဲဒါကို တံခါး ခေါက်တယ် ထင်တာနော်၊ အဲဒီလိုဟာမျိုးတွေလည်း ရှိတတ် တယ်ပေါ့၊ သွားကြည့်ပေါ့၊ ဘာဖြစ်လဲ ဘယ်သူက ခေါက်သလဲ။

အေး- အဲဒါမျိုးလိုပေါ့၊ ကြောက်တတ်တဲ့လူတွေဟာ အတွေးနဲ့ ကြောက်တာတွေက ပိုများတယ်၊ တကယ်တွေ့လို့ ကြောက်တာက နည်းနည်းရယ်၊ အတွေးနဲ့ ကြောက်တာက ပိုများတယ်တဲ့၊ ကြည့်လေ - ပြောသမျှတွေဟာ တကယ့် လက်တွေ့က မဟုတ်ဘူး၊ တစ္ဆေပုံပြင်တွေလည်း အင်မတန် ပေါတယ်၊ သို့သော်လည်း အဲဒါတွေဟာ **"ဣတိဟိတိဟ"**ပဲ၊ 'ဒီလိုတဲ့' ဆိုတာတွေချည့်ပဲတဲ့၊ မင်းကိုယ်တိုင် မြင်ဖူးလားလို့ ဆိုတော့ မမြင်ဖူးဘူး၊ မမြင်ဘူးတာက ပိုများတယ်ပေါ့။

ခု သူကလည်း မြတ်စွာဘုရားကို လျှောက်တယ်၊ သူ့ ဆရာကြီး ပြောတာကအစတဲ့၊ အားလုံးဟာ ပုံပြင်တွေ ပြောနေ တာပါတဲ့၊ တစ်ဆင့်ကြားစကားတွေကိုပြောတာ၊ ဘယ်သူမှ လက်တွေ့မဟုတ်ပါဘူးတဲ့၊ အဲဒါတွေက အတွေးတွေကို တိုးပွား စေတတ်တာပဲ၊ ဒါ ဒီလိုတဲ့ဆို ခေါင်းထဲရောက်သွားရင် ဒါတွေ

https://dhammadownload.com



တွေးတော့တာပဲ၊ ဒါကြောင့်မို့ **"သဗ္ဗံ တံ တဏှုဝမနံ"** အတွေးတွေကိုသာ ဖြစ်ပွားစေတတ်တယ်၊ **"နာဟံ တဏှ အဘိရမိ"** တပည့်တော်ကတော့ အဲဒါတွေ စိတ်မဝင်စားဘူးတဲ့ သူကပြောတယ်၊ ဘယ်လိုဖြစ်ခဲ့တယ်၊ ဘာတွေဖြစ်လိမ့်မယ် ဆိုတာတွေနဲ့ ပတ်သက်ပြီး သူစိတ်မဝင်စားဘူးတဲ့၊ ဘာဖြစ်ဖြစ်ပေါ့ စိတ်မဝင်စားဘူးတဲ့။

သူစိတ်ဝင်စားတာ ဘုရားကို လျှောက်တယ်-

**"တွဉ္စ မေ ဓမ္မမက္ခာဟိ၊ တဏှာနိဃာတနံ မုနိ။**
**ယံဝိဒိတွာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ"**

သူပြောချင်တဲ့စကားက တပည့်တော် စိတ်ဝင်စားတာကတဲ့၊ တပည့်တော်တို့သန္တာန်မှာရှိတဲ့ တွယ်တာမှုတဏှာ၊ လိုချင်မှုတဏှာ၊ တပ်မက်မှုတဏှာကို ဘယ်လိုဖျောက်ရမယ်၊ ပျောက်အောင် လုပ်နိုင်တဲ့ ဓမ္မကိုပဲ တပည့်တော်ကို ဟောပါတဲ့၊ အဲဒီတရားကို သိလို့ရှိရင် သတိကြီးစွာ ထားပြီးတော့၊ သတိတရားထားပြီးတော့ တဏှာကို လွန်မြောက်ဖို့ သူကြိုးစားပါ့မယ်။

ဒါ သူ request လုပ်တာပဲ၊ မေးခွန်းထုတ်တာ မဟုတ်ဘူး၊ သူသိချင်တာ "ဓမ္မ" ပါတဲ့၊ အဲဒီဓမ္မဟာ တဏှာကို ပယ်ရှားနိုင်တဲ့ဓမ္မ ဖြစ်ပါတယ်၊ အဲဒီတဏှာကို ဖယ်ရှားနိုင်တဲ့တရားကို သူ့ကို ဟောပါတဲ့၊ သူသိပြီးရင် အဲဒီအတိုင်း သတိကြီးစွာထားပြီး လောကမှာ တွယ်တာမှုဆိုတဲ့ တဏှာတွေကို ကျော်လွှားနိုင်ဖို့ သူကြိုးစားပါ့မယ်လို့ ဘုရားကို လျှောက်တယ်။

https://dhammadownload.com



မြတ်စွာဘုရားက သူ့ကို တရားဟောတယ်၊

**"ကာမေ ဒိသွာ သုတမုတဝိညာတေသု၊**

**ပိယရူပေသု ဟေမက။**

**ဆန္ဒရာဂဝိနောဒနံ၊ နိဗ္ဗာနပဒ'မစ္စုတံ။"**

လောကမှာတဲ့ မြင်ထားတဲ့အာရုံ၊ ကြားထားတဲ့အာရုံ၊ နမ်းရှူထားတဲ့အာရုံ၊ လျှက်ထားတဲ့ အာရုံ၊ ထိတွေ့ထားတဲ့အာရုံ၊ စိတ်ကူးထဲမှာ ပေါ်လာတဲ့အာရုံ၊ အဲဒီလို နှစ်သက်စရာအာရုံတွေ အပေါ်မှာတဲ့ ဆန္ဒရာဂလို့ဆိုတဲ့ လိုချင်မှုနဲ့တပ်မက်မှုကို မင်း ပယ်ဖျောက်ပါတဲ့၊ ပယ်ဖျောက်နိုင်အောင် ကြိုးစားပါတဲ့။

**ပိယရူပ** ဆိုတာ ဘာတွေခေါ်တာတုန်း၊ ပိယရူပဆိုတာ ချစ်အပ်တဲ့သဘော၊ လောကလူတွေဟာ ဘာတွေကို ချစ်မြတ်နိုး ပြီးတော့ ဘာတွေအပေါ်မှာ သာယာနေကြတုန်းဆိုတာ မေးကြည့်လိုက်မယ်ဆိုရင် မျက်စေ့ကမြင်ရတဲ့ အဆင်းပေါ်မှာ သာယာတယ်၊ ချစ်ခင်ကြတယ်၊ နားကကြားရတဲ့ အသံပေါ်မှာ သာယာကြတယ်၊ ချစ်ခင်ကြတယ်၊ ချစ်ခင်နှစ်သက်စရာ အာရုံ တွေ ဆိုလို့ရှိရင် မျက်စေ့က မြင်ရတာတို့၊ နားက ကြားရတာတို့၊ နှာခေါင်းက နမ်းရှူရတာတို့၊ လျှာက အရသာတွေ့ထိရတာတို့၊ ခန္ဓာကိုယ်က တွေ့ထိရတာတို့၊ စိတ်ကူးထဲမှာ ပေါ်လာတာတို့ ဆိုတဲ့ ကြိုက်နှစ်သက်စရာအာရုံတွေနဲ့ ပတ်သက်လာရင် လူတွေ က လိုချင်တယ် တပ်မက်တယ်ဆိုတဲ့ ဆန္ဒရာဂ ပေါ်လာတယ်။

မျက်စေ့နဲ့ မြင်ရတဲ့အာရုံကို တပ်မက်သလိုပဲ မျက်စေ့ကို လည်း တပ်မက်ပြန်တာပဲ၊ မျက်စေ့ကို တပ်မက်တယ်၊ နားကို

https://dhammadownload.com



တပ်မက်တယ်၊ နှာခေါင်း လျှာ ကိုယ် စိတ်ကို တပ်မက်တယ်၊ တပ်မက်စရာ အာရုံမှန်သမျှကို တပ်မက်တယ်၊ ဒါတင်လား ဆိုတော့ မကဘူး၊ မျက်စေ့နဲ့အဆင်းအာရုံ ဆုံလိုက်လို့ မြင်ပြီး သိတဲ့ အသိစိတ်ကလေးကိုလည်း တပ်မက်ပြန်တာပဲ၊ တွယ်တာတယ်၊ ငါ့ဟာလို့ သိမ်းပိုက်ပြန်တယ်၊ အေး- မြင်သိစိတ်ကလေးနဲ့ ဆက်သွယ်ပြီးဖြစ်ပေါ်လာတဲ့ ဖဿလို့ခေါ်တဲ့ အာရုံနဲ့ဆက်သွယ်ပေးတဲ့ သဘောကိုလည်း တပ်မက်တယ်၊ ဆက်သွယ်ပြီးတဲ့ နောက်မှာ နှစ်သက်စရာအာရုံဆိုရင် စိတ်ထဲမှာ ဝမ်းသာသွားတယ်၊ အဲဒါလေးကိုလည်း တပ်မက်တာပဲ၊ နောက်ဆုံးမှာ ကိုယ်တပ်မက်တဲ့ တဏှာကိုပဲ ပြန်ပြီးတော့ တပ်မက်သေးတာပဲတဲ့၊ ကိုယ့်ရဲ့ တွယ်တာမှုကို ပြန်ပြီး နောက်ထပ် တွယ်တာမှုက လိုက်လာသေးတာပဲ၊ နှစ်သက်စရာအာရုံပေါ်မှာ တွယ်တာတဲ့ တဏှာကို နောက်ထပ်တဏှာက ထပ်ပိုးတယ်၊ ဒါကြောင့်မို့ တဏှာဟာ ထပ်ထပ်ပြီး ပိုးသည့်အတွက်ကြောင့် တဏှာသည် ကြီးထွားသည်ထက် ကြီးထွားပြီး နောက်ဆုံးမှာ ဥပါဒါန်အဆင့် ရောက်သွားတာပေါ့။

အဲဒီလို နှစ်သက်စရာအာရုံတွေနဲ့ပတ်သက်ပြီး မြင်အပ်တဲ့ အာရုံ၊ ကြားအပ်တဲ့အာရုံ၊ ထိတွေ့အပ်တဲ့ အာရုံ၊ သိအပ်တဲ့ အာရုံ၊ အဲဒီနှစ်သက်စရာအာရုံတွေအပေါ်မှာ ဆန္ဒဆိုတဲ့ လိုချင်မှု နဲ့ ရာဂဆိုတဲ့ တွယ်တာမှုတွေကို ပယ်ဖျောက်တဲ့၊ ပယ်ဖျောက်နိုင်အောင် ကျင့်ရမယ်၊ အဲဒီကျင့်နိုင်တဲ့အကျင့်ဟာ ဘယ်တော့မှ မပြောင်းလွဲတဲ့ ထာဝရခိုင်မြဲတဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားပဲလို့

https://dhammadownload.com



အဲဒါတွေ အာရုံတွေပေါ်မှာ တွယ်တာမှု ဆန္ဒရာဂကို ဖယ်ရှားနိုင်လို့ရှိရင် နိဗ္ဗာန်ဆိုတာ ရမှာပဲတဲ့။

**"တေဒညာယ ယေ သတာ၊ ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ၊**

**ဥပသန္တာစ တေ သဒါ၊ တိဏ္ဏာ လောကေ ဝိသတ္တိကံ။"**

တဲ့။

မြတ်စွာဘုရားက နိဗ္ဗာန်သဘောကို သိရှိနားလည်ပြီးလို့ရှိရင် နိဗ္ဗာန်ရောက်ကြောင်းတရားကို သတိကြီးစွာထားပြီး မမြတ်တဲ့သဘော ဆင်းရဲတဲ့သဘော၊ ကိုယ်မပိုင်တဲ့ သဘော၊ အသိဉာဏ်ဖြင့် သိရမယ်။ ဝိပဿနာဉာဏ်နဲ့ ကျင့်ရမှာ၊ ကျင့်ပုံကျင့်နည်းကတော့ ဒီလမ်းအတိုင်းချည်းပဲ အကုန်လုံး၊ သတိကြီးစွာထားပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ရှိရင် အခု အားထုတ်တဲ့ဘဝမှာပဲ ရာဂအပူတွေလည်း ငြိမ်းသွားမယ်၊ ဒေါသအပူတွေလည်း ငြိမ်းသွားမယ်၊ မောဟအပူတွေလည်း ငြိမ်းသွားမယ်၊ ကိလေသာအပူမီးတွေ အားလုံးဟာ ငြိမ်းသွားပြီးတော့ တကယ့်ကို ငြိမ်းချမ်းတဲ့ပုဂ္ဂိုလ် ဖြစ်သွားမယ်။

တကယ်ငြိမ်းချမ်းတယ်ဆိုတာ စိတ်ငြိမ်းချမ်းမှ တကယ်ငြိမ်းချမ်းတာ၊ အပြင်ငြိမ်းတာကတော့ ချမ်းတာနဲ့ အဝတ်ဝတ်ရမှာပဲ ရှိတယ်နော်၊ စိတ်နှလုံးကို ငြိမ်းချမ်းသွားမှ တကယ့်အေးချမ်းမှုလို့ ခေါ်တယ်တဲ့။

တစ်ခါတုန်းက ဟတ္ထကဆိုတဲ့ မင်းသားဟာ နံနက်စောစော လမ်းလျှောက်ထွက်လေ့ရှိတယ်၊ ဆောင်းရာသီကြီးအင်မတန်အေးတဲ့အချိန် လမ်းလျှောက်ထွက်ရင်းနဲ့ မြတ်စွာ

https://dhammadownload.com



ဘုရားနဲ့ တွေ့တယ်၊ မြတ်စွာဘုရားက အဲဒီအချိန်မှာ အရွက်ကျိုးတိုးကျဲတဲရှိတဲ့ သစ်ပင်အောက်၊ ပတ်ဝန်းကျင်မြေတွေကလည်း နွားတွေဖြတ်သန်းသွားလာလို့ နွားခွါရာတွေနဲ့ ကြမ်းတမ်းနေတဲ့ မြေတွေပေါ့၊ မြေက,မာပြီး ပျော့တုန်းက နွားက နင်းထားတယ်ဆိုတော့ ဆူးတွေလိုပဲ ချွန်နေတာ၊ ဖိနပ်မပါဘဲ သွားမယ်ဆိုရင် မလွယ်တဲ့ နေရာပေါ့နော်။ အဲဒီနေရာမှာ မြတ်စွာဘုရားက သစ်ပင်အောက်မှာ တစ်ပါးတည်း ထိုင်နေတယ်၊ အေးလည်းအင်မတန်မှ အေးတယ်။

မနက်အစောကြီးတွေ့တော့ သူကအံ့ဩပြီး "အရှင်ဘုရား၊ ဒီလောက်အေးတဲ့ရာသီကြီးမှာ သစ်ပင်အောက် ထိုင်နေတယ်၊ အရှင်ဘုရားဘုရား ညက ဒီမှာကျိန်းသလား"လို့ "အေး-ငါညက ဒီမှာပဲ နေတယ်"၊ "အရှင်ဘုရား ချမ်းချမ်းသာသာရော နေရရဲ့လား"၊ "ဟ. . လောကမှာ ချမ်းသာတဲ့အထဲမယ် ငါဟာ တစ်ဦးအပါအဝင်ပေါ့၊ ငါ့လောက် ချမ်းသာတဲ့သူဘယ်ရှိမလဲ" "အရှင်ဘုရား၊ ရာသီဥတုကလည်း သိပ်အေးတာ၊ ပတ်ဝန်းကျင်မြေတွေကလည်း အင်မတန်ကြမ်းတယ်၊ လေကလည်းတိုက်နေတယ်၊ အရှင်ဘုရား မေးတော့လည်း ငါဟာ အချမ်းသာဆုံးလို့ပြောတယ်၊ ဘယ်လို နားလည်ရမတုန်း" ဆိုတော့ မြတ်စွာဘုရားက အမိန့်ရှိတယ်။

"အေး- သူဌေးသားတစ်ယောက်ဟာ တိုက်နဲ့အိမ်နဲ့ အင်မတန်မှဖိမ်ကျတဲ့ ဆိုဖာကြီးတွေ အိပ်ယာကြီးတွေနဲ့ အိပ်နေပါပြီတဲ့၊ ညလုံးပေါက် မီးတွေလည်း ထွန်းထားတယ်၊ ပြုစုယုယမယ့် ပုဂ္ဂိုလ်တွေလည်း အနားနားမှာ ရှိတယ်တဲ့၊ အဲဒီပုဂ္ဂိုလ်

https://dhammadownload.com



အေးချမ်းတယ်လို့ မင်းထင်သလားတဲ့၊ ချမ်းချမ်းသာသာ အိပ်ရမယ်လို့ မင်းယူဆသလား" ဆိုတော့ "ယူဆပါတယ်" တဲ့၊ အဲဒါ သူဟာ ချမ်းချမ်းသာသာအိပ်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ယူဆတယ်တဲ့။

"အေး-ကောင်းပြီ သူ့မှာ ရာဂဆိုတဲ့အပူတွေ, ဒေါသဆိုတဲ့ အပူတွေ, မောဟဆိုတဲ့အပူတွေ, မာန်မာနဆိုတဲ့အပူတွေ, စိတ်ထဲမှာ အလိုမကျဖြစ်တာတွေ သူ့သန္တာန်မှာ မရှိဘူးလား"၊ "ရှိပါတယ်ဘုရား"၊ "အေး- အဲဒီ ရာဂပူ ဒေါသပူ မောဟပူဆိုတဲ့ စိတ်ပူလောင်မှုတွေနဲ့နေတဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီးတော့ ချမ်းချမ်းသာသာ အိပ်ရတယ်လို့ ဆိုနိုင်ပါ့မလဲ" တဲ့၊ မြတ်စွာဘုရားက အဲဒီလို ဖြေရှင်းဖူးတယ်နော်။

အဲဒါကြောင့်မို့လို့ **"ဥပသန္တ"** တကယ်ငြိမ်းတယ်ဆိုတာ စိတ်ထဲမှာ လောဘ ဒေါသ စတဲ့ အပူတွေငြိမ်းမှ တကယ် အငြိမ်းလို့ခေါ်တာ၊ ဒါ ကိုယ်တွေ့ကြည့်ကြည့်ပေါ့။ ဘယ်လောက်ကောင်းတဲ့ အိပ်ရာထဲမှာအိပ်အိပ်, တောင်တွေး မြောက်တွေး တွေးပြီး ပူစရာတွေ ပူနေမယ်ဆိုရင် ဘယ်ဟုတ်မလဲနော်၊ အဲဒီတော့ စိတ်ဟာ ငြိမ်းချမ်းမှုဆိုတာ မဖြစ်နိုင်ဘူး၊ ဒီနိဗ္ဗာန်ရဲ့သဘောကို ကျကျနနသိပြီး ရာဂမီးတွေ ငြိမ်းသွားတယ်၊ ဒေါသမီးတွေ ငြိမ်းသွားတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ တကယ့်ကို ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ မြတ်စွာဘုရားက ဒီလိုရှင်းပြတယ်။

ဟေမကဟာ လုံးဝအသိဉာဏ်ပွင့်လင်းပြီးတော့ ရဟန္တာ အဖြစ်သို့ ရောက်သွားတယ်၊ သူ့ရဲ့တပည့်တစ်ထောင်နဲ့ အတူ

https://dhammadownload.com



တကွ ရဟန္တာအဖြစ်သို့ ရောက်သွားတယ်၊ ရသေ့အသွင် ပျောက်ပြီးတော့ ရဟန်းအသွင် ရောက်သွားတယ်လို့ ဒီလိုဆိုလိုတယ်။

ဒါက ၈-ဦးမြောက်ဖြစ်တဲ့ ဟေမကရသေ့ရဲ့ အမေးနဲ့ ပတ်သက်တဲ့ အဖြေဂါထာ ၄-ပုဒ်။

## တောဒေယျ၏ အမေးကို ဖြေဆိုခြင်း

ဟေမကပြီးတော့ အလှည့်ကျတဲ့ပုဂ္ဂိုလ်က တောဒေယျ၊ တောဒေယျဆိုတဲ့ပုဏ္ဏားက ဒီပြင်နေရာမှာတော့ တောဒေယျဆိုတဲ့ နာမည်နဲ့လာလို့ရှိရင် သူက တုဒိရွာက ပုဏ္ဏားလို့ အဓိပ္ပါယ်ရတယ်ပေါ့၊ သူကလည်းပဲ တုဒိရွာကလာတဲ့လူလည်း ဖြစ်ကောင်းဖြစ်မယ်ပေါ့၊ တခြား တောဒေယျဆိုတဲ့ ပုဏ္ဏားဆိုတာလည်း ရှိသေးတယ်၊ ဒီနေရာမှာ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်တွေထဲမှာ တောဒေယျဆိုတဲ့ ပုဏ္ဏားတစ်ယောက် ပါလာတယ်၊ သူကလည်းပဲ သူမေးဖို့ရာ အလှည့်ကျလာတဲ့အခါ ဘာနဲ့ပတ်သက်ပြီး မေးသလဲဆိုရင် **"ဝိမောက္ခ"** လွတ်မြောက်မှု freedom ဆိုတာနဲ့ ပတ်သက်ပြီး မေးတယ်။

လွတ်မြောက်မှုတွေက အမျိုးမျိုးရှိတယ်၊ ဘယ်လို လွတ်မြောက်မှုဟာ မှန်ကန်သလဲဆိုတဲ့ အဓိပ္ပါယ်နဲ့ မေးတယ်။

**"ယသ္မိံ ကာမာ န ဝသန္တိ"** ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ လိုချင်စရာတွေအပေါ်မှာ လိုချင်တယ်ဆိုတဲ့တဏှာ မရှိဘူး၊ **"တဏှာ ယဿ န ဝိဇ္ဇတိ"** တွယ်တာမှု ပူလောင်မှုဆိုတဲ့ တဏှာ

https://dhammadownload.com



သူ့သန္တာန်မှာ မရှိဘူး၊ **"ကထံကထာ စ ယော တိဏ္ဏော"** သူဟာ သံသယတွေ အားလုံးကိုလည်း ကျော်လွှားပြီးပြီ။

**"ကထံ ကထ"** ဆိုတဲ့ တီထွင်ထားတဲ့ စကားကိုက "မေးခွန်းတွေပဲ ထုတ်နေတာ၊ အဖြေမထုတ်နိုင်တာ။" **"ကထံ ကထံ"** ဆိုတာ ဘယ်လိုလဲ ဘယ်လိုလဲနဲ့ မေးခွန်းပဲ၊ ရင်ထဲမှာ မရှင်းတဲ့ ပုဂ္ဂိုလ်တွေ ပြောတာနော်၊ ဒါလေးက ဘယ်လိုလဲ ဘယ်လိုလဲနဲ့ ဆိုပြီးတော့ သံသယတွေ ဖြစ်နေတာကို **"ကထံ ကထာ"**လို့ ပြောတာ၊ အဲဒီ သံသယတွေ ရင်ထဲမှာ မရှင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ **"ကထံ ကထီ"** လို့ စာပေမှာ ဒီလိုသုံးတယ်၊ သောတာပန် ဖြစ်သွားလို့ရှိရင် **"ဝိဂတ ကထံ ကထော"** တဲ့၊ ဘယ်လိုလဲ ဘယ်လိုလဲဆိုတဲ့ မေးခွန်းတွေ မတက်တော့ဘူးတဲ့၊ သောတာပန် ဖြစ်သွားလို့ရှိရင် သူ့ဟာသူ သိသွားပြီ၊ ဘယ်လိုလဲ ဘယ်လိုလဲ ဘာဖြစ်ဦးမှာလဲ ဆိုတာတွေ မလာတော့ဘူး။

အေး- အခုလို လိုချင်စရာအာရုံတွေကို လိုချင်တတ်တဲ့ ကာမ၊ တောင့်တတတ်တဲ့ တဏှာတွေ မရှိဘဲနဲ့ သူ့မှာ သို့လော သို့လော တွေးတောယုံမှားခြင်းဆိုတာတွေလည်း လွန်မြောက်သွားပြီတဲ့၊ အဲဒီလို လွန်မြောက်သွားလို့ လွတ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ရဲ့လွတ်မြောက်မှု freedom ဟာ ဘယ်လိုနေပါသလဲတဲ့၊ သူ့ကို freedom ရောက်ရှိသူလို့ ပြောနိုင်သလားလို့ မြတ်စွာဘုရားကို မေးတာ။

မြတ်စွာဘုရားက ဖြေတယ်၊ သူ့အမေးအတိုင်းပဲ၊ အေး- ကာမတွေ ကာမဆန္ဒတွေ သူ့မှာ ကာမဂုဏ်အာရုံနဲ့ပတ်သက်တဲ့

https://dhammadownload.com



လိုချင်စရာတွေအပေါ်မှာ လိုချင်တဲ့တဏှာ သူ့မှာ မရှိဘူး၊ ပူလောင်မှု တဏှာဆိုတာလည်း သူ့သန္တာန်မှာ မရှိဘူး၊ ယုံမှား တွေးတောမှုဆိုတဲ့ သံသယတွေလည်း သူ့မှာရှင်းနေတယ်၊ အဲဒီ ပုဂ္ဂိုလ်ရဲ့လွတ်မြောက်မှုဆိုတာ "လုံးဝလွတ်မြောက်မှု"ပဲ၊ တခြား လွတ်မြောက်စရာဆိုတာ သူ့မှာ မရှိတော့ဘူး၊ ဒါသည်ပင်လျှင် လွတ်မြောက်မှုပဲလို့ မြတ်စွာဘုရားက ဖြေလိုက်တယ်၊ **"ဝိမောက္ခော တဿ နာပရော"** တဲ့၊ အဲဒါ တကယ့် လွတ်မြောက်မှုပဲတဲ့။

ဟုတ်တယ်လေ၊ တဏှာက ကုန်သွားပြီဆိုရင် တကယ့် လွတ်မြောက်မှု ဖြစ်ပြီ၊ သံသယ ကုန်သွားပြီဆိုရင် တကယ့် လွတ်မြောက်မှု ဖြစ်သွားပြီ၊ ဆိုလိုတာကတော့ ကိလေသာတွေ အားလုံး ကုန်ခန်းသွားတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ လွတ်မြောက်မှုလို့ ဆိုလိုတာပေါ့နော်။

အဲဒီတော့ တောဒေယျက မြတ်စွာဘုရားကို ဆက်မေးပြန် တယ်-

**နိရာသသော သော ဥဒ အာသသာနော,**
**ပညာဏဝါ သော ဥဒ ပညကပ္ပီ၊**
**မုနိံ အဟံ သက္က ယထာ ဝိဇညံ,**
**တံ မေ ဝိယာ'စိက္ခ သမန္တစက္ခု။**

အရာခပ်သိမ်းကိုမြင်နိုင်တဲ့ အရှင်ဘုရားကို လျှောက်ထား ပါရစေ၊ သူ့ကို ဖြေရှင်းပေးပါဦးတဲ့၊ အဲဒီ လွတ်မြောက်သွားတဲ့

https://dhammadownload.com



ပုဂ္ဂိုလ်ဟာ တွယ်တာမှုမရှိပေမယ့်လို့ သူ့မှာ တောင့်တမှုလေး တော့ ရှိသေးသလားတဲ့။ သူမေးတာ တွယ်တာတာနဲ့ တောင့်တ တာကိုနော်၊ သူက တွယ်တာမှုဆိုတဲ့တဏှာတော့ သူ့မှာ မရှိ တော့ဘူး၊ သို့သော် သူက ဖြစ်ချင်တာလေးတွေတော့ တောင့်တမှု တွေ ရှိသလား၊ ဘာဖြစ်ချင်တယ် ညာဖြစ်ချင်တယ် ဆိုတာပေါ့၊ တဏှာဆိုတဲ့ တွယ်တာမှု မရှိပေမယ့် ဖြစ်ချင်တာလေးတော့ သူ့မှာ ရှိသေးသလားတဲ့၊ သူဟာ တကယ့်ကို ခွဲခွဲခြားခြား သိတတ် တဲ့ပညာရှိတယ်၊ အဲဒီလို ပညာရှိတဲ့ပုဂ္ဂိုလ်လား (သို့မဟုတ်) သူ လက်တွေ့ကျင့်သုံးထားတဲ့ ဈာန်အဘိညာဉ်နဲ့ စိတ်ကူးထဲမှာ ပေါ်လာတာကို ပြောတာလား (သို့မဟုတ်) သမာပတ်ဝင်စားလို့ သိလာတဲ့အသိနဲ့ ပြောတာလား။

**ကပ္ပ**လို့ဆိုတဲ့နေရာမှာ နှစ်ခုရှိတယ်၊ **တဏှာကပ္ပ၊ ဒိဋ္ဌိကပ္ပ** လို့ တဏှာနဲ့အတွေး၊ ဒိဋ္ဌိအတွေး၊ ကိုယ်သိထားတဲ့အသိကို အခြေခံပြီးတော့ တဏှာအတွေးလည်း တွေးတတ်သေးတယ် နော်၊ ဒိဋ္ဌိအတွေးကလည်း တွေးတတ်သေးတယ်၊ အဆင့်မြင့်တဲ့ မိစ္ဆာဝါဒတွေက ဈာန်ရတဲ့ပုဂ္ဂိုလ်တွေမှာ ဖြစ်တတ်တယ်ပေါ့၊ သာမန်ပုဂ္ဂိုလ်တွေမှာ အဲဒီအတွေးမရှိဘူး၊ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေမှာ သွားပြီးဖြစ်တတ်တယ်၊ ဒါကြောင့်မို့ **ဗြဟ္မဇာလ** သုတ်ကို ဖတ်ကြည့်မယ်ဆိုရင် "အတ္တဟာ မြဲတယ်၊ အတ္တဟာ တစ်ချို့ မြဲတယ်၊ တစ်ချို့ မမြဲဘူးဆိုတဲ့ ဒီလို ဟောကိန်းထုတ်ပြီးတော့ မိစ္ဆာအယူဝါဒကို ယူသွားတဲ့ပုဂ္ဂိုလ်က သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဈာန်ရထားတဲ့ပုဂ္ဂိုလ်တွေပဲ။"

https://dhammadownload.com



ဥပမာတစ်ခု ပြောပြမယ်၊ ကမ္ဘာကြီး ပျက်စီးသွားပြီးတော့ ပြန်လည်တည်,လာတဲ့အခါမှာ သက်တမ်းစေ့တဲ့ ဗြဟ္မာတစ်ဦး ဟာ ပထမဈာန်ဗြဟ္မာ့ဘုံကို သူက အရင်ဆုံး ရောက်လာတယ်၊ ဘုန်းတန်ခိုးလည်း ကြီးတယ်၊ စွမ်းရည်သတ္တိလည်း ရှိတယ်၊ သူ တစ်ဦးတည်း ရောက်လာတယ်၊ နှစ်ပေါင်းများစွာ ကမ္ဘာပေါင်း များစွာ ကြာအောင်နေတယ်၊ လူ,လူ နတ်,နတ် သတ္တဝါတွေရဲ့ စရိုက်ဟာ တစ်ယောက်တည်းဆိုရင် ပျင်းတယ်၊ ဒါ ဟုတ်တယ် နော်၊ တစ်ယောက်တည်းဆိုရင်ပျင်းတယ်၊ (ကိုယ့်ဟာကိုယ်လည်း မေးကြည့်ပေါ့၊ တစ်ယောက်တည်းနေရင် ပျင်းသလားလို့) တစ်ယောက်တည်း နေချင်တဲ့အခါတော့ ရှိတယ်၊ ဒါပေမယ့် အတွေးလေးနဲ့ နေတာနော်၊ ဒါတောင် တစ်ယောက်တည်း မဟုတ်ဘူး၊ သူကြိုက်တဲ့အတွေးလေးနဲ့နေတာ။

နိုင်ငံခြားတွေမှာဆိုရင် အော်ပြောတတ်တယ်လေ၊ “leave me alone- ငါတစ်ယောက်တည်း နေပါရစေ”၊ ကြာတော့ ဘာဖြစ်လာတုန်းဆိုရင် lonely ဖြစ်လာတယ်၊ depression တွေ ဖြစ်လာတယ်၊ စိတ်ဓာတ်တွေကျလာတယ်၊ တစ်ယောက်တည်း နေတော့ ကယောင်ချောက်ချားတွေ ဖြစ်လာတယ်၊ ဟိုဖုန်းဆက် ဒီဖုန်းဆက်တွေ လုပ်လာတယ်၊ ဖုန်းမရှိရင်တော့ ဆက်စရာ မရှိဘူးပေါ့နော်၊ အဲဒီလို leave me alone လို့ အော်တဲ့သူကလည်း နောက်ကျတော့ lonely ဖြစ်လာတယ်။

အဲဒါလိုပဲ ဒီဗြဟ္မာကြီးကလည်း lonely ဖြစ်လာတယ်၊ တစ်ယောက်တည်းနေရတာ မပျော်သလို စိတ်ထဲဖြစ်လာတယ်၊

https://dhammadownload.com



နောက်တစ်ယောက် ရောက်လာရင် ကောင်းမှာပဲလို့ သူ့စိတ်ထဲ တွေးမိသတဲ့၊ အဲဒီလိုလဲ တွေးမိလိုက်ရော "ထန်းသီးကြွေခိုက် ကျီးပျံခိုက်" သို့မဟုတ် "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"၊ မြန်မာစကားမှာ အဲဒီလိုသုံးတယ်၊ ပါဠိလို **"ကာကတာလိယ"**လို့ ခေါ်တယ်၊ **"ကာက"** ဆိုတာ ကျီး၊ **"တာလ"** ဆိုတာ ထန်းသီး၊ အဲဒါနဲ့ဆက်စပ်ပြီးတော့ ပြောကြတာ၊ အများက "ထန်းသီး ကြွေခိုက် ကျီးနင်းခိုက်"လို့ သုံးတယ်၊ အဲဒီအဓိပ္ပါယ်က ဘာတုန်း ဆိုရင် ထန်းသီးကကြွေ ကျီးကနင်းလိုက်၊ ဒီလို ကျီးကနားလိုက် တာနဲ့ ထန်းသီးကကြွေသွားတာ ဆိုမိသွားတယ်၊ ဒီ အဓိပ္ပါယ်ကို ပြောတာ။

တကယ့်မူရင်းက အဲဒီအဓိပ္ပါယ် မဟုတ်ဘူး၊ "ထန်းသီး ကြွေခိုက် ကျီးပျံခိုက်" တဲ့၊ ကျီးက ထန်းသီးအောက် ဖြတ်အပျံ အပေါ်က ထန်းသီးကြွေကျလို့ ကျီးသေတာကို ပြောတာတဲ့၊ accident ကို ပြောတာ၊ အဲဒါ "ကာကတာလိယ"လို့ ခေါ်တယ်၊ "ထန်းသီးကြွေခိုက် ကျီးပျံခိုက်" ဒီလိုသုံးမှ မှန်တယ်ပေါ့၊ "ထန်းသီး ကြွေခိုက် ကျီးနင်းခိုက်" ဆိုတာ မူရင်းမဟုတ်ဘူး၊ အဲဒါလိုပဲ သူက မတော်တဆပေါ့၊ မတော်တဆ ဆိုသွားတဲ့ အဓိပ္ပါယ်မျိုးကို ပြောတာ၊ accidental ပေါ့။

သူက အဲဒီလိုတွေးတဲ့အချိန်မှာ ဗြဟ္မာတစ်ယောက်က ဘွားကနဲဆို ဗြဟ္မာ့ပြည် ရောက်လာတယ်၊ သူ့ဆန္ဒအတိုင်း ဖြစ်လာတော့ သူကဘယ်လိုတွေးလဲဆိုတော့ "ဟ . . ငါတွေးတဲ့ အတိုင်း ရောက်လာတာပဲ"၊ ခုခေတ်လူတွေလည်း ရှိတာပဲ၊

https://dhammadownload.com



တစ်ခုခုလုပ်လို့ တစ်ခုခုအောင်မြင်သွားရင် ဒါကြောင့်ဖြစ်တာလို့ ဒီလိုထင်တာပဲ၊ အမှန်ကတော့ တခြားအကြောင်းတွေလည်း ရှိနိုင်သေးတယ်ပေါ့၊ တစ်ခါတလေ တိုက်ဆိုင်သွားတာလေး တွေပေါ့၊ ရမ်းပြောလိုက်တဲ့ နံပါတ်ကလေး ပြောလိုက်တာ ထီပေါက်သွားတာ၊ 'ဟ နှစ်လုံးထီ နံပါတ်ပေးတာ မှန်တယ်'ဆိုပြီး လာကြတာနော်၊ အဲဒီလို တိုက်ဆိုင်မှုဆိုတာ ဖြစ်တတ်ပါတယ်။

ဗြဟ္မာကြီးကလည်း ဒီလိုတိုက်ဆိုင်မှု ဖြစ်သွားတော့ သူ့စိတ်ထဲမှာ ဘယ်လိုပေါ်သွားတုန်းဆိုတော့ "ငါတွေးလိုက်တဲ့အချိန် ရောက်လာတာ ဒါ ငါဖန်ဆင်းတာပဲ"လို့ ဖန်ဆင်းတဲ့ဝါဒ သူ့စိတ်ထဲ ရောက်သွားတယ်၊ နောက်မှမွေးလာတဲ့ ဗြဟ္မာကလည်း "ဟ . . ငါမမွေးခင် ဒီဗြဟ္မာကြီး ရှိနေပါလား"၊ ကိုယ့်ထက်အရင် ရောက်တဲ့သူကို သူကလည်း လေးစားတာပေါ့လေ၊ သူ့ထက် နှစ်ပေါင်းများစွာက အစောကြီးကရောက်နေတဲ့ ဗြဟ္မာကြီးကို လေးစားပြီး "သူက ငါ့ကိုဖန်ဆင်းလို့၊ သူက ငါ့ကိုခေါ်လို့ ငါ ရောက်လာတာနေမှာ" လို့ အတွေးလေးနဲ့ သူကလည်း ယုံကြည်တယ်၊ ဟိုကလည်း "ငါ ဖန်ဆင်းတယ်"လို့ ထင်တယ်။ နောက်မှဖြစ်တဲ့ ဗြဟ္မာကလည်း သူဖန်ဆင်းလို့ ငါဖြစ်ခဲ့ရတာလို့ စိတ်ထဲမှာ ထင်သွားတယ်၊ သူ့ကံအားလျော်စွာ သက်တမ်းမစေ့ခင် သေသွားပြီးတော့ လူ့ပြည်သွားဖြစ်ပြန်တယ်၊ လူ့ပြည်ရောက်တဲ့ အခါကျတော့ သူက တောထွက်ပြီးတော့ သမထကျင့်စဉ်တစ်ခု ကျင့်တယ်။ ပုဗ္ဗေနိဝါသတို့, ဒိဗ္ဗစက္ခုတို့ဆိုတဲ့ အဘိညာဉ်တွေရတယ်၊ သူ ဘယ်ဘဝကလာတာ ဆိုတာကို ပြန်ပြီးအောက်မေ့နိုင်တဲ့

https://dhammadownload.com



ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုရတယ်၊ ဗြဟ္မာ့ပြည်မှာ သူနဲ့ တွေ့ခဲ့တဲ့ ဗြဟ္မာကြီးက ဟိုမှာ အခန့်သားရှိနေတုန်း၊ သူက နောက်မှမွေးပြီး အရင်သေလာတာနော်၊ သူ့ကို ဖန်ဆင်းတယ်လို့ သူယူဆတဲ့ ဗြဟ္မာက ဟိုမှာရှိတုန်း၊ သူ့ထက်အသက်ရှည်တယ်။

ဒီတော့ သူ့အတွေးထဲမှာ ဘာဝင်လာတုန်းဆိုတော့ ဗြဟ္မာကြီးက နိစ္စထာဝရ၊ ငါတို့ကတော့ နိစ္စထာဝရ မဟုတ်ဘူး ဆိုပြီးတော့ 'ဗြဟ္မာကြီးကို နိစ္စ' လို့ သဿတဆိုတဲ့ မြဲတယ်ဆိုတဲ့ အယူဝါဒတစ်ခုကို လှည့်ပြောတော့တာပဲ၊ ဗြဟ္မာကြီးက သက်တမ်းကို ဘယ်လောက်ကြာအောင်နေမှန်းမသိဘူး၊ သူက မသေဘူး၊ ငါတို့က သေလာတယ်၊ ငါတို့က **အသဿတ** - မမြဲဘူး၊ ဗြဟ္မာကြီးက မြဲတယ်။ **ဧကစ္စ သဿတ** - တချို့မြဲတယ်၊ တချို့မမြဲဆိုတဲ့ အယူဝါဒကို လူ့ပြည်မှာ ပြောဟောလာတယ်ပေါ့။ ဒီလိုဆိုလိုတာ။ မိစ္ဆာဝါဒတွေပေါ်လာတယ်ဆိုတာ အဲဒါမျိုးတွေနဲ့ ပေါ်လာတာနော်။

သာမန် ခုနက "ပုဗ္ဗေနိဝါသာနုဿတိ" တို့လောက်၊ ဒီ ပုဗ္ဗေနိဝါသာနုဿတိ ဆိုတာကလည်းပဲ ဗုဒ္ဓသာသနာမှာသာ သူက အကန့်အသတ်မရှိအောင် ကြည့်နိုင်တဲ့ပုဂ္ဂိုလ်, တော်တော် ရှည်ရှည်ကြာကြာ လှမ်းမြင်နိုင်တဲ့ပုဂ္ဂိုလ်ရှိတာ၊ တခြားဘာသာ တွေမှာကျင့်တဲ့, ဘုရားသာသနာနဲ့မတွေ့ခင်ကျင့်တဲ့ ပုဗ္ဗေနိဝါသာ-နုဿတိဆိုတာ ကမ္ဘာလေးဆယ် ဟိုဘက်ကျော်ပြီး မသိနိုင်ဘူးတဲ့၊ ဘာဖြစ်လို့တုန်းဆိုတော့ သူတို့ရဲ့ပညာအစွမ်းက အဲဒီလောက် ထိအောင် မမှီဘူးတဲ့၊ အကန့်အသတ် ရှိတယ်ပေါ့။

https://dhammadownload.com



ကဲ- ဘုန်းကြီးတို့တတွေ ကိုယ့်ဟာကိုယ် အကန့်အသတ် ရှိတယ်ဆိုတာ ကြည့်ရအောင်၊ ဘုန်းကြီးတို့ မျက်စေ့နဲ့ကြည့်ရင် ဘယ်လောက်အထိ မြင်ရလဲ၊ လူသားတွေ မျက်စေ့နဲ့ ကြည့်မယ် ဆိုရင် အကန့်အသတ်ရှိတယ် မဟုတ်လား။ ဘယ်နေရာ လှမ်း ကြည့်ကြည့် မိုးကုတ်စက်ဝိုင်းကြီးပဲ မြင်နေတာ မဟုတ်လား၊ ဟိုဘက်ကို ကြည့်လို့ရရဲ့လား၊ မရဘူး။ အဲဒါ ကန့်သတ်ထားတာ ခေါ်တယ်။ သို့သော် အဲဒီနေရာသွားကြည့်၊ မိုးကုတ်စက်ဝိုင်း မဟုတ်ဘူး၊ အဲဒါ အနန္တအာကာသကြီးပဲ၊ ကိုယ်မြင်တာ ခုံးခုံးကြီး၊ ဒယ်အိုးကြီး မှောက်ထားသလို မြင်နေရတယ်၊ တကယ်ကတော့ အဲဒါ အဆုံးမဟုတ်ဘူး၊ သို့သော် ကိုယ်မြင်နေတာ အဆုံးခုံးခုံး ကြီးပဲမြင်နေရတယ်၊ ဒါ မျက်စေ့ရဲ့အကန့်အသတ်က ဒီလောက်ပဲ ရှိတယ်။

အဲဒါလိုပဲ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဆိုတာ သူတို့မှာ လည်း အကန့်အသတ်ရှိတယ်၊ ဘဝပေါင်း ဘယ်လောက်ပဲ မြင်နိုင်တယ်ဆိုတာ၊ ဘာဖြစ်လို့တုန်းဆိုတော့ နာမရူပပရိစ္ဆေဒ ဉာဏ် မရှိလို့ သူတို့ရဲ့အသိဉာဏ်က အားပျော့တယ်လို့ ဒီလို ဆိုလိုတာ။

မြတ်စွာဘုရားရဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကတော့ အကန့်အသတ် မရှိဘူး၊ အကန့်အသတ်မရှိရုံတင် မကဘူး, စုတိပဋိသန္ဓေခေါင်းစီးနဲ့ ကြည့်စရာမလိုဘူး။ ရဟန္တာပုဂ္ဂိုလ်တွေ ကျတော့ စုတိပဋိသန္ဓေဆိုတဲ့ သေတဲ့စိတ်နဲ့ မွေးတဲ့စိတ် ဒီနှစ်ခု ပေါ်မှာ လျှောက်ပြီး ကြည့်ရတာတဲ့၊ သူက ပဋိသန္ဓေမြင်လို့ရှိရင်

https://dhammadownload.com



စုတိမြင်တယ်၊ စုတိမြင်ရင် ဟိုဘက်ကပဋိသန္ဓေမြင်တယ်၊ အဲဒီလို နည်းနဲ့ ကြည့်တာတဲ့။ စုတိ၊ ပဋိသန္ဓေဆိုတဲ့ ခေါင်းကလေးတွေ ဦးတည်ထားပြီးတော့ အဲဒီပေါ်က လျှောက်ပြီးတော့ ကြည့်ရ တာတဲ့၊ ရဟန္တာပုဂ္ဂိုလ်တွေလည်းပဲ အဲဒီလိုပဲ ကြည့်နိုင်တယ်တဲ့။

မြတ်စွာဘုရားကတော့ အဲဒီလို မဟုတ်ဘူး၊ ကြည့်ချင်တဲ့ နေရာ ကမ္ဘာပေါင်းဘယ်လောက်ဖြစ်ဖြစ် ကျော်ပြီးတော့ ကြည့်လို့ ရတယ်၊ ဖျတ်ကနဲခုန်ကျော်ပြီးတော့ ကြည့်လို့ရတယ်၊ စွမ်းရည် သတ္တိချင်း မတူဘူးလို့ ဆိုလိုတာ၊ ပုဗ္ဗေနိဝါသချင်း တူပေမယ့် စွမ်းရည်သတ္တိ မတူဘူး။

တချို့ ရဟန္တာတွေမှာ တော်တော် ထက်ထက်မြက်မြက် **မဟာဘိညပတ္တ**ဆိုတဲ့ အရည်အချင်းရှိတဲ့ ရဟန္တာတွေကျတော့ မြင်ရတယ်၊ သို့သော် တစ်ခါတစ်ခါ မိစ္ဆာအယူဝါဒတစ်ခု ပေါ်လာတာ ရှိသေးတယ်၊ ကိုယ့်ဘဝကိုယ် နောက်ကြောင်း ပြန်ကြည့်လိုက်တဲ့အခါမှာ ခုနက စုတိပဋိသန္ဓေ စိတ်ကလေး တွေနဲ့ ဦးတည်ပြီးသွားတဲ့အခါ စိတ်အစဉ် ပြတ်တောက်သွားတဲ့ နေရာကို သွားတွေ့တယ်၊ ဟိုဘက်ကို သူကြည့်လို့မရတော့ဘူး၊ မရတော့ ဘယ်လိုအယူအဆ ဖြစ်တုန်းဆိုတော့ "ငါ့ဘဝ အဲဒီက မှစခဲ့တာ၊ ဒီ့အရင်က ငါမရှိသေးဘူး" ဆိုတဲ့အတွေး ဝင်လာ တယ်။

မြတ်စွာဘုရားရဲ့အဆုံးအမကို နာမိတဲ့ သိတဲ့ပုဂ္ဂိုလ်ကျလို့ ရှိရင် အဲဒီပြတ်တောက်သွားတဲ့ အချိန်လေးဟာ ဒါ အသညသတ်

https://dhammadownload.com



ဘုံမှာဖြစ်တာဆိုတာကိုသဘောပေါက်တယ်၊ အဲဒါကို ကျော်လိုက်လို့ရှိရင် ဟိုဘက် စုတိပဋိသန္ဓေကို သွားတွေ့နိုင်သေးတယ်၊ ကြားမှာ ကွက်လပ်ကြီးကို သွားတွေ့တာ၊ အဲဒီ ကွက်လပ်ကြီးကို ကျော်ပြီး သူတို့မကြည့်နိုင်ဘူးတဲ့၊ ဘာလို့ဆို အဲဒီကွက်လပ်ကြီးက သိပ်ကြီးလွန်းအားကြီးတာ၊ gap က ကြီးလွန်းအားကြီးတော့ ဟိုဘက်ကိုကျော်ပြီး မကြည့်နိုင်တော့ဘူး။ အဲဒီမှာလည်း မိစ္ဆာအယူဝါဒ ဖြစ်သွားတာပဲ။

**"ပညာကပ္ပိ"** ဆိုတာ တဏှာအတွေးတွေ၊ ဒိဋ္ဌိအတွေးတွေဟာ သမာပတ်ပညာနဲ့ဆိုရင် အဲဒီအတွေးတွေ ရရှိစေနိုင်တယ်တဲ့။ တဏှာအတွေး၊ ဒိဋ္ဌိအတွေးကို ရရှိစေနိုင်တယ်၊ ဝိပဿနာဉာဏ်နဲ့မှ အဲဒီအတွေးတွေကို ဖျောက်နိုင်တယ်တဲ့နော်၊ အဲဒီအတွေးတွေကို ဖျောက်ပြီးတော့ တကယ့် မုနိအစစ်ဆိုတာဟာ ဘယ်လိုဟာလဲလို့ မြတ်စွာဘုရားကို မေးတာ။

မြတ်စွာဘုရားက မိန့်ကြားတယ်။ **"နိရာသသော သောန စ အာသသာနော"** တဏှာမရှိဘူးဆိုရင် မတောင့်တတော့ဘူးတဲ့၊ တဏှာရှိလို့ တောင့်တတာတဲ့၊ တဏှာကင်းတဲ့ပုဂ္ဂိုလ်သည် တောင့်တမှုမရှိတော့ဘူး၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိထားတဲ့ ပညာရှိပုဂ္ဂိုလ်ဟာလည်း ခုနက သမာပတ္တိဉာဏ်နဲ့မှားယွင်းတဲ့အတွေးတွေ တဏှာတွေ၊ ဒိဋ္ဌိတွေးတွေကို မတွေးတော့ဘူးတဲ့။ အဲဒီလိုမတွေးဘဲ မှန်မှန်ကန်ကန်သိတဲ့ တကယ့်မုနိဟာ ဘာကိုမှ ကြောင့်ကြမှု မရှိတော့ဘဲနဲ့ ဘဝပေါ်မှာ

https://dhammadownload.com



တပ်မက်မှု ကင်းသွားပါတယ်လို့ မြတ်စွာဘုရားက ရဟန္တာရဲ့ ဘဝကို ရှင်းလင်းပြီးတော့ ဟောကြားခဲ့တာ၊ အဲဒါ တောဒေယျကို ရှင်းပြတဲ့စကားပဲပေါ့။

## ကပ္ပ၏အမေးကို ဖြေဆိုခြင်း

အဲဒီတော့ ဆယ်ယောက်မြောက်ဖြစ်တဲ့ ကပ္ပရဲ့အမေးကို ဖြေဆိုတယ်။ သူက ဘာမေးတုန်းဆိုတော့-

**မဇ္ဈေ သရသ္မိံ တိဋ္ဌတံ, ဩဃေ ဇာတေ မဟဗ္ဘယေ။**

ပင်လယ်ကြီးရဲ့ အလယ်မှာ ရောက်ရှိနေတဲ့ အချိန်မှာ ဒီလှိုင်းကြီးတွေ တက်လာပြီ၊ ဘေးရန်တွေနဲ့ ကြုံလာပြီ၊ အဲဒီလို ဘေးရန်ကြီးတွေနဲ့ ကြုံလာပြီဆိုရင် ...

သူပြောတဲ့ "ဒီလှိုင်း" ဆိုတာ တင်စားတဲ့ စကားနော်၊ ပင်လယ်ကြီးဆိုတာလည်း သံသရာကိုပြောတာ၊ ဘုန်းကြီးတို့ တတွေဟာ ခု သံသရာကြီးထဲမှာ ရောက်နေကြတာ၊ သံသရာဆိုတဲ့ ပင်လယ်ကြီးထဲ ရောက်နေတာ၊ အဲဒီလို ရောက်နေတဲ့ အခါမှာ ဆူနာမိလို ဒီလှိုင်းကြီးတွေတက်လာပြီ၊ ကြောက်စရာ ဘေးရန်ကြီးတွေ လူကိုဆွဲမြုပ်သွားနိုင်လောက်အောင် ပြင်းထန်တဲ့ လှိုင်းလုံးကြီးတွေ ရောက်လာပြီ၊ ဘာလှိုင်းလုံးကြီးတွေတုန်း **ဇရာ မစ္စုပရေတာနံ၊ ဒီပံ ပဗြူဟိ မာရိသ-** အိုခြင်းဆိုတဲ့ လှိုင်းလုံးကြီး၊ သေခြင်းဆိုတဲ့ လှိုင်းလုံးကြီး မရောက်ဘူးလား၊ ရောက်တာပေါ့၊ လှိုင်းလုံးတွေနဲ့ မြုပ်ကုန်တာလေ၊ အဲဒီအခါမှာ

https://dhammadownload.com



တဲ့၊ အဲဒီလှိုင်းလုံးအောက် မြုပ်မသွားနိုင်တဲ့ ကျွန်းဆိုတာမျိုး လုပ်လို့ရမလားတဲ့၊ ပင်လယ်ထဲမှာ လှိုင်းလုံးကြီးတွေ မလွှမ်းမိုး နိုင်တဲ့ တည်ရာမြေရာ အခိုင်အမာကျွန်းကြီးကို သူသိချင်ပါတယ် တဲ့။

ဆိုလိုတာက သံသရာဆိုတဲ့ ဘုံဘဝထဲမှာ ကြုံနေရတဲ့ အခါမှာ အိုခြင်း နာခြင်း လှိုင်းလုံးတွေနဲ့ လွှမ်းမိုးလာပြီဆိုရင် အိုခြင်း နာခြင်းတွေထဲမှာ မြုပ်မသွားအောင် အားကိုးစရာတရား ရနိုင်ပါ့မလားလို့ ဒီလိုပြောလိုတာပေါ့နော်။ "အဲဒီ အားကိုးစရာ ကျွန်းကို တပည့်တော်ကို ဟောစမ်းပါတဲ့၊ တပည့်တော်ကို ထောက်ပြစမ်းပါတဲ့"

မြတ်စွာဘုရားကလည်း ခဏခဏ ဟောတယ်လေ-

**အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။**

မိမိကိုယ်သည်သာလျှင် မိမိကိုယ်ရဲ့ ရပ်တည်ရာကျွန်း ဖြစ်တယ်၊ တခြားလူတွေဟာ ကိုယ့်ရဲ့ ရပ်တည်ရာကျွန်း မဟုတ် ဘူး၊ မိမိကိုယ်ဆိုတာ ဘာပြောတာတုန်းဆိုရင် **"ဓမ္မဒီပါ ဓမ္မသရဏာ"** တရားသာလျှင် တကယ့်ကျွန်းပဲ၊ သံသရာထဲမှာ သွားလို့ရှိရင် တရားပဲအားကိုးစရာရှိတယ်၊ တခြားအားကိုးစရာ မရှိဘူး။

အနောက်တိုင်းက လူတချို့က **အတ္တဒီပါ** ဆိုတဲ့ စကားလုံး ကို ဘယ်လိုအဓိပ္ပါယ်ပြန်တုန်းဆိုရင် **'ဒီပ'** ကို 'ဆီမီး'၊ **'အတ္တ'** ကို 'အတ္တ' လို့ဆိုတဲ့, **'အနတ္တ'** နဲ့ ဆန့်ကျင်ဘက် 'အတ္တ' ကို

https://dhammadownload.com



ယူပြီးတော့ မှားမှားယွင်းယွင်းတွေ သူတို့ကြိုက်တာတွေ လျှောက်ပြန်တယ်။ မြတ်စွာဘုရား ဟောလိုရင်းက အဲဒါ မဟုတ်ဘူးနော်၊ 'အတ္တ' ဆိုတဲ့ စကားလုံးဟာ ကိုယ့်ကိုယ်ကိုဆိုတဲ့ reflexive နာမ်စားကို ပြောတာ။

အဲဒီတော့ အတ္တဆိုတာ နှစ်မျိုးရှိတယ်၊ ကိုယ့်ကိုယ်ကို ရည်ညွှန်းတဲ့ နာမ်စားအနေနဲ့သုံးတာ ရှိတယ်၊ အတွေးအခေါ် မိစ္ဆာဝါဒပိုင်းဆိုင်ရာသုံးတဲ့ အတ္တဆိုတာ ရှိတယ်၊ အဲဒါ ၂-ခုကို ကွဲကွဲပြားပြားသိဖို့လိုတယ်ပေါ့။ များသောအားဖြင့် မြတ်စွာဘုရားက **"အတ္တာဟိ အတ္တနော နာထောကော ဟိ နာထော ပရော သိယာ"** "ကိုယ့်ကိုယ်ကိုသာလျှင် ကိုးကွယ်ရာ"လို့ ဆိုတာဟာ အတွေးအခေါ် ပိုင်းဆိုင်ရာ အတ္တကို ရည်ညွှန်းတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို အားကိုးကြ၊ အခုလည်း ပြောတာပဲ၊ "ကိုယ်ထူကိုယ်ထ၊ ကိုယ့်အား ကိုယ်ကိုး" ဆိုတာ မရှိဘူးလား၊ အဲဒါကို ဆိုလိုတာ၊ အဲဒီ ကိုယ့်အားကိုယ်ကိုးဆိုတာ ဘာကို အားကိုးမှာလဲဆိုရင် ဓမ္မဒီပါ - တရားကို အားကိုးလို့ ဒီလိုပြောတာ။

အဲဒီတော့ **ဒီပ** ဆိုတာလည်း ကျွန်းလို့ ပြောတာ၊ ဒီပဆိုတဲ့ စကားလုံးက ဆီမီးလို့လည်း တစ်ချို့နေရာတွေမှာ သုံးတာရှိတော့ အဲဒါနဲ့ ယောင်မှားပြီးတော့ **အတ္တဒီပါ** – အတ္တတည်းဟူသော ဆီမီးတဲ့၊ ဒီလို ဘာသာပြန်ကြတာတွေလည်း ရှိတယ်ပေါ့နော်၊ အဲဒီဘာသာပြန်မှုတွေကတော့ မှန်ကန်မှုမရှိတဲ့ ဘာသာပြန်မှုတွေပဲ။

https://dhammadownload.com



အဲဒီမှာ **ဒီပ**ဆိုတာ သံသရာထဲမှာ ရပ်တည်ဖို့ တကယ့် ခိုင်မာတဲ့ကျွန်းကြီး ဘယ်လိုတည်ဆောက်ရမလဲမေးတာ၊ မေးတော့ မြတ်စွာဘုရားက ဖြေတယ်-

**"အကိဉ္စနံ အနာဒါနံ, ဧတံ ဒီပံ အနာပရံ"**၊ အားကိုး စရာ ကျွန်းဆိုတာ **အကိဉ္စန** တဲ့၊ မင်းမှာ ကြောင့်ကြပူပန်စေတတ် တဲ့ ကိလေသာတွေ မရှိရဘူးတဲ့၊ ပူပန်စေတတ်တဲ့ ကိလေသာ တွေ၊ **ကိဉ္စန**ဆိုတာ လူတွေမှာ ကြောင့်ကြမှုကိုဖြစ်စေပြီး စိတ်ကို ပူပန်စေတတ်တဲ့ အရာတွေဖြစ်တယ်၊ ရာဂ ဒေါသ မောဟ ကိလေသာ၊ ဒုစ္စရိုက်တွေ စိတ်ရဲ့အညစ်အကြေးတွေ အဲဒါတွေ ဟာ ကိဉ္စနတွေပဲ၊ အဲဒီ ကိဉ္စနဆိုတဲ့ ကြောင့်ကြမှု ဒုက္ခပေးတတ် တဲ့တရားတွေ မရှိဘူး၊ **'အနာဒါန'** အာရုံတွေပေါ်မှာ စွဲပိုက် ထားတဲ့ တဏှာဆိုတာ မရှိဘူးဆိုရင် အဲဒါဟာ ကျွန်းပဲတဲ့၊ မင်း အားကိုးရမယ့်ကျွန်းပဲ။

ဟုတ်တယ်၊ ဘုန်းကြီးတို့တွေ သေငယ်ဇောနဲ့မျောနေတဲ့ အချိန်မှာ တစ်ခုခုကိုတွယ်ရင် အဲဒီကို ရောက်သွားမှာပဲ၊ မတွယ် တော့ဘူး၊ ကိလေသာတွေငြိမ်းပြီ၊ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ ဘယ်မှမတွယ်တော့ဘူး၊ မတွယ်တော့သည့် အတွက်ကြောင့် သူတို့ရဲ့ဘဝဟာ လွတ်မြောက်သွားပြီလေ၊ ပုထုဇဉ်တွေကျတော့ တစ်ခုတစ်ခု သွားသွားတွယ်လိုက်တယ်၊ တွယ်လိုက်သည့် အတွက်ကြောင့် သူက တွယ်တဲ့ဘုံ ရောက်သွားပြန်ရော၊ အဲဒါ ဒီပ မဟုတ်ဘူး၊ မျောပြန်တာပဲပေါ့၊ ဇာတိ ဇရာ မရဏ လို့ဆိုတဲ့

https://dhammadownload.com



သံသရာကြီးထဲမှာ မျောသွားတာ၊ ဒီပက လွတ်သွားတာ၊ ဒီပ မတွေ့ဘူးပေါ့၊ ပင်လယ်ထဲ မျောပါသွားတာပဲ၊ အာရုံပေါ်မှာ တွယ်တာလိုက်တာနဲ့ မျောပါသွားတယ်၊ ကိလေသာတွေ ရှိတာနဲ့ မျောပါသွားတယ်၊ ရပ်တည်ခွင့် မရှိနိုင်ဘူးတဲ့။

ရဟန္တာပုဂ္ဂိုလ်ကျတော့**"အကိဉ္စနံ အနာဒါနံ"** ကိလေသာတွေ မရှိဘူး၊ **အာဒါန** ဆိုတဲ့ သိမ်းပိုက်ထားတဲ့တဏှာ မရှိတော့ဘူး၊ အဲဒါဟာ ကျွန်းပဲတဲ့၊ တခြားကျွန်း မရှိဘူးတဲ့၊ **နိဗ္ဗာနံ ဣတိ နံ ဗြူမိ၊ ဇရာမစ္စု ပရိက္ခယံ** အဲဒီကျွန်းဆိုတာ နိဗ္ဗာန်ကိုပဲ ပြောတာပါတဲ့၊ နိဗ္ဗာန်ဆိုတဲ့ကျွန်းဟာ အိုခြင်း နာခြင်း သေခြင်းတွေရဲ့ အဆုံးသတ်ရာဖြစ်လို့ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒီသဘာဝတရားတွေရဲ့ လွှမ်းမိုးမှုကို မခံရတဲ့ နေရာဖြစ်တယ်။ မြတ်စွာဘုရားက ဒီလို ရှင်းပြလိုက်တယ်၊ ကပ္ပရဲ့ ဒီပဆိုတဲ့အမေးနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဒီလိုရှင်းပြတယ်။

အဲဒီလို ရှင်းပြလိုက်တဲ့အခါမှာ သူကိုယ်တိုင်ဟာလည်းပဲ မြတ်စွာဘုရားဟောကြားထားတဲ့ ဒီပဆိုတာကို သဘောကျပြီးတော့ နိဗ္ဗာန်ကိုရစေနိုင်တဲ့ အကိဉ္စနဖြစ်အောင်၊ ကိဉ္စနဆိုတဲ့ ကိလေသာတွေကို ဖယ်ရှားဖို့ အာဒါနဆိုတဲ့ စွဲပိုက်ထားတဲ့ တဏှာကို ဖယ်ရှားဖို့။ ဒါတွေကင်းမှ နိဗ္ဗာန်ဆိုတဲ့ကျွန်းကို တို့တတွေ ရမှာပဲလို့ သူက သဘောကျသွားတယ်။

**တေဒညာယ ယေ သတာ၊**
**ဒိဋ္ဌဓမ္မာ'ဘိနိဗ္ဗုတာ။**

https://dhammadownload.com



**န တေ မာရဝသာနုဂါ,**

**န တေ မာရဿ ပဒ္ဓဂူ။**

မြတ်စွာဘုရား ဟောကြားတဲ့ တရားအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်တာ၊ အားထုတ်တယ်ဆိုတာ တရားနာရင်းသူ နှလုံးသွင်းတာပေါ့နော်၊ အဲဒီလို နှလုံးသွင်းရင်းနဲ့ သူလည်းပဲ တပည့်တွေနဲ့အတူ ကိလေသာအာသဝတွေ ကင်းစင်တဲ့ ရဟန္တာပုဂ္ဂိုလ် အရှင်မြတ် ဖြစ်သွားတယ်။

ဘာဖြစ်လို့ တပည့်တွေက ကိုယ့်ဆရာနဲ့တူကြသလဲ ဆိုလို့ရှိရင် လောကကြီးကိုက ဝါသနာတူရာတွေ စုနေတာကိုး၊ သူသင်ထားတာ သူနားလည်ရင် သူ့တပည့်တွေကလည်း ဒီလိုပဲ နားလည်သွားကြတာပေါ့၊ လူတွေက စုတယ်လေ၊ ဂီတသမားကလည်း ဂီတသမားတွေပဲ၊ အနုပညာဆိုပြီး စုနေကြတာပဲ၊ အတီးသမားတွေကလည်း အတီးသမား၊ အဆိုသမားက အဆိုသမားပေါ့နော်၊ အတီးသမားက အတီးသမားဆိုပြီးတော့ ဝါသနာတူရာပဲ၊ တီးတဲ့လူက ဆိုတာမဟုတ်ဘူး၊ ဆိုတဲ့လူက တီးတာမဟုတ်ဘူး၊ သူ့ဝါသနာနဲ့သူပဲနော်၊ အဲဒီလို ဝါသနာတူရာတွေစုကြတာပဲ၊ လောကကြီးကိုက ဒီအတိုင်းပဲ၊ အခု လာ တရားနာတယ် ဆိုတာလည်း ဝါသနာတူတဲ့လူတွေ လာစုတာပဲပေါ့၊ အေး- ဝါသနာမတူတဲ့လူက ဘယ်လာလိမ့်မလဲ၊ အခုလည်း သူ့တပည့်တွေအားလုံးဟာ သဘောကျပြီးတော့ အားလုံး ရဟန္တာဖြစ်သွားကြတယ်တဲ့၊ ဆယ်ယောက်မြောက် ကပ္ပရဲ့အမေးကို ဖြေတာ။

https://dhammadownload.com



## ဇတုကဏ္ဏိ၏ အမေးကို ဖြေဆိုခြင်း

နောက်တစ်ခါ ဆယ့်တစ်ယောက်မြောက် ဇတုကဏ္ဏိရဲ့ မေးခွန်းကို မြတ်စွာဘုရားက ဖြေတယ်၊ သူက ဘာတွေ မေးသလဲ-

**သုတွာနဟံ ဝီရမကာမကာမိံ,**
**ဩဃာတိဂံ ပုဋ္ဌုမကာမ မာဂမံ။**
**သန္တိပဒံ ဗြူဟိ သဟဇနေတ္တ၊**
**ယထာတစ္ဆံ ဘဂဝါ ဗြူဟိ မေ'တံ။**

**အကာမကာမိံ** ကာမစိတ်တွေကို ကင်းတဲ့ပုဂ္ဂိုလ်၊ ကာမဂုဏ် အာရုံတွေကို မလိုတဲ့ပုဂ္ဂိုလ်၊ ဖယ်ရှားနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ ဂုဏ်နဲ့ ချီးမွမ်းတာ၊ **"ဩဃာတိဂံ"** သံသရာ ဝဲဩဃကြီးကို ကျော်ဖြတ်ပြီးတဲ့ ပုဂ္ဂိုလ်၊ မြတ်စွာဘုရားကို ဒီလိုချီးမွမ်းတယ်၊ ဘုရားကို မေးဖို့အတွက် သူလာတယ်၊ သူ့ကို အမှန်အတိုင်း ပြောပြပေးပါတဲ့၊ ဘာပြောရမတုန်းဆိုရင် "သန္တိပဒ" ဆိုတာ ဘာလဲ၊ တကယ်ငြိမ်းချမ်းတဲ့ သန္တိဆိုတာ ဘယ်ဟာကို ခေါ်တာလဲတဲ့၊ အဲဒါကို ပြောပါတဲ့။

အဲဒီ သန္တိဆိုတဲ့တရားကိုရောက်မှ အိုခြင်း နာခြင်း သေခြင်း ဆိုတာကို ဖယ်ရှားနိုင်မှာ၊ အဲဒီသန္တိဆိုတဲ့ အနေအထားတစ်ခုကို မရောက်ဘူးဆိုရင် အိုခြင်း နာခြင်း သေခြင်းကို မလွန်မြောက်နိုင်သေးဘူးတဲ့။

https://dhammadownload.com



**ပရိတ္တ ပညဿ မေ ဘူရိပည၊**
**အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ**
**ဇာတိ ဇရာယ ဣဓ ဝိပ္ပဟာနံ၊**

အဲဒီ လွန်မြောက်နိုင်အောင် အစွမ်းသတ္တိထက်တော်မူတဲ့ မြတ်စွာဘုရားက သူလို အသိဉာဏ်နည်းပါးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကိုတဲ့ သိအောင် သန္တိဆိုတဲ့အဆင့်ကိုရောက်အောင် ဘာတွေလုပ်ရမလဲ၊ သူ့ကိုပြောပါတဲ့။

မြတ်စွာဘုရားက -

**ကာမေသု ဝိနယ ဂေဓံ နေက္ခမ္မံ ဒဋ္ဌု ခေမတော** တဲ့။

ဒီနေရာမှာ **ကာမ** နဲ့ **နေက္ခမ္မ**၊ **ကာမ**ဆိုတာ နှစ်သက်စရာ အာရုံတွေ၊ လိုချင်စရာ အာရုံတွေကို လိုချင်နေတာ **ကာမ** လို့ ခေါ်တယ်၊ **နေက္ခမ္မ** ဆိုတာ အဲဒီ လိုချင်မှုတွေကို ဖယ်ရှားပစ်လိုက်တာ **နေက္ခမ္မ**၊ လိုချင်မှုတွေက ထွက်ခွာလိုက်တာ၊ လိုချင်မှုဆိုတဲ့ ကာမထဲကနေပြီးတော့ ထွက်ခွာလိုက်တာ၊ ရှောင်လိုက်တာ အဲဒါကို နေက္ခမ္မ။

အဲဒီတော့ **ကာမ** နဲ့ **နေက္ခမ္မ**။ ဒီ ၂-ခုကို စဉ်းစားကြည့်၊ ကာမဂုဏ်အာရုံတွေထဲမှာ နေတာဟာ ဘေးကင်းသလား၊ သို့မဟုတ် ကာမဂုဏ်အာရုံတွေနဲ့ ဝေးဝေးနေတာ ဘေးကင်းသလားဆိုတာ သူစဉ်းစားတယ်ပေါ့နော်။

ဘုန်းကြီးတို့တတွေ ကာမဂုဏ်အာရုံတွေထဲမှာ နေလို့ရှိရင် ဘေးအန္တရာယ်တွေ လာနေတယ်၊ မျက်စေ့ကမြင်တဲ့ နှစ်သက်စရာ အာရုံတွေ၊ နားကကြားရတဲ့ နှစ်သက်စရာ အာရုံတွေ၊

https://dhammadownload.com



အဲဒီနှစ်သက်စရာအာရုံတွေကို နှစ်သက်နေသေးသမျှ ဘေးတွေ တွေ့မယ်၊ အန္တရာယ်တွေ တွေ့မယ်၊ ရန်တွေ တွေ့မယ်၊ သံသရာ ထဲမှာ အိုခြင်း နာခြင်း သေခြင်း ဆိုတာတွေ ဒါတွေကို မရှောင် နိုင်သေးသမျှ ဒီထဲမှာပဲ တဝဲလည်လည် ဖြစ်နေဦးမှာပဲတဲ့။

ကဲ-ကာမဂုဏ်အာရုံတွေကို ရှောင်လိုက်ပြီ၊ သမထကျင့်စဉ် တစ်ခုကို ကျင့်လိုက်တယ်၊ ကာမတွေကို ဖယ်လိုက်ပြီ၊ နောက်ဆုံး မှာ နေက္ခမ္မဆိုတာ အဆင့်ဆင့် ရှိတယ်ပေ့ါ၊ ပထမစျာန်ကိုလည်း နေက္ခမ္မလို့ခေါ်တယ်၊ ဘုန်းကြီးဝတ်လိုက်တာကိုလည်း နေက္ခမ္မလို့ ခေါ်တယ်နော်၊ အဲဒီလို နေက္ခမ္မတွေ အဆင့်ဆင့်၊ နောက်ဆုံးမှာ ဒီ ရုပ်နာမ်ခန္ဓာတွေကနေပြီးတော့ အပြင်ကို ထွက်သွားနိုင်တဲ့ နိဗ္ဗာန်ထိအောင် နေက္ခမ္မလို့ ခေါ်တယ်ပေ့ါ၊ အဲဒီ ရုပ်နာမ်ဓမ္မ သင်္ခါရတွေက သံသရာထဲက ထွက်သွားတဲ့ နေက္ခမ္မလို့ဆိုတဲ့ နိဗ္ဗာန်ကို တကယ့်ကို အန္တရာယ်ကင်းတဲ့နေရာအဖြစ် ရှုမြင်မယ် ဆိုလို့ရှိရင် ဘာလုပ်ရမလဲ၊ ကာမဂုဏ်အာရုံတွေပေါ်မှာ မက်မော တဲ့တဏှာကို ဖယ်ရှားပစ်ဖို့ လိုအပ်တယ်။

ဘုန်းကြီးတို့တတွေဟာ ဘာနဲ့ သံသရာထဲမှာ ပျော်နေကြ တာတုန်းဆို မျက်စေ့ကမြင်ရတဲ့ အာရုံ၊ နားကကြားရတဲ့ အသံ၊ ဒါတွေနဲ့ ပျော်နေတာပဲလေ၊ အဲဒီထဲက ထွက်မှမထွက်နိုင်တာ၊ အဲဒီတော့ ဒါတွေကထွက်ဖို့ ကြိုးစားရမယ်လို့ ဒီလိုပြောတာ။

သာမန်စဉ်းစားကြည့်မယ်ဆိုရင် ဒါတွေနဲ့ မနေရဘူးဆိုတာ မျက်စေ့က မကြည့်ရဘူး ပြောတာလား၊ နှာခေါင်းက အနံ့ မရှူရ ဘူး၊ နားက အသံမကြားရဘူးလို့ ပြောတာလားဆိုတော့ ဒီလို

https://dhammadownload.com



ပြောတာ မဟုတ်ဘူး၊ မျက်စေ့ကမြင်တဲ့ အာရုံမှာ တွယ်တာတဲ့ လောဘ မဖြစ်စေနဲ့၊ မုန်းတီးတဲ့ဒေါသ မဖြစ်စေနဲ့၊ နားက ကြားရတဲ့ အသံပေါ်မှာ တွယ်တာမှု မဖြစ်စေနဲ့၊ မုန်းတီးမှု မဖြစ်စေနဲ့၊ အမှန်အတိုင်းမသိတဲ့ မောဟမဖြစ်စေနဲ့၊ ထို့အတူပဲ နှာခေါင်းက ရတဲ့ အနံ့၊ လျှာက လျက်ရတဲ့အရသာ၊ ခန္ဓာကိုယ်က ထိတွေ့ရတဲ့ အထိအတွေ့၊ အဲဒါတွေအပေါ်မှာ တွယ်တာခြင်းဆိုတဲ့ တဏှာ၊ မုန်းတီးခြင်းဆိုတဲ့ ဒေါသ၊ တွေဝေခြင်းဆိုတဲ့ မောဟ၊ ဒါတွေ မဖြစ်စေရဘူး၊ ဒါကို ဖယ်ရှားခိုင်းတာ၊ ရူပါရုံကို ဖယ်ရှားခိုင်းတာလည်း မဟုတ်ဘူး၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဒါတွေကို ဖယ်ရှားခိုင်းတာလည်း မဟုတ်ဘူး။

ကြည့် - စက္ခုတို့၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတာရယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ထဲမှာ သိရတဲ့အာရုံဆိုတာဟာ **ပရိညေယျ** ပိုင်းခြားပြီးတော့ ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိရမယ့်အရာတွေသာ ဖြစ်တယ်၊ ဖယ်ရှားရမယ့်အရာတွေ မဟုတ်ဘူး၊ သစ္စာလေးပါးနဲ့ပြောရင် အဲဒါ ဒုက္ခသစ္စာပေါ့၊ အဲဒါတွေက သိရမယ့်အရာ၊ သိကို သိရမှာ။

မျက်စေ့ဆိုတာ သိရမယ်၊ မျက်စေ့က မြင်ရတဲ့ အဆင်း အာရုံကို သိရမယ်၊ မြင်ပြီးတော့ ဖြစ်ပေါ်လာတဲ့ မြင်သိစိတ်ကို သိရမယ်၊ ထိတွေ့လာတဲ့ ဖဿကို သိရမယ်၊ ခံစားတဲ့ဝေဒနာကို သိရမယ်၊ ဖြစ်ပေါ်လာတဲ့တဏှာကို သိရမယ်၊ ဒါတွေက သိရုံ သိရမယ့်ဟာတွေပဲပေါ့နော်၊ ပယ်ရမယ့်အရာ မဟုတ်ဘူး။

https://dhammadownload.com



ပယ်ရမယ့်အရာက ဘာတွေတုန်းဆို အဲဒီ အာရုံတွေ ပေါ်မှာ သွားပြီးတော့တွယ်တာတဲ့တဏှာနဲ့ မုန်းတီးတဲ့ဒေါသကို ပယ်ရမှာ၊ ဒီလိုဆိုလိုတာနော်၊ အဲဒါကိုသာ ပယ်ခိုင်းတာတဲ့။ ဒါကြောင့် မြတ်စွာဘုရားက သူ့ကိုရှင်းပြတယ်၊ **"ကာမေသု ဝိနယ ဂေဓံ"** ကာမဂုဏ်အာရုံတွေပေါ်မှာတွယ်တာတဲ့ တဏှာ၊ တဏှာကို ဦးတည်ပြီးတော့ပြောတဲ့စကား၊ တဏှာကို ပယ်တယ် ဆိုတာ အဝိဇ္ဇာကိုမပယ်ဘဲနဲ့ တဏှာပယ်လို့မရဘူး၊ အဲဒီတော့ ကိလေသာမှန်သမျှ အကုန်ပယ်တာပေ့ါ။

အဲဒီလို ပယ်တဲ့အခါမှာ **"နေက္ခမ္မံ ဒဋ္ဌု ခေမတော"** အဲဒီ ကာမဂုဏ်အာရုံတွေက ထွက်မြောက်ရာဖြစ်တဲ့ နေက္ခမ္မဟာ အန္တရာယ်ကင်းတယ်လို့မြင်လို့ ဒီလိုကြိုးစားတာ၊ ဆိုပါစို့ - "ဒီဘက်ကမ်းက အန္တရာယ်များရင် ဟိုဘက်ကမ်းကို ငြိမ်းချမ်း တယ်"လို့ မြင်ရမှာပေ့ါ၊ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်လို့ မြင်ပြီးတော့ ဟိုဘက်ကမ်းကိုရောက်အောင် ကြိုးစားကြတာလေ၊ အခုလည်းပဲ ကာမဂုဏ်အာရုံတွေရဲ့ အပြစ်ကို မြင်ပြီးတော့ ကာမဂုဏ်အာရုံတွေကထွက်ခွာတဲ့ နေက္ခမ္မဟာ ငြိမ်းချမ်းတယ်လို့ ဒီလိုမြင်ပြီးတော့ ကြိုးစားအားထုတ်ရမယ်တဲ့။

**"ဥဂ္ဂဟီတံ နိရတ္တံ ဝါ, မာ တေ ဝိဇ္ဇိတ္ထ ကိဉ္စနံ"**

အဲဒီအာရုံတွေနဲ့ပတ်သက်ပြီး စိတ်ထဲမှာ တဏှာနဲ့ စွဲမှတ် ထားတာ၊ ဒိဋ္ဌိနဲ့ စွဲမှတ်ထားတာ၊ မာနနဲ့ စွဲမှတ်ထားတာ၊ များယွင်း တဲ့ အထင်မှားမှု၊ အမြင်မှားမှု၊ အထင်တွေ အမြင်တွေ အဲဒါ တွေကို စွန့်ဖို့လိုတယ်တဲ့၊ ငါလို့ ထင်တဲ့အထင်၊ ငါ့ဟာလို့ ထင်တဲ့

https://dhammadownload.com



အထင်၊ ဒီအထင်အမြင်တွေ မစွန့်နိုင်သေးလို့ရှိရင် တွယ်တာမှုကိုလည်း မစွန့်နိုင်သေးဘူးတဲ့၊ အဲဒါတွေကိုလည်း စွန့်ရမယ်၊ အဲဒီလိုစွန့်ပြီးရင် ဒီအာရုံတွေပေါ်မှာ ကြောင့်ကြစိုက်တာဆိုတာ မရှိရတော့ဘူးတဲ့။

ကြောင့်ကြစိုက်တာတွေ မရှိအောင် လုပ်လို့ဆိုတော့ ဘုန်းကြီးတို့တတွေ ဘာကို ကြောင့်ကြစိုက်နေရတုန်းဆိုတော့ ကြည့်လေ မျက်စေ့ကို ကြောင့်ကြစိုက်ရတယ်၊ တော်ကြာ မျက်စေ့ကနာလို့ ဆရာဝန်ကို သွားပြရတယ်၊ ကြောင့်ကြစိုက်နေရတယ်နော်၊ နားကို ကြောင့်ကြစိုက်ရတာနဲ့၊ မျက်စေ့က မြင်ရတဲ့ အဆင်းအာရုံ ကြောင့်ကြစိုက်ရတာနဲ့၊ ဒါတွေပဲ၊ ငါ့မျက်စေ့၊ ငါ့နားဆိုပြီး လူတွေဟာ ကြောင့်ကြစိုက်ပြီး ပူပန်နေကြရတာလေ။ ရဟန္တာဖြစ်သွားပြီဆိုရင် အဲဒီလို ကြောင့်ကြစိုက်စရာ, ပူပန်စရာ ကိုယ့်သန္တာန်မှာ ဘာတစ်ခုမှ ရှာမတွေ့တော့ဘူး၊ သူ့ဟာသူ ဖြစ်နေတဲ့အရာတွေလို့ မြင်လာတယ်။

လမ်းဘေးမှာပေါက်နေတဲ့ သစ်ပင်ကြီးတစ်ပင် ဆိုပါစို့၊ ကိုယ်လည်းမပိုင်ဘူး၊ ဘယ်သူမှ မပိုင်တဲ့ သစ်ပင်ကြီးတစ်ပင်၊ အဲဒီ အပင်ကြီးအပေါ်မှာ ကြောင့်ကြစိုက်တာများ ရှိသေးလား၊ မရှိဘူး၊ အဲဒီသစ်ပင်ကြီးအပေါ်မှာ သဘောထားနိုင်သလို ကိုယ့်ကိုယ်ကို သဘောထားနိုင်အောင် ကြိုးစားရမယ်၊ ဒီလိုပြောတာ။

ဒါ မြတ်စွာဘုရားက **န တုမှာကသုတ်**မှာ ဒီလိုပဲ ဟောထားတာနော်၊ **"ရူပံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ"** ချစ်သားရဟန်းတို့ ရုပ်တရားဟာ မင်းတို့ဟာ မဟုတ်ဘူး၊ **"တံ**

https://dhammadownload.com



**ပဇဟာထ**" သိမ်းပိုက်မထားကြနဲ့၊ လွှတ်ထားလိုက်တဲ့၊ "**တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ**" မင်းတို့ လွှတ်ထားလိုက်မယ်ဆိုရင် ချမ်းသာမှာပဲတဲ့၊ လွှတ်မထားလို့ ဆုပ်ကိုင်ထားမယ်ဆိုရင် ဒုက္ခရောက်နေမှာတဲ့။

အဲဒီသုတ်မှာ ဥပမာပေးထားတယ်။ ဇေတဝန်ကျောင်းထဲမှာရှိတဲ့ မြက်တွေ မြက်ရိတ်သမားက လာရိတ်သွားတယ်၊ အဲဒီအချိန်မှာ ကိုယ့်စိတ်ထဲမှာ ဘယ်လိုခံစားရလဲ၊ ငါ့ကို ရိတ်သွားတယ်လို့ ခံစားရလား၊ မခံစားရဘူး၊ မြက်ကိုရိတ်တယ်ပဲ ခံစားရတယ်၊ ရဟန္တာဖြစ်သွားပြီဆိုလို့ရှိရင် ကိုယ့်ထိလည်း ကိုယ်လို့ သတ်မှတ်တာ မရှိတော့ဘူးလေ၊ မရှိသည့်အတွက်ကြောင့် မခံစားရတော့ဘူး၊ သူတို့မှာတွယ်တာမှုဆိုတာမလာဘူး၊ မုန်းတီးမှုဆိုတာ မလာဘူး၊ ဆန့်ကျင်မှုဆိုတာ မလာဘူး၊ ဟော- အဲဒီလို ဖြစ်အောင် ကြိုးစားလို့ မြတ်စွာဘုရားက ဆိုလိုတာနော်၊ "**မာ တေ ဝိဋ္ဌိတ္တ ကိဥ္စနံ**" တဲ့၊ အဲဒီသဘာဝတရားတွေ ကိုယ့်သန္တာန်မှာရှိတဲ့ ရုပ်တရား နာမ်တရားတွေနဲ့ ပတ်သက်ပြီး ကြောင့်ကြမှုတွေ မရှိစေနဲ့တဲ့။

**"ယံ ပုဗ္ဗေ တံ ဝိသောသေဟိ,**
**ပစ္ဆာ တေ မာဟု ကိဉ္စနံ၊**
**မဇ္ဈေ စေ နော ဂဟေဿသိ,**
**ဥပသန္တော စရိဿသိ"** တဲ့၊

ဓမ္မပဒမှာလည်း ဒီဂါထာလေးပါတယ်ပေါ့၊ ဒါက ဝိပဿနာကျင့်နည်းကားတစ်ခု ဖော်ပြပေးတဲ့စကား၊ "**ဥပသန္တော**

https://dhammadownload.com



**စရိဿသိ"** ဆိုတာ သူက သန္တိပဒ ငြိမ်းချမ်းရေးကို စိတ်နှလုံးရဲ့ အေးချမ်းမှုကိုမေးလို့ မြတ်စွာဘုရားက မင်းစိတ်နှလုံးအေးချမ်းရင် အေးတဲ့နည်းစနစ်ကို ငါပြောမယ်တဲ့။

**"ယံ ပုဗ္ဗေ တံ ဝိသောသေဟိ"** တဲ့၊ အတိတ်က ဖြစ်ခဲ့တဲ့ ရုပ်နာမ် ဓမ္မသင်္ခါရတွေပေါ်မှာ တွယ်တာနေတဲ့ တဏှာကို ခြောက်အောင်လုပ်တဲ့၊ ဆက်မတွယ်နဲ့လို့ ပြောတာပဲ။

ဘုန်းကြီးတို့တတွေက ဟိုးပြီးခဲ့တဲ့အရာကိုလည်း ပြန်တွယ်သေးတာပဲလေ၊ အတိတ်ကိုလည်း ပြန်တွယ်သေးတာ၊ အဲဒါမျိုး ပြန်မတွယ်နဲ့တဲ့၊ အတိတ်က ခန္ဓာတွေပေါ်မှာလည်း တွယ်တာမှု တဏှာ ရာဂ ကိလေသာတွေကို ခြောက်သွေ့အောင် ကြိုးစားတဲ့၊ ဘာနဲ့ခြောက်သွေ့အောင် ကြိုးစားရမလဲဆိုရင် မဂ္ဂင် ၈-ပါး အကျင့်တရားပဲ၊ ဝိပဿနာကျင့်စဉ်ကျင့်တာ၊ ဒါ ခြောက်အောင် လုပ်နေတယ်လို့ပဲ ပြောရမယ်နော်။

**"ယံ ပုဗ္ဗေ တံ ဝိသောသေဟိ"** ဆိုတဲ့နေရာမှာ **"ဝိသောဓေဟိ"** လို့လည်း ရှိသေးတယ်၊ "ဝိသောသေဟိ" ဆိုတာ အဲဒီအတိတ်ပေါ်မှာ တွယ်တာတဲ့တဏှာဆိုတဲ့ အစိုဓာတ်ကို ခြောက်အောင်လုပ်ဆိုတာ ဖယ်လိုက်လို့ပြောတာ၊ အတိတ်ကို တွေးပြီးတော့လည်း တွယ်မနေနဲ့။ **ဝိသောဓေဟိ** ကတော့ သုတ်သင်ရှင်းလင်းပါလို့ ဆိုလိုတယ်။

ဟုတ်တာပေါ့၊ မနေ့ကတွေ့ခဲ့တာလေးကို ဒီကနေ့ တသသ လေး လုပ်နေသေးတာပဲလေ၊ အေး- မနေ့တုန်းက ဒီအချိန်ဆို

https://dhammadownload.com



တို့ ဘာလုပ်နေတယ် ဆိုတာလေးတွေနဲ့ တွေးနေသေးတာ လူဟာ။

**"ပဋ္ဌာ စေ မာဟု ကိဉ္စနံ"** နောက်ပိုင်းလာမယ့် အနာဂတ်က သင်္ခါရတရားတွေပေါ်မှာလည်း ကြောင့်ကြမှု ဆိုတာ မထားနဲ့တဲ့၊ ကြောင့်ကြတယ်ဆိုတာ ဘာတွေတုန်းဆိုရင် ရာဂ ဒေါသ မောဟ ကိလေသာတွေပဲ၊ **"မဇ္ဈေ စေ နော ဂဟေဿသိ"** အခုလောလောဆယ် ကြုံတွေ့နေတာ အလယ်၊ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှာ ကိုယ်ကြုံတွေ့နေရတဲ့အပေါ်မှာလည်း တဏှာနဲ့လည်း မသိမ်းပိုက်နဲ့၊ ဒိဋ္ဌိနဲ့လည်း မသိမ်းပိုက်နဲ့၊ လွှတ်ထားလိုက်၊ ငါ့ဟာ မဟုတ်ဘူးဆိုတဲ့အမြင်နဲ့ လွှတ်ထားလိုက်၊ အဲဒီလို နေနိုင်ပြီး အတိတ်ကအရာကိုလည်းပဲ လွှတ်ထားတယ်၊ အနာဂတ်ကိုလည်း မမျှော်လင့်ဘူး၊ ပစ္စုပ္ပန်မှာလည်းပဲ မစွဲလန်းဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ "ငြိမ်းချမ်းတဲ့ပုဂ္ဂိုလ်" ဖြစ်ပြီပေါ့၊ ဒီလိုဆိုလိုတာနော်၊ ငြိမ်းချမ်းချင်ရင်တော့ အဲဒီအတိုင်းပဲကျင့်ပါလို့ မြတ်စွာဘုရားက ဒီလိုဟောတာ။

နောက်ဆုံး နိဂုံးချုပ်အနေနဲ့ မြတ်စွာဘုရားက ဘာပြောတာတုန်းဆိုတော့-

**သဗ္ဗသော နာမရူပသ္မိံ၊ ဝီတဂေဓဿ ဗြာဟ္မဏ၊**
**အာသဝါဿ န ဝိဇ္ဇန္တိ၊ ယေဟိ မစ္စုဝသံ ဝဇေ။**

လောကမှာ လူတွေဟာ ထပ်တလဲလဲ သေနေကြတာ၊ ဘာကြောင့် သေနေကြတုန်းလို့ တရားခံ လိုက်ရှာလိုက်လို့ ရှိရင် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဆိုတဲ့ ဒီ

https://dhammadownload.com



ကိလေသာတွေ မျက်စေ့က စီးဝင်လိုက်၊ နားက စီးဝင်လိုက်၊ နှာခေါင်းက စီးဝင်လိုက်နဲ့ စီးဝင်နေတာ မဟုတ်လား၊ မြင်တဲ့ အာရုံတွေပေါ်မှာ လောဘဖြစ်လိုက် ဒေါသဖြစ်လိုက် စီးဝင်နေတာတွေပဲ၊ အဲဒီ စီးဝင်နေတဲ့ အာသဝတွေ မရှိဘူးဆိုရင် ဘယ်တော့မှ သေမှာမဟုတ်တော့ဘူးတဲ့၊ အဲဒါတွေ ရှိနေသေးသမျှတော့ သေမင်းရဲ့ အလိုကျအတိုင်း တို့တတွေ ဖြစ်နေဦးမှာပဲ။

ဒါကြောင့် နာမ်တွေ ရုပ်တွေပေါ်မှာ လုံးဝကို တွယ်တာမှုတွေ ကင်းအောင်လုပ်ရမယ်၊ ရုပ် နာမ်တွေပေါ်မှာ လုံးဝ တွယ်တာမှုတွေ ကင်းသွားပြီဆိုရင် အာသဝတွေဟာ စီးဝင်မလာတော့ဘူး၊ အဲဒီ အာသဝတွေ စီးဝင်မလာလို့ရှိရင် သေခြင်းတရားဆိုတာ ကိုယ့်သန္တာန်မှာ မဖြစ်တော့ဘူးတဲ့၊ အဲဒီလို မြတ်စွာဘုရားက **ဇတုကဏ္ဏီ**ကို ရှင်းလင်း ဖြေကြားခဲ့ပါတယ်။

အားလုံး ဆယ့်တစ်ဦးရဲ့ တရားတွေကို အခုနာလို့ ပြီးသွားပြီပေါ့၊ အဲဒီတော့ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်တွေဟာ ၁၆-ယောက်ရှိတဲ့ အထဲမယ် နောက်ထပ် ငါးယောက် ကျန်သေးတယ်ပေါ့နော်၊ အဲဒီ ငါးယောက်က ဘာတွေကို လျှောက်တယ်ဆိုတာ မနက်ဖြန်ခါကျတော့ ဆက်ပြီးတော့ ဟောမယ်ပေါ့။

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ ယခု သူတို့ရင်ထဲ မရှင်းတဲ့ သံသယစကားတွေကို မြတ်စွာဘုရားထံ လျှောက်ကြားလို့ မြတ်စွာဘုရားက ရှင်းလင်းဟောပြတဲ့အခါမှာ ရင်တွင်းသံသယတွေ ကင်းစင်လို့ အမြင်မှန်တွေရပြီး ကိလေသာ

https://dhammadownload.com



အာသဝေါတွေကို ဖယ်ခွာနိုင်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်သွားကြပါသတဲ့၊ ဘုန်းကြီးတို့တတွေဟာလည်း တစ်နေ့တစ်ချိန်ကျလို့ရှိရင် ရင်တွင်းသံသယတွေ ကင်းပြီးတော့ ကိလေသာအာသဝတွေ ရှင်းတဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြရအောင် ကိုယ်စီကိုယ်ငှ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com



# ပါရာယနဒေသနာ

## အပိုင်း (၉)

### (ဘဒြာဝုဓ၊ ဥဒယ၊ ပေါသာလ၊ မောဃရာဇ၊ ပိင်္ဂိယ တို့၏အမေးကို ဖြေဆိုခြင်း)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက်၊ ခရစ်နှစ် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၆-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိ ဗိမာန်တော်တွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ အနန္တငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

## ဘဒြာဝုဓ၏ အမေးကို ဖြေဆိုခြင်း

၁၂-ဦးမြောက်ဖြစ်တဲ့ ဘဒြာဝုဓက သူ့ရှေ့ ၁၁-ယောက်က မေးခွန်းတွေ မေးသွားလို့ တရားဓမ္မကို နာယူရတယ်။ သို့သော်

https://dhammadownload.com



လည်း သူသိချင်တာလေးတွေ သူ့ရင်တွင်းမှာ ကျန်နေသေးတယ်၊ ဒါကို သူမေးချင်တယ်။ ဒါကြောင့်မို့ သူက မေးခွန်းလေးတွေ ထုတ်တယ်၊ သူ့မေးခွန်းဟာ ဂါထာ ၂-ပုဒ်ပေါ့၊ မေးခွန်းလို့ ဆိုရပေမယ့်လို့ တရားတောင်းပန်တာပဲ ဖြစ်ပါတယ်။ သူ့ကို တရားဟောပေးဖို့ လျှောက်ကြားတယ်။ သူက သဒ္ဓါတရား အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုခြင်းသဒ္ဓါတရား ရှိပြီးသားမို့ ယုံကြည်ချက်ရှိတယ်၊ သူ့ကို ရှင်းလင်းဟောကြားမယ့် တရားဓမ္မအပေါ်မှာ ယုံကြည်ပြီးသား၊ ဘုရားအပေါ်မှာလည်း ယုံကြည်ပြီးသား၊ မြတ်စွာဘုရားရဲ့ စကားကို အင်မတန်မှ နားထောင်ချင်တယ်။ ဒါကြောင့်မို့ မေးခွန်းပုစ္ဆာအနေနဲ့ မဟုတ်တော့ဘဲနဲ့ မြတ်စွာဘုရားကို ချီးကျူးပြီး တရားတောင်းပန်တဲ့အနေနဲ့ လျှောက်ထားတယ်။

သူက ဘုရားကို ဂုဏ်ပြုတဲ့ စကားလုံးလေးတွေနဲ့ စပြီး ပြောတယ်၊ **"သြကဉ္စဟံ"**တဲ့၊

သြကဆိုတာ ခန္ဓာ ၅-ပါးကို ပြောတာ၊ ခန္ဓာ ၅-ပါးပေါ်မှာ တွယ်တာနေတဲ့ တဏှာ၊ (ဘုန်းကြီးတို့ ဘယ်ပေါ်မှာ တွယ်တာ တာတုန်းလို့မေးရင် ခန္ဓာ ၅-ပါးအပေါ်မှာ တွယ်တာကြတာ) တဏှာဆိုတာ ခန္ဓာ ၅-ပါးအပေါ်ကို တွယ်တာ။ ဒါကြောင့် သြက ဆိုတာ သတ္တဝါတွေရဲ့သန္တာန်မှာရှိတဲ့ ခန္ဓာ ၅-ပါး။

**သြကဉ္စဟံ**-မှာ (**သြက**ဆိုတာ ခန္ဓာ ၅-ပါး၊ **ဇဟ** ဆိုတာ ပယ်စွန့်တာ) ခန္ဓာ ၅-ပါး အပေါ်မှာ တွယ်တာတဲ့တဏှာကို ပယ်စွန့်ပြီးသား ဖြစ်တယ်လို့ ပြောလိုတာ။ ခန္ဓာ ၅-ပါးပေါ်မှာ

https://dhammadownload.com



တွယ်တာတဲ့ တဏှာကို ပယ်စွန့်လိုက်ရင် ခန္ဓာ ၅-ပါးကိုလည်း ပယ်စွန့်ထားပြီးသားဖြစ်တယ်။ ခန္ဓာ ၅-ပါးပေါ်မှာ တွယ်တာနေတဲ့ တဏှာကို မပယ်နိုင်သေးဘူးဆိုရင် ခန္ဓာ ၅-ပါးကိုလည်း မပယ်နိုင်သေးဘူးလို့ ဒီလိုအဓိပ္ပါယ်ရတယ်၊ ဒါကြောင့်မို့ စကားလုံးတိုက်ရိုက်အနေနဲ့ကတော့ "**သြကဥ္စဟံ** - ခန္ဓာ ၅-ပါးကိုပယ်ပြီးတဲ့ မြတ်စွာဘုရား"။

မြတ်စွာဘုရား ကိုယ်တိုင်ကလည်း ဒီလိုစကားမျိုးကို သုံးတယ်။ ဒါ အကြောင်းနဲ့အကျိုးကို ရည်ညွှန်းပြီးတော့သုံးတာ၊ "**ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ**" ချစ်သားရဟန်းတို့၊ ရုပ်တရားကြီးက သင်တို့ဟာ မဟုတ်ဘူး၊ အဲဒီရုပ်တရားကြီးကို စွန့်လိုက်ကြတဲ့။ အဓိပ္ပါယ်နားမလည်တဲ့ပုဂ္ဂိုလ်က ကိုယ့်ရုပ်ခန္ဓာကြီးကို ပစ်လိုက်ခိုင်းတယ်လို့ အောက်မေ့တယ်၊ အဲဒီလိုဆိုလိုတာ မဟုတ်ဘူး၊ ခန္ဓာ ၅-ပါးအပေါ်မှာ တွယ်တာတဲ့တဏှာကိုစွန့်မှ ပစ်လို့ရမှာ၊ ခန္ဓာကြီးကို ပစ်လိုက်လို့ရဘူး။ တစ်ချို့က သေအေးတာပဲလို့ဆိုပြီး ကိုယ့်ကိုယ်ကို သတ်သေတဲ့လူတွေရှိတယ်၊ မအေးဘူး၊ နောက်ထပ်ခန္ဓာပြန်ရဦးမှာ။

ဒီခန္ဓာကြီးကို အဆုံးသတ်လိုက်ပေမယ့် နောက်ထပ် ခန္ဓာတစ်ခုက ထပ်လာနေဦးမှာပဲ၊ ဘာလို့လဲဆိုတော့ သစ်ပင်ခုတ်တာနဲ့တူတယ်၊ အကိုင်းတွေ ဘယ်လောက်ခုတ်ခုတ် ပြန်ထွက်နေမှာပဲ၊ အမြစ်က ရှိနေတာကိုး။ အဲဒီတော့ အမြစ်နဲ့တူတဲ့ တဏှာကို မဖယ်ရှားဘဲနဲ့ ခန္ဓာ ၅-ပါးကို ဘယ်လောက်ပဲ ဖယ်နေနေ

https://dhammadownload.com



သံသရာထဲမှာ ပြန်ပေါ်နေမှာပဲ၊ ဒီနားပျောက်သွားရင် ဟိုနား ပေါ်လာ၊ ဟိုနားပျောက်သွား ဒီနားပေါ်လာ၊ ဒီလိုနေမှာပဲ။

လူ့ခန္ဓာ ပျောက်သွားလို့ရှိရင် သံသရာထဲမှာ တိရစ္ဆာန်ခန္ဓာ ကြီးနဲ့ ပြန်ပေါ်ချင်ပေါ်မှာပဲ၊ နတ်ခန္ဓာနဲ့ ပြန်ပေါ်ချင်ပေါ်မှာပဲ၊ သံသရာထဲမှာ လူဟာ ခေါင်းအမျိုးမျိုးလဲပြီး သွားနေကြတာလေ၊ လူခေါင်းတပ်လိုက်၊ ဝက်ခေါင်းတပ်လိုက်၊ ခွေးခေါင်း တပ်လိုက် နဲ့နော်၊ ကြက်ခေါင်း တပ်လိုက်တဲ့အခါ အမောက်ကလေးနဲ့၊ အဲဒီလိုပဲ ခေါင်းအမျိုးမျိုးတပ်ပြီး သံသရာထဲမှာ သတ္တဝါတွေဟာ ဒီလိုပဲ လည်နေကြတယ်။

မြတ်စွာဘုရားက **အနမတဂ္ဂ** သုတ်မှာ ဟောထားတာ ရှိတယ်၊ "တိရစ္ဆာန်တစ်ကောင်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဆင်းရဲဒုက္ခ ဖြစ်တာတွေကို မြင်လို့ရှိရင် ဘယ်လို စဉ်းစားရမလဲ" ဆိုတာ စဉ်းစားပုံ စဉ်းစားနည်းပြောရအောင်။ မြတ်စွာဘုရားက သင်ပေး ထားတာရှိတယ်၊ ဥပမာမယ် - ကြက်တစ်ကောင်တွေ့ပြီဆိုရင် "သြော်- ငါလည်း ဘဝပေါင်းများစွာ ကြက်ဘဝ ရောက်ခဲ့ဖူးလှ လေပြီ၊ ကြက်ဘဝရောက်လို့ ဟင်းအိုးထဲရောက်တဲ့ အကြိမ်ပေါင်း လည်း မနည်းလှတော့ဘူး"လို့ ဒီလိုစဉ်းစားပါတဲ့။ ဝက်မြင်လို့ရှိရင် လည်း သြော်- ငါလည်း ဒီဘဝမျိုးတွေ ကြုံခဲ့လှလေပြီ။

အဲဒီလို စဉ်းစားတတ်ရင် တိရစ္ဆာန်တွေအပေါ်မှာ ရက်စက် တဲ့စိတ်ဟာ နည်းသွားနိုင်တာပေါ့၊ ဒုက္ခရောက်တဲ့လူတွေတွေ့ရင် ငါလည်း ဒီလို ဒုက္ခရောက်ခဲ့ဖူးတယ်လို့ စဉ်းစားပါတဲ့၊ အနမတဂ္ဂ သံယုတ်မှာ မြတ်စွာဘုရားဟောထားတာ၊ အရုပ်ဆိုးအကျည်းတန်

https://dhammadownload.com



တဲ့ သူတွေ့လို့ သွားမရှုတ်ချလိုက်နဲ့၊ အမယ်လေး ရုပ်ကဆိုးလိုက်တာလို့ သွားမပြောနဲ့၊ ငါလည်း ဒါမျိုးဆိုးခဲ့လှလေပြီလို့ အောက်မေ့ပေတော့နော်၊ အဲဒီလို မြတ်စွာဘုရားက နှလုံးသွင်းခိုင်းတာ။

အဲဒါကြောင့်မို့ ခန္ဓာ ၅-ပါးပေါ်မှာ တွယ်တာမှု မပယ်သေးသမျှ ကာလပတ်လုံး ခန္ဓာ ၅-ပါးကို ဖယ်ရှားပြီးသား မဖြစ်နိုင်ဘူးတဲ့။ ခန္ဓာ ၅-ပါးကို ဖယ်ရှားဖို့ဆိုတာ တော်တော်ခဲယဉ်းတယ်တဲ့၊ ဒါဖြင့် ခန္ဓာ ၅-ပါးကို မလိုချင်တော့ဘူးဆိုရင် ဘာကို ဖယ်ရှားရမှာလဲဆိုရင် တဏှာကို ဖယ်ရှားရမှာ၊ ဖယ်ရမှာ ခန္ဓာမဟုတ်ဘူး၊ ဖယ်ရမှာ တဏှာ၊ ဒီလိုဆိုလိုတယ်။ မြတ်စွာဘုရားကို **ဩကဥ္စဟံ-** ခန္ဓာ ၅-ပါးကို စွန့်ပြီးသားတဲ့။

**"တဏှစ္ဆိဒံ**- ပူဆာတောင့်တခြင်းဆိုတဲ့ တဏှာကိုလည်း ဖြတ်တောက်ပြီးသားဖြစ်တယ်" ဘုရားကို တဏှာပယ်ပြီးသူအဖြစ် သူက လက်ခံယုံကြည်ထားတယ်။

**အနေဇံ-** မြတ်စွာဘုရားမှာ စိတ်လှုပ်ရှားမှုတွေ မရှိတော့ဘူး၊ **ဧဇာ** (Emotion) လို့ခေါ်တဲ့ စိတ်လှုပ်ရှားမှုတွေပေါ့၊ လောဘဖြစ်တာလည်း စိတ်လှုပ်ရှားမှုပဲ၊ ဒေါသဖြစ်တာကလည်း စိတ်လှုပ်ရှားမှုပဲ၊ မာနဖြစ်တာလည်း စိတ်လှုပ်ရှားမှုပဲ၊ မှားယွင်းတဲ့ အယူတွေ ယူဆတာဟာလည်း စိတ်လှုပ်ရှားမှုပဲ၊ စိတ်လှုပ်ရှားမှုတွေဟာ အများကြီးပဲနော်၊ ကိလေသာတွေဖြစ်တာ မှန်သမျှ စိတ်ရဲ့လှုပ်ရှားမှုလို့ခေါ်တယ်၊ ကြံ့ခိုင်တဲ့စိတ်တွေ မဟုတ်ဘူး၊ ဒါတွေက လှုပ်ရှားယိမ်းယိုင်နေတဲ့စိတ်တွေ၊ မြတ်စွာဘုရားကျတော့ အဲဒီလှုပ်ရှားမှုဆိုတာတွေ ကင်းသွားပြီတဲ့၊ **ဧဇာ** ဆိုတဲ့

https://dhammadownload.com



လှုပ်ရှားမှုမရှိလို့ ဘုရားကို **အနေဇ** ဆိုတဲ့ စကားလုံးနဲ့ ဂုဏ်ပြု တယ်။

**နန္ဒိဥ္ဇဟံ**၊ ဘုန်းကြီးတို့တတွေက အရာရာကို နှစ်သက် နေကြတယ်၊ အာရုံမှန်သမျှကိုလည်း နှစ်သက်ကြတယ်၊ အခု အာရုံ မနှစ်သက်ရင်လည်း နောက်လာမယ့်အာရုံကို နှစ်သက် တယ်၊ အခုဘဝကို မကြိုက်ရင်လည်း နောက်လာမယ့်ဘဝကို ကြိုက်နေတယ်၊ ဒီကနေ့ မကောင်းဘူးဆိုရင် နက်ဖြန်ခါ အကောင်းကို မျှော်နေကြသေးတယ်၊ အဲဒီလို နှစ်သက်မှုဆိုတာ လေးတွေ, လိုချင်တောင့်တမှုလေးတွေ ရှိနေကြတယ်။ **နန္ဒိ** ဆိုတာ အာရုံတွေကို ကြိုက်နှစ်သက်တတ်တဲ့, ဘဝကိုကြိုက်နှစ်သက်တဲ့ တဏှာ။ နန္ဒိကို မြတ်စွာဘုရားမှာ ပယ်ပြီးသားဖြစ်သွားပြီ။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားကို **နန္ဒိဥ္ဇဟံ-** နန္ဒိဆိုတဲ့ နှစ်သက်မှု တဏှာကိုလည်း ဖယ်ရှားပြီးသားဖြစ်သူလို့ပြောတာ။

**ဩဃတိဏ္ဏံ** - အခက်အခဲတွေ အားလုံးကို ဖြတ်ကျော် ပြီးပြီ၊ ကာမတဏှာဟာ ဖြတ်ကျော်ဖို့ခက်သည့်အတွက်ကြောင့် ကာမောဃလို့ ခေါ်တာ၊ ကာမနဲ့ပတ်သက်တဲ့ တဏှာဟာလည်း ဖြတ်ကျော်ဖို့ ခက်တယ်၊ ဈာန်နဲ့ ရူပဘုံ အရူပဘုံနဲ့ ပတ်သက်တဲ့ တဏှာဟာလည်း ဖြတ်ကျော်ဖို့ ခက်တယ်၊ ဘဝေါဃလို့ခေါ်တာ၊ အယူဝါဒတစ်ခုဟာ ယူဆထားလို့ရှိရင် ဖြတ်ကျော်ဖို့ခက်တယ်၊ ဒါကြောင့်မို့ လူတွေဟာ ကိုယ်မြင်တဲ့ အမြင်လေးကို "ငါ့ဟာ မှန်တယ်" ဆိုပြီးတော့ တခြားဟာတွေနဲ့ ငြင်းနေကြတာ၊ ငြင်းပွဲတွေ အင်မတန်မှများတယ်။ **ဒိဋ္ဌောဃ** လို့ခေါ်တာ။

https://dhammadownload.com



စီးပွားရေးနဲ့ ပတ်သက်ပြီး ငြင်းရုံနဲ့အားမရဘူး, လောကရေးနဲ့ ပတ်သက်ပြီး ငြင်းရုံနဲ့ အားမရဘူး, နိုင်ငံရေးနဲ့ပတ်သက်ပြီး ငြင်းခုံလို့ အားမရဘူး, တရားနဲ့လည်း ငြင်းသေးတာပဲ၊ ပရမတ် ပညတ် ငြင်းကြ ရန်ဖြစ်ကြတယ်၊ အမှန်မသိတဲ့ အဝိဇ္ဇာဩဃပေါ့။

ကြားဖူးလား "တစ်ပိုင်းကြောင် ကျက်စာရရုံနဲ့ ခက်ပါလှ သဘောဉာဏ်" လယ်တီဆရာတော်ဘုရားကြီးက ဆုံးမထားတာ ရှိတယ်နော်၊ စာတိုစာရှည်တွေ ဟိုဟာလေးကျက်လိုက်၊ ဒါလေး ကျက်လိုက်လုပ်ပြီးတော့ ဒီကျက်စာလေးတွေကို အဟုတ်မှတ်ပြီး နည်းနည်းလေးသိတာလေးနဲ့ ငြင်းခုံကြတယ်။ "တစ်ပိုင်းကြောင် ကျက်စာရရုံနဲ့၊ ခက်ပါလှသဘောဉာဏ်"၊ မှန်မှန်ကန်ကန် သိဖို့ ဆိုတာ အလွန်ခက်တယ်လေ၊ မပြည့်မစုံလူတွေဟာ လူပဲဖြစ်ဖြစ် ဘုန်းကြီးပဲဖြစ်ဖြစ် သိတာလေးနဲ့ ငြင်းခုံနေကြတယ်။

ငြင်းခုံတယ်ဆိုတဲ့ လူဟာ အကုန်မမြင်လို့ငြင်းတာ၊ အကုန် မြင်ရင် ငြင်းစရာဘာမှမရှိဘူး၊ ဒါကြောင့်မို့ မြတ်စွာဘုရား ဟောတာ၊ လူတွေငြင်းနေကြတာဟာ **ဧကင်္ဂဒဿိနော**- တစ်စိတ် တစ်ဒေသလေးသိလို့ ငြင်းတာတဲ့။ ကြည့်လေ- မျက်မမြင် ပုဏ္ဏားတွေ မျက်မမြင် သူကန်းတွေကို ဆင်စမ်းခိုင်းလိုက်တဲ့အခါ သူတို့မြင်တာလေးတွေက တစ်ခြမ်းစီ၊ တစ်စိတ်စီလေးတွေ မြင်တာ၊ နှာမောင်းတွေ မြင်တယ်၊ ခန္ဓာကိုယ်ကြီး မြင်တယ်၊ နားရွက်တွေ မြင်တယ်၊ ခြေထောက်တွေ မြင်တယ်၊ အမြီး မြင် တယ်၊ အဲဒါတွေနဲ့ ဆင်ကို ငြင်းနေကြတာလေ၊ အကောင်လုံးကြီး တစ်ခုလုံး မြင်ပြီးရင် ငြင်းစရာ ရှိသေးလား၊ မရှိဘူး။ အဲဒီတော့

https://dhammadownload.com



ငြင်းတယ်ဆိုတဲ့ လူတွေဟာ အကုန်မမြင်လို့ ငြင်းတယ်လို့သာ မှတ်ပေတော့။

## ရွှေခြသေ့် စားသောက်ဆိုင်

တစ်ခါတုန်းက ဘုန်းကြီးတို့ ပုံပြင်လေးတစ်ခု ပြောဖူးတယ်လေ၊ အင်္ဂလိပ်စာအုပ်ထဲက ဖတ်ဖူးထားတဲ့ ပုံပြင်လေး၊ ဟိုဘက် ဒီဘက်ကြည့်ပြီးတော့ ငြင်းကြတာလေ၊ စားသောက်ဆိုင်ကလေးမှာ ဆိုင်းဘုတ်လေးက တစ်ဖက်ကရွှေရောင်၊ တစ်ဖက်က ငွေရောင် လုပ်ထားတာ၊ တောင်ဘက်ကလာတဲ့လူက ရွှေမြင်တယ်၊ မြောက်ဘက်ကလာတဲ့လူက ငွေမြင်တယ်၊ ငွေမြင်တဲ့လူက "ငွေခြသေ့် စားသောက်ဆိုင်" လို့ ပြောတယ်၊ ဟိုဘက်ကလူက မဟုတ်ဘူး၊ သူ့ဘက်ကမြင်တဲ့အတိုင်း ရွှေခြသေ့်မှ မှန်တယ်ပေါ့၊ အဲဒီလို ငြင်းပြီးတော့ ဓားနဲ့ခုတ်ကြတယ်ဆိုတဲ့ ဇာတ်လမ်းကလေး တရားတစ်ပုဒ်ထဲမှာ ထည့်ဟောဖူးပါတယ်။ အဲဒီလို လူတွေဟာ တစ်ဖက်မြင်လို့ငြင်းကြတာ၊ နှစ်ဖက်စလုံး ကြည့်လိုက်တဲ့အခါကျတော့ ငြင်းစရာအကြောင်း မရှိတော့ဘူးတဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားကတော့ အခက်အခဲတွေ အကုန်မှန်သမျှ ကျော်လွှားပြီးတဲ့အခါ **ဝိမုတ္တ-** လွတ်လွတ်ကင်းကင်းကြီး ငြင်းစရာခုံစရာတွေ မရှိတော့ဘူး၊ အကုသိုလ်တွေ မရှိတော့ဘူး။

https://dhammadownload.com



သူဟာ နောက်ထပ် စကားလုံးတစ်လုံးသုံးတယ်၊ **ကပ္ပဍ္ဍဟံ** တဲ့၊ **ကပ္ပ**ဆိုတာ အတွေးတွေ၊ ဘုန်းကြီးတို့တတွေ ဘာနဲ့ တွေးနေတုန်း၊ တဏှာနဲ့ တွေးတယ်၊ အမြင်နဲ့ တွေးတယ်၊ တဏှာနဲ့တွေးရင် ဘယ်လိုတွေးလဲ၊ "ငါ့ဟာ" "ငါပိုင်တယ်" ဆိုတဲ့အတွေးတွေးတာ တဏှာနဲ့ တွေးတာပဲ၊ **ဧတံ မမ** ဆိုတဲ့ အတွေးဟာ တဏှာနဲ့တွေးတဲ့အတွေးပဲ၊ **ဧသော မေ အတ္တာ** ဆိုတဲ့အတွေးက အယူအဆနဲ့ ပတ်သက်ပြီးတော့ တွေးတာ၊ ငါလုပ်တဲ့အတိုင်းဖြစ်တယ်၊ ဒီလိုတွေးတာ၊ အဲဒီအတွေးတွေ ကိုလည်းပဲ မြတ်စွာဘုရားက စွန့်ပစ်လိုက်ပြီတဲ့၊ မြတ်စွာဘုရားမှာ သိမြင်တာပဲရှိတယ်၊ အယူအဆတွေ မရှိဘူး။

တဏှာဒိဋ္ဌိဆိုတဲ့အတွေးတွေ၊ တွေးမှု ထင်မှုတွေကို **မညနာ** လို့ခေါ်တဲ့ အထင်တွေ အမြင်တွေ အဲဒါတွေ မရှိတော့ဘူးတဲ့၊ သိတာပဲရှိတယ်၊ "ဒီလို ဂုဏ်ထူးဝိသေသတွေ ရှိတော်မူတဲ့ မြတ်စွာဘုရားကို တဲ့ တောင်းပန်ပါရစေ၊ အရှင်ဘုရားဆီက တရားတစ်ပုဒ် ကြားနာချင်ပါတယ်" ကြားနာပြီး ရလို့ရှိရင် သူတို့ဟာ အခု ပါသာဏကစေတီလို့ခေါ်တဲ့ ပါသာဏက နတ်ကွန်း, မြတ်စွာဘုရားသီတင်းသုံးတဲ့နေရာကနေ သူတို့ထွက်သွား ကြမှာပါတဲ့၊ ဒီမေးခွန်းလေးမေးပြီးရင် သူတို့ပြန်တော့မှာပါလို့ ဒီလိုပြောတာနော်။

**နာနာဇနာ ဇနပဒေဟိ သင်္ဂတာ** အဲဒီတုန်းက အိန္ဒိယ ဒေသမှာရှိတဲ့ နယ်တော်တော်များများက ပရိသတ်တွေဟာ အုတ်အော်သောင်းနင်း ဘုရားရှိရာကို စုဝေးရောက်လာတယ်၊

https://dhammadownload.com



နည်းတဲ့ပရိသတ်မဟုတ်ဘူး၊ အဲဒီမှာ သတင်းကြားနဲ့ လိုက်လာတဲ့ သူတွေလည်း အများကြီး၊ အဲဒီလို စုဝေးရောက်လာတဲ့သူတွေဟာ အရှင်ဘုရားဆီကစကား ကြားချင်ကြတယ်တဲ့၊ အားလုံးဟာ ကြားချင်နေကြတယ်၊ ဒါကြောင့်မို့ အရှင်ဘုရား သူတို့ကို အရှင်ဘုရားသိတဲ့ တရားကို မိန့်ကြားပေးပါ၊ အားလုံးအတွက် တရားမွကို မိန့်ကြားပေးပါလို့ **ဘဒြာဝုဓ**က ဒီလိုလျှောက်တယ်။

လျှောက်တော့ မြတ်စွာဘုရားက ဖြေတယ်-

**"အာဒါနတဏှံ ဝိနယေထ သဗ္ဗံ"**၊ အာဒါနတဏှာဆိုတာ အရာရာကို စွဲလန်းပြီး သိမ်းပိုက်တတ်တဲ့ တဏှာ၊ ရယူတတ်တဲ့ တဏှာ၊ ဘယ်အာရုံရလိုက်ရလိုက် သူက သိမ်းပိုက်လိုက်တာပဲ နော်၊ စွဲမှတ်လိုက်တယ်၊ စွဲလမ်းလိုက်တယ်၊ အဲဒီ စွဲလမ်းသိမ်းပိုက် တတ်တဲ့ တဏှာကို ကြိုးစားပြီးတော့ ပယ်ဖျောက်ပါတဲ့၊ ဒါ မြတ်စွာဘုရားရဲ့ အဆုံးအမပဲ၊ အဲဒါမှ မစွန့်နိုင်ဘူးဆိုရင်တော့ သံသရာဝဋ်က လွတ်ဖို့ဆိုတာ မရှိဘူးတဲ့။

ဒါကြောင့်မို့ **အာဒါနတဏှံ ဝိနယေထ သဗ္ဗံ** အရာ ခပ်သိမ်းအပေါ်မှာ စွန့်တာ၊ ခန္ဓာ ၅-ပါးပေါ်မှာ စွန့်ရမယ်၊ အာယတန ၁၂-ပါးပေါ်မှာ စွန့်ရမယ်၊ ဓာတ် ၁၈-ပါးပေါ်မှာ စွန့်ရမယ်၊ အားလုံးပေါ်မှာ စွန့်ရမယ်လို့ ဒီလိုပြောတာနော်၊ ပစ္စည်းဥစ္စာတွေအပေါ်မှာစွဲလမ်းတာ စွန့်ရမယ်၊ သားသမီး တွေအပေါ် စွဲလမ်းတာ စွန့်ရမယ်၊ အားလုံး ဘယ်အရာပေါ်မှာပဲ ဖြစ်ဖြစ် စွဲလမ်းမှုတွေ၊ ဒါကြောင့်မို့ ကုန်ကုန်ပြောလိုက်တယ်၊ **ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ** တဲ့၊ အတိတ်ကဟာပဲဖြစ်ဖြစ်

https://dhammadownload.com



အနာဂတ်ကဟာပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်ပဲဖြစ်ဖြစ် (သို့မဟုတ်) အောက်ဘုံတွေကပဲဖြစ်ဖြစ်၊ အထက်ဘုံတွေကပဲဖြစ်ဖြစ်နော်၊ အလယ်ဘုံတွေကပဲဖြစ်ဖြစ် (သို့မဟုတ်) ချမ်းသာသုခပဲဖြစ်ဖြစ်၊ ဆင်းရဲတာပဲဖြစ်ဖြစ်၊ ချမ်းသာတာကို စွန့်ရသလို ဆင်းရဲတဲ့ အပေါ်မှာလည်းပဲ စွန့်ရမှာပဲ၊ ဒီလိုဆိုလိုတာနော်၊ ဘယ်အရာကိုမှ တွယ်တာတဲ့တဏှာ မထားရဘူးတဲ့၊ အားလုံးကို စွန့်လိုက်ပါတဲ့။

**အာဒါနတဏှံ ဝိနယေထ သဗ္ဗံ** တဏှာမှန်သမျှ ပယ်စွန့်ဖို့ကြိုးစားပါတဲ့၊ **ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ** အထက်မှာရှိတာပဲဖြစ်ဖြစ်၊ အောက်မှာရှိတာပဲဖြစ်ဖြစ်၊ အလယ်မှာပဲရှိရှိ၊ ဆိုလိုတာက ဘယ်နေရာမှာရှိရှိ တဏှာမှန်ရင် ဘယ်အပေါ်မှာတွယ်တွယ်၊ တွယ်တဲ့တဏှာမှန်သမျှ ဒီထဲမှာ ဘယ်တွယ်တွယ်ဆိုကတည်းက တရားအားထုတ်တဲ့သူက ဘယ်တွယ်တုန်းဆိုရင်ကိုယ်ရ,ထားတဲ့ သမာဓိလေးလည်း တွယ်တယ်၊ ကိုယ်သိတဲ့အသိလေးလည်း တွယ်တာပဲ၊ တွယ်တယ်၊ အဲဒါကို **ဓမ္မရာဂ၊ ဓမ္မနန္ဒီ**လို့ ခေါ်တယ်။

ရိပ်သာ ဘယ်နှစ်ခါ ဝင်ပြီးပြီ၊ သမာဓိ သိပ်ကောင်းတယ်၊ ကိုယ့်ကိုယ်ကို ဒါတွေလည်း တွယ်တာပဲ၊ ငါ့အသိဉာဏ်က သူများအသိဉာဏ်ထက် ပိုများတယ်၊ ဟော- ဒီလို တွယ်လာတယ်၊ ပညာရပ်ပေါ်မှာလည်းတွယ်တာပဲ၊ အဲဒီ အတွယ်တွေမှန်သမျှ အထက်ရော အောက်ရော အလယ်ရော ရှိသမျှ ဘယ်ကိုတွယ်တာပဲဖြစ်ဖြစ် အတွယ်မှန်သမျှကိုဖြုတ်ပါ၊ ဖယ်ရှားပစ်ပါလို့ ဒီလိုပြောတာ၊ ကျန်မနေစေနဲ့။

https://dhammadownload.com



ဘာဖြစ်လို့ မြတ်စွာဘုရားက အရေးတကြီး သူ့ကို အတွယ်တွေ ဖြုတ်ခိုင်းရသလဲလို့ဆိုရင် **ယံ ယဉ္ဟိ လောကသ္မိမုပါဒိယန္တိ, တေနေဝ မာရော အန္ဒေတိ ဇန္တုံ** အတွယ်ရှိတဲ့နေရာဟာ ခန္ဓာ ရောက်လာတာပဲတဲ့။ ဒါကြောင့်မို့ အစွဲရှိရာ ခန္ဓာလာတယ်၊ ဘယ်ကိုစွဲတာလဲ စွဲတဲ့နေရာမှာ ဖြစ်မှာပဲ။ ဒါကြောင့်မို့ ဘယ်ကိုမှ မစွဲနဲ့တဲ့၊ ဘယ်ကိုမှ မတွယ်နဲ့၊ တွယ်ရင်လာလိမ့်မယ်၊ ခန္ဓာလာလိမ့်မယ်၊ ဒါပြောတာနော်။

**တေနေဝ မာရော အန္ဒေတိ ဇန္တုံ** ဒီနေရာမှာ **မာရော** ဆိုတဲ့စကားလုံးက ခန္ဓာကို ရည်ညွှန်းတာ၊ ခန္ဓာလာပြီ ဆိုလို့ရှိရင် ကိလေသာတွေလည်း လာပြီ၊ ကံလည်း လာပြီပေ့ါ၊ **ခန္ဓမာရ၊ ကိလေသမာရ၊ အဘိသင်္ခါရမာရ** ဒါတွေ အကုန်လာပြီလို့ ပြောတာ၊ စွဲလမ်းတဲ့နေရာမှာ သူဖြစ်တယ်၊ လူဆိုတာဟာ အစွဲရှိရာ ဖြစ်တတ်တယ်၊ ဒါကြောင့်မို့ ဘယ်ကိုမှ မစွဲနဲ့တဲ့။

အစွဲဖြုတ်ဖို့အတွက် အနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာမထေရ်မြတ်က တရားဟောပြီး တစ်ခုချင်း တစ်ခုချင်း ဖြုတ်သွားတာနော်၊ မျက်စိပေါ်မှာလည်း မစွဲနဲ့တဲ့၊ ရူပါရုံအဆင်းတွေ အပေါ်မှာလည်း မစွဲနဲ့တဲ့၊ မျက်စိနဲ့ မြင်တဲ့အဆင်း ဒီနှစ်ခုဆုံမိလို့ မြင်သိစိတ်ကလေးပေါ်လာတယ်၊ အဲဒီအပေါ်မှာလည်း မစွဲနဲ့တဲ့၊ မြင်သိစိတ်၊ ဒီ ၃-ခုဆုံလို့ ပေါ်လာတဲ့ အာရုံနဲ့စိတ်ကို ဆက်သွယ်ပေးတဲ့ ဖဿအပေါ်လည်း မစွဲနဲ့တဲ့၊ ဖဿကြောင့် ဖြစ်လာတဲ့ ဝေဒနာအပေါ်မှာလည်းမစွဲနဲ့၊ ဖြစ်ပေါ်လာတဲ့ တဏှာ အပေါ်မှာလည်း မစွဲနဲ့၊ ဘယ်မှမစွဲနဲ့လို့ ဆိုလိုတယ်၊ တဏှာ

https://dhammadownload.com



ကလည်း တဏှာပေါ် ပြန်စွဲသေးတာပဲနော်၊ ဘယ်ကိုမှ မစွဲရဘူးလို့ဆိုတယ်၊ အကုန်လုံးရှိသမျှအစွဲတွေ အကုန်ဖြုတ်လိုက်တာ၊ အနာထပိဏ်သူဌေးကြီးကို အစွဲတွေအကုန်ဖြုတ်ပေးထားတယ်။

အဲဒီတုန်းက နောက်ဆုံးအချိန်မှာ အစွဲတွေ အကုန်ဖြုတ်ပေးတော့ အနာထပိဏ်သူဌေးကြီး ငိုတယ် မဟုတ်လား၊ **အနာထပိဏ္ဍိကောဝါဒ** "အစွဲဖြုတ်တရား"နာပြီး ဘာဖြစ်လို့ငိုတာတုန်း လို့ဆိုရင် အစွဲမပြုတ်သေးလို့ ငိုတာပေါ့နော်၊ ဒီတရားမျိုး ခုမှနာရတယ်ပေါ့၊ နောက်ကျနေပြီ၊ အရင်တုန်းကတော့ မြတ်စွာဘုရားက သူ့ကို ဒါနတရားချည်းပဲဟောတယ်၊ ဒီတရားမျိုး မဟောဘူး၊ ဘာလို့ မဟောတာတုန်းဆိုတော့ လူဆိုတာ သံယောဇဉ်တွေများတယ်၊ အစွဲဖြုတ်တရား ဖိဟောလို့မဖြစ်ဘူး၊ မစွန့်နိုင်သေးဘူး။

မြတ်စွာဘုရားက အစွဲရှိရာ ခန္ဓာလာတယ်တဲ့။ **ယံ ယဉ္ဟိ လောကသ္မိမုပါဒိယန္တိ , တေနေဝ မာရော အန္ဒေတိ ဇန္တုံ** တဲ့၊ အစွဲရှိတဲ့နေရာမှာ သတ္တဝါတွေရှိတယ်၊ သတ္တဝါတွေရဲ့နောက် ခန္ဓာဟာ ရောက်လာတတ်တယ်၊ ဘယ်နေရာစွဲစွဲ စွဲတဲ့နေရာ သွားဖြစ်တတ်တယ်၊ ဒါကြောင့်မို့ အစွဲကိုဖြုတ်ဖို့ ဟောတာ။

**"တသ္မာ ပဇာနံ န ဥပါဒိယေထ၊**
**ဘိက္ခု သတော ကိဉ္စနံ သဗ္ဗလောကေ။**
**အာဒါနသတ္တေ ဣတိ ပေက္ခမာနော၊**
**ပဇံ ဣမံ မစ္စုဓေယျေ ဝိသတ္တံ။"**

https://dhammadownload.com



စွဲနေပြီဆိုရင် အိုခြင်း နာခြင်း သေခြင်း ဆိုတာက ဘယ်တော့မှ မလွတ်ဘူး၊ အိုခြင်း နာခြင်း သေခြင်းနဲ့ ဆက်စပ်နေမှာပဲ။ အစွဲမပြတ်သေးသမျှ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်၊ စွဲတဲ့နေရာ ခန္ဓာလာမှာကိုး။ ခန္ဓာရှိနေသေးသမျှ သေမှာပဲ၊ ဘယ်နေရာပဲဖြစ်ဖြစ်၊ ဘယ်လောက်သေးတဲ့ ခန္ဓာပဲဖြစ်ဖြစ်၊ ကမြင်းနီရဲ့ခန္ဓာ ဘယ်လောက်ပဲသေးသေး၊ ဆင်ကြီးခန္ဓာ ဘယ်လောက်ပဲကြီးကြီး၊ ကြီးကြီး သေးသေး သေမှာပဲ၊ ဘယ်လို ခန္ဓာမျိုးပဲရှိရှိ၊ ရှိသမျှခန္ဓာဟာ နောက်ဆုံးမှာ အိုခြင်း သေခြင်းဆိုတာနဲ့ ကင်းတဲ့ခန္ဓာ မရှိဘူး၊ ဒီလိုပြောတာနော်။ ဒါကြောင့်မို့ အစွဲကို ဖြုတ်နိုင်ရမယ်တဲ့။

ဒီတရားကို ဟောလိုက်တော့ **ဘဒြာဝုဓ** ဟာ သူ့ရဲ့ သဒ္ဓါ စွမ်းအားတွေနဲ့ မြတ်စွာဘုရားဟောတဲ့ တရားအပေါ်မှာ လုံးဝ လက်ခံတယ်။ အနိစ္စ ဒုက္ခ အနတ္တဆိုတာတွေကို ဆုံးဆုံးဖြတ်ဖြတ် ပိုင်ပိုင်နိုင်နိုင်ကြီးသိတယ်၊ သဒ္ဓါစွမ်းအားဆိုတာ ဒီနေရာမှာ ကံ, ကံ၏ အကျိုးကို ယုံကြည်တာတို့ လှူတာတန်းတာတို့ကို ပြောတာ မဟုတ်ဘူး၊ အနိစ္စကို အနိစ္စလို့ ဆုံးဖြတ်ချက်ချနိုင်တာလည်း သဒ္ဓါလို့ ဆိုလိုတယ်၊ ဒုက္ခကို ဒုက္ခလို့ စိတ်မှာဆုံးဖြတ်နိုင်တယ်၊ ဒါကြောင့်မို့လို့ သဒ္ဓါဆိုတာကို တစ်ခါတရံ အဓိမောက္ခ ဆုံးဖြတ်ချက်လို့ ပြောတာ၊ ယုံကြည်ချက်နဲ့ ဆုံးဖြတ်ချက်ဆိုတာ၊ ယုံကြည်မှုဆိုတာ တစ်ချို့နေရာမှာ လုံးဝကို ဆုံးဖြတ်သွားတာ၊ Resolution ကို တစ်ခါတစ်ခါကျတော့ သဒ္ဓါလို့ခေါ်တယ်၊ ဒီနေရာမှာလည်းပဲ သဒ္ဓါတရားဆိုတာ ရှိရမယ်၊ ယုံကြည်မှု၊ ဒါ မှန်တယ်၊ ဒါ လုပ်သင့်

https://dhammadownload.com



တယ်လို့ ဆုံးဖြတ်ချက်ချတာ၊ ဒါ ယုံကြည်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သဒ္ဓါနဲ့ဆုံးဖြတ်ချက်လို့ခေါ်တယ်။

ဒါကြောင့်မို့ သဟမ္ပတိဗြဟ္မာကြီးက တရားတောင်းပန်တဲ့ အခါ မြတ်စွာဘုရားက **“ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ”** “ပညာနားရှိတဲ့ပုဂ္ဂိုလ်တွေ ယုံကြည်ချက်ဆုံးဖြတ်ချက်ကိုထားကြ” လို့ ဒီလိုပြောတာ၊ မယုံကြည်ရင် တရားနာမှာ မဟုတ်ဘူးလေ၊ မယုံကြည်ရင်လည်းလုပ်မှာမဟုတ်ဘူး၊ ဒါကြောင့်မို့ ယုံကြည်ချက် ကို စေလွှတ်ထားကြ၊ ခိုင်ခိုင်မာမာယုံကြည်ချက်ရှိကြလို့ ဒီလို ဆိုလိုတယ်။

အခုလည်းပဲ **ဘဒြာဝုဓ** က သဒ္ဓါကောင်းတဲ့လူဖြစ်လို့ ယုံကြည်ချက်ထားတာ၊ မြတ်စွာဘုရားက သူဟာ သဒ္ဓါစွမ်းအား တွေ အသိဉာဏ်တွေနဲ့ ဒီလိုနဲ့ ကိလေသာအာသဝေါတွေ ကင်းပြီး တော့ မြတ်စွာဘုရားဟောလိုက်တဲ့ ဒီတရားတိုတိုလေးအပေါ်မှာ သဘောပေါက်သွားတယ်။ နဂိုကလည်း စင်ကြယ်ပြီး အသိဉာဏ် ရှိတဲ့ ပုဂ္ဂိုလ်, သဒ္ဓါထက်တဲ့ပုဂ္ဂိုလ် ဖြစ်သည့်အတွက်ကြောင့် ဝိပဿနာဉာဏ် အဆင့်ဆင့်တက်လို့ နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ် အထိအောင်ရောက်ပြီး ရဟန္တာဖြစ်သွားတယ်တဲ့။

ဒီဂါထာအဆုံးမှာ ဘဒြာဝုဓဟာ သူ့ရဲ့ တပည့်တစ်ထောင် နဲ့ အတူတကွ ရဟန္တာ ဖြစ်သွားပြီးတော့ ရသေ့အသွင်ကနေ ရဟန်းအသွင် ရောက်သွားတယ်တဲ့။ ဒါက ၁၂-ယောက်မြောက် ဘဒြာဝုဓရဲ့ အမေးနဲ့ ပတ်သက်တဲ့စကား။

https://dhammadownload.com



## ဥဒယ၏ အမေးကို ဖြေဆိုခြင်း

၁၃-ယောက်မြောက်က ဥဒယ၊ အဲဒီ ဥဒယရဲ့အမေးကို လည်း မြတ်စွာဘုရားကဖြေတယ်၊ ဥဒယက သာမန်ပုဂ္ဂိုလ်မဟုတ် ဘူး၊ သမထကျင့်စဉ်ကိုကျင့်လို့ ရူပဈာန်ထဲက စတုတ္ထဈာန်အထိ အောင် ပေါက်ရောက်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဆိုတော့ ရူပဈာန် အမြင့်ဆုံးကို ရ,ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်။

ဒါကြောင့်မို့ မြတ်စွာဘုရားကို ယုံကြည်တာနဲ့ပတ်သက်ပြီး သူက ဘုရားကို ဂုဏ်ပြုတဲ့အခါမှာ **ဈာယိံ-** ဈာန်တွေ အားလုံး ရပြီးသား ဘုရားလို့ ယုံကြည်တယ်၊ **ဝိရဇမာသီနံ-** ကိလေသာ ဆိုတဲ့ မြူတွေ၊ အညစ်အကြေးတွေ ကင်းပြီးတော့နေတယ်၊ **ကတကိစ္စ** - လုပ်စရာရှိတာတွေအားလုံး လုပ်ပြီးပြီ၊ **အနာသဝ-** မျက်စိကဖြစ်စေ နားကဖြစ်စေ နှာခေါင်းကဖြစ်စေ လျှာကဖြစ်စေ ကိုယ်ကဖြစ်စေ စိတ်ကဖြစ်စေ ကိလေသာ အာသဝတွေ ယိုစီး လာမှု, ဝင်ရောက်လာမှုတွေ မရှိတော့ဘူးတဲ့။ အကုသိုလ်တွေ ဖြစ်လာမှုတွေ မရှိတဲ့ **ပါရဂုံ သဗ္ဗဓမ္မာနံ-** တရားခပ်သိမ်းပေါ်မှာ ပါရဂူမြောက် တစ်ဖက်ကမ်းပေါက်အောင်သိတဲ့ပုဂ္ဂိုလ်လို့ လက်ခံ ထားတယ်။ အရှင်ဘုရားထံမှာ ဒါတွေကိုသိချင်လို့ တပည့်တော် တို့ မေးခွန်းပုစ္ဆာတွေနဲ့ အရှင်ဘုရားဆီကို ရောက်လာပါတယ်တဲ့။

သူမေးချင်တာကတော့ဘာလဲလို့ဆိုရင် အဝိဇ္ဇာကို ချေဖျက် နိုင်တဲ့ **"အညာဝိမောက္ခ"**၊ "အညာဝိမောက္ခ" ဆိုတာ အရဟတ္တ

https://dhammadownload.com



ဖိုလ်ဖြင့် လွတ်မြောက်ခြင်း၊ အရဟတ္တဖိုလ်လို့ဆိုတဲ့ လွတ်မြောက်မှုလို့ ဒီလိုဆိုတယ်၊ အခြေခံအားဖြင့် ပြောမယ်ဆိုလို့ရှိရင် အညာဝိမောက္ခ ဆိုတာ သိပြီးတော့ လွတ်မြောက်တာ၊ အသိဉာဏ်နဲ့ လွတ်မြောက်မှုတွေကို အညာဝိမောက္ခ၊ ရိုးရိုးဝိမောက္ခ မဟုတ်ဘူး, အညာဝိမောက္ခ၊ ပိုင်ပိုင်နိုင်နိုင်သိပြီးတော့ အရဟတ္တဖိုလ်ဉာဏ်ဖြင့် လွတ်မြောက်မှု။

"ဝိမောက္ခ" တို့ "မောက္ခ" တို့ဆိုတဲ့ စကားလုံးတွေဟာ ဘာသာဂိုဏ်းတွေအားလုံးကသုံးတဲ့ စကားလုံးပဲ။ သူတို့က မောက်သျှလို့ခေါ်တယ်၊ မောက်သျှဆိုတာ Freedom, Liberation ပေါ့၊ အဲဒီ Freedom, Liberation, မောက်သျှလို့ ခေါ်တဲ့ဟာ ဒီနေရာမှာ အညာဝိမောက္ခ၊ တကယ့်ကို အမှန်တရားကို သိပြီးတော့ လွတ်မြောက်မှုလို့ ဒီလိုဆိုလိုတယ်။ အဲဒီ အမှန်တရားကို သိပြီး လွတ်မြောက်မှုဟာ သိတယ်ဆိုကတည်းက မသိမှုဆိုတဲ့ အဝိဇ္ဇာကို ဖြိုချပြီးသား ဖြစ်တယ်ပေါ့၊ "မသိမှု အဝိဇ္ဇာ ဆိုတာကို ဖြိုချဖျက်ဆီးနိုင်တဲ့ အကောင်းဆုံး အမြင့်ဆုံး အညာဝိမောက္ခကို ရှင်းပြပေးပါ" တဲ့၊ ဒါ ဥဒယရဲ့မေးခွန်း။

ဒီတော့ မြတ်စွာဘုရားက **အညာဝိမောက္ခ** ဆိုတာနဲ့ ပတ်သက်ပြီး အခြေခံက စပြောတယ်။

**ပဟာနံ ကာမစ္ဆန္ဒာနံ-** နှစ်သက်စရာအာရုံ လိုချင်စရာအာရုံတွေကို လိုချင်တဲ့ တဏှာကို ဖယ်ရှားတာဟာလည်း **အညာဝိမောက္ခ** ပဲတဲ့၊ သိပြီးတော့ လွတ်မြောက်တာပဲလေ၊

https://dhammadownload.com



ဒါလည်း ဘယ်ကလွတ်တာတုန်းဆိုတော့ ကာမဂုဏ်အာရုံတွေကို လိုချင်တဲ့တဏှာကို ဖယ်ရှားလိုက်ရင် ကာမစ္ဆန္ဒမှ လွတ်မြောက်မသွားဘူးလား၊ အကုန်လုံးက လွတ်တာတော့ မဟုတ်ဘူး။ ဒါပေမယ့်လို့ ကာမဂုဏ်အာရုံတွေက လွတ်သွားတာပဲ၊ လိုချင်တဲ့တဏှာကို ဖယ်ရှားလိုက်တယ် ဆိုလို့ရှိရင် ကာမဂုဏ်အာရုံတွေက သူဟာ လွတ်သွားပြီ။

**ဒေါမနဿာန စူဘယ်** - ဒေါမနဿဆိုတာ လူတွေက ရလို့ရှိရင် ပျော်တယ်၊ မရရင် ဝမ်းနည်းတယ်၊ အဲဒီ ကိုယ့်အလိုကျ မဖြစ်လို့ ဝမ်းနည်းကြေကွဲမှုဆိုတဲ့ ဒေါမနဿ၊ မုန်းတီးရွံရှာမှုဆိုတဲ့ ဒေါသ၊ အဲဒါကိုလည်း ဖယ်ရှားလိုက်နိုင်ပြီဆိုရင် ဒေါသ ဒေါမနဿက လွတ်သွားပြီလို့ပြောရတာပဲ၊ သူ့စိတ်လေးက ဒေါသ ဒေါမနဿကလွတ်သွားတယ်၊ အဲဒါ သိလို့လွတ်တာပဲ၊ မသိဘဲနဲ့လွတ်တာ မဟုတ်ဘူး၊ သိပြီးတော့လွတ်တဲ့ အလွတ်ကို ပြောတာ။

နောက်တစ်ခါ **ထိနဿ စ ပနူဒနံ** တဲ့၊ စိတ်ရဲ့ အလုပ်မဖြစ်မှု၊ စိတ်ရဲ့ပျော့ညံ့မှု၊ တွန့်ဆုတ်မှုကို **ထိန** လို့ ခေါ်တာ၊ စိတ်ရဲ့တွန့်ဆုတ်မှုဆိုတာ ကောင်းတဲ့ဘက် အလုပ်လုပ်ရမှာ စိတ်ဟာ ထက်သန်မှုမရှိဘူး၊ အားတက်မှု မရှိဘူးနော်၊ ကမ္မဋ္ဌာန်းအားထုတ်ရင်လည်းပဲ ထက်သန်မှုမရှိဘူး၊ တရားနာရင်လည်း ထက်သန်မှုမရှိဘူး၊ ကုသိုလ်ကောင်းမှုလုပ်ဖို့ရာ စိတ်က မထက်သန်ဘူး။

https://dhammadownload.com



ကဲ- ကြည့်ပေါ့နော်၊ ရုပ်ရှင်ကောင်းကောင်း ကြည့်ချင်တဲ့သူက ရုပ်ရှင်သွားဖို့ရာ စိတ်ထက်သန်တယ်၊ အဲဒီလို တရားကျတော့ ထက်သန်ရဲ့လားပေါ့။ ကိုယ့်ဟာကိုယ်နော်၊ ထက်သန်တဲ့ပုဂ္ဂိုလ်ရှိတယ်၊ မထက်သန်တဲ့ပုဂ္ဂိုလ်ရှိတယ်ပေါ့၊ အဲဒါ မထက်သန်ဘူး၊ စိတ်ဟာ တွန့်ဆုတ်လာတယ်ဆိုရင် **ထိန** ဖြစ်တာ၊ အိပ်ချင်မှ ထိနမဟုတ်ဘူး၊ ကောင်းတဲ့အလုပ်မှ စိတ်ဟာ တွန့်ဆုတ်လာတယ်၊ စိတ်မပါဘူး ဖြစ်ရတာဟာ ဒါက **ထိန** ပဲ။

မိဒ္ဓကျတော့ အိပ်ပျော်သွားတာပေါ့နော်၊ ဒါကို ထိနမိဒ္ဓတွဲသုံးထားတာ၊ စိတ်က အရင်တွန့်ဆုတ်တာလေ၊ စိတ်တွန့်ဆုတ်လာတဲ့အခါကျတော့ ရုပ်ခန္ဓာကပါ ပါလာတယ်၊ တရားကိုသဘောကျလို့ ခေါင်းညိတ်တယ်လို့ မအောက်မေ့နဲ့၊ ငိုက်တာ၊ အဲဒါမျိုး ဖြစ်သေးတယ်နော်။ အဲဒီတော့ ထိနကိုဖယ်ရှားနိုင်ခြင်းဟာလည်းပဲ **အညာဝိမောက္ခ** ပဲ။

စိတ်ဟာ အမြဲတမ်း လန်းဆန်းနေတယ်၊ တရားမေ့မှနဲ့တွေ့ရင် စိတ်လေးကကြည်နူးပြီး ကြည်လင်လန်းဆန်းနေတယ်၊ ဘယ်သူနဲ့ လန်းဆန်းတာတုန်းဆိုတော့ သမာဓိစွမ်းအားတွေတို့ ဝီရိယစွမ်းအားတွေတို့ သတိစွမ်းအားတွေနဲ့ စိတ်ကလေးက အမြဲတမ်း လန်းဆန်းနေတာ၊ အဲဒီလို လန်းဆန်းနေရမယ်တဲ့၊ အဲဒီလို လန်းဆန်းနေလို့ရှိရင်လည်း **အညာဝိမောက္ခ** ပဲတဲ့။

နောက်တစ်ခုက **ကုက္ကုစ္စာနံ နိဝါရဏံ**၊ လူတွေဟာ စိတ်ထဲမှာ တစ်ခုခုလုပ်ပြီးရင် (သို့မဟုတ်) လုပ်ရဲ့သားနဲ့မဖြစ်ရင် စိတ်

https://dhammadownload.com



ထဲမှာ ပူပန်တာလေးတွေ ဖြစ်တတ်တယ်ပေါ့၊ အဲဒီပူပန်မှု ဆိုတဲ့ ကုက္ကုစ္စ remorse worries ဆိုတာတွေ မရှိဘူး၊ စိတ်ဟာ ကြည်လင်နေတယ်၊ အေးမြနေတယ်၊ ဒီ ကုက္ကုစ္စကို ဖယ်ရှားနိုင်လို့ ရှိရင်လည်း **အညာဝိမောက္ခ** ပဲတဲ့။ ပြောလိုရင်းက နီဝရဏ တရားတွေကို ဖယ်ရှားတဲ့အကြောင်းကို ပြောပြတာပေါ့။

နောက်တစ်ခါ **ဥပေက္ခာသတိသံသုဒ္ဓိ**-စတုတ္ထဈာန် ရလာတဲ့အခါမှာ သူ့သန္တာန်မှာဖြစ်လာတဲ့ဥပေက္ခာကို တတြမဇ္ဈတ္တတာ စေတသိက်လို့ ခေါ်တယ်၊ သဘာဝတရားတွေကို တစ်ညီတည်း ဟန်ချက်ညီညီ အလုပ်လုပ်အောင် ဥပေက္ခာက ထိန်းထားတာ၊ ဘယ်တရားမှ လျော့ကျမသွားဘူး၊ ဆိုပါစို့ - ဝီရိယ တက်လာပြီး ဝီရိယလွန်နေလို့ရှိရင် သမာဓိမရဘူး၊ သမာဓိလွန်ပြီး ဝီရိယလျော့ နေမယ်ဆိုရင် ထိနမိဒ္ဓ ဖြစ်တယ်၊ ဝီရိယလွန်နေရင်လည်း ဥဒ္ဓစ္စ ဖြစ်တယ်၊ balance မဖြစ်ဘူးဆိုလို့ရှိရင် တစ်ခုခု လွဲချော်နေတတ် တယ်။

ကြည့်လေ- မြားက ပစ်ဖို့ချိန်တဲ့အခါမှာ စိတ်က သိပ် လှုပ်ရှားနေလို့ရှိရင် ပစ်မှတ်လွဲသွားတာရှိတယ်လေ၊ စိတ်လေးကို ငြိမ်နေမှ၊ excitement တွေ သိပ်မဖြစ်ဘဲနဲ့ စိတ်ကိုငြိမ်ငြိမ်ထားပြီး အလုပ်လုပ်တဲ့သူတွေဟာ ဒီလိုလုပ်ကြရတယ်၊ စိတ်ကိုငြိမ်အောင် ထားနိုင်မှ ပစ်မှတ်ကို မှန်အောင် ပစ်နိုင်တယ်။ အဲဒါလိုပဲ အသိဉာဏ်ရဖို့ စိတ်ကိုငြိမ်အောင်ထားနိုင်ရမယ်။

စတုတ္ထဈာန် ရလာပြီ ဆိုလို့ရှိရင် တတြမဇ္ဈတ္တတာ စေတသိက်ရဲ့စွမ်းအား ကြီးထွားလာသည့်အတွက်ကြောင့် သတိ

https://dhammadownload.com



ဟာ စင်ကြယ်လာတယ်၊ သူများနဲ့မတူဘူး၊ သတိဟာ သိပ်ချိန်သား ကိုက်လာတယ်၊ အာရုံတွေပေါ်မှာ လွဲချော်သွားတာမရှိအောင် ချိန်သားကိုက်လာတယ်၊ အဲဒီလို သတိစင်ကြယ်လာတဲ့ အနေ အထားမျိုး စတုတ္ထဈာန်ရဲ့ အရည်အသွေးကို ရနိုင်တယ်။ ရလာ လို့ရှိရင်လည်း **အညာဝိမောက္ခ** ပဲတဲ့၊ သုခ ဒုက္ခတွေက လွတ်သွား တယ်။

**ဓမ္မတက္က ပူရေဇဝံ-** မဂ္ဂင် ၈-ပါးမှာဆိုလို့ရှိရင် ဓမ္မတက္က ဆိုတာ တရားနဲ့ပတ်သက်တဲ့ တွေးတောကြံစည်မှု၊ တွေးတော ကြံစည်မှုလို့ ဆိုပေမယ့် တွေးတောကြံစည်လို့ရှိရင် အမြင်လည်း ရှိတယ်၊ ဒါကြောင့်မို့ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကို ပညာမဂ္ဂင်လို့ ခေါ်တာ၊ ဒီ ၂-ခုက တွဲထားတာ၊ တွဲထားတာ အဓိပ္ပါယ်ရှိတယ်၊ မတွေးရင် မသိဘူး၊ တွေးမှသိတယ်၊ အဲဒီတော့ အတွေးနဲ့ အသိ ဆိုတာ တွဲနေရတာပေါ့။

ကြည့်လေ-လူတွေဟာ တစ်စုံတစ်ခုသိချင်ရင် ခေါင်းကုတ် ပြီး စဉ်းစားတာ မဟုတ်လား၊ ခေါင်းကုတ်တော့ ခေါင်းထဲက ထွက်လာတာတော့ မဟုတ်ဘူးပေါ့နော်၊ တစ်ခုခု မေးခွန်းထုတ်ပြီ ဆိုရင် ခေါင်းကုတ်ပြီး စဉ်းစားတာ၊ အဲဒီလို စဉ်းစားပြီဆိုရင် အမြင်ဆိုတာ ထွက်လာတတ်တယ်၊ ဒါကြောင့်မို့ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ Right understanding and Right thought တွဲထား တာ။

**ဓမ္မတက္က ပူရေဇဝံ-** အလုပ်လုပ်တိုင်း အလုပ်လုပ်တိုင်းဟာ မှန်ကန်စွာ တွေးတောမှုဟာ အရေးအကြီးဆုံးပဲ၊ ကြည့်လေ-

https://dhammadownload.com



ဘာလုပ်လုပ် စဉ်းစားတာဟာ အရင်လာတယ် မဟုတ်လား၊ **ပုရေစရံ** ဆိုတာရှေ့ပြေး၊ ရှေ့ကသွားရတာ၊ တရားနဲ့ပတ်သက်လာလို့ရှိရင် **ဓမ္မတက္က** - တရားနဲ့ ပတ်သက်ပြီးတော့ ကြံစည်မှုဟာ ရှေ့ပြေးပဲတဲ့၊ ဝိပဿနာကျင့်စဉ်ပဲ အားထုတ် အားထုတ်၊ ဒီ မှန်မှန်ကန်ကန် စဉ်းစားတတ်မှုဟာ အရေးကြီးသည့်အတွက် သူဟာ ရှေ့ပြေးဖြစ်တယ်၊ ရှေ့ဆောင်ဖြစ်တယ်၊ အဲဒီကျင့်စဉ် မဂ္ဂင် ၈-ပါး အကျင့်တရားကို ကျင့်နိုင်လို့ရှိရင်လည်း **အညာ-ဝိမောက္ခ** ပဲတဲ့။

အဲဒီ **အညာဝိမောက္ခ** ဟာ နောက်ဆုံးအဆင့်ရောက်တဲ့ အခါ အရဟတ္တဖိုလ်ပေါ့။ **အညာ** ဆိုတာ အရဟတ္တဖိုလ်ပေါ့၊ ဘာဖြစ်လို့ အရဟတ္တဖိုလ်ကို **အညာ** လို့ ခေါ်ရတာလဲဆိုတော့ **အာ-ညာ** အောက်ကဉာဏ်တွေ သိခဲ့တဲ့ အပိုင်းအခြားအတိုင်း သိတာ၊ ပိုပြီးရှင်းသွားတာပဲရှိတယ်၊ သူက ကျော်သိတာ မဟုတ်ဘူး နော်၊ သောတာပတ္တိမဂ်က သိလာတဲ့ သစ္စာကို သကဒါဂါမိမဂ်က ထပ်သိတယ်၊ အနာဂါမိမဂ်က ထပ်သိတယ်၊ အရဟတ္တမဂ်က ထပ်သိတယ်၊ သူသိတာ အောက်ကသိထားတဲ့ အပိုင်းအခြား အတိုင်းပဲသိတာ၊ သောတာပတ္တိမဂ်တုန်းက သစ္စာ ၄-ပါးပဲ သိတယ်၊ သူ့ကတော့ သစ္စာ ၅-ပါး ဒီလိုသိသွားတာပြောတာ မဟုတ်ဘူး၊ ဒီ ၄-ပါးအပေါ်မှာ အသိဟာ ရှင်းရှင်းသွားတာ။

အချို့လူတွေ ပြောကြတယ် မဟုတ်လား၊ တရားနာလိုက်တဲ့အခါမှာ တစ်ခါတည်း နားမလည်ဘူး၊ ၂-ခါ၊ ၃-ခါ၊ ၄-ခါ၊ ၅-ခါ ထပ်နာလိုက်တဲ့အခါ ပိုပို ရှင်းသွားတယ်လို့ ပြောကြတယ်၊

https://dhammadownload.com



ပညာရပ် တစ်ခုဟာလည်း ထို့အတူပဲ၊ စာအုပ်တစ်အုပ်ဟာ တစ်ခါဖတ်ရင် သိပ်မရှင်းဘူး၊ ဖတ်ရင်းဖတ်ရင်းနဲ့ ရှင်းသွားတယ်၊ နောက်တစ်ခါဖတ်၊ နောက်တစ်ခါဖတ်၊ အကြိမ်ကြိမ် အထပ်ထပ် ဖတ်တဲ့အခါ ပိုရှင်းသွားတယ်ဆိုတာ လူတွေ ခံစားမိကြမှာပါ။ အဲဒါမျိုးကိုဆိုတာ။

**အညာဝိမောက္ခ** ပိုင်းခြားသိသိလာပြီးတော့ လွတ်မြောက်သွားတာတဲ့၊ အရဟတ္တဖိုလ်ကိုပြောတာ၊ အဲဒီ အရဟတ္တဖိုလ်ဟာ **အဝိဇ္ဇာယ ပဘေဒနံ** မသိခြင်းဆိုတာကို လုံးဝဖောက်ခွဲဖျက်ဆီး ပစ်နိုင်တယ်။ ဒီလိုပြောတာနော်၊ အေး- သူသိချင်တဲ့ အညာ-ဝိမောက္ခကို မြတ်စွာဘုရားက နီဝရဏတရားတွေကို ဖယ်ရှား ခြင်း၊ မဂ္ဂင် ၈-ပါး အကျင့်တရားကို ကျင့်ခြင်းဖြင့် နောက်ဆုံးမှာ အဝိဇ္ဇာကို ဖယ်ရှားနိုင်လို့ ရလာတဲ့ **အညာဝိမောက္ခ** ကို မြတ်စွာ ဘုရားက ဖြေကြားလိုက်တယ်။

သူက မေးခွန်းတွေဆက်မေးပြန်တယ်၊ **ကိံသု သံယော-ဇနော လောကော** လောကကြီးကို ဘာက ချည်နှောင်ထားသလဲ၊ **ကိံသု တဿ ဝိစာရဏံ-** အာရုံပေါ်မှာ ဘာက ကျက်စားနေတာလဲ၊ **ကိဿဿ ဝိပ္ပဟာနေန၊ နိဗ္ဗာနံ ဣတိ ဝုစ္စတိ-** ဘာကို ဖယ်ရှားရင် နိဗ္ဗာန်လို့ခေါ်မလဲ၊ သူမေးတဲ့ မေးခွန်း ၃-ခုနော်၊ အဲဒီ မေးခွန်း ၃-ခု သူ ထပ်ပြီးတော့မေးတယ်၊ လောကကြီးကို ဘာကချည်နှောင် နှောင်ဖွဲ့ထားသလဲ။

ဒီမေးခွန်းကို မေးတော့ မြတ်စွာဘုရားက ဖြေတယ်၊ **"နန္ဒိသံယောဇနော လောကော"** တဲ့၊ လောကကြီးကို နှစ်သက်မှု

https://dhammadownload.com



တွယ်တာမှု နန္ဒီဆိုတဲ့ တဏှာရာဂက ချည်နှောင်ထားတယ်၊ ဟုတ်တယ်။

လူတွေက ကိုယ့်ကိုယ်ကို ထင်နေကြတယ်၊ တို့တတွေက တော့ လွတ်လပ်တယ်၊ နှောင်ကြိုးမရှိဘူး လွတ်လပ်တယ်၊ သို့သော် သူ့စိတ်ကလေးကို ဘာနဲ့ ချည်ထားတုန်းဆို သူ့အိမ်နဲ့ လည်း ချည်ထားတယ်၊ သူ့ပစ္စည်းတွေနဲ့လည်း ချည်ထားတယ်၊ အိမ်ထောင်ရှိရင် အိမ်ထောင်ရေးနဲ့လည်းချည်ထားတယ်၊ အကုန် ချည်ထားတာလေ၊ ဘယ်သွားသွား ဒီပြန်လာမှာပဲ၊ သေချာတယ်၊ နိုင်ငံခြားသွား အလုပ်လုပ်လည်း ပြန်လာတာပဲ ဒီကို၊ ဘယ်သွား လုပ်လုပ်၊ တစ်ခါတစ်လေတော့လည်း ကြိုးကတစ်ချောင်းကနေ တစ်ချောင်း ပြောင်းတတ်တာလည်း ရှိတာပဲနော်။ သို့သော် "နှောင်ကြိုးမဲ့"တော့ မဟုတ်ဘူး၊ နှောင်ကြိုးက ရှိနေတာပဲ၊ ဘယ် နေရာသွားသွား နှောင်ကြိုးနဲ့နော် ဟုတ်ကဲ့လား၊ ကိုယ့်ကိုချည်ထား မှန်းတောင် မသိဘူး၊ လွတ်လပ်တယ်လို့ ထင်နေတာ သူက၊ I am free ပေါ့၊ ဘယ် freedom ရှိမလဲ၊ သူဟာ ချည်ထားခံနေရ တာပဲ၊ သူ့နှစ်သက်မှုတဏှာက သူ့ကို ချည်ထားတာ။

နောက်တစ်ခါ သူ့စိတ်က ဘာတွေနဲ့ ကျက်စားနေသလဲ ဆိုရင် အတွေးတွေနဲ့ ကျက်စားနေတာ၊ ဟုတ်တယ်၊ လူတွေက အတွေးတွေနဲ့ပဲ နေနေကြတာလေ၊ တော်ကြာဘာဖြစ်တော့မယ် ဆိုတဲ့အတွေး၊ ကာမဝိတက်ဆိုတဲ့ အတွေးတွေ၊ ကာမဂုဏ် အာရုံတွေနဲ့ ပတ်သက်တဲ့ စိတ်ကူးစိတ်သန်းတွေ၊ **ဗျာပါဒ**ဝိတက် ဆိုတဲ့ ဒေါသထွက်လို့ရှိရင် တွေးတာပဲ၊ **ဝိဟိံသာ** ဝိတက်-

https://dhammadownload.com



ဒေါသထွက်လို့ မထိန်းနိုင်လို့ သတ်ချင်ဖြတ်ချင်လာပြီဆိုရင်လည်း တွေးတာပဲ၊ အဲဒီအတွေးတွေနဲ့ လူတွေဟာ ကျင်လည်နေတာ၊ ဒါတွေဟာ မကောင်းတဲ့အတွေးတွေ။

ကောင်းတဲ့အတွေးတွေလည်း တွေးပြန်တာပဲ၊ တရားနာရဦးမယ်၊ ရိပ်သာဝင်ရဦးမယ်၊ **နေက္ခမ္မဝိတက်**နော်၊ သတ္တဝါတွေအပေါ်မှာ မေတ္တာပို့လိုက်ဦးမယ်၊ အများအတွက် ကူညီလိုက်ဦးမယ်၊ **အဗျာပါဒဝိတက်** အများကောင်းကျိုးရအောင် ဆောင်ရွက်ဦးမယ်၊ **အဝိဟိံသာ** ဝိတက်၊ တွေးနေတာပဲလေ။ ဒါကြောင့်မို့ အတွေးဟာ လူတွေရဲ့စိတ်ထဲမှာ ကျက်စားနေတဲ့ အရာတစ်ခုပဲတဲ့။ အဲဒီတော့ နိဗ္ဗာန်ဆိုတာတော့ **တဏှာယ ဝိပ္ပဟာနေန၊ နိဗ္ဗာနံ ဣတိ ဝုစ္စတိ** တဲ့၊ တဏှာကို ဖယ်ရှားလိုက်နိုင်မှ တကယ့်ငြိမ်းချမ်းမှုဆိုတာ ဖြစ်လာနိုင်ပါတယ်တဲ့။

အဲဒီလို မြတ်စွာဘုရားကဖြေတော့ သူက မေးခွန်းတစ်ခု ထပ်မေးပြန်တယ်၊ **"ကထံ သတဿ စရတော၊ ဝိညာဏံ ဥပရုဇ္ဈတိ"** တဲ့၊ သတိကြီးစွာ ထားပြီးတော့ ဘယ်လိုကျင့်ကြံကြိုးကုတ် အားထုတ်မှ ကမ္မဝိညာဏလို့ခေါ်တဲ့ ကံတရားဟာ အပြီးသတ်ချုပ်သွားမလဲ" တဲ့။

ကုသိုလ်ကံ အကုသိုလ်ကံတွေ၊ လူဆိုတာ ကောင်းတာလည်း လုပ်တယ်၊ မကောင်းတာလည်း လုပ်တယ်၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ဝိညာဏတွေဖြစ်တယ်၊ ဒီနေရာမှာ ဝိညာဏ် ဆိုတာ ကံတရားကို ပြောတာ၊ ကုသိုလ်စိတ် အကုသိုလ်စိတ်ကို ပြောတာ၊ **အဘိသင်္ခါရ ဝိညာဏ်**လို့ ခေါ်တယ်၊ **ကမ္မဝိညာဏ**လို့

https://dhammadownload.com



လည်းခေါ်တယ်၊ အဲဒီအဘိသင်္ခါရ ဝိညာဏတွေဟာ ဘယ်လို ကျင့်မှ အားလုံးချုပ်ငြိမ်းသွားသလဲတဲ့၊ အဲဒါ အရှင်ဘုရားဆီက ကြားပါရစေလို့ မြတ်စွာဘုရားကိုလျှောက်တယ်။

မြတ်စွာဘုရားက ဒီလိုဟောလိုက်တယ်၊ **အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ, ဝေဒနံ နာဘိနန္ဒတော-** မင်း အဇ္ဈတ္တမှာဖြစ်တဲ့ အာရုံမှာပဲ ဖြစ်စေ၊ ဗဟိဒ္ဓမှာဖြစ်တဲ့အာရုံမှာပဲဖြစ်စေ ခံစားမှုအားလုံးပေါ်မှာ မတွယ်တာတော့ဘူး၊ မနှစ်သက်တော့ဘူးဆိုရင် ကမ္မဝိညာဏ ချုပ်တယ်။

လောကလူတွေဟာ ခံစားမှုဆိုတဲ့ ဝေဒနာအတွက် အလုပ် လုပ်နေကြတာဆိုတာ သေချာတယ်၊ ခံစားမှုအတွက် လူတွေဟာ ဘာကိုရှာနေတာတုန်းလို့ မေးလို့ရှိရင် Happiness ကို ရှာနေတာ၊ ပျော်ရွှင်မှု ချမ်းမြေ့မှုကိုရှာတာ၊ သုခကို ရှာတာလို့ ပြောရမယ်၊ သုခ သောမနဿကို ရှာနေကြတာ၊ "မဟုတ်ပါဘူး၊ တပည့်တော် တို့ အလုပ်ရှာတာပါ"၊ ဒါဖြင့် မေးကြည့် - အလုပ်က ဘာ အတွက်?၊ အလုပ်က ပိုက်ဆံရတာပေါ့၊ ဒါပေမယ့် ပိုက်ဆံက ဘာလုပ်တာတုန်းဆိုတော့ ပျော်ဖို့ပဲ၊ နောက်ဆုံးကျတော့ ချမ်းချမ်း သာသာနေဖို့ပဲ ဟုတ်တယ် မဟုတ်လား၊ ခံစားမှုကို ရှာကြတာ ချည်းပဲ အကုန်လုံး။

အမေက သားသမီးကို ချစ်တယ်၊ အဖေက သားသမီးကို ချစ်တယ်၊ တစ်ဦးတစ်ဦး ချစ်ကြတယ်ဆိုတာလည်း ပျော်ရွှင်မှု ကြောင့် ချစ်နေကြတာ၊ ပျော်ရွှင်မှုပျက်စီးသွားရင် ချစ်နိုင်ပါ့ဦး မလား၊ မချစ်နိုင်လို့ divorce လုပ်တာတွေ ပြည့်နေတာပဲနော်၊

https://dhammadownload.com



Happiness မပေးနိုင်ဘူးဆိုရင် သွားတော့ပဲ၊ Get out လုပ်ပစ်တာ၊ ဟုတ်လား၊ သူနဲ့နေရလို့ စိတ်ချမ်းသာပြီး ပျော်နေသမျှတော့ လက်ခံနေဦးမှာပဲ၊ မပျော်တော့ဘူး, ကိုယ့်ရဲ့ချမ်းသာမှုတွေကို နှောင့်ယှက်လာပြီဆိုရင် မိဘကလည်း သားသမီးကို အမွေပြတ် ကြေညာလိုက်တာပဲ၊ အဲဒီတော့ သားသမီး ချစ်တယ်ဆိုတာ မဟုတ်ဘူး၊ Happiness ကို ချစ်နေတာ၊ ဟုတ်လား၊ ဘယ်သူ့ရဲ့ happiness လဲဆိုတော့ ကိုယ့်ရဲ့ happiness ပဲ၊ ကိုယ့်ရဲ့ သုခ သောမနဿကိုချစ်တာ တကယ်ကနော်၊ အဲဒီလိုပဲ။

မြတ်စွာဘုရားက ဒါကြောင့်မို့လို့ အရင်းကျကျဖြေလိုက်တာ၊ "အဇ္ဈတ္တမှာပဲ ဖြစ်ဖြစ်၊ ဗဟိဒ္ဓမှာပဲဖြစ်ဖြစ် အတွင်းဖြစ်ဖြစ် အပြင်ဖြစ်ဖြစ်၊ ဝေဒနာဆိုတဲ့ခံစားချက်တွေပေါ်မှာ တွယ်တာမှု မြတ်နိုးမှု၊ ကြိုက်နှစ်သက်မှုမရှိအောင် ကျင့်နိုင်ပြီ ဆိုလို့ရှိရင်တဲ့ ကိလေသာတွေ ကံတရားတွေ ကမ္မဝိညာဏ အဘိသင်္ခါရ ဝိညာဏဆိုတာတွေ လုံးဝချုပ်ပါတယ်"တဲ့။

ဝေဒနာရှုထောင့်ကနေ မြတ်စွာဘုရားဖြေလိုက်တာ၊ ဒါ အကုန်လုံးကို ခြုံနိုင်ငုံနိုင်တဲ့ အဖြေတစ်ခုပဲပေါ့နော်၊ အဲဒီလို ဖြေလိုက်တော့ သူလည်း သဘောကျသွားတယ်၊ ဒီအဖြေတွေမှာ မြတ်စွာဘုရားက တစ်ခုတစ်ခုကို ဦးတည်ပြီးတော့ ဖြေတာဟာ ပုဂ္ဂိုလ်ရဲ့ အဇ္ဈာသယကို ကြည့်ပြီးဖြေတယ်လို့ မှတ်ရမယ်။

တစ်ခါ တလေ ကိုယ့်အကြိုက်နဲ့ ကိုက်ချင်မှကိုက်မှာပေါ့၊ ဒါပေမယ့် နားထောင်တဲ့ပုဂ္ဂိုလ်နဲ့ မေးတဲ့ပုဂ္ဂိုလ်တွေရဲ့ အကြိုက်နဲ့ ကိုက်သွားတယ်၊ ကိုက်သွားသည့်အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်

https://dhammadownload.com



ဟာ မြတ်စွာဘုရားရဲ့အဖြေကိုသဘောကျလို့ နောက်ဆုံးမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေအဆင့်ဆင့်ရလို့ ရဟန္တာဖြစ်သွားတယ်၊ သူလည်းပဲ ရဟန္တာအဖြစ် ရောက်သွားတယ်တဲ့နော်၊ ဒါက ၁၃-ယောက်မြောက်။

## ပေါသာလ၏ အမေးကို ဖြေဆိုခြင်း

၁၄-ယောက်မြောက်က ဘယ်သူလဲလို့ဆိုရင် ပေါသာလလို့ ခေါ်တယ်၊ အဲဒီ ပေါသာလရဲ့အမေးကို မြတ်စွာဘုရားက ဖြေတယ်၊ သူကလည်း မြတ်စွာဘုရားကို ချီးမွမ်းပြီးတော့ မေးခွန်းတွေ မေးတယ်။

**ယော အတီတံ အာဒိသတိ၊**

**အနေဇော ဆိန္နသံသယော။**

မြတ်စွာဘုရားက အတိတ်ကို ပြောနိုင်တယ်တဲ့၊ ခုနက စိတ်လှုပ်ရှားမှုတွေ ကင်းတယ်တဲ့၊ သံသယတွေ လုံးဝမရှိဘူးတဲ့၊ တရားခပ်သိမ်းရဲ့လမ်းဆုံး အထွတ်အထိပ်ကိုသိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ သိချင်လို့ မြတ်စွာဘုရားထံ မေးခွန်းတွေနဲ့ သူရောက်လာတာပါတဲ့၊ ဒီပုဂ္ဂိုလ်ကလည်း အာကိဉ္စညာယတနစျာန် ရထားတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။ သူမေးတဲ့ မေးခွန်းကတော့ အာကိဉ္စညာယတနစျာန်နဲ့ ပတ်သက်တယ်။

**ဝိဘူတရူပသညိဿ၊**

**သဗ္ဗကာယပ္ပဟာယိနော။**

https://dhammadownload.com



အာကိဉ္စညာယတနစျာန်ဆိုတာဟာ ရုပ်အာရုံတွေအားလုံးကို ဖယ်ရှားပြီးတော့မှ ရလာတဲ့စျာန်မျိုးပဲ၊ အဲဒီလိုရလာတဲ့စျာန်မျိုးဆိုတော့ သူ့မှာ ရုပ်နဲ့ပတ်သက်တဲ့ အတွေးတွေ မရှိတော့ဘူး၊ အဲဒီစျာန်ဝင်စားနေတဲ့အချိန်မှာဆိုရင် ရုပ်နဲ့ပတ်သက်တဲ့ အာရုံတွေ သူ့မှာမရှိဘူးတဲ့။ ဆိုပါစို့ - ရုပ်နဲ့ပတ်သက်တဲ့အာရုံဆိုတာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတာတွေ မရှိဘူး၊ ဓမ္မာရုံထဲကလည်းပဲ ရုပ်နဲ့ပတ်သက်တဲ့အာရုံတွေ သူ့မှာ မရှိတော့ဘူး။

သူ့ရဲ့အာရုံက ဘာတုန်းဆိုရင် ပထမအရူပစျာန်ရဲ့ မရှိမှုဆိုတာကို သူ အာရုံပြုတာ၊ အဲဒီ မရှိတာလေးကို အာရုံပြုတာဆိုတော့ အလွန်စွမ်းရည်သတ္တိကောင်းတဲ့ သမာဓိစွမ်းအားတစ်ခုပဲပေါ့၊ ဒါဖြင့် သူမေးချင်တာ ဘာတုန်းဆိုလို့ရှိရင် "အဲဒီပုဂ္ဂိုလ်ရဲ့အသိဉာဏ်ဟာဘယ်လိုလဲတဲ့၊ သူ့ကို ဘယ်လိုနားလည်ရမလဲ၊ သူ့ရဲ့အသိဉာဏ်ဟာဘာလဲ"လို့မေးတယ်၊ အာကိဉ္စညာယတနစျာန်ကိုရထားတဲ့ ပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ကို သူသိပါရစေတဲ့။

အဲဒီမှာ မြတ်စွာဘုရားက ဖြေတယ်၊ သူ့ရဲ့အခြေအနေတစ်ခုကို ပြောတာ။

**"ဝိညာဏဋ္ဌိတိယော သဗ္ဗာ အဘိဇာနံ တထာဂတော၊**

**တိဋ္ဌန္တမေနံ ဇာနာတိ, ဝိမုတ္တံ တပ္ပရာယဏံ။**

ငါဘုရားဟောတဲ့ ဝိညာဏဋ္ဌိတိ ဆိုတာတွေကို အားလုံးနားလည်တယ်တဲ့၊ အားလုံးသိတယ်၊ အင်မတန်မှ ဆန်းကြယ်

https://dhammadownload.com



တယ်၊ ဝိညာဏဋ္ဌိတိဆိုတာ ပဋိသန္ဓေ ဝိညာဉ်ဟာ ဘယ်နေရာတွေမှာ ဖြစ်ပေါ်လာတယ်၊ ဘယ်နေရာမှာ ရပ်တည်လာတယ်ဆိုတာ ဒီပဋိသန္ဓေဝိညာဉ်စိတ်ကလေးတွေ ဖြစ်ပေါ်လာတဲ့ဟာကို ၃၁-ဘုံမှာ ချပြီးတော့ ကြည့်မယ်ဆိုရင် ဝိညာဏဋ္ဌိတိဆိုတာ ၇-မျိုးရှိတယ်။

အဲဒီ ၇-မျိုးက ကျယ်တော့ကျယ်တယ်။ သို့သော် အကျဉ်းချုပ်ပြီးတော့ ပြောရမယ်ဆိုရင် (၁) **နာနတ္တကာယ နာနတ္တ သညီ-** နာနတ္တကာယဆိုတာ ကိုယ်ကာယကလည်း မတူကြဘူး၊ အမျိုးမျိုး၊ နာနတ္တသညီ ပဋိသန္ဓေစိတ်ကလည်း အမျိုးမျိုးတဲ့၊ တစ်ချို့သတ္တဝါတွေက ရုပ်ကလည်း အမျိုးမျိုး သညာကလည်း အမျိုးမျိုး၊ ပဋိသန္ဓေ စိတ်ကလည်း အမျိုးမျိုးရှိတဲ့ သတ္တဝါတွေ၊ အဲဒါ ဘယ်သူတွေတုန်းဆိုရင် လူတွေ၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘူးလေ၊ ပုတဲ့လူက ပု၊ ထွားတဲ့လူက ထွား၊ အသားဖြူတဲ့လူက ဖြူ၊ မည်းတဲ့လူက မည်း၊ ပြောပုံဆိုပုံ၊ သွားပုံ၊ လာပုံ ဟန်တွေကလည်း တစ်ယောက်နဲ့တစ်ယောက် မတူဘူးနော်၊ အပု အတို အရှည် အဖြူ အမည်း အပိန် အဝ အမျိုးစုံ လူတွေဟာ ကိုယ်ကာယတွေ မတူညီသလိုပဲ ပဋိသန္ဓေစိတ်ကျတော့လည်း တစ်ချို့က တိဟိတ်ပဋိသန္ဓေ၊ တစ်ချို့က ဒွိဟိတ်ပဋိသန္ဓေ၊ တစ်ချို့က အဟိတ်ပဋိသန္ဓေဆိုပြီးတော့ ပဋိသန္ဓေစိတ်တွေကလည်း မတူဘူးတဲ့။

လူတွေလိုပဲ နတ်တွေဟာလည်း မတူညီတာတွေပဲတဲ့၊ နတ်ကလည်း အရောင်မတူကြဘူး၊ တစ်ချို့နတ်က အသားညို

https://dhammadownload.com



တယ်၊ အသားညိုတဲ့နတ်လည်းရှိတယ်၊ နီလ အညိုရောင်လေးတွေ၊ ဘာနဲ့တူတုန်းဆိုရင် ကြာညိုပန်းတွေလို၊ နီလကို အင်္ဂလိပ်လို Blue လို့ ဘာသာပြန်တယ်၊ ကြာပန်းဟာ အပြာရောင်လေးတွေပေါ့နော်၊ ပီတ-တစ်ချို့က အသားဝါ၊ နတ်တွေကလည်း အရောင်အမျိုးမျိုးရှိတယ်၊ ဩဒါတ - တစ်ချို့က အဖြူ လောဟိတ - တစ်ချို့က အနီ၊ နန္ဒမင်းသားကိုပြတဲ့ နတ်သမီးတွေက ခိုခြေ၊ ခိုရဲ့ခြေထောက်က အရောင်နဲ့ တူတယ်တဲ့၊ သူတို့အသားက နီစပ်စပ်ကြီး၊ (ဥရောပသူတွေလို ဘာတွေလိုလား မသိဘူး၊ ခိုခြေအဆင်းရှိသော နတ်သမီးလို့ ပြောတာပဲ) အဲဒီအရောင်မျိုးရောက်အောင် တစ်ချို့ကလည်း မိတ်ကပ်ကို အဲဒီအရောင်နဲ့ လိမ်းတာရှိသေးတယ်၊ အဲဒီတော့ နတ်သမီးတွေကလည်းပဲ အရောင်အမျိုးမျိုး ရှိသည့်အတွက်ကြောင့် နာနတ္တကာယပဲ၊ ပဋိသန္ဓေစိတ်ကလည်းပဲ တိဟိတ်ရှိတယ်၊ ဒွိဟိတ်ရှိတယ်၊ အထက်နတ်တွေမှာ အဟိတ်တော့ မရှိဘူးတဲ့၊ ဒါကြောင့်မို့ ပဋိသန္ဓေစိတ်ကလည်း အမျိုးမျိုးရှိတယ်ပေါ့။

နောက် **ဝိနိပါတိက**လို့ဆိုတဲ့ နေ့စံ ညခံလို့ဆိုတဲ့ ဘုံဗိမာန်ရှိတဲ့ ပြိတ္တာတွေ၊ ပြိတ္တာမျိုးဆိုပေမယ့် လူတွေလိုပဲ တစ်ချို့က အနေအထိုင် ဆင်းရဲတယ်၊ လူတွေဟာ ချမ်းသာတဲ့လူ ရှိသလို ဆင်းရဲတဲ့လူတွေရှိတယ်၊ အိမ်မရှိလို့ လမ်းဘေးမှာနေရတဲ့သူတွေရှိတယ်၊ အဲဒီလို အမျိုးမျိုးရှိကြသလို သူတို့လောကမှာလည်းပဲ အမျိုးမျိုးရှိကြတယ်၊ ကြည့် အဲဒါတွေကို ဝိနိပါတိကလို့ခေါ်တယ်။

https://dhammadownload.com



သူတို့လည်းပဲ နာနတ္တကာယ နာနတ္တသညီပဲတဲ့၊ ပဋိသန္ဓေစိတ်ကလည်း အမျိုးမျိုးရှိတယ်၊ တစ်ချို့က အသိဉာဏ်ရှိတယ်၊ အသိဉာဏ်ရှိလို့ ပိယင်္ကရမာတာတို့ ဥတ္တရမာတာတို့ဆိုတဲ့ တစ္ဆေမကြီးတွေ ဘီလူးမကြီးတွေ သူတို့ကျွတ်တယ်၊ ဘုရားတရားဟောတော့ ကျွတ်သွားတာတွေ ရှိတယ်ပေါ့နော်၊ တစ်ခါတလေ ယက္ခိနီလို့သုံးတယ်၊ သူတို့လည်း နာနတ္တကာယ နာနတ္တသညီ။

(၂) **နာနတ္တကာယ ဧကတ္တသညီ** ခန္ဓာကိုယ်ကတော့ အမျိုးမျိုး ရှိတယ်၊ ဒါပေမယ့် သန္ဓေစိတ်ကတော့ အတူတူပဲလို့၊ ပဋိသန္ဓေသညာက အတူတူပဲလို့ဆိုတာ။ အဲဒါကျတော့ ဒီကမ္ဘာကြီး ပျက်ပြီးတော့ ပထမဆုံး ဖြစ်ပေါ်လာတဲ့ ပဌမစျာန်ဘုံ ဗြဟ္မာတွေကို ရည်ညွှန်းပြီးတော့ ပြောတာနော်၊ ရှေးဦးစွာဖြစ်လာတဲ့ ဗြဟ္မာတွေတဲ့။

(၃) **ဧကတ္တကာယ နာနတ္တသညီ** ကာယတူပြီး သညာကွဲက အာဘဿရဗြဟ္မာတွေ။ (ပဉ္စကနည်း ဒုတိယ တတိယ စျာန်ဘုံကို ရည်ညွှန်းတာ။)

(၄) **ဧကတ္တကာယ ဧကတ္တသညီ** ကာယလည်းတူ သညာလည်းတူတာ၊ သုဘကိဏှာဗြဟ္မာတို့ကို ရည်ညွှန်းပြီးပြောတာ။ အဲဒါက ၄-ခုနော်။

နောက်တစ်ခါ အရူပဘုံမှာ အာကာသာနဉ္စာယတနဘုံဆိုတာ ရှိသေးတယ်၊ နာမ်တရားချည်းပဲ ဖြစ်တဲ့ဘုံ၊ အဲဒါက ၁-ဘုံ၊ ဝိညာဏဉ္စာယတနဘုံလို့ဆိုတာ ဝိညာဏဉ္စာယတန

https://dhammadownload.com



ပဋိသန္ဓေစိတ်နဲ့ဖြစ်တဲ့ဘုံ၊ ဒုတိယ အရူပဘုံ၊ အာကိဉ္စညာယတနဘုံတဲ့၊ တတိယ အရူပဘုံတဲ့၊ ပေါင်းလိုက်တော့ ဝိညာဏဋ္ဌိတိ ၇-ပါးလို့ ပြောတာ။

အဲဒီဝိညာဏဋ္ဌိတိဆိုတာ ပဋိသန္ဓေဝိညာဉ်၏ တည်ရာဘုံနှင့် သတ္တဝါ၊ ကျန်တဲ့ဘုံတွေကိုတော့ မပြောဘူး၊ နေဝသညာနာသညာယတနဘုံကို မပြောဘူး၊ ဘာလို့ဆိုတော့ ပဋိသန္ဓေဝိညာဉ်က မထင်ရှားဘူး၊ အလွန်သိမ်မွေ့တယ်၊ ရှိတော့ ရှိတယ်၊ မထင်ရှားလို့ ထည့်မပြောတော့ဘူးလို့ ဒီလိုဆိုလိုတယ်နော်၊ အဲဒီခွဲခြားချက်မှာ ၃၁-ဘုံတော့ မကုန်ဘူး၊ မကုန်ပေမယ့်လို့ ဝိညာဏဋ္ဌိတိဆိုရင် ဒီ ၇-ပါးပဲ။

အဲဒီဝိညာဏဋ္ဌိတိတွေ, ပဋိသန္ဓေဝိညာဉ်တွေဟာ ဘယ်မှာဖြစ်တယ်ဆိုတာကို မြတ်စွာဘုရားက အကုန်လုံး သိတယ်တဲ့၊ သိတော့ အာကိဉ္စညာယတန ဗြဟ္မာကြီးရဲ့အနေအထား၊ သူ့ရဲ့လွတ်မြောက်မှု မလွတ်မြောက်မှုအားလုံးကို ပိုင်ပိုင်နိုင်နိုင်သိတယ်၊ သိလို့ အာကိဉ္စညာယတနဘုံရဲ့ဖြစ်ကြောင်း ကံတရားကိုလည်း သိတယ်၊ အဲဒီ ဗြဟ္မာကြီးတွေမှာရှိတဲ့ သံယောဇဉ်တရားကိုလဲ သိတယ်တဲ့။

သူတို့မှာ ဒီထူးခြားတဲ့ဉာဏ်ရတယ်ဆိုတာဟာတဲ့ အာကိဉ္စညာယတနဘုံမှာ အာကိဉ္စညာယတနဈာန်မှာရှိတဲ့ စိတ်တွေစေတသိက်တွေ၊ အာကိဉ္စညာယတနဈာန်နဲ့ ယှဉ်ပြီးတော့ဖြစ်တဲ့ခံစားချက်တွေ၊ မှတ်သားချက်တွေ၊ စိတ်စေတသိက်တွေပေါ့လေ၊

https://dhammadownload.com



အဲဒါတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာဉာဏ်ရှုပြီးတော့ အရဟတ္တမဂ်ဉာဏ် ရနိုင်တယ်။

အဲဒီဘုံမှာဖြစ်တဲ့ပုဂ္ဂိုလ်ဟာ သောတာပန်ဖြစ်ပြီးမှ ဖြစ်တယ်ဆိုရင် သူက ဒီဉာဏ်ကိုရနိုင်တယ်၊ အာကိဉ္စညာယတနစျာန်ကို ရ,ထားတဲ့ လူ့ပြည်ကလူသားတစ်ဦးဟာလည်းပဲ အဲဒီစျာန်ထဲမှာ ရှိတဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် လို့ဆိုတဲ့ နာမ်တရားတွေကို ရှုမှတ်ပြီး မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ မစိုးမပိုင်တဲ့သဘော၊ အနိစ္စ ဒုက္ခ အနတ္တကို ဝိပဿနာ ရှုမြင်လို့ရှိရင် ဝိပဿနာဉာဏ်အဆင့်ဆင့်နဲ့ မဂ်ဉာဏ်အဆင့်ဆင့်တွေကို ရသွားနိုင်တယ်၊ အဲဒီ နောက်ဆုံးရနိုင်တဲ့ဉာဏ်ဆိုတာ အရဟတ္တမဂ်ဉာဏ်ပဲလို့ မြတ်စွာဘုရားကသူ့ရဲ့မေးခွန်းကိုဖြေတယ်၊ **ပေါသာလ** က အာကိဉ္စညာယတနစျာန်ရတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သူက ဒီမေးခွန်းကို မေးတာနော်။

## မောဃရာဇ၏ အမေးကို ဖြေဆိုခြင်း

နောက်တစ်ခါ ၁၅-ယောက်မြောက် မေးခွန်းမေးတဲ့ ပုဂ္ဂိုလ်က **မောဃရာဇ**လို့ ခေါ်တယ်၊ အဲဒီ မောဃရာဇဆိုတာ သူက သိပ်မေးချင်လွန်းအားကြီးတာ၊ နံပါတ်-၁ **အဇိတ** မေးတုန်းကလည်းပဲ သူထပြီး တစ်ခါမေးသေးတယ်၊ မြတ်စွာဘုရားက သူ့ကိုမဖြေဘူး၊ မဖြေတာနဲ့ သူပြန်ထိုင်နေရတယ်၊ ဒုတိယလူဖြစ်တဲ့ **တိဿမေတ္တေယျ** မေးတုန်းကလည်း သူက ထမေးပြန်

https://dhammadownload.com



တယ်၊ မြတ်စွာဘုရားက သူ့ဟာ ဖြေကိုမဖြေဘူး၊ သူ ၂-ခါမေး တယ်၊ ဘုရားမဖြေဘူး၊ ဘာလို့ မဖြေတုန်းဆိုရင် ဒီကောင်လိုသေး တယ်ပေါ့၊ ငါဟောတဲ့တရားတွေ နာပါစေဦးဆိုပြီး ထားတာနော်၊ အချိန်မကျသေးဘဲနဲ့ သူက ထထပြီးမေးတော့ မဖြေဘူး။

အခု သူ့အလှည့်ရောက်လာတော့ သူက မကျေနပ်တာနဲ့ စပြောတယ်။

**ဒွါဟံ သက္ကံ အပုစ္ဆိဿံ-** အရှင်ဘုရားကို တပည့်တော် မေးတာ ၂-ခါရှိပြီတဲ့၊ ဒါလေးက စတာနော်၊ ၂-ကြိမ်ရှိပြီ၊ အရှင် ဘုရားကို မေးတာ၊ **န မေ ဗျာကာသိ စက္ခုမာ -** တပည့်တော် မေးတာကို အရှင်ဘုရားမဖြေဘူးတဲ့၊ **ယာဝတတိယဉ္စ ဒေဝီသိ, ဗျာကရောတီတိ မေ သုတံ-** အရှင်ဘုရား၊ ၃-ခါ မေးရင်တော့ ဖြေတယ်လို့ တပည့်တော် ကြားဖူးတယ်၊ အခု ဖြေပါတဲ့၊ အခု ၃-ခါ မြောက် သူမေးပါတယ်ပေါ့၊ သူက အဲဒီလိုလာတဲ့လူ။

အဲဒီလို မြတ်စွာဘုရားကို **အဘိက္ကန္တဒဿာဝိံ-** အရှင် ဘုရားဟာ အလွန်နှစ်သက်စရာကောင်းတဲ့ ဓမ္မအမြင်တွေရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ **အတ္ထိ ပဥှေန အာဂမံ-** အရှင်ဘုရားကို ပြဿနာနဲ့ တပည့်တော် ချဉ်းကပ်လာပါတယ်၊ မေးခွန်းပုစ္ဆာနဲ့ ချဉ်းကပ်လာ ပါတယ်။

သူမေးတဲ့မေးခွန်းက **ကထံ လောကံ အဝေက္ခန္တံ, မစ္စုရာဇာ န ပဿတိ-** တဲ့။ လောကကြီးကို ဘယ်လိုမြင်ရင် သေမင်းက သူ့ကိုမတွေ့နိုင်သလဲတဲ့။ ဆိုလိုတာက လောကကြီးကို ဘယ်လို

https://dhammadownload.com



မြင်ရင် သေခြင်းကလွတ်မြောက်သလဲ၊ ဘယ်လိုရှုမြင်မှ သေခြင်းတရားက လွန်မြောက်နိုင်သလဲဆိုတဲ့ မေးခွန်းကိုမေးတာ။

အားလုံးဟာ သေရမှာ ကြောက်တဲ့သူတွေချည်းပဲ ဒီထဲမှာ၊ ၁၆-ယောက်လုံး မေးတဲ့သူတွေက သေမှာကြောက်တဲ့လူတွေ များတယ်နော်၊ အသက်လည်း ကြီးနေပုံရပါတယ်၊ မေးတော့ မြတ်စွာဘုရား သူ့ကိုဖြေတဲ့အဖြေက တော်တော် နာမည်ကြီးတယ်၊ ဝိသုဒ္ဓိမဂ်မှာလည်း ဒီအဖြေကို ထည့်ရေးတယ်။

**သုညတော လောကံ အဝေက္ခဿု၊**

**မောဃရာဇ သဒါ သတော။**

**အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊**

**ဧဝံ မစ္စုတရော သိယာ။**

**ဧဝံ လောကံ အဝေက္ခန္တံ၊**

**မစ္စုရာဇာ န ပဿတိ။**

မြတ်စွာဘုရားက- "လောကကြီးကို မင်း သုညလို့ မြင်အောင်ကြည့်"တဲ့၊ အနတ္တအနေနဲ့ ကြည့်ခိုင်းတဲ့ သဘောပဲ နော်၊ လောကဆိုတာ ဒီနေရာမှာ ခန္ဓာ ၅-ပါးကို ပြောတာ၊ ခန္ဓာ ၅-ပါးကို သုညအနေနဲ့ မြင်အောင်ကြည့်နိုင်ဖို့ ဒီနေရာမှာ လိုအပ်တယ်တဲ့။

အဲဒီတော့ သုညဆိုတာ ဘယ်လိုတုန်းဆိုရင် ခန္ဓာ ၅-ပါး ထဲမှာ ငါ့အလိုအတိုင်းဖြစ်အောင် လုပ်နိုင်တဲ့အရာ ရှိသလားကို ကြည့်တာနော်၊ ရူပက္ခန္ဓာကိုပဲကြည့်၊ မျက်စိကိုရော ငါ့စိတ်တိုင်းကျ ရနိုင်တာရှိလား၊ လူတိုင်းလူတိုင်း စဉ်းစားကြည့်၊ နားတို့ နှာခေါင်း

https://dhammadownload.com



တို့ အကုန်လုံး, ခန္ဓာကိုယ်မှာ ရုပ်ခန္ဓာကိုယ်တွေဟာ ကိုယ့်စိတ်တိုင်းကျ ကိုယ်ဖြစ်ချင်တဲ့အတိုင်း အနတ္တလက္ခဏာသုတ်မှာ ဟောထားတဲ့အတိုင်း **"ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ"** ဆိုတဲ့ "ဒီလိုဖြစ်ရမယ်၊ ဒီလိုမဖြစ်နဲ့" ဆိုတဲ့ ပိုင်နိုင်မှုတွေဟာ ရုပ်ခန္ဓာတွေမှာ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား၊ စဉ်းစားကြည့်၊ မဖြစ်နိုင်ဘူးဆိုရင် ဖြစ်နိုင်ချေ မရှိသည့်အတွက်ကြောင့် သူညပဲ၊ ကိုယ်ဖြစ်နိုင်အောင် လုပ်နိုင်တဲ့ စွမ်းရည်သတ္တိ ကိုယ့်မှာမရှိဘူးတဲ့။ အဲဒါကြောင့်မို့ ရုပ်မှာ လုပ်လို့ရတာ တစ်ခုမှမရှိဘူး၊ သူ့ဟာသူ ဖြစ်နေတာ။

တစ်ချို့က ထင်ကောင်း ထင်မယ်၊ တပည့်တော် နှာစေးရင် cold tablet တို့ ဘာတို့သောက်၊ ပျောက်တယ်ဘုရားတဲ့၊ ကိုယ်ဖြစ်ချင်တာ ဖြစ်တယ်လို့ အောက်မေ့နေမှာပေါ့နော်၊ သို့သော် အိုမယ့်ရုပ်ကြီးကို မအိုအောင်ဆိုတာ လုပ်လို့ရလား၊ မရဘူး၊ သို့သော် တစ်ချို့ကလည်းပဲ ဓာတ်လုံးရေစိမ်သောက်လို့ရှိရင် မအိုဘူးလို့ ထင်တာလည်း ရှိသေးတယ်နော်၊ ပြဒါးပြာစားပြီး မအိုဘူးလို့ ထင်တာရှိတယ်၊ ဘုန်းကြီးတို့လည်း ခဏခဏရတယ်၊ ပြဒါးပြာတွေ မသောက်ရဘူးလို့ပြောလို့ တစ်ခါမှမသောက်ရဲဘူး၊ နောက်ဆုံးမှာ ပြဒါးပြာသောက်တဲ့ပုဂ္ဂိုလ်တွေဟာ အသည်းရောဂါတို့ ဘာတို့ ဒါ တစ်ခုခုနဲ့ သွားတာပဲ၊ မသေမှာ မဟုတ်ဘူး၊ သေမှာပဲနော်။

**သုညတော လောကံ အဝေက္ခဿု** - ဝေဒနာလည်း ထို့အတူပဲ အလွန်ထင်ရှားတယ်၊ ပျော်တာချည်း ဘယ်တော့မှ

https://dhammadownload.com



မဖြစ်နိုင်ဘူးနော်၊ သညာကလည်း အမှတ်အသား မလွဲစေရဘူး, ဘယ်တော့မှမဖြစ်ဘူး၊ သင်္ခါရလည်းပဲ ကောင်းတဲ့ အကြံတွေချည်းပဲ, ကောင်းတဲ့လှုံ့ဆော်မှုတွေချည်းပဲ ဘယ်တော့မှမဖြစ်ဘူး၊ ဝိညာဏ အသိစိတ်ကလည်း အမြဲတမ်း ကိုယ်ဖြစ်ချင်တဲ့စိတ်မျိုး ဘယ်တော့မှ မဖြစ်ဘူးတဲ့၊ အဲဒါတွေဟာ **"အဝသဝတ္တန လက္ခဏာ"**၊ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ကိုယ့်အလိုမပါသည့်အတွက်ကြောင့် အနတ္တ၊ အဲဒါ သူညာ။

နောက်တစ်ခုက **တုစ္ဆသင်္ခါရ** - သင်္ခါရသက်သက်ပဲ၊ ဘာမှမရှိဘူး၊ Emptiness ပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ ပေါင်းထားတဲ့အခါမှာ လှုပ်ရှားတာ၊ တစ်ခုစီခွဲလိုက်လို့ရှိရင် ဘာမှ ရှာမတွေ့တော့ဘူး၊ ခုခေတ်ဆို သာပြီးထင်ရှားတာပေါ့၊ Robot ဆိုတဲ့ အရုပ်လေးတွေကိုကြည့်ပေါ့၊ ပေါင်းစပ်ထားတဲ့အခါ စကားပြောတယ်၊ တကယ်နှုတ်ဆက်တယ်နော်၊ ကဲ- ဖြုတ်လိုက်တယ်ဆိုရင် ဘာလုပ်နိုင်သေးလဲ၊ ဘာမှမလုပ်နိုင်တော့ဘူး၊ ပေါင်းစပ်ထားရင် Energy ဆိုတာရတယ်။ ဖြုတ်လိုက်တာနဲ့ တစ်ခုစီဆိုရင် ဘာမှရှာလို့တွေ့မှာ မဟုတ်ဘူး။

အဲဒါလိုပဲ ဘုန်းကြီးတို့တတွေရဲ့ ခန္ဓာကိုယ်ဟာလည်း ရုပ်နဲ့နာမ် ပေါင်းစပ်ထားသည့်အတွက်ကြောင့် စကားပြောတယ်, ငိုတယ်, ရယ်တယ်၊ ဒါမျိုးတွေ ဖြစ်လာတာကိုး၊ ကြည့်လိုက်မယ်ဆိုရင် ဘာမှမရှိဘူး သုညာ၊ ဒါကြောင့်မို့ ခန္ဓာ ၅-ပါးကို သုညလို့မြင်အောင်ကြည့်တဲ့။

https://dhammadownload.com



သုညလို့ မြင်အောင်ကြည့်လို့ရှိရင် ဘာကို ဖယ်ရှားနိုင်တုန်းဆိုရင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ကို ဖယ်ရှားနိုင်တယ်တဲ့။ **အတ္တာနုဒိဋ္ဌိံ ဦဟစ္စ** - အဲဒါကို ဖယ်ရှားလိုက်မှ၊ **ဧဝံ မစ္စုတရော သိယာ** - သေခြင်းကို ကျော်လွှားနိုင်တယ်တဲ့။ အဲဒီလိုကျင့်တဲ့ ပုဂ္ဂိုလ်မှ သေမင်းက ကိုယ့်ကိုမတွေ့မှာတဲ့၊ နို့မို့ ပုန်းလို့မရဘူးတဲ့ နော်။

တစ်ချို့က သေမင်းကို ပုန်းတယ်ဆိုပြီး အသက်ကို မှန်အောင်မပြောဘူး၊ လျှော့ပြောတယ်၊ အသက်ကြီးတဲ့လူကို ခေါ်တယ်လို့ သူက ယူဆတာကိုး၊ အဲဒီတော့ အသက်ကို လျှော့ပြောတယ်၊ သေမင်းကြားသွားမှာ စိုးလို့တဲ့၊ သေမင်းက ဘယ်သူတုန်းဆိုရင် ပြောနေတဲ့သူကိုက သေမင်းပဲ။

ဒီဂါထာလေးက ဝိသုဒ္ဓိမဂ်မှာလည်းပဲ ဖော်ပြထားတယ်၊ သုညလို့ရှုတဲ့နေရာမှာ ဒီဂါထာလေးဟာ အင်မတန်မှ နာမည်ကြီးတဲ့ ဂါထာလေးတစ်ခုပဲ၊ ကိုးကားပြီးတော့ ဖော်ပြခြင်းခံရတယ်။

**"သုညတော လောကံ အဝေက္ခဿု၊**

**မောဃရာဇ သဒါ သတော။"**

"အမြဲတမ်း သတိရှိပြီးတော့ လောကလို့ခေါ်တဲ့ ခန္ဓာ အာယာတနဓာတ် သဘာဝတရားတွေကို သုညလို့ မြင်အောင် ကြည့်" တဲ့။ အဲဒီလိုမြင်အောင်ကြည့်လို့ရှိရင် အတ္တဒိဋ္ဌိ ဆိုတာ ဖယ်ရှားနိုင်လိမ့်မယ်တဲ့၊ ဖယ်ရှားနိုင်လို့ရှိရင် မင်း သေခြင်းကို လွန်မြောက်နိုင်ပါတယ်လို့ ဒီလိုပြောတာနော်။ အဲဒီတော့

https://dhammadownload.com



မောဃရာဇ လည်း ကျေနပ်သွားပြီး သူလည်း ရဟန္တာဖြစ်သွား တယ်။

## ပိင်္ဂိယ၏ အမေးကို ဖြေဆိုခြင်း

နောက်ဆုံးတစ်ယောက်က **ပိင်္ဂိယ** ဖြစ်တယ်၊ သူကတော့ အဘိုးကြီး၊ အသက်တော်တော်ကြီးပြီ၊ ကျန်တဲ့သူတွေထက် ကြီးပုံ ရတယ်၊ သူ့ဦးလေးက ဗာဝရီပုဏ္ဏား၊ ဗာဝရီပုဏ္ဏားရဲ့တူပဲ၊ ဗာဝရီ ပုဏ္ဏားကြီးကလည်းအသက်-၁၂၀၊ သူကလည်းပဲ အသက်-၁၂၀၊ ဘယ့်နှယ်ဦးလေးနဲ့တူက တူနေရသလဲလို့ တစ်ချို့ကထင်ကောင်း ထင်မယ်၊ ဘုန်းကြီးတို့ဆိုရင် ဘုန်းကြီးတို့တူက ဘုန်းကြီးတို့ထက် အသက်ကြီးတယ်၊ အဲဒါမျိုးက ရှိတယ်လေ၊ လူမှာ မျိုးရိုးမှာ ဝါစဉ် ကျတော့ ကိုယ်ကကြီးပြီးတော့ အသက်ကျတော့ ကိုယ်က ငယ်တာရှိတယ်။ ဆိုပါစို့ - ဘုန်းကြီးတို့ရဲ့အစ်ကိုကြီးတစ်ယောက် က သမီးတစ်ယောက်ကို မွေးတယ်၊ အဲဒီသမီးက ဘုန်းကြီးတို့ ထက် အသက်ကြီးတယ်၊ ဒါပေမယ့် သူက တူမတော်နေတယ် ပေါ့၊ ကိုယ်က ဝါကြီးတာကိုး၊ အဲဒါမျိုးလိုပေါ့။

အခု ပိင်္ဂိယက ဗာဝရီနဲ့ အသက်အတူတူပဲ၊ သူ့ဦးလေးနဲ့ သူက အသက်တူတူပဲ။ ဗာဝရီ ပုဏ္ဏားကြီးကလည်း အသက်-၁၂၀၊ ပိင်္ဂိယဆိုတဲ့ ပုဏ္ဏားကလည်း အသက် -၁၂၀ ရှိပြီ၊ အဘိုးကြီးက တော်တော်ကိုကြီးစားပြီး မြတ်စွာဘုရားကို တွေ့ချင်

https://dhammadownload.com



လို့ လိုက်လာတာ၊ သူက ၁၆-ယောက်မြောက် မေးခွင့်ရတယ် ပေါ့။

အဲဒီတော့ သူက မေးခွန်းကို မမေးသေးဘဲနဲ့ သူ အသက်ကြီးတာကို အရင်ပြောတယ်။

**ဇိဏ္ဏောဟမသ္မိ အဗလော ဝီတဝဏ္ဏော** - တပည့်တော်က အဘိုးကြီးဖြစ်နေပြီ ဘုရားတဲ့၊ **အဗလ-** အားတွေလည်း မရှိတော့ဘူး၊ **ဝီတဝဏ္ဏော** - အသားအရေတွေလည်း စိုပြေမှု မရှိတော့ဘူးတဲ့၊ ဒီလိုပြောတာ ဟုတ်လား။

ဒါတင်မဟုတ်ဘူး **နေတ္တာ န သုဒ္ဓါ၊ သဝနံ န ဖာသု**-မျက်စိကလည်း မကောင်းဘူးတဲ့၊ နားကလည်း သိပ်ပြီးမကြားဘူးတဲ့၊ ဘုရားဟောတဲ့တရားကို အတော် နားထောင်ယူရမယ်နော်၊ အခုခေတ် အသက်ကြီးတဲ့လူတွေလည်း ဒီလိုပဲ၊ မျက်စိကလည်း မကောင်းဘူး၊ နားကလည်း မကြားတော့ဘူး။

**မာ’ဟံ နဿံ မောမုဟော အန္တရာဝ-** တပည့်တော် ဒီလို အခြေအနေတွေထဲမှာ တွေတွေဝေဝေ ဘာမသိညာမသိနဲ့ မသေချင်ဘူး ဘုရားတဲ့၊ သူပြောတဲ့စကားလေးက အတော်သနားစရာကောင်းတယ်နော်၊

**“အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ၊ ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ”**
ဒီဘဝမှာပဲ ဇာတိ ဇရာ ဗျာဓိ မရဏတွေက လွတ်မြောက်တဲ့ တရားကို သူသိချင်တယ်တဲ့၊ အဲဒါကိုဟောပါတဲ့။ အိုရခြင်းတရား, နာရခြင်းတရားတွေက လွန်မြောက်တဲ့တရားမျိုးရှိရင် သူ့ကို ဟောပါတဲ့။

https://dhammadownload.com



မြတ်စွာဘုရားက ဘာဟောတုန်းဆိုရင် "ရုပ်တရား ကြီးဟာ ယခုလို အင်မတန်မှ စိတ်ပျက်စရာကောင်းတယ်၊" ကြည့် လေ-နာမ်တရားနဲ့ မတူဘူး၊ လူတွေကလည်း ပြောကြတယ်လေ၊ ဒီလူက လူသာအိုတယ်, စိတ်မအိုဘူးလို့ ပြောကြတယ် မဟုတ်လား၊ မှန်တယ်၊ လူတော့အိုတယ်၊ စိတ်မအိုဘူး၊ လူကတော့ အိုသွားတာ တဖြည်းဖြည်းချင်း မျက်စိကလည်း မှုန်လာတယ်, နားကလည်း ထိုင်းလာတယ်၊ ဆရာတော်ကြီးတစ်ပါးပြောသလို "မျက်စိက မှုန်၊ လက်က တုန်၊ သွားရုံ ရှိတော့သည်" တဲ့၊ အသက်ကြီးလာပြီဆိုရင် အဲဒီလို ဖြစ်တယ်လေ၊ မျက်စိကလည်း မှုန်လာတယ်၊ လက်တွေကလည်း တုန်လာတယ်နော်၊ ဟင်းချို ဇွန်းနဲ့ ခပ်သောက်လို့ရှိရင် ပါးစပ်နားမရောက်နိုင်ဘူး၊ တုန်နေလို့။

အေး- အဲဒီလို ရုပ်တွေက ဒုက္ခပေးတယ်၊ အဲဒီလို ရုပ်ခန္ဓာကိုယ် ရ,ထားတဲ့ပုဂ္ဂိုလ်တွေဟာ ရုပ်တရားရဲ့ နှိပ်စက်မှုတွေကို အများကြီး ခံရတယ်၊ ဒါ ရုပ်တရားက ကိုယ့်ကို နှိပ်စက်တာပဲလေ၊ မျက်စိက မှုန်ပြလိုက်တယ်၊ မျက်မှန်ကြီး တပ်ရတယ်၊ နားက လေးပြလိုက်တယ်၊ နားကြပ်ကြီးတပ်ရတယ်၊ ဒါ ကိုယ့်ကို ဒုက္ခပေးနေတာပဲလေ။ အဲဒီလို ဒုက္ခပေးနေတာတွေ မြတ်စွာဘုရားက သူ့ကိုပြောတယ်။

**ဒိသွာန ရူပေသု ဝိဟညမာနေ** - ရုပ်တရားက ဒုက္ခပေးနေတာကို မြင်တယ်မဟုတ်လားတဲ့၊ အဲဒီလိုမြင်ရင် ရုပ်တရားတွေဟာ သတ္တဝါတွေကို ဘယ်လောက် နှိပ်စက်တယ်ဆိုတာ

https://dhammadownload.com



သိတယ်မဟုတ်လား၊ ဒါကြောင့်မို့ မမေ့မလျော့နဲ့၊ အဲဒီရုပ်တရား တွေ နောက်မရဖို့ရာအတွက် ကြိုးစားရမယ်။

**"ဇဟာသု ရူပံ အပုနဗ္ဘဝါယ-"** နောင်ဘဝမဖြစ်ဖို့အတွက် ရုပ်တရားကြီးကို ပယ်လိုက်လို့ပြောတာ။ ဒါက ရုပ်တရားကို လိုချင်တဲ့တဏှာကို ဖယ်လိုက်ပါလို့ ဒီလိုပြောတာပဲ၊ ဟုတ်လား၊ အဲဒီတော့ ဒီတဏှာကို မဖယ်နိုင်သေးလို့ရှိရင် ရုပ်တရားက လာနေဦးမှာပဲတဲ့၊ ဒါကြောင့်မို့ တဏှာကို ဖယ်လိုက်ပါလို့ မြတ်စွာ ဘုရားက ဒီလိုဟောတာနော်။

ကဲ-အဲဒီလိုလည်း တရားဟောပြီးတော့ သူက ဘာပြော တုန်းဆိုတော့ "အရှင်ဘုရားဟာ" တဲ့၊ "အရပ် ၄-မျက်နှာအားလုံး အရှင်ဘုရား မသိတာ မမြင်တာ မကြားတာ ဘာမှမရှိပါဘူး"တဲ့၊ "အဲဒီလောကတွေ အပေါ်မှာလည်း အရှင်ဘုရားမှာ ကြောင့်ကြမှု ဆိုတဲ့ ကိလေသာတွေဟာလည်း တစ်ခုမှ မရှိပါဘူး" တဲ့၊ "ဒီဘဝ မှာ ဇာတိ ဇရာ မရဏကို ဖယ်ရှားနိုင်တဲ့တရားကို တပည့်တော် သိအောင်လည်း အရှင်ဘုရားဟောတာ မှန်ပါတယ်" တဲ့၊ အဲဒီ တော့ သူဟာ "အရှင်ဘုရားဟောတာနဲ့ ပတ်သက်ပြီးတော့ ယုံကြည်ပါတယ်၊ ကျေနပ်ပါတယ်"။

အဲဒီလိုပြောတဲ့အခါ မြတ်စွာဘုရားက သူ့ကိုပို့ပြီး ရှင်းပြ တယ်။

**"တဏှာဓိပန္နေ မနုဇေ ပေက္ခမာနော၊**

**သန္တာပဇာတေ ဇရသာ ပရေတေ။**

https://dhammadownload.com



**တသ္မာ တဏှံ ပိယာယ အပ္ပမတ္တော၊**

**ဖေယာသု တဏှံ အပုနဗ္ဘဝါယ။”**

တဏှာရဲ့ အလွှမ်းမိုးခံနေရတဲ့ လူတွေကိုကြည့်၊ တဏှာဆိုတဲ့ လိုချင်တဲ့သဘာဝတရားရဲ့ လွှမ်းမိုးမှုခံနေရတဲ့ လူတွေ ဟာ ဘာဖြစ်လဲလို့ဆိုရင် အဲဒီတဏှာကြောင့် ပူလောင်မှုတွေ ဖြစ်ပြီး နောက်ဆုံးမှာ အိုမင်းရင့်ရော်သွားတာတွေကိုတွေ့ရတယ်၊ ကိလေသာ တဏှာရာဂတွေများတဲ့ပုဂ္ဂိုလ်ဟာ ပိုပြီးတော့ မြန်မြန် အိုတယ်လို့ ပြောရမယ်နော်၊ ဒေါသကြီးတဲ့ပုဂ္ဂိုလ်လည်း မြန်မြန် အိုတယ်တဲ့နော်၊ **သန္တာပဇာတော ဇရသာ** - ဇရာတရားရဲ့ နှိပ်စက်ခံနေရတဲ့ပုဂ္ဂိုလ်တွေကိုကြည့်ပြီး “ပိင်္ဂိယ တဲ့, မင်း နောက်တစ်ခါ မဖြစ်ရလေအောင် မမေ့မလျော့ ကြိုးစား ပြီးတော့ တဏှာကိုသာ ပယ်ပါ” လို့ ဒီလိုဟောလိုက်တယ်။

အဘိုးကြီးခမျာ သူ့မှာနားကလည်း ကြားတစ်ချက် မကြား တစ်ချက် ထင်ပါရဲ့။ ပြီးတော့ စိတ်ကလည်း ဘယ်ရောက်နေတုန်းဆို သူ့ဦးလေးဆီ စိတ်ကရောက်နေတယ်၊ ငါ့ဦးလေးဟာ ဒီတရားတွေ မနာရဘူး၊ သူ မလိုက်လာနိုင်ဘူး၊ အသက်က ကြီးတယ်ပေါ့ နော်၊ ငါတို့သာ လွှတ်လိုက်တာ၊ သူက မလာနိုင်ဘူးဆိုတဲ့ တရားနာရင်း အဲဒီအတွေးတွေ ဝင်နေသည့်အတွက်ကြောင့် သူဟာ ရဟန္တာမဖြစ်ရှာဘူး၊ အနာဂါမ်အဆင့်လောက်ပဲ ရောက်သွားတယ်တဲ့၊ တရားအာရုံထဲမှာ စိတ်ကို ပြည့်ပြည့်ဝဝ မရောက်ဘူး ဆိုတဲ့အခါ သူဟာ အနာဂါမ်လောက်ပဲ ဖြစ်တယ်၊ ဘာဖြစ်လို့လဲ၊

https://dhammadownload.com



သူ့ဦးလေးကို သူသတိရနေတယ်၊ မြတ်စွာဘုရားကတော့ ရဟန္တာဖြစ်သည့် အနေအထားထိအောင် ဟောပေးတာပဲ။

ပိင်္ဂိယက အသက်အရွယ်ကြီးတာက တစ်ကြောင်း, သူ့ရဲ့ ဦးလေးဖြစ်သူ တရားပွဲမှာမပါဝင်လို့ စိတ်က အဲဒီရောက်နေတာက တစ်ကြောင်းကြောင့် ရဟန္တာဖြစ်ရမယ့် အဆင့်ထိ မရောက်နိုင်ဘဲ အနာဂါမ်အဆင့်ထိပဲရောက်သွားတယ်တဲ့။ သူနဲ့ အတူပါလာတဲ့ သူ့ရဲ့တပည့်တွေ တစ်ထောင်ကတော့ အားလုံး ရဟန္တာ ဖြစ်သွားကြတယ်၊ အားလုံး ရဟန္တာ ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် ရသေ့အသွင်ကနေ အားလုံးရဟန်းအသွင် ပြောင်းသွားကြတယ်တဲ့။

## နိဂုံး

အဲဒီ ပါရာယန တရားပွဲကြီးမှာ မြတ်စွာဘုရားက ပါသာဏကစေတီ ကျောက်ဖျာကြီးနားမှာရှိတဲ့ နတ်ကွန်းကြီး အနီး ကွင်းကျယ်ကြီးထဲမှာ တရားဟောတာ၊ ပရိသတ်ကလည်း အများကြီးပဲ၊ သူတို့ ရသေ့နဲ့ ပတ်သက်တဲ့ ပရိသတ်တင်ပဲ တစ်သောင်းခြောက်ထောင်ရှိတယ်လေ၊ အဲဒီတော့ သိန်းကျော် ရှိတဲ့ ပရိသတ်ကြီးအလယ်မှာ ဒီတရားဟောတာ။ အဲဒီတော့ ရသေ့ ၁၆၀၀၀-ဟာ အကျွတ်တရားရသွားတယ်လို့ ဒီလိုပြောတာ၊ တရားထူး တရားမြတ် ရသွားတယ်၊ အဝေးက လာရောက်ပြီးတော့ တရားနာကြတဲ့နတ်တွေကတော့ ၁၄-ကုဋေလောက်

https://dhammadownload.com



အကျွတ်တရားရသွားကြတယ်လို့ ဒီလိုမှတ်တမ်းထဲမှာ ရှိတယ် ပေါ့နော်။

တရားပွဲလည်းပြီးရော နတ်လူပရိသတ်များ အသီးသီးဟာ ကိုယ့်နေရာ ကိုယ့်ဒေသ ပြန်သွားကြတယ်၊ ရသေ့တွေကတော့ ရဟန္တာဖြစ်သွားကြပြီး မြတ်စွာဘုရား သာဝတ္ထိပြည် ပြန်ကြွသွားတဲ့အခါ ဘုရားနဲ့အတူလိုက်ပါသွားကြတယ်၊ ပိင်္ဂိယတစ်ယောက်ပဲ သူက သူ့ဦးလေးဆီပြန်ပြီးတော့ သတင်းပို့တယ်၊ ကျန်တဲ့သူတွေ ကတော့ ရဟန္တာဖြစ်သွားတဲ့အခါ မသွားကြတော့ဘူး၊ ဘုရား နောက် လိုက်သွားကြပြီ၊ သူကတော့ သူ့ဦးလေးဆီ ပြန်သွား တယ်၊ အိန္ဒိယတောင်ပိုင်း အတော်လှမ်းတဲ့နေရာမှာ။ ဘုရားကို ခွင့်ပန်တယ်၊ "တပည့်တော် ဦးလေးဆီကို အကျိုးအကြောင်း သွားပြောပါဦးမယ်" ဆိုပြီး ပြန်သွားတယ်။

သို့သော်လည်း သူသွားတဲ့အခါမှာ ခြေလျင်သွားတာ မဟုတ်ဘူးတဲ့နော်၊ အနာဂါမ်ဖြစ်လို့ **ဉာဏဂမန စိတ္တဂမန-** စိတ်အသွားနဲ့သွားလိုက်တာဆိုတော့ ဒီနေရာပျောက်ပြီး ဟိုနေရာ ရောက်သွားတယ်။ အဲဒီလို ဈာန်အဘိညာဉ်တန်ခိုးနဲ့ သွားတယ်။

ဗာဝရီပုဏ္ဏားကြီးကလည်းပဲ "သူတို့သွားကြတာ တော်တော် ကြာပြီ၊ အခုချိန်ဆို ပြန်လာတော့မယ်ထင်တယ်" ဆိုပြီး အမြဲတမ်း မျှော်နေတယ်၊ သူနေတဲ့ တဲကျောင်းကလေးကနေ ထွက်ထွက် မျှော်နေတယ်၊ ပိင်္ဂိယက ရောက်ခါနီး သူ့ဦးလေးကို လေးစားတဲ့ အနေနဲ့ ခပ်လှမ်းလှမ်းကနေ ခြေကျင်လျှောက်လာတယ်၊ ပိင်္ဂိယ ကို မြင်တဲ့အခါ "ဘယ့်နှယ့်တုန်း၊ တို့ထင်တဲ့အတိုင်း, ကျော်တဲ့

https://dhammadownload.com



အတိုင်း ဘုရားဆိုတာ ဟုတ်ကဲ့လား၊ မင်းတို့မေးခွန်းတွေ မေးခဲ့ရဲ့လား” လို့ မေးတယ်။

ပိင်္ဂိယက“ဟုတ်မှန်တဲ့အကြောင်းကို သူအကုန်ပြန်ပြီးတော့ ပြောပြမယ်” ဆိုတဲ့အခါ ဗာဝရီပုဏ္ဏားက သူနဲ့အတူရှိနေတဲ့ တပည့်တွေကို တရားပလ္လင်ပြင်ခိုင်းပြီး ပိင်္ဂိယကို ထိုင်ခိုင်းပြီးတော့ ရှင်းလင်းစေတယ်နော်၊ အတွေ့အကြုံ ရှင်းလင်းပွဲပေါ့၊ မြတ်စွာဘုရားနဲ့ တွေ့ကြုံခဲ့တာတွေ ပြန်ပြီးတော့ ရှင်းပြတယ်။

“ဘုရားဟောတဲ့တရားတွေဟာတဲ့၊ အစဉ်အလာ လူပြောသူပြော တဆင့်ကြားတွေ ပြောတာမဟုတ်ဘူး၊ သူကိုယ်တိုင်သိပြီးတော့ ဟောတဲ့တရားတွေသာဖြစ်တယ်၊ ဘယ်လို ဖြစ်ခဲ့တယ်၊ ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာတွေ မဟောဘူးတဲ့၊ တကယ့်လက်တွေ့ကျကျကို ဟောတယ်တဲ့၊ အကုန်လုံး သိနိုင်တဲ့တရားတွေကို ဟောတယ်” လို့။

အဲဒီလို ပြောနေတဲ့အချိန်မှာ ဗာဝရီပုဏ္ဏားကလည်း သဘောကျလို့ နားစိုက်ထောင်တယ်၊ မေးတယ်၊ “မင်း အဲဒီလောက် ထူးခြားတဲ့ ဘုရားထံက ဘာဖြစ်လို့ ပြန်လာသလဲပေါ့၊ အတူတူမနေဘူးလား”ပေါ့၊ ပိင်္ဂိယက “စိတ်အနေနဲ့က ဘုရားနဲ့သူအတူတူနေပါတယ်၊ ကာယအနေနဲ့က ဝေးလံနေပေမယ့် ဘုရားနဲ့သူဟာ အတူရှိနေတယ်၊ အမြဲတမ်း သူ့စိတ်ထဲမှာ ဘုရားနဲ့သူ အမြဲတမ်း ရှိနေတယ်” ဆိုတဲ့အကြောင်းကိုပြောတယ်။

https://dhammadownload.com



**အလင်းတန်းကြီး**

အဲဒီလို ပြောနေတဲ့အချိန်မှာပဲ အင်မတန်မှလင်းတဲ့ အလင်းတန်းကြီးတစ်ခုဟာ သူတို့ဆီကို ဝင်ရောက်လာတယ်၊ အဲဒီ အလင်းတန်းမှာ ဗုဒ္ဓရဲ့ရုပ်ပုံတော် ပေါ်လာတယ်။ တကယ့် ဘုရားသခင်ကိုယ်တော်မြတ် ကြွလာတယ်လို့ ခံစားရတယ်ပေါ့၊ တကယ်တော့ မြတ်စွာဘုရားက သူတို့တူဝရီး တွေ့ဆုံနေတဲ့ အချိန်မှာ ဇေတဝန်ကျောင်းတော်ကနေ ရောင်ခြည်တော်လွှတ်ပြီး တော့ ပိင်္ဂိယကို တိုက်တွန်းနှိုးဆော်လိုက်တာ။

"ပိင်္ဂိယ တဲ့၊ မင်းမှာ သဒ္ဓါစွမ်းအားတွေ ရှိပါတယ်တဲ့၊ ဝက္ကလိဟာ သဒ္ဓါစွမ်းအားတွေကြောင့် ရဟန္တာဖြစ်သွားသလို၊ ဘဒြာဝုဓဟာလည်း သဒ္ဓါစွမ်းအားတွေနဲ့ ရဟန္တာဖြစ်သလို၊ မင်းမှာလည်း သဒ္ဓါစွမ်းအားတွေရှိတယ်။ ဒါကြောင့်မို့လို့ သဒ္ဓါ စွမ်းအားတွေကို တိုးမြှင့်ပေး၊ ငါဟောတဲ့ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာဉာဏ်တွေနဲ့ ပတ်သက်ပြီးတော့ သဒ္ဓါစွမ်းအားတွေနဲ့ ဆုံးဖြတ်ချက်ချနိုင်အောင် ကြိုးစားလို့၊ အဲဒီလို ကြိုးစားလို့ရှိရင် သေခြင်းတရားကို ကျော်ဖြတ်နိုင်မှာ" လို့ မြတ်စွာဘုရားက ဟော လိုက်တယ်။ ပိင်္ဂိယဟာ အဲဒီအခါမှာရဟန္တာဖြစ်သွားတယ်၊ ဗာဝရီ ပုဏ္ဏားကြီးကတော့ အဲဒီအချိန်မှာ အနာဂါမ် ဖြစ်သွားတယ်တဲ့။

ပါရာယနဒေသနာဟာ ဗာဝရီပုဏ္ဏားကြီးရော တပည့်တွေ ရော အားလုံးဟာ အကျိုးရှိသွားတဲ့ တရားဒေသနာ ဖြစ်ပါတယ်။ ဒီ တရားဒေသနာတော်မှာ ဂါထာပေါင်း ၁၇၄-ပုဒ် ရှိတယ်၊

https://dhammadownload.com



ဘုန်းကြီးတို့တတွေ အကုန်လုံး ၁၇၄-ပုဒ်စလုံးကို ခြုံငုံမိရုံမျှ ဟောပြောခြင်း ဖြစ်ပါတယ်၊ အဲဒီ ၁၇၄-ပုဒ်လုံးကို အသေးစိတ် ပြောတာ မဟုတ်ပါဘူး။

**"ပါရာယန နိဗ္ဗာန်ရောက်ကြောင်းတရား နိဗ္ဗာန်လမ်းပြ တရား"** ဆိုတာ မဂ္ဂင် ၈-ပါးပဲ ဖြစ်ပါတယ်။ အဲဒီ မဂ္ဂင် ၈-ပါး အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့်သာလျှင် အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲ ဒုက္ခတွေက လွတ်မြောက်နိုင်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး နိဗ္ဗာန် ရောက်ကြောင်း အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

https://dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင်တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇေမျှ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၈၉၄၃၂၊ ၀၉-၇၉၅၂၅၂၆၈၂

၂။ **ဦးဘဝိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊ မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၂၅၅၂၅၅၈၆၂

၄။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(၄)၊ အခန်း(၅)၊ ရွှေဂုံတိုင်လမ်းမကြီး၊
တာမွေ Ocean Super Center နှင့် ရွှေဂုံတိုင်ဆေးရုံကြား၊ ဗဟန်း။
ဖုန်း ၀၉-၂၅၈၂၇၂၇၁၁

https://dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

https://dhammadownload.com

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒိန္နပစ္စယာဘာဝေါ
၃၇။ သတိမဂ္ဂ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

https://dhammadownload.com


၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

၅၂။ အထင်များ အမြင်များ

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒီ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပဗ္ဗဇ္ဇာသုတ် အနှစ်ချုပ်

၅၉။ ဘေသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

https://dhammadownload.com

၇၉။ ဒဏ္ဍိယာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်
၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ပိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ
၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး

https://dhammadownload.com

၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဗ္ဗမ္ဗပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်
၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ

https://dhammadownload.com